
ပုဂံစာအုပ်တိုက်

# ငွေပဝင်းတစ်ထောင်

## ဆင်ဖြူကျွန်းအောင်သိန်း

[သတ္တမတွဲ]



ပုဂံစာအုပ် အမှတ် ၂၉၀

# ရေမင်းတစ်ကောင်

(သတ္တမတွဲ)

ဆင်ဖြူကျွန်းအောင်သိန်း

ပုဂံ စာအုပ်တိုက်

# နေမင်းတစ်ထောင် (သတ္တမတွဲ)

ဆင်ဖြူကျွန်းအောင်သိန်း

စာမူခွင့်ပြုအမှတ်
၅၀၀၉၄၅၀၅၀၇
မျက်နှာဖုံးခွင့်ပြုအမှတ်
၅၀၀၉၇၂၀၅၀၈
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၀၅၊ အောက်တိုဘာ
အုပ်ရေ
၁၀၀၀
မျက်နှာဖုံးပန်းချီ
ဝသုန်
ကွန်ပျူတာစာစီ
ပုဂံစာအုပ်တိုက်
ဒေါ်နီနီခိုင် (၀၇၁၃၅)၊ သီရိမေရောင်စုံပုံနှိပ်တိုက်၊
အမှတ် ၁၉၊ လမ်း ၉၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။
ဒေါ်ခိုင်ခိုင်ဦး (ယာယီ ၈၇၉)၊ ပုဂံစာအုပ်တိုက်၊
အမှတ် ၈၀၉ (A)၊ ဗေယျာသုခလမ်း၊
မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။

# နေမင်းတစ်ထောင် အကျဉ်းချုပ်

ရွာထဲသို့ဝင်လာသော ထီးပြင်ကုလား၏ အဆင်းသဏ္ဌာန်နှင့် အသံကို ကြောက်ရွံ့သဖြင့် အော်နေသော သားဖြစ်သူ ဖိုးသူတော်အား မိခင်ဖြစ်သူ မဖဲလှက ဓားတစ်ချောင်းပစ်ပေးသည်။

"အမေတို့အမျိုးဟာ မကြောက်တဲ့အမျိုးကွယ့် လူကလေးရဲ့။ အမေတို့အမျိုးက ကုလားမှန်သမျှကို ဓားစာကျွေးတဲ့အမျိုး။ ကြောက်ဖို့ ဆိုတာ ဝေလာဝေး"

ဘရွှေကျိုင်းသည် ထန်းသီးစေ့ကို ဥနဲ့ရွက်ဖြင့် ပွတ်နေရာက မဖဲလှ၏ အသံကိုကြားသောအခါ အဖေ့ကို သတိရသည်။ အဖေ၏ မြစ်ဖျားခံရာ အရပ်သည် မြန်မာ – အင်္ဂလိပ် ဒုတိယစစ်ပွဲ။

သီရိသုဓမ္မတိလောကသရ မဟာဓမ္မရာဇာဓိရာဇာမင်း ရတနာပူရ ရွှေနန်းကို နန်းစံတော်မူပြီး ၅ နှစ်အကြာ၊ ၁၂၁၃ ခုနှစ် ဝါဆိုလတွင် မြန်မာ့ ရေပိုင်နက်တွင်ဖြစ်ပွားသော အင်္ဂလိပ်သင်္ဘောနှစ်စင်းမှ ကပ္ပတိန်နှစ်ယောက်၏ လူသတ်မှုကို ရန်ကုန်မြို့ဝန်က အရေးယူခဲ့သည်။ ဤသည်ကို အကြောင်း ပြပြီး အရှေ့အိန္ဒိယကုမ္ပဏီ အမည်ခံသူများက မြန်မာနိုင်ငံကို ဒုတိယအကြိမ် ရန်စစော်ကားကျူးကျော်လာရာ မြန်မာတို့သည် မနိုင်မည်မှန်းသိပါလျက်နှင့် ဂုဏ်သိက္ခာဆည်သောအားဖြင့် စစ်ပြိုင်ဆိုင် တိုက်ခိုက်ခဲ့သည်။

ဒိပဲယင်း သရက်ကန်ရွာသား ငမိုးကောင်းသည် စစ်ကဲကြီး သီရိနော်ရထာတပ်နှင့် ပါလာသည်။

နေပြည်တော်တွင် ပြည့်ရှင်မင်း အရေးပေးခံရသော မြို့ဝန် ဘိုင်ဆတ်၏ တပည့်တပန်းများဖြစ်သော တောင်ထားဝယ်မိုလ် ဦးတုတ်၊ တန်းခေါင်းဦးရှင်ကလေးတို့သည် မင်းတုန်းမြို့စားမင်းသားနှင့် ကနောင် မြို့စား မင်းသားတို့အား အမှုရှာရာက ရန်မီးပွား ကြီးကျယ်လာသည်။

**ပုဂံစာအုပ်တိုက်**

ထိုမီးကို ငြိမ်းသတ်ရန် စစ်မြေပြင်ရှိတပ်များကို နေပြည်တော်သို့ ခေါ်ယူသည်။ အိုးစား ငမိုးကောင်းမှာ သူ့တပ်နှင့်ပါမသွားဘဲ ကျန်ရစ်ခဲ့ရာက ခနေဖြူ ဦးမြတ်ထွန်း၏ 'မိစ္ဆာဒိဋ္ဌိ မောင်းနှင်ရေးတပ်' သို့ ရောက်သွားသည်။

ဦးမြတ်ထွန်း၏ တပ်သည် မိစ္ဆာဒိဋ္ဌိများအား ရေထဲမရှောင်၊ ကုန်းပေါ် မရွေး ထိုးနှက်တိုက်ခိုက်သဖြင့် နေပြည်တော်၌ မင်းပြောင်းမင်းလွဲ ဖြစ်နေ ချိန်တွင် ဦးမြတ်ထွန်း၏ ကျိုက်ကဇင်းခံတပ်ကို ဆာဂျွန်ချိဉ်းစီးသော တစ်ထောင်တပ်ကြီးက လာရောက်တိုက်ခိုက်သည်။ မိစ္ဆာဒိဋ္ဌိ မောင်းနှင်ရေး တပ်သားများသည် အသေခံပြီး ခုခံကြသဖြင့် ရန်သူများ မှန်းချက်မကိုက် ဖြစ်နေကြစဉ် အကြပ် ငမိုးကောင်းနှင့် ရဲမက်အချို့က ဦးမြတ်ထွန်းကို စစ်မြေပြင်မှ ဆွဲထုတ်ခဲ့ရသည်။

ဦးခေါင်းကြီးက တာပွန်ရွာ၊ ဦးခေါင်းကလေးက အုတ်ဖိုတွင် တပ်စွဲလျက် ဦးမြတ်ထွန်းနည်းတူ မိစ္ဆာဒိဋ္ဌိ မောင်းနှင်ရေး စစ်ပွဲကို ဆင်နွှဲ နေသူများဖြစ်ကြ၏။

မိုးညှင်းမြို့ဝန် ဦးတလုတ်မှာ ဦးခေါင်းကြီး၊ ဦးခေါင်းကလေးတို့၏ ယောက်ဖဖြစ်သည်။ ဦးခေါင်းကြီးထံသို့ ဦးမြတ်ထွန်းနှင့် ရဲမက် ၁၅၀၀ ရောက်သွားချိန်တွင် ဟင်္သာတအရေးပိုင်က ဦးခေါင်းကြီးထံ စာပေး၏။ စာလာပေးသူက ဦးခေါင်းကြီးအား လုပ်ကြံပြား ငမိုးကောင်းက ဝင်ရောက် ကာကွယ်သဖြင့် မအောင်မြင်ကြဘဲ ငမိုးကောင်းမှာ တစ်ခဏချင်း သွေးသောက်ရာထူးသို့ တက်သွား၏။

ကနောင်တွင် နှစ်စဉ်ကျင်းပမြဲ ရွှေမျက်နှာဘုရားပွဲ၊ နတ်ပွဲရှိသည်။ ထိုပွဲကျင်းပနေစဉ် ဦးမြတ်ထွန်း၏တပ်က ကနောင်ကိုစီးရာ ဘုရားပွဲနှင့် နတ်ပွဲသို့လာသော မယ်မင်းဘော်နှင့် သွေးသောက်ငမိုးကောင်း ဆုံသည်။ တောကြောင်များ အလုခံရ၍ ဖရိုဖရဲ ပြေးကြစဉ် မယ်မင်းဘော်ညီအစ်မအား ငမိုးကောင်းနှင့် ရဲမက်များ လာရောက်စောင့်ရှောက်ပေးသည်။

အရဏ်တက်တွင် အမေ ပြန်ရောက်လာရာ ဝမ်းသာအားရအထဲ လဲပြိုသော မယ်မင်းဘော်ကို ငမိုးကောင်းဆီးပွေ့သည်တွင် အမေ အထင် လွဲသည်။ အုန်းပင်စု၌ ငမိုးကောင်းနေခဲ့စဉ် မမျှော်လင့်သောအမှု ဖြစ်ပွား ချေ၏။

အမှုမှာ မယ်မင်းဘော်ကို ပွေ့မှုဖြစ်သည်။ မတော်တဆပွေ့မှုကို မယ်မင်းဘော် သာယာပြီး စွဲလန်းခဲ့သည်။ ဒေါ်အေးကြီး မောင်းခတ်မှုကြောင့် သူတို့နှစ်ယောက်ကြိုက်နေပြီဟု တစ်ရွာလုံးက ထင်နေကြ၏။ ငမိုးကောင်းမှာ စစ်ရေးတွင် အာရုံရောက်နေငြား မယ်မင်းဘော်၏ အရှက်ကိုငဲ့ပြီး ထိမ်းမြား လိုက်ရသည်။

တောင်ငူဘက်တွင် 'မင်းထင်မင်းလှ ပဗ္ဗတသိုဟန်ဘွား' နှင့် သူ့လူများ နာမည်ထွန်းလာချိန်ဝယ် ဦးခေါင်းကြီးနှင့် ဦးမြတ်ထွန်း၊ ဦးခေါင်းလေးတို့မှာ အုပ်စီးထားသောမြို့များ လက်လွှတ်ဆုံးရှုံးကုန်ပြီ။ လယ်လုပ်နေရာသို့ တစ်နေ့တွင် ငချိပ်ရောက်လာ၏။ စစ်မျက်နှာညိုကြောင်း၊ လူသူစုပြီး အမြန် လိုက်ခဲ့ရန် မှာသွား၏။ ထို့ကြောင့် ငမိုးကောင်း အားတင်းပြီး မယ်မင်းဘော်ထံ ခွင့်ပန်သည်။ မယ်မင်းဘော် မတား။ သို့သော် မျက်နှာမြင်ပြီးမှ သွားပါဟု ဆိုသည်။

သွေးသောက်ငမိုးကောင်းနှင့် မယ်မင်းဘော်တို့၏ သားအမည်မှာ 'မောင်မောင်လှိုင်း' ဖြစ်သည်။ မိစ္ဆာဒိဋ္ဌိ ကုလားဖြူ ကုလားမည်းများကို ဓားလှိုင်း၊ သေနတ်လှိုင်းဖြင့် ဖြိုဖျက်ပစ်မည့် နိမိတ်ကို ဆောင်လျက် မှည့်သော အမည်ဖြစ်၏။

ငမိုးကောင်းအား တစ်ဖက်သတ် မုန်းတီးနေသော သူကြီး ငအိပ်မှာ အရဏ်တော်ဝတ်အဖွဲ့မှ သာမဏေတွေ၊ သူတော်တွေနှင့်လည်း မသင့်မြတ်ပေ။ ပုလိပ်တွေ နှစ်သက်စေရန် ငအိပ်သည် သျှောင်ကိုပယ်ပြီး ဆံတိုထားရာ ဝတ်အဖွဲ့သားများက ရှုတ်ချသောကြောင့်ဖြစ်၏။ ဥပုသ်နေ့တစ်နေ့တွင်

ငမိုးကောင်းတို့မိသားစု ဥပုသ်စောင့်ရန် ဘုန်းတော်ကြီးကျောင်းသို့အသွားတွင် အိမ်နှင့် နောက်ပါများက နှောင့်ယှက်သဖြင့် ငမိုးကောင်းမှာ မြန်မာမင့် ပိုင်နက်ထဲသို့ ပြောင်းရွှေ့ရန် စိတ်ကူးတော့သည်။

ငမိုးကောင်း၏လယ်ကို စုပေါင်းရိတ်သိမ်းနေစဉ် မယ်မင်းဘော်မှာ ဒုတိယသားကို မွေးဖွားရန် ဝမ်းနာနေသည်။ ကောက်ရိတ်သူများဘေးသို့ တာပွန်ပြန်ဒုက္ခသည်နှစ်ယောက် ရောက်လာကြသည်။ ကျိုက်ကဇင်းသို့ ပြန်မည့်သူများဖြစ်သည်။ သူတို့ကို ငမိုးကောင်း အစွမ်းကုန်ပြုစုပြီး သူ့လက်ပေါ်တွင် ဆုံးပါးကြသည်။ သူသည် ထိုသူနှစ်ယောက်ကို မြေမြှုပ်ပြီးလျှင် ပြီးချင်း လယ်ကို မိတ်ဆွေများထံ အပ်နှံခဲ့ပြီး စစ်မြေပြင်သို့ ထွက်လာသည်။ သူကြီးငအိမ်၏မျက်နှာကို မကြည့်လိုသူတွေ လိုက်ပါလာကြသည်။ သူတို့ ထွက်လာကြစဉ် တောကဲကြီး၏သား ငပြုံးချို ပြေးလာပြီးသတင်းပေးသည်။ မယ်မင်းဘော်မှာ သားယောကျ်ားဖွားမြင်ကြောင်း။

ဦးမြတ်ထွန်း၏ တပ်တစ်တပ်သည် ကုလားအမြောက်နှစ်လက် ရရှိပြီးနောက် ပျောက်ကွယ်သွားသည်။ ကုလားသည် ထိုအမြောက်များပြန်ရရန် အသေအလဲကြိုးစားသည်။ စစ်တစ်ကြောင်းစီဖြင့် ချီတက်ကြသည်။ ထိုတပ်များကို နောက်ပိုးသိပ်ရန်အတွက် ဦးခေါင်းကလေးသည် ကြံခင်းမှ၊ ဦးခေါင်းကြီးသည် ထိန်တောမှ ချီတက်လာကြ၏။ သွေးသောက် ငမိုးကောင်းမှာ ခံတပ်တောင်ကြီး ပြိုကျသည့်အောက်သို့ ရောက်သွားသဖြင့် မည်သည့် အချိန်တွင် တိုက်ပွဲပြီးသွားသည်မသိ။ သူ သတိရသောချိန်၌ ရန်သူများ မရှိတော့ပြီ။ လင်းတ တရန်းရန်း၊ ခွေးအ တသောသောနှင့် မွန်၊ ဗမာ၊ ကရင် အလောင်းပင်လယ်ကြီးသာ ကျန်ခဲ့သည်။

အလောင်းပင်လယ်ထဲမှ လူသုံးယောက်ရ၏။ သာဦးနှင့် ငမန်းသာ၊ ဒေါင်းကျော်တို့ဖြစ်သည်။ ငမိုးကောင်း အနာဝင်နေ၊ဖမ်းပြီး ဖျားသောအခါ သာဦးကပြုစုသည်။ ငမန်းသာမှာ အစာဝင်သည်အထိ တိုးတက်လာပြီးမှ

ကွယ်လွန်သွား၍ ရွာသို့ပြန်လာကြသည်။ မပြန်၍ မဖြစ်။ ငမိုးကောင်းကိုယ်မှာ အနာတွေ မကျက်သေး၊ မျက်နှာကြီးလည်း ဖောသွပ်နေသည်။

ငမိုးကောင်းမရှိစဉ်တွင် သူကြီးအေိပ် သောင်းကျန်းသည်။ ပုလိပ်များထံသို့ ရွာသမီးပျိုများကို ဆက်သရာ မိမိုင်း အညွန့်ကျိုးသဖြင့် ဆွဲချသေသွားသည်။ ငမိုးကောင်း၏ခယ်မ မိသော်ကား သူကြီးမျက်နှာကို ဓားဖြင့်ပစ်ပြေးရာက ကနောင်သို့ရှောင်နေရ၏။ ရပ်ရွာလူထု မခံမရပ်နိုင်သောကြောင့် သူကြီးအိမ်ကို ဝိုင်းပြီး မီးရှို့ဩား စစ်ဗာယီက သူကြီးဘက်မှာရှိသည်။

ကုလားကျွန်တွေနှင့်ကင်းလွတ်ရာ မြန်မာမင့်ပိုင်နက်ကို အကြည့်အရှုသွားရန် ငမိုးကောင်း ရွာမှ ထွက်လာသည်။ ငချိပ်ပါလာသည်။ ဦးမိုးထိ၏ကုန်လှေကြီးဖြင့် ခရီးကြုံလိုက်ခွင့်ရစဉ် ဦးခေါင်းကြီးတပ်သားဟောင်း ငချွဲကို လှေထိုးသားအဖြစ် တွေ့ရသည်။ ညောင်ပင်သာရွာတွင် လှေညအိပ်စဉ်ဆိပ်ကမ်းနှင့် လှေများကို ဓားပြစီးနင်းတိုက်ခိုက်သဖြင့် ငမိုးကောင်း ဦးဆောင်နှိမ်နင်းသည်။ ဆင်ပေါင်ဝဲ ဆင်သေရွာရှိ ငချွဲအမျိုးများက လုပ်ခင်းဆောင်တာစီစဉ်ပေး၊ အိမ်တစ်လုံးဆောက်ပေးကြ၏။ သုံးလကြာ၍ အုန်းပင်စုသို့ ငမိုးကောင်းနှင့် ငချိပ် ပြန်ရောက်သောအခါ ငအိပ် ဓားပြအသတ်ခံရပြီး ငပြုံးချို သူကြီးဖြစ်နေပြီ။ ငပြုံးချို၏ မျက်နှာထား မကြိုက်သဖြင့် မြန်မာမင့်ပိုင်နက်သို့ ရွှေ့ပြောင်းရေးမှာ ပိုမိုခိုင်မာလာ၏။

တစ်နေ့တွင် ငမိုးကောင်း၏ယာထဲသို့ ငချွဲ ရောက်လာသည်။ မြေထဲကို စီးနင်းရန် ငမိုးကောင်းတို့ ကြံစည်နေကြစဉ် ဦးခေါင်းကြီး အသတ်ခံရသည်။ ကုလားက လုပ်ကြံသည်ဟု ငချွဲကပြောဩား ငမိုးကောင်းမယုံကြည်။ ကုလားထံမှ မျက်နှာသာရရေးအတွက် မင်းတုန်းမင်း၏ရဲမက်တွေ လုပ်ကြံခြင်းသာဖြစ်သည်ဟု ငမိုးကောင်းက စွပ်စွဲသည်။ သူသည်မင်းတုန်းမင်း ဘာပဲလုပ်လုပ် အကောင်းမမြင်။

ငမိုးကောင်း၏ယာထဲသို့ ငချွဲနှင့် ငဝဲတို့ လာရောက်ကူညီနေစဉ်

မြင်းစီးကြီးဦး၍ ရောက်လာသည်။ မင်းတုန်းမင်းတရား ရွှေမြို့တော်တည်ပုံကို ပြောပြရာ ငမိုးကောင်း သဘောမတွေ့ဘြား ပဥ္စမသင်္ဂါယနာတင်ပုံ၊ နိုင်ငံတော်ကို ထိပါးသော ဇင်းမယ်၊ လပုန်း၊ လကွန်းတို့အား နှိမ်နင်းပုံ၊ သူအိုတန်း သူနာတန်း ထားပုံများသို့ ရောက်သောအခါ ငမိုးကောင်း၏ မင်းတုန်းမင်း ဆန့်ကျင်ရေးမှာ ပျက်ပြယ်စပြုပြီ။

ငမိုးကောင်းမှာ သားကြီး ငလှိုင်း၊ သားငယ် ငသိုင်းနှင့် သမီးကြီး မိအိုး၊ သမီးငယ် မိရိုး၊ နို့စို့ငကျိုင်းတို့ရှိ၏။

ကိုရင်လှိုင်း (ရှင်လာဘ)မှာ မြင်းစီးတော်၊ သိုင်းပညာကျွမ်းကျင်ပြီး ကဗျာရေးစီမှုတွင်လည်း သူ့ဆရာ ဦးဇဝန ကျေနပ်အောင် တော်၏။ ကိုရင်လှိုင်းကို ဒီပဲယင်းဘိုးဘွားများက မန္တလေးသို့ ခေါ်သွားရာက လူ ထွက်ခိုင်းပြီး အချုပ်တန်းဆရာဖေထံ အပ်နှံထားကြ၏။

ဆင်သေရွာအနီးရှိ ယာထဲသို့ မြင်ကွန်းမြင်းခုံတိုင်၏ ကျေးကျွန်များ ရောက်လာကာ မောက်မာစွာဆက်ဆံသဖြင့် ကိုမိုးကောင်းနှင့် သမီးများက ဆုံးမလွှတ်သည်။ ဆင်ပေါင်ဝဲတွင် မိုလ်ဝင်ခံနေသူများ သဘော်ဖြင့် ခုန်ဆင်း သွားပြီး ကိုမိုးကောင်းထံတွင် လူလေးယောက် ကျန်ခဲ့သည်။ ထိုသူများကို မည်သို့လုပ်ရမည်နည်း၊ မြင်းစီးကြီးထံသို့ လူလွှတ်ကာ မေးမြန်းထားသည်။ မြင်းစီးကြီးကိုရွှဲရောက်လာမှ လွှဲပေး၏။

ဘုရင်မင်းမြတ် ကြီးမှူးကျင်းပသော တန်ဆောင်တိုင်ပွဲတော်တွင် မောင်မောင်လှိုင်းနှင့် မိဒေါင်းလှတို့ ချိန်းတွေ့ကြရာ အဖော်အဖြစ် မအေးကြီး ပါသည်။ မယ်ဒေါင်းလှမှာ တစ်လလျှင် ဒေါင်းဒင်္ဂါးငါးပြား လခရသော ဇာတ်သမဖြစ်သည်။ မောင်မောင်လှိုင်းနှင့် မိဒေါင်းလှတို့ အကြောင်းပါပြီး မကြာမီ ဆင်သေရွာတွင် ကိုမိုးကောင်း၊ မမင်းဘော်တို့ အလှူလုပ်သည်။ သားလတ်သိုင်းနှင့် အငယ်ကောင် ငကျိုင်းတို့ကို ရှင်ပြုခြင်းဖြစ်သည်။

အလှူသို့ မြင်းစီးကြီး ရောက်မလာပါ။ ရှင်ဖြစ်တရားနာပြီး

ညနေစောင်းမှ ရောက်လာသည်။ မြင်းစီးကြီးသည် တောထဲတွင် မသင်္ကာဖွယ်ရာ လှည်းဘီးရာများ တွေ့သောကြောင့် အချိန်ယူကာ စောင့်ဆိုင်းသည်။ ကျောက်တိုင်၏ တောင်ဘက်မှလာကာ မြန်မာ့ပိုင်နက်တွင်းသို့ တိတ်တဆိတ်ဝင်ပြီး ရေနံခိုးသော ကုလားဖြူများ၊ အခကြေးငွေဖြင့် ငှားလာသည့် လှည်းများကို မြင်းစီးကြီးတို့လူစုက ကျောက်တိုင်တောင်ဘက်သို့ တစ်ယောက်မျှ မပြန်နိုင်အောင်လုပ်သည်။ ထို့ကြောင့် အလှူသို့ အချိန်မီ မရောက်ခြင်းဖြစ်၏။

အချုပ်တန်းဆရာဖေထံသို့ အမည်မသိ လူတစ်ယောက် ဖျတ်ခနဲရောက်လာပြီးနောက် ဆရာဖေလည်း ပျောက်သွားသည်။ ငလှိုင်းနှင့်သော်က၊ ငစိန်တို့ လိုက်လံရှာဖွေရာ သားတော်၊ သမီးတော်တွေ အမိန့်တော်အတုဖြင့် အဖမ်းခံရကြောင်း၊ လွှတ်စေအမိန့်ကြောင့် လွှတ်သည်။ သို့သော် မကြာမီ ပြန်လည်ဖမ်းဆီးကြောင်း သိခဲ့ရငြား ဆရာဖေကို မတွေ့။ နောက်မှ ပြန်ရောက်လာသောအခါ မရှင်မပျဖြင့် 'မြန်မာတွေ စည်းကမ်းဖောက်' တေးထပ်ကို ရေးသည်။

သကြံန်ကာလတွင် မင်ကြောင်ထိုးရန်အတွက် ရွာထိပ်တွင် မင်ကြောင်ရုံဆောက်သည်။ မင်ကြောင်ဆရာမှာ ဘသာဌေးဖြစ်သည်။ ငသိုင်းမှာ မယ်ကျော့က အထိုးခိုင်းသောကြောင့် မင်ကြောင်ရုံသို့ ရောက်လာသော်ငြား မင်ခံပုဆိုးရက်ပေးရန် မတောင်းခံရဲသဖြင့် အမေ့ထံတွင် ပူဆာရသည်။

သို့သော် မင်ကြောင်အထိုးခံသူများထဲတွင် ဝဲမှောင်တွင်ထိုးသူငသိုင်းမှာ အမေ ရက်လုပ်ပေးသော 'ရာပုဆိုး' ကို မင်ခံသဖြင့် လူကြီးသူမတွေက သာဓုခေါ်ကြသည်။ ငသိုင်း၏ညီ ငကျိုင်းကား အရွယ်မရောက်သေးသောကြောင့် ယာမှောင်တွင် ထိုးသူဖြစ်သည်။

အိမ်သို့ ငလှိုင်းပြန်မလာသဖြင့် ဇနီး မယ်ဒေါင်းလုက ပုရပိုက်တစ်လွှာကိုင်ပြီး ဆရာဖေထံ လာရောက်တိုင်ကြားသည်။ စာမှာ သားငယ်

မယားငယ်ထားသည့် ရည်းစားစာ မဟုတ်။ ကျက်လိုသောကြောင့် ကူးထားသည့် မောင်စံသူ့ မှာတမ်းဖြစ်သည်။ သူတို့ လင်မယား ထိထိုးရန် တိုင်ပင်နေကြစဉ် မင်းသားမောင်မောင်ဘ ရောက်လာသည်။

ရတနာပုမ် ဒုတိယနန်းစံမင်းလက်ထက်တွင် ပေါ်ပေါက်လာသောထီအမျိုးမျိုးကြောင့် လူအများ အတိဒုက္ခရောက်ရပုံများကိုပြောရာက မှာတမ်းရွတ်တတ်သူ ရောက်လာသဖြင့် အရွတ်ခိုင်းသည်။ သို့သော် ရန်သူကုလားဖြူကို တိုက်ရမည့်အချိန်တွင် စိတ်ဓာတ်ပျော့ညံ့စရာ ပေါ်လာသောမှာတမ်းကို ဆရာဖေ မကြိုက်ပေ။

ငသိုင်းသည် မြဖူးနှင့် ကလေးတစ်ယောက်ရပြီးမှ ကျော့ခင်ကိုတန်းတန်းစွဲကာ ဗလက္ကာရပြုစဉ် ကိုယ့်ဓားဖြင့်ကိုယ် ထိုးမိသဖြင့် ကျော့ခင်ကွယ်လွန်သွားသည်။ ငသိုင်းလည်း အချောက်ချောက် အချားချား ဖြစ်နေရာက၊ အစ်ကိုငလှိုင်းထံသို့ စိတ်ပြေလက်ပျောက် ရောက်သွားလေသည်။ အောက်အရပ်ရှိ အဘိုးအဘွားထံသွားလျှင် ရထားပေါ်၌ ကုလားနှင့်ဆုံရမည်စိုးသဖြင့် သင်္ဘောစီးသော်လည်း ကုလားနှင့် မလွတ်။ စဥ့်ကူတွင်ဆင်းမည့် ဦးမှဲ့၊ ဒေါ်ဖဲ၊ သမီးကျေးဥတို့နှင့် သိသည်။ သေသူ ကျော့ခင်ကိုချည်းမြင်ယောင်ကာ ရေထဲခုန်ချသဖြင့် ဦးမှဲ့က ဆင်းဆယ်ကာ အိမ်သို့ သယ်လာပြား အဆင်လွဲစိတ်ဖြင့် ခွဲခွာကြရပြီး အစ်ကိုငလှိုင်းထံ ရောက်လာခြင်းဖြစ်သည်။

ငကျိုင်းသည် သင်္ဘောဆိပ်သို့ လှည်းဖြင့် ကုန်စည်ပစ္စည်းပို့ပြီးနားနေစဉ် မြန်မာစစ်သည်တွေနှင့် အမြောက်တွေ စုန်ဆင်းသွားသည်ကိုမြင်သဖြင့် အိမ်သို့ အမြန်ပြေးလာ၏။ မြန်မာနှင့် အင်္ဂလိပ်တို့စစ်ဖြစ်ပြီ။ မြန်မာနှင့် ပြင်သစ်တို့ ချုပ်ဆိုသောစာချုပ် အတည်မဖြစ်မီ၊ ပျဉ်းမနားဘက်တွင် ဘုံဘေဘားမားကုမ္ပဏီ သစ်ခိုးသဖြင့် ဒဏ်တပ်သည်ကိုအကြောင်းပြုပြီး မသင့်လျော်သော တောင်းဆိုမှုတွေ တောင်းဆိုရာမှ စစ်ပြုရာ

မြန်မာတို့က ခုခံတိုက်ခိုက်သော စစ်ပွဲဖြစ်သည်။ ကိုမိုးကောင်းမှာ အသက်ကြီးသောကြောင့် စစ်သားဖြစ်ခွင့်မရှိသော်ငြား နယ်စပ်ရှိ ရန်သူ့ရိက္ခာစခန်းကို ဖျက်ဆီးပြီး ပုလိပ်သေနတ်တွေ လုလာပြီးနောက် ထူးပေါက်ခံကတုတ်ကို ရန်သူအတိုက်တွင် ခုခံမည်သွားသည်။ ထူးပေါက်ကျသွားပြီးပြီ။

ကိုမိုးကောင်းနှင့် ငချွဲ၊ ငဝဲတို့သည် မီးတိုက်ခံရသော ရွာများမှ ရွာသားများ အစော်ကားခံရသော မောင်ဖွားများကို စုဆောင်းပြီး ကုလားဖြူ ကုလားနက်များကို လိုက်လံသတ်ဖြတ်သည်။ မြင်းခြံနှင့်အဝကို ရန်သူသည် အခုအခံမရှိဘဲ သိမ်းပိုက်ပြီးနောက် ဂေါဝိန်ဆိပ်သို့ ရောက်လာ၏။

တိုင်းသူပြည်သားများမှာ ရန်သူနှင့် စစ်ဖြစ်နေသည်ကို မသိသောကြောင့် အထူးအဆန်းအဖြစ် ဝိုင်းကြည့်နေကြသည်။ ဆရာဖေနှင့် ငလှိုင်းတို့ ရောက်လာကာ ဆဲဆိုအော်ဟစ်နေချိန်တွင် အရှင်နှစ်ပါးမှာ သူရိယသင်္ဘော ပေါ်သို့ ရောက်သွားကြပြီ။ ငလှိုင်းသည် မင်းသား မောင်မောင်ဘနှင့် ပါသွားကာ ရှင်အာသဘ၊ မောင်မောင်လတ်တို့နှင့်အတူ ပုန်ကန်တိုက်ခိုက်သည်။

ထိပ်တင်ဦးသည် မြင်စိုင်းမင်းသားအဖြစ် နာမည်ကြီးသည်။

ငသိုင်းနှင့် မြတောင်ဗိုလ်မှာ စလေသား ငပြန့်ကို အမှိုပြုလျက် စလေဘက်သို့ ရွှေ့လာကြ၏။ ထို့နောက် မြစ်အနောက်ဘက် ကျပင်းသို့ ရောက်လာကြ၏။

မောင်မောင်လှိုင်းပါသော မြင်စိုင်းမင်းသား၏တပ်မှာ မောင်နီးဆိုသူ သစ္စာဖောက်သဖြင့် တပ်မကြီးရှိသော ရွာခိုင်တပ် အတိုက်ခံရငြား၊ အင်အားတိုးသည်ထက် တိုးလာသဖြင့် စစ်မျက်နှာဖြန့်ကာ ထိုးစစ်ဆင်နေစဉ် မင်းသားမှာ ဆင်ဖြူမြို့၌ အဖျားရောဂါဖြင့် နတ်ရွာစံ၏။ သို့ကြောင့် မောင်မောင်လှိုင်းမှာ မန္တလေးရှိ ဇနီးနှင့် ကလေးကိုခေါ်ပြီး ဆင်ပေါင်ဝဲသို့ ပြန်ရကောင်းနိုးဖြစ်နေစဉ် တောင်တွင်းကြီး၌ ဇာတ်မင်းသားအဖြစ် ဇာတ်မြှုပ်နေသော ကြည့်မြင်တိုင်မင်းသား၏တပ်သို့ရောက်သွားလေ၏။

## ပုဂံစာအုပ်တိုက်

မင်းသားမှာလည်း ရွာငန်ဘက်ရှိ အရပ်အနေကောင်းသောနေရာတွင် စိတ်ချလက်ချအိပ်စဉ် အတိုက်ခံရပြီး ကျဆုံးသည်။ မင်းသား၏ အပါးတော်မြဲ မောင်မောင်လှိုင်းမှာ စိတ်ဓာတ်ကျဆင်းနေစဉ် ဗိုလ်တုတ်ကျော်ထံသို့ မြင်းမဏိတောင်ရှိ ဗိုလ်မင်းရောင်ထံမှ ငါးရာတပ်တစ်တပ် ခုနစ်ရက်မျှ လာရောက်ကူညီပါရန် မေတ္တာရပ်ခံစာရသဖြင့် နတ်မောက်တောင်တွင်းသို့ ရောက်ရပြန်၏။

ကိုမိုးကောင်း၏သမီး မိအိုးသည် သောထွန်းနှင့် အကြောင်းပါပြီး၊ ရေနံချောင်းရှိ ရေနံတွင်းများ၌ ရေနံခပ်သားလုပ်နေသည်။ မြန်မာမင်း ရန်သူ့လက်သို့ ပါသွားချိန်တွင် ကိုယ်ပိုင်လက်တွင်းတစ်တွင်းပိုင်သဖြင့် အခြေအနေကောင်းစပြုသည်။ မြစ်ထဲရှိ ရေနံလှေတွေ၊ ရေနံသင်္ဘောတွေ မီးလောင်သောတစ်ညတွင် မိအိုးတို့နွားတင်းကုပ်ထဲသို့ မိစ္ဆာဒိဋ္ဌိမောင်းနှင်ရေး တပ်သားတစ်ယောက် ရောက်လာသည်။ မိစ္ဆာဒိဋ္ဌိ ဆန့်ကျင်ရေးတွင် မပါဝင်ရသဖြင့် နေမထိထိုင်မသာဖြစ်နေသော မိအိုးမှာ သူ့အဖေ၊ သူ့မောင်တွေနည်းတူ တိုက်ခိုက်နေသော အမည်မသိ မျိုးချစ်ပြည်ချစ် သူရဲကောင်းတစ်ယောက်အား တတ်စွမ်းသမျှ ကျွေးမွေးလိုက်ရ၊ အဝတ်အထည် ငွေကြေးပေးလိုက်ရသဖြင့် ကျေနပ်နေလေ၏။

ကိုမိုးကောင်းနှင့် သားကြီးငလှိုင်း၊ သားလတ်သိုင်းတို့မှာ မမျှော်လင့်ဘဲ ဆုံမိကြပြီး မာကြောင်းသာကြောင်း မေးရုံသာမေးပြီး လူစုခွဲသွားကြ၏။

ဆင်သေရွာတွင် ကျန်ခဲ့သော မမင်းဘော်မှာ သားလူပျို ကျိုင်းနှင့် သမီးအပျို မိရိုးအပြင် ချွေးမ မြဖူးတို့ကို စောင့်ရှောက်ရင်း ယာလုပ်နေသည်။ ကုလားအဝယ်တော်နှင့် ကြိုက်နေသော တူမကြောင့် ပုလိပ်တွေကို ဓားစာကျွေးသော ဘကြီးမုန်း၏သား ငနှင်းအား မိရိုးမှာ ခိုးကြောင်ခိုးဝှက်ကြည့်မှုဖြင့် အစစ်ဆေးခံနေရစဉ် မမင်းဘော်၏ညီမ၊ မိသော့၏သား မြတ်သာဦး ရောက်လာ၏။

**ပုဂံစာအုပ်တိုက်**

ပခန်းငယ်တွင် ကုလားတပ်တစ်တပ် ရောက်နေသည် ကြားသောကြောင့် လမ်းသွားရင်း ထမင်းချက်ကာ ချီတက်လာသော မြတောင်ဗိုလ်နှင့် သေိုင်း၊ ငပြေန်တို့၏တပ် အရောက်နောက်ကျသွား၏။ ရန်သူက မြို့ထဲဝင်ပြီး မဟာစေတီလှဘုရားတွင် သစ်တပ်ကြီး တည်ထားပြီ။ သုံ့ပန်းတွေကို လမ်းခင်းခိုင်း၊ တံတိုင်းကာခိုင်းနေပြီ။ သေိုင်းနှင့် မြတောင်ဗိုလ်သည် ရန်သူ ရှိရာဘက်ကမ်းသို့ သွားရောက် မရောင်းချလိုသော ဈေးသည်များထံမှ မြက်နှစ်ထုံး ဝယ်ခဲ့ပြီး ရန်သူ၏ သစ်တပ်တွင်းသို့ ဝင်ရောက် ထောက်လှမ်းကြ၏။

သစ်တပ်ကိုစီးမည့် အစီအစဉ်ကို နောက်တစ်နေ့သို့ ရွှေ့ထားစဉ် ရန်သူ စစ်ကူ နှစ်ရာတပ်တစ်တပ် ရောက်လာသဖြင့် သေိုင်းတို့ ဆီးကြို တိုက်ခိုက်ရာ မြတောင်ဗိုလ် အဖမ်းခံရ၊ အသတ်ခံရသည်။ မြတောင်ဗိုလ်ကို ကားစင်တင်ထားစဉ် တစ်အိမ်တစ်ယောက်ခေါ်ပြီး အကြည့်ခိုင်းသည်။ မကြည့်သဖြင့် ရန်သူရွာဆိုကာ နွယ်တမယ်ရွာကို ရန်သူက မီးတိုက်သည်။ ထိုနေ့ညတွင် သစ်တပ်ကို ဝင်စီးကြရာ သေိုင်း ကျဆုံးသွား၏။

မမင်းဘော်တို့ သားအမိနှင့် မြဖူး၊ သား ထွန်းလူတို့ ဝါကောက် နေရာသို့ ကိုမိုးကောင်း ရောက်လာသည်။ မကျန်းမာသော ငဝဲကို တစ်နေရာ တွင် ဝှက်ထားခဲ့ရသည်။ မင်းလှတိုက်ပွဲတွင် ဗိုလ်ရွှေရော ကိုရွှေပါ ကျဆုံးခဲ့ သဖြင့် ယာထဲတွင် ငိုသံတွေ ပွက်လောရိုက်နေစဉ် ကိုမိုးကောင်းမှာ ယာတွင်း တစ်နေရာ၌ မြတ်သာဦးကို တွေ့သည်။

ထိုအချိန်တွင် မရင်းကိုင်းဘုန်းကြီး ဦးသူရိယနှင့် ဦးမောင်ကလေးတို့ ဦးစီးသော လယ်သမားသူပုန်တွေ ထကြွသဖြင့် ဆေးမင်ကြောင် ရှိသူတွေ အဖမ်းခံနေရချိန်ဖြစ်ရာ ဇီးကုန်းသို့ စနည်းနာပြီးလိုက်လာသော မြတ်သာဦး လည်း အဖမ်းခံရသည်။ ဦးသူရိယနှင့် ဦးမောင်ကလေးအား မသိသူထံတွင် ထိုသူများ မည်သည့်အရပ်၌ ရှိသနည်း မေးမြန်းနိပ်စက်နေစဉ် ဝန်ထောက်

မစ္စတာဟီးလ်ကို သူပုန်တွေခြံရံလျက် ရောက်လာ၏။ မြတ်သာဦးမှာ ထိုအခါကျမှ လွတ်၏။

သို့သော် ပုလိပ်ကိုသတ်ပြီး မြတ်သာဦးသူပုန်ထဲသို့ပါသွားကြောင်း မြတ်လေးစိန်၏ အမျိုးများက အုန်းပင်စုသို့ သတင်းပို့သောအခါ သူကြီး ငပြုံးချိုက မြတ်သာဦး၏ အဖေကိုခေါ်သည်။ တရားခံအပ်နှံရန် တောင်းခံသည်။ မြတ်သာဦး သဘော်စီးပြီး ယခုကဲ့သို့ ဆင်ပေါင်ဝဲသို့ ရောက်လာခြင်း ဖြစ်သည်။

ဘုန်းကြီးကျောင်းကို ကုလားတပ်က အိတ်သွန်ဖာမှောက် ရှာဖွေရင်း၊ ဆင်းတုတော်တွေကို ခြေဖြင့် ကန်သည့်အတွက် ကျောင်းထိုင်ဆရာတော်က ထသတ်ရာ ဘုန်းကြီးဗိုလ်ဟု ပေါ်ပေါက်လာသည်။ ကိုမိုးကောင်း၏ သားငကျိုင်းမှာ ထိုဘုန်းကြီး၏ တပည့်ရင်းဖြစ်ရာ ယခုလည်း ဆင်ပေါင်ဝဲကို ဝင်စီးသော ဗိုလ်ဖြစ်လေသည်။ ကာနယ်လောက် ဦးစီးလျက် မြို့ကို ပြန်သိမ်းရန် တိုက်သော တိုက်ပွဲတွင် ဘုန်းကြီးဗိုလ်၏ လက်ရုံး ရှင်ဇဝန ကျဆုံး သွားငြား ကာနယ်လောက်တို့ ထွက်ပြေးရသည်။ သို့သော် ဘုန်းကြီးဗိုလ်၏ နယ်ချဲ့ဆန့်ကျင် မိစ္ဆာဒိဋ္ဌိ သုတ်သင်ရေးတပ်မှာ ဘုန်းကြီးဗိုလ်ဦးသာသန ကျဆုံးသွားသဖြင့် ၆ လသာ သက်တမ်းရှည်၏။

ကုလားဖြူကုလားနက်တပ်များသည် ကျေးရွာတွေကို လိုက်လံမီးရှို့ သည်။ ယာထဲသို့ ရွှေ့ပြောင်းနေသော မမင်းဘော်တို့မှာလည်း တစ်ဖက် ကမ်းရှိ သွေးသောက်စုရွာသို့ အပြောင်းခံရသည်။ ထိုရွာတွင် ငနှင်း ရှိသော ကြောင့် မိရိုး အကြိုက်ကျသွား၏။ ရွာသားများသည် ပြောင်းရွှေ့လာသော အိမ်ထောင်စုသုံးခုကို ကြိုဆိုကြသဖြင့် တစ်နှစ်အတွင်းမှာပင် နေသားကျသွားပြီး လယ်ကေတစ်ရာနှင့် ယာများ တည်ကျင်းပြီးသွားကြပေပြီ။

မောင်မောင်လှိုင်းမှာ မန္တလေးရှိ ဇနီးထံသို့ ပြန်ရောက်နေပြီ။ ဆရာဖေမှာ ရပ်ကွက်မီးလောင်ခံရပြီးနောက် သွပ်မမိုးနိုင်သောကြောင့်

လွင့်သွားရာက သုံးဆယ်စော်ဘွားကြီးထံရောက်သွားသည်။ စစ်တုရင်ကို စွဲသွားပြီး ရေပက်ခံရ၍ အအေးမိသော ဝေဒနာဖြင့် ကွယ်လွန်သည်။

မောင်မောင်လှိုင်းကို ပုလိပ်က မကြာခဏ လာမေးသောကြောင့် သား ရဲလောင်းနှင့် ဇနီးမိဒေါင်းလှကိုခေါ်ပြီး ဆင်ပေါင်ဝဲ ဆင်သေရွာသို့ သင်္ဘောဖြင့်အလာ ရေနံချောင်းဆိပ်သို့ အဆိုက်တွင် ကလေးနှစ်ယောက် ဆွဲလျက် ရွှေတွဲလွဲ ငွေတွဲလွဲဖြင့် တက်လာသော အထက်တန်း ခရီးသည် ရေနံတွင်းပိုင်ရှင်မိအိုးနှင့် တိုးမိကြလေ၏။ ဆင်ပေါင်ဝဲမီးလောင်စဉ် ပျောက်ဆုံး သွားသော (ရှင်ကေလာသ) ကျေိုင်းကို ရဟန်းဝတ်ဖြင့် တွေ့ရသည်။ မအေ လိုက်သွားပြီး လူထွက်ခိုင်းငြားမရပါ။ သူသည် လူနှင့်ကင်းအောင်နေငြား၊ သွေးသောက်စုဘုန်းကြီးကျောင်းမှ သတင်းစာ အဟောင်းတွေကို ဖတ်မိ လေသည်။ သတင်းစာလှူသော ပွဲစားကလေး ကိုတောက်ထိန်နှင့် ဆုံသော အခါ အမျိုးသားနိုင်ငံရေးဘက်သို့ စိတ်ဝင်စားလာ၏။ ကလျာဏယုဝ အသင်း ဖွဲ့စည်းရေး၌ အားသန်နေ၏။

ကွယ်လွန်သူ သေိုင်း၏သား ထွန်းလူမှာ ဝါးခုတ်သွားရင်း ကျားကို သတ်ခဲ့သဖြင့် ထွန်းလူအမည်ပျောက်ပြီး ကျားမနိုင်ဖြစ်နေပြီ။ တစ်နေ့တွင် ဦးမိုးကောင်းထံသို့ ဆလိုင်းစံထွန်းအမည်ရှိ တောင်တွင်းကြီးဘက်မှ ဧည့်သည်တစ်ယောက် ရောက်လာ၏။

မောင်မောင်လှိုင်းသည် ခါးပိုက်နှိုက်ကို ကိုင်ပေါက်မိသဖြင့် အဖမ်း ခံရပြီး ထောင်သုံးနှစ်ကျလာ၏။ မြန်မာ့တပ်မတော်သားတို့၏ အိုးစား အသုံးအနှုန်းကို ထောင်ထဲ၌ မဖွယ်မရာ သုံးစွဲထားသဖြင့် ထကန်ရာက အမှုဖြစ်၏။ ထောင်ပိုင်သည် မျိုးချစ်ပုဂ္ဂိုလ်မှန်းသိသောကြောင့် အငြိုးတကြီး ပြုမှုသဖြင့် မောင်မောင်လှိုင်းက တိုက်ခိုက်ရာ ထောင်ပိုင်ကြီးပါ နှစ်ဦးလုံး သေသွားသည်။ ဆလိုင်းစံထွန်းသည် ထိုအကြောင်းကို သတင်းပေးရန် ဝင်လာခြင်းဖြစ်၏။

## ပုဂံစာအုပ်တိုက်

ဆလိုင်းစံထွန်း ပြန်မည့်နံနက်မှာပင် ဦးမိုးကောင်းမှာ ရင်ကွဲနာကျပြီး ကွယ်လွန်ရှာ၏။ ထိုအချိန်တွင် သွေးသောက်စုရွာကျောင်း၌ တိုက်နယ် ကလျာဏယုဝအသင်း ဖွဲ့စည်းချိန်ဖြစ်သည်။ ဥက္ကဋ္ဌမှာ ပျံလွန်တော်မူပြီးသော ဘုန်းကြီးဗိုလ်နှင့် ဘွဲ့တော်တူသော ဦးသာသန၊ အကျိုးဆောင်မှာ ဦးကေလာသ (ဦးဇင်းကျိုင်း) တို့ဖြစ်သည်။

ဦးဇင်းကျိုင်းမှာ ခမည်းတော်၏ နာရေးသို့ ကြွရောက်လာခိုက် သွေးသောက်စုရွာတွင် မြန်မာအသင်းချုပ်ကြီး ဖွဲ့စည်းလိုက်ရသဖြင့် ဝမ်းသာနေသည်။ မန္တလေးနေ နှောင်တော် မောင်မောင်လှိုင်း၏ဇနီး မဒေါင်းလုနှင့် သား ရဲလောင်း၊ ရေနံချောင်းနေ အစ်မ မိအိုးနှင့် သား ပေါ်လာ (ခေါ်) ဒေးဗစ်သာထွန်းတို့နှင့် မိရိုး၏သား မိတ္တတို့ လာရောက်ကန်တော့ကြရာ ပေါ်လာထံမှ မျိုးချစ်စိတ်ဓာတ် ထက်သန်သော စကားများ ကြားရသဖြင့် ကျေနပ်သည်။ ရဲလောင်းထံမှ မင်းလောင်း မောင်သန့်နှင့် ဗန္ဓုကရသေ့တို့၏ ထကြွမှုများ ကြားရသဖြင့် အားတက်ပြား ဒါယကာကြီး၏ အသုဘ ရုပ် ကလာပ်ကို ဖယင်ကျူးနေသဖြင့် စိတ်ညစ်ရသည်။

နောက်တစ်နေ့တွင် မယ်တော်ကြီး ဒေါ်မင်းဘော်အား ရေနံချောင်းသို့ ခေါ်သူက ခေါ်ပြား၊ အမေက မလိုက်။ တစ်ယောက်တစ်ပေါက်မို့ စိတ်ညစ်စွာဖြင့် ထပြန်ခဲ့ရသော ဦးဇင်းကျိုင်းမှာ ဝံသာနုအစည်းအဝေး၏ တက်ကြွမှုနှင့်ကြုံတော့မှ စိတ်ချမ်းသာရရှာ၏။ သူကြီးငပွေးသည် ဘူးအသင်းသား တွေကို အပြစ်ရှာပြီးဖမ်းတော့သည်။ သည်အထဲ၌ ဆင်မာန်ရွာသား ကြာဥ၏ ဇနီးအား ပြစ်မှားမိသောအခါ ကြာဥ၏ ရန်ပြုခြင်း ခံရလေ၏။

ထိုအကြောင်းများကြောင့် ရွာတွင် မငြိမ်မသက် ဖြစ်နေရာ မယ်တော်ကြီးကို ဖိဖိစီးစီး ပြုစုသူမရှိ။ ဦးဇင်းကျိုင်းသည် မယ်တော်ကို လွတ်လပ်စွာ ပြုစုလိုသောကြောင့် လူထွက်ပြီး အိမ်ပြန်လာရာ တူများဖြစ်သော မိတ္တနှင့် ကျားမနိုင်၊ မြတ်သာဦးတို့က ဦးဝဲ၏သမီး ရွှေခက်နှင့် စကြသည်။ ရပ်ရွာ

ကလည်း ခယ်မနှင့် သမုတ်လာသဖြင့် ကိုကျိုင်းမှာ ရွှေခက်နှင့် လက်ထပ်လိုက်ရသည်။ ထိုအတောအတွင်း ရေနံချောင်းရှိ ဒေးဗစ်သာထွန်းထံမှ တို့ဗမာအစည်းအရုံးအကြောင်းနှင့် ယင်းမှထုတ်ဝေသောစာများ ကိုကျိုင်းထံသို့ ရောက်လာသဖြင့် ဥက္ကဋ္ဌ ဦးသာသနထံ ပြေးပြသည်။

ဦးစိုးသိမ်း ဂျီစီဘီအေမှ ဆရာစံ ဦးစီးသော ဂဠုန်တပ် ဖွဲ့ရန် ပြင်ဆင်နေစဉ် ဦးစိုးသိမ်း ဂျီစီဘီအေနှင့် အပေါင်းအပါများကို မတရားအသင်းကြေငြာကြောင်း သူကြီးသစ် ကျော်ဆင့်က ခေါ်ပြော၏။ ထိုအသင်းမှ အသင်းသားတစ်ယောက်သည် သုပဏ္ဏကဂဠုနရာဇာ အမည်ခံကာ သာယာဝတီဘက်၌ လယ်သမားသူပုန် ထနေသောကြောင့်တည်း။

ကိုရွှေကျိုင်းသည် ပြောင်းတိုသေနတ် တစ်လက်နှင့် ကျောက်မီးသေနတ် နှစ်လက်ကို ဝက်ဆိသုတ်ကာ မြေမြှုပ်ထားခဲ့ရာ ဂဠုန်တပ် ဖွဲ့စည်းမည် ပြုသောကြောင့် ဖော်ကြည့်သည်။ သုံး၍မရတော့ပြီ။ သို့ကြောင့် သေနတ်ဝယ်ပြီး မိုးနတ်ကုန်းကို စီးနင်းတိုက်ခိုက်ရန် စီစဉ်နေစဉ် အမေ မူးလဲရာသို့ ပြန်ပြေးလာ၏။ တစ်ပြိုင်နက်တည်းမှာပင် ဂဠုန်အမည်ခံသော ဓားပြတွေ ရွာကို ဝင်တိုက်သဖြင့် ဦးဆောင်ကာ နှိမ်နင်းသည်။ ဓားပြတွေကို ဂတ်သို့ ပို့ရန် ခေါ်သွားကြချိန်တွင် ဇနီးသည် ရွှေခက် မျက်နှာမြင်သည်။ သွေးဝာက်ပြီး သေသည်။ အမေလည်း သေပြီ။ အမေနှင့် ဇနီး ပြိုင်တူသေသောကြောင့် ရူးကြောင်ကြောင်ဖြစ်သွားသော ကိုရွှေကျိုင်းကို ဘုန်းကြီးကျောင်းမှာ စောင့်ရှောက်ထားရသည်။

တို့ဗမာအစည်းအရုံးဝင် တောင်သူလယ်သမားများ ဖွဲ့စည်းထားသည့် လက်ရုံးတပ်နှင့် ယင်းကို ဆန့်ကျင်ရန် ဖွဲ့စည်းထားသော ဓားမတပ်တို့ ရွာပြင်တွင် စောင်နေသောအခါ သူကြီးက သေနတ်ဖြင့် ပစ်ခတ်ကာ လူစုခွဲမည်လုပ်သဖြင့် ဦးရွှေကျိုင်း သွားရောက်ကာ ဖျန်ဖြေရသည်။ နှစ်ဖက်လုံးမှာ သားချင်းတွေ ဖြစ်ကြသည်။

## ပုဂံစာအုပ်တိုက်

ကွယ်လွန်သူ မောင်မောင်လှိုင်း၏သား ရဲလောင်းသည် ရန်ကုန်မှ မန္တလေးသို့ သင်္ဘောဖြင့် ပြန်လာရာ၊ ဘရွှေကျိုင်း၏သား ကောင်းစံသည် ပြည်မှ တက်လာ၏။ သူတို့သေတ္တာတွေကို ပုလိပ်က အစစ်တွင် အဖုံး၌ ရေးထားသော စာများကို မြင်ကြ၍ ညီအစ်ကိုမှန်းသိစဉ်၊ သူတို့ဆား၌ ပါလာသော သားအမိမှာ မောင်ကောင်းစံတို့ရွာ သွေးသောက်စု၌ ရောက်နေသော ကိုခင်မောင်တင့်ထံ သွားမည့်သူများ ဖြစ်နေကြ၏။

ရဲလောင်း၏အမေ မဒေါင်းလှကို သွေးသောက်စုရွာက မင်းသမီးဟု ခေါ်ကြသည်။ ရဲလောင်းအောက်မှာ မိန်းကလေးဖြစ်သည်။ ရန်ကုန်တွင် ဗိုလ်အောင်ကျော် အသတ်ခံရသဖြင့် မန္တလေးတွင် ကန့်ကွက်ရာ ပုလိပ်က သေနတ်ဖြင့် ပစ်သည်။ သေသူများထဲတွင် ရဲလောင်း၏ အမေနှင့် နှမပါ ပါသွားသည်။ ရဲလောင်းမှာ အိမ်တော်ရာဘုရားအတွင်း ကျင်းပသည့် တရားပွဲများတွင် သတင်းယူနေသဖြင့် အမေနှင့် နှမ၏အဖြစ်ကို မသိ။ သူ့ဇနီး စစ်ကိုင်းသူမှာ ယောက္ခမထက်စောပြီး ကွယ်လွန်သွားရာ ကျန်ခဲ့သော ကလေးကို အဒေါ်ဖြူဥတို့က စောင့်ရှောက် ထားကြောင်း ရဲလောင်းနှင့် တွေ့တော့မှ သွေးသောက်စုရှိ အမျိုးများ သိခွင့်ရကြ၏။

ရဲလောင်းတို့ သင်္ဘောပေါ်တွင် သိခဲ့ရသော မိန်းမပျိုမှာ ခင်ခင်မြင့်ဖြစ်သည်။ သွေးသောက်စုသို့ လာပြီး ကျောင်းဆရာလုပ်နေသော ကိုခင်မောင်တင့်၏ နှမဖြစ်သည်။ ကိုခင်မောင်တင့်တို့ သားအမိက ဒေ့သည်ညီအစ်ကိုနှင့် ဦးရွှေကျိုင်းကို ထမင်းဖိတ်ကျွေးရာ ကမ္ဘာ့သတင်း မြန်မာ့သတင်း နှီးနှော ဖလှယ်ပွဲကြီး ဖြစ်သွားလေ၏။

မောင်ကောင်းစံအား ဆင်ပေါင်ဝဲရှိ ပွဲစားလေးက ပြည်မြို့တွင် ကျောင်းထားပေးခဲ့ရာ ယခု ဆယ်တန်းပင် ရောက်နေပြီ။ ရဲလောင်းကား သတင်းထောက် ရန်ကြီးအောင် ဖြစ်သည်။ ကို့ဗမာလူငယ်အစည်းအရုံး ဖွဲ့စည်းရန်လည်း စိုင်းပြင်းသည်။ တစ်နေ့တွင် သူ့ဦးလေး ဦးရွှေကျိုင်း

ခေါ်သောကြောင့် ထွန်တုံးတိုက်ပွဲ ကျင်းပရာသို့ စက်ဘီးစီးပြီး လိုက်လာသည်။ သီးစားခပေးပါလျက် လယ်အသိမ်းခံရသော လယ်သမားများ၏ လယ်ကို ဝိုင်းဝန်းထွန်ယက်ခြင်းဖြစ်ရာ မြေရှင်ချစ်တီးက ပုလိပ်ခေါ်လာပြီး ဖမ်းသည်။ သို့သော် ဂုတ်တဲရှေ့သို့ရောက်မှ ချစ်တီးသည် သတင်းထောက်ရဲလောင်းအား ဆလံပေးလျက် ဂုတ်တဲထဲသို့ ဝင်သွားပြီး အမှုကို ရုပ်သိမ်းလေ၏။

◈

# နေမင်းတစ်ဆောင်

ဆင်ဖြူကျွန်းအောင်သိန်း

(သတ္တမတွဲ)

# ၉

ကိုရဲလောင်းသည် ထင်ရှားမှု ကျော်ကြားမှုကို မလိုလားချေ။

မလိုလားသော်ငြား သည်မိုးနတ်ကုန်းချစ်တီးအား သူကြားဖူးသော နည်းတစ်ခုဖြင့် စမ်းသပ်ကြည့်ခြင်းဖြစ်၏။ မအောင်မြင်လည်း မတုန်လှုပ်၊ အောင်မြင်သော်လည်း ဘဝင်မမြင့်။

သို့သော် မင်းပြေးရွာမှ လယ်သမား၊ ယာသမားတွေ ညဥ့်တွင်းချင်း ရောက်လာကြသည်။ သကာရည်အိုး၊ ထန်းလျက်၊ ပေါက်ပေါက်ဆုပ်၊ အိမ်ဖြစ် အထည်၊ အုပ်စောင်၊ တဘက်၊ ပုဆိုး စသည်များဖြင့်။

"ဘကျိုင်းရဲ့တူကို ကျေးဇူးတင်လွန်းလို့ပါဗျာ"

သည်အထဲတွင် မိတ္တလည်းပါသည်။

"ရာဇဝတ်အုပ်က ဌာနာအုပ်ရဲ့ အခန်းထဲကထွက်လာပြီး 'သွားကြ၊ သွားကြ။ တစ်ယောက်မကျန် အခုထွက်၊ မြန်မြန်ထွက်သွားကြ' အော်တော့ ကိုယ့်နားကိုတောင် ကိုယ်မယုံဘူးဗျာ"

"ဟုတ်သယ်။ ကျုပ်တို့ကလည်း အချုပ်ထဲမှာ ဘယ်လိုနေရမယ်၊ ရုံးမှာ ဘယ်လိုပြောရမယ်ကအစ တိုင်ပင်ထားကြသာဗျ"

အတွင်းရေးမှူး သခင်စံပွင့်ကလည်း ဝမ်းသာအားရပြော၏။ ထိုအခါ သခင်မိတ္တက "ချစ်တီးကို အစ်ကို ဘာသွားပြောသာတုန်း" ဟု မေးသည်။

ကိုရဲလောင်း မဖြေပါ။ အင် အာ အိ အဲလုပ်ရင်း စကားရှာသည်။ ရှာရခြင်းမှာ ချစ်တီးအား သူခြောက်လှန့်လိုက်သော ခြောက့်လုံးကို ဖော်ပြရန် မသင့်သောကြောင့်ဖြစ်၏။

မြန်မာလူမျိုးများသည် မြင့်မြတ် အထက်တန်းကျသော အယူဝါဒ ရှိသူများပီပီ စိတ်ထားမြင့်မြတ်ကြ၏။

ခရီးသွားသူတွေ နားခိုနိုင်ကြပါစေဟု ခရီးဘေး၌ ဇရပ်ဆောက်ထားခြင်း၊ ရေငတ်သူတွေ သောက်ကြပါစေဟု ခရီးဘေး၌ ရေချမ်းစင် တည်ထားခြင်း၊ လှည်းကုန်သည်တို့ ရေမိုးအဆင်ပြေပါစေဟု ခရီးဘေး၌ တစ်ဖက်ဆည်ကန် ဆည်ခြင်း၊ ရေတွင်းတူးထားခြင်း စသည်စသည်တို့သည် မြင့်မြတ်ယဉ်ကျေး ရာတွင် အထက်တန်းကျကြောင်း ထင်ရှားသည့် ပြယုဂ်များဖြစ်ကြ၏။

မျိုးမတူ ဓာတ်ခြားများ ဝင်လာမစဲ တသဲသဲရှိသည်ကို ကြင်နာစိတ် ခင်မင်စိတ်ဖြင့် ခွင့်ပြုကြ၊ အစားအစာကအစ ပေးကမ်းကြိုဆိုကြခြင်းမှာလည်း အလွန်မြင့်မြတ်ယဉ်ကျေးသော စိတ်နေစိတ်ထားရှိသည့် လူမျိုးမှသာ ပြုမူ နိုင်သည့် အပြုအမူဖြစ်သည်။

ထိုလူမျိုး၏ မြင့်မြတ်မှုနှင့် မထိုက်တန်သူများသည် ယုတ်မာကြ၏။ ကောက်ကျစ်ကြ၏။ ယာရှင်ကို မျောက်ချောင်း၊ အိမ်ရှင်ကို ဒွေ့မောင်းလာ ကြ၏။ မြန်မာတို့၏ မြင့်မြတ်သော နှလုံးဖြူသည် သူယုတ်မာများကြောင့် ညိုညစ်လာကြ၏။ ထိုမှတစ်ဆင့် မည်းနက်လာကြ၏။

မိုးနတ်ကုန်း ချစ်တီးအား ကိုရဲလောင်း ခြိမ်းခြောက်လိုက်သော စကားကို ကိုရဲလောင်းသည် အောက်အရပ်မှ ရခဲ့၏။ ကောက်ရိုးပုံပင်မချန်

သိမ်းယူသွားပြီးနောက် လူကိုပါထောင်ချသော ချစ်တီးအား သီးစားလယ်သမား မမုန်းပါ။ သို့သော် သူ ထောင်မှလွတ်လာချိန်၌ ဇနီးရော သမီးပါ ချစ်တီး၏ မယား ဖြစ်နေချေပြီ။ ထိုအခါတွင် ထောင်ထွက်သီးစားအတွက် ယုတ်မာမှုကို ယုတ်မာမှုဖြင့် တုံ့ပြန်ရန်သာရှိတော့၏။

သို့ရာတွင် ရက်စက်လွန်း ယုတ်မာလွန်းသော ထိုနည်းကို ကိုရဲလောင်း မပြောချင်ပါ။ "မင်း ငါ့ကို ဘာကောင်မှတ်လဲ။ ဝန်ကြီးချုပ်ဦးစောပိုင်သဲ့ သူရိယသတင်းစာက သတင်းထောက်။ အမှုကို ရုပ်သိမ်းရင် ရုပ်သိမ်း၊ မရုပ်သိမ်းရင် တစ်ပတ်အတွင်း မင့်ကို ပြည်နှင်ဒဏ် ခတ်လိမ့်မယ်လို့ ဖြီးသာ ပါကွာ" ဟု ပြီးစလွယ် ပြောချလိုက်လေ၏။

"အံ့သဗျာ။ ကျုပ်ဖြင့် ချစ်တီးက 'မိတ်သဟာယမပျက် ဆိုးတူ ကောင်းဖက် ဆက်လက်ဆက်ဆံကြပါစို့ဗျာ' တဲ့၊ ချစ်တီးက လာပြောသာ။ နောင်ကြီးမှာ ပီယဆေးပဲရှိသလား၊ အဟန့်ပဲရှိသလား"

မင်းပြေးရွာသား ကာယကံရှင်လယ်သမားက လက်ဖျားတခါခါဖြင့် ပြော၏။ တအံ့တသြ ချီးမွမ်း၏။

"အာစေးထည့်သဲ့ဂါထာ ရှိရမယ်ကွ"

ပေါက်ပြ၏အဖေက တစ်ထောင့်မှ လှမ်းအော်၏။

"ဘာမှမရှိဘူး။ ခင်ဗျားတို့ဘက်က မှန်ကန်လို့ ညီညွတ်လို့။ နောက် နောင်လည်း အခုလိုသာ ညီညွှတ်ပေစေ၊ မှန်ကန်ပေစေ။ အောင်မှာပဲ"

မည်သို့လျှင် ကိုရဲလောင်း လိုးလွဲစေကာမူ သူသည် နေ့ချင်းညချင်း လူစွမ်းကောင်း ဖြစ်လာ၏။ သူ၏ ထင်ရှားကျော်ကြားသော သတင်းသည် သွေးသောက်စု တိုက်နယ်ကိုကျော်ပြီး မိုးနတ်ကုန်း မလွန်အထိ ပြန့်လွင့်၏။

ထိုအခါ ယခင်က ဝတ်ကျေတန်းကျေသာ တုံ့ပြန်ခဲ့သော ချစ်ဖေတို့ လူသိုက်သည် ကိုရဲလောင်းထံ ချဉ်းကပ်လာ၏။ တို့ဗမာ လူငယ်အစည်းအရုံး မည်သို့ဖွဲ့ရမည်နည်း။

## ပုဂံစာအုပ်တိုက်

သို့ကြောင့် ကိုရဲလောင်းမှာ ဝမ်းသာအားရဖြစ်ကာ သခင်မိတ္တနှင့် ညှိနှိုင်းရ၏။ မြို့နယ်နှင့် ဆက်သွယ်ပုံများလမ်းညွှန်ရ၏။ တစ်လက်စတည်း အခြားရွာများပါ ပါလာအောင် အကြံပေးရ၏။

ရက်အနည်းငယ်အကြာ တစ်ခုသောအဖိတ်နေ့တွင် ကိုခင်မောင်တင့် ဝမ်းသာအားရ ရောက်လာကာ ထမင်းစားဖိတ်ပြန်၏။ ဘရှေကျိုင်းပါ ကြွပါ ဟူ၏။ ဘရှေကျိုင်း ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ ကိုရဲလောင်း အလွန် ဝမ်းသာ၏။ သူအလွန်သွားချင်နေသည့်နေရာ မဟုတ်တုံလော။

ခင်ခင်မြင့်၏ ချစ်စရာမျက်နှာကလေးသည် လန်းမြလန်းလျက်ရှိ၏။ ကျက်သရေဖြိုးတင့်မြဲ ဖြိုးတင့်လျက်ရှိ၏။ မကုန်ခန်းနိုင်သော အလှနှင့် မလျော့ပါးသော ကျက်သရေပါတကားဟု တွေးတောနေစဉ် မကြားချင် သည်ကို ကြားရ၏။

"ခင်ဗျားရဲ့ဆောင်ရွက်မှုအတွက် ကွန်ဂရက်ကျူလိတ်လုပ်ပါရစေဗျာ။ ဝမ်းလည်းသာ၊ အံ့လည်း အံ့သြသဗျာ"

"ဟုတ်ပါရဲ့ကွယ်။ သူတို့မောင်နှမ ချီးမွမ်းနေပုံများ နားကို ညည်းရော့"

ဒေါ်မြညွန့်၏အသံကို ကြားရချိန်တွင်ကား ကိုရဲလောင်း ဝမ်းသာ မိသည်။ သူချစ်သော မြင့်က သူ့ကို ချီးမွမ်းသည်ဆို မဟုတ်တုံ့သလော။ ဒေါ်မြညွန့်၏ တစ်ဆင့်ပြောဖြင့်ပင် သည်မျှဝမ်းသာလျှင် ကာယကံရှင်ကိုယ်တိုင် မျက်လုံးဝိုင်းဝိုင်း ကြည်ကြည်ကလေးဖြင့် ပြောလာမူ ကိုရဲလောင်းမှာ မိုးကိုပင် ဒူးဖြင့် တိုက်မိပေလိမ့်မည်။ သို့သော် မိုးကို ဒူးဖြင့် မတိုက်နိုင်ပါ။ ခင်ခင်မြင့်က ခပ်လှမ်းလှမ်းမှ မျက်လုံးဝိုင်းဝိုင်း ကြည်ကြည်ကလေးဖြင့် ချစ်စဖွယ် လှမ်းကြည့်ပြီးနောက် ပျောက်ကွယ်သွားသောကြောင့် ဖြစ်သည်။

"လယ်သမား၊ ယာသမားတွေ ဆင်းရဲပင်ပန်းတာကို မျက်စိနဲ့မြင်ရ တော့မှ ဆင်းရဲပင်ပန်းတယ်ဆိုသဲ့ စကားထက် ပိုပြီး ပြည့်စုံတဲ့စကားကို

ကျွန်တော် ရှာမိသဗျာ။ အဲဒါလောက် ပင်ပန်းဆင်းရဲတဲ့လူတွေကို ချွေးတစ်ပေါက်မှ မကျတဲ့လူတွေက အချိန်တန်ရင် တင်းတောင်းကြီးနဲ့လာပြီ"

"တင်းတောင်းက ၁၆ ပြည်ဝင် မဟုတ်ဘူးမောင်ရေ့။ ၁၉ ပြည်၊ ပြည် ၂၀ တောင်းကြီးတွေ" ဟု ဘရွှေကျိုင်းက ထောက်သည်။

"လယ်သမား၊ ယာသမားကို ကြည့်ပါဦး။ နေပူထဲမှာ နေရဖန်များတော့ စဥ့်အိုးနှစ်လုံးကြားမှာ ဝင်ထိုင်နေရင် ဘယ်ဟာစဥ့်အိုး ဘယ်ဟာလယ်သမား ခွဲခြားမရဘူး။ အဲဒါလောက် အသားအရေ မွဲခြောက်တာ။ ဒီလိုသာ အပင်ပန်း အဆင်းရဲခံရတယ်။ ခများများမှာ စားတော့ရေလုံပြုတ်၊ ဝတ်တော့ အနုပ်စုတ်ကုပ်စုတ်၊ နေရတော့ ကြွက်သိုက်၊ ဝက်သိုက်။ အဲဒါကိုတောင် ကိုယ်ချင်းမစာဘူးဗျာ။ စပါးကလေး တစ်တင်းလျော့ရင် ဇရာမရာဇဝတ်မှုကြီး ကျနေတာပဲ။ တရားစွဲပြီ၊ သီးစား ဆက်မချတော့ဘူး။ ဒီမှာလည်း ပေးစရာ တစ်စေ့မှ မကျန်တော့ဘူး။ ရှေ့လျှောက် ဘာသွားစားမလဲ။ ဒီလို လယ်သမားတွေအတွက် ခင်ဗျား ဝင်လုပ်ပေးတာ ကျေးဇူးတင်လွန်းလို့ပါ"

"သည်လိုဖြစ်ရသာဟာ ကျွန်တော်တို့တိုင်းပြည် ကျွန်ဖြစ်လို့ပဲဗျာ။ ကျွန်တော်တို့တိုင်းပြည်ကို လုယက်အုပ်ချုပ် မင်းလုပ်နေသူက မြန်မာတွေ ဆင်းရဲတွင်း နက်သထက်နက်ပြီး တရုတ်ကုလားရဲ့ ဆေးပေးမီးယူ သပေါက်ဘဝရောက်အောင် တမင်လုပ်နေတာ"

"ကွာ၊ လယ်သမား ဆင်းရဲပုံများတော့ ငါကိုယ်တိုင် လယ်လုပ်ဖူးလို့ သိသာပါမောင်တို့ရာ"

ဘရွှေကျိုင်းက ဝင်ပြောခြင်း ဖြစ်သည်။

"ငါ ပင်ပင်ပန်းပန်း လယ်လုပ်သာမြင်တော့မှ အမေက ပြောသကွ။ ငါတို့မှာ အကြီးကောင်ကို ခါးထစ်ခွင်ပြီး ကွင်းထဲမှာ လင်မယားနှစ်ယောက်တည်း နေခဲ့ပါသယ်ဟယ်၊ သာလောက် မပင်ပန်းပါဘူးတဲ့။

ဟုတ်သာပေါ့၊ အမေတို့မှာက ထွန်ယက်ဖို့၊ စိုက်ဖို့၊ အချိန်တန်ရင် ရိတ်ဖို့"

"အောက်အရပ်မှာ မဟုတ်လား ဘ"

"ဟုတ်ပ့ါ ဆရာလေးရာ။ သည်အရပ်က လယ်သမားမတော့ လယ်ထဲကို ရေဝင်အောင် လုပ်ရသာကလေး တစ်ခုတည်းနဲ့ သီးစားခ သုံးပုံတစ်ပုံ တန်နေပြီ။ ထွန်ယက်သာက သုံးပုံတစ်ပုံ၊ ရိတ်သိမ်း နယ်လှေ့သာက သုံးပုံ တစ်ပုံ။ မြေရှင်ကို တစ်စေ့မှ ပေးဖို့မကောင်းပေမယ့် သုံးပုံနှစ်ပုံ ပေးရသယ်။ တချို့များကျတော့ ထက်ဝက်စား။ သုံးပုံနှစ်ပုံနဲ့စာရင် တော်ပါသေးရဲ့"

"ယာသမားကျတော့ကော ဘ"

"ယာသမားက ပိုဆိုးသာပေါ့ မောင်ရာ။ မိုးကြီးခေါင်မှဖြင့် ထိုင်ပြီး ငိုဖို့ပဲရှိသယ်။ သာလောက်ကျယ်သဲ့ ယာခင်းကြီးကို ဘယ်ကရေကို ခပ်ပြီး လောင်းမတုန်း။ လယ်သမားမတော့ ချောင်းရေလာရင် မျှော်လင့်ချက်ကလေး ရှိသေးရဲ့။ မင်းပြေးတို့ ဆပ်ပကျင်းတို့များမတော့ 'ဆင်းရဲသားဆည်' ရှိနေလို့ တော်သေးရဲ့။ သို့သော်လည်း လယ်ထဲကို ရေသွင်းရင်း မိုးချုပ်နေပူ ညဥ့်နက် သန်းခေါင်မရှောင် သွားရသာပဲ။ တစ်နှစ်တစ်နှစ် ပိုးထိလို့သေသဲ့ လယ်သမား ထဲမှာ ကောက်ရိတ်ရင်း သေသူနဲ့ ရေယူရင်း သေသူဟာ ဆတူ ရှိလိမ့်မယ်"

ဒေါ်မြညွန့်နှင့် ခင်ခင်မြင့်တို့မှာ လယ်သမား၊ ယာသမားတွေ ဆင်းရဲသည် ဟုသာ ကြားဖူးကြ၏။ နေထိုင်စားသောက်ရေး ချို့တဲ့သည်ကို ဆင်းရဲသည် ခေါ်သလော၊ နေပူစပ်ခါးမရှောင် မြွေပါးကင်းပါးမရှောင် သွားလာလုပ်ကိုင် ရသည်ကို ဆင်းရဲသည်ခေါ်သလော မစဉ်းစားခဲ့မိကြချေ။ ယခု သုံးပွင့်ဆိုင် ပြောသံကြားရမှ မိမိတို့ စားမည့်ထမင်းကို မျိုမကျအောင်ရှိတော့သည်။

"အသက်တစ်ချောင်းရှင်ရေး၊ ထမင်းတစ်လုတ် စားရရေးကလည်း ပင်ပန်းလှပါကလားရှင်"

ဒေါ်မြညွန့်သည် ဘရွှေကျိုင်းအား လှမ်းပြော၏။

"အမေရေ့၊သည်ရွာမှာက ဆန်ထမင်းမစားနိုင်ရင် ပြောင်းထမင်းတော့

စားနိုင်ကြသေးသဗျ။မလွန်တိုက်နယ်ဘက်ကိုကျွန်တော် တစ်ခါရောက်သွားတုန်းကများ"

"လူးတို့၊ ဆတ်တို့က ပြောင်းထက် ကြမ်းတယ် ကြားဖူးတာ ဟုတ်သလား အစ်ကို"

ကိုခင်မောင်တင့် သူ့အမေအား ရှင်းပြသဖြင့် ခင်ခင်မြင့်က ဝင်မေးခြင်း ဖြစ်သည်။

"ဟုတ်တယ်၊ ကြမ်းတယ်။ တို့ပါးစပ်နဲ့ မျိုမကျအောင် ကြမ်းတယ်။ အေး အဲဒီအကြမ်းကိုတောင် စားစရာမရှိလို့ နဘတ်ခဲ (နှမ်းဖတ်ခဲ) ကို ထောင်းပြီး ချက်စားကြရတယ်"

ဒေါ်မြညွန့်သားအမိမှာ "ဟင်" ခနဲ အော်ကာ ကိုခင်မောင်တင့်အား ငေးကြည့်နေကြလေ၏။

"ရှိသယ် ရှိသယ်။ သာ့ထက်ဆိုးသဲ့ရွာတွေ အတွင်းပိုင်းမှာ ရှိသေး"

ဘရွှေကျိုင်းက ဝင်ပြောခြင်း ဖြစ်သည်။

"တွင်းကြမ်း၊မင်းကုန်း၊ပျားကြီးစုဘက်များ တစ်ခါတစ်ခါ မိုးကလည်းခေါင်၊ ပိုးကလည်း ဖျက်ရင် လက်သပ်ကိုယ်ကျွတ်ပဲ။ စားစရာဝေးလို့ မျိုးတောင်မရသဲ့အတွက် ပျားရည်တို့ လွန်ဆန်တို့ရှာပြီး သည်ဘက်ကမျိုးနဲ့ လဲကြရသယ်လေ"

ကိုရဲလောင်းမှာ မေးကြောကြီးတွေ ထောင်လာရာက "သူတို့ အသက်မသေအောင် ဘာစားကြသတုန်း ဘဒွေး"ဟု အလောတကြီးမေး၏။

"စားကောင်းသဲ့ဥတွေ ဖော်ပြီး စားကြသာပေါ့ကွာ။ သို့သော် ကန်စွန်းဥလို၊ ပိန်းဥလို၊ မျောက်ဥလို လွယ်လင့်တကူ စားလို့ရသာမျိုး မဟုတ်ဘူးကွ။ ဥပမာ ကြွေးဥ"

"ကျွန်မလည်း ကြားဖူးပါတယ်"

"ကျွန်တော်လည်း ကြားရုံပဲ ကြားဖူးပါတယ်အဘ။ သိပါရစေ"

ဒေါ်မြညွန့် ပြောအပြီးတွင် ကိုခင်မောင်တင့်ကလည်း ဗဟုသုတ ရှာမှီး စုဆောင်းသူပီပီ တောင်းပန်စကားဆို၏။

"ကိုယ့်ဘုရင်နဲ့ ကိုယ့်မင်းကိုယ့်ချင်းဘ၀တုန်းကတော့ ဘယ် သည်လို ဟုတ်မတုန်း ဆရာလေးရာ။ ဒုဗ္ဘိက္ခန္တရကပ် ဆိုက်သယ်ကြားရင် ဘုရင် မင်းမြတ်ရဲ့ တိုက်တော်က ငွေတော်တွေ ထုတ်ပေးပြီး အဝေး၀န်တွေကို လွှတ်သာကလား။ အဝေး၀န်က ဘုရင့်ငွေတော်နဲ့ ရိက္ခာတွေ ၀ယ်ယူစုဆောင်း ပြီး ငတ်သယ်ကြားသဲ့အရပ် အရောက်သွား ဝေငှသာ။ အခုများတော့"

ဘဒ္ဒေကျိုင်းသည် အဖေပြောဖူးသည့် ရွှေနန်းတော်ကြီးကို စိတ်မျက်စိ ဖြင့် မျှော်ကြည့်၏။ မောင်းမမိဿံ၊ မှူးကြီးမတ်ကြီး၊ သေနာပတိ စုံညီ အလယ်တွင် တင့်တယ်စွာ စံစားနေသော သာသနာ့ဒါယကာ ဘုရင်မင်းမြတ် အား အာရုံခံစား၏။

"အခုများတော့ သည်ဆန်ကလေးဟာ နက်ဖြန်တစ်နပ်စာပဲ ရှိပါ သယ်။ သာကလေးတော့ ချမ်းသာပေးပါ ပုလိပ်တော်မင်းရယ် တောင်းပန် သာတောင် မရသဲ့ သူခိုးဓားပြ လူယုတ်မာ အစိုးရလက်ထက်မှာ မြန်မာတွေ သေလေလေ ကြိုက်လေလေပေါ့ကွယ်"

"ဟုတ်ကဲ့ ဘဒွေး။ ကြွေးဥအကြောင်း ဆက်ပါဦး"

ကိုရဲလောင်းကလည်း ကြွေးဥအကြောင်း သိချင်သည်။

"အလွန်ရေကုန် ထင်းကုန်သဲ့ဟာပါကွာ။ ဥကတော့ ထွားထွား ကျိုင်းကျိုင်း မျောက်ဥလိုပါပဲကွယ်။ ဖုတွေ ထစ်တွေ အမွေးတွေနဲ့။ အဲသာကို အခွံသင်ပြီး ပါးပါးလှီး နုတ်နုတ်စဉ်းပြီး ဖျင်အိတ်ထဲထည့်၊ ရေထဲမှာ တစ်နေ ကုန်စိမ်၊ လူအားနဲ့တက်နင်း။ အဆိပ်တွေ ကုန်အောင်ပေါ့လေ"

"အဆိပ် ဟုတ်လား ဘ"

ခင်ခင်မြင့်၏ အော်သံဖြစ်သည်။ "ဖြစ်ရလေ အဘရယ်"ဟူ၍လည်း ကွဲအက်သံကလေးဖြင့် ညည်းတွားသည်။

**ပဂံစာအုပ်တိုက်**

"ရေထဲနှစ်လိုက်၊ ချည်စာနင်းသလို နင်းလိုက် လုပ်လိုက်သာဟာ ညောင်းတော့မှ ရေစိမ်ပြီး ထားပစ်ခဲ့ရပြန်ရော။ အဲသလို သုံးရက်လုပ်ပြီးမှ ပေါင်းချောင်ထဲ ထည့်ပေါင်းရသာကလား"

"အရသာ ဘယ်လိုရှိတုန်း ဘဒွေးခင်ဗျာ့"

"အရည်ကုန်စင်အောင် ညှစ်ထားသဲ့ 'အုန်းဖွဲ' ကမှ အရသာ ရှိပါလိမ့်မယ်ကွာ၊ ကြွေးဥပေါင်းကဖြင့် ဘာအရသာမှ မရှိပါဘူး"

"ဒီလိုဆို အာဟာရဓာတ် ရှိပါ့မလားအဘ။ အထပ်ထပ်ရေဆေးပြီးမှ ပေါင်းထားတာ မဟုတ်လား"

ဘရွှေကျိုင်း ခေါင်းညိတ်ပြသည်။

"အူထဲမှာ အစာရှိရင် ပြီးစတမ်းကိုး ဆရာလေးရ။ အဲသည်လို ဘာအရသာမှ မရှိသဲ့ဟာတောင် အဆင်မသင့်သဲ့အခါ အနင်းမနှာ၊ ရေဆေးမနှာလို့ အဆိပ်သင့်ပြီး သေကြရသေးသ မောင့်"

ဟင်းခနဲ သက်ပြင်းချသံ ပေါ်လာပြီးနောက် "တခြား စားစရာမရှိတော့ ဖူးလားရှင်" ဟု ဒေါ်မြညွန့်မေးသည်။

"ကျုပ်နှမစိတ်ထဲမှာ မြင်ယောင်ပြီး ကြည့်လိုက်ပေါ့။ ပထမနှစ်မှာ အရိုးပြိုင်းပြိုင်းနဲ့ သစ်ပင်တွေ။ အဲသည်နှစ်မှာ အလေ့ကျပေါက်သဲ့ ပိန်းတွေ၊ မျောက်တွေကို ရှာဖွေပြီး ပြုတ်စားကြသယ်။ အုန်မှုန်းဥတွေ ဖော်စားကြသယ်"

"ဘဒွေးခင်ဗျာ့၊ အုန်မှုန်းဆိုသာ ဆေးရိုးစဉ်းလို့ရသဲ့ အပင်လား ခင်ဗျာ့"

ကိုရဲလောင်းက လက်ဝါးကာလျက် ဖြတ်မေးခြင်းဖြစ်သည်။

"ဟုတ်သာပေါ့မောင်ရာ။ ပင်ခြေကိုသွားကြည့်လို့ ပက်ကြားအက်တွေ့ရင် မြေကြီးကို ထုကြည့်ရသတဲ့။ အွတ်အွတ်မြည်ရင် ဖော်ပေရော့။ အုန်မှုန်းဥ တွေ့သတဲ့"

"ဒါလည်း အဆိပ်နဲ့ပဲလား အဘ"

**ပဂံစာအုပ်တိုက်**

"အုန်မှုန်းက အဆိပ်မရှိဘူး။ အဲသာနဲ့ ပထမနှစ်ကုန်သွားရော။ မိုးက ခေါင်မြဲခေါင်နေတော့၊ ပိန်းတို့ မျောက်တို့ မပေါက်တော့ဘူး။ အုန်မှုန်းလည်း မဥတော့ဘူး။ ဘာများ စားလို့ရမတုန်းကြည့်ကြတော့ ပေပင်ကြီးတွေ။ အဲ အဲသာတွေလှဲပြီး ပေဦးနှောက်ကို ထုတ်စားကြပြန်ပါရော"

"ပေဦးနှောက် သမီး မသိလို့"

ခင်ခင်မြင့်က အားလုံး၏နောက် ခပ်ကွာကွာတွင် ထိုင်နေရာမှ မရဲတရဲ လှမ်းမေးသည်။

"ပေပင်ရဲ့ထိပ်မှာ အလက်တွေဝေနေသကွယ်။ အဲသည် အလက်တွေရဲ့ အောက်က ပင်စည်အတွင်းသားပါပဲ။ ချိုသလိုလို မွှေးသလိုလို ရှိသကွယ်။ အဲသာနဲ့ တတိယနှစ်မှာလည်း မိုးက ဆက်ပြီး ခေါင်ပြန်ပါလေရော။ ရှာနီး ချုပ်စပ်မှာရော မလှမ်းမကမ်းမှာပါ စားကောင်းသဲ့အပင် ဘာပင်မှမရှိတော့ဘူး။ ကိုင်း၊ ဘယ့်နယ်လုပ်မတုန်း။ ဝမ်းဗိုက်က အစာမရှိရင် မနေနိုင်ဘူး"

ဒေါ်မြညွန့်အား ဦးတည်ပြောသဖြင့် ဒေါ်မြညွန့် ခေါင်းညိတ်ပြရ၏။

"စားကောင်းသာ ရှာမရသဲ့အဆုံးမှာ မစားကောင်းသာထဲက အလွယ် တကူနဲ့ ပေါပေါများများ ရနိုင်သဲ့ဥစ္စာ ဘာရှိသတုန်း၊ ကြွေးဥပေါ့။ အဆိပ်ဥမို့ ပေါသယ်။ အလွယ်တကူလည်းရသယ်။ အဲသာကြောင့် ဝမ်းပြည့်ရင် ပြီးရော ဆိုပြီး အဆိပ်ဥကို အဆိပ်မရှိအောင် လုပ်စားကြရတော့သာပါပဲ"

ဟင်းချသံများ ပေါ်လာပြန်သည်တွင် ဒေါ်မြညွန့်က "စကားပြောရ တာလည်းကောင်းပါရဲ့။ထမင်းစားဖို့များ မေ့နေကြပြီလား" ဟု ပြုံးပြီးပြော၏။

"အလုပ်သာ မေ့ကောင်းမေ့မယ်၊ အစားတော့ မမေ့ပါဘူးဗျာ"

ဘရွှေကျိုင်း ရယ်မောတုံ့ပြန်နေဆဲဝယ် ကိုခင်မောင်တင့် မောင်နှမက ထမင်းစား စားပွဲကို မ ချီလာသည်။

"သာဓုဗျာ သာဓု။ နောက်နောင်လည်း အခုလိုပဲ ကျွေးနိုင်ပါစေဗျာ"

ဘရွှေကျိုင်းသည် လက်ဆေးပြီးလျှင် ထမင်းကို စတင်နှိုက်တော့သည်။

•

**ပုဂံစာအုပ်တိုက်**

နှိုက်သည်ဆိုရာ၌ ထမင်းပန်းကန်ထဲရှိ ထမင်းကိုသာ တစ်လုတ်ပြီးတစ်လုတ် စားနေခြင်းသာဖြစ်သည်။ သို့အတွက် ဟင်းပန်းကန်ကို ဘရွေကျိုင်း နှိုက်သည်အထိ ကျန်လူများ မစောင့်နိုင်ကြ။ သို့အတွက် ဟင်းချို သောက်လိုသူက ဟင်းချို၊ အသုပ်နှိုက်လိုသူက အသုပ်၊ ဝက်သားဟင်း နှိုက်လိုသူက ဝက်သားတစ်ဖတ် စသည်ဖြင့် ဦးချကာ ထည့်ပေးကြ၏။

ထမင်း စတင်စားစတွင်သာ တိတ်ဆိတ်သွားငြား လေးငါးခြောက် လုတ်မျှ ခွဲ့အပြီးတွင်ကား ကိုခင်မောင်တင့်ထံမှ အသံထွက်လာ၏။

"ခင်ဗျား့ညီချစ်ဖေက ဂဠုန်ဦးစောအကြောင်း လာမေးနေတယ် ကိုရဲလောင်း"

"တယ်ခက်သဲ့ကောင်ပဲ။ သည်ကောင်ဟာ မုန့်ပျစ်စလက်တစ်ချပ်မှာ ပဲစေ့ ဘယ်ဘက်မှာရှိသတုန်း စုံစမ်းနေသာဗျာ့"

"ဗျာ....ဘယ်လို" ဆိုကာ ကိုခင်မောင်တင့်မှာ ထမင်းလုတ်တန်းလန်း ဖြစ်သွားလေ၏။ ကျန်လူများလည်း ကိုရဲလောင်းထံ အာရုံစိုက်နေကြ၏။

"ဂဠုန်ဦးစောက ဦးပုအစိုးရအဖွဲ့မှာ အဖွဲ့ဝင်ဝန်ကြီးချုပ်ဗျာ့။ သူက သူရိယသတင်းစာရဲ့ အကြီးဆုံးရှယ်ယာဟိုလ်ဒါဖြစ်အောင် ကြိုးစားနေသလို ပါလီမန် အမတ်တွေကိုလည်း ငွေပေးဝယ်ပြီး သူ့ဘက်သားဖြစ်အောင် လုပ်နေသလေ။ တစ်ဖက်မှာလည်း ရဲတပ်၊ ဗမာ့လက်ရုံးတပ်ကို တုပသဲ့ ဂဠုန် တော်လံတီယာ တပ်ဖွဲ့ဖို့ အစပျိုးနေသဗျ"

"ဟုတ်ကဲ့၊ ဒီတော့ မုန့်ပျားသလက်နဲ့ ဆက်စမ်းပါဦး"

ကိုခင်မောင်တင့်က အငုပ်ကို ဖော်ပေးသည်။

"သည်တော့ အာဏာရှိသဲ့ ဝန်ကြီးချုပ်ရဲ့ ဂဠုန်တပ် ဖွဲ့ချင်လို့နေမှာ ပေါ့ဗျာ။ နန်းရင်းဝန်ဟောင်း ဒေါက်တာဗမော်ရဲ့ ဓားမတပ်မှာ ဗိုလ်လုပ်ခဲ့သဲ့ အရသာကို သိနေမှကိုး"

"အဘရဲ့သား မောင်ကောင်းစံသာသိရင် စိတ်မကောင်းဖြစ်မှာ။ သူက

ဆွေမျိုးသားချင်းတွေ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး ရှိစေချင်တာ"

ဘရွှေကျိုင်းသည် ခေါင်းညိတ်ရင်း တစ်စုံတစ်ရာပြောရန် သင့်မသင့် စဉ်းစားနေဟန်ရှိသည်။ သို့သော် ကိုရဲလောင်းမူ စဉ်းစားမနေ၊ ချိန်ဆမနေ။ ကျောဘက်သို့ တစ်ချက်လှည့်ကြည့်ပြီး ပြောသည်။

"အမှန်ကတော့ ဆရာကလေးရေ့.... ချစ်ဖေဟာ အမေကြီး ဒေါ်မင်းဆော်ရဲ့ ညီမရဲ့သားကမွေးသာမို့ ကျွန်တော်တို့နဲ့ ညီအစ်ကိုနစ်ဝမ်းကွဲ တော်သာပါ။ သွေးသောက်ကြီး ဦးမိုးကောင်းရဲ့ သွေးမှ မဟုတ်သာ။ ကျွန်တော်တို့စိတ်မျိုး ရှိချင်မှရှိမှာပေါ့"

"သလိုမပြောပါနဲ့ကွယ်"

ဘရွှေကျိုင်းက စိတ်မချမ်းသာသံဖြင့် သတိပေးသည်။

"ဩော် ဘဒွေးရယ်။ သူ့ရှေ့မှာ ဘယ်ပြောပါ့မတုန်း။ စိမ်းမသွားအောင် သွေးကွဲမသွားအောင် ကြိုးစားရ ပြောရဆိုရသာပေါ့"

ဘရွှေကျိုင်းသည် ထမင်းစား၍ ဦးစွာပြီးစီးသွားသဖြင့် သာစု အနှ မောဒနာပြုသည်။ အဖီချထားသည့် မျက်နှာစာတွင် ပြင်ဆင်ထားသော လက်ဖက်ရည်ကြမ်းဝိုင်းသို့ ရွှေ့ထိုင်သည်။ ကျယ်ဝန်းပြန့်ပြူးသော ကျောင်း ဝိုင်းအတွင်း ရှခင်းကို ငေးမောနေသည်။

စပယ်ချုံကလေးတွေ၊ နှင်းဆီပင်တွေ၊ ရွက်လှပင်တွေ နေရာတကျ ရှိသည်။ ရေလောင်းပေါင်းသင် မြေစာကျွေးထားသဖြင့် စည်ကားသည်။ သနပ်ခါးပင်များမှာ လူ့ပခုံးခန့် မြင့်ပြီးဖြစ်ငြား၊ သီးပင်နှင့် မကွဲပြားသေး။

ကျောင်းဝိုင်းအတွင်းသို့ လူတစ်ယောက် ဝင်လာသည်။ သူသည် ထမင်းဝိုင်းဘက်သို့မသွားဘဲ ဘရွှေကျိုင်းထံ တန်းတန်းမတ်မတ်လာသည်။ ကိုခင်မောင်တင့်က ထမင်းစားသွားရန် လှမ်းခေါ်သော်လည်း မသွား။ အလိုက်သင့် ပြန်ပြောပြီး ဘရွှေကျိုင်းထံ ချဉ်းကပ်သွားသည်။ ထို့နောက် ပြန်လည်ထွက်ခွာသွားလေသည်။

**ပုဂံစာအုပ်တိုက်**

လက်ဖက်ရည်ကြမ်းဝိုင်းသို့ ကိုရဲလောင်း ရောက်လာချိန်ဝယ် သူ့ဘဒွေး၏မျက်နှာ၌ စိုးရိမ်ကြောင့်ကြရိပ်ကို မြင်ရသည်။

"ဘယ်သူတုန်း ဘဒွေးခင်ဗျာ့။ ဘာများ ပြောသွားပါလိမ့်"

"အပြန်ကျ ပြောမှာပေါ့ကွယ်။ အိမ်ရှင်ကျေနပ်အောင် သောက်လိုက်ပါဦး၊ စားလိုက်ပါဦး"

ပြောပြောဆိုဆို လက်ဖက်အုပ်ကို တိုးပေး၏။ ကိုရဲလောင်းကား မြေပဲ၊ နှမ်း၊ ကြက်သွန်ကြော် တစ်ကန့်စီပါဝင်သည့် လက်ဖက်ကိုမစား။ ဇွန်းတပ်ထားသည့် ချင်းသုပ်ကိုသာ ပါးလုတ်ပါးလောင်းဖြစ်အောင် ကော်စားသည်။

ဒေါ်မြညွှန့်သားအမိ အကြမ်းဝိုင်းသို့ရောက်သည်။

"ရေကို ကျိုချက်သောက်ကြဖို့၊ အိမ်သာထားကြဖို့ တရားဟောသာ မအောင်မြင်ဘူးဗျာ၊ ကူညီပါဦး"

ထိုင်မိလျှင် ထိုင်မိချင်း ကိုခင်မောင်တင့်က စကားစသည်။

"ဟုတ်သယ်ဗျာ။ အဲသည် နှစ်ချက်သာအောင်မြင်ရင် ဝမ်းရောဂါအများကြီး လျော့ပါးသွားနိုင်သဗျာ့"

သည်အချက်တွင်လည်း ကိုရဲလောင်း အာရုံရှိသည်။ သို့ဖြစ်လျှင် အတော်နှင့် ထဖြစ်ဖွယ်မရှိဟု ဘရွှေကျိုင်းသိသဖြင့် နှုတ်ဆက်စကားဆိုရင်း ထသည်။ အနုမောဒနာ ထပ်မံပြုရင်း တံစက်မြိတ်အောက်မှထွက်သည်။

"အဘကိုပို့ပြီးရင် ကိုရဲလောင်း ပြန်ခဲ့ဦးဗျာ"

ကိုခင်မောင်တင့်သည် ကျောင်းဝိုင်းတံခါးဝအထိ လိုက်လာပြီးမှ ကျန်ခဲ့သည်။

"ဟော့ လူလေး၊ ရန်ကုန်မှာ ဘာတွေလုပ်ခဲ့သတုန်း"

"ပုလိပ်ကို အရက်မူးအောင်တိုက်ပြီး ခြောက်လုံးပြူး ခိုးလာခဲ့သယ် ခင်ဗျာ့"

ကိုခင်မောင်တင့်နှင့် ဝေးလျှင်ဝေးချင်း ဘရွှေကျိုင်းက ဘေးဘိ

အကဲခတ်ပြီးမေးသည်တွင် ကိုရဲလောင်း မဆိုင်းမတွ ဝန်ခံသည်။

"နေပါဦး၊ မင့်နာမည်က ရန်ကုန်မှာ သည်နာမည် ဟုတ်ရဲ့လား"

"ရန်ကြီးအောင်ပါ ဘဒွေးခင်ဗျာ့"

ဘရွှေကျိုင်း ခပ်ညင်းညင်းရယ်မောရင်း "ငါ့သားက လည်သလောက် ရုပ်သာပါကလား" ဆို၏။

"သတင်းထောက်ဆိုသာ အဲသလောက်တော့ လည်ရသာပဲဘဒွေးရ။ ဒါပေမယ့် ရုပ်တော့မရုပ်ပါဘူး။ ဘာကြောင့်တုန်းဆိုတော့ ဘဒွေးရဲ့သား ဘယ်သူ့မှမလိမ်ဘူး။ လောင်းကစား၊ ဖဲ၊ ဖာ၊ မြင်း ရှောင်သယ် ဘဒွေးခင်ဗျာ့"

"အေး ခုနတုန်းက ထွန်းပြည့် ငါ့ကိုလာပြောသွားသာက မင်းလှ ပုလိပ်က မိုးနတ်ကုန်း ပုလိပ်ဆီမှာ စုံစမ်းသတဲ့။ သွေးသောက်စုရွာမှာ ရောက်နေသဲ့ ညှဲ့သည်ဟာ သတင်းထောက်လား၊ သခင်လားတဲ့။ သူက သူကြီးအိမ်မှာ အဝင်အထွက်ရှိလို့ သိလာခဲ့သာ"

"သလိုဆိုရင် ကျွန်တော် သွားမှဖြစ်မယ် ဘဒွေးခင်ဗျာ့"

"ဘယ်ကိုသွားမတုန်း၊ သည်ရွာမှာ မလုံခြုံဖူးလားကွာ"

"ရွာကလည်း ကျဉ်း၊ နယ်ကလည်းသေးသဲ့အတွက် ညှဲ့သည်ဟာ ထင်းခနဲနေသယ်ခင်ဗျာ့။ အလုံခြုံဆုံးကတော့ လူတွေများသဲ့ ရန်ကုန်ပါပဲ"

ဘရွှေကျိုင်းမှာ "ဟင်" ခနဲ ဖြစ်သွားရာက "ရန်ကုန်မှာလုပ်ခဲ့ပြီး ရန်ကုန်ကို ပြန်သွားရမယ်လို့ လူကလေးရာ" ဟု အံ့ဩသံဖြင့်ဆို၏။

"ရန်ကုန်ကို ရုတ်တရက် သွားဖြစ်ဦးမယ် မထင်ဘူးခင်ဗျာ့။ ဒွေးလေး အိုးရဲ့သားနဲ့လည်း တွေ့ချင်သေးသယ် ဘဒွေးခင်ဗျာ့။ အဲသာကြောင့် ရေနံချောင်းကိုသွားမယ်။ မဖြစ်နိုင်လွန်းမှသာ ခရီးတစ်ဝက်က ရန်ကုန်ကို လှည့်ပြန်မှာပါ ဘဒွေးခင်ဗျာ့"

"ရန်ကုန်ရောက်ရင် မင့်ညီလည်း သွားတွေ့လိုက်ပါဦးကွယ်။ ဒါထက် ပိုက်ဆံကောပါရဲ့လား"

## ပုဂံစာအုပ်တိုက်

"တစ်ဆယ်ရှိပါသယ်ခင်ဗျာ့"

"နေပါဦး၊ ခြောက်လုံးပြူးက ဘာလုပ်ဖို့တုန်း"

"အဓိက ကတော့ မိမိကိုယ်ကို ကာကွယ်ဖို့ပါ။ ဒါပေမယ့် တို့ဗမာသခင်တွေမှာ လိုအပ်ရင်လည်း ပေးဖို့ပါဘဒွေးခင်ဗျာ့"

သူတို့သည် တဘက်တစ်ထည် ခေါင်းတင်လျက် အိမ်အောက်တွင် ထိုင်နေသော ဒေါ်ရှီးကိုလှမ်းမြင်ကြ၏။ အလည်အပတ် ရောက်နေခြင်း မဟုတ်။ သူ့အနားသို့ ကိုရဲလောင်း ရောက်လျှင်ရောက်ချင်း အကျီလက်ကို လှမ်းဆွဲသည်။ အသံအုပ်ပြီး ပြောလိုက်သည်။

"လူကလေး၊ မင်းကို ပုလိပ်မေးနေသတဲ့။ ဆယ်အိမ်ခေါင်းထွန်းဝက ငါ့လာပြောသွားသယ်"

"ပုလိပ်ဆိုသာ သလိုပါပဲ ဒွေးလေးရှီးရာ။ ဟိုမေးသည်စမ်းပါပဲ"

ရှီးသားသော တောသူအမယ်ကြီး စိတ်မပူပန်စေရန် အရေးမကြီးလေဟန် ပြောလိုက်ရငြား သူ့အမှုမှာ အပူတပြင်း ဖြစ်နေပြီဟု ကိုရဲလောင်း နားလည်သည်။ သို့အတွက် သူဝယ်ထားသော ထန်းခေါက်ဖာကို ကွပ်ပျစ်အောက်မှထုတ်ပြီး သူ၏ ပါရင်းစွဲ သားရေသေတ္တာကိုထည့်သည်။ အလောတော်ပင်ဖြစ်သည်။

ဘရွှေကျိုင်းလည်း အိမ်ပေါ်သို့ တက်သွားရာက ပြန်ဆင်းလာပြီး သူ့အစ်မဘေးတွင်ဝင်ထိုင်သည်။

"ဘယ်အချိန်ထွက်မတုန်း လူကလေး"

"အခုပဲ ထွက်ပါမယ် ဘဒွေးခင်ဗျာ့။ မြစ်ဆိပ်အထိ အဖော်လည်း ရအောင် လှည်းတစ်စီးတော့ ခေါ်သွားမယ်ခင်ဗျာ့"

တစ်ခဏအတွင်းမှာပင် ကိုရဲလောင်း၏ ထန်းခေါက်ဖာမှာ နှာဖားကြိုးဖြင့် စည်းပြီးနှောင်ပြီး ဖြစ်သွားလေ၏။

"ဆင်ပေါင်ဝဲမှာ ပွဲစားဦးတောက်ထိန် ရှိသယ်။ ဘဒွေးရဲ့နာမည်

ပြောပြီး တည်းနိုင်သယ် လူကလေး။ ရော့ ရော့ ဘဒွေးမှာ လောလောဆယ် ငွေတစ်ရာရှိသဲ့အထဲက ငါးဆယ်ယူသွား"

ငွေစက္ကူအချို့နှင့် ကျပ်သုံးဒင်္ဂါးအချို့ ဖျာပေါ်သို့ရောက်လာသည်။ ထိုအခါတွင်မှ ဒေါ်ရိုးလည်း ကွပ်ပျစ်ပေါ်မှ လျှောဆင်းကာ "လူကလေး မသွားနဲ့ဦးနော်။ ဒွေးလေး လှည်းကောက်ချေဦးမယ်" ပြောပြီး ဖတ်သီ ဖတ်သီနှင့် ထွက်သွားလေ၏။

ကိုရဲလောင်းသည် ကျပ်ပြားများကို ဖာထဲသို့ထည့်ပြီး ငွေစက္ကူ များကို ရှပ်အင်္ကျီထဲသို့ထည့်သည်။ "ကျွန်တော့်အတွက် ဘဒွေးတို့ သောက ဖြစ်ရသာ တောင်းပန်ပါသယ်ခင်ဗျာ့" ဟု လက်အုပ်ချီပြီး ပြော၏။

ဘရွှေကျိုင်း ခပ်ညင်းညင်းရယ်မောဏ်။

"ငါ့သား အင်္ဂလိပ်လူမဟုတ်သမျှ ဘဒွေး ဝမ်းသာသကွ။ ငါ့သားရဲ့ အမူမှာ ဘဒွေးရဲ့အသက်ပါ ပါသွားပေစေ ကျေနပ်သကွ။ အေး၊ ဓားဆိုသာ ကုလားကိုခုတ်ဖို့၊ ကုလားဆိုသာ ငါတို့ကစားဖို့ ဆိုသဲ့ ဆွေစဉ်မျိုးဆက် ဆောင်ပုဒ်ကို တစ်သက်လုံး မမေ့ရဘူး၊ နားလည်လား"

"နောင်ဘဝရောက်တောင် မမေ့ပါဘူး ဘဒွေးခင်ဗျား"

★

ပုဂံစာအုပ်တိုက်

# အပိုင်း ၆

# ၁

"ဂျပန်က အင်္ဂလိပ် အမေရိကန်ကို စစ်ကြေညာလိုက်ပတဲ့"

သည့်သတင်းအတွက် ဝမ်းအသာဆုံးလူမှာ တို့ဗမာ တောင်သူလယ်သမား အစည်းအရုံးဝင်များ ဖြစ်ကြသည်။

အနောက်ဥရောပ စစ်မျက်နှာတွင် အင်္ဂလိပ်တပ်များ တစ်ဆုတ်တည်းဆုတ်ခွာနေရသည့် သတင်းသည် တို့ဗမာ တောင်သူလယ်သမားအစည်းအရုံးဝင်များအတွက် မင်္ဂလာသတင်း ဖြစ်၏။ သို့သော် အင်္ဂလိပ်တပ်များ အဖိတ်အစင် နည်းပါးစွာဖြင့် ဒိုဗာရေလက်ကြားကိုဖြတ်ပြီး အင်္ဂလန်သို့ ဆုတ်ခွာရောက်ရှိသွားပြီဟူသော သတင်းမှာကား အမင်္ဂလာသတင်း ဖြစ်နေပြန်လေ၏။

တို့ဗမာတောင်သူလယ်သမားများသည် နာဇီဝါဒကို မသိပါ။ နာဇီဝါဒကို ဖန်တီးသူ ဟစ်တလာကိုကား သိပါသည်။ နှာခေါင်းနှစ်ပေါက်အောက်ရှိ နှာရည်စီးကြောင်းပေါ်တွင် တိုနံ့နံ့ တုံးတိတိ နှုတ်ခမ်းမွေးပိုင်ရှင်သည် အင်္ဂလိပ်တို့အား ခါးကော့နေအောင် ထုနက်ချေမှုန်းနေ၏။

သို့ဖြစ်သဖြင့် မြန်မာတို့၏ ရန်သူဖြစ်သော အင်္ဂလိပ်၏ ရန်သူ ဟစ်တလာသည် မြန်မာတို့အတွက် သူရဲကောင်းကြီးဖြစ်၏။

ထိုသူရဲကောင်းကြီး မကောင်းကြောင်း အင်္ဂလိပ်က ပိုစတာတွေကပ်၏။ ဟောပြောပွဲတွေ လုပ်၏။ ရုပ်ရှင်တွေ ပြ၏။ တို့ဗမာ တောင်သူလယ်သမားတွေ နားမဝင်ပါ။ အင်္ဂလိပ်အခက် မြန်မာ့အချက်ဖြစ်သည်။ အင်္ဂလိပ် လူသတ်သမား သူခိုးဓားပြ၏စကားကို တစ်ချက်လွှတ် ပယ်ချထားသည်။

သွေးသောက်စုရွာထဲတွင် နာဇီဝါဒကို စမ်းဝါးမိသူမှာ သုံးယောက်တည်းရှိသည်။ ဘရွှေကျိုင်းနှင့် ကိုခင်မောင်တင့်၊ သူကြီး။

ဘရွှေကျိုင်းသည် သူ့တူ ရဲလောင်းနှင့် ကျကျနန ဆွေးနွေးရသဖြင့် သိသည်။ ကိုရဲလောင်းတွင် ပါလာသည့် စာရွက်စာတမ်းတွေကို ဖတ်ရသဖြင့် သိသည်။ သိသော်ငြား ရက်စက်ဆိုးရွားပုံကို သဘောမပေါက်လှ။

ကိုခင်မောင်တင့်မှ သိလည်းသိသည်။ သဘောလည်း ပေါက်သည်။ သူကြီးကား မြို့အုပ်ပြောသမျှ ပြန်ကြားရေးအဖွဲ့ ပြောသမျှကို ခေါင်းညိတ်ပြီး သိခြင်းသာဖြစ်သည်။ သဘောမှု လုံးဝမပေါက်။

သည်မျှဝေးလှမ်းသော ဥရောပစစ်အတွက် ဂျာမနီကို ထောက်ခံနေကြသူများသည် ဥရောပထက်နီးကပ်သော ဂျပန်က မြန်မာ့ရန်သူ အင်္ဂလိပ်အား စစ်ကြေညာပြီဆိုသောအခါ ပိုပြီး ဝမ်းပမ်းတသာ ကြိုဆိုကြ၏။ ထိုဂျပန် မကောင်းကြောင်းကို သိသူမှာမူ သွေးသောက်စုတိုက်နယ် တစ်ခုလုံးတွင် ကိုခင်မောင်တင့် တစ်ယောက်တည်းသာ ရှိသည်။

မင်္ဂလာဆောင်တွင် စိုက်ပျိုးရေးစကား၊ ရာသီဥတုစကား၊ မင်္ဂလာမောင်မယ်အား ချီးကျူးသောစကားများ မကြားရ။ ဂျပန်က အင်္ဂလိပ်ကို စစ်ကြေညာသည့်သတင်းသာ လွှမ်းမိုးနေသည်။

မင်္ဂလာဆောင်မှာ ကျောင်းဆရာ ကိုခင်မောင်တင့်နှင့် သွေးသောက်စုရွာသူ အေးမြတို့၏ မင်္ဂလာဆောင်ဖြစ်သည်။

## ပုဂံစာအုပ်တိုက်

မင်္ဂလာဆောင်ကို အေးမြတို့အိမ်တွင်ကျင်းပပြား အေးမြကို မတွေ့ရပေ။ ကိုခင်မောင်တင့်ကိုသာ ဟိုစကားဝိုင်း၌ခဏ သည်စကားဝိုင်း၌ခဏ မြင်နေကြရသည်။ အေးမြကို တွေ့လိုသော မိန်းမများသည် အတွင်းခန်းသို့ ဝင်ကြရ၏။ အေးမြမှာ ဆံပင်ဘုတ်သိုက်ဖြင့် ချောင်ထဲ၌ ကုပ်နေသည်။

သည်မင်္ဂလာဆောင်၌ အတီးအမှုတ် မပါပါ။ လက်ဖွဲ့ခြင်းလည်း မရှိပါ။ အကျွေးအမွေးမှာလည်း လက်ဖက်နှင့် ကွမ်း၊ ဆေးသာ ဖြစ်ပါသည်။ သို့ရာတွင် ကိုခင်မောင်တင့်မှာ တပည့်ငယ်များ၏ ငှက်ပျောခိုင်၊ ပိတ်အုပ်၊ ပြောင်းဖူးဖက်ထုပ်၊ ပဲနှမ်းအနုဆုပ်၊ ပေါက်ပေါက်ဆုပ်၊ သကာရည်အိုး၊ ပျားရည်ပုလင်း၊ ဆီအိုးများကို ငြင်းပယ်၍ မရပါ။

ဒေါ်မြညွန့်နှင့် သမီး ခင်ခင်မြင့်တို့မှာ ခင်မောင်တင့်အား အေးမြနှင့် သဘောမတူကြပြား မင်္ဂလာဆောင်သို့မူ အိပ်ရာခမ်းနား အဝတ်အစားများ ဝယ်ယူလျက် ရောက်လာကြသည်။ အေးမြနှင့် ကိုခင်မောင်တင့်အား သဘောမတူခြင်းမှာ တောသူဖြစ်နေသောကြောင့်ပင်။ အေးမြမှာလည်း ယောက္ခမနှင့် ယောက်မတို့ စိတ်ပျက်အောင် ရိုး၏။ ဝတ်ပါစေဟု တခုတ်တရ ဝယ်လာသော ဇာဘော်လီအင်္ကျီကို ကျောဘက်၌ အပေါက်တွေပါသောကြောင့် မဝတ်ရဲဟု ငြင်းဆန်သည်အထိ ရိုး၏။

သို့သော် မင်္ဂလာဆောင် ညည့်ခံပွဲနေ့တွင်ကား ဒေါ်မြညွန့်မှာ ချွေးမကို သဘောမတွေ့သောစိတ် ပျောက်လွင့်ရပြီ။ စစ်မီးသည် မြန်မာပြည်သို့ ကူးစက်လာခဲ့သော်ဟူသည့် တွေးမြော်မှုက လွှမ်းမိုးနေသောကြောင့်တည်း။

ရပ်ဝေးပရိသတ်သည် တဖွဲဖွဲပြန်ပြီ။ ရွာခံပရိသတ်ကား ပြေးချေလွှားချေ၊ ထွက်ချေ ဝင်ချေမို့ ခန့်မှန်း၍မရ။ သို့သော် သူတို့ဝမ်းသာသည်။ ရပ်ကျိုးရွာကျိုးဆောင် မြို့သားပညာတတ်တစ်ယောက်ကို ကိုယ့်ရွာသား ဖြစ်အောင် လုပ်လိုက်နိုင်သဖြင့် ဝမ်းသာနေကြသည်။

## ပုဂံစာအုပ်တိုက်

ဘရွှေကျိုင်းကား ခေါင်းတဆတ်ဆတ် တပြုံးပြုံး ဖြစ်နေရာက သူ့ရှေ့သို့ ကိုခင်မောင်တင့်လာအထိုင်တွင် ဝမ်းသာစကားဆိုမိ၏။

"ဘာလိုလိုနဲ့ ငါနဲ့ ဆရာလေးလည်း မမျှော်လင့်ဘဲ ဆွေမျိုးတော်နေပါပြီကော"

"ခင်ဗျာ၊ အဘ"

"ဟ၊ ငါ့မိန်းမက မင့်မိန်းမရဲ့ ဒွေးတော် တော်သကွ။ ငါ့သား မောင်ကောင်းစံနဲ့ အေးမြနဲ့က ဝမ်းကွဲမောင်နှမဟ။ သည်တော့ မင်းနဲ့ မောင်ကောင်းစံနဲ့ သမီးယောက်ဖ။ ဟုတ်ပေ့ကွာ"

ဘရွှေကျိုင်း ခပ်ညင်းညင်း ရယ်မောသဖြင့် ကိုခင်မောင်တင့် ပြုံးရ၏။ သည်အချက်ကို သူ မတွေးမိ။ ဘရွှေကျိုင်းပြော၍ သိရသောအခါ သူသည် ဆွေစုမျိုးစု အင်အားကောင်းသူများ၏ အလယ်သို့ ရောက်နေပါကကားဟု သဘောပေါက် ဝမ်းမြောက်ရတော့သည်။

"ဟော အခုလာနေသဲ့ကောင်ကလည်း မင်းနဲ့ သွေးမစပ်ပေမယ့် အမျိုးတော့ တော်နေပြန်သာပဲကွ။ မောင်ကောင်းစံရဲ့ အစ်ကို တော်သကိုးကွ"

ပျာယာပျာယာနှင့် ချဉ်းကပ်လာသူမှာ ကိုမိတ္တဖြစ်သည်။

"ဘဒွေး ဘဒွေး၊ မင်းတုန်းနဲ့မင်းလှမှာ တို့ဗမာသခင်တွေကို လိုက်ဖမ်းနေသတဲ့"

ဘရွှေကျိုင်း တွေတွေကြီးဖြစ်သွားပြီးမှ အသံထွက်လာ၏။

"ဖမ်းမှာပေါ့ကွာ။ သည်စစ်ကြီးမှာ အင်္ဂလိပ်ကိုမကူညီကြနဲ့။ အင်္ဂလိပ် အခက် မြန်မာ့အချက်လို့ ငါတို့က ကြွေးကြော်ထားသာကိုး၊ ဖမ်းမှာပေါ့"

"အဲသာကြောင့် တချို့လည်း ထွက်ပြေးကြ၊ ပုန်းကြပေါ့ဘဒွေးရာ။ မနေ့ညနေတုန်းကတော့ တို့ဗမာအစည်းအရုံး ဖျက်သိမ်းပါသယ်လို့ မြို့ထဲမှာ မောင်းသမားက လည်ပြီး အော်သတဲ့"

"ဂျွန်ဆရာစံ ထတုန်းကလည်း ဦးစိုးသိမ်းဂျိစီဘီအေတွေ သလိုပဲ

လုပ်ခဲ့ကြရသာပဲကွ။ အရင်းခံကတော့ မောင်းခတ်ပြီး ကြေညာသည်ဖြစ်စေ မကြေညာသည်ဖြစ်စေ ရန်သူကို ရန်သူလို့မြင်နေရင် ပြီးသာပါပဲကွာ"

"အဲသာ ကျုပ်တို့တိုက်နယ်ကို ရောက်လာရင်ကော ဘယ်လိုလုပ်မကုန်း ဘဒွေး။ ကျုပ်တော့ အဲသလိုလုပ်ရမှာ ရှက်သဗျာ"

ကျေနပ်ဂုဏ်ယူသောအပြုံးသည် ဘရွှေကျိုင်း၏ မျက်နှာ၌ထင်၏။

"မှန်သဲ့စိတ်၊ ကောင်းသဲ့စိတ်ပဲကွ။ သို့သော်လည်း သူကြီးလေးပါးစပ်က ဘာ ထွက်လာမတုန်း နားထောင်ပါဦး"

"ဘဒွေး ဘဒွေး. ပခင်တွေ ဖမ်းနေပြီတဲ့ဗျို့"

ဂဠုန်ဦး ဘ၏ ဂဠုန်တပ်ယူနီဖောင်းကြီး တကားကားဖြင့် အော်ကျယ်ဟစ်ကျယ် ရောက်လာသူမှာ ချစ်ဖေဖြစ်သည်။ သို့သော် သူသည် တို့ဗမာတောင်သူလယ်သမားအစည်းအရုံး တိုက်နယ်ဥက္ကဋ္ဌ ကိုမိတ္တအား သတိထားမိချိန်၌ အမ်းတမ်းတမ်း ဖြစ်သွားသည်။

"အေးပေါ့ကွာ။ မင်းက နန်းရင်းဝန်ရဲ့ အလိုတော်ရိတပ်ကဆိုတော့ ငါတို့ အဖမ်းခရသာ ဝမ်းသာမှာပေါ့"

"သ လိုလည်း မဟုတ်ပါဘူးဗျာ။ သတင်းကြားခဲ့သာ ပြောသာပါ။ ဟုတ်ချင်မှလည်း ဟုတ်မှာပါဗျာ"

"အေး၊ အခု အဲသာပဲ ပြောနေကြသာပဲကွ"

ဆိနှင့် ရေ ဖြစ်နေသူ နှစ်ယောက်ထံမှ အထစ်အငေါ့စကားများ ပေါ်လာမိ ဘရွှေကျိုင်းဝင်ရသည်။

"သည်မယ် ချစ်ဖေ"

"ဟုတ်ကဲ့၊ ဘဒွေး။ ပြောပါခင်ဗျာ"

"မင်းက ငါ့ဒွေးလေးရဲ့မြေး။ မိတ္တက ငါ့အစ်မရဲ့သား။ မင်းတို့ဟာတူဝရီးတွေကွ၊ ဆွေမျိုးတွေ။ မင့်ဆွေမျိုးဖြစ်သဲ့ မိတ္တအဖမ်းခံရရင် မင်းဝမ်းသာမှာလား"

**ပုဂံစာအုပ်တိုက်**

အညာကိုကိုင်သော စကားဖြစ်ငြား ကိုချစ်ဖေ တွန့်မသွားပါ။

"ကတ်သီးကတ်သတ် ဘဒွေးရာ။ လက်သည်းကို ဆိတ်နေမှတော့ လက်ထိပ်နာရမှာပေါ့ခင်ဗျာ"

"အေး၊ ကောင်းသယ်။ သည်စကားကြားရသာ ဝမ်းသာသယ်"

ထိုသို့ပြောပြီး လက်ဖက်အုပ်ဘက်သို့ မျက်နှာမူသည်။ သို့သော် လက်ဖက်တစ်ရိုးနှိုက်ပြီးမှ ပြောစရာပေါ်လာသဖြင့် ပြန်လှည့်၏။ ဘရွှေကျိုင်း မပြောလိုက်ရ။ နှုတ်ဆက်သံနှင့်အတူ ကိုချစ်ဖေ ထွက်ခွာသွားပြီ။

"ဘဒွေး၊ ကျုပ် ပြောစရာ ကျန်သေးသဗျ။ ဟိုကောင် ချစ်ဖေ ရောက်လာလို့ မပြောရသာ။ ကျုပ် ပြောစရာ ကျန်သေးသာက ကျုပ်ကြားသဲ့ သတင်းတွေ မှန်လို့သာ သခင်မှန်သမျှကို ဖမ်းသယ်ထင်သာပဲ"

ဘရွှေကျိုင်းသည် ခေါင်းငုံ့နေရာမှ တစ်ကိုယ်လုံးလှည့်လာ၏။

"မင်းက ဘာကြားလို့တုန်း"

"ကျုပ်တို့သခင်တွေ ဂျပန်ပြည်ကို ရောက်သွားကြပြီလို့ ကြားထားသယ် ဘဒွေး။ အခု အင်္ဂလိပ်နဲ့ ဂျပန် စစ်ရိုးရိုးဖြစ်ရင် သခင်တွေကို သိမ်းကျုံးဖမ်းစရာ အကြောင်းမရှိဘူး"

"အေးကွ၊ စဉ်းစားစရာပဲ။ အင်္ဂလိပ်ကိုတိုက်ဖို့လက်နက်ကို အင်္ဂလိပ်ရဲ့ ရန်သူ ဂျပန်ကမှ ပေးမှာကွ"

သို့စဉ်တွင် ကိုခင်မောင်တင့် ပြန်ရောက်လာပြန်သဖြင့် ဘရွှေကျိုင်းက ဆီးကြိုပြီးမေး၏။

"ဂျပန်ပြည်နဲ့ရော အင်္ဂလန်ပြည်နဲ့ရော ငါတို့ မြန်မာပြည်နဲ့ အဝေးကြီး မဟုတ်လားကွ။ သည်စစ်ဟာ ငါတို့ဆီ ရောက်လာပါ့မလား"

"ဝေးတာကတော့ မှန်ပါတယ်အဘ။ ဒါပေမယ့် ကျွန်တော်တို့ မြန်မာပြည်ရဲ့ အရှေ့တောင်ဘက်မှာ ပြင်သစ်ပိုင်တဲ့ တိုင်းပြည်တွေ ရှိနေတယ် ခင်ဗျာ့။ အဲသည်ကို ဂျပန်တပ်တွေရောက်နေတာ ဘာသဘောမှန်း မသိဘူး"

“ပြင်သစ်ပိုင်သဲ့ တိုင်းပြည်တွေကို ဂျပန်ဘက်က ဘယ်လိုလုပ်ပြီး ရောက်လာရသတုန်းဗျ ဆရာလေးရ”

“သည်လို ကိုမိတ္တရဲ့၊ ဥရောပမှာ ပြင်သစ်ပြည်ကို ဂျာမနီက သိမ်းလိုက်တဲ့အတွက် ပြင်သစ်ပိုင်မြေကို ဂျပန် အလွယ်တကူခြေချနိုင်တာပေါ့ ခင်ဗျာ။ အရင်းလဲတော့ အဖျားပိုင်းတွေ ထင်းဖြစ်သွားတဲ့ သဘောပေါ့ဗျာ”

“ငါတို့မြန်မာပြည်နဲ့ နယ်ချင်းဆက်နေသလားကွ ဟေ”

“နယ်နိမိတ်ချင်း ယိစပ်နေတဲ့ နေရာ အနည်းအကျဉ်း ရှိပါတယ် ခင်ဗျာ။ အဲ ကုန်းကြောင်းလာဖို့တော့ လွယ်မှ လွယ်ပါ့မလား။ တောင်ကြီးတွေဖြို၊ တောကြီးတွေရှင်းပြီး လာမယ်ဆိုလည်း ဖြစ်ကောင်းဖြစ်နိုင်ပါရဲ့”

“ဆရာလေးရေ၊ အင်္ဂလိပ်နဲ့ ဂျပန်စစ်ဖြစ်ရင် ဘယ်သူနိုင်မတုန်းဗျာ”

ဆင်းရဲသားပါတီ ဓားမတပ်တစ်ဖြစ်လည်း မျိုးချစ်ပါတီ ဂဠုန်တပ် အတွင်းရေးမှူး ညံ့အေးဖြစ်သည်။ သူ့နောက်တွင် ဂဠုန်တပ်ဝင် လွန်းမောင် ပါလာသည်။ သူတို့နောက် တစ်လံကွာတွင်ကား ထွန်းပြည့်နှင့် ငွေခဲတို့ ပါလာကြသည်။

“အင်းဗျားက သူမသာ ကိုယ်မသာပဲဗျ။ အင်္ဂလိပ်မှာ အိန္ဒိယလို အင်ပါယာကြီးရှိတဲ့အပြင် အာဖရိကမှာလည်း အင်ပါယာတွေ ရှိသေးသဗျာ။ ဂျပန်မှာလည်း မန်ချူးကိုးဆိုတဲ့ အင်ပါယာအပြင် တရုတ်ပြည် ကမ်းရိုးတန်းတွေကို သိမ်းထားတာရှိတယ်”

“ဂျပန်နိုင်မှာပါ ဆရာလေးရ။ ဂျပန်နိုင်ရင် ကျုပ်တို့တစ်တွေ ဘန်ကောက် ပုဆိုးတစ်ထည် ငါးမူး၊ ပလေကတ် လုံချည်တစ်ထည် တစ်ပဲနဲ့ ဝတ်ရမှာပေါ့”

ညံ့အေးသည် မည်သည့်အထောက်အထားဖြင့် ထိုသို့ပြောသနည်း။ သူ့စကားနှင့်သူ ကျေနပ်နေ၏။ ကိုခင်မောင်တင့်မှာ မေးရကောင်းနိုး မမေးရကောင်းနိုး ဖြစ်နေ၏။

## ပုဂံစာအုပ်တိုက်

"ဆရာလေး စဉ်းစားကြည့်လေ။ အင်္ဂလိပ်နဲ့ ဂျပန်စစ်ဖြစ်သာကိုက ဂျပန်ပစ္စည်းတွေ မြန်မာပြည်ထဲဝင်လာသဲ့အတွက် အင်္ဂလန်လုပ်တွေ မရောင်းရလို့ အင်္ဂလိပ်က ဂျပန်ပစ္စည်းတွေကို ပိတ်ပင်ရာက စသာမဟုတ်လား။ ဂျပန်ပစ္စည်းတွေ ဈေးချိုချိုနဲ့ ရောက်နိုင်သာကြည့်ပြီး ပြောသာပါ"

"ခင်ဗျားတို့နန်းရင်းဝန်ကြီး ဂဠုန်ဦးစောတောင် ဂျပန်ပြည်ကအပြန်မှာ ဂျပန်ပြည်အကြောင်း စာအုပ်ရေးထုတ်သေးတာပဲ၊ ရှာပြီး ဖတ်ကြဗျာ"

"အေးဗျာ။ ဆရာလေးထောင်သဲ့ စာကြည့်တိုက်မှာ ရှိရင်တော့ ငှားဖတ်ဦးမှပဲဗျာ"

"လာပါဗျာ။ အချိန်မရွေး လာဖတ်ပါ"

စကားအပြတ်တွင် လွန်းမောင်က "ဂျပန်လာမှာ သေချာသယ် ဆရာလေး။ ဂျပန်ရေဒီယိုက အင်္ဂလိပ်ကို မောင်းနှင်ပစ်ကြဖို့ မြန်မာလို အသံလွှင့်သတဲ့ဗျား" ဟု ပြောသည်။

"ဟကောင်၊ နင့်ဟာ ဟုတ်ရဲ့လား"

ဘရွှေကျိုင်းမှာ မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်သွား၏။ လွတ်ခနဲ မေးအပြီးတွင် မျက်မှောင်ကြုတ်ပြီး ဖြစ်နိုင် မဖြစ်နိုင် စဉ်းစား၏။

"ပြောသဲ့လူက အသေအချာ ပြောလိုက်သာပဲ ဘရ"

ခါတော်မီ ဂဠုန်နှစ်ယောက် ရေနွေးကြမ်း တစ်ခွက်စီသောက်၊ သနပ်ဖက် ဆေးလိပ်တစ်လိပ်စီ မီးညှိထွက်ခွာသွားသောအခါ ဂဠုန်အစစ် ဖြစ်ခဲ့ဖူးသော ထွန်းပြည့်နှင့် ငွေခဲအနက် ငွေခဲက "အလကားကောင်တွေ" ဟု ပြော၏။ "ဂျပန်လာရင် ဆယ်အိမ်ခေါင်းလုပ်ချင်လို့ ဂျပန်ကို မျှော်နေသဲ့ ကောင်တွေ" ဟု ထွန်းပြည့်က ဖြည့်စွက်၏။

"ဂျပန်လာရင် အင်္ဂလိပ်လက်အောက်ကလွတ်သာ မကောင်းဖူးလားဟ"

"ကောင်းတော့ကောင်းပါရဲ့။ သလိုကောင်မျိုးတွေ ထောင်ထောင် ထောင်ထောင်လုပ်မှာတော့ မကြိုက်ပေါင်ဗျာ"

"အေး၊ အင်္ဂလိပ်ပြေးရင် အုပ်ချုပ်ရေးပျက်သာ အကြောင်းပြုပြီး တိုင်းပြည်ကြီး ကသောင်းကနင်း ဖြစ်ဦးတော့မှာပါကလား"

ထိုစကားသည် မည်မျှလေးနက်စေကာမူ၊ မည်မျှ တာသွားစေကာမူ ကိုခင်မောင်တင့်ကဲ့သို့သော လူသည်ပင်လျှင် ဂရုမမူမိပေ။ သူသည်လည်း အများတကာနည်းတူ အင်္ဂလိပ်အပြေးကို တောင့်တနေသူဖြစ်၏။

ဘရွှေကျိုင်းမှာသော် အုပ်ချုပ်ရေးကင်းသော တိုင်းပျက်ပြည်ပျက် မင်းမဲ့တိုင်းပြည်ကို ကောင်းစွာ မိလိုက်သည်။ ထိုအခါ ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိနေသော သားကို သတိရသည်။ သတိရသည်နှင့်အတူ ကြောင့်ကြမှုပါ ဝင်လာရတော့သည်။ တစ်ဆက်တည်းပင် ကိုတောက်ထိန်၏အိမ်တွင် နေထိုင်ကာ ကျောင်းတက်နေသည့် သားငယ်ကို လွမ်းစိတ်ဖြစ်ပေါ်လာသည်။

'သူတို့အမေသာရှိရင် ဘယ်လောက်များ ပူလိုက်မတုန်း'

သွားလေသူကို သတိရပြန်သဖြင့် ဘရွှေကျိုင်း ငေးမောနေမိတော့သည်။

ဘရွှေကျိုင်းမှာ ထိုရက်မှစတင်ပြီး စစ်သတင်းကို နားစွင့်တော့သည်။ သုံးရက်ကြာမှ တစ်ကြိမ်သာ မြို့တက်ပြီး သတင်းစာယူသူများလည်း မြို့သို့ နေ့တိုင်းသွားကြတော့သည်။ အချို့လည်း ရေဒီယိုသံ နားထောင်ဖူးရန် အတွက် မြို့ပေါ်တွင် ညအိပ်ပြီး ရေဒီယိုရှိသည့် အိမ်အနီးသို့ သွားရောက် နားထောင်ကြငြား ကြားချင်သောအသံကို မကြားရပါ။ သူတို့ ကြားလိုသော အသံမှာ၊ "မြန်မာတွေ ထကြပါတော့လား၊ ချကြပါတော့လား၊ မိစ္ဆာဒိဋ္ဌိတွေကို မောင်းထုတ်ပါတော့လား" ဂျပန်ပြည်မှ မြန်မာဘာသာဖြင့် လွှင့်သည် ဆိုသောအသံ။

ဘရွှေကျိုင်းသည် နီးစပ်ရာလူတိုင်းအား ဆန်၊ ဆီ၊ ဆား၊ ငါးပိကို စုဆောင်းကြရန် သတိပေးသည်။ အလေးဂရုပြုသူလည်းရှိ၏။ မပြုသူလည်း ရှိ၏။ သို့ဖြင့် တစ်ခုသောနံနက်၏ နှင်းမှုန်မပြယ်တပြယ်အချိန်တွင် သားငယ် တိုင်းလုံးကျော်သည် လှည်းကြုံစီးလျက် ရောက်လာလေ၏။

**ပုဂံစာအုပ်တိုက်**

သူသည် ကိုတောက်ထိန်၏အိမ်တွင်နေပြီး ကျောင်းတက်နေသူ ဖြစ်၏။ ဘရွှေကျိုင်းမှာ ဝမ်းသာပျော်ရွှင်ရ၏။ သို့ရာတွင် အထုပ်အပိုးများကို မြင်ရသောအခါ ရင်ထဲ၌ ကသိကအောက် ဖြစ်၏။

"ကျောင်းပိတ်လို့ ခဏတစ်ဖြုတ်ပြန်လာသယ်ထင်နေတာ၊ မင့်ဟာက အခု"

"ဟုတ်သလေ၊ ကျောင်းပိတ်လို့ ပြန်လာသာ။ ဟော့ကောင်တွေ ကြဲတိုင်းအောင်တို့၊ ဖိုးသူတော်တို့ လာကြပါဦးဟ"

သူ့သေတ္တာ သူ့အထုပ်များကို သူ့ဘာသာမချ။ တစ်အိမ်တည်းနေ ကိုကျော်ညဲ၏သားနှင့် နောက်ဖေးဘက်နေ စံသာဦး၏သားကို လှမ်းခေါ်သည်။ ကလေးတွေမှာ ကျောင်းသွားခါနီးတန်းလန်းမှ ပြေးလာကြရသည်။

"သာကလေးများ ကိုယ့်လက်နဲ့ကိုယ် ချပါတော့လားကွာ။ အင်း၊ အသုံးသာမကျသယ် ပေါင်ဒါနံ့ကလည်း သင်းလို့ပါကလား"

ဖအေက ဆီးကြိုမြည်တွန် တောက်တီးသော်လည်း တိုင်းလုံးကျော် သည် ဖအေ့ရှေ့မှ ခါးမကုန်းဘဲဖြတ်သွားပြီး တင်ကလိန်ချိတ်ထိုင်၏။

"မင့်အစ်ကိုနဲ့ကတော့ ဆိနဲ့ရေပါပဲကွာ"

"ကျွန်တော်ကဆီ၊ ကိုကိုက ရေ"

"ဟုတ်ပါပြီ၊ ထားပါ။ အခုပြန်လာပုံက ခဏတစ်ဖြုတ် ကျောင်းပိတ်လို့ ပြန်လာပုံမျိုးမဟုတ်ဘူး။ ပွဲစားလေးရဲ့သမီးနဲ့ ရန်ဖြစ်လာသာလား။ ပွဲစား လေးရဲ့သားနဲ့ ရန်ဖြစ်လာသာလား"

"ကျောင်းပိတ်လို့။ ရက်အကန့်အသတ်မရှိ ကျောင်းပိတ်သယ် ဒယ်ဒီရေ့။ စက်တံပူခံတပ် ဂျပန့်လက်ထဲ ကျသွားပြီတဲ့ဗျား"

"စက်ကာပူ ဟုတ်လား"

"ဟုတ်သဗျ"ဆိုရာက တိုင်းလုံးကျော်သည် သူ့အထုပ်ကိုဖြေသည်။ စာအုပ်တစ်အုပ်ကိုယူပြီး မြေပုံပါသော စာမျက်နှာကို လှန်ပြသည်။

ပုဂံစာအုပ်တိုက်

"ဟောသာက ကျွန်တော်တို့နဲ့ ကပ်နေသဲ့ ယိုးဒယား။ သူ့တောင်ဘက်မှာ အင်္ဂလိပ်ပိုင် မလေးရှား။ ဟောသည် တောင်ဘက် ချွန်ချွန်ကလေးက စင်္ကာပူ။ အဲသည်မှာဆောက်ထားသဲ့ ခံတပ်ကြီးကို ဂျပန်က ဝင်တိုက်သာ ခံတပ်ကြီး ကျသွားပတဲ့ ဖားသားရေ့"

"ငါတို့နဲ့ အဝေးကြီး ရှိသာကပဲ လူကလေးရ"

ဘရွှေကျိုင်းသည် စာအုပ်တွင်းရှိ မြေပုံကိုစိုက်ကြည့်ရင်း ပြော၏။

"ဟဲ့သား၊ တိုင်းလုံးကျော်၊ အမယ်လေးလေး လူပျိုကြီး ဖြစ်နေပါပေါ့လား၊ ထွားလာလိုက်သာ"

ဒေါ်ဆယ်ဖြစ်သည်။ ထဘီမနိုင်ပဝါမနိုင်ပြေးလာပြီး တိုင်းလုံးကျော်ကို ဖက်သည်။ ခေါင်းကိုသပ်သည်။

"အမေကလည်းဗျာ၊ခေါင်းကိုမကိုင်ပါနဲ့ဗျာ။ယောက္ခမနိုင်တတ်သတဲ့"

ဒေါ်ဆယ်သည် သူ့အား နို့တိုက်ပြီး မွေးခဲ့သူဖြစ်သဖြင့် အမေဟုခေါ်၏။ ဒေါ်ဆယ်ကလည်း သားအရင်းဟုပင် သဘောထားသည်။

"နင့်သားနဲ့ နင်နဲ့ပဲ လိုက်သယ်ဟေ့"

ဘရွှေကျိုင်းသည် မရိုးအားလှမ်းပြောပြီး ထသွားရန် ဟန်ပြင်သဖြင့် "နို့ သားကြီး ဘယ့်နှယ်လုပ်မတုန်း"မေးသဖြင့် ပြန်ထိုင်ရ၏။ ထိုင်သော်ငြား ဘရွှေကျိုင်း မပြောတတ်။

"ဦးဇင်း ရန်ကုန်ကို လိုက်သွားပါလား"

"နင့်သားက တက္ကသိုလ်ကျောင်းသားကြီး ဖြစ်နေသာပါမရိုးရာ။ သာလောက်လည်း ပူမနေစမ်းပါနဲ့"

"ဟော မောင်လေး ပြန်လာပြီ"

ဒေါ်ဆယ်၏မြေးမ ကြည်လှ ဝမ်းသာအားရ ပြေးလာ၏။

"မောင်လေး၊ အလည်အပတ် ပြန်လာသာလားဟင်"

"ရက်အကန့်အသတ်မရှိ ကျောင်းပိတ်လိုက်လို့ ပြန်လာသာဗျာ့။

ပုဂံစာအုပ်တိုက်

ခဏခဏ လာမေးနေကြသာပဲ"

ရှုရှုအောင့်အောင့်ဖြေပြီး ကြည်လှ စိတ်မဆိုးနိုင်။ ဒေါ်ဆယ်နှင့် ရောနှောပြီး ရယ်မောနေကြသည်။

"မရီးရေ၊ ဆားနဲ့ ငါးပိ၊ အင်း.... ဆန် စုထားနော်၊ စုထား။ ရှေ့ရေး ဘယ်လိုမှန်းမသိဘူး"

ဘရှေကျိုင်းသည် ရှေ့တွင် ကြုံတွေ့ရမည့် အခြေအနေကို မမှန်းဆ တတ်တိုင်း ပူပန်နေသည်။ ရွာထဲတွင်ကား "စက်ဘ်ပူခံတပ် ကျသွားလို့တဲ့။ တိုင်းလုံးကျော်တို့ ကျောင်းပိတ်လို့ ပြန်လာသတဲ့"ဟူသည့် သတင်းသည် ရုတ်ချည်းပျံ့နှံ့သွားလေ၏။

စက်ဘ်ပူကို မသိကြပြီး အင်္ဂလိပ် စစ်ရှုံးနေပြီဆိုသောကြောင့် ဝမ်းသာ ကြသည်။ သည်သတင်း၏ နောက်ဆက်တွဲများသည် ကောင်းမည်လော ဆိုးမည်လော မတွေးကြ၊ မတွက်ကြ။ တစ်မျိုးသားလုံး၏ ရန်သူ အင်္ဂလိပ် စစ်ရှုံးသည့်အတွက် သည်သတင်းကို ဝမ်းသာအားရ ကြုံဆိုကြ၏။

မကြာလိုက်ပါ။ တစ်ခုသောညနေတွင် မောင်ကောင်းစံ ပြန်ရောက် လာသည်။ သူနှင့်အတူ ပါလာသောသတင်းမှာ မကောင်းသတင်းဖြစ်သည်။

"အဖေရေ၊ ဂျပန်လေယာဉ်ပျံတွေလာပြီး ဗုံးကြဲလိုက်သာ အဖေရယ်၊ ရန်ကုန်တစ်မြို့လုံး မြင်မကောင်းဘူး"

ဘရှေကျိုင်းသည် နွမ်းနွမ်းနယ်နယ် ပြန်ရောက်လာသော သားကြီး အား စိုက်ကြည့်နေပြီးမှ မေး၏။

"ဂျပန်ဟာ ငါတို့မိတ်ဆွေဆို လူကလေးရဲ့"

"ဩော် အဖေရယ်။ ကျွန်တော်တို့ လူတွေကလည်း တအုန်းအုန်း တဒိုင်းဒိုင်း ဗုံးကြဲ၊စက်သေနတ်ပစ်သာကို ပွဲကြည့်သလို ဝိုင်းကြည့်နေကြသာ။ ကျည်ဆန်နဲ့ ဗုံးဆန်က မြန်မာ၊ အင်္ဂလိပ် ဘယ်သိမတုန်း။ ထိရင်သေ၊ မသေရင် ဒဏ်ရာရပေါ့"

**ပုဂံစာအုပ်တိုက်**

တိုင်းလုံးကျော် ပြန်လာစဉ်ကကဲ့သို့မဟုတ်။ အိမ်အောက်တွင် ဆွေမျိုးထဲမှ လေးငါးယောက်မျှသာ သတင်းပလင်း နားထောင်ရန် ရောက်လာကြရာက လူအုပ်ကြီး ဖြစ်လာသည်။

"မင့်ညီလေး ကျောင်းပိတ်လို့ပြန်လာသာ ကြာပါပြီကော သားရယ်။ ဘာပြုလို့ အခုမှ ပြန်လာသာတုန်း"

ပူပန်စွာမေးသူမှာ ဒေါ်ဆယ်ဖြစ်သည်။ "ရည်စားနဲ့ အလွမ်းသယ်နေရလို့ ဖြစ်မှာပေါ့" ထေ့သူမှာ မိကြည်လှဖြစ်သည်။

"ဟုတ်သယ်ဒွေးကြီးရေ့။ အခုမှ ပြန်လာတော့ ပင်ပန်းလိုက်သာဗျာ။ သင်္ဘောဆိပ်ကိုသွားဖို့ တက္ကစီငှားလို့မရဘူး။ လန်ချား ရှာလို့မတွေ့တော့ဘူး။ သင်္ဘောပေါ်ရောက်တော့လည်း ထိုင်စရာနေရာ တစ်နေရာရဖို့အရေး ဒုက္ခဘာတရားပါပဲ။ သာလောက် လူများသဲ့သင်္ဘော တစ်ခါမှ မကြုံဖူးဘူး။ ရန်ကုန်တစ်မြို့လုံးမှာ ရှိရှိသမျှလူတွေ အကုန်လုံးပြုံပြီး ထွက်ပြေးကြသာကိုး"

"လူတွေ တော်တော်သေသလားဟင်"

"ထင်းချောင်းတွေ နေလှန်းဖို့ ပစ်ထားသလားမှတ်ရသဗျို့။ မီးကလောင်၊ တိုက်တွေကပြိုကျ၊ လူသေအလောင်းတွေ ပြန့်ကြဲနေပြီး ကတ္တရာလမ်းအမည်းကြီးက အနီရောင်ဖြစ်သွားတော့ ရူးသဲ့လူလည်း ရူးသွားသယ်"

စုတ်သပ်သူ သပ်သည်။ မပီမသ ညည်းတွားသူ ညည်းတွားသည်။

"သင်္ဘောပေါ်က ဆင်းမိတော့မှပဲ ငါ့အရပ်ကို ငါပြန်ရောက်ပြီဟ ဆိုပြီး ဝမ်းသာလိုက်ပုံများ မပြောပါနဲ့တော့ဒွေးကြီးရာ။ သင်္ဘောပေါ်မှာ ပါလာသဲ့လူက မချိမဆံ့ကလား။ ဘယ်နားမှာ မြုပ်မလဲ၊ ဘယ်ချက်မှာ မှောက်မလဲ ဘုရားတလိုက်လာရသာ"

"ဖြစ်ရလေသားရယ်" ဆိုကာ ဒေါ်ဆယ် မျက်ရည်သုတ်သည်။ ဒေါ်ရိုးလည်း လှုပ်လှုပ်လှုပ်လှုပ်နှင့် ရောက်လာရာက တူကို ဖက်ငိုသည်။

"ကျောင်းပိတ်ပိတ်ချင်း မပြန်သာ အကြောင်းရှိရမယ်ကွ"

လေးနက်သောအကြည့်နှင့် တွဲလျက်လာသော ဘရှေကျိုင်း၏အသံ။

"အဲသာတော့ ဟဲဟဲ.... မိကြည်လှ ခုနက ပြောသလိုပေါ့အဖေရာ။ ရည်းစားက မသွားရဘူးဆိုလို့"

"ခွေးမသားလို့ ဆဲရမှာလည်း မရိုးကို အားနာရသေးသကွ" ဆိုပြီး ဘရှေကျိုင်း ရယ်မောနေသဖြင့် ကျန်လူများလည်း အုန်းခနဲ ရယ်မောကြသည်။

"အားနာမနေပါနဲ့၊ ကျုပ်ကွယ်ရာမှာဆဲသာ မသိဘူးမှတ်သလား"

ဒေါ်ဆယ်က မျက်စောင်းထိုးရင်း ပက်သဖြင့် ရယ်မောကြပြန်သည်။

"ကိုကို၊ ဘာပါတုန်း"

တိုင်းလုံးကျော်သည် လူပျိုလည်း လုပ်၏။ အဆော့လည်းသန်ဆဲ။ သို့ကြောင့် သူ့တစ်ကိုယ်လုံးတွင် ဆံပင်တစ်ခုသာ အတောင့်သား အကော့သားရှိသည်။ ဖုန်ပေနေသောလက်ဖြင့် ဝင်ဖက်သည်။

"ကြွေတိုက်အကျီလေးတော့ သွားပါပြီကွာ" ညည်းညူရာက "ကိုကို့မှာ ပါသလေ။ ဟော ညည်းညူခြင်း၊ မကောင်းသတင်း၊ အနိဋ္ဌာရုံ" လက်ချိုးရေတွက်ပြ၍ မဆုံးမီ ကိုခင်မောင်တင့် ရောက်လာသဖြင့် နေရာလုပ်ပေးကြ၏။

"ကိုယ့်လူ၊ ပြည်ကိုဝင်ခဲ့သေးလား"

"ကွယ်မေ့၊ တွေ့သေအောင်လွမ်းဆိုသာ အဲသာပေါ့ဗျာ။ လမ်းသျှောက်လို့မရအောင် ကျပ်ညပ်နေသဲ့ သင်္ဘောပေါ်က ခေါ်တောကုလား သုံးရာလောက် ပန်းတောင်းတောင်ကုတ်လမ်းက ဖြတ်ပြီး ဘင်္ဂလားပြန်ဖို့ ဆင်းသွားတော့၊ ငရဲပြည်က အရှင်လတ်လတ် နတ်ပြည်ရောက်သွားသလို ပါပဲဗျာ"

"အဲသာနဲ့ မရောက်ခဲ့ဖူးဆိုပါတော့ဗျာ"

"နိဗ္ဗိန္ဒချောင်ကို လမ်းမသိတာနဲ့ မရောက်ခဲ့ဘူးဗျာ"

"ရန်ကုန်မှာ အစိုးရ မရှိတော့ဘူးပေါ့"

"စကော့ပူ ကျကတည်းက ရွှေ့သွားကြသယ်။ ဂဠုန်ဦးစောကိုဖမ်းပြီး ယူဂန္ဒာမှာ ထောင်ချထားသယ်။ လက်ရှိအစိုးရက ဆာပေါ်ထွန်း"

"ဗုံးကြဲတာ တစ်ကြိမ်တည်းနဲ့ ပြီးပါ့မလားဗျ"

"အလားအလာကတော့ ရန်ကုန်ကို ထပ်ပြီး ဗုံးကြဲမယ်။ မော်လမြိုင်၊ ပုသိမ်၊ ဟင်္သာတ၊ တောင်ငူ၊ ပြည်၊ ရေနံချောင်း၊ မကွေး၊ မန္တလေး၊ လားရှိုး"

စကားမဆုံးမီ ဘရွှေကျိုင်းက ဖြတ်မေး၏။

"ဟော့ လူကလေး၊ ယူဂန္ဒာ ဟုတ်လား"

"ဟုတ်ပါသယ်ခင်ဗျာ။မြေထဲပင်လယ်ထဲက စူးအက်တူးမြောင်းအတိုင်း ထွက်လာရင် ညာဘက် ခပ်လှမ်းလှမ်းမှာ အာဖရိကတိုက်ပေါ့ အဖေရာ"

မောင်ကောင်းစံ၏အဖြေသည် သည်တွင် ရပ်တန့်ငြား ဂဠုန် ယူနီဖောင်းကြီးတကားကားဖြင့် ရောက်လာသည့် ညံအေးကို မြင်လိုက်ရသဖြင့် "အဲသည်ပြည်ကို ဂဠုန်ဦးစောပါသဲ့ လေယာဉ်ပျံအရောက်မှာ ဆီးဖမ်းပြီး ထောင်သွင်းအကျဉ်းချထားတော့သာပါပဲဗျား" ဟု ဆက်ပြောလေ၏။

"ညီလေး၊ ဂဠုန်ဦးစော ဘာဖြစ်သယ်"

နားစွန်နားဖျား ကြားလိုက်ရသဖြင့် ညံအေး အလောတကြီးမေးခြင်း ဖြစ်၏။

"အဲသာကြောင့် သတင်းစာဖတ်ကြပါလို့ အဖေ ပြောသာပေါ့ဗျ"

"အေးကွာ၊ မင်းပြောလည်း ခံရတော့မှာပဲ"

"အဖြစ်အပျက်တွေက မြန်သဗျာ့။ ခင်ဗျားတို့ရဲ့ နန်းရင်းဝန်ကြီး ဘိလပ်ကအပြန်မှာ ခုနက ပြောသလို လမ်းခုလတ်မှာလည်း အဖမ်းခံရရော ရန်ကုန်မှာ ဒိုင်းခနဲ နန်းရင်းဝန်အသစ် တင်လိုက်သာပါပဲဗျား"

ထိုအခါတွင် ညံအေးသည် မလုံမလဲဖြင့် သူ့ကိုယ်ကို ငုံ့ကြည့်သည်။ ဟိုလိုလို သည်လိုလိုလုပ်ကာ လျှိုထွက်သွားသည်။

**ပုဂံစာအုပ်တိုက်**

"အဲသည်တော့ တိုင်းပြည်ပျက်ပြီပေါ့။ ညရေးညတာ သတိဝီရိယနဲ့ နေကြ။ စည်းစည်းလုံးလုံး ရှိကြဟ"

တဖြည်းဖြည်း ထွက်ခွာသွားသော လူများအား ဘရွှေကျိုင်း လှမ်းပြော၏။ လူကုန်သလောက်ရှိတော့မှ "ကုလားတက်တုန်းကလိုများ ထမင်းခြောက်တွေ ဘာတွေ စုထားရဦးမလား ကိုရင်" ဟု ဒေါ်ရီးက မေး၏။

"စုထားအစ်မ။ သတိဆိုသာ ပိုသယ်မရှိဘူး။ လိုသာပဲရှိမယ်"

ထိုသို့ဖြေပြီးမှ မောင်ကောင်းစံအား ဆက်မေး၏။

"တို့ဗမာသခင်တွေကော၊ အားလုံး ထောင်ထဲမှာချည်းပဲလား"

"တို့ဗမာသခင်ပဲ အဖေရာ၊ သာလောက် ဘယ်မှာ အပါမတုန်း။ သခင်အောင်ဆန်း ခေါင်းဆောင်သဲ့ မြန်မာစစ်တပ်ကြီး ယိုးဒယား – မြန်မာ နယ်စပ်မှာ ရောက်နေပြီတဲ့ အဖေရေ့"

"ဟေ" ဆိုသံနှင့်အတူ ဘရွှေကျိုင်း ခါးဆန့်၏။

"ဟုတ်ပါသယ် အဖေခင်ဗျာ့။ အခုလောက်ဆိုရင် ရေး၊ မြိတ်၊ ထားဝယ်ကိုတောင် သိမ်းပြီးနေလောက်ပြီ"

ဘရွှေကျိုင်း ဝုန်းခနဲထသည်။ ထိုးကွင်းမြေစိုက်ကြီး မည်းခနဲ ပေါ်လာအောင် ခါးတောင်းကျိုက်သည်။ ဒူးတစ်ဖက် မြှောက်ထားကာ ဘယ်ဘက်လက်ဝါးဖြင့် ညာပခုံး၊ ညာလက်ဖြင့် ဘယ်လက်မောင်းကို တဖြောင်းဖြောင်းမြည်အောင် ရိုက်ခတ်လေသည်။

"ဒါ မြန်မာ၊ ဒါ ငါတို့မြန်မာကွ"

မျက်တွင်းထဲမှ မှုန်မွှားမွှား မျက်လုံးအစုံသည် နေနှစ်စင်းထွက်သည့် အလား တောက်ပလက်လျှံ၏။

"ငါတို့ မြန်မာတွေ ကောင်းစားတော့မပေါ့။ ငါတို့ စစ်တပ်ကြီး ချီလာပြီ။ ပန်းသပြေနဲ့ ညောင်ရေလောင်းဖို့ အသင့်ပြင်ထားကြ"

ဘရွှေကျိုင်း ရွှင်လန်းစွာ ရယ်မောသည်။

**ပုဂံစာအုပ်တိုက်**

"မြန်မာစစ်တပ်ကြီး ဘယ်မှာနေမှန်း မသိသေးဘူး။ မင့်အဖေကတော့ ပန်းသပြေနဲ့ ညောင်ရေလောင်းဖို့ အပြင်ခိုင်းနေပြီ။ သေကော သေချာရဲ့လား သားကြီးရာ"

ဒေါ်ရိုးလည်း ဝမ်းသာ၏။ ဝမ်းသာလွန်းသဖြင့် မျက်ရည်လည်၏။ သူကြားသောသတင်း သေချာစေချင်လွန်းသဖြင့် ငိုသံကြီးနှင့်မေး၏။

"သေချာပါသယ် ဒွေးကြီးခင်ဗျာ။ အခုပြောသာက သေချာလို့ ပြောသာပါ။ မသေချာလို့ ကျွန်တော် ချန်ထားသာတွေတောင် ရှိသေးသ ခင်ဗျာ"

"ဘာတွေများလည်း ကိုယ့်လူရ၊ လုပ်စမ်းပါဦး"

ကိုခင်မောင်တင့်မှာလည်း ဝမ်းသာနေသူဖြစ်ရကား အသံ တုန်ယင်နေ၏။

"သခင်အောင်ဆန်းခေါင်းဆောင်သဲ့ မြန်မာစစ်တပ်ကြီး ရောက်လာသဲ့အခါ လူသူလက်နက်၊ နေရာထိုင်ခင်း၊ စားရေးရိက္ခာ အဆင်သင့်ဖြစ်အောင် စီမံထားဖို့အတွက် မြန်မာစစ်ဗိုလ်တချို့တောင် ကြိုတင်ပြီးရောက်နေကြပြီ တဲ့ဗျား"

"ကောင်းသကွာ၊ မင်္ဂလာရှိသဲ့ သတင်းပါကလား"

ဘရွှေကျိုင်းမှာ အတောမသတ် ဝမ်းသာနေသည်။

"ဟိုကောင်တွေ ငမိတ္တာတို့ ဆိုဆိုနေသဲ့ တေးချင်းလို 'တို့ခေတ်ကိုတော့ ရောက်ရမည်မှာ မလွဲပါ၊ တို့မြန်မာဟေ့ တို့မြန်မာ' ဆိုသာလို ပေါ့ကွာ၊ ငါတို့ မြန်မာတွေ ကံထပြီကွ။ ဇာတာစန်းလာဘ် တက်ပြီကွ"

"ကဲ ကဲ လူပါးတုန်း ခြေ၊ လက်၊ မျက်နှာ ဆေး။ ထမင်းစားရအောင်"

မဇလှ လာပြီး သတိပေးသဖြင့် မောင်ကောင်းစံ ထပြီး ရေချိုးသည်။ ရေချိုးရဲ့ရပါမည်လားဟု ဒေါ်ရိုးနှင့် ဒေါ်ဆယ်တို့ မြည်တွန်တောက်တီးနေခိုက်တွင် ထမင်းပွဲသို့ဝင်သည်။

သို့ရာတွင် မောင်ကောင်းစံမှာ ထမင်း ဖြောင့်ဖြောင့် မစားရပါ။

သခင်မိတ္တတို့ ဟင်းခွက်ကိုယ်စီကိုင်လျက် ရောက်လာပြန်သဖြင့် ရန်ကုန် ဖုံးကြဲပုံကိုပါ ပြန်လှန်ပြောပြရပြန်၏။

"နေပါဦး။ စောစောစီးစီးပြန်လာရင် အခုလို အပြန်မဆင်းရဲဘူး ဆိုသာ မင်း မတွေးမိဖူးလား"

"ဘယ်တွေးမိမတုန်း အစ်ကိုရာ။ ပြီးတော့"

ထမင်းဝါးရင်း စိုက်ကြည့်နေသော ဖအေအား ကွက်ခနဲ တစ်ချက် ကြည့်၏။ မလုံမလဲ ရယ်မောသေးသည်။

"ဖအေမှာဖြင့် သားကောလိပ်ကျောင်းသားကြီး တစ်ရပ်တစ်ကျေးမှာ မျက်နှာ မငယ်ပါစေနဲ့လို့ မှာသမျှငွေကို ရှာကြံပို့ရသယ်။ မင်းက အခု ပညာ မစုံခင်ကတည်းက ကြင်ယာရနေပြီပေါ့လေ"

"နိုးနိုးနိုး၊ မဟုတ်ရပါဘူး အဖေရာ။ အထင်တော် မလွဲလိုက်ပါနဲ့၊ အဖေ့သား သာလောက် မမိုက်ပါဘူး။ သာ့ထက်သာ မိုက်မှာပါ"

ဘရွှေကျိုင်းမှာ ရယ်ရအခက် စိတ်ဆိုးရအခက် ဖြစ်နေသည်။ သခင် မိတ္တတို့ကား သားအဖကိုကြည့်ပြီး ရယ်မောနေကြရ၏။

"သာဖြင့် ငါ့ကို ဘာပြုလို့ မလုံမလဲမျက်နှာနဲ့ ကြည့်ရသတုန်း"

"ကျောင်းပိတ်လိုက်ပြီ ဆိုကတည်းက ကျောင်းက အဆောင်မှာ မနေကြရတော့ဘူးအဖေရေ့။ အဲသာကြောင့် ပစ္စည်းပစ္စယတွေကို အသိ အိမ်မှာ အပ်ထားပြီး ယိုးဒယားနယ်စပ်ကိုသွားမယ်၊ သခင်အောင်ဆန်းတို့ တပ်ကို သွားမယ်ဆိုပြီး သူငယ်ချင်းတွေ လူစုကြသဗျာ့"

"အခု ဘာဖြစ်လို့"

"ချိန်းသဲ့လူတွေ၊ သူ့ငါစောင့်၊ ငါ့သူစောင့်ဖြစ်ပြီး မစောင့်နိုင်သဲ့လူတွေ ထွက်သွားကြရော။ ကျွန်တော်လည်း ကျန်ခဲ့သဲ့လူတွေကို လိုက်ရှာနေတုန်း ငုံစမ်းနေတုန်းမှာ ဝုန်းခနဲ ဖုံးကြဲသာနဲ့ တိုးတော့သာပဲအဖေရေ့"

"သည်တော့၊ ငါတို့ ဘာလုပ်ရမတုန်းကွာ"

"ကျွန်တော့် စိတ်ထင်ပြောရရင် စစ်ထဲလိုက်မယ့်လူတွေ စုထား။ ပုန်းလျှိုနေသဲ့ သခင်တွေနဲ့ အဆက်အသွယ်လုပ်ရင် ကျွန်တော်ပြောသာထက် တိတိကျကျပြောနိုင်မယ် ထင်သာပဲ"

"လက်နက်ကော လိုမလား"

"အဲသာတော့ ကျွန်တော်လည်း မသိဘူးအစ်ကို"

ထမင်းပွဲမှ မောင်ကောင်းစံ ထသဖြင့် အမေးအမြန်း ရပ်ဆိုင်းသွား၏။ ရှာလမ်းဆီမှ ကလေးငယ်တို့၏ ညောင်ပင်တစ္ဆေ ကစားသံကား တိုင်းပြည် ပျက်ပြီဟူသည်ကို အရေးမထားသည့်သဘောပင်။

# ၂

ရဲရဲတောက် တို့ဗမာပြည်၊ သတ္တိခဲတွေ၊ ရာဇဝင်တိုးလောက်အောင် စွမ်းပေ။ တို့တိုင်း တို့ပြည် လွတ်လပ်ရေးကို၊ အာဇာနည်သွေးနဲ့ အရိုးကိုကျေကျေ တို့ပြည်တို့မြေ။ ခေတ်ဆွေးကိုပြောင်းပြန် ခေတ်သစ်ကို စိမ် လွတ်လပ်ဖို့မိဋ္ဌာန်။

"ညီစေနော် တို့ရဲမော်၊ ချီတက်ကြစို့ တူပျော်ပျော်၊ ဘယ်ညာ ဘယ်ညာ"

တိုင်းလုံးကျော်နှင့် ကြံတိုင်းအောင်၊ ဖိုးသူတော်တို့၏ အသံများသည် ဘရွှေကျိုင်း၏ အိမ်အိုကြီးရှေ့တွင် ဆူညံနေ၏။

"ဟဲ့ လူကလေး။ အရင်တစ်ခါ ငါ့သားပြန်လာတုန်းက ပါလာသဲ့ ဘင်ဂျိုဟာ အခုလောက် မတိုဖူးလားလို့"

ဒေါ်ဆယ်သည် အိမ်ဘက်သို့ ဦးတည်လျှောက်လာရာက ဂရုတစိုက် ငုံ့ကြည့်ပြီး မေးလိုက်သည်။

"မှန်ပါသယ် ဒွေးကြီးခင်ဗျာ။ အရင်တစ်ခေါက်ပါလာသာ ဘင်ဂျိုပါ။

အခု တီးနေသာက ဘင်ဂျိုမဟုတ်ဘူးခင်ဗျာ။ မယ်ဒလင်ပါ"

မယ်ဒလင်သံသည် ဘင်ဂျိုသံနှယ် မပြင်းထန်သည့်အတွက် နားစွင့်ထားလျှင် အဝေးမှအသံများကို ကြားနိုင်၏။ ထို့အပြင် မောင်ကောင်းစံ တီးသည့် တေးချင်းကိုလည်း ဘရွှေကျိုင်း ကြိုက်၏။ သူ့မြေးတွေ ဘယ်ညာ နင်းသည်ကိုလည်း ကြည့်မည်းဖြစ်သဖြင့် မတားမြစ်။

အင်္ဂလိပ်ကို မုန်းတီးစိတ်ဖြင့် တိုင်းပြည်ပျက်စေချင်ခဲ့ကြ၏။ ယခု တိုင်းပြည်ကြီး ပျက်ခဲ့ပြီ။

မြစ်ရိုးသို့ထွက်ကြည့်လျှင် ဧရာဝတီမြစ်ကို ဆန်တက်သော သင်္ဘော တိုင်း၌ လူတွေ အပြည့်အသိပ်ပါ၏။ စုန်ဆင်းသောသင်္ဘောလည်း နည်းပါးသည်။ အစုန်သင်္ဘော အနည်းငယ်တွင်လည်း ခရီးသည်နည်းပါး၏။

သွေးသောက်စုရွာတွင် တံခါးပေါက်တိုင်း၌ ကင်းချထားရပြီ။ အိမ်ထောင်ဦးစီးတိုင်းလည်း နားတစွင့်စွင့် နေကြရပြီ။ ရွာတွင် သူကြီး ရှိသေးသော်လည်း မိုးနတ်ကုန်းတွင် ပုလိပ်ဂတ် မရှိပြီ။ မြောက်အရပ်မှ ဖောင်းခနဲ၊ အရှေ့အရပ်မှ ဒိုင်းခနဲ အသံများကိုလည်း သုံးလေးညခြား၊ ကျယ်ကျယ်တစ်လီ သဲ့သဲ့တစ်ဝ ကြားကြရပြီ။

"တပ်တော်ဦးဆီ မျှော်လိုက်ပြန်တော့ ရဲတံခွန်တွေ လေကစား ကြွား တလူလူဝေ"

"ဟော့ လူလေး နားထောင်စမ်း၊ ဘယ်သူတုန်း"

ဘရွှေကျိုင်းသည် ပြောပြောဆိုဆို ဝင်းပေါက်ဝဘက်သို့ တုတ်မီးဖြင့် ထိုး၏။ ဖိုးသူတော်၏အဖေ ကျော်ညံသည် အိမ်ပေါ်မှဆင်းပြေးလာကာ "ဘယ်သူတုန်း" အော်ပြီး မေး၏။

"ကိုကျော်ညံ၊ ကျုပ်ပါဗျာ။ မင်းသားဆီလာတာပါ"

ကိုခင်မောင်တင့် ဖြစ်ပေသည်။ ဘရွှေကျိုင်းသည် သူ့နေရာတွင် သင်ဖျူးခင်းလိုက်ပြီး "ဆရာလေး ကြွပါ" ဖိတ်ခေါ်သည်။ မောင်ကောင်းစံမှာ

**ပုဂံစာအုပ်တိုက်**

ထလာပြီး မယ်ဒလင်ကို အိမ်တိုင်တွင် ချိတ်ထားလိုက်ရသည်။

"အချိန်မတော် မှောင်ကြီးမည်းကြီးမှာဗျာ"

"အချိန်မတော် မဟုတ်ပါဘူးကိုယ့်လူရာ။ ကိုးနာရီတောင် မထိုးသေးပါဘူး။ မှောင်ကြီးမည်းကြီးကတော့ တောရွာကိုးဗျာ့။ ခင်ဗျားတို့ ရန်ကုန်လိုတော့ တာဝတိံသာလား မယိုးမှားနိုင်ဘူး"

"ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ"

"ပြည်ကို ဖုံးကြဲသလိုလို သတင်းကြားလို့ ကျွန်တော် သွားချင်တယ်။ အမေတို့ကိုလည်း စိတ်မချ၊ ကျောင်းကိုလည်း စိတ်မချ"

"မိန်းမကိုလည်း စိတ်မချ"

"ကျွန်တော် သွားနေခိုက်မှာ ကျောင်းကိုပိတ်ထားခဲ့ရင် ကလေးတွေခမျာ စာသင်ပျက်မယ် ကိုယ့်လူရ"

"ကျွန်တော်က ခင်ဗျာ့ကျောင်းမှာ ဆရာလုပ်ရမယ်ပေါ့"

"ကိုယ့်လူရဲ့ ဗိုက်ထဲမှာ ပုဏ္ဏား ဘယ်နှစ်ယောက်ရှိသတုန်း"

"သလိုဆို တစ်လစာလခ ကြိုထုတ်ပေးခဲ့လေ"

"အဘရေ၊ ဆရာမလုပ်ခင်က လခတဲ့ဗျ"

"တာဝန်ယူလိုက်ပါ လူကလေးရာ။ မြို့ပေါ်ကျောင်းတွေ ပိတ်သာတောင် တို့မပိတ်ဘူးလို့ ပြောထားသာကလား။ ဟိုမှာက မိန်းမသားတွေချည်း မဟုတ်လား။ အရေးဟဲ့ဆိုရင် သားကို မျှော်ရှာမှာပါ။ သွားပါစေကွယ်၊ တာဝန်ယူလိုက်ပါ"

မောင်ကောင်းစံမှာ ကိုခင်မောင်တင့် တစ်ခွန်းစရုံဖြင့် အသင့်ဖြစ်နေခဲ့သည်။ သူသည် ခင်ခင်မြင့်တို့သားအမိကို တစ်ခါတည်းခေါ်လာခဲ့ရန် အကြံပေးချင်သည်။ သို့သော် မပေးရဲ။ သူ့နှမကို ကြိုက်နေမှန်း သူ့မောင်ရိပ်မိမည်ကို စိုးရိမ်သည်။ ထို့ပြင် ဝေးလံသောတောရွာသို့ ခေါ်လာခဲ့ရသည် အထိ အခြေအနေ မဆိုးရွားလျှင် မိမိစိတ်ထား ဘွားဘွားပေါ်ရာသည်။

**ပုဂံစာအုပ်တိုက်**

"စိတ်ချသာသွား၊ ကိုခင်မောင်တင့်။ အပြန်မှာ သင်္ဘောစီးဖို့ စိတ်မကူးနဲ့။ ကုန်းကြောင်းပြန်ရင်ပြန်၊ မပြန်ရင် လေ့ငှားခဲ့"

ကိုခင်မောင်တင့် ပြန်သွားချိန်တွင် ကလေးနှစ်ယောက်မှာ သူ့မိဘအိမ်သို့ ပြန်သွားကြပြီ။ တိုင်းလုံးကျော်လည်း ဒေါ်ဆယ့်နောက်သို့ ပါသွားပြီ။ မောင်ကောင်းစံမှာ မအိပ်ချင်သေးသဖြင့် မယ်ဒလင်ဆွဲကာ သင်္ဘောပင်အောက်သို့ လာထိုင်သည်။ လက်သံစမ်းရင်း "ဘာတီးရပ့်" တေးချင်းရွေးနေစဉ် မိတ္တာ မှောင်ရိပ်ခိုပြီးရောက်လာသည်။ တီးတိုးပြောသည်။

"ဗဟုသုတဖြစ်အောင ...ါခဲ့ပါလားကွ"

"ခင်ဗျာ့ဟာက အရင်းမရှိ အဖျားမရှိ၊ ဘယ်လိုက်ရမှာတုန်း။ မိန်းမခိုးဖို့လား"

"တစ်သက်နဲ့တစ်ကိုယ် မြင်ရခဲသဲ့ဟာ မြင်ရမယ်ကွာ။ အဆင်သင့်ရင် သေနတ်ကလေး ဘာကလေး"

စကားဆုံးအောင် မစောင့်။ မယ်ဒလင်ကို မှန်ခုံတိုင်တွင် သွားချိတ်ရာက "အဖေရေ။ ကျွန်တော် အစ်ကိုနဲ့ လိုက်သွားဦးမယ်" ပြောသည်။ ဘရွှေကျိုင်းသည် ပုတီးစိပ်ရန် ပြင်ဆင်နေသဖြင့် လှည့်မကြည့်အား။ "သိပ်ညဥ့်မနက်ပေစေနဲ့ လူကလေး" ဟုသာ မှာသည်။

ကင်းတဲတွင်ကင်းသမားတွေ ရောက်နေကြပြီ။ စောသေးသောကြောင့် တံခါးမပိတ်သေးဘြား၊ စေ့ထားပြီ။ တံခါးဦးနှင့် မြေကြီး ငြိနေသော တံခါးရွက်ကို ကိုမိတ္တာနှင့် မောင်ကောင်းစံတို့ အတင်းဖြဲပြီး တိုးထွက်ခဲ့ကြသည်။

လရောင်မရှိပါ။ ကြယ်လည်း ရှိပါလျက်နှင့် မှုန်မှေးလွန်းသည်။ အတန်သွားမိလျှင် သူတို့အား လူလေးယောက် စောင့်ဆိုင်းနေကြသည်။ စံပွင့်၊ ကံတင့်နှင့် ထွန်းပြည့်၊ ငွေခဲတို့ဖြစ်ကြသည်။

သူတို့တွင် တုတ်မီးပါသော်လည်း မထိုးပါ။ မောင်ကောင်းစံကို အလယ်မှာထားပြီး ရှေ့နောက်တန်းစီလျက် သုတ်သုတ်လျှောက်ကြသည်။

## ပုဂံစာအုပ်တိုက်

လှည်းလမ်းအတိုင်း သွားသည့်အခါသွား၍၊ ဖြတ်လမ်း လူသွားလမ်းအတိုင်း သွားသည့်အခါ သွားသည်။ လယ်ကွင်းတွေကိုဖြတ်လိုက်၊ ယာပျက်တွေ ကျော်လိုက်ဖြင့် နာရီဝက်ခန့်ကြာချိန်ဝယ် ကျောက်ခင်းလမ်း၊ တာလမ်း ခြေသို့ ဆိုက်ရောက်လေ၏။

"ယုန်လိုက်မလို့လား အစ်ကို"

"မဟုတ်ပါဘူးကွာ။ ချောင်းမဆိုးနဲ့၊ စကားမပြောနဲ့၊ ငြိမ်ငြိမ်နေ"

ကိုမိတ္တသည် ပြောပြောဆိုဆို တာလမ်းပေါ်သို့တက်သွားသည်။ သူ ပြန်ဆင်းလာပြီး မကြာမီ မောင်ကောင်းစံတို့ ထိုင်နေသည့် မြေကြီးပါ တုန်လာသည်။ မပီမသအသံများ။ ထို့နောက် အလင်းရောင်တန်းကြီး၊ ကျယ်လောင်သော စက်ခုတ်မောင်းသံကြီးတွေ၊ နီးသည်ထက် နီးကပ်လာလေ၏။

မဂ္ဂဇင်းများထဲနှင့် ရုပ်ရှင်ထဲတွင်သာ မောင်ကောင်းစံမြင်ဖူးသော သံဘီးကို ချိန်းကြိုးပတ်ထားသည့် ကားကြီးတွေ ဆူညံစွာအော်ဟစ်လျက် ဖြတ်သန်းသွားသည်။ ထို့နောက် ချိန်းကြိုးမပါသော ကားတွေ။ သည် အပေါ်မှာ လူတွေပါသွားသည်ကို သူ့မီးရောင်ဖြင့်ပင် မထင်မရှားမြင်ရသည်။

ဖုန်လုံးကြီး ငြိမ်သက်၏။ ကြယ်ရောင် ပြန်လည်ပေါ်လာ၏။ မြေပိုး မြွေများတို့၏ အသံများလည်း ဟိုနားက စီခနဲ၊ သည်နားက ကျီခနဲ ပြန်လည် ထွက်ပေါ်လာ၏။ ကိုမိတ္တတို့သည် လမ်း၏ အစုန်ဘက်သို့ တိတ်ဆိတ်စွာ ကြည့်နေကြ၏။

၁၅ မိနစ်ခန့် ကြာသွား၏။

မောင်ကောင်းစံ သမ်းဝေ၏။ ကိုမိတ္တသည် တာခြေသို့သွားကာ ဘာပေါင်နှင့် နားနှင့်ကပ်ပြီး နားထောင်ပြီး၊ ပြန်ပြေးလာ၏။ "လာနေပြီဟေ့၊ အများကြီးပဲ" ဝမ်းသာသံဖြင့်ပြောသည်။

နောက်ထပ် ငါးမိနစ်ကြာသွားပြန်သည်။

ညဥ့်၏ တိတ်ငြိမ်မှုသည် တစ်စတစ်စပြိုကွဲ၏။

## ပုဂံစာအုပ်တိုက်

အသံတစ်သံ။ တစ်ချက်ချင်းထွက်ပေါ်လာသောအသံ။ တဖြည်းဖြည်းကျယ်လောင်လာ၏။ ခြေထောက်ပေါင်းများစွာ၏ ဖိနပ်သံခွာသည် ကျောက်လမ်းပေါ်သို့ ပြိုင်တူနင်းကာ လျှောက်လှမ်းလာသံဖြစ်၏။ ကြီးမားသောစစ်တပ်ကြီးကို မောင်ကောင်းစံ၏ တစ်သက်တွင် သည်တစ်ကြိမ်သာ မြင်ဖူး၏။

သုံးယောက်တန်းစစ်သားများ ကုန်ဆုံးအောင် ကြာမြင့်စွာ စောင့်ရ၏။ မောင်ကောင်းစံ ငိုက်မျဉ်းသည်။ သို့သော် မျက်လုံးကျယ်လာသည်။ တစ်ညီတည်း တစ်သံတည်းမဟုတ်သော ပြောက်သောက်အသံများကြောင့်ဖြစ်သည်။

ခြေသံများ ဝေး၍ ဝေး၍ သွားပြီ။

"ပြန်ကြပါစို့ဗျာ"

"ဟာ ဟေ့ကောင်၊ ပါးစပ်ပိတ် ငြိမ်ငြိမ်နေစမ်း"

သားကောင်ကိုချောင်းသော ကျားသည် ချုံစပ်မှာ တရွေ့ရွေ့တိုးသွားသည့်နည်းတူ မိတ္တတို့လည်း တာခြေသို့ တရွေ့ရွေ့ ကပ်သွားကြသည်။ မောင်ကောင်းစံကျန်နေခဲ့ရာက စူးစိုက်ကြည့်သည်။ တာပေါ်တွင် လူမကုန်သေးပါ။ တရွေ့ရွေ့ တနဲ့နဲ့ လာနေသူများ ရှိသည်။ နှစ်ယောက်တစ်တွဲတစ်စု၊ နောက်ခပ်ကျကျ၌ တစ်ယောက်တည်းနှစ်စု။

မိတ္တတို့သည် နောက်ဆုံးလူကို နောက်မှ ဝင်ဖမ်းသည်။ ပါးစပ်ပိတ်ပြီး တာဘေးချုံထဲသို့ ဆွဲချသည်။ ထို့နောက် နောက်တစ်ယောက်၏နောက်သို့ တိတ်တဆိတ်ကပ်လိုက်သွားပြန်ကာ ပထမလူနည်းတူ လုပ်သည်။

မောင်ကောင်းစံ ထိုင်ကြည့်မနေသာပြီ။ ပြေးကူရသည်။ ကျားလေးကောင်သည် သားကောင်နှစ်ကောင်ထံမှ ခဲယမ်းမီးကျောက်ကိုသာ ယူသည်မဟုတ်၊ အဝတ်ပါ ချွတ်ယူကြသည်။

"ပါးစပ်ကို လုံအောင်စည်းဟေ့၊ ဟာ ရှုပ်ပါသယ်ကွာ"

"ဟေ့ ဟေ့၊ လာနေပြန်ပြီဟ"

## ပုဂံစာအုပ်တိုက်

မိတ္တတို့ ငြိမ်သက်သွားပြန်သည်။

လာနေသူများမှာ သုံးယောက်ဖြစ်သည်။ သွက်လက်ဖျတ်လတ်ခြင်း မရှိ။ တလှုပ်လှုပ် တနဲ့နဲ့ဖြစ်သည်။

မိတ္တတို့လေးယောက် တာပေါ်သို့တက်သွားသည်။ အတန်ကြာမှ ပြန်လာကြသည်။ ထိုအခါတွင် မောင်ကောင်းစံ အသံမထွက်၍ မဖြစ်ပြီ။

"အစ်ကို အစ်ကို။သည်ကောင်တွေကိုသတ်ပြီး သည်အတိုင်းပစ်ထား ခဲ့လို့ သူတို့လူ ပျောက်သယ်ဆိုပြီး လိုက်ရှာသဲ့အဖွဲ့က တွေ့သွားရင် ခက်မယ်နော်။ နီးရာရွာကို မဲမှာဗျ"

"သည်ကောင်တွေ နောက်ကြောင်းမပြန်ရဲဘူးငါ့ညီ စိတ်ချ။ရွှေတောင် တိုက်ပွဲမှာ ခွေးရှူး ဝက်ရူး ရူးလို့ ကြောက်ချေးပန်းပြီး ပြေးလာသာ"

"ပြည်နားက ရွှေတောင်မှာ"

"အေး၊ ဟော လာပြန်ပြီဟေ့၊ တိတ်တိတ်နေ"

လမ်း၏အစုန်ဘက်သို့ ကိုမိတ္တ လှမ်းကြည့်ရင်း ပြောသည်။ မောင် ကောင်းစံလည်း လှမ်းကြည့်၏။ခင်ခင်မြင့်ပါတကား။ခင်ခင်မြင့်၏ဝင်းပသော မျက်နှာကလေးသည် ထင်းထင်းကြီးပေါ်နေ၏။

မိမိ ငိုက်မျဉ်းနေပါကလားဟု မောင်ကောင်းစံ သတိထားမိသည်။ မျက်တောင်ခတ်ပြီး တာပေါ်သို့ ဂရုတစိုက်ကြည့်သည်။ လူနှစ်ယောက်ကို မသဲမကွဲမြင်ရသည်။ ထိုသူများကို ပါးစပ်ပိတ်လျက် ချုပ်နှောင်ဆွဲချကြသည်။

ပိန်ချုံးပေကျံနေသော စစ်သားများသည် ကိုမိတ္တအား ဆလံပေး၏။ အသနားခံဟန်တူသော စကားကိုလည်းပြော၏။

"သနားပါသယ် အစ်ကိုရာ။ သေနတ်နဲ့ ကျည်ဆန်ရ တော်ရောပေါ့၊ မသတ်ပါနဲ့"

မောင်ကောင်းစံ ကြားဝင်တောင်းပန်၏။

"ငါ့အဖေ ဦးကျားမနိုင်ကိုသတ်သာ သင်းတို့ကွ။ ငါ့ဘကြီးဦးသိုင်း၊

ငါ့ဘကြီးဦးလှိုင်းကိုသတ်သာ သင်းတို့ကွ။ ဘာပြုလို့ သနားရမှာတုန်း"

"သူတို့က စားစရာမရှိလို့ အင်္ဂလိပ်ဆီမှာ ကျွန်ခံရသူတွေပါဗျာ"

မောင်ကောင်းစံ၏စကားမှာ မထိရောက်ပါ။ မထိရောက်သော ကြောင့်လည်း မျက်နှာလွှဲကာ နောက်ဆုတ်နေလိုက်ရသည်။ ရက်စက် ကြမ်းကြုတ်သော သည်အပြုအမူကို မောင်ကောင်းစံ မကြိုက်ပါ။ မကြိုက် သော်ငြား မိမိတို့လူမျိုး၏ အေးချမ်းယဉ်ကျေးသောဘဝကို ဖျက်ဆီးသူမှာ သင်းတို့။ မိမိတို့၏ ဘာသာ သာသနာကိုချေမှုန်းသူမှာ သူတို့ဟု အသိ သွင်းလိုက်သောအခါ စိတ်မချမ်းသာမှု လျော့ပါး၏။

ထိုညက မောင်ကောင်းစံသည် လင်းကြက်တွန်မှ အိမ်သို့ပြန်ရောက်၏။ ထိုအချိန်တွင် ဘရွှေကျိုင်း နိုးနေပြီ။

"လူကလေးရာ၊ မင့်ခဏကလည်း တုံးကြီးတောင် ခေါက်ခါနီးပါ ပကောကွ။ မိဘစကားကို မရိုသေရင် ဒုက္ခရောက်တတ်သယ်"

"ရိုသေပါသယ် အဖေရာ"

မောင်ကောင်းစံသည် ဖအေ့အနားသို့ ကပ်သွားသည်။ ပခုံးကိုဖက်ပြီး နားနားသို့ကပ်ကာ ပြောပြသည်။ ဘရွှေကျိုင်း ငြိမ်ကျသွားသည်။ သာမန် အချိန်ဖြစ်ပါမူ ကောင်းသကွာ သိပ်ကောင်းဟု ဝမ်းခေါင်းသံကြီးဖြင့် ချီးကျူး ကောင်း ချီးကျူးလိမ့်မည်။ ယခုမူ ပရိတ်မေတ္တာ ဘာဝနာပွားချိန် ဖြစ်နေသဖြင့် မည်သည့်အသံမျှ ပေါ်မလာခဲ့ချေ။

မောင်ကောင်းစံမှာ ရတ်တရက်အိပ်မပျော်။ ရွှေတောင်တွင် ပြင်းထန်သော တိုက်ပွဲကြီးဖြစ်သည်ဆိုသောကြောင့် ခင်ခင်မြင့်တို့သားအမိတစ်တွေအတွက် တွေးတောပူပန်သည်။ တိုက်ပွဲသည် ပြည်မြို့အထိ ကူးစက်လာသလော။ ကိုခင်မောင်တင့်မရောက်မီ ဖြစ်ပွားသလော။ ရောက်ပြီးမှ ဖြစ်ပွားသလော။

ကိုခင်မောင်တင့် ရောက်မသွားမီ ဖြစ်ပွားသည်ဆိုပါက ခင်ခင်မြင့်တို့ သားအမိ မည်မျှကြောက်ရွံ့ကြမည်နည်း။ ကြောက်လန့်တကြားဖြင့် ခြေဦး

တည့်ရာသို့ ထွက်ပြေးကြသော် ကိုခင်မောင်တင့်နှင့်မှ တွေ့ပါမည်လော။

ခြေထောက်ကိုဆွဲရမ်းခံရသဖြင့် မောင်ကောင်းစံ မျက်လုံးဖွင့်ကြည့်၏။ ဖွင့်၍မရအောင် ကျိန်းစပ်နေ၏။ သို့ရာတွင် 'ကျောင်းတက်ရဦးမှာပါကလား' အသိဝင်သဖြင့် အားတင်းကာ ထထိုင်၏။ ခြေထောက်ကို ဆွဲသူမှာ တိုင်းလုံးကျော်။

"ပါးစပ်နဲ့ နိုးမှပေါ့ ညီညီရဲ့။ ဒါမှမဟုတ် ပုတ်နိုးလည်း ရသားနဲ့"

"အိုဗျာ၊ ကာလနဂါးနဲ့ အအိပ်ကြီးသာ ပြိုင်နေသဲ့လူကို ပါးစပ်နဲ့ နိုးလို့ အဖေလည်း အမောဆို့နေပြီ"

"မင်းသာ လယ်လုပ်မယ်၊ ယာလုပ်မယ်ဆိုရင် ငတ်မှာပဲဟေ့"

ကိုမိတ္တ၏အသံဖြစ်သည်။ သူသည် အိမ်ရှေ့ရှိ မြင်းခုံတန်းလျား ပေါ်တွင် အဖေနှင့်အတူ ရေနွေးကြမ်းသောက်နေသည်။ ဘရွှေကျိုင်းမှာ မြေး တူမ၊ မြေးတူနှင့် တူများ၊ တူမများ၊ မယားမျိုးများ၏ ပေးစာကမ်းစာကို စားနေရသူဖြစ်ငြား သူ၏ရေနွေးကြမ်းဝိုင်းမှာ ခမ်းနားသည်။ ပန်းကန်ယံဖြင့် စားတော်ပဲ၊ ဇလုံကြီးဖြင့် ပြောင်းဖူးစေ့။

"ထကွာ၊ မျက်နှာသစ်ကွာ။ စားသောက်ပြီး မြစ်ရိုးဘက် လျှောက်ရ အောင်"

"မလိုက်နိုင်ဘူးလေဗျာ၊ ကျောင်းတက်ရဦးမှာ"

ဘရွှေကျိုင်းမှု ပြုံးရုံသာ ပြုံးနေသည်။ ကိုမိတ္တကား မြုံမနေ။ "မင့်ကျောင်းက အဖိတ်နေ့ ပိတ်သမှတ်လား" မေး၏။

"ဟုတ်လား။ စနေ၊ တနင်္ဂနွေ အရိုးစွဲနေတော့ အဖိတ် ဥပုသ် သတိ မထားမိဘူး။ သြော် ကျွန်ကျင့်၊ ကျွန်ဓလေ့ ဘယ်တော့များမှ ပျောက်ပါ့"

မျက်နှာသစ်ရင်း မြည်ရွတ်ရာကာ မသေချာသဖြင့် ဖိုးသူတော်နှင့် ကြံတိုင်းအောင်ထံ လှမ်းမေးရသေး၏။ သူတို့က ထောက်ခံမှ မောင်ကောင်းစံ ဒိတ်အေး၏။

**ပုဂံစာအုပ်တိုက်**

"အဘရေ၊ ရွှေတောင်ဘက်မှာ အကြီးအကျယ် ဆော်နေသတဲ့ဗျို့"

အသံပေးလျက်ဝင်လာသူမှာ ချစ်ဖေဖြစ်သည်။ သည်ရေနွေးကြမ်းဝိုင်းတွင် လူစုံကြောင်း၊ စားစရာလည်း ရှိတတ်ကြောင်းပါသိသဖြင့် ဝင်လာခြင်းဖြစ်သည်။

"ဂျပန်တွေနဲ့ မြန်မာတွေက တစ်ဖက်၊ အင်္ဂလိပ်တွေက တစ်ဖက် ချကြသာ အင်္ဂလိပ် ရှုံးသွားသတဲ့"

"အင်္ဂလိပ်တွေ သေသယ်ဆိုသာ သုဘာသိတဝါစာကွ။ လာဟေ့၊ သောက်ကွာ။ ပြောင်းဖူးစေ့ပြုတ်၊ ပဲတော်ပြုတ်"

"ပဲတော်ပြုတ်ကို အဘပဲစားပါ။ ကျုပ်က ပြောင်းဖူးပဲစားပါမယ်"

ပြောပြောဆိုဆို တစ်ဖွန်း ကော်ခွဲ့ပြီး မိန့်မိန့်ကြီးဝင်ထိုင်၏။

"ဆက်ပါဦးကွ ရွှေတောင်တိုက်ပွဲ"

"မြန်မာတပ်နဲ့ ဂျပန်တပ်တွေတက်လာရာမှာ အင်္ဂလိပ်တပ်တွေက သံချပ်ကားတွေနဲ့ ပုန်းနေရာက ထွက်တိုက်သာတဲ့။ ဂျပန်တွေ သေသာပေါ့။ အဲသည်တွင် မြန်မာစစ်သားတွေက ဗုံးတွေကို ကိုယ်မှာချည်ပြီး သစ်ပင်ပေါ် တက်၊ သံချပ်ကားပေါ် ခုန်ချတော့မှ ပေါက်ကွဲပျက်စီးပြီး အင်္ဂလိပ်တွေ ထွက်ပြေးသာဗျ"

"သာတွင်ဘယ်ကဦးမတုန်း။ ကိုယ်မှာ လက်ပစ်ဗုံးတွေချည်ပြီး အင်္ဂလိပ်စစ်ကားတွေရှေ့မှာ လှဲအိပ်သာလည်း မြန်မာစစ်သားတွေပဲတဲ့"

အသံနှင့် ပြိုင်တူရောက်လာသူမှာ လွန်းမောင်ဖြစ်သည်။ သူကပင် ဆက်လက်၍ "အဲသည်မှာ တပ်ထိပ်က ဗိုလ်ရန်နိုင် ပါသတဲ့" ဟု ပြော၏။

"ဗိုလ်ရန်နိုင်ဆို မြန်မာဖြစ်မှာပေါ့" ဟု ကိုမိတ္တက ဖြည့်စွက်၏။

"ဟုတ်သယ်။ တက်ကြတက်ကြဆိုပြီး အမိန့်ပေးနေသာကို အင်္ဂလိပ်တွေက သေနတ်နဲ့ဝိုင်းပစ်သာ မိးမကူးတဲ့ဗျား"

"ဧကန္တ အံ့ပွားပါရမယ်ကွ"

ချစ်ဖေ၏ ထင်မြင်ချက်။

ထိုအခါတွင် ဘရွှေကျိုင်းသည် ဝိုင်းပေါက်ဝဘက်သို့ ငေးကြည့်နေရာက လေးလေးကြီးပြော၏။

"ငါတို့ပြည်ကို သင်းတို့ မတရားတိုက်ခိုက် သိမ်းပိုက်လုယက်တုန်းက လက်နက်သာသဲ့အတွက် သင်းတို့ မိုးကောင်းခဲ့သပေါ့ကွာ။ အေး၊ သို့သော်လည်း မိုးဆိုသာ ဘယ်မှာ အမြဲကောင်းပါမတုန်း။ သင်းတို့ မိုးကောင်းတုန်းက ရွာခဲ့သလို၊ ငါတို့ မိုးကောင်းသဲ့ အလှည့်မှာလည်း ငါတို့ ရွာရမှာပေါ့ကွာ။ ငါတို့ခေတ် ရောက်ပြီကွ"

အသံသြကြီးဖြင့် ဘရွှေကျိုင်း ရယ်မောငြား ကျန်လူများ မရယ်နိုင်ကြ။ ဘရွှေကျိုင်း၏ရယ်မောသံမှာ ရယ်မောသံနှင့်မတူ၊ ကြောက်မက်ဖွယ်အသံကြီးဖြစ်နေသောကြောင့်ပေတည်း။

"အဖေ၊ ကျွန်တော် လိုက်သွားရမလား"

လှေကားရင်းမှ မောင်ကောင်းစံ၏ မေးသံကြားသဖြင့် ဘရွှေကျိုင်း လှမ်းကြည့်သည်။ တမင်းကြမ်းစားပြီးသဖြင့် အပြေးအလွှားဆင်းလာသည့် မောင်ကောင်းစံ၏ဘေးတွင် ကိုမိတ္တရောက်နေသည်။

"ကိုယ့်ရပ်ကိုယ့်ရွာ ဘယ်နားဘာရှိသယ်၊ ဘယ်လမ်းဘယ်ရောက်သယ် သိရသာပေါ့ကွာ။ နေမပူစေနဲ့ဟေ့"

"ဟုတ်ကဲ့ ဟုတ်ကဲ့" ဆိုကာ ခမောက်တစ်လုံးကို မောင်ကောင်းစံ လှမ်းဆွဲသည်။ "ကောလိပ်ကျောင်းသားက ကာဖိမသောက်ဘဲ ထမင်းကြမ်းစားရသလားဟလူရ" ချစ်ဖေမေးသံကိုမူ မဖြေနိုင်တော့ပေ။

သွေးသောက်စုချောင်းသည် သွေးသောက်စုရွာကို ရစ်ခွေစီးဆင်းလာပြီးနောက် ဧရာဝတီမြစ်အတွင်းသို့စီးဝင်၏။ချောင်းထဲတွင် ရေစပ်စပ်သာရှိ၏။ မောင်ကောင်းစံသည် သခင်မိတ္တ ဦးဆောင်သည့်နောက်သို့ ဖြတ်လမ်းအတိုင်း ဟိုဝင်သည်ထွက် လိုက်လာခဲ့သည်။

## ပုဂံစာအုပ်တိုက်

ဆယ်မိနစ်အတွင်း၌ ဧရာဝတီမြစ်ကို စီးမြင်ရပြီ။ ချောင်းအတိုင်း မြောင်ပြီး လိုက်လာခဲ့ကြရာ မြစ်ဘေးလမ်းသို့ ရောက်လာကြသည်။ လှည်းလမ်းကြောင်းများသည် လမ်းရာနက်တိုင်း အသစ်မောင်းသဖြင့် ရှုပ်ယှက်ခတ်နေချေသည်။

ချောင်းထိပ်၌ ခနော်နီခနော်နဲ့ ဇရပ်တစ်ဆောင်ရှိသည်။ ချောင်းထဲ၌ ဝါဖောင်များဆိုက်နေချိန်ဖြစ်သည့်အတွက် ငါးပေါင်းကြော်ဖို တစ်ဖိုလည်း ဇရပ်ရိပ်ကိုခိုလျက် ရောက်ရှိနေသည်။

ဇရပ်ပေါ်တွင် လူသုံးလေးယောက် ထိုင်နေကြသည်။ မောင်ကောင်းစံလည်း ကိုမိတ္တဝင်ထိုင်သဖြင့် ခါးပန်းမှ နောက်ပြန်လျှောတက်ပြီး ထိုင်သည်။ မြစ်အောက်ဘက်ကမ်းစပ်အတိုင်း လူသုံးယောက်လာနေသည်။ ခြေလှမ်းလှမ်းလိုက်တိုင်း ဖုန်များထလာကာ မြစ်ဘက်သို့လွင့်သွားသည်။

"အစ်ကိုရေ၊ စစ်သားတွေနဲ့ တူသဗျာ"

"အေးကွ။ မြစ်ကို ညာဘက်ကထားပြီး ဆုတ်တော့ လမ်းမမှားဘူး ပေါ့ကွာ"

ကိုမိတ္တ အသံခပ်အုပ်အုပ်ဖြင့်ပြောနေစဉ် မောင်ကောင်းစံက အလျင်ရောက်နေနှင့်သူများကို အကဲခတ်၏။ ထိုသူများလည်း တီးတိုးပြောနေကြ၏။

ကပြားဟုထင်ရသူတစ်ယောက်နှင့် ကုလားစစ်သားနှစ်ယောက်သည် ဇရပ်ရိပ်သို့ ဝင်လာကြ၏။ ပခုံးမှသေနတ်ကို ပစ်ချသည်။ ကိုယ်ကိုလည်း ဇရပ်ကြမ်းပြင်ပေါ်သို့ ပစ်လှဲချလိုက်ကြလေ၏။

အကြော်သည်လင်မယားသည် ငါးပေါင်းကြော် သုံးချပ်ယူလာပြီး စစ်သားများကို ပေး၏။ ကပြားဟုထင်ရသူ ထထိုင်ကာ ခေါင်းခါပြသည်။ ထို့နောက် သူ့တွင်ပါလာသည့် ရေဘူးကို ဖွင့်သောက်သည်။

"ကျွန်တော် စကားနည်းနည်း ပြောကြည့်ချေမယ်"

မောင်ကောင်းစံ ဇရပ်ပေါ်မှာ လျှောချသဖြင့် ကိုမိတ္တက ဆွဲထား၏။

## ပုဂံစာအုပ်တိုက်

"နေပေစေ၊ တော်ကြာ ရှာထဲလိုက်လာဦးမယ်" အသံနိမ့်ပြီးပြောသည်။ ထိုစစ်သားများသည် ငါးမိနစ်မျှသာနားနေကာ မြစ်ညာဘက်သို့ ဆက်လက်ထွက်ခွာသွားကြသည်။ မောင်ကောင်းစံတို့အလျင် ရောက်နှင့်နေသူများထဲမှ လူနှစ်ယောက်လည်း မလှမ်းမကမ်းမှ လိုက်ပါသွားကြ၏။ ထိုအခါ မောင်ကောင်းစံ တီးတိုးကပ်ပြော၏။

"အဲသည်လူနှစ်ယောက်ရဲ့ မျက်လုံးတွေ ကြည့်ပုံရှုပုံ မရိုးဘူးဗျာ"

"ကုလားတွေဆီကသေနတ်ကို ရိုက်လုမလို့လား၊သတ်လုမလို့လား။ ဝယ်မလို့လား တစ်ခုခုလုပ်မလို့ ဖြစ်မှာပေါ့ကွာ"

ဟိုဘက်ကမ်းတွင် ဆွမ်းခံလှေတစ်စင်းကိုလှမ်းမြင်ရသည်။ နံနက်ခင်းမြစ်ပြင်သည် စိန်စီသော ခရောင်းတောအလား လှိုင်းကြက်ခွပ်ပြေးနေသည်။ မောင်ကောင်းစံသည် လှေငယ်ကို ငေးကြည့်နေရာက "လွန်ချိကျွန်းဘက်သွားကြရင် မကောင်းဖူးလား" မေး၏။

"သွားသာပေါ့။ နေဦး၊ ဟိုမှာ လူတစ်ယောက်ကွ၊ ကုလားစစ်သားပဲထင်သယ်"

ကိုမိတ္တ လည်ပင်းရှည်ကြည့်သည့်ဘက်တွင် လေတဖြူးဖြူး ဖုန်တဝေ့ဝေ့ဖြင့် လူတစ်ယောက် လာနေသည်။ ဟုတ်ပါသည်။ ကုလားစစ်သားဖြစ်သည်။ သူ့တွင် ယူနီဖောင်းမှအပ အပိုပစ္စည်းဟူ၍ တုတ်တစ်ချောင်းသာပါသည်။ တုတ်ထောက်ပြီး လှုပ်လှုပ်လှုပ်လှုပ်ဖြင့် ဇရပ်ထဲဝင်လာ၏။

ကုလားစစ်သားသည် ဧရာဝတီမြစ်ကြီးကို ဘေးမှာထား၍ လျှောက်လာပါလျက် ရေငတ်နေသည်။ မောင်ကောင်းစံတို့အလျင် ရောက်နေနှင့်သူများ၏ ရှေ့သို့ သွားရပ်သည်။ အသနားခံသောမျက်နှာဖြင့် ရေနွေးခရားကို လက်ညှိုးထိုးပြသည်။

"ရေနွေးသောက်ချင်လို့လား"

ထိုင်နေသူတစ်ယောက်က ခရားကိုမြှောက်ပြပြီး မေး၏။ ကုလား ခေါင်း

ညိတ်ပြလျှင် အကြမ်းပန်းကန်ဖြင့် ထည့်ပေးသည်။ ထိုအချိန်တွင် ငါးပေါင်းကြော်ဖိုမှ အကြော်သည်လည်း ရောက်လာပြန်သည်။ ငါးပေါင်းကြော် သုံးခုရေးနည်းတူ ပေးပြန်သည်။

"ကျေးဇူးတင်ဒဲ"

ထိုင်နေသူများ ဝိုင်းဝန်းရယ်မောကြ၏။ ကုလားစစ်သားသည် ဇရပ်ပေါ်တက်ထိုင်ကာ ငါးပေါင်းကြော်သုံးခုကို နွားငတ်ရေကျစားလေ၏။

"မြန်မာ မြန်မာ၊ တယ်လည်း သဘောကောင်း၊ တယ်လည်း ကြင်နာတတ်ပါကလား။ အဲသာကြောင့်လည်း ကျွန်ဖြစ်ခဲ့သာပဲ။ ကျွန်ဖြစ်သာ သတိမရသေးဘူး၊ ဆက်ပြီး သဘောကောင်းပြန်တော့ မြန်မာမတွေကုလားမယားဖြစ်ကုန်သာပေါ့"

သခင်မိတ္တသည် ကုလားစစ်သား၏ လှုပ်ရှားနေသော မုတ်ဆိတ်မွေးတောကို စိုက်ကြည့်ရင်း ညည်းတွား၏။

"ငါတို့ရဲ့ ဘုရားကျောင်းကန်တွေ ဖြိုဖျက်၊ ဌာပနာဖောက်ယူ မီးတိုက်သာ ကုလားမဟုတ်လား။ ဘုန်းကြီးတွေကိုသတ်၊ မယ်သူတော်တွေကို မုဒိမ်းကျင့်သာ သူတို့ပဲ မဟုတ်လား။ ရွာကို မီးရှို့ခံရလို့ သေဘေးကလွတ်ရာကို ထွက်ပြေးလာသဲ့ ကလေးလေးတွေ၊ အဘိုးကြီး၊ အမယ်ကြီးတွေကို လှံစွပ်နဲ့ ထိုးသတ်သာ သည်ကုလားပဲမဟုတ်လား။ သာနဲ့တောင် စားစရာပေး၊ ရေတိုက်နဲ့ တော်တော်အမှတ်သည်းခြေနည်းသဲ့ ငါတို့လူမျိုးပါကလား"

"ဒါ ကျွန်တော်တို့လူမျိုးရဲ့ မြင့်မြတ်သဲ့ စိတ်ထားမဟုတ်လား"

မောင်ကောင်းစံ မချေပဘဲ မနေနိုင်တော့ပါ။

"နွားထုံများဟာ သံချွန်နဲ့ထိုးလည်း ထိုးမှန်းမသိ၊ တံပျာနဲ့ရိုက်လည်း ရိုက်မှန်း မသိလို့ အလကားနွားလို့ သမုတ်ခံရသယ်။ ငါတို့လူမျိုးလည်း နထုံ (နွားထုံ)၊ နည့်နဲ့ ဘာထူးသေးတုန်း"

## ပုဂံစာအုပ်တိုက်

မောင်ကောင်းစံသည် သခင်မိတ္တအား စူးစိုက်ကြည့်မိ၏။ မီးတောက်ခမန်း ခက်ထန်နေသော မျက်လုံးတွေ။

"သူတို့မြေ၊ သူတို့ရေ၊ သူတို့ဒေသမှာသာ မြန်မာတစ်ယောက် ဒုက္ခရောက်ကြည့်ပါလား။ ပန်းကန်နဲ့ ထည့်ထားသဲ့ ရေနွေးကြမ်းဝေးလို့၊ အိုးကင်းပဲ့နဲ့ ထည့်ထားသဲ့ သေးတစ်စက်တောင် သောက်ရမှာမဟုတ်ဘူး"

"သူတို့ အပေါ်စီးက နေရတုန်းက စော်ကားနှိပ်စက်ခဲ့ပေမယ့် သူတို့နိမ့်ကျသဲ့အခါမှာ ရန်တုံ့မမူ လက်စားမချေသာဟာ စိတ်ထားမြင့်မြတ်သဲ့ လူမျိုးရဲ့ အပြုအမူဗျာ"

"တောပြောတောင်ပြော ပြောမနေနဲ့ ကိုကောင်းစံ။ သည်အချိန်ဟာ မိုးနည်းလို့ ခြောက်သွေ့နေသဲ့မြေပြင်ကို ကုလားသွေးနဲ့ ဆွတ်ဖျန်းပေးရမယ့်အချိန်"

တောသူတောင်သားတို့၏ ထုံးစံအတိုင်း သခင်မိတ္တတွင် ဓားမတိုတစ်ချောင်းပါလာသည်။ ဓားမတိုဖြစ်ပေမင့် လူသတ်၍ရသည်။ မလှမ်းမကမ်းတွင်လည်း ကုလားစစ်သားဟု ထင်ရသူ နှစ်ယောက်တွဲ လာနေပြန်သည်။ သည့်နောက် အတော်လှမ်းလှမ်းတွင်ကား လေးငါးယောက်ခန့်ရှိမည် ထင်သည်။

သည်အရာတွေကို ဆက်လက်မြင်နေရလျှင် သခင်မိတ္တ ချုပ်တီးနိုင်စွမ်း ကုန်ခန်းရာသည်။ သို့အတွက် မောင်ကောင်းစံသည် ဇရပ်ပေါ်မှ လျှောဆင်းရင်း "ကြာကြာနေရင်၊ နေပူလိမ့်မယ်၊ ပြန်ကြစို့" ဟု ပြောသည်။

"လွန်ချီကျွန်းဘက် လျှောက်ဦးမယ်ဆို"

လေ့ဆိပ်မှာ လွန်ချီဘက်တွင်သာရှိသည်။ ကိုခင်မောင်တင့်နှင့်အတူ ခင်ခင်မြင့်တို့သားအမိ ပါလာလိုပါလာငြား တမ်းတမျှော်ချင်သည်။ သို့ရာတွင် လေ့ဆိပ်သို့ သွားသည့်လမ်းမှာ သည်မြစ်ဆေးလမ်းပင်ဖြစ်ရာ စစ်ပြေးခစ်သားများနှင့် ရှောင်၍ မလွတ်။ သို့အတွက် ခေါင်းခါပြလိုက်မိလေ၏။

★

## ပုဂံစာအုပ်တိုက်

# ၇

"မြန်မာ့လွတ်လပ်ရေးတပ်မတော်ကြီး မိုးနတ်ကုန်းက ချီတက်လာပြီတဲ့ဗျို့"

"ဟာ မြန်မာ့လွတ်လပ်ရေး တပ်မတော်တဲ့ဟေ့"

ဘရွှေကျိုင်းသည် နှုတ်ခမ်းဆီသို့ မြှောက်ချီလိုက်သော ရေနွေးကြမ်းပန်းကန်ကို အဖိတ်ဖိတ် အစင်စင်ဖြင့်ချ၏။

"ဟဲ့ ဟဲ့ မိဖဲလှတို့၊ ကြားကြလားဟဲ့။ အစ်မသွားပြောစမ်း။ သပြေပန်းတွေ ဘာဖွေ ညောင်ရေအိုးမှာထိုးဖို့ပြော။ သောက်ရေအိုး၊ ထန်းလျက်၊ ပေါက်ပေါက်ဆုပ်၊ ဆေးလိပ်"

"မြန်မာ့လွတ်လပ်ရေး တပ်မတော်ကြီး မိုးနတ်ကုန်းက ချီတက်လာပြီငှ ဗျို့။ အတွင်းလမ်းအတိုင်း မကြာမီဆိုက်ရောက်လာပါလိမ့်မယ်ဗျို့"

ဗျို့ဟစ်သူမှာ ဆယ်အိမ်ခေါင်း ကိုထွန်းဝဖြစ်သည်။ အော်သူမှာ ကိုထွန်းဝဖြစ်သောကြောင့် လူအများ အံ့သြနေကြငြား ဘရွှေကျိုင်း အံ့သြမနေနိုင်။ သူ့တစ်ယောက်တည်း ဗျာများနေသည်။ သူ့တစ်ယောက်တည်း ဗျာယာခတ်နေသည်။ 'မြန်မာ့တပ်မတော်ကြီး ချီတက်လာပြီ၊ ထွက်ကြ

ထွက်ကြ' အော်သည်။ "သည်ကောင်လေးတွေ အရေးဆို ဘယ်ရောက်ကုန်ကြသယ် မသိဘူး" မြည်တွန်တောက်တီးသည်။

တစ်ရွာလုံးသည် အတွင်းလမ်းဖြစ်သော တာလမ်းဘက်သို့ သုတ်ခြေတင်ကြ၏။ ဘုစုခရုများပင်လျှင် တိုးလိုးတွဲလောင်း ပါလာကြသည်။ အစိုးရဘက်သားဟု ထင်ရသော ဆယ်အိမ်ခေါင်းအချို့ပင်လျှင် အပြေးအလွှားသွားသူများထဲ၌ ပါလာကြသည်။

ဘရွှေကျိုင်းသည် တောင်ဇေးဆွဲကာ ကွပ်ပျစ်ပေါ်မှဆင်းသည်။ ပြန်တက်ကာ လွယ်အိတ်ကိုဖြုတ်ပြီး သွန်ချသည်။ အလှူအတန်းများမှ ကမ်းလှမ်းသည့်၊ မြို့ဆေးလိပ်ခုံမှ ရောင်းချသည့်၊ စာပတ်လိပ်ခေါ် သနပ်ဖက်ဆေးလိပ်များ ထွက်ကျလာသည်။ ပိုးထိုးပိုးဖောက်များကို ဖယ်လိုက်သော အခါ ၁၅ လိပ်ရသည်။ ထိုအရာများကို လွယ်အိတ်ထဲပြန်ထည့်၊ လွယ်အိတ်လွယ်ပြီး ကွပ်ပျစ်ပေါ်မှဆင်းလာခဲ့လေ၏။

တာလမ်းဆီသို့ သွားသော လူအုပ်ကြီးကို ဘရွှေကျိုင်း မမီတော့ပါ။ ထိုသူများ ချန်ပစ်ခဲ့သည့် ဖုန်လုံးကြီးပင်လျှင် ပြယ်စပြုနေပြီ။ သို့တစေ ဘရွှေကျိုင်း စိတ်မပျက်ပါ။ မိုးနတ်ကုန်းမှ ချီတက်လာမည့် တပ်မတော်ကြီးသည် ချက်ချင်း ရောက်လာဦးမည်မဟုတ်ချေ။ တပ်ဦးကို မမီစေကာမူ တပ်ခါးကို မီရမည်။ တပ်ခါးကို မမီသော် တပ်ဖျားကိုမူ မုချတွေ့ရမည်။

တစ်မျိုးသားလုံး၏ ရန်သူ ဗြိတိသျှအစိုးရ စစ်တပ်အား၊ မြန်မာ့မြေမှ ခါးကော့ပြေးအောင် တိုက်လွှတ်သော သားကောင်းရတနာကြီးတွေကို ဖူးတွေ့လိုလှသည်။ လက်အုပ်ချီချင်လှသည်။

တာလမ်းသို့ ဘရွှေကျိုင်း မရောက်သည်မှာ များစွာမကြာလှသေး။ သို့အတွက် ဟိုနားနှင့် သည်နားဟု ပေါ့ပေါ့ထင်ခဲ့သည်။ ပေါ့ပေါ့ထင်ခဲ့သော အကွာအဝေးသည် မောအောင်လျှောက်ငြား မရောက်သေး။ ကျွက်စီကျွက်စီ အသံများကြားနေရပြီ။ မရောက်သေး။

## ပုဂံစာအုပ်တိုက်

'အိုပြီ။ မင်း မစွမ်းတော့ဘူးဆိုသဲ့ စကား မှန်နေပါပြီကော။ ဟား၊ ဘယ်အချိန်ကများ သည်ကောင်တွေ ကျိတ်ကြံထားကြပါလိမ့်'

မောပန်းပါလျက် ဘရွှေကျိုင်း ရှင်လန်းစွာပြုံးသည်။ နဘူးချုံတန်းနှင့် ရှားစောင်းလက်ညှိုးပင်တန်း၏ ဟိုဘက်ရှိ ကျောက်လမ်းဘက်သို့ မျှော်ကြည့်မိ၏။ လင်းကွင်းသံနှဲ့သံမြိုင်မြိုင်နှင့် စည်တော်သံသည် ဘရွှေကျိုင်းအား အတွင်ဆင့်ခေါ်နေ၏။

"အောင်ဇေယျတုရယ်နဲ့ ငွေခရုသင်္ခါ သွန်းဘိသိက်ညာ"

မည်သူ့အသံဟု ဘရွှေကျိုင်း မကျက်မိ။ ရင်တွင်း၌ ပီတိဖြာသည်။ ဝမ်းသာစိတ်သည် တစ်ကိုယ်လုံး ပျံ့နှံ့သည်။

"ရှစ်ဖြာပွာငယ် လက်ျာသံချို ကြွေးပါလို့လေး။ ဇေယျတုငယ်နဲ့ ငွေခရုသင်္ခါသွန်းဘိသိက်ညာ။ ပုဏ္ဏမိဝန်းငယ်က ထွန်းသစ်ရာမှာ၊ တိမ်စင်သာသည့် စန္ဒာမင်းလို ရှင်းမြူ ပ ဝေး"

တာလမ်းအတိုင်း စက်ဘီးဖြင့် အကြိုထောက်သူက ထောက်သည်။ စက်ဘီးသမားပြန်လာသောအခါ ဝေးသေးကြောင်းသိသဖြင့် အိမ်ပြန်ပြီး သားရေစာများ ယူသူကယူသည်။လက်ဖက်၊ ချင်းသုတ် ပြေးလွှားစီမံသူက စီမံသည်။

ဘရွှေကျိုင်းသည် တောင်အရပ်သို့ လည်ဆန့်မျှော်နေသော လူအုပ်ကြီးအား ကြည့်လျက် ပြုံးနေမိသည်။ မျက်နှာဝတွင် ရှန်ပန်းထည်များ မွမ်းမံထားသော စည်တော်ကြီးသည် မင်္ဂလာတူရိယာသံကို ဆောင်၏။

"အတိုင်းမသိ မင်္ဂလာကျက်သရေရှိပါဘိတယ်ကို။ တော်ကြီးငယ်လေ ယင်ရာ၊ တော်ကြီးငယ်လေ ယင်ရာ၊ ဇမ္ဗူဒီတောင်ကျွန်း တင့်ရှန်းတည့် ကျက်သရေဖြာ"

စက်ဘီးတစ်စီး မှန်မှန်နင်းလာသည်။ စက်ဘီးသမားသည် လက်ကို ဝှေ့ယမ်းပြကာ "လာနေပြီ လာနေပြီ။ အောင်တပ်တော်ကြီး ချီလာပြီ" အော်သွားသည်။

## ပုဂံစာအုပ်တိုက်

ဆီးပင်ရိပ်၊ ရှားစောင်းပင်ရိပ်၊ ထနောင်းပင်ရိပ်များသို့ ခိုဝင်နေကြသော လူများသည် တာပေါ်သို့ ပြေးတက်လာကြ၏။ ဘရွှေကျိုင်းမှာ "ဟ ငါတို့ ရွာမှာ သလောက်ပဲ လူများသလား" တအံ့တသြပြောမိသည်။

ဝါးဖတ်ခမောက်ဆောင်း၊ ပင်နီအကျီဝတ် သခင်ငါးယောက်သည် ဖောင်းကားနေသော လွယ်အိတ်ကြီးတွေလွယ်လျက် သွက်သွက်လှမ်းလာကြ၏။

"ဘီအိုင်အေ မြန်မာ့လွတ်လပ်ရေး တပ်မတော်ကြီး ချီတက်လာပြီ။ မြန်မာတစ်ပြည်လုံးမှ မြန်မာ့သားကောင်း ရတနာများကို သောင်းသောင်းဖြဖြ ကြိုဆိုကြ"

"ဟဲ့ ဘီအိုင်အေဆိုပါကလား"

ဘရွှေကျိုင်းမှာ သံယောင်လိုက်ရင်း မေးရမည့်သူမရှိ။ သူ့ဝဲယာတွင် ကလေးတွေနှင့် မိန်းမတွေသာရှိသည်။

"ဟော လာနေပြီ လာနေပြီ။ လာနေကြပြီ"

ဘရွှေကျိုင်း၏ ဝေသီမြင်ကွင်းထဲ၌ တံလှပ်တွေသာရှိသည်။ သို့သော် မြင်ကွင်းသည် မပေါ်ဘဲမနေ၊ တဖြည်းဖြည်း ပေါ်လာသည်။ သုံးရောင်ခြယ် အလံကြီး။ ကမ္ဘာပေါ်တွင် ကျက်သရေအရှိဆုံး၊ မင်္ဂလာအရှိဆုံး၊ အခန့်ထည်ဆုံးက ဒေါင်းပါသည့် သုံးရောင်ခြယ်အလံကြီး။

'မြန်မာကိန်းအညီ အဝါအစိမ်းအနီ။ အဝါရောင်ဆိုတာကတော့ ဘာသာရယ် သာသနာရယ် ပညာတိုးရမည်။ အစိမ်းရောင် ရည်ရွယ်ချက်က စပါးဆန်ရေ ရွှေငွေရတနာ အထွေထွေသာပေါမည်။ အနီရောင်၊ မြင်သူ အသည်းမှာ ရဲစိတ်ရဲမာန်ထက်သန်ရမည်။ အို.... ဘာတဲ့ အနီရောင်မြင်သူ အသည်းမှာ ရဲစိတ်ရဲမာန် ထက်သန်ရမည်။ တို့မြန်မာ ကုန်းဘောင်နွယ် မှန်သည်၊ သုံးရောင်ခြယ်အလံတော်ကြီး ကမ္ဘည်းနဲ့စိုက်ထူမည်'

သုံးရောင်ခြယ် အလံတော်တေးချင်းသည် အရှည်ကြီးဖြစ်ငြား သည်မှုသာ ဘရွှေကျိုင်း မှတ်မိသည်။

ပုဂံစာအုပ်တိုက်

'ကမ္ဘာပေါ်မှာ ကျက်သရေအရှိဆုံးအလံတော်ကြီး။ကမ္ဘာပေါ်မှာ မင်္ဂလာအရှိဆုံး အလံတော်ကြီး။ ကမ္ဘာပေါ်မှာ အခန့်ထည်ဆုံး ငါတို့အလံတော်ကြီး'

လေကစားတိုင်း လူဝေလွှင့်သော အလံတော်ကြီးနောက်တွင် သုံးယောက်တစ်တန်းစီတန်းလျက် ခြေကျညီညီ ချီတက်လာသော မြန်မာလူမျိုးတပ်မတော်သားကြီးတွေ။ အင်္ဂလိပ်ကိုသာမက မည်သည့်ရန်သူကိုမဆို အမှုန့်ချေပစ်မည့် ရဲရဲတောက် သံမဏိ မျက်နှာထားတွေဖြင့်။

"သခင်မျိုးဟေ့၊ တို့ဗမာ"

"အရေးတော်ပုံ အောင်ပါစေ"

ဘရွှေကျိုင်းသည် ရှေ့သို့တိုးသွား၏။

"သားတို့၊ အဘ ဆေးလိပ် လက်ဆောင်ပေးပါရစေ"

"ဟုတ်ကဲ့ အဘ။ ကျေးဇူးတင်ပါတယ်ခင်ဗျာ"

'အို ယဉ်ကျေးလိုက်သာ၊ မွန်ရည်လိုက်သာ လူကလေးတို့ရယ်။ ကျန်းမာကြပါစေ။ ဘုန်းတော်ကြီးလို့ သက်တော်ရှည်ကြပါစေ'

ဝမ်းသာမျက်ရည်သည် ဘရွှေကျိုင်းပါးပေါ်သို့ စီးကျ၏။ နှစ်ပေါင်း ၆၀ နီးပါး မြန်မာ့မြေမှ ပျောက်ကွယ်သွားခဲ့ရသော မြန်မာ့တပ်မတော်ကြီး။ ပြန်လည်မွေးဖွားလာပြီ။ ဘရွှေကျိုင်းထံမှ ဆေးလိပ် လက်ခံယူသွားသော တပ်မတော်သားများသည် အသံဝဲ၏။ ထားဝယ်ဘက်မှ ဖြစ်မည်။

'အို၊ ထားဝယ်ဆို အဝေးကြီးပါကလား။ ငါတို့နိုင်ငံ လွတ်လပ်ရေးအတွက် ဘယ်လောက်ဝေးဝေး ချီတက်ကြမှာပဲ။ ဒါ ငါတို့တပ်မတော်ဟ'

ရင်တွင်းခံစားမှုသည် ဘရွှေကျိုင်း၏ ပါးစပ်မှအန်ကျ၏။

"ဒါ ငါတို့တပ်မတော်ကွ။ ငါတို့တပ်မတော်သားတွေ ကျန်းမာပါစေ"

မျက်နှာတစ်ပြင်လုံး ဝမ်းသာမျက်ရည်တွေ ဖုံးနေသော ဘဘိုးအို၏ လက်သီးလက်မောင်းတန်းလျက် အော်ဟစ်နေပုံကို တပ်မတော်သားများသည် ကြည်နူးစွာကြည့်ရင်း ချီတက်သွားကြ၏။

## ပုဂံစာအုပ်တိုက်

"တက်လူအပေါင်းတို့၊ မြန်မာ့ကာကွယ်ရေးတပ်မတော်သို့ ဝင်ကြ"

ဗိုလ်လော၊ အကြပ်လော၊ တပ်သားလော ဘရွှေကျိုင်းတို့မသိ။ သို့သော် မြန်မာ့တပ်မတော်သားကြီး။ ထိုသူက ချိတက်ရင်း အော်ဟစ်သွား၏။

ဘရွှေကျိုင်း၏မျက်နှာပေါ်မှ မျက်ရည်ပြင်ကြီးမှာ ဖုန်ကပ်၊ လေသလပ်သဖြင့် ခြောက်သွေ့သွားပြီ။ လူလည်း အော်ရလွန်းသဖြင့် မောသွားပြီ။ မောသွားငြား အော်ဟစ်အားပေးချင်သေးသည်။

"သားလေးတို့ ဘယ်ကလိုက်လာတာတုန်းကွယ်"

"လောင်းလုံ၊ ထားဝယ်က ဘ"

"သားတို့ရယ် သားတို့ရယ်။ မင်းတို့အတွက် ဘ အသက်ကို လက်ဆောင်ပေးချင်သကွယ်။ မင်းတို့လို စစ်သားကြီးတွေကြောင့် ခွေးတွေပြေးပြီ။ မင်းတို့အတွက် ဘ ဘာပေးရပါ့မတုန်း"

ဘရွှေကျိုင်းသည် လွယ်အိတ်ထဲသို့ နှိုက်ပြန်၏။ လက်မသာသာ ဝါးဆစ်ဘူးကလေးနှစ်ဘူး။ တောမှိုရဟန်းဘဝတုန်းက ဝါးခုတ်သူများ လှူဒါန်းသွားသောအရာ။ အံကျအဖုံးပါသည်။ ဓားဦးဖြင့်ထွင်းပြီး ကျွန်းရွက်ဆိုးထားသော ပန်းခက်နှင့်အရုပ်ပါသည်။

ဘရွှေကျိုင်း ရှေ့သို့တိုးပြန်သည်။

"သားလေးချောင်းဆိုးရင် စားဖို့ လျက်ဆား"

"ချောင်းဆိုးနေတာနဲ့ အတော်ပဲဘရေ့၊ ကျေးဇူးတင်လိုက်တာ"

စစ်သားကြီး၏အပြောကြောင့် ဘရွှေကျိုင်း ကြည်နူးသည်။

"ငါ့သား နေထိုင်မကောင်းရင် သောက်ဖို့ လျှာပွတ်ဆေးပါကွယ်"

"ဟန်ကျတာပဲ ဘရေ့။ နေမကောင်းသူတွေ ပါတာနဲ့ အတော်ပဲ"

သူ့လက်ဆောင်ကို မြတ်နိုးကြသဖြင့် ဘရွှေကျိုင်း ဝမ်းသာသည်။ ငိုသေစွာလက်ခံသဖြင့် ကျေနပ်မဆုံးရှိသည်။

**ပုဂံစာအုပ်တိုက်**

တပ်တော်ကြီးကား ချီတက်နေဆဲရှိသေးသည်။ ဘရွှေကျိုင်းမှာ လက်ဆောင်ပေးစရာ ကုန်ပြီ။ အစ်မ မရိုး အိမ်ဆိုင်မှ သနပ်ဖက်လိပ် တစ်ရာစည်းရှိသမျှ ဆွဲမလာမိကောင်းလားဟု မိမိကိုယ်ကို အပြစ်တင်ရင်း "သခင်မျိုးဟေ့ တို့မြန်မာ" ကြွေးကြော်သံဖြင့်သာ လက်ဆောင်ပြုနိုင်တော့သည်။

ရွာသူရွာသားများမှာ ရွာသို့ စက်ဘီးဖြင့် ရေအသယ်ခိုင်းနေကြသည်။ ထန်းလျက်၊ ဆေးလိပ် အယူခိုင်းနေကြသည်။

"အောင်ပါစေ သပြေပန်းနဲ့ ရေချမ်းကိုလောင်း။ နိုင်ငံတော် ပြည် အရေးက သာလှသလေး"

စည်တော်ယွမ်းသောအဖွဲ့မှ စည်တော်ကြီးပင် ပန်းကုံးကျလာငြား ဘရွှေကျိုင်းကား မမောမပန်း ကြွေးကြော်နေသည်။

"သခင်မျိုးဟေ့ တို့မြန်မာ၊ အရေးတော်ပုံ အောင်ပါစေ"

ဖုန်အလူးလူး ချွေးအလိမ်းလိမ်းဖြင့် ချီတက်လာသော တပ်မတော်သားများမှာ ဘရွှေကျိုင်းကိုမြင်လျှင် အမောပြေကာ ပြုံးရယ်ကြ၏။ အချို့သည် ဘရွှေကျိုင်းခါးကို ပြေးဖက်ကာ "အဘ မောနေပြီ" ပြောသွား၏။ သူ့ကို လာဖက်သူတိုင်းအား သူ နမ်းလွှတ်သည်။ ပါးကို နမ်းမိသည်။ နဖူးကို နမ်းမိသည်။ နမ်းမိတိုင်းသော ရနံ့များကား ဖုန်နံ့မဟုတ်၊ ချွေးနံ့မဟုတ်။ မွှေးကြိုင်သော သူရဲကောင်းနံ့။

"ဘတို့၊ အစ်မတို့၊ အမေတို့၊ မြစ်အရှေ့ဘက်မှာလည်း မြန်မာ့လွတ်လပ်ရေးတပ်မတော် စစ်ကြောင်းတစ်ကြောင်း ချီတက်သွားပြီ။ မြစ်ဆားက အပြင်လမ်းမှာလည်း နိပ္ပွန်တပ်မတော်နဲ့တွဲပြီး စစ်ကြောင်းတစ်ကြောင်း ရှိသေးတယ်"

"နိပ္ပွန်ဆိုပါကလား၊ ဘာတုန်း နိပ္ပွန်ဆိုသာ"

အောင်တပ်တော်ကြီး ချီတက်သွားပြီ။ ရေတိုက်၊ လက်ဆောင်

ကမ်းလှမ်း ကျွေးမွေးသူများလည်း ခြေကုန်လက်ပန်း ကျကျန်ခဲ့သည်။

"ကိုရင်ရေ၊ အိမ်ဆိုင်မှာရှိသမျှ ဆေးလိပ်၊ ထန်းလျက်၊ သကြားလုံး၊ ပေါက်ပေါက်ဆုပ်၊ လက်ဖက်၊ ချင်း ပြောင်တလင်းခါသာနဲ့ လူကုန်သွားသာနဲ့ အတော်ကျသွားသယ်ကိုရင်ရေ့"

ဒေါ်ရိုးသည် သားသမီးချွေးမများကြားတွင် အမောဖြေနေရာက ဝမ်းမြောက်ဝမ်းသာ လှမ်းပြော၏။

"ကုန်ပေစေ။ ဒါလောက်နဲ့ ဒေါ်ရိုး မွဲမသွားပါဘူး"

ရယ်မောသံသည် တစ်ယောက်တစ်ပေါက် ပြောနေသံများကို လွှမ်းသွား၏။ထိုရယ်မောသံကို "အပြင်လမ်းမှာလည်း စစ်သားတွေ လာနေသယ်၊ ခုနက ပြောသွားမဟုတ်လား" မေးသံက လွှမ်းခြုံသွားပြန်သည်။

နောက်ဆုံးတွင် တာလမ်းဘေး၌ ဘရွှေကျိုင်းတစ်ယောက်တည်းသာ ကျန်ခဲ့ချေသည်။ သို့သော် သူတစ်ယောက်တည်းဟု ဘရွှေကျိုင်း မထင်။ အထောင်အသောင်းမကသော မြန်မာ့လွတ်လပ်ရေး တပ်မတော်သားတွေ မျှော်မဆုံးအောင် ချီတက်လာနေဆဲဟု သူ ထင်သည်။

သို့ကြောင့် ဘရွှေကျိုင်းမှာ တက်ကြွဖျတ်လတ်နေသည်။ တောင်ဇေး မထောက်ဘဲ ထနိုင်သည်။ လျှောက်နိုင်သည်။ ဘရွှေကျိုင်းအတွက် သနပ်ခါးပင်တွေ မွှေးမြနေသည်။ ထနောင်းပင် ရှားစောင်းပင်များလည်း မွှေးနေသည်။ အို လောကကြီးရယ်၊ သင် သည်မျှ လှပ ကျက်သရေရှိသည်ကို ငါ ယခုမှ သတိပြုမိပါတကား။

နေမှိန်မှိန်တွင် ဘရွှေကျိုင်း အိမ်ပြန်ရောက်သည်။

တစ်အိမ်လုံး တိတ်ဆိတ်နေသည်။ နောက်ဖေးအိမ်ရော အိမ်ပေါ်မှာပါ လှုပ်ရှားမှုမရှိ။ ခေါင်းရင်းမြင်းစောင်းထဲမှ အစာတောင်းသံကြားသဖြင့် အစာ ထည့်ပေးလိုက်ရသေးသည်။ သည်မြင်းကို တိုင်းလုံးကျော်စီးသွားခဲ့သည်။ မြင်းပြန်ရောက်နေငြား လူမရှိ။ ဒေါ်ဆယ်တို့အိမ်ဘက်သို့ လှမ်းကြည့်သည်။

တိတ်ဆိတ်ငြိမ်သက်နေသည်။ ကေန္တ အပြင်လမ်းမှ ချိတက်သောတပ်ကို သွားရောက်ကြည့်နေကြဟန်တူ၏။

မှန်ပါသည်။ မှောင်ရိပျိုးချိန်တွင် စကားပြောသံများ တည်ညံဖြင့် ပြန်လာကြ၏။ ဖိုးသူတော်နှင့် ကြံတိုင်းအောင်သည် 'တို့မြန်မာ' ချည်း ထပ်တလဲလဲအော်လာကြချေ၏။

"ဟဲ့ကလေးတွေ၊ ခုမှ ဘာ ခံတွင်းတွေ့နေကြသတုန်း"

ဘရွှေကျိုင်း ငေါက်ငမ်းသော်ငြား သဘောမတွေ့၍မဟုတ်။ ကလေးတွေ၏ ချေပသံကို ကြားလို၍ ဖြစ်သည်။

"ဂျပန်တွေက ပုကွကွ ဂင်တိုတိုတွေ ဘရေ့။ တို့မြန်မာပဲ အော်တတ်သတော။ ဘမြေးတွေက အော်လိုက် သူတို့ကအော်လိုက်နဲ့"

"ဘ၊ ဂျပန်ကြီးကလေ ကျုပ်ကို ဘိဓမာတဲ့၊ ကောင်းဒဂါးတဲ့ ပြောသွားသဗျ"

ကြံတိုင်းအောင် ရယ်မောသဖြင့် ဘရွှေကျိုင်းပါ ရောနှောရယ်မောသည်။

"အဘိဓမ္မာဆိုသာ ပိဋကတ်သုံးပုံဝင် ကျမ်းတစ်ကျမ်းပေါ့ကွာ"

ကလေးမြေးငယ်တွေနှင့် စကားပြောရင်းက သားတွေ၊ တူတွေကို ဘရွှေကျိုင်း မျှော်မိသည်။ မြို့ကျောင်းပြန် သားနှစ်ယောက် ပေါင်ဒါတသသ၊ ကော့စ်မက်တစ် တလူးလူး လုပ်နေသည်ကိုလည်း ပြောရန် စိတ်ကူးသည်။

ထမင်းစားပြီးသည်အထိ ပေါက်မလာကြ။ ရောက်လာမည့်လာတော့ ချစ်ဖေနှင့် ညံ့အေးသာဖြစ်သည်။

"ညနေတုန်းက မင်းတို့ကိုမတွေ့ပါလား။ ဘယ်သွားနေကြသတုန်း"

"အတွင်းလမ်းရော အပြင်လမ်းပါ ရောက်ပါသယ်ဘရာ။ ဟောသည်မှာ ဂျပန်စစ်သားကို ကြက်ဥနှစ်လုံးသွားပေးလို့၊ ငွေနှစ်ကျပ်ကြီးများတောင်"

ညံ့အေးသည် တစ်ဆင့်တန်ငွေစက္ကူနှစ်ရွက်ကို ဝင့်ကြွားစွာ ထုတ်ပြ၏။ စလေမြို့ စာကြီပြန်ဘုရားဟုထင်ရသော စေတီပုံပါသည့် ငွေစက္ကူသေးသေးတွေ။

"တယ်သဘောကောင်းပါကလားကွ။ ကြက်ဥတစ်လုံး တစ်ကျပ်တောင်"

ဘရွှေကျိုင်းသည် ရေနံဆီမှန်အိမ်အောက်တွင် ကပ်ပြီး ကျေနပ်ဝမ်းသာစွာ ကြည့်ရင်း ပြောသည်။

"ဂျပန်စားကြီးတွေက အရှည်ကြီးတွေချည်းပဲဘရ"

ချစ်ဖေက ဝင်ပြောသည်တွင် "မြန်မာစစ်တပ်နဲ့တော့ ကွာပါ့ ဘရာ" ဟူ၍ နောက်ဆက်တွဲထည့်သည်။ တစ်ဆင့်တန် နှစ်ရွက်ကို ညံအေးသို့ပြန်ပေးရင်း "ဘယ်လိုများကွာပါလိမ့်" ဟု ဘရွှေကျိုင်း ခေါင်းထောင်လာကာ မေးသည်။

"ဂျပန်စစ်သားတွေဆိုရင် ဘောင်းဘီရှည်နဲ့၊ လျှာတပ်ဦးထုပ်နဲ့၊ သေနတ်နဲ့ ရေဘူးနဲ့၊ ဘွတ်ဖိနပ်နဲ့ဗျာ။ ဦးထုပ်အောက်မှာလည်း ဆိတ်နားရွက်နဲ့ ရင်ဘတ်မှာလည်း တံဆိပ်ပါသဗျာ့"

"အင်း၊ မြန်မာစစ်သားကျတော့"

"မြန်မာစစ်သားကဖြင့် ဘရာ တချို့ဘောင်းဘီတို၊ တချို့ဘောင်းဘီရှည်နဲ့။ ဆောင်းပြန်တော့လည်း တချို့က ဖော့ဦးထုပ်၊ တချို့က ဂေါ်ရခါးဦးထုပ်။ တချို့က နှစ်လုံးပြူးနဲ့ တချို့က လိုင်ဖိုသေနတ်နဲ့။ သေနတ်တောင် လူစေ့တက်စေ့မပါဘူး။ ဂျပန်စစ်သားလို ပြည့်ပြည့်စုံစုံ သပ်သပ်ယပ်ယပ် ဝတ်ထားသဲ့ မြန်မာစစ်သားဆိုလို့ တစ်ယောက်တလေပဲ ပါပါ့ကလား"

"သမယ်ချစ်ဖေ။ လွန်ချီကျွန်းရဲ့အောက်ဘက်က ဆင်ပေါင်ဝဲမြို့မှာ ဘုန်းကြီးဗိုလ်ဆိုသာက အင်္ဂလိပ်တွေကိုတိုက်တုန်းက ငါလည်း မြောက်တံခါးမှာ လူတစ်ရာကို ဦးစီးပြီးတိုက်ခဲ့သာ ဘာယူနီဖောင်းမှ မပါဘူးကွ။ ပုဆိုးကို ခါးတောင်းကျိုက်ပြီး တိုက်ခဲ့သာ"

"အဖေပြောသံ သိုးသိုးသန့်သန့်တော့ ကြားဖူးပါသယ်ဘ"

"ယူနီဖောင်းပါပါ မပါပါ၊ ရန်သူကို တိုက်ဖို့ပဲ အရေးကြီးသယ်။

ယူနီဖောင်း ဝတ်ဝတ် မဝတ်ဝတ်၊ ရန်သူပြေးဖို့ပဲ အရေးကြီးသယ်။ ငါတို့မှာ အခုမှ စစ်တပ်ဖွဲ့နိုင်သဲ့ဥစ္စာ ဘယ်မှာ ဂျပန်လို ပြည့်စုံမတုန်း"

ချစ်ဖေမှာ သူ့စကားအတွက် ရှက်ကိုးရှက်ကန်းဖြစ်နေ၏။

"ဟောသည် ငါတို့အရပ်၊ ငါတို့မြေ၊ ငါတို့ရေကို ရန်သူအင်္ဂလိပ် လာပြီးအုပ်စိုးသွားသာ ၁၂၄၇ ခုနှစ်ကတည်းကပဲကွ။ အခု ဘယ်နှစ်ခုတုန်း။ အဲ ၁၃၀၄။ နှစ်ပေါင်း ၅၇ နှစ်တောင်ကြာသယ်။ ငါတို့ ဘယ်တုန်းကမှ ငြိမ်ပြီး မခံခဲ့ဘူး။ သည်နေရာ မဟုတ် ဟိုနေရာ၊ ဟိုနေရာမဟုတ် သည်နေရာ။ ထကြွတိုက်ခိုက်နေခဲ့သာ မအောင်မြင်ဘူး။ အခု မြန်မာ့လွတ်လပ်ရေး တပ်မတော်ကျတော့မှ ခွေးတွေ၊ မိစ္ဆာဒိဋ္ဌိ သာသနာဖျက်တွေ ခွေးပြေး ဝက်ပြေး ပြေးတော့သာ။ ယူနီဖောင်းပါပါ မပါပါ ကျေးဇူးတင်စမ်းပါ ဂုဏ်ယူစမ်းပါကွာ"

"ဒါပေမယ့်" အစချီကာ ညံထွန်း ဝင်ပြောသဖြင့် ဘရွှေကျိုင်း ငဲ့ကြည့်၏။

"အင်္ဂလိပ်ပြေးသာဟာ ဂျပန်ကိုကြောက်လို့ ပြေးသာနေမှာပါ"

သည်စကားကို ဘရွှေကျိုင်း သဘောမကျပါ။ ခြေဖြင့် ထကျောက် ချင်သည်အထိဖြစ်ငြား ဒေါသကို ချုပ်တီးသည်။

"မြန်မာ့လွတ်လပ်ရေးတပ်မတော်ကို ကြောက်လို့ အင်္ဂလိပ်ပြေးသာ။ မဟုတ်ရင် ဟုတ်အောင် မင်းတို့ လူငယ်တွေက ဝိုင်းကူရမယ်ဟ။ ငါတို့ တပ်မတော်ကို ငါတို့ အားမပေး၊ ဘယ်သူပေးမှာတုန်း"

"ဂျပန်ရှိသားပဲ ဘရ"

"သူများနှာခေါင်းပေါက်နဲ့ အသက်ရှူရင် ဘယ်ကောင်းမတုန်းဟ။ ဂျပန်ကို အားကိုးနေရင် ငါတို့နိုင်ငံကို ဂျပန်ယူသွားမှာပေါ့"

ထိုအခါတွင်မှ ချစ်ဖေရော ညံထွန်းပါ ပြိုင်တူ ခေါင်းထောင်မိကြသည်။

"ဟုတ်သယ်ဘရေ့၊ အခုဥစ္စာက မြန်မာပြည်ကို အင်္ဂလိပ်လက်က

ဘယ်သူတိုက်ယူတာတုန်း။ မြန်မာစစ်တပ်လား။ မြန်မာစစ်တပ်နဲ့ ဂျပန်စစ်တပ်လား"

ထိုအခိုက်တွင် မောင်ကောင်းစံနှင့် တိုင်းလုံးကျော်တို့ ချွေးသန်အရွှဲသားဖြင့် အမောတကော ရောက်လာသဖြင့် စကားပြတ်သွားကာ "ဟာ လူကလေးတွေ၊ မိုးကြိုးချုပ်အောင် ဘယ်သွားနေကြသာတုန်း" ဘရွှေကျိုင်းမေးသည်။

"ဘီအိုင်အေတပ်နဲ့ လိုက်သွားသာဗျ"

တိုင်းလုံးကျော်သည် ဝင်ထိုင်ရင်း ဖအေကိုမှီသည်။ "အိုက်လွန်းပူလွန်းလို့ပါသားရယ်" ပြောပြော မခွာချေ။

"ညီညီက စစ်ထဲဝင်ပါမယ်လုပ်နေလို့ မနည်းချော့ခေါ်ခဲ့ရသယ်"

ဘရွှေကျိုင်း ထိတ်လန့်တုန်လှုပ်ရသော စကားဖြစ်၏။ ချစ်ဖေနှင့် ညံထွန်းအား မြန်မာ့လွတ်လပ်ရေးတပ်မတော်ကြီးကို အားပေးရန် တိုက်တွန်းခဲ့သောပါးစပ်သည် ဆွံ့အ၏။ ငယ်နသောသားငယ်၏မျက်နှာကို စိုးရိမ်စွာ ကြည့်၏။ ချက်ချင်း သတိဝင်လာ၏။

"ကောင်းသားဟာကို ဘာပြုလို့ ချော့ခေါ်ခဲ့ရသတုန်းကွာ"

"သူ့ကို ငယ်လို့ လက်မခံဘူးအဖေရ။ အဲသာကို မပြန်ပါဘူး တွယ်ကပ်နေလို့ ချော့ခေါ်ခဲ့ရသာကို ပြောသာပါ အဖေခင်ဗျာ့"

ဘရွှေကျိုင်း ခေါင်းညိတ်လိုက်ပြီးမှ "ညီလေးတောင် စစ်ထဲဝင်မှ ဟာကို၊ မင်းကကော ဘာကြောင့်မဝင်တုန်း" မေး၏။

"အဖေ့ကို စိတ်မချသာတစ်ကြောင်း၊ ကိုခင်မောင်တင့် ပြန်မရောက်သေးသာ နှစ်ကြောင်းကြောင့်ပါအဖေ"

"မောင်ခင်မောင်တင့် ပြန်မရောက်သေးလို့ သူ့ကျောင်းကို ပစ်မထားခဲ့သင့်ဘူး။ ဒါမှန်သယ်။ အဖေ့များတော့ စိတ်မချမရှိပါနဲ့ မောင်ရာ။ မင်းတို့ညီအစ်ကို ကျောင်းတက်နေတော့ ငါ့အနားမှာ ဘယ်သူရှိတုန်း"

## ပုဂံစာအုပ်တိုက်

"အဲသာကြောင့် အဖေ့ကို စိတ်မချဘူးပြောသာ။ မတော်လို့ မိန်းမယူရင် ဘယ့်နှယ့်လုပ်မတုန်း"

ဘရှေ့ကျိုင်းမှာ ချစ်ဖေတို့နှင့် ရောနှောရယ်မောနေရသည်။ သို့စဉ်တွင် "သားကြီး ထမင်းစားလှည့်ဟော့။ အငယ်ကောင်လည်း နင့်အမေအိမ် သွားမှာလား၊ သည်မှာ စားမှာလား" မဖဲလှလှမ်းမေးသဖြင့် မောင်ကောင်းစံ အိမ်ပေါ်တက်သွားသည့်အတွက် စကားပြတ်သွားလေ၏။

# ၄

"ဆရာလေး ပြန်ရောက်ပြီတဲ့ဟေ့"

သွေးသောက်စုတစ်ရွာလုံး လှုပ်လှုပ်ရွရွဖြစ်သွားသည်။ သတင်းစာ သော်မှ သုံးရက်တစ်ကြိမ် မဖတ်ရသောအခါ ပါးစပ်သတင်းကိုသာ အားကိုး နေကြရချိန်ဖြစ်သည်။ တစ်ရွာလုံးသည် ကိုခင်မောင်တင့်အား မျှော်နေကြ သည်။ ဘရွှေကျိုင်းလည်း တောင်ဝှေးကို အဖော်ပြုလျက် အနောက်ပိုင်းသို့ လာခဲ့သည်။

ကျောင်းဝင်းထဲတွင် နွားလှည်းတွေ ပြည့်နေ၏။ နွားလှည်းများပေါ်မှ ပစ္စည်းတွေ သယ်ချဆဲရှိသေး၏။ ဘရွှေကျိုင်းသည် 'အလုပ်ရှုပ်နေတုန်း အနှောင့်အယှက်မပေးပါဘူး' စိတ်ကူးကာ ပြန်လှည့်လာငြား ကိုခင်မောင်တင့် ပြေးလာ၏။

"အဘ အဘ၊ ကျွန်တော်က လူပိုပါ ဘရဲ့။ ပစ္စည်းတွေချတာ အမေနဲ့ ကျန်လူတွေ ကြီးကြပ်နေပါတယ်။ ကြွပါ၊ အိမ်ထဲကြွပါ"

သို့ကြောင့် တစ်အေးတစ်ဆေး လက်ဖက်ရည်ကြမ်းဝိုင်း ဖွဲ့ခဲ့သော ခေါင်းရင်းပိုင်းနေရာသို့ လိုက်လာခဲ့ရလေ၏။

မောင်ကောင်းစံမှာ ကျောင်းဝင်းအတွင်းသို့ နွားလှည်းတွေ ဝင်လာကတည်းက ရင်တဖိုဖိုဖြစ်၏။ ဝမ်းသာသော အလုံးကြီးကို မျိုချရ၏။ တဘက်ပက်ထားသော မျက်နှာ ဝင်းဝင်းအိအိကလေးကို လှမ်းမြင်ရချိန်တွင်ကား 'ဧရာဝတီမြစ်သည် မြောက်အရပ်မှ တောင်အရပ်သို့ စီးဆင်း၏'ဟု သင်နေရာက 'တောင်မှမြောက်သို့ စီးဆင်း၏'ဖြစ်သွားသဖြင့် အာရုံလွှဲကာ ထိန်းချုပ်ထားလိုက်ရလေ၏။

လှည်းကိုးစည်းဖြင့် ပစ္စည်းတွေ သယ်လာသည်ကို ထောက်ချင့်ခြင်းအားဖြင့် အိမ်ထောင်တစ်ခုလုံး ပြောင်းလာပြီဟု သဘောပေါက်၏။ သို့ဖြစ်လျှင် ခင်ခင်မြင့်တို့ သည်ရွာတွင်နေတော့မည်။ အာရုံလွှဲထားပါလျက်က ဝမ်းမြောက်စိတ်က ဝင်ဖြစ်အောင်ဝင်လာသဖြင့် အပြင်ဘက်ကို ကျောပေးထားလိုက်ရလေတော့၏။

"ပစ္စည်းတွေ များလှချည်ကလား ဆရာလေးရဲ့"

ထိုင်မိလျှင် ထိုင်မိချင်း ဘရွှေကျိုင်းမေးသည်။

"လူတွေက တစ်ခါမှ မတွေ့ဖူး မကြုံဖူးလေတော့ ကြောက်အားလန့်အားနဲ့ ပြေးကြတာ မြို့ပျက်သလောက်ပါပဲ။ ကျွန်တော်လည်း အမေတို့ ပြေးတဲ့ နိဗ္ဗိန္နချောင်နဲ့ အိမ်ကို ကူးသန်းပြီး အခြေအနေကို အကဲခတ်နေခဲ့သေးတယ် ဘရေ့။ အခြေအနေအေးရင် ကျွန်တော်ချည်း ပြန်လာမလို့"

"ရွှေတောင်ဘက်မှာ အားကြီးသေသဆိုကွယ့်"

"အင်္ဂလိပ်ဟာ တစ်ဆုတ်ဆည်း ဆုတ်နေရလို့ စိတ်ပျက်နေတဲ့ သူ့စစ်သားတွေ အားတက်အောင် လုပ်တာပါ ဘရယ်။ မြန်မာ့လွတ်လပ်ရေးတပ်မတော်နဲ့ ဂျပန်တပ်က 'နိုင်ချင်ကြက်'ဖြစ်နေတော့ စိတ်ဓာတ်အရ မယှဉ်နိုင်ဘူးပေါ့ ဘရာ။ သူ ဘယ်လောက်ပဲ အင်ကြီးအားကြီးနဲ့ ခုခံပေမယ့်

ခိတ်ခတ်ချင်း မယှဉ်နိုင်တဲ့အတွက် မရှုမလှ ရှုံးနိမ့်တာပါပဲ"

"ငါတို့ မြန်မာတွေ ပိုပြီး အားတက်သာပေါ့ကွာ၊ ကောင်းသဟော့"

ခင်ခင်မြင့်တို့ သားအမိ ရုတ်တရက်ရောက်လာပြီး ဘရွေကျိုင်းအား နှုတ်ဆက်သည်။ မြို့ပြန် မုန့်ပဲသားရေစာများ တည်ခင်းပေးပြီး ရုတ်တရက် ပျောက်သွားကြပြန်သည်။

"ကျွန်တော်ချည်း ပြန်လာမလို့ဆိုသာ ဘယ့်နှာကြောင့် ပျက်သွား သတုန်း ဆရာလေးရဲ့"

"ဂျပန်ပဲ ဘရဲ့"

ကိုခင်မောင်တင့်သည် အနီးအနားသို့ အသံမပြုဘဲ ရောက်လာနေသူ ရှိသလောဟု ကျောဘက်ကို ကြည့်၏။ ဘေးဘီနှင့် ရှေ့ကိုကြည့်၏။ အခြား သူမရှိ၊ ရှင်းလင်းနေကြောင်း သေချာမှ စကားဆက်၏။

"မသိတဲ့လူတွေက အထင်ကြီးပေမယ့် လက်တွေ့မှာတော့ အတော် ရိုင်းစိုင်း အတော်အောက်တန်းကျတာပဲ ဘရဲ့"

"ဟေ"ဆိုကာ ဘရွေကျိုင်းမှာ ကြမ်းနှင့် ကိုယ်နှင့်ခွာမိ၏။

"ငါက ငါတို့ရန်သူကို မောင်းနှင်တိုက်ထုတ်ရာမှာ ကူညီသဲ့ မဟာမိတ်လို့ ထင်နေသာ ဆရာလေးရ"

"သူတို့ကိုယ်ကို သူတို့ စစ်နိုင်သူတွေဆိုပြီး အိမ်တွေပေါ် အတင်း ဘက်နေတယ်။ အိမ်ရှင်ရဲ့ ပစ္စည်းတွေ ယူခွင့်မပြုဘူး။ သူတို့လိုချင်တာ အတင်းယူတယ်။ ဈေးထဲမှာ ဈေးသည်က တစ်မတ်ဆိုတဲ့ပစ္စည်းကို ငါးဆင့်။ ငါးဆင့်ဆိုတာ တစ်ပဲလို့ သဘောထားကြပါစို့ဘရာ"

"ဟုတ်ပါပြီ ထားပါ"

"တစ်မတ်ဆိုတဲ့ပစ္စည်းကို တစ်ပဲပဲပေးပြီး အတင်းယူတယ်။ ဈေးသည်က ထုံးစံအတိုင်းပေါ့။ သူမရောင်းနိုင်တဲ့ဈေး ပေးတဲ့အတွက် ဂျပန် လက်ထဲကပြန်ဆွဲလုတဲ့အခါ ပါးရိုက်တယ် ဘရေ့"

ဘရွှေကျိုင်းမှာ "ဟင်" ခနဲ အော်ကာ ပါးစပ်အဟောင်းသားဖြင့် ကိုခင်မောင်တင့်အား မျက်လုံးပြူးလျက် ကြည့်နေမိလေ၏။

"အင်း.... ငါ့နှမကလည်း စိတ်ထက်ထက်နဲ့ ဒုက္ခပဲ၊ဘာလုပ်ရပါမတုန်း ကြံရာမရဖြစ်နေတုန်းမှာ ရပ်ကွက်တစ်ခုက ရေတွင်းမှာ ဂျပန်စစ်သားတွေ ရေချိုးနေတာလည်း မြင်ရော နိုင်သမျှယူပြီး ပြောင်းဖို့စိတ်စဉ်တာပါပဲ ဘခင်ဗျား

"အင်း အင်း။ ဘယ်လိုက ဘယ်လိုဖြစ်ပါလိမ့် ဆရာလေးရာ"

"ရေတွင်းမှာ မိန်းမတွေရော ယောကျ်ားတွေရောပေါ့ဘရာ။ ရေခပ်သူက ခပ်၊ ရေချိုးသူက ချိုး၊ အဝတ်လျှော်သူက လျှော်နေကြတုန်းမှာ ဂျပန်စစ်သားတွေ ရောက်လာပြီး ရေငင်တဲ့ပုံး တောင်းတယ်။ သြော် ရေချိုးကြမလို့လား၊ ရေသောက်ချင်လို့လားပေါ့။ ပြုံးပြုံးရွှင်ရွှင် ဖော်ဖော်ရွေရွေနဲ့ နေရာဖယ်ပေးကြ၊ ရေငင်ပုံး ပေးကြပေါ့ ဘရာ"

"ငါတို့လူမျိုးဟာ သလိုပဲ ခင်မင်ဖော်ရွေသာပဲလေ။အင်းအဲသည်တော့

"ဖော်ဖော်ရွေရွေ ပြုံးပြုံးရွှင်ရွှင်နဲ့ ဝိုင်းကြည့်နေတဲ့ မိန်းမတွေရှေ့မှာ ဘောင်းဘီတွေချွတ်ချပြီး ကိုယ်တုံးလုံး ရေချိုးတော့တာပဲခင်ဗျာ"

"ဟယ်" ခနဲ အော်သံကြီး ဟိန်းတက်၏။

"မိန်းမတွေမှာ ဘာမှမယူနိုင်ဘဲ ငယ်သံပါအောင် အော်ပြီး အလဲလဲ အကွဲကွဲ ကွက်ပြေးတော့တာပါပဲ။ သည်သတင်းကဖြင့် တစ်မြို့လုံး အုတ်အော်သောင်းတင်းပဲခင်ဗျာ"

"အဲသည်နောက်တော့ ဆင်ခြင်ကြမှာပေါ့"

"မဆင်ခြင်ပါဘူး ဘရာ။ လူထူထူ မြစ်ဆိပ်မှာတောင် တုံးလုံးချည်း ချွတ်ချိုးကြပါတယ်။ အဲဒါလည်း ကြားရရော ညီမလေးနဲ့ အမေတို့ရေ၊ တိရစ္ဆာန်တွေနဲ့ ဝေးရာအရပ်ကတော့ သွေးသောက်စုပဲ ရှိတော့သဗျာဆိုပြီး၊ လှေတစ်စင်းငှား၊ လှေတစ်စင်းစာနိုင်သလောက်ယူ၊ ကျန်တာကို တိုက်စောင့် လက်ထဲအပ်ပစ်ခဲ့ရတော့တာပါပဲ"

**ပုဂံစာအုပ်တိုက်**

ဘရွှေကျိုင်း သက်ပြင်းချသည်။ "သလိုဆိုရင်တော့ အဟုတ် မဟုတ်တော့ဘူး ထင်သယ် ဆရာလေး" ဟု ပြောသည်။

"ဘရာ၊ သူ့တိုင်းပြည်မှာ သူ့ယဉ်ကျေးမှု သူ့ဓလေ့အရ ကိုယ်တုံးလုံးချွတ်ပြီး လူမြင်ကွင်းမှာ ရေချိုးတယ်ပဲထားပါ။ မြန်မာပြည်ဟာ သူတို့တိုင်းပြည် မဟုတ်ဘူး ဘရ။ သူတို့ထက် ယဉ်ကျေးတဲ့ လူမျိုးတွေနေတာ။ ယဉ်ကျေးတဲ့ သည်လူမျိုးတွေကို ရိုသေရမယ် လေးစားရမယ်"

"အဟီရိက အရှက်မရှိခြင်းဟာ တိရစ္ဆာန်လက္ခဏာပဲဆရာလေး။ အနေအထိုင်ကလည်း အောက်တန်းကျ၊ ပြုမူဆက်ဆံပုံကလည်း ရိုင်းစိုင်းရင်တော့ အင်း.... ရင်လေးသယ်ဆရာလေး"

"သူတို့ပါးစပ်က ကြွေးကြော်တော့ "အရှေ့တောင်အာရှ သာတူညီမျှကောင်းစားရေး"တဲ့။ လက်တွေ့မှာတော့ ဆန်စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါရသမျှ အကုန်လုယူပြီး"

"လုသယ် ဟုတ်လား"

"သူတို့ရဲ့ ငွေစက္ကူနဲ့ ဝယ်တာဟာ လုတာပဲဘရဲ့။ လိမ်တာ၊ ဓားပြတိုက်တာပဲခင်ဗျာ။ ဘာပြုလို့လဲဆိုတော့ သူတို့ငွေစက္ကူမှာ ရေစာမပါဘူး၊ နံပါတ်မပါဘူး။ ဒါ့အပြင် ဘယ်သူကထုတ်ဝေတယ်ဆိုတာ မပါဘူး"

"နောက်လာသဲ့ မောင်ပုလဲ ဒိုင်းဝန်ထက် ကဲနေပြီလားဟင်"

ဘရွှေကျိုင်း၏အသံသည် မေးရင်း မေးရင်း တိုးတိမ်၏။

"မြန်မာနိုင်ငံကို အင်္ဂလိပ်သိမ်းတုန်းက ဘ ကိုယ်တွေ့ပဲ။ ရွာတွေမီးရှို့၊ ဘုရားတွေဖြို၊ ကလေးတွေ မီးထဲပစ်ထည့်၊ မိန်းမတွေစော်ကားနဲ့ မီးကုန်ယမ်းကုန် စော်ကားခဲ့တယ် မဟုတ်လား"

"ဟေးမိရင် အခုတောင် အသည်းနာသကွာ"

"ဂျပန် အခု ဝင်လာတဲ့အခါ ဘုရားတွေ မဖြိုသေးပါဘူး။ ရွာတွေမီးမရှို့သေးပါဘူး၊ လူတွေ မသတ်သေးပါဘူး။ သို့ပေမယ့် လိမ်တယ်၊

လုတယ်၊ ဓားပြတိုက်တယ်ခင်ဗျာ။ မိတ်ဆွေရဲ့ ရောက်လာခြင်းဟာ ရန်သူရဲ့ ရောက်လာခြင်းနဲ့ အသံကွဲပေမယ့် အကြောင်းက တူသလိုလိုဖြစ်နေပြီ"

"ဒါပေမယ့် သည်စကားကို လူတွေ့တိုင်း မပြောနဲ့နော်။ လူတွေက ဂျပန်ရောက်လာရင်ပဲ နေ့ချင်းညချင်း ချမ်းသာမယ်ထင်နေကြသာ"

"စိတ်ချဘာ။ ဘကလွဲလို့ ဘယ်သူ့မှ မပြောဘူးခင်ဗျာ။ ဘ ဘာသာပဲ ပြောသင့်တယ်ထင်သူကို ပြောပေတော့"

ဘရွှေကျိုင်းသည် တအင်းအင်းမြည်ကာ ခေါင်းတဆတ်ဆတ် ညိတ်ရင်း ဒူးရင်းယိုကို နှိုက်စားသည်။ တပျပ်ပျပ် အရသာခံနေသည်။

"မြန်မာ့လွတ်လပ်ရေး တပ်မတော်ကြီးကို ခေါင်းဆောင်သာ ဘယ်သူ"

"ဗိုလ်တေဇပါခင်ဗျာ"

"မဟုတ်သေးပါဘူးကွယ်၊ သခင်.... အဲ.... ဟို"

"သခင်အောင်ဆန်းပါဘ။ သူတို့ စုစုပေါင်း ရဲဘော်သုံးကျိပ်ခင်ဗျာ။ ဂျပန်ပြည်မှာ စစ်ပညာသင်ခဲ့ပြီး ယိုးဒယားပြည်ထဲမှာ မြန်မာ့လွတ်လပ်ရေး တပ်မတော်ကြီးကို ဖွဲ့စည်းပြီး နယ်စပ်ကိုဖြတ်ပြီး ချီတက်လာကြတာပါ"

"အေး၊ အဲသည်ဗိုလ်တေဇက သည်ကောင်တွေ မကောင်းသာကို ဆရာလေ ခြင်သလို မြင်ရဲ့လား"

ကိုခင်မောင်တင့် ရယ်မောသည်။ "အဆပေါင်းမြောက်မြားစွာ ပိုပြီး မြင်မှာပေါ့ဘရာ။ လက်ငင်းအရေးအကြီးဆုံးက အင်္ဂလိပ်ကို တိုက်ထုတ် မောင်းနှင်ရေးဖြစ်နေသေးတော့ ချိုသိပ်ထားတာ ထင်တာပဲ" ဖြေ၏။ ဖြေပြီးမှ ကျန်သေးသောစကားကို ဆက်၏။

"အရိပ်အမြွက်တော့ သူငယ်ချင်းနှစ်ယောက်ဆီက ရခဲ့သား"

"ဘယ်လိုအရိပ်အမြွက်တုန်းဟင်"

"ဘီအိုင်အေတပ်ကြီးနဲ့ ပါလာတဲ့ မော်လမြိုင်က သူငယ်ချင်း

နှစ်ယောက်ကို လှေဆိပ်မှာ မမျှော်လင့်ဘဲ သွားတွေ့တာ။ ကျွန်တော်က ဂျပန်စစ်သားထင်နေလို့ ဝေးဝေးရှောင်သာ၊ သူတို့က နှုတ်ဆက်မှသိတာ။ သူတို့က သူတို့တပ်နဲ့ လိုက်ခဲ့ဖို့ ခေါ်တော့ လိုက်ချင်လိုက်တာ ဘရာ၊ တစ်ဖက်မှာလည်း မအေနဲ့နှမကို အရိုင်းအစိုင်းတွေကြားထဲ ထားမပစ်ခဲ့နိုင်"

"ဟုတ်တာပေါ့၊ ဟုတ်တာပေါ့"

"သူတို့နှစ်ယောက်မှာ တစ်ယောက်ကမွန်၊ တစ်ယောက်က ကရင်ဘရဲ့။ ကရင်သူငယ်ချင်းက "အခု လိုက်မတိုက်နိုင်လည်း နောင်တိုက်မယ့် တိုက်ပွဲမှာတော့ ပါနိုင်ပါစေကွာ" တဲ့။ သည်စကားက ဘာစကားလဲဘာ၊ ဘ စဉ်းစားကြည့်နော်၊ အတော် တာသွားတယ်ခင်ဗျာ့"

"ဟုတ်ပေသားပဲ" လေးလေးကြီးပြောရင်း ခေါင်းညိတ်ရပြန်ပြီ။ "ရိုးသားပြီး ဖြောင့်မတ်ဖြူစင်သဲ့ ငါတို့မြန်မာလူမျိုးကို မရိုးမသားလုပ်မယ်၊ စော်ကားမယ်ဆိုရင် မှားတော့မှာပဲ" ဟူ၍လည်း ရေရွတ်သည်။

"ကဲ ကိုခင်မောင်တင့်၊ ခင်ဗျာ့ကျောင်းကို ခင်ဗျာ့လက်ထဲ အပ်လိုက်ပါပြီဗျား"

မောင်ကောင်းစံသည် ပြောပြောဆိုဆို ဝင်ထိုင်ရာက ကျောက်ဖရုံယိုတွေကို တစ်ဆုပ်တစ်မကြီးနှိုက်သည်။

"ဟဲ့ ဟဲ့၊ အိမ်ရှင်မသဒ္ဒါအောင် မလုပ်ရဘူး"

ဘရွှေကျိုင်းက ရယ်ကာမောကာဖြင့် မောင်ကောင်းစံ၏လက်ကို ဖမ်းကိုင်ထား၏။ ထိုအချိန်တွင် တိုက်တိုက်ဆိုင်ဆိုင် ရောက်လာသူမှာ ခင်ခင်မြင့်ဖြစ်သည်။ ခင်ခင်မြင့်၏ လက်ထဲတွင် လက်ဖက်အုပ်၊ သူ့နောက်မှ မိန်းကလေး၏လက်ထဲတွင် ရေနွေးလင်ဗန်းကိုင်ထားသည်။

မောင်ကောင်းစံ၏ရင်ထဲတွင် နွေးခနဲခံစားရသည်။ ကြည်သန့်နေသည့် ခင်ခင်မြင့်၏ မျက်နှာလှလှကလေးကို မြင်ရသဖြင့် ဖြစ်သည်။ ပြုံးမိသည်။ နှုတ်မဆက်ရဲသဖြင့် အိုးတိုးအမ်းတမ်းဖြစ်ရသည်။ ခင်ခင်မြင့်မှာလည်း

ပြုံးမယောင် မျက်နှာထားဖြင့်ပင် "လက်ဖက် သုံးဆောင်ပါဦးရှင့်" ပြောကာ လက်ဖက်အုပ်ကို ချထားသည်။

သူ့နှမကို ကြိုက်နေသော်ငြား သူ့မောင်ရှေ့တွင် အငမ်းမရ မကြည့်သင့်ပေ။ သူ့မောင်အား မလေးမခန့်ပြုရာရောက်မည် စိုးသောကြောင့် မောင်ကောင်းစံ၏အကြည့်ရွေ့၏။

'ဒါလေးကလည်း တစ်မျိုးလှသာပါပဲကလား'

ရေနွေးဗန်းသယ်လာသောမိန်းကလေးမှာလည်း ခင်ခင်မြင့်နည်းတူပင် ဝိုင်သားအင်္ကျီဖြင့် ဖြစ်သည်။အသက်လည်း ခင်ခင်မြင့်အောက် ငယ်ရွယ်ဟန်ရှိ၏။ နှာသန်သီးကလေး တခါခါ၊ ဂျပန်ဆံတောက်ကလေး တဝဲဝဲမို့၊ မောင်ကောင်းစံမှာ ရုတ်တရက် မျက်လွှာမချနိုင်။

"ဟဲ့ အရင်အခေါက်တွေတုန်းက သည်ကလေးမ မပါပါဘူး ဆရာလေးရ"

ဘရွှေကျိုင်းကား ဘယ်သူဘယ်ဝါ သိချင်စိတ်ကို မျိုသိပ်မထားချေ၊ ထိုအခါတွင်မှ ကိုခင်မောင်တင့်က ထုတ်ဖော်ပြောပြသည်။

"ကျွန်တော်တို့တိုက်ကို စောင့်ပြီးကျန်ခဲ့တဲ့ ဦးကြီးဦးစံသိုက်ရဲ့သမီးပါ ဘ. မြင့်နဲ့လည်း အဖော်ရအောင်၊ တိရစ္ဆာန် အရိုင်းအစိုင်းတွေနဲ့လည်း ဝေးအောင်ဆိုပြီး ခေါ်လာတာပါ"

"နာမည် ဘယ်လိုခေါ်တုန်းဟဲ့"

ဘရွှေကျိုင်းက ကာပ.ကံရှင်အား မော့ကြည့်ပြီးမေး၏။

"ကြည်ကြည်လို့ ခေ.ါပါတယ်ရှင့်"

ပြောအပြီးတွင် ယို့.ပ ကလေး နောက်ဆုတ်ပြီးမှ ထွက်ခွာသွားသော ကြည်ကြည်၏ အသံကလေး.ည် မောင်ကောင်းစံ၏ရင်ထဲ၌ တင်ကျန်ရစ်၏။ သို့ရာတွင် "သူက မြင့်လေး က် မလှပါဘူး" ဟူသော အတွေးဖြင့် ချက်ချင်းချေဖျက်ပစ်၏၊ ထို့နောက် ာစ်ဆက်တည်း ဘရွှေကျိုင်းအားပြော၏။

"ကာယကံရှင်ရဲ့ သက်ထဲကို ကေ.ာင်းလည်းအပ်ပြီးပြီ ဒ.မဗ။

ကျွန်တော် ဘီအိုင်အေထဲ လိုက်သွားတော့မယ်"

ရုတ်တရက်မို့ ဘရွှေကျိုင်း ထိတ်လန့်၏။ စစ်သားအဖြစ်ဖြင့် စစ်တပ်ထဲသို့ ဝင်ရောက်လိုက်ပါမည် ဆိုခြင်းသည် စစ်တိုက်ရန် ထွက်ခွာခြင်းဖြစ်၏။ စစ်တိုက်ခြင်းသည် သေမင်းထံ သစ္စာခံသော အလုပ်ဖြစ်၏။ ခေတ်ပညာ တတ်ကြီး ဖြစ်စေချင်သော မိမိသား။ မိမိ၏လိုလားချက် မပြည့်မီ တိုက်ပွဲတွင် ကျဆုံးသွားပါက။

လျှပ်တစ်ပြက်အတွင်း မတွေးတောမစဉ်းစားရဘဲ ဖြစ်ပေါ်လာသော ထိုအတွေးကြောင့် ဘရွှေကျိုင်း ထိတ်လန့်သွားရင်း ချက်ချင်း သတိယူ၍သည်။

'ဓားဆိုသာ ကုလားကိုခုတ်ဖို့၊ ကုလားဆိုသာ ငါတို့ဓားကစားဖို့ဆိုသဲ့ အဖေ့စကားဟာ အခုအတိုင်း အိမ်ထဲမှာထိုင်နေရင် ဘယ်လိုလုပ် အသက်ဝင်မှာတုန်း။ သူတစ်ပါးကျ တပ်မတော်ထဲ မဝင်ဖူးလားမေးပြီး ကိုယ့်သားကျတော့'

"ဟုတ်လား အဖေ" ဟု မောင်ကောင်းစံ ထပ်မေးသဖြင့် ဘရွှေကျိုင်း အတွေးပြတ်သွားသည်။

"အေးကွ၊ ဓားဆိုသာ ကုလားကိုခုတ်ဖို့။ ကုလားဆိုသာ ငါတို့ဓား ကစားဖို့ဆိုပြီး မင်းတို့ ဘ မှာကြားခဲ့သားပဲ"

"သည်ခေတ်က သေနတ်ခေတ်အဖေရ။ ဓားခေတ် ကျန်နေခဲ့ပြီ"

"ဟ သားရ။ ဓားဆိုသာ ငါတို့နိုင်ငံကို လုယက်တိုက်ခိုက်သိမ်းပိုက်သဲ့ အကောင်မှန်သမျှကို ဆန့်ကျင်သဲ့စိတ်ဓာတ်ဟ။ ကုလားဆိုသာက ကုလားဖြူ ကုလားမည်း အခုဆို ရင် ဂျပန်ကော ပါလာပြီ။ ရှင်းပလား"

"ဂျပန်က ကျွန်တော်တို့မိတ်ဆွေ မဟုတ်လား အဖေရ"

"ဟုတ်ပါသယ်၊ လောလောဆယ်တော့ သလိုပဲ သဘောထားပေါ့ကွာ။ သာပေမယ့် ကြာရှည်ကြာမြဲ မိတ်ဆွေဖြစ်ဖို့ မလွယ်ဘူး။ ဘာကြောင့်ဆို သူ့ရင်ထဲမှာ မိတ်ဆွေစိတ် မရှိလို့ပဲ"

"ဟုတ်လား ကိုခင်မောင်တင့်"

မောင်ကောင်းစံသည် ဖအေအား တအံ့တသြကြည့်ရာက မယုံနိုင်ဟန်ဖြင့် ကျောင်းဆရာအား မေး၏။

"ဟုတ်တယ်ဗျာ၊ ပါးရိုက်တာတစ်ခုတည်းနဲ့ပဲ ပြည်သူ့အောကြောလန်ဖြစ်နေပြီ"

"မြန်မာတွေကို ဂျပန်က ပါးရိုက်သယ်ဟုတ်လား"

"ဟုတ်တယ်။ မယုံရင် ဂျပန်ရှိတဲ့နေရာကိုသွား၊ ခပ်လှမ်းလှမ်းကကြည့်နေ။ ဘုန်းကြီးမရှောင်၊ ယောကျ်ားမိန်းမ မရှောင်၊ သက်ကြီးရွယ်အိုမရွေး"

"ဒါဆို အင်္ဂလိပ်ရော ဂျပန်ပါ ပြိုင်တူတိုက်ရမလို ဖြစ်နေပါပြီကော"

"အင်္ဂလိပ်ကတော့ လက်တွေ့တိုက်နေရပြီလေ။ သူကလည်း ဥရောပမှာ နာနေလို့ သည်မှာ ဆုတ်ပေးရပေမယ့် ထွက်ခတ်တော့ ခတ်သေးတာပဲ"

"ဟုတ်သဗျ။ ရန်ကုန်ကို မီးရှို့သယ်။ ရေနံမကို မီးရှို့သယ်။ သရက်ဘိလပ်မြေစက် မီးရှို့သယ်"

"ဒါထက်ဆိုးတာပေါ့ဗျာ။ ရန်ကုန်နဲ့ မနီးမဝေးမှာရှိတဲ့ ခရမ်းနားကရွာ၊ ကျုံတူးထင်ပါရဲ့။ ဘာမပြောညာမပြော စစ်ကားနဲ့လာပြီး တစ်ရွာလုံးကိုစက်သေနတ်နဲ့ ပစ်သတ်သွားသတဲ့"

မောင်ကောင်းစံ လက်သီးဆုပ်သည်။ တောက်ခေါက်သည်။

"သလိုဆို အင်္ဂလိပ်တွေကို မမီလိုက်ဘဲနေမယ်အဖေ။ နက်ဖြန်ပဲ ကျုပ်သွားတော့မယ်။ အစ်ကိုမိတ္တာဆို တပ်ဦးနဲ့တောင် ပါသွားပြီလား မသိဘူး"

"သေသေချာချာ စဉ်းစားနော်။ မင်းလို ပေါင်ဒါတသသနေသဲ့ကောင်ဆင်းရဲပင်ပန်းသဲ့ဒဏ် ခံနိုင်မလား။ ခံနိုင်သယ်ဆိုရင် လိုက်"

"ဆရာလေးရေ၊ ထမင်းထုပ် တစ်အိမ်တစ်ထုပ်တဲ့ဗျား၊ မွန်းလွဲတစ်နာရီ သူကြီးအိမ်အရောက် လာပို့ရမတဲ့ဗျား"

ဆယ်အိမ်ခေါင်း ကိုပြောင်းအသံဖြစ်သည်။ သူသည် အော်ပြော အပြီး၌ လှည့်ပြန်သွားရာက "အဘကျိုင်းရေ၊ လှည်းရှိသဲ့လူတွေ သူကြီး အိမ်ကို တစ်အိမ်တစ်ယောက် အခု ချက်ချင်းတဲ့။ ဂျပန်သုံးယောက်လည်း ရောက်နေသယ်။ အခုချက်ချင်းတဲ့နော်" ဆိုပြီးမှ ထွက်ခွာသွားလေ၏။

ဘရွှေကျိုင်းမှာ နွားလှည်း လယ်ယာ အိမ်နှင့်မြင်းပါ ပိုင်ဆိုင်သူ ဖြစ်ရာ "သွားဦးမှ ဆရာလေးရေ့" ဆိုကာ ထလာခဲ့လေ၏။

"သွားအဖေရေ့၊ ပြေးရင် ပိုကောင်းသယ်"

မောင်ကောင်းစံသည် ထိုင်ကျန်ခဲ့ရာက လှမ်းပြီးနောက်ပြောင်သည်။

"အေးကွ၊ နောက်ကျရမလားဆိုပြီး ပါးရိုက်ရင် ကြီးတောင်ကြီးမားနဲ့"

"ဟုတ်သယ် ဟုတ်သယ်။ ကျိုးစရာသွားမရှိတော့ မေးရိုးတွေ ကျိုး ကုန်မှာ စိုးရသဗျား"

ဖအေကို လှမ်းကြည့်ပြောရာမှ ကိုခင်မောင်တင့်ဘက်သို့ လှည့်လိုက် သောအခါ ကိုခင်မောင်တင့် ထရပ်နေပြီ။

"ထမင်းထုပ်ကိစ္စ အမေ ကြားမကြား မေးချေဦးမယ်၊ မပြန်နဲ့ဦးနော်"

ပြောပြောဆိုဆို ထွက်သွားသည်။ မောင်ကောင်းစံမှာ ခင်ခင်မြင့်ကို မြင်ရလို မြင်ရငြား လည်ပင်းရှည်ကြည့်၏။ ကိုခင်မောင်တင့် ဝင်သွားသည့် နေရာမှပင် ခင်ခင်မြင့်ထွက်လာ၏။

'လမင်းထက်နှစ်လေးသာ အေးမြလိုက်တာ။ မြင်ရသူ့ ဖေသက်သာ တယ်၊ ရွှေမျက်နှာကြည်လွန်းလို့လေး'

တေးထပ်တစ်ပုဒ်၏အဆုံးသည် မောင်ကောင်းစံ ရင်ထဲ၌ ဖျတ်ခနဲ ပေါ်လာ၏။ ခင်ခင်မြင့်သည် ရေနွေးကရားကိုယူလာပြီး၊ ဗန်းထဲရှိ လက်ခံ ကရားတွင် ဖြည့်၏။

"လက်ဖက်တွေလည်း မကုန်ပါလား"

နောက်ပြောင်စရာစကား မောင်ကောင်းစံထံမှ မထွက်။ ခင်ခင်မြင့်

အား မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေရာက 'မြင့်' တစ်လုံးတည်းသာ ထွက်လာ၏။ ခင်ခင်မြင့်သည် တစ်ချက်သာ စောင်းကြည့်၏။

"ကိုယ် စစ်ထဲလိုက်မလို့"

"ယောက်ျားမှန်သမျှ ဘီအိုင်အေထဲ ဝင်ရမယ့် အချိန်ရှင့်။ ဒါ အဆန်းလား"

မမျှော်လင့်ဘဲကြားလိုက်ရသော တုံ့ပြန်စကားကြောင့် မောင်ကောင်းစံမှာ ဝမ်းသာအံ့ဩရသည်။ သို့သော် ခင်ခင်မြင့်သည် ရပ်တန့်နေပြီး စကား လက်ခံပြောမည့်ပုံမရှိ။ ကိုယ်ကို နောက်သို့ ဆုတ်နေပြီ။

"မသွားခင်လေးမှာ အဖြေပေးပါလား မြင့်ရာ"

"စစ်ထဲက ပြန်လာမှ ပေးမယ်"

မောင်ကောင်းစံ စကားဆက်ခွင့်မရှိ။ ခင်ခင်မြင့် ထွက်သွားပြီ။ သို့ရာတွင် စစ်ထဲကပြန်လာမှ အဖြေပေးမည်ဟု ခင်ခင်မြင့် ပြောသည်ဖြစ်စေ မပြောသည်ဖြစ်စေ မြန်မာ့လွတ်လပ်ရေး တပ်မတော်သားတစ်ယောက်အဖြစ် ကိုကား မောင်ကောင်းစံ မဖြစ်မနေ ခံယူရလိမ့်မည်။

# ၅

သွေးသောက်စု တစ်ရွာလုံး အုံ့သြမဆုံးရှိသည်။

သူကြီးအိမ်တွင် ရောက်နေသော ဂျပန်သုံးယောက်မှာ သုံးယောက် မဟုတ်ပေ။ တစ်ယောက်မှာ မြန်မာစကားပြန်ဖြစ်သည်။ သူသည် ဂျပန် စစ်သားနှင့် မခြားအောင် ဆင်ယင်ထားသဖြင့် ဂျပန်ထင်နေကြခြင်းဖြစ်၏။ သူကား သူကြီး ဦးကျော်ဆင့်၏တူ ငပိုက်တည်း။

"ဘိရုမာနိပ္ပန် အတူတူပဲ။ အရှေ့တောင်အာရှ သာတူညီမျှကြီးပွားရေး အတွက် နိပ္ပန်တပ်မတော်ကြီးက အင်္ဂလိပ်တွေကို မောင်းထုတ်ရာမှာ ဘိရုမာ များက ကူညီသောအားဖြင့် ဆယ်အိမ်လျှင် လှည်းတစ်စီးကျ ကူညီကြပါ။ ညနေလေးနာရီ မိုးနတ်ကုန်းကို အရောက်။ ပြီးတော့ သေနတ်ရှိရင် အပ်ကြပါ။ စပိုင်တွေ့ရင်လည်း သတင်းပေးကြပါ"

"ဘိရုမာဆိုသာ ဘာတုန်းဟ ငပိုက်ရ"

ဆွေနီးမျိုးစပ်တော်သော ငကြိုင့်အမေး။

**ပုဂံစာအုပ်တိုက်**

"ရိုင်းရိုင်းစိုင်းစိုင်း မခေါ်ပါနဲ့။ မာစတာလို့ခေါ်ပါ"

ငပိုက်၏ တုံ့ပြန်ပုံကြောင့် အံ့အားသင့်ကြသည်။ တိုက်တွန်းသော ဝေါဟာရသစ်ကိုလည်း အထူးအဆန်းလုပ်ကာ တီးတိုးရွတ်ကြသည်။

"ဘိရုမာဆိုတာ နိပွန်ဘာသာစကားပဲ၊ မြန်မာကိုခေါ်တာ။ ကဲ ကဲ၊ သွေးသောက်စုတိုက်နယ်က လှည်းတွေ အချိန်မီရောက်ပေစေ။ ဟိုအဘိုးကြီး၊ ဘာပြုလို့ နောက်ကျနေရသတုန်း။ မာစတာ အပြစ်ပေးခံချင်လို့လား"

လူတွေက သူကို တအံ့တသြ ဖြစ်နေလေလေ၊ ငပိုက် အာဏာပြ လေလေဖြစ်သည်။ ဘရွှေကျိုင်း ကုပ်ကုပ်ကလေး ဝင်လာသည်ကိုမြင်သဖြင့် တစ်ဆက်တည်း ငေါက်ငမ်းသည်။

ဂျပန်နှစ်ယောက်သည် ငပိုက်ကိုတစ်လှည့်၊ ပရိသတ်ကိုတစ်လှည့် အကဲခတ်ကြည့်နေကြသည်။ သူကြီးဦးကျော်ဆင့်သည် ဆယ်အိမ်ခေါင်း များနှင့် ခေါင်းချင်းဆိုင်ကာ တိုက်နယ်အတွင်းရှိ နွားလှည်းစာရင်း ပြုစုနေသည်။

"ဟေ့မာစတာငပိုက်၊ လှည်းက ဘာလုပ်ဖို့တုန်းကွ"

သူကြီး ဦးကျော်ဆင့်နှင့် ဆွေနီးမျိုးစပ်တော်သော စံမတူ့အမေး။

"နေမကောင်းတဲ့ စစ်သားတွေစီးဖို့၊ ရိက္ခာနဲ့ လက်နက်ကြီးတွေ တင်ဖို့"

"မော်တော်ကားနဲ့ တင်ပါတော့ကွာ။ အင်္ဂလိပ်တွေဆို ထွက်သာပြေး ရသယ်၊ ကားတွေ အများကြီးပဲ"

ထိုင်နေသောဂျပန်နှစ်ယောက်အနက် မျက်မှန်တလက်လက်၊ ရွှေသွား တဝင်းဝင်းနှင့်ဂျပန် ထရပ်သည်။ စံမတူအား လက်ညှိုးထိုးပြကာ "ဘိရုမာ ဘားပြော" အစချီကာ မေးမြန်းသည်။ ငပိုက်က စံမတူ့စကားကို ဂျပန် ဘာသာပြန်ပြသည်။

လူအုပ်အစွန်သို့ ဂျပန် ဇွေ့ခနဲ ရောက်သွားသည်။ စံမတူအား ဆောင့်ဆွဲကာ ထအရပ်ခိုင်းသည်။ ရပ်မိလျှင်ရပ်မိချင်း စံမတူ၏ပါးနှစ်ဖက်ကို

ဂျပန်၏ညာဘက်လက် တစ်ဖက်တည်းဖြင့် ဖြောင်းဖြောင်းဖြန်းဖြန်း မြည်အောင် ဘယ်ပြန်ညာပြန် ရိုက်ချလိုက်လေ၏။

ပရိသတ်မှာ ဟင်ခနဲဖြစ်သွား၏။ မျက်နှာပျက်သူပျက်၊ ဒေါသ ထွက်သူထွက်ဖြစ်ကာ စက်ဆုတ်စွာ ဝိုင်းကြည့်နေကြ၏။

ပါးရိုက်ဂျပန်သည် သူ့နေရာသို့ပြန်လာပြီး ဒေါသတကြီး စကား ပြော၏။ ပြန်ထိုင်၏။

"မာစတာက ပြောတယ်။ အင်္ဂလိပ်ကောင်းကြောင်းပြောပြီး နိပ္ပွန် တပ်မတော်ကို ထိခိုက်ပြောတာ အပြစ်ရှိတယ်တဲ့။ နိပ္ပွန်တပ်မတော်ကြီးဟာ အရှေ့တောင်အာရှ သာတူညီမျှ ကောင်းစားရေးဝါဒအရ၊ အင်္ဂလိပ်တွေကို မြန်မာပြည်ထဲက မောင်းထုတ်နေတာဟာ မြန်မာတွေ ကောင်းစားရေး ဖြစ်တယ်။ သည်အခါမှာ နိပ္ပွန်တပ်မတော်ကို အလုံးအရင်းနဲ့ ကူညီကြပါတဲ့။ အင်္ဂလိပ်ကောင်းကြောင်းပြောသူဟာ အင်္ဂလိပ်စပိုင်ပဲတဲ့"

"စပိုင်ဆိုသာ ဘာပါလိမ့် မာစတာ"

"စပိုင်ဆိုတာ အင်္ဂလိပ်ကောင်းကြောင်းပြောတဲ့ အင်္ဂလိပ်လူကို ခေါ်တယ်။ အင်္ဂလိပ်ကောင်းကြောင်းပြောရင် ခုနကလိုပဲ အပြစ်ပေးခံရမယ်"

ငပိုက်၏အဖြေမှာ ရှင်းရှင်းလင်းလင်းမရှိ။ မရှိသော်ငြား မရှင်းကြောင်း မပြောရဲကြ။ ပါးစပ်ပေါက်တိုင်း၊ မျက်နှာတိုင်းကို သေသေချာချာ ကြည့်နေသည့် အယုတ်တမာ၏ လက်ဝါးစာ အမိမခံနိုင်ကြ။ လူပုံလယ်တွင် ပါးရိုက် ခံရခြင်းဖြင့် အရှက်ကွဲမခံနိုင်ပါ။

"အာလုံးနားထောင်ကြပါ။ အခု သွေးသောက်စုရွာက လှည်းသုံးစီး တာဝန်ကျသယ်။ သည်လူလိုက်သွား ဟိုလူလိုက်သွားလို့ပြောရင် မျက်နှာ လိုက်ရာကျမယ်။ အဲသာကြောင့် မဲချမယ်။ သဘောတူကြလား"

သူကြီးက ထမေးသည်တွင် ခေါင်းတညိတ်ညိတ်ဖြင့် သဘော တူကြောင်း အဖြေပေးကြ၏။

**ပုဂံစာအုပ်တိုက်**

"ကိုယ်တိုင်လာပြီး မဲနှိုက်ကြပါ။ လှည်းလိုက်ရမယ့်လူရဲ့ မဲလိပ်မှာ အောင်ပါလေလို့ ရေးထားပါသယ်။ ကဲ ဘရွှေကျိုင်း၊ ထွန်းပြည့်၊ ငွေခဲ အစဉ်လိုက် အစဉ်လိုက်။

ဘရွှေကျိုင်း မနေသာပါ။ သူကြီးရှေ့ရှိ ဆေးခံခွက် ကြေးဖလားကြီး ထဲသို့ နှိုက်ယူကာ ရသောမဲလိပ်ကို သူကြီးနှင့် ဆယ်အိမ်ခေါင်းများရှေ့၌ ဖြန့်ကြည့်သည်။

"ဘရွှေကျိုင်း အောင်ဘာလေ"

"မောင်ရှင်တော့ မဟုတ်ပါဘူးကွာ"

ရယ်မောရင်း ဘရွှေကျိုင်း ရေရွတ်သည်။ ဘရွှေကျိုင်းပြောသည့် မောင်ရှင်ကို ရွာသားတိုင်းသော်မှ နားမလည်သည့်အတွက် စကားပြန် နားလည်ရန်ကား ပို၍ဝေးသေးသည်။ သို့ကြောင့်၊ အထူးအထွေ မရှိပေ။ ဖက်ဆစ်ခေတ်ဦးကာလတွင် ဂျပန့်နောက်သို့ လှည်းလိုက်ဖူးသော အတွေ့ အကြုံလည်း မရှိသေးရကား၊ မဲကျသူများမှာ ပေါ့ပေါ့ပါးပါး ရယ်ရယ် မောမောပင်။

"ဘရွှေကျိုင်းလှည်းက ဘယ်သူ့လှည်းဦးစီးလုပ်မှာတုန်း"

"ငါကိုယ်တိုင်ပေါ့ကွ"

"မလုပ်ပါနဲ့ဘရာ၊ စံသာဦးဖြစ်ဖြစ်၊ မောင်ကောင်းစံ သို့မဟုတ် တစ်ယောက်ယောက်ထည့်ပါ"

"အငံလိပ်ကို ငါကိုယ်တိုင် လှည်းမောင်းပြီး လိုက်တိုက်ချင်လို့ပါ သူကြီးရာ"

သူကြီးနှင့် ဘရွှေကျိုင်းတို့ အချီအချပြောသည်ကို ဂျပန်စိတ်ဝင်စား၏။ စကားပြန်က ဘာသာပြန်ပြသောအခါ ရွှေသွားတွေ အကုန်ဖော်လျက် ထလာ၏။

"ဘိရုမာ ကောင်း၁၀၊ ကောင်း၁၀"

**ပုဂံစာအုပ်တိုက်**

ဂျပန်သည် သူ့အဘိုးအရွယ် ဘရွှေကျိုင်းအား ကျောကိုသပ်၏။ ခေါင်းကိုပွတ်၏။

မဖွယ်မရာအမူ အဂါရဝကိစ္စကို မြင်ရသဖြင့် ပရိသတ်ရယ်မောၐ၏။ သူ့ကို လူတွေ သဘောကျသောကြောင့် ရယ်မောသည်ဟု ဂျပန်ယူဆ၏။ သွားတဖြီးဖြီးဖြင့် ပြန်ထိုင်ရာက စီးကရက်တစ်လိပ်ထုတ်ပေး၏။

ဘရွှေကျိုင်းသည် လှည်းဦးစီးရှာရန် အိမ်သို့အမြန်ပြန်လာ၏။ စံသာဦးမှာ ဘရွှေကျိုင်း လှည်းမဲကျကြောင်း ကြားပြီးဖြစ်သဖြင့် လှည်းကို အသင့်ပြင်ထား၏။ ဂျပန်၏ ရိုင်းစိုင်းရက်စက်မှုကို မသိသေးရကား ဂျပန်နှင့် လိုက်ရန် တက်ကြွနေ၏။

"ဘယ်နှစ်ရက်ကြာမယ်၊ ဘယ်ရောက်ရင် ပြန်လာရမယ်ဆိုသာ ပြောသူလည်း မရှိဘူး၊ မေးသူလည်း မရှိဘူး။ အေး၊ ပေါ့တီးပေါ့ဆ မလုပ်နဲ့။ ထမင်းထုပ်၊ ရေဘူး၊ နွားစာ ပြည့်စုံပေစေ။ အထူးသတိထားရမှာကတော့ ဂျပန်ဟာ လူမဟုတ်ဘူး"

"ဘရာ၊ သူများတွေ ကြားသွားပါ့မယ်"

မဖဲလှက မီးဖိုကျင်းထဲတွင် ဟင်းအိုးမွှေနေရာက အထိတ်တလန့် သတိပေး၏။ သူသည် အိမ်အောက်၌ ဘရွှေကျိုင်းထံသို့ လာသူများနှင့် ဘရွှေကျိုင်းတို့ ပြောသံများကို အခါမလပ်ကြားနေရသူဖြစ်၏။ ထိုအခါ ဂျပန်အကြောင်းကို မိဖဲလှသည် အခြားမိန်းမများထက် ကြားဖူးနားဝရှိ၏။

ထိုအခိုက်တွင် ကျော်ညဲလည်း ယာထဲမှပြန်ရောက်လာ၏။

"ဘ လှည်းမဲကျသဆို။ စံသာဦးနဲ့ ဖြစ်ပါ့မလား"

"ဖြစ်အောင်လို့ မှာကြားနေရသာပဲကွာ။ ကောက်ရိုးထုထုခင်းဟေ့။ နွားစာ မရှိသဲ့အဆုံး သည်ကောက်ရိုးပဲ ချကျွေးရမှာ။ ကောက်ရိုးတွေ လူစော် မနံအောင် အပေါ်က ဖျာခင်းဖို့လည်း မမေ့နဲ့ဦး။ လှည်းစည်းကုံး လှည်းနား စောင့်လည်း စစ်ပါဦးဟ"

စံသာဦးသည် "ငါ့ယာသာ နည်းနည်းကြည့်လိုက်ပါကွာ" ပြန်ပြောရာက ဘရွှေကျိုင်း မှာကြားသမျှကို စုံစေအောင်ဆောင်ရွက်နေသည်။

"ဘရွှေကျိုင်းရေ၊ သွားကြမယ်ဗျို့"

ဆယ်အိမ်ခေါင်း ကိုပြောင်း၏ အော်ခေါ်သံဖြစ်သည်။ "လာပြီဗျို့ လာပြီ" ဟု စံသာဦး ပြန်အော်သည်။ ထမင်းထုပ်၊ ရေဘူး၊ ဖိနပ်ကို ရှံတိုင်ရှေ့ပိုင်းတွင် ချိတ်သည်။ ပုဆိုးတစ်ထည်ကို ကျောတွင် လွှားသည်။ ဇနီးသည် ဆွဲလာသော နွားနှစ်ကောင်ကို ထမ်းပိုးအောက်သို့ ဆွဲသွင်းစဉ် ဘရွှေကျိုင်း ထပ်မံ မှာကြား၏။

"ဂျပန်ဟာ လူမဟုတ်ဘူး ဆိုသဲ့စကားကို မြဲမြဲမှတ်ထား။ ယီးတီးယားတား လုပ်လို့ကတော့ အမေ မွေးသဲ့သွားတွေ တစ်ချောင်းမှ အိမ်ပြန်ပါလာမှာ မဟုတ်ဘူး။ ရတနာသုံးပါးလည်း နာနာနှလုံးသွင်း"

လှည်းသည် အိကနဲ တစ်ချက်အသံပေးပြီးနောက် အိမ်ဝိုင်းထဲမှ လျင်မြန်စွာ ထွက်ခွာသွားလေ၏။ ဝိုင်းပြင်ဘက်လောက်သို့ လှည်းအရောက်တွင် "ဘရေ၊ တိုင်းလုံးကျော်ကို ခေါ်ပါဦးဗျို့" ဟူသည့် စံသာဦး အော်သံပေါ်လာသဖြင့် ကျော်ညံ ပြေးထွက်သွားသည်။ သို့သော် ဘရွှေကျိုင်းလည်း မနေနိုင်သေး။ တောင်ဝှေး တဒေါက်ဒေါက်မြည်အောင် ထောက်လျက် လိုက်သွားရသေးသည်။

တိုင်းလုံးကျော်သည် ကိုကျော်ညံဆွဲခေါ်ရာသို့ တရွတ်တိုက်လျက် ပါလာ၏။

"အဖေ မတရားဘူးဗျာ။ ကျွန်တော့်ကို ခိုင်းပါတော့လား"

· "ဟဲ့ မင်းက လှည်းမောင်းတတ်လို့လား၊ နွားကိုင်တတ်လို့လား။ ရှည်မနေနဲ့၊ အိမ်ထဲဝင်စမ်း"

ဘရွှေကျိုင်း မာန်မဲသော်ငြား တိုင်းလုံးကျော် အပြောမရပ်။

"လှည်းမောင်းသမားများ ခက်ခက်နိုးနိုး"

**ပုဂံစာအုပ်တိုက်**

"မင်းလိုကောင်မျိုးပေါ့ကွ လှည်းနင်းခံရသဲ့ လှည်းသမားဆိုသာ"

ကိုကျော်ညံ့ကား ဆွေမျိုးများအလယ်သို့ ရောက်လာသော သူတစ်စိမ်းဖြစ်သဖြင့် သည်မျှသာပြောကာ မြင်းစောင်းထဲသို့ ဝင်သွားလေ၏။

ဘရွှေကျိုင်းသည် သားငယ်အား ကွပ်ပျစ်ပေါ်တွင် အထိုင်ခိုင်းကာ "မင်းနဲ့ မဖြစ်သဲ့ကိစ္စမို့ မင့်ကို မခိုင်းသာပေါ့ လူလေးရဲ့။ နေပါဦး၊ အခု ဘယ်ကပြန်လာသာတုန်း" ဟု မေးသည်။

"မင်းလှက ပြန်လာသာ"

"မင်းလှ၊ ဘာသွားလုပ်သာတုန်း"

တိုင်းလုံးကျော်၏အဖြေမှာ ယုတ္တိရှိ၏။ ခြေလှမ်းတိုင်း လှမ်းတိုင်း ခြေထောက်အထက်သို့ ဝဲပျံလာသော ဖုန်နီဖုန်ဖြူများသည် တိုင်းလုံးကျော်၏ ခြေဖမိုးမှ ခါးအထိ ထူထပ်စွာကျရောက်နေ၏။ ခါးအထက်တွင်မူ ဖုန်ထူပါးလျားသော်ငြား ချွေးနှင့်ဖုန်သည် လည်ပင်းလက်မောင်းနှင့် မျက်နှာတွင် ပေကျံနေ၏။ ဤသည်ကို စိုက်ကြည့်ပြီး ဘရွှေကျိုင်းက စစ်ဆေးမေးမြန်းနေခြင်းဖြစ်၏။

"ဘိအိုင်အေထဲ ဝင်မလို့သွားသာ"

ဘရွှေကျိုင်း နှစ်ခြိုက်စွာပြုံးသည်။

"လူကလေးရာ တစ်ကြိမ်ပယ်ပြီးသူကို နောက်တစ်ကြိမ်မှာ ဘယ်လိုလုပ်ပြီး လက်ခံမတုန်းဟ။ သက်သက် အပင်ပန်းခံလို့"

"မသိဘဲနဲ့ ရမ်းရမ်းပြောသာ ကျွန်တော် မကြိုက်ဘူး။ ပထမတစ်ကြိမ်ပယ်သာက ပေါင်ချိန်တစ်ရာမပြည့်လို့ပယ်သာ။ အဲသာကြောင့် ငှက်ပျောသီးတွေ အဝအပြဲစားပြီး ခါးပိုက်ထောင့်ထဲမှာ လိုရမည်ရ ကျောက်ခဲတစ်လုံးထည့်သွားတော့ ပေါင်ချိန်တစ်ရာကျော်သွားရော။ အဲသည်တော့ အရပ်မရှည်သေးလို့တဲ့။ ခုတစ်မျိုး၊ ခုတစ်မျိုးဗျ"

"ကိုရင့်လှည်း မဲကျသဆို"

ဒေါ်ရိုးသည် ရောက်မဆိုက် လှမ်းမေး၏။ ဘရွှေကျိုင်းသည် အစ်မအား ခေါင်းညိတ်ပြရာက "ငါ့သားကြီး မောင်ကောင်းစံဟာ မင့်ထက် ပညာတတ်ပေမယ့် ယဉ်ကျေးသကွ။ မင့်ကျမှ အတန်းပညာစကောစကနဲ့ ရိုင်းသာ၊ ငါ စဉ်းစားလို့မရဘူး" ရေရွတ်သည်။

"ဟုတ်သယ်လူလေး။ ဖအေကအစ ကိုယ့်ထက် အသက်အရွယ်ကြီးသူတွေကို ရိုရိုသေသေ ပြောမှဆိုမှပေါ့"

ဒေါ်ရိုးသည် ကွပ်ပျစ်စွန်းတွင် ဝင်ထိုင်၏။ မိတဆိုးတူငယ်အား ကြင်နာစွာဖြင့် ခေါင်းကိုကိုင်၏။

"ကျွန်တော် ဘာတွေ ရိုင်းသတုန်းအဖေ။ ကဲ ပြော"

တိုင်းလုံးကျော်သည် လက်ချိုးရေတွက်ရန်အတွက် လက်ဝါးဖြန့်၏။ ဘရွှေကျိုင်း အသံထွက်ရယ်မောရာက "လူကြီးတွေရှေ့မှာ ခါးကုန်းပြီး မသွားဘူးကွာ။ အိမ်အောက်မှာ လူကြီးတွေရှိနေပါလျက်နဲ့ အိမ်ပေါ်မှာ ကိုယ်ကို ဖော့မသွားသဲ့အတွက် ခေါင်းပေါ်ကို အမှုန်တွေကျသကွာ။ ပြောလိုက်ဆိုလိုက်ရင်လည်း မင့်လက်အောက် ငယ်သားတွေကျနေသာပဲ။ ကဲ ဘာဆင်ခြေပေးမတုန်း" မေး၏။

"အဖေကတော့ ပြောနေပြီ။ လူလေး ဘာပြောမတုန်း၊ ကဲ"

တိုင်းလုံးကျော်သည် ဒွေးကြီးအား မော့ကြည့်၏။ ထို့နောက် ဖအေကို ကြည့်၏။ ဘရွှေကျိုင်းကား သူ့သား ချေပသည်ဖြစ်စေ၊ မချေပသည်ဖြစ်စေ၊ အလေးအနက်မထားငြား နားမှု စွင့်ထား၏။

"ခါးကုန်းသဲ့အခါမှာ အဆုပ်ဟာ လွတ်လွတ်လပ်လပ် မရှိဘူး ဒွေးကြီးရ။ ကျန်းမာရေးနဲ့ ညီညွတ်အောင် မနေတတ်သဲ့အတွက် ကာယဗလ အရာမှာ ကျွန်တော်တို့ တက်လူ လူငယ်တွေ ချို့တဲ့သယ်။ ရှူနာရှိုက်ကုန်းတွေ များသယ်။ ဒါကြောင့် ခေတ်မမီသဲ့ ခါးကုန်းသာကြီးကို ကျွန်တော် မလုပ်သာ"

ပုဂံစာအုပ်တိုက်

ဒေါ်ရိုးသည် "ကိုင်း ဘယ့်နယ်ရှိစ" မေးလိုသောအကြည့်ဖြင့် ဘရွှေကျိုင်းအား လှမ်းကြည့်၏။

"လမ်းလျှောက်သဲ့အခါ ရင်ကော့ခေါင်းမော့ပြီး လက်လွဲလျှောက်မှ ကျန်းမာရေးနဲ့ ညီညွတ်တော့မှာပေါ့ဒွေးကြီးရ။ အိမ်အောက်က လူတွေရဲ့ ခေါင်းပေါ် အမှုန်တွေ မကျစေချင်ရင် အမှုန်မရှိအောင် လုပ်ထားပေတော့။ ပိုက်ဆံကျပျောက်တဲ့ ပုံစံမျိုးနဲ့ ကုန်းပြီး ခြေဖွပြီးလျှောက်ရင် ဘယ်မှာ ကျန်းမာရေးနဲ့ ညီညွတ်တော့မှာတုန်းဗျာ"

ဘရွှေကျိုင်းကား "အင်း"တစ်လုံးသာမြည်လျက် သူ့သား၏ခေါင်းပေါ်မှ ကျော်ကာ ဝိုင်းပြင်သို့ငေးမောနေ၏။ စင်စစ် ဝိုင်းခြံဝင်းအပြင်တွင် သွားလာ လှုပ်ရှားနေသောအရာများ၊ ငြိမ်တန့်နေသော အရာများကို ဘရွှေကျိုင်း ကြည့်ခြင်းမဟုတ်။ သူ့သားအကြောင်းကို ရှာဖွေနေခြင်းသာဖြစ်၏။

"သည်ခေတ်ဟာ လှည်းခေတ်၊ လှေခေတ် မဟုတ်တော့ဘူး ဒွေးကြီးရ။ လေယာဉ်ပျံခေတ်ဖြစ်နေပြီဗျာ့။ တက်လူတွေ ခေတ်မီတိုးတက်ချင်ရင် ခေတ်မမီသာတွေကို ဖယ်ရှားပစ်ရမယ်"

"လူကြီးသူမတွေကို မလေးမခန့်လုပ်မှ ခေတ်မီသယ်လို့ မင့်ကို ဘယ်သူပြောတုန်း ဟင် သဘောက်မသား"

ဘရွှေကျိုင်းသည် တောင်ဝှေးဖြင့် ရိုက်ရန် ရွယ်၏။ ရွယ်သော်ငြား ရိုက်ရန် စိတ်ကူးမရှိ။ သူ့အစ်မကလည်း သူ့တူကို အရိုက်ခံမည်မဟုတ်။ ဒေါ်ရိုးထက်ပိုဆိုးမည့်သူမှာ ဒေါ်ဆယ်ဖြစ်သည်။ထိုမရိုးနှင့်လည်း ဘရွှေကျိုင်း စကားမများလို။ သည်ကလေး သည်အရွယ်ထိအောင် စောင့်ရှောက်မွေးမြူ ခဲ့သည့် ဒေါ်ဆယ်၏ကျေးဇူးမှာ ကြီးမားသည် မဟုတ်တုံလော။

သို့သော် ငေါက်ငမ်းသင့်သလောက် ငေါက်ငမ်းထားမှ၊ ကြိမ်းမောင်း သင့်သလောက် ကြိမ်းမောင်းထားမှ တန်ကာကျမည်။

"မှတ်ထားကွ၊ အရွယ်ရောက်သဲ့ ခွေးပျိုက ခွေးအိုကြီးကိုကိုက်သကွ။

နွားသိုးက နွားအိုကြီးကို ဖော့သကွ။ တက်ကြွက်ကလည်း ကျကြွက်ကို ခွပ်သကွ။ အဲသာ ဘာကြောင့်တုန်းသိလား။ တိရစ္ဆာန်မို့၊ တိရစ္ဆာန်ဖြစ်နေလို့။ တိရစ္ဆာန်မှာ ဘာဂါရဝတရားမှ မရှိဘူး"

"ကျွန်တော်ပြောသာ အဲသလို မဟုတ်ဘူး အဖေရ"

တိုင်းလုံးကျော်တွင် လုံလောက်သော အကြောင်းအရာ အချက်အလက်ရှိငြား သူ့အဖေ နား၀င်အောင် စီကာပတ်ကုံး မပြောတတ်။

"အစ်မရေ၊ ခင်ဗျားသား သာလောက်ရိုင်းနေသာ ဘုန်းကြီးကျောင်း မနေခဲ့ရလို့ ထင်သယ်ဗျာ"

"အဖေ ကျွန်တော့်ကို အဲသလိုပြောသာ ရိုက်သထက်နာသဗျာ။ ကျွန်တော် ရတနာသုံးပါးကို ကိုင်းရှိုင်းသယ်။ မိဘ၊ ဆရာသမားကို ရိုသေသယ်။ သားသမီးဆိုသာ မိဘကိုလုပ်ကျွေးရမယ်။ အဲသလို လုပ်ကျွေးရမယ့် ၀တ္တရားရှိပါလျက်နဲ့ လုပ်မကျွေးသာဟာ 'ကတ္တညု အ ကရဏာ' တဲ့ဗျ၊ သေရင် အပယ်လားသတဲ့"

"သလိုတော့လည်း ချောလို့ပါကလား"

ဘရွှေကျိုင်း ရယ်မောသည်။

"သူ့အသက် မသတ်ရဘူး၊ သူ့ပစ္စည်းကို မခိုးရဘူး။ သူ့သားမယား မပြစ်မှားရဘူး၊ သူတစ်ပါးကို လိမ်မပြောရဘူး၊ အရက်ထန်းရည် မသောက်ရဘူးဆိုပြီး တားမြစ်ထားသာကို လွန်ကျူးရင် 'အ ကတ္တညု ကရဏာ' တဲ့ဗျ။ အဲသာလည်း အပယ်လားကြောင်းတရားပဲ"

"အစ်မသားက သလိုတော့လည်း ဟုတ်သားပါကလား"

ဘရွှေကျိုင်း ရယ်မောပြန်သည်။

တစ်အိမ်ကျော်တွင်နေသော ဒေါ်ဆယ်သည် သူ့သား၏အသံကို အော်ကျယ်အော်ကျယ် ကြားကတည်းက ခေါင်းငုံ့ကြည့်နေခဲ့သည်။ ရုတ်တရက် စကားမပြတ်။ တစ်စုံတစ်ရာ အချေအတင်ဖြစ်ပြီ ထင်သောအခါ

ငြိမ်မနေနိုင်တော့ပါ။ ကူးလာခဲ့ရပြီ။

ဒေါ်ဆယ်ကိုမြင်သောအခါ တိုင်းလုံးကျော် အားတက်သည်။ ဘရှေကျိုင်းလည်း အားတက်သွားကာ လှမ်းပြောၙ်။

"မဆယ်၊ နင့်သား အလကားနေ အလကားပဲ။ သက်န်းဆည်းပေးရအောင်၊ ကြာရင် ရိုင်းသွားမှာစိုးရသယ်"

"ကောင်းသာပေါ့တော်။ ဆွမ်းဆန်စိမ်းပဲ လှူလိုက်သာပေါ့"

ဘရှေကျိုင်းပြောမှသာ သူ့သား သက်န်းမဝတ်ရသေးကြောင်း ဒေါ်ဆယ်သတိရသဖြင့် ဝမ်းသာစွာ တုံ့ပြန်ၙ်။

"ကျွန်တော့်ကို သက်န်းဆည်းရမယ်ဆိုသာ ကျွန်တော် မငြင်းပါဘူး အဖေ။ သာပေမယ့် ရိုင်းစိုင်းသဲ့အတွက် ယဉ်ကျေးအောင် သက်န်းဆည်းပေးရသယ် ပြောရင်တော့ မဝတ်ဘူးဗျား"

ဒေါ်ဆယ်သည် တိုင်းလုံးကျော်ပခုံးကို ပွေ့ထားရာက "ဦးဇင်း၊ ကျုပ်သားကို သလိုပဲပြောရသလား" ရန်တွေ့သံဖြင့် မေးၙ်။

"ငါကလည်း မိတဆိုးဆိုပြီး အလိုလိုက်၊ နင်ကလည်း ဝမ်းမနာသားဆိုပြီး ဖူးဖူးမှုတ်ထားတော့။ အဲ ကျောင်းနေကတည်းက လောကဓာတ်ကျောင်း နေလာသဲ့အတွက် ရိုင်းသယ်။ အပြောအဆို အနေအထိုင်ကအစ ပေါ့ဟာ။ ဘုန်းကြီးကိုများ ခင်ဗျားတစ်ခွန်း ကျုပ်တစ်ခွန်းပြောမလားပဲ"

"အဖေက ကျွန်တော်တို့ အတန်းကျောင်းတွေကို တစ်ဖက်သတ် အထင်သေးသာပါဗျာ။ ကျောင်းကို အဖိတ်နေ့မှာ နေ့ဝက်ပိတ်ပြီး၊ ဉပုသ်နေ့မှာ တစ်နေ့လုံးပိတ်သာကြည့်ပါ။ အဖိတ်နေ့မှာ ငါးပါးသီလ ရှစ်ပါးသီလခံယူနည်း၊ ဒုစရိုက်ဆယ်ပါး သုစရိုက်ဆယ်ပါး၊ ဘုရားရှိခိုး ပရိတ်ကြီးသင်ရပါသဗျာ"

"ကိုင်း ဖအေလုပ်သူ ဘာပြောမတုန်း"

ဒေါ်ရိုးက ပြုံးပြုံးကြီးဝင်ပြောသည်။

**ပုဂံစာအုပ်တိုက်**

"ဘာစာတွေသင်သတုန်း မေးပါဦး။ မဟာဇနက္ကဇာတ်တော်၊ အမိကျေးဇူး၊ ဓမ္မနီတိချိုး။ အမိကျေးဇူးလို့ အမည်ပေးထားပေမယ့် မိဘကျေးဇူး ဘယ်လောက်ကြီးမားသယ်ဆိုသာတွေ ရေးထားသာ။ ဓမ္မနီတိချိုးဆိုသာကတော့ လောကနီတိကျမ်းကို ဒွေးချိုး၊ တြိချိုး စပ်နည်းနဲ့ဖွဲ့ဆိုထားသာ၊ အဲသာ အရကျက်ရသဗျ"

"ကဲကွာ၊ တစ်ပုဒ်လောက် ကြားရအောင်"

ဘရှေကျိုင်းက ပြုံးစေ့စေ့ဖြင့် စမ်းသပ်ကြည့်သည်။

"ပေါ်ရှေယောင်နီမြန်း သဖန်းငယ်မှည့်ဝါ။ ဖောက်ခွဲလွှာကော်က ထဲမှာသော် ကုန်ပုပ်သိုး ပိုးထိထောင်ရာ။ သူယုတ်မာ၊ တိုက်ရိုက်ကယ် သည်ပမာနှင့် မင်းရှာလို့ခိုင်းတဲ့။ အပေါ်ယံလှပြီး အထဲမှာပိုးတွေ ပြည့်နေသဲ့ သဖန်းသီးမှည့်ကို လူယုတ်မာနဲ့ နှိုင်းထားသာ"

"တော်လိုက်တဲ့ငါ့သားဟဲ့၊ ဆိုပါဦး နောက်တစ်ပုဒ်"

ဒေါ်ဆယ်က နဖူးကိုနမ်းပြီး ချီးမွမ်း၏။

"ချုပ်ချုပ်ကယ်ချယ်ချယ်။ ခွေးချင်းမြင်လေက သွားတွေကိုအကုန်ဖြဲခဲတဲ့အံစွယ်။ ပျက်ချော် မူမဟုတ်တဲ့ သူယုတ်ကယ့်မိုက်ဂုဏ်ကြွယ် ထို့နယ်လည်းကောင်း။ နိပ်စက်ကယ်ကလူနှင့် သူတော်ကို ခိုက်ရန်ငြိုး၊ ထိုးကြဲမျက်စောင်းတဲ့ဗျား။ ခွေးဟာ သွားဖြဲပြီး ကိုက်ချင်သလို၊ သူယုတ်မာဟာလည်း သူတော်ကောင်းကို မျက်စောင်းတထိုးထိုးနဲ့ အမြဲရန်လိုသယ်တဲ့ ဟုတ်ပလား"

"ဟုတ်သယ် ဟုတ်သယ်။ လောကနီတိထဲမှ 'သုနကွော ခွေးတစ်ကောင်သည် သုနက္ခံခွေးတစ်ကောင်ကို ဒိသွာမြင်၍ ဒန္တံသွားကို၊ ဒဿတ္တိ ပြ၏' လို့ ပါသကွ"

ဘရှေကျိုင်းက ရယ်သံပြုရင်း ထောက်ခံ၏။ သူသည် မျက်လုံးပေါက်တွေ ပိတ်သွားအောင် ရယ်မောနေစဉ် ဒေါ်ရိုးက "နောက်တစ်ပုဒ် ကြားပါရစေဦး လူလေးရာ" ဟု ခိုင်းပြန်သည်။

## ပုဂံစာအုပ်တိုက်

"ဂုဏ်မပြောင် ကြောင်နုပ်ဖွဲ့ တင့်ရဲတဲ့မာန်စောင်။ ဆင်းသွင်ပြင် တူရုံမျှနှင့် ကျားမင့် ဘယ်ဟူရအံ့ ဝေးစွအခေါင်။ ပညာရှိ ကဝိတို့ အယောင်ဆောင်၊ မိုက်ခေါင်ချုပ်လူဖျင်း။ ကျေးဇူးလွန်ထိမ်လို့ သုခမိန် ဘယ်ဟူရမည် လောကခေတ်တွင်း"

"အဓိပ္ပာယ် ရှင်းဦးမှာပေါ့ကွယ့်"

"ရှင်းနေသားပဲ ဒွေးကြီးရ"

"ဒွေးကြီး ကောင်းကောင်း သဘောမပေါက်လို့ပါ သားရယ်"

"ကြောင်ဟာတဲ့ ကျားနဲ့ အနည်းအကျဉ်း တူညီတာကလေးတွေ ရှိရုံနဲ့ ကျားမင်းမဖြစ်ဘူး၊ အသေးအဖွဲ့ အသေးအနုတ် ကြောင်ပါပဲတဲ့။ သလိုပဲ အမိုက်မှာ ခေါင်သူကြီးဖြစ်နေသဲ့ လူဖျင်းလူညံ့တွေဟာ ဘယ်လောက်ပဲ ပညာရှိယောင် ဆောင်ပေမယ့် ပညာရှိ ဖြစ်မလာပါဘူးတဲ့။ ဟာဗျာ တော်ပြီ၊ သွားတော့မယ်"

တိုင်းလုံးကျော်သည် ဒေါ်ဆယ်၏ရင်ခွင်တွင်းမှ လူးလဲထရာ၊ ဒေါ်ဆယ်က ပုဆိုးကို ကွင်းလိုက်ကိုင်ကာ ဆွဲထား၏။

"တစ်ပုဒ် ကြားပါရစေဦးသားရယ်။ အမေ့မှာ ငါ့သားရွတ်ပြသာတွေ ကြားရသာ ဂုဏ်ယူလို့မဆုံးဘူးကွယ်။ ငါ့သားက သိပ်စာတတ်သာပဲ။ တစ်ပုဒ် တစ်ပုဒ်"

"ပညာရှိ သူတော်ကောင်းတွေက ဘယ်လောက်ပဲ ဆုံးမပဲ့ပြင်ပေမယ့် သူယုတ်မာတွေ လူမိုက်တွေဟာ မလိမ်မာဘူးတဲ့။ ဘယ်လို မလိမ်မာသတုန်းဆိုရင် ဒိဘီသမား အရာအထောင်တွေနဲ့ မီးသွေးကိုဖြူအောင် ဘယ်လောက်ပဲ လျှော်ဖွပ်ပေမယ့် မဖြူသလိုပါပဲတဲ့။ သူ့ရဲ့ စာသားက"

"ကြားပါရစေ လူကလေးရာ"

"ပညာရှိ သူတော်ကောင်းတို့ ယဉ်ကြောင်းငယ်ပဲ့ပြင်။ စဉ်းလဲခဉ်းစားနှင့်၊ လူယုတ်မာ မတော်လျားတို့၊ ဖောက်ပြား မှုညစ်ညူး တူးလို့

ကျင့်ချင်။ သည်ပုံပြင် ဆင်ခြင်ဖန်လဲ။ မိးသွေးကိုဖြူအောင်လို့၊ သိန်းရာထောင်က ဝါတို့ ဖွပ်လျှော်ကာ စင်အောင် ဆေးသော်လည်း၊ ဖွေးခွင့်ရဘဲ”

“မင်းဟာက ဒုဇ္ဇနကထာကချည်းပါကလား။ သုဇနကထာထဲက ရဟန်မတူပါဘူး”

ဘရွှေကျိုင်းက ရယ်ကျဲကျဲဖြင့် မခံချင်အောင်ဆွသည်။

“ဦးဇင်းက သည်လို မပြောပါနဲ့၊ ကျုပ်သားက ရပါတယ်တော့။ ကဲ သား ဆိုပြလိုက်စမ်း”

“ပိန္နဲဆိုတဲ့သီးချည်းနှီးဆူးပေါ်သာ။ ဖောက်ထွင်းခွဲခွာက မွန်ရသာသကာခဲထဲ၌ ပြည့်စွာ။ ။ သူမြတ်လျှာ ပမာသည်တိုင်း။ နဂ္ဂိဂုဏ်စိုင်နှင့်ထုံလှိုင်တော်ဓမ္မ ထဲက ပြည့်လှိုင်းတဲ့။ သူတော်ကောင်းများ ပညာရှိများဟာ ပိန္နဲသီးလို အပေါ်ယံဆူးတွေဖုံးပြီး အမြင်မလှပေမယ့် ရင်ထဲအသည်းထဲမှာ အနံ့သင်းသဲ့ တရားတော်တွေ ပြည့်နေသာပဲတဲ့။ ကျွန်တော့်လိုပေါ့”

တိုင်းလုံးကျော်သည် ပြောပြောဆိုဆို လျှောဆင်းသည်။

“ကောင်းလွန်းလို့ပါ လူလေးရယ်၊ နောက်တစ်ပုဒ် ကြားပါရစေဦး”

ဒေါ်ဆယ် အဘယ်မျှ ဆွဲထားစေကာမူ တိုင်းလုံးကျော် ဖရိုဖရဲ လျှောဆင်းကာ ဒေါ်ဆယ်၏လက်ထဲမှ ပုဆိုးစကို ဖြုတ်၏။

“တော်ပြီ တော်ပြီ။ အမေတို့ ကျုပ်ကို ညာခိုင်းနေသာ”

ဒေါ်ဆယ် ရယ်ရယ်မောမောဖြင့် လွှတ်ပေးသည်။ တိုင်းလုံးကျော်လည်း အိမ်ဝိုင်းအပြင်သို့ ပြေးထွက်သွားတော့သည်။

## ၆

လယ်သမားတို့၏ ဂျူန်မီးတောက်ကြီး အားကောင်းချိန်ကဖြစ်၏။

ခိုင်းသွယ်ရွာရှိ ပုလိပ်ကင်းဂိတ်ကို လယ်သမား ဂျူန်များ ဝင်ရောက်တိုက်ခိုက်ပြီး၊ လက်နက်ခဲယမ်း မီးကျောက်များကို ယူငင်သွားကြသည်။ သို့အတွက် ထိုဂျူန်များကို ရှာဖွေတိုက်ခိုက်ရန်နှင့် ဂိတ်ဟောင်းနေရာတွင် တပ်စွဲထားရန် ပန်ချာပီတပ်တစ်တပ် နောက်တစ်နေ့တွင် ရောက်လာသည်။

ပန်ချာပီတပ်သည် ကင်းဂိတ်သို့ မဝင်သေး။ အရိပ်အာဝါသ ကောင်းရာတွင် ရပ်နားသည်။ သူတို့ရပ်နားသည့်နေရာတွင် ရေကန်တစ်ကန် ရှိနေသဖြင့် ဝမ်းသာသွားကြသည်။ သေနတ်များကို နီးရာသစ်ပင်တွင် ထောင်သည်။ အပြေးအလွှား ကိုယ်တုံးလုံးချွတ်ကာ တစ်ယောက်ပြီးတစ်ယောက် ရေကန်တွင်းသို့ခုန်ချကြသည်။

ရန်သူအင်္ဂလိပ်၏နောက်လိုက် ပန်ချာပီတို့အတွက် ကြည့်လေရာရာတွင် ရိုးပြတ်နှင့် သစ်ပင်ဝါးပင် ချုံနွယ်များသာရှိသည်။ သို့သော် သူတို့မသိသောမျက်လုံးများကား နေရာတိုင်းတွင်ရှိနေသည်။

သို့ကြောင့် လက်နက်ကိုင်ရန်သူတွေ ဤရေကန်၌ ရေချိုးနေသည့် သတင်းသည် 'ဗိုလ်ရန်ကြီးအောင်' ခေါင်းဆောင်သည့်တပ်သို့ ချက်ချင်း ရောက်လာသည်။ ဗိုလ်ရန်ကြီးအောင်၏တပ်သည် ချက်ချင်းလှုပ်ရှားကာ ရေကန်ဘက်သို့ ချီတက်လာ၏။ တပ်ဦးတွင် အလံတလူလူ၊ တိုက်မောင်းသံ တဟီးဟီး။

ကျေးရွာက သောက်ရေအတွက် မှီခိုအားထားနေရသော ရေကန်တွင်း၌ စိတ်အေးလက်အေးရေချိုးနေသော ရန်သူသည် နားစွင့်၏။ မောင်းသံပါတကား။ စာဇင်သည် ထရပ်ပြီးမျှော်ကြည့်သည်။ ဂဠုန်အလံတလွင့်လွင့်နှင့် လူအုပ်ကြီးပါတကား။

မည်သည့် လူအုပ်နည်း။

မည်သည့်အရပ်သို့ သွားမည်နည်း။

အခြားတစ်ပါးသို့ သွားရန်မဟုတ်။ ရေကန်ဘက်သို့ ဦးတည်လာနေသည်။ ဓားလှံတမြွောက်မြွောက်၊ ဒူးလေးတွေ တဝင့်ဝင့်။ စာဇင် ကြည့်နေဆဲ၌ လူအုပ်ကြီး ပြေးလာချေပြီ။

"တိတ် ပို့စ်"

စာဇင် အော်ဟစ်အမိန့်ပေးသည်။ ရန်သူတွေ ရေစက်လက်ဖြင့် ပြေးတက် သေနတ်ယူသည်။ ရေကန်ပေါင်နောက်တွင် ဝပ်သည်။ သေနတ်ပြောင်းကို လူအုပ်ကြီးဘက်သို့ ချိန်ထားသည်။

ဂဠုန်တပ်သားများ ပြေးလာကြသည်။ ကန်ပေါင်နှင့် ပေတစ်ရာအကွာသို့ ရောက်လာကြပြီ။ စာဇင်ထံမှ ပစ်မိန့်ပေးသံနှင့် သေနတ်သံများ ရှေ့ဆင့်နောက်ဆင့်ပေါ်လာသည်။ အလံကိုင်၊ မောင်းတီးသူ၊ ရှေ့ဆုံးမှ အော်ဟစ်လျက် ညာသံပေးသူတို့ ငှက်ပျောပင်ကို ဓားထက်ထက်ဖြင့် တစ်အားပိုင်းလိုက်ဘိသို့ ဗိုင်းခနဲ လဲကျသွားလေ၏။

"တက်တက်။ဘယ်တောင်ပံ ဗိုလ်ရန်၊ညာတောင်ပံ ဗိုလ်ဉာဏ်။တက်"

**ပုဂံစာအုပ်တိုက်**

မည်သို့ပင် စစ်နှစ်ဖက်ခွဲကာ ဝက်ခေါင်းထိုးတက်စေကာမူ ရန်သူသည် နေရာကောင်းမှ လက်နက်ကောင်းဖြင့် ဆီးကြိုချေမှုန်းနေသည်။ ထွေးခနဲထွေးခနဲ အဘယ်မျှပင်ကျဆုံးကုန်ငြား ဂျွန်တပ်သားများ မရွံ့မတွန့်။ ရေလုံးကြီး ကမ်းကိုရိုက်သည့်နှယ် ပြေးလာကြ၏။ လုပ်သေနတ်များ၊ နှစ်လုံးပြူးများဖြင့်၊ ဒူးလေးများဖြင့် လှမ်းပစ်ရင်းက ကျဆုံးကြ၏။

နောက်ဆုံးတွင် အမိန့်ပေးသူ မရှိတော့မှ တဖြည်းဖြည်း ငြိမ်သက်စွာ ဆုတ်ခွာသွားကြလေသည်။ ရန်သူသည် ကန်ပေါင်ပေါ်သို့ အရှက်ကင်းစွာ တက်လာသည်။ မြင်မကောင်းသော အလောင်းပင်လယ်ကြီးကိုကြည့်လျက် အံ့ဩတုန်လှုပ်နေကြသည်။

*

"လက်နက်အရာမှာ ဆင်နဲ့ပုရွက်ဆိတ်လောက် ကွာနေပါလျက်နဲ့ သည်မောင်းကြီး တဒူဒူထုပြီး ဘာပြုလို့ အသံပေးရသာတုန်း။ သည်မောင်းကြီး မထုရင် စစ်မတိုက်ရတော့ဖူးလား။ တကယ်လို့သာ၊ ဂျွန်တွေဟာ ရိုးပြတ်တွေ၊ ချုံတွေ၊ သစ်ပင်တွေနောက်က ပုန်းလျှိုးကွယ်လျှိုးလာပြီး သေနတ်တွေ ယူမယ်။ ပြီးတော့မှ ရေကန်ထဲက အကောင်တွေကို ဓားနဲ့ခုတ်ခုတ်၊ သေနတ်နဲ့ပဲ ပစ်ပစ် လုပ်ချင်သလိုလုပ်လို့ရပါလျက်နဲ့ အဲသည်မောင်းကြီး တီးမိသဲ့ အတွက် သေနတ်လည်း တစ်လက်မှ မရဘူး။ လူလည်း လေးဆယ်လောက် ကျကျန်ခဲ့သယ်"

ကိုခင်မောင်တင့် ခေါင်းညိတ်ပြသည်။

"ပွဲစားကြီးနဲ့ သခင်ရန်ရှင်း၊ သခင်ဝေလင်း၊ သခင်အောင်ဒင်တို့ အချီအချပြောနေသာကို ကျွန်တော်က ဘေးက နားထောင်နေသာပါဆရာ။ သာပေမယ့် ကျွန်တော့်ရင်ထဲ မကောင်းဘူး။ ကျွန်တော့်ရင်ထဲ မကောင်းသလို သခင်တွေလည်း ဒေါသထွက်နေသဗျာ့"

## ပုဂံစာအုပ်တိုက်

"သူတို့က ဘာပြုလို့ ဒေါသထွက်ရတာလဲ"

"သေနတ်တွေ ရနိုင်ပါလျက် ကုလားတွေကို သတ်နိုင်သဲ့ အခါအခွင့် ကြုံပါလျက်နဲ့ သည်မောင်းကြီး တီးနေလို့ သည်လိုဖြစ်ရသာလို့ တောက် တခေါက်ခေါက် လက်သီး တဆုပ်ဆုပ်နဲ့ ပြောကြသဗျ"

"သိပြီ သိပြီ။ အခွင့်ကောင်း လက်လွတ်ဆုံးရှုံးရခြင်းဆိုပြီး ဒေါသ ထွက်နေတာ သိပြီ တိုင်းလုံးကျော်ရေ့၊ နားလည်ပြီကွ"

ကိုခင်မောင်တင့် အပြုံးဖြင့်ဖြေရာက "ရှေးထုံးမပယ်နဲ့ဆိုတဲ့စကားကို တစ်သမတ်တည်း လိုက်နာလို့ ဖြစ်ရတာ။ အဲဒါကို ဒေါသဖြစ်ကြတာ။ ဒါပေါ့ ဒါပေါ့၊ တို့မြန်မာတွေ ဒေါသဖြစ်တာ မှန်တယ်" ဟု ဆက်ပြော၏။

"ကျွန်တော်လည်း ပေါင်ချိန်မပြည့်၊အသက်ငယ်သေးလို့ ဘီအိုင်အေထဲ ဝင်ခွင့်မရပေမယ့် အဲသာလောက်တော့ နားလည်ပါတယ်ဆရာ"

"ဆရာကောင်းတပည့်ဆိုရင် ခုနစ်တန်းဟာ မငယ်လှပါဘူးကွာ"

"သည်တော့ ကျွန်တော့်ရင်ထဲမှာ ဘာရှေးထုံး၊ ဘာထုံးစံ၊ ဘာဓလေ့ တုန်းဆိုပြီး မခံချင်စိတ်တွေ ပေါ်လာသာပေါ့။ အဲသာနဲ့ပဲ အဖေက မင်း ရိုင်းသယ်တဲ့။ ရတနာသုံးပါး၊ ဆရာသမား၊ မိဘ မသိသဲ့ကောင်။ ယဉ်ကျေး သွားအောင် သက်န်းဆီးရမယ်တဲ့ဗျား"

"ကောင်းသားပဲ၊ ဆီးပါ။ ကုသိုလ်လည်းရ လောကုတ္တရာ ဗဟုသုတ လည်း တိုးတာပေါ့ကွာ။ နေပါဦးကွ၊ ပွဲစားကြီးနဲ့ တို့မြန်မာတွေဟာ ငါညီ ခုနကပြောတဲ့ စကားကို ဘာကစပြီး ပြောကြတာလဲ"

တစ်စုံတစ်ရာ စဉ်းစားဟန်ဖြင့် မေးခြင်းဖြစ်သည်။ မေးအပြီးတွင် လည်း မျက်တောင်မခတ်ဘဲ တိုင်းလုံးကျော်အား ကြည့်နေသည်။

"ပြောမနာဆိုမနာ လူရင်းတွေ ဆရာရဲ့။ ဦးသဲ့လူက စပြောသာပဲ။ အဲသည်နေ့ကတော့ ပွဲစားကြီးက ဦးသွားသဗျ။ မြင်မြင်ချင်း၊ ဘာလဲဗျ။ ခင်ဗျာတို့က ဘုဂ္ဂကန့်လန့်ပါတီ ထောင်ဦးမလို့လား။ အစဉ်အလာ ရှိခဲ့သာက

'လာမယ့်ဘေး၊ အဝေးကရှောင်' ခင်ဗျားတို့က လာမယ့်ဘေး ပြေးတွေ့။ ရှေးတုန်းက ရှိခဲ့သာက 'ရန်မလိုက ရန်ပြုသည်။ ရန်လိုက ရန်ပိုသည်' ခင်ဗျားတို့ကျတော့မှပဲ ရန်လိုမှ ရန်ပြုသည်။ တကယ့်လူတွေပဲလို့ ရယ်ရယ်မောမော စရာက သာယာဝတီနား တိုက်ပွဲအကြောင်း ရောက်သွားတော့သာ ပါပဲ ဆရာရယ်"

ကိုခင်မောင်တင့် သဘောပေါက်သွားပါပြီ။

"အေးကွ။ ရှေးဆန်တဲ့အတွက် ရှေးမူရှေးဟန်အတိုင်းလုပ်လို့ ရှုံးရတာလို့ ပြောတာပဲကွ။ အဲဒါကြောင့် ခေတ်မီအောင် ရှေးဟောင်းအယူအဆတွေ ခဝါချပစ်ရမယ်။ ခေတ်မီတိုးတက်မှသာ ငါတို့တိုင်းပြည်ကြီး လွတ်လပ်မယ်လို့ သဘောထားကြရာက သည်ဆောင်ပုဒ်တွေ ပေါ်လာတာပဲကိုး"

"ကျွန်တော်လည်း သဘောကျသယ် ဆရာခင်ဗျာ"

"ဒါပေမယ့် ရှေးကဟာတွေဆိုပြီး အကုန်လုံး ပယ်ပစ်ရင်တော့ မတော်ဘူးထင်တယ် မောင်တိုင်းလုံးကျော်။ ခုနစ်တန်းအောင်လို့ တီးချားထရိန်နင်တက်လိုက်ရင် မူလတန်းပြဆရာဖြစ်လာနိုင်တဲ့ မင်းလိုလူလည်း စဉ်းစားကြည့်ပေါ့။ ရှေးက အလေ့အကျင့်ဆိုပြီး အနန္တော အနန္တငါးပါးကို ရိုသေတဲ့အကျင့် ဖျောက်ပစ်လို့ ကောင်းပါ့မလား"

"မကောင်းဘူးဆရာ"

"သည်လက်ဖွဲ့ဆောင်ထားရင် သေနတ်မိး မကူးဘူး။ သည်အင်းချထားရင် ကျည်လွဲတယ်။ သည်ဂါထာရွတ်ရင် ကျည်လုံတယ်ဆိုတာမျိုးကတော့ လောကဓာတ်ဝိဇ္ဇာပညာနဲ့ ပြဒါးတစ်လမ်း သံတစ်လမ်းမို့ ပယ်သင့်တာ အမှန်ပဲ။ ဒါပေမယ့် ယဉ်ယဉ်ကျေးကျေး ပြောဆိုဆက်ဆံတာတွေ၊ ကိုယ့်ထက် တစ်နေ့တစ်ရက် တစ်မနက်ကြီးသူကို ရိုသေတာတွေကျတော့ ရှေးက ဓလေ့ထုံးစံပေမယ့် မပယ်သင့်ဘူးကွ။ ပယ်ရင် အရိုင်းအစိုင်း ဖြစ်သွားမယ်"

**ပုဂံစာအုပ်တိုက်**

သည်အခါတွင် ခေါင်းညိတ်ရသူမှာ တိုင်းလုံးကျော်ဖြစ်သွားပြီ။

"လမ်းမှာ တံမြက်လှည်းတယ်၊ လမ်းဘေးမှာ ရေချမ်းစင်တည်တယ်။ တစ်ဦးမှာ ကိစ္စရှိရင် အများဝိုင်းကူတယ်။ ဒါတွေဟာ ကောင်းတဲ့ ရှေးဓလေ့တွေပဲ။ ခေတ်မီချင်လို့ဆိုပြီး အဲဒါတွေပယ်ရင် ခေတ်မီ မမီတော့ မသေချာဘူး။ ရိုင်းစိုင်းတဲ့လူမျိုး ဖြစ်သွားမှာတော့ သေချာတယ်ဟေ့"

"ဗျို့ ဆရာလေး ဦးခင်မောင်တင့်။ သူကြီးအိမ်က တစ်အိမ်တစ်ယောက်တဲ့ဗျို့"

ကျောင်းဝိုင်းအဝင်ဝမှ အော်သံဖြစ်သည်။

"ဗျို့ ဆရာလေး"

"ဟုတ်ကဲ့ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ။ အခုပဲ လာခဲ့ပါမယ်"

လည်ပင်းရှည်လျက် ပြန်အော်အပြီးတွင် ကိုခင်မောင်တင့် ထရန်ဟန်ပြင်၏။ "မင်းလည်း တွေးခေါ်တတ် စဉ်းစားတတ်တဲ့ အဆင့်မှာရှိတာပဲကွာ။ စဉ်းစားပေါ့။ သက်န်းလည်းဝတ်ပေါ့၊ ကောင်းတာပဲ။ ကဲ ကဲ ရေနွေး သောက်ရင်း ကျောက်ဖရုံယို စားလိုက်ပါဦး" ပြောကာ ထသွားလေ၏။

"သူကြီးအိမ်ကလည်း ခဏခဏပါကလားဗျာ့။ ဘာကိစ္စပါလိမ့်"

"ငါထင်တာတော့ ချွေးတပ် ထင်တာပဲကွ"

ကိုခင်မောင်တင့်သည် မိခင်နှင့် နှမအား တစ်ဆက်တည်းအော်ပြောပြီးနောက်တွင် တံစက်မြိတ်အပြင်သို့ ခပ်သုတ်သုတ် ထွက်သွားလေ၏။ ကိုခင်မောင်တင့်က စားပါ သောက်ပါဦး မှာသွားငြား တိုင်းလုံးကျော် ကြာကြာမနေလိုပေ။ ကျောက်ဖရုံယိုတစ်ချောင်းကို လက်စသတ်သည်။ သောက်လက်စ ရေနွေးမှာ ပူသဖြင့် မှုတ်ချေ သောက်ချေလုပ်နေရသည်။

"ရေနွေး ရှိသေးလားဟင်"

သာယာသောအသံကလေးနှင့်အတူ ကြည်လင်လှပသော ငွေလမင်းကလေးတစ်စင်း ဘုရားကျောင်းဆောင်ဘေးရှိ တံခါးပေါက်မှာ ထွန်းလင်း

တောက်ပလာ၏။ ဂျပန်ဆံတောက်ကလေးကို အနားသတ်ထားသော နားသန်သီးကလေးသည် အလှတွင် ချစ်စရာ ဆင့်ပိုးထားသည်။

ကြည်ကြည်ဖြစ်သည်။

တိုင်းလုံးကျော် မဖြေသဖြင့် ကိုယ်ကလေးယို့လျက် ရေနွေးကရား အဖုံးကိုဖွင့်ကြည့်သည်။ လက်မောင်းကလေးက အခွဲခွာထားသည့် ထန်းပင် မြစ်နယ် ဝင်းသစ်သည်။

"ကြည်ကြည်က သိပ်ချစ်စရာကောင်းသာပဲ"

ငွေလမင်းကို လပေပုပ်ဖမ်းသည့်အလား မျက်နှာကလေး နီရဲသည်။ ကြည်ကြည်မှာ အယောင်ယောင်အမှားမှားဖြင့် ရေနွေးကရားကို မသည်။ ထို့နောက် လွတ်ချကာ နောက်ဆုတ်သည်။

"ကိုယ်ကတော့ သိပ်ချစ်သာပဲ။ ကြည်ကြည်ကကောဟင်"

ကြည်ကြည် မမျှော်လင့်သောအရာသည် ဖြစ်ပျက်၏။ ကြည်ကြည်၏ ကြံဆစ်လက်ကောက်တစ်ဖက်သည် တိုင်းလုံးကျော်၏ ပူနွေးသော ဖမ်းဆုပ်မှု အောက်သို့ ရုတ်တရက် ကျရောက်၏။

"အို၊ အို မမထွက်လာလို့ မြင်သွားပါ့မယ်။ ဟောဟိုမှာ ကျောင်းဝိုင်း အဝမှာ"

ကြည်ကြည် ပျာပျာသလဲ ရုန်းကန်ရာက ခင်ခင်မြင့်နှင့် လှန့်သည်။ လွတ်ပုံမပေါ်သဖြင့် ကျောင်းဝိုင်းအဝင်ဝသို့ လည်ပင်းရှည်ကြည့်ကာ ချောက်လှန့်မှ လွတ်သည်။

"ကိုယ့်ကိုလေ အဖေက သင်္ကန်းဝတ်ရမတဲ့။ သင်္ကန်းမဝတ်ခင် ကြည်ကြည့်ဆီက ချစ်သယ်ပြောသာ ကြားသွားပါရစေ"

ပြောရင်းက ကျောင်းဝင်းအဝင်ဝသို့ တိုင်းလုံးကျော် မျှော်ကြည့်သည်။ လူသူမရှိချေ။ မိမိအား ကြည်ကြည် လိမ်သည်။ သို့သော် သူသည် ရှက်ရှက် ဖြင့် အိမ်ထဲသို့ အဘယ်ကြောင့် ဝင်မပြေးပါသနည်း။

"ချစ်သယ် မဟုတ်လားဟင်"

နောက်တစ်ကြိမ်ဆွဲရန် တိုင်းလုံးကျော် လှုပ်ရှားတော့မှ ကြည်ကြည်မှာ အထဲဝင်ပြေးရန် သတိရသည်။ လက်ကောက်ဝတ်ကို ကိုင်မိသော လက်မှာ မွှေးသင်းနံ့ ကျန်ခဲ့သည်ထင်သည်။

ကြည်ကြည် ထွက်လာဦးမည်လော လည်ရှည်ကြည့်မိ၏။ မီးဖိုတံခါးဝတွင်သာ လှုပ်လှုပ်ရှားရှားမြင်ရသည်။

'ခင်ခင်မြင့်တို့သားအမိကို တိုင်ရင် ဘယ့်နှယ်လုပ်မတုန်း'

ထိုအတွေးကို မတွေးမိမီက ကြည်နူးနေခဲ့ ကျေနပ်နေခဲ့ပြား ထိုအတွေး ဝင်လာချိန်ဝယ် တိုင်းလုံးကျော် ရင်တုန်ရပြီ။ အိမ်ထဲသို့ ဒေါ်မြညွှန့် ဝင်လာသည်။ တိုင်းလုံးကျော် အလျင်အမြန်ထကာ သုတ်ခြေတင်စေကာမူ မလွတ်။

"မောင်တိုင်းလုံးကျော်၊ ပြန်တော့မလား"

"ဟုတ် ဟုတ်ကဲ့ခင်ဗျာ၊ ဟုတ်ကဲ့ ဒေါ်ဒေါ်"

တိုင်းလုံးကျော်သည် နောက်သို့ ပြန်မကြည့်တော့ပါ။ အပြင်သို့ ရောက်ရန် သွက်သွက်လှမ်းလာခဲ့သည်။ သူကြီးအိမ်မှ လူအချို့ ပြန်လာကြသည်။ မျက်နှာတွေ တင်းမာ ခက်ထန်နေချေသလော။ "တစ်လောက ခေါ်သွားသဲ့ လှည်းသုံးစီးတောင် ပြန်မရောက်သေးဘူး။ အခုနောက်ထပ် ခြောက်စီးတဲ့။ လွန်သကွာ" ပြောသံကြားရ၏။

"အေး၊ လှည်းလိုက်ရသာ မကောင်းသလို၊ ချွေးတပ်ကကော"

'ချွေးတပ်ဆိုပါကလား'

"ဟ ချွေးတပ်ကမှ ပိုက်ဆံလည်းရ။ သုံးလပြည့်ရင် လက်မှတ်ယူပြီး ပြန်လာ၊ ပြီးရော။ လှည်းလိုက်ရသာကမှ ဆိုးသာ။ ငါမြင်လိုက်ရသဲ့ လှည်းသမားဟာ မဟုတ်ကာမှလွဲရော၊ သရက်လောက်ကများ လိုက်လာရသလား မသိဘူး။ လှည်းအိမ်တို့ လှည်းစည်းကုံးက တို့လှည်းတွေနဲ့ မတူဘူး"

နောက်ဘက်မှ လိုက်ပါလာသော လူငါးယောက်သည် တိုင်းလုံး

ကျော်ကိုမြင်၏။ အန္တရာယ်ရှိဖွယ် မမြင်သောကြောင့် ပြောလာကြခြင်းဖြစ်၏။

"ဟုတ်ပါပြီ။ မင်းမြင်ခဲ့သဲ့ လှည်းအကြောင်းပြောပါဦး"

"လှည်းအစီး တစ်ရာလောက်ရှိမယ်။ လှည်းပေါ်မှာ ဂျပန်တွေပါလာသယ်။ ဇရပ်နားရောက်တော့ နွားတစ်ကောင်က မသွားတော့ဘူး။ လှည်းသမားက ရိုက်သယ်။ သူ့နွားကို သူလည်း သနားမှာပေါ့ကွာ။ မိုင်ပေါင်း ဘယ်နှစ်ရာ လာခဲ့ပြီးပြီမှ မသိသာကလား။ အဲ လှည်းသမား ရိုက်သာကို အားမရဘူးထင်ပါရဲ့။ လှည်းသမားရဲ့လက်ထဲက တံပြာကို ယူပြီး ဂျပန်က ဝင်ရိုက်တော့မှပဲ နွားက ဝပ်ချလိုက်ပါလေရော"

"နာလွန်းလို့လား၊ နွားကပ်လား"

"နာလွန်းလို့လား၊ ညောင်းလွန်းလို့လား တစ်ခုခုပါပဲကွာ။ ဂျပန်ဟာ လမ်းတစ်လျှောက်လုံး လှည်းဆင့်ပြီးစီးလာလို့ အတွေ့အကြုံများလာဟန်တူသကွ။ ထိုးဝပ်သဲ့နွားကို ဘာလုပ်သယ်မှတ်သတုန်း"

"ပြောပါဦး၊ ဘယ်လိုလုပ်သတုန်း"

"အမြီးကို လှန်ချိုးသဗျား။ နွားခမျာမှာ ပင်ပန်းလွန်းပေမယ့် နာသာကို မခံနိုင်တော့ ထသွားရတော့သာပေါ့။ အဲသာကြောင့် ချွေးတပ်ပဲလိုက်ပါရစေ။ လှည်းတော့ မလိုက်ပါရစေနဲ့"

"ဂျပန်လာရင် ပလေကပ်လုံချည် တစ်ပဲနဲ့ ရတော့မယောင်၊ တစ်မူးနဲ့ ရတော့မလို ပြောသဲ့လူတွေ အခုတော့ ဘယ်ချောင်ရောက်ကုန်ပြီ မသိဘူး။ သက်တွေ့မှာတော့ ရေလဲစရာအဝတ်တောင် မပါဘူး။ ချီတက်လာတော့ သည်း လှည်းနဲ့။ လှည်းတစ်စီးကိုခေါ်သွားလည်း နွားသေမှပဲ ကိစ္စပြီးသလား မသိပါဘူးကွာ"

တိုင်းလုံးကျော်သည် မြောက်ဘက်ပိုင်းသို့ ကွေ့လာသဖြင့် ဆက်လက်ပြောသွားသံများကို မကြားရတော့ပေ။ သူသည် ဂျပန် လှည်းဆင့်ခြင်းကို

လည်းကောင်း၊ ချွေးတပ်ကိုလည်းကောင်း စိတ်မရောက်။ လောလော ဆယ်တွင် တိုင်းလုံးကျော်၏ စိတ်သည် ကြည်ကြည့်ထံမှာသာရှိ၏။

ကြည်ကြည်နှင့် နောက်တစ်ကြိမ်ဆုံအောင် မည်သို့လုပ်မည်နည်း။ ဆုံခဲ့သော် မည်သည့်စကားကို ပြောမည်နည်း။

အိမ်အောက်တွင် ဘရွှေကျိုင်း ရောက်နေနှင့်ပြီ။ ကိုကျော်ညံ့နှင့် မဖဲလှတို့လည်း မနီးမဝေးတွင် ထိုင်နေကြသည်။ မျက်နှာမကောင်းကြ။

"သားတစ်ယောက်က ဘီအိုင်အေထဲ ဝင်သွားပြီကပဲ။ သည်ဥမမယ်စာမမြောက်သဲ့ ကလေးကို ချန်သင့်ပါသယ် မနည်းပြောရသဟော့"

"ချွေးတပ်သားကလည်း ခြောက်ယောက်တောင်။ ဘာလုပ်ဖို့တဲ့တုန်း ကိုကျော်ညံ့"

မဖဲလှသည် ဘရွှေကျိုင်း၏ စကားအဆုံးတွင် သူ့လင်ကိုမေး၏။

"ယိုးဒယားလမ်းကိုနှစ်ယောက်၊ အမ်းလမ်းကို လေးယောက်တဲ့။ ငါတို့အိမ်က လူမလိုက်ရပေမယ့် ငါးဆယ်ထည့်ရမတဲ့"

"ငါးဆယ်"ဆိုသံနှင့်အတူ မဖဲလှသည် ကိုယ့်ရင်ဘတ်ကို ဘုန်းခနဲ မြည်အောင်ပုတ်ပြီး လက်ဝါးဖြင့်ဖိထား၏။ "များလှချည့်လား၊ ဘာလုပ်ဖို့တဲ့တုန်း" ဆက်မေး၏။

"တစ်ရွာလုံးရဲ့ကိုယ်စား လိုက်သဲ့လူတွေကို ပေးဖို့။ သူတို့ မပြန်မချင်း သူတို့သားမယားမှာ သည်ပိုက်ဆံပဲ စားရမှာ"

"သည်ဂျပန့်လက်ထက်ကျမှပဲ ရှုပ်တီးရှုပ်ယှက်တော်။ တော်တော်ကြာ လှည်း၊ တော်တော်ကြာ ထမင်းထုပ်၊ တော်တော်ကြာ ချွေးတပ်။ နောက်ထပ် ဘာတောင်းဦးမယ် မသိဘူး"

"ဟဲ့ တိုးတိုး ပြောလဟဲ့"

ဘရွှေကျိုင်းက လှမ်းပြီး ဟန့်၏။

"ကြားသွားလို့ ခေါ်ပြီး ပါးရိုက်နေဦးမဟဲ့။ ဂုဏဝုဒ္ဓိ ဝယဝုဒ္ဓိ သိသာ

မဟုတ်ဘူးနော်၊ ပကတိ အရိုင်းအစိုင်းတွေ။ မြို့ပေါ်က ဘီအိုင်အေ လူကြီးတွေ ရုံးထိုင်နေတုန်းမှာ ဘာမပြောညာမပြော ရုံးထဲဝင်လာပြီး လူကြီးတွေကို ပါးရိုက်သတဲ့"

ဘီအိုင်အေရုံး ဆိုသည်မှာ ဗမာ့လွတ်လပ်ရေး တပ်မတော်ရုံး မဟုတ်ပေ။ မြို့နယ်အုပ်ချုပ်ရေးအတွက် ယာယီဖွဲ့စည်းထားသော အဖွဲ့ အစည်းဖြစ်သည်။ များသောအားဖြင့် မြို့မိမြို့ဖများနှင့် တို့ဗမာ အစည်းအရုံး ဝင်များသာ ပါဝင်ပေသည်။

ဘရွှေကျိုင်း သတိပေးသောကြောင့် မဖဲလှ တိတ်သွားငြား ကိုကျော်ညံက မကျေမနပ် မြည်တမ်း၏။

"ပါးဆိုသာ အထွတ်အမြတ်ပါ ဘရာ။ အခုလိုသာ ပါးရိုက်နေရင်"

"ပါးရိုက်ရင် တစ်နေ့သောအခါမှာ ပြန်ရိုက်ကြပါလိမ့်မယ်မောင်ရာ။ လောလောဆယ်မှာတော့ ရွှေဂျပန် ငွေဂျပန်လို့ ထင်နေသဲ့အထင် ကောင်းကောင်းမပျောက်တတ်သေးလို့ အံ့သြနေကြသာပါ"

တိုင်းလုံးကျော်သည် စကားပြောစရာ ကုန်သည်အထိ စောင့်ဆိုင်းနေ ပြီးမှ ဝင်မေး၏။

"အဖေ၊ ကျွန်တော့်ကို ရှင်ပြုမယ်ဆို"

"သားကို သင်္ကန်းဆည်းပေးမယ်လို့သာ ပြောမိပါသယ်ကွာ။ ရှင်ပြု မယ် မပြောမိပါကလား"

"ဟာဗျာ၊ အဖေကလည်း"

ကြည်ကြည့်ကို ရည်းစားစကား ပြောသည်အထိ လူကြီးစိတ်ဝင်နေပြီ ဖြစ်ငြား တိုင်းလုံးကျော်သည် ဖအေကိုဝင်ပြီး ပူးကပ်မိတွယ်၏။

"ရှင်ပြုသာနဲ့ သင်္ကန်းဆည်းသာ၊ အတူတူပဲပေါ့"

"ရှင်ပြုသာက ဆွေ့သည်တွေဖိတ်၊ ဘုန်းကြီးတွေပင့်။ ရှင်လောင်းတွေ ဘာတွေလှည့်၊ ရှင်ပြုတရားနာသာကွ။ သင်္ကန်းဆည်းသာကျတော့၊ ကျောင်း

သွားပြီး ဘုန်းကြီးဆီမှာ တိတ်တိတ်ဆိတ်ဆိတ် သင်္ကန်းဝတ်သာ"

"ဘာပဲဖြစ်ဖြစ် မြန်မြန်လုပ် အဖေရာ။ ကျွန်တော် မိန်းမရသွားရင် သင်္ကန်းမဝတ်လိုက်ရဘဲ နေမယ်"

မဖဲလှက မျက်လုံးပြူးပြီးကြည့်ရာက "အလိုတော်" ဟု ဆို၏။ ဘရွှေကျိုင်းနှင့် ကိုကျော်ညံက ပြုံး၏။

"လူကဖြင့် လက်တောက်လောက်ရှိသေး" ဟု မဖဲလှ မြည်တွန်ဆဲ၌ ဘရွှေကျိုင်းက ပြုံးပြုံးကြီးမေး၏။

"လူကလေးမှာ ရည်းစားတွေ ဘာတွေ ရှိနေပြီလား"

"ဒါပေါ့ဗျာ၊ ရှိနေပြီပေါ့"

ထိုအခါ ဘရွှေကျိုင်းသည် ဝါးလုံး၏ အဆစ်ပိတ်အကန့်ကို ဆွဲခွဲလိုက်သကဲ့သို့ ကျယ်လောင်စွာ ရယ်ချလိုက်လေ၏။ ပကတိကလေးရုပ်သာရှိသေးသော သားကိုကြည့်ကာ ခေါင်းတညိတ်ညိတ်ဖြစ်နေမိ၏။

"မင့်အမေနဲ့ ဒွေးကြီးကကော ဘာပြောသတုန်း"

"မိန်းမ မယူနဲ့ဦး။ စစ်ပွဲဆယ်ပွဲအောင်မှ ယူရမယ်တဲ့အဖေရာ"

ဘရွှေကျိုင်း၏ အရယ်အပြုံးများ ပျောက်ကွယ်၏။ သူ့အစ်မနှင့် သူ့မရီးကို စိတ်အာရုံ၌ ယခုမှ မြင်ဖူးသူများ၊ ယခုမှ သိသူများအလား ခံစားရ၏။ စင်စစ် သူ့အစ်မဒေါ်ရီးသည် မြင်းစီးကျွမ်းကျင်ပြီး ဇန်တိုဇန်ရှည်တတ်သော မိန်းမစွမ်း မဟုတ်တုံလော။ ထို့ပြင် သွေးသောက်ကြီး ဦးမိုးကောင်း၏ သမီးလည်း မဟုတ်တုံလော။

မရီး ဒေါ်ဆယ်။

သူသည် မင်းတုန်းဗိုလ်ရွှဲ၏တူမ ဖြစ်သည်။ သွေးသောက်ကြီး ဦးမိုးကောင်းနှင့်အတူ ရန်သူအင်္ဂလိပ်ကို တိုက်ခိုက်ခဲ့သော ဦးဝဲ၏သမီး စစ်လည်း ဖြစ်သည် မဟုတ်တုံလော။

ဟုတ်သည်။ ဟုတ်သောကြောင့် သည်စကားကို ပြောကြခြင်း

ဖြစ်သည်။ သို့အတွက် ဘရွှေကျိုင်း ကျေနပ်စွာ ပြုံးသည်။

"အေး အေး။ မင့်ဒွေးကြီးနဲ့ မင့်အမေကသာ မင့်ကိုစစ်သားကြီး ဖြစ်စေချင်ပေမယ့် မင်းကတော့ လူစဉ်မမီလို့ စစ်သားမဖြစ်ဘူးမဟုတ်လား။ စစ်သားသာ မဖြစ်သယ်၊ လူက ရည်စားနဲ့တဲ့"

"အဘကသာ အဘသားကို အထင်ကြီးနေသာပါ။ အဘသားက သူမသိငါပိုးလားမှ မသိသာ"

ကိုကျော်ညဲ၏အပြောသည် များစွာထိရောက်၏။ တိုင်းလုံးကျော် ဆတ်ခနဲဖြစ်သွား၏။ မခံချင်စိတ်ဖြင့် အရင်းတိုင်း ဖောက်သည်ချမည် အပြုတွင် သူ့အဖေ၏ စကားကြောင့် မပြောဖြစ်။

"အဖေ မေးသာက မင်း သက်န်းဝတ်ဖို့ကိစ္စပါကွာ။ အဲသာကို မင့်အမေနဲ့ ဒွေးကြီးက ဘယ်လိုမြည်သတုန်း မေးသာ"

"မဏ္ဍပ်ကြီးထိုးပြီး ရှင်ပြုမှာတဲ့ဗျား"

"သာဖြင့် စီစဉ်ရအောင် သွားခေါ်ချေ။ ဆိုင်းနေလို့ မဖြစ်ဘူး။ ထ ထ"

သို့သော် တိုင်းလုံးကျော်၏အလျင်ထဖြစ်သူမှာ ဘရွှေကျိုင်းဖြစ်သည်။ လမ်းကွေ့ဆီမှ ငိုသံကြားရ၍ ဖြစ်သည်။ မည်သူမည်ဝါ ဖြစ်နေသနည်း။ မည်သူမည်ဝါကား ဆရာလက်လွှတ်ပြီး မကြားရပါဘဲ ပေါ်လာသော ငိုသံမှာ လူသေ၍ ဟစ်ငိုလိုက်သော အသံဖြစ်သည်။

မဖဲလှနှင့် ကိုကျော်ညဲလည်း လည်ပင်းရှည်ကာ နားစွင့်၏။ အားမရ သဖြင့် ထရပ်ပြီး နားစွင့်ပြန်၏။

ဘရွှေကျိုင်းကား တောင်ဝှေးဆွဲလျက် ထွက်လာသည်။ လမ်းကွေ့ရှိ မသေးသေးတို့အိမ်တွင် လူတွေအုံနေ၏။ ထိုအိမ်၏ ဘေးဘက်ကပ်လျက်တွင် ရှိသော မအေးမိတို့အိမ်တွင်လည်း အလားတူဖြစ်၏။ ငိုဟစ်သံများသည် ပြိုင်တူပေါ်လာလိုက်၊ တစ်သန့်စီပေါ်လာလိုက်။

## ပုဂံစာအုပ်တိုက်

"အမယ်လေး မြင်လို့မှ ကောင်းသေးရဲ့လား ကိုသန်းရဲ့"

"သတ်ပစ်လိုက်ပါတော့လား။ အခုတော့၊ ငါမကျေဘူး ငဒေါင်းရဲ့"

မသေးသေးနှင့် မအေးမိတို့၏ ငိုသံများဖြစ်သည်။ လူတွေ ခဲနေသေးသဖြင့် ဘရွှေကျိုင်းမှာ အိမ်ပြင်တွင်သာ ရပ်ပြီး နားစွင့်နေ၏။

လူအုပ်ကြားမှ ကိုပြောင်း မျက်စိပျက်မျက်နှာပျက်ဖြင့် ထွက်လာ၏။ "ဘ မသွားနဲ့၊ မကြည့်နဲ့ဗျ" ဟု ပြော၏။

"ဘာမှ သတင်းမကြားပါကလားဟ၊ ဘာဖြစ်သာတုန်း"

"ငသန်းက နွားပျောက်လို့ နွားနောက်ကိုလိုက်သာ။ မောင်ဒေါင်းက သူ့ယာထောင့်မှာ 'ပွေး' လိုက်နေသာ။ အဲသာကို ဖမ်းသွားပြီး အင်္ဂလိပ်တွေ ဘယ်မှာဖွက်ထားသတုန်းမေးသတဲ့။ ဘာအစိပ္ပာယ်ရှိသတုန်း။ သည်ကောင်တွေနဲ့ ဘာဆိုင်သတုန်းဗျာ။ အဲသာ မသိကောင်းလားဆိုပြီး နှိပ်စက်သာ၊ တစ်ကိုယ်လုံးမှာ အနာချည်းပဲ"

"ဘယ်သူက ဖမ်းသွားသာတုန်းဟ"

"ဂျပန်ပေါ့ဗျာ။ မသေမရှင်ဖြစ်မှ ပြန်လွှတ်လိုက်သာ။ စကားကောင်းကောင်း မပြောနိုင်သဲ့ကြားက ဗိုက်ကိုလှန်ပြသဗျ။ ဘာဖြစ်သာတုန်း မေးတော့ မီးခဲတင်ထားသယ်တဲ့"

"ရက်စက်လွန်း ယုတ်မာလွန်းပါကလား"

သွေးရဲရဲသံရဲရဲ ခုတ်ထစ်သတ်ဖြတ်သော စစ်ပွဲကြီးများတွင် ပါဝင်ဆင်နွှဲခဲ့သည့် စစ်သားအိုကြီးသည် ခေါင်းတခါခါ လည်တယမ်းယမ်းဖြင့် မှတ်ချက်ချ၏။

"လက်ကိုလိမ်ချိုးသဲ့အတွက် လက်နှစ်ဖက်လုံး မလှုပ်နိုင်ဘူး"

"မြန်မာကို သည်လိုလုပ်လို့ မရဘူးဆိုသာ တိရစ္ဆာန် အယုတ်တမာတွေ မသိရှာကြဘဲကိုး။ အင်း တူသောအကျိုး ပေးတော့မှာပဲ"

"ပြန်ပါဘရာ။ ဘ မြင်ရင် ပိုပြီးဒေါသထွက်မယ်"

## ပုဂံစာအုပ်တိုက်

ဘရှေကျိုင်း လှည့်ပြန်ခဲ့ငြား လူအချို့သော် အိမ်ပေါ်တက်ကြည့်၏။ တက်ကြည့်အပြီး ပြန်ဆင်းလာသူတိုင်းတွင် ဂျပန်စစ်သားများအား ဆဲရေးတိုင်းထွာပြီး ဆင်းမလာသူ မရှိချေ။

★

## ၇

"လွတ်လပ်ပြီ လွတ်လပ်ပြီ၊ တို့ပြည်လွတ်လပ်ပြီ။ အောင်သပြေကို ဆွတ်ကာ အတည်၊ ငါတို့ ကိုင်ဆောင်မည်"

အငြိမ့်စင်ပေါ်မှ အငြိမ့်သမနှင့် လူရွှင်တော်များ လက်သီးလက်မောင်း တန်းကာ အဘယ်မျှ အားရပါးရ သီဆိုစေကာမူ ဘရွှေကျိုင်းမှာ နှစ်ထောင်း အားရမဖြစ်။ ဗိုလ်ချုပ်အောင်ဆန်း ကာကွယ်ရေးဝန်ကြီးအဖြစ် ပါဝင်သော အစိုးရအဖွဲ့တွင် အဓိပတိ ဒေါက်တာဗမော် ဆိုသည်ကိုလည်း ဘရွှေကျိုင်း သဘောမကျ။

လွတ်လပ်ပြီဆိုငြား ဂျပန်စစ်သားတွေ ပျောက်ကွယ်မသွားချေ။ အမူ အယာလည်း ပြောင်းလွဲမသွားချေ။

မြန်မာတို့သည် ကောင်းကွက်ကိုမျှော်၏။

အင်္ဂလိပ်သူခိုးစားပြထက် ဂျပန်က ကောင်းလိမ့်မည်ထင်၏။ဂျပန်သည် မကောင်းရုံသက်သက်မဟုတ်၊ အင်္ဂလိပ်ထက် ဆိုးယုတ်၏။ ကုန်ဈေးနှုန်း သည် အကျမရှိ၊ အတက်ချည်းသာ။

လှည်းဆင့်မှု တန့်မသွားသည့်နည်းတူ၊ ချွေးတပ်ကလည်း တစ်လ တစ်ကြိမ် လူလွှတ်နေရသည်။ ရှေ့ကသွားသည့် ချွေးတပ်သားတွေ တစ်ယောက်မျှ ပြန်မလာသေးပါဘဲလျက် နောက်ထပ် လူလွှတ်ရသဖြင့် လိုလိုလားလား၊ မရှိတော့ပြီ။ ထိုအခါ ချွေးတပ်လိုက်လိုသူ မရှိသည့်အတွက် မဲချရပြီ။

သွေးသောက်စု ရွာသူရွာသားများသည် ကိုခင်မောင်တင့်အား ကျောင်း ဆက်လက်ဖွင့်ထားနိုင်ရန် စုပေါင်းထောက်ပံ့ထားကြသည်။ ချွေးတပ် ပူပြင်း လာသောအခါ ယခင်က ဝကွက်ချန်ထားခဲ့သည့် ကိုခင်မောင်တင့်အား လက်ညှိုးထိုးလာသည်။ ချွေးတပ်မဲကို ကိုခင်မောင်တင့်ပါ နှိုက်ရမည်။

ကိုခင်မောင်တင့် မငြင်းဆန်ပြား ရွာလူထုက ကိုခင်မောင်တင့် မဲ ကျမည် စိုးရိမ်သည်။ ထိုအချိန်တွင် 'ဝ' တပ်ပေါ်လာသည်။ ဝတပ်ဗိုလ်သည် ချွေးတပ်လွတ်၏။ သို့ဖြင့် ကိုခင်မောင်တင့်အား ဝတပ်ဗိုလ်သင်တန်းသို့ လွှတ်လိုက်ရတော့သည်။

ထိုသို့ ကိုခင်မောင်တင့် ဝန်ထမ်းတပ်ဗိုလ် သင်တန်းသွားရသည်ကို ချစ်ဖေနှင့် ညံအေး၊ လွန်းမောင်တို့ မကျေနပ်။ ဖြစ်ချင်းဖြစ်လျှင် သူတို့သာ ဖြစ်ထိုက်သည်။ သူတို့မှာ ဒေါက်တာဗမော်၏ ဓားမတပ်နှင့် ပတ်သက်ဖူး သောကြောင့်ဟု အကြောင်းပြကြသည်။

သည်လွှတ်လပ်ရေးပွဲတွင် သူတို့သုံးယောက်နှင့် စကားပြန်ငပိုက်တို့ 'လုံး'နေ၏။ ဘရွှေကျိုင်း ကြည့်ရှုမရ။ ဝဲဖတ်တစ်ဖတ်ကို ဖွဲ့မရသဖြင့် ငုံ့ကြည့် သည်။ ဝဲလုံးကြီးဘေးတွင် ဝဲအသစ်သုံးလုံး ပြည်တစိုစိုဖြင့် အသစ်ပေါ်နေ သည်။ ဝဲလုံးအသစ်ကို ဖောက်ရန် အင်္ကျီအတွင်းပိုင်းတွင် ချိတ်ထားသော တွယ်ချိတ်ကို ရှာသည်။ ချုပ်ရိုးကြား၌ သန်းတစ်ကောင် တွေ့သဖြင့် တွယ်ချိတ်ကိုမေ့သွား၏။

အနားသို့ လူတစ်ယောက် လာရပ်သည်။

ဘရွှေကျိုင်း မော့ကြည့်မိရာက ပါးစပ်ဟသည်။

"သား လူလေး၊ မောင်ကောင်းစံ"

စစ်သားတစ်ယောက်ဖြစ်သည်။ သူလည်း အဝေးကကြည့်လျှင် ဂျပန် စစ်သားနှင့် ခွဲခြား၍ မရ။ သို့ရာတွင် ဂျပန်အများစုကား အရပ်ရှည်သည်။

"အဖေ နေကောင်းတယ်နော်"

စစ်သားကြီးသည် ဘရွှေကျိုင်းဘေးတွင် ဒူးထောက်ထိုင်သည်။ မောင်ကောင်းစံ ပွဲခင်းဘေးသို့ရောက်လာစဉ်က ဂျပန်တစ်ကောင်ပဲဟု စက်ဆုတ်စိတ်ဖြင့် အမှတ်မဲ့နေခဲ့သူများသည် အာရုံစိုက်လာကြပြီ။

"ဂျပန် မဟုတ်ဘူးဟဲ့၊ ကောင်းစံရယ်"

ပရိသတ် လှုပ်လှုပ်ရွရွ ဖြစ်လာသည့်အတွက် သားအဖ ထလာခဲ့ကြသည်။ ပွဲခင်းထဲမှ လူအချို့ ထလိုက်လာကြသည်။ ထိုပရိသတ်ထဲ၌ ကိုရင် တိုင်းလုံးကျော်လည်း ကေသီတလွှားလွှားဖြင့် ပါလာသည်။

ဒေါ်ရိုးကား အများနည်းတူ အငြိမ့်ပွဲမသွားနိုင်။ အိမ်ဝိုင်းရှေ့ လမ်းဘေးတွင် ငုတ်တုတ်ထိုင်ပြီး စောင်ခြုံထားသည်။

"ဒွေးကြီး၊ နေကောင်းသနော"

ဒေါ်ရိုး ပြူးကြောင်ကြောင် မော့ကြည့်၏။

"အဖျားတက်အပြီးမှာ 'အပူပျံ' နေသာကွ။ တော်တော်ကြာမှ လိုက်လာလိမ့်မယ်၊ ထားခဲ့"

ဘရွှေကျိုင်းက ရှင်းပြရသည်။

ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်စားသောက်ရသော သူတို့ စစ်သားတွေလည်း ငှက်ဖျားမှမလွတ်။ သို့ရာတွင် ဂျပန်ငှက်ဖျား၏ ပရိယာယ်ဝေဝုစ်ကို စစ်သားကြီး မသိသဖြင့် ရှင်းပြရခြင်းဖြစ်သည်။

မောင်ကောင်းစံသည် နောက်သို့လှည့်ကြည့်၏။ လိုက်လာသော လူအုပ်နှင့် ဝါးတစ်ပြန်ခန့်ဝေးသည်။

## ပုဂံစာအုပ်တိုက်

“ဂျပန်နဲ့အတူ ပါလာသာတွေပေါ့အဖေရာ။ သန်း၊ ဝဲ၊ ငှက်ဖျား”

“ပါးရိုက်သာ၊ ဗိုက်ပေါ်မီးခဲတင်သာ၊ ကျင်စက်နဲ့တို့သာ”

ဘရွှေကျိုင်းသည် ပြည့်စုံအောင် မဖြည့်စွက်နိုင်ပါ။ ဆွေမျိုးသားချင်းမဟုတ်သူတွေ ပြေးကပ်လာသည့်အတွက် ဖြစ်ချေ၏။

“ဟော့ကောင် စစ်သားကြီး၊ ငါတို့လည်း စစ်ထဲဝင်ချင်သကွ”

“ငါပြန်ရင်လိုက်ခဲ့၊ ငါ သွင်းပေးမယ်”

အလိုက်သင့်ပြန်ဖြေရာက မောင်ကောင်းစံသည် ဦးထုပ်ချွတ်ပြီး ခေါင်းကို ကုတ်၏။ တဝါးဝါးတဟားဟား အသံများ ညံသွားတော့၏။ စစ်သားကြီး မောင်ကောင်းစံ အံ့အားတသင့်ဖြစ်ရပြား ချက်ချင်း သဘောပေါက်၏။ သူ့ခေါင်း ခေါင်းတုံးပြောင်ဖြစ်နေသည်ကို ရယ်မောခြင်းဖြစ်သည်။

ဘရွှေကျိုင်းလည်း အသံညွင်းညွင်းဖြင့် ရယ်မိသည်။ ပေါင်ဒါတသသ ခေါင်းတဖြီးဖြီးနှင့် အလွန်လှချင်သောသား။ ယခု ဖြီးသစရာ ဆံပင်တစ်မွေးမျှ မရှိရှာပါတကား။

ဖန်ခေါင်းတုံးဖြစ်ရခြင်းအတွက် ဘေးလူဟွေကသာ အထူးအဆန်းဖြစ်နေပြား ကာယကံရှင်မှာ မည်သို့မျှ မရှိချေ။ ဖန်ခေါင်းတုံးဖြစ်နေခြင်းသည် မောင်ကောင်းစံအတွက် အနှောင့်အယှက်မဖြစ်။

အိမ်အောက်တွင် သားအဖတစ်တွေ ထိုင်မိလျှင် ဒေါ်ဆယ်လည်း ရောက်လာသည်။ အခြားသူများလည်း တစ်ပြုံတစ်မကြီး အုံ့နေသည်။ ထိုအုံ့နေသူများကြား၌ မောင်ကောင်းစံ သတိမထားဘဲ မနေနိုင်သူမှာ ဒေါ်ဆယ်၏မြေး ကြည်လှ။

ကြည်လှသည် မျက်နှာစိမ်းမဟုတ်။ မောင်ကောင်းစံ ထိဝ်ပုတ်ခေါင်းခေါက်ပြီး ကစားခဲ့သူဖြစ်သည်။ သို့ပါလျက်နှင့် မောင်ကောင်းစံမှာ မမြင်ဖူးသော သူတစ်စိမ်း မိန်းမသဖွယ်ဖြစ်နေသည်။

“ကျုပ်ဖြင့်တော်၊ တော့်မယ်ဒလင်ကိုမြင်တိုင်း တော့်ကို သတိရသာပဲ”

**ပုဂံစာအုပ်တိုက်**

ဘုရှေ့ကျိုင်း၏ခြေရင်းတွင် သမင်ချိုနှင့် ကြည့်မှန်ခုံချိတ်ထားသော အိမ်တိုင်ရှိသည်။ ထိုတိုင်တွင် မောင်ကောင်းစံ၏မယ်ဒလင်ကို ပုဆိုးစုတ် အိတ်ဖြင့် စွပ်ကာ ချိတ်ဆွဲထားသည်။

"ငါ့အဖျားတက်နေတုန်း လာမေးသွားသာ ဘယ်သူတုန်းမှတ်သယ်။ လက်စသတ်တော့"

ဒေါ်ရိုးသည် ပြောပြောဆိုဆို လူ့အုပ်ထဲသို့ တိုးဝင်လာ၏။

"လက်စသတ်တော့ ဖန်ခေါင်းတုံးဖြစ်နေသာပေါ့ ဒွေးကြီးရာ"

ပြောရင်းက ဦးထုပ်ကိုချွတ်ပြသဖြင့် ဒေါ်ရိုး ရယ်မောသည်။ "ဘီး မလိုဘူး၊ အုန်းဆီမလိုဘူး။ ကောင်းသဟဲ့" ဟု ချီးမွမ်း၏။

"ဆံပင်ညှပ်ခ ငါးမူးဖြစ်သွားပြီအစ်ကို။ ဆံပင်ညှပ်ခလည်း သက်သာ သွားသာပေါ့ဗျာ"

ကိုရင်တိုင်းလုံးကျော်က ဝင်ပြောခြင်းဖြစ်သည်။

"မင့်အစ်ကိုနဲ့ကော တွေ့သေးလား လူလေး"

"ဗိုလ်ရန်ကြီးအောင် ဖြစ်နေသယ်အဖေရေ့။ မန္တလေးမှာ တစ်ကြိမ်၊ ပျဉ်းမနားမှာတစ်ကြိမ် တွေ့လိုက်သယ်ခင်ဗျာ့။ ဟိုတုန်းကလိုပဲ ဆပ်ပြာသည် လင်ပျောက်ပဲ အဖေ"

"မိတ္တတို့၊ စံပွင့်တို့၊ ကံတင့်တို့ကောကွ"

"အစ်ကိုမိတ္တတော့ ဗိုလ်မှူးဗထူး ပျဉ်းမနားဝင်လာတုန်းက တစ်ကြိမ်ပဲ တွေ့လိုက်ရသယ်ခင်ဗျာ့။ ကျန်လူတွေတော့ မမေးမိဘူးအဖေရာ။ ကျွန်တော် က မေ့တတ်သယ်၊ အသက်ကလည်း ကြီးပြီ မဟုတ်လား"

"အင်း၊ အသားကလည်း မည်းလာ။ လူကောင်လည်း ထွားလာ ပါရဲ့။ ဗရွတ်ရွတ်တကကတော့ အရင်လိုပဲ ပြောတုန်းပါကလား"

ဒေါ်ရိုးသည် ရယ်မောရင်း မှတ်ချက်ချသည်။

"ဘီအိုင်အေထဲ လိုက်သွားသဲ့ တခြားရွာကလူတွေ ပြန်လာကြပါ

သယ်ကွယ်။ တို့ရွာက အကောင်တွေကျမှ စုပ်စမြုပ်စပဲ”

“ဘီဒီအေ ပြောင်းအဖွဲ့မှာ ဆက်ပြီး မပါနိုင်သူတွေ ပြန်ကြသာပဲ ခင်ဗျာ့”

“ဘယ်လိုကွယ့် ဘယ်လို၊ ဘာတဲ့”

မေးသူမှာ ဓားလွယ်ခုတ်အိမ်မှ ဖိုးလူအေးဖြစ်သည်။ လူအုပ်ထဲတွင် သူရောက်နေသည်ကို ယခုမှသိသဖြင့် ဘရွှေကျိုင်းက ကွပ်ပျစ်ပေါ်တွင် သင်ဖျူးထိုးပေး၏။

“ဘီဒီအေပါခင်ဗျာ့။ ဗမာ့ကာကွယ်ရေး တပ်မတော်ခေါ်ပါသယ်။ ဘီအိုင်အေတုန်းကတော့ အင်္ဂလိပ်အသား ဓားမကွဆိုသဲ့လူတွေ အုန်းအုန်းကျွက်ကျွက် ထလိုက်လာကြသာ။ အခု ဘီဒီအေကတော့ အဲ....”

မောင်ကောင်းစံ အရှိန်တန့်သွားပြီးမှ “အဲ ဖန်ခေါင်းတုံးတွေပေါ့ခင်ဗျာ” ဟု လျှောချလိုက်လေ၏။

ဝိုင်းအုံလာသော ရွာသူရွာသားများက မောင်ကောင်းစံအား တောမေးတောင်မေး မေးကြ၏။အချို့သော်ကား တစ်စုံတစ်ရာမျှမမေး။ဖန်ခေါင်းတုံးကို အထူးအဆန်းလုပ်ပြီး ထိုင်ကြည့်နေကြ၏။ သို့သော် ထိုပရိသတ် ကြာကြာ မနေနိုင်၊ တဖြည်းဖြည်း လူစုကွဲသွားသည်။

ထိုအချိန်တွင် ဘုရားသားငယ် သာမဏေသည် စစ်သားအနားသို့ ကပ်လာ၏။

“အစ်ကို၊ ကျုပ် စစ်ထဲလိုက်လို့ ရပြီလား၊ ကြည့်ပါဦး”

ကိုရင်တိုင်းလုံးကျော်က လက်မောင်းကို ကွေးကာ၊ ကြွက်သားတွေ သွစ်ထုတ်ပြလေသည်။

“ဟား မနည်းပါလား၊ တစ်လသားအရွယ် ခရမ်းသီးလောက်ရှိပြီပဲ၊ ရပြီ ကိုရင်၊ ရပြီ”

ကိုရင် ကျေနပ်သွားသည်။“ကိုခင်မောင်တင့်တို့ကော ကျန်းကျန်းမာမာ

ပဲလား အဖေ" ဟု မေးရာက မောင်ကောင်းစံသည် ကွပ်ပျစ်ပေါ်မှ လျှောဆင်းသဖြင့် ဘရွှေကျိုင်းက ဆွဲထား၏။

"လွတ်လပ်ရေး ရသယ်ဆိုသာ တကယ်လား သား"

မောင်ကောင်းစံ ဟက်ခနဲ ရယ်ပစ်သည်။ ဖိုးလူအေးကို မြင်သဖြင့် တန့်သွားသည့်အတွက် "မင့်အဖေ သိချင်သလို ငါလည်း သိချင်ပါသယ် မောင်ရာ။ ဝဲရယ်၊ သန်းရယ်၊ ငှက်ဖျားရယ်၊ ပါးရိုက်သာရယ် ယူလာပြီး နောက်ထပ် ဘာမှ အသစ်ရောက်မလာခင် ပြန်ဆေချင်လို့ပါ" ဟု ဖိုးလူအေးက ပြော၏။

"ဂျပန်ကို အသေအလဲ ခုခံတိုက်ခိုက်သဲ့ တရုတ်ပြည်မှာတောင် ဂျပန်ဟာ သူ သိမ်းထားသဲ့ နယ်မြေမှာ တရုတ်အစိုးရ ဖွဲ့ပေးသေးသာပဲ ဘရာ။ သူနဲ့ရင်ပေါင်တန်းပြီး၊ အင်္ဂလိပ်ကိုတိုက်လွှတ်သဲ့ မြန်မာနိုင်ငံမှာ မြန်မာအစိုးရ အဖွဲ့ ဖွဲ့ပေးသာဟာ မဆန်းပါဘူးလေ"

"အစိုးရအဖွဲ့ဆိုသာကတော့ အင်္ဂလိပ်လက်ထက်တုန်းကလည်း ရှိခဲ့သားပဲမောင်ရာ။ ကျုပ်ရဲ့မောင့်အဖေ သိချင်သာက အခု လွတ်လပ်ရေး ရသယ်ဆိုသာ တကယ်လား၊ လိမ်သာလား"

မောင်ကောင်းစံသည် ပြုံးပြုံးကြီးလုပ်ကာ သူ့ခေါင်းတုံးပြောင်ကို ပွတ်နေ၏။

"အေးလေ၊ ရှိပါစေတော့။ မြို့ထဲရွာထဲမှာ သားပျိုသမီးပျိုတွေကို ဂျပန်စစ်သားတွေ စော်ကားနေသာကို မောင်တို့ မြန်မာစစ်သားတွေက ဘာမှ မလုပ်ကြဖူးလား"

"တွေ့ရင်တော့ ဘယ်နေမတုန်းဦးရယ်။ ဝိုင်းရိုက်သာပေါ့"

ဘရွှေကျိုင်းနှင့် ဖိုးလူအေးမှာ ချင်ခြင်းဖြစ်နေသော အစာတစ်မျိုးကို စားလိုက်ရသူနှယ် မျက်နှာတွေ လန်း၏။

"လွတ်လပ်ရေးပေးသယ်ဆိုပြီး ဂျပန်တွေ ထွက်မသွားရင်တော့၊

ဘတို့မှာ မောင်တို့ တပ်မတော်သားတွေကိုပဲ အားကိုးရတော့မှာပဲ"

ထိုစကားကို သမန်ကာလျှံကာ မောင်ကောင်းစံ သဘောမထားပါ။ ကြားသည်၊ သိသည်၊ နားလည်သည်ဟူသော အရိပ်သည် သူ့မျက်နှာ၌ ထင်၏။ ထင်သော်ငြား၊ ဆီလျော်သောစကားဖြင့် မတုံ့ပြန်။

"သည်ငပုတွေ ရပ်ထဲရွာထဲမှာ ဗိုလ်ကျနေသာတွေ့သဲ့ မြန်မာ့တပ်မတော်သားတွေက မကြာခဏ ဝိုင်းဝိုင်းရိုက်လွန်းလို့ ကျွန်တော်တို့ ရဲဘော်တွေ တပ်အပြင်ကို မထွက်ရဘူးခင်ဗျာ့"

"ဘယ်က ငပုတုန်း လူလေးရ"

ဒေါ်ရိုး၏ အမေး။

"ဂျပန်တွေကို ခေါ်သာပါ ဒွေးကြီးခင်ဗျာ့"

ဒေါ်ရိုးသည် မျက်လုံးတွေ ပိတ်သည်အထိ ရယ်မော၏။ "နင်တို့မို့ ခေါ်တတ်ပလေသယ်ဟယ်" ဟု မပီမသရေရွတ်၏။

"အစ်ကို အစ်ကို၊ အစ်ကိုတို့ ဘာတွေလုပ်ရသတုန်း ဟင်"

ကိုရင်သည် ဖအေ့ဘေးမှ ခေါင်းကလေးပြူလျက် စိတ်အားထက်သန်စွာ လှမ်းမေးသည်။

"မနက်လေးနာရီ စစ်ခရာမှုတ်ရင် အိပ်ရာကထ၊ အိပ်ရာတွေကို တစ်ညီတည်းဖြစ်အောင် ထား။ အခင်းကြီး အခင်းငယ် ကပျာကယာသွား၊ တန်းစီ။ ကျန်းမာရေး လေ့ကျင့်ခန်းလုပ်။ စစ်သင်တန်းတက်၊ စစ်လေ့ကျင့်ခန်းတွေလုပ်။ နေပူထဲမှာပြေး၊ မိုးရွာထဲမှာပြေး။ နံရံအမြင့်ကြီးတွေ ကျော်တက်။ ချောင်းတွေဖြတ်၊ မြောင်းတွေဖြတ်။ မောမောပန်းပန်းနဲ့ အိပ်ကောင်းပြီလားဆိုမှဖြင့် 'တန်းစီ' ဆိုသဲ့ အမိန့်သံ ကြားရပါပြီဗျား။ နောက်မကျနဲ့ ပါးရိုက်ခံရပါပြီဗျား"

ကိုရင်တိုင်းလုံးကျော် စိတ်ပျက်စေရန် ပြောခြင်းမဟုတ်။ ကိုယ်တွေ့အမှန်တွေကို ပြောခြင်းဖြစ်သည်။ ပေါ့ပေါ့တွေးပြီး တပ်ထဲတွင် ပေါ်ကြော့

နေရမည်အထင်ဖြင့် စစ်ထဲဝင်လာပြီးမှ အပင်ပန်းမခံနိုင်၍ ထွက်ပြေးခဲ့သော် သွေးသောက်ကြီးဦးမိုးကောင်း၏ဂုဏ်ကို အထိပါးမခံနိုင်။

"တိုက်ပွဲ လေ့ကျင့်ခန်းဆင်းတဲ့အခါ တစ်ယောက်စာ ကျင်းကလေးရအောင် ဘဲနက်နဲ့တူးရသယ်။ မြေပျော့မှာတော့ ဟန်သပေါ့။ ကျောက်စရစ်တောမှာတူးရရင် ဇောချွေးပြန်သာပဲ။ တစ်ခါတလေ ဘဲနက်မပါဘဲ ကျင်းတူးရသယ်"

"မင်းတို့ စစ်သားမှာ ဂေါ်ပြားတွေ၊ တူးရွင်းတွေပါလို့လား"

"ဘယ်ပါမတုန်း အဖေရာ။ လက်သည်းနဲ့ကုတ်ခြစ်ပြီး တူးရသာပေါ့"

"ငါ့လခွေးတဲ့မှပဲ။ လယ်သမားထက်တောင် ပင်ပန်းပါကလား"

ဘရွှေကျိုင်း စိတ်ပင်ပန်းစွာ ရေရွတ်၏။

"ကျွန်တော်တို့မှာ ဆောင်ပုဒ်ရှိပါသယ်ခင်ဗျာ့။ ချွေးထွက်များမှ သွေးထွက်နည်းမယ်တဲ့"

"ဘယ်လို သွေးထွက်နည်းသာတုန်း မောင်"

ဖိုးလူအေးကလည်း စိတ်ဝင်တစားမေးသည်။

"အခုလို အလေ့အကျင့်ရအောင် သင်တန်းဆင်းချိန်မှာ ပြင်းပြင်းထန်ထန် အပင်ပန်းခံမှ အလေ့အကျင့်ရမယ်။ သည်လို အလေ့အကျင့်ရထားမှသာ တကယ်တိုက်ခိုက်ရသဲ့အခါမှာ အသေအပျောက် ထိခိုက်ဒဏ်ရာရမှုနည်းမယ်။ သို့မှသာ တိုက်ပွဲအောင်နိုင်မယ်"

ဒေါ်ဆယ်သည် "ပင်ပန်းလှသကွယ်" ဟု ညည်း၏။

"စစ်ပညာတတ်ထားမှဖြစ်မယ် ဒွေးကြီးရေ့။လက်နက် ဘယ်လောက်ကောင်းကောင်း စစ်ပညာမတတ်ရင် သည်လက်နက်တွေဟာ ထင်းပဲ။ နိုင်ငံတော်ကိုချစ်ရင် အပင်ပန်း အဆင်းရဲခံကြရမှာပဲ။ အဖေတို့ခေတ်မှာ အဖေတို့ တတ်စွမ်းသမျှ နိုင်ငံတော်အတွက် အသက်သွေးချွေးတွေနဲ့ အကျိုးဆောင်ခဲ့သလို ကျွန်တော်တို့ တက်လူတွေရဲ့ခေတ်မှာ ဂျပန်ကိုကပ်ပြီး ပလီ

နေလို့ တကယ် လွတ်လပ်မှာမဟုတ်ဘူး။ အနစ်နာခံကြ၊ ကိုယ်ကျိုးစွန့်ကြမှ"

"တို့ခေတ်တုန်းကတော့ ရဲမက်၊ ရောင်းရင်း၊ သွေးသောက်။ မင်းတို့ခေတ်ကျတော့ ရဲဘော် ဟုတ်လား။ ကောင်းသကွာ"

"ဟုတ်ကဲ့ အဖေခင်ဗျာ့။ ရဲရဲရင့်ရင့် တိုက်ဖော်တိုက်ဖက်ပါ"

မောင်ကောင်းစံသည် သူ့အဖေ လှမ်းမဆွဲနိုင်မီ ကွပ်ပျစ်ပေါ်မှ လျှောဆင်းလိုက်လေသည်။

"ကိုခင်မောင်တင့်တို့ဆီ ပြေးလိုက်ဦးမယ်ခင်ဗျာ့။ ခွင့်ရသာက နည်းနည်းကလေးရယ်"

"ဆရာ့ဆီကို ရမယ်ရှာပြီး မမမြင့်ဆီ သွားမှာပါ"

ကိုရင်က အဆစ်ကို ခွပ်သဖြင့် စစ်သား၏မျက်နှာ ထူထူပိန်းပိန်း မည်းမည်းသည်းသည်းကြီးမှာ ရှက်သွေးဖြန်းသွား၏။

"သူများသာ ပြောသာ၊ သူကလည်း ခင်ခင်မြင့်ညီမ ကြည်ကြည့်ကို ပိုးနေသာဟဲ့။ သွားစရာရှိသာသွား"

ဒေါ်ဆယ်က ဝင်ပြောသည်။

"အမယ်၊ ညီညီက သလိုတောင်ဖြစ်နေပြီလား။ သာပေမယ့် စစ်သားဖြစ်ဖူးသူမှသာ အိမ်ထောင်ရေးဒုက္ခကို ကြံ့ကြံ့ခံနိုင်မှာ။ အဲသာကြောင့် စစ်ထဲဝင်ဦး။ ဥပမာ ကိုကိုပေါ့"

ရယ်ရယ်မောမော ထွက်သွားသဖြင့် ဒေါ်ရိုး လှမ်းအော်၏။

"ချွေးတွေဖုန်တွေနဲ့ဟယ်၊ နင့်စစ်သားအဝတ်ကြီး ချွတ်ပစ်ခဲ့စမ်းပါ။ နေရှိတုန်း လျှော်ရအောင်"

"နက်ဖြန်မှ ဒွေးကြီးရေ့၊ နက်ဖြန်မှ"

ရေမိုးချိုးပြီး စိတ်လွတ်ကိုယ်လွတ် အိပ်ပစ်လိုက်ဖို့ကောင်းမှန်း စစ်သားကြီးသိပါ၏။ သိသော်ငြား ခင်ခင်မြင့်၏မျက်နှာကို မြင်လိုလှပြီ။ စကားပြောသံကလေးကို ကြားလိုလှပြီ။

**ပုဂံစာအုပ်တိုက်**

"ဟား ကောင်းစံပါကလား။ငါ့ ဘယ်ကဂျပန်ကြီးပါလိမ့် မှတ်နေသာ"

ကြွက်သိုးဖြစ်သည်။ စစ်သားကြီးမှာ "ဟာ ဟော့ကောင်" သာ ပြောနိုင်၏။ ဂျပန်ကြီးပါလိမ့် အပြောခံရသဖြင့် ရှေ့မဆက်နိုင်။

'ပါးရိုက်သွားပါကွာ၊ ဂျပန်နဲ့တူသယ် အပြောခံရသာ နာလွန်းလို့ပါ'

စကားလုံးများ နှုတ်ခမ်းဖျားသို့ရောက်လာ၏။ သို့သော် စစ်သားကြီး သတိရှိစွာဖြင့် မျိုချ၏။

"ဟာ ဟော့ကောင်၊ ဘယ်သူ့ယာထဲ ဝင်စားလာသလဲ"

"မင့်ဖေကလွှား ယာထဲဝင်စားရမှာတုန်း။ ညကျမှ အေးအေး ဆေးဆေး လာခဲ့ဦးမယ်"

ကြွက်သိုးကိုကျောပေးပြီး သွက်သွက်လျှောက်လာ၍ ခြေလှမ်း နှစ်ဆယ်ပင်မပြည့်တတ်သေး၊ တွေ့ပြန်ပြီ နောက်တစ်ယောက်၊ သာထွန်းအေး။

"ငါက ဘယ်ကဂျပန် ထဘီခိုးဖို့လာသာပါလိမ့် ထင်နေသာ။ လက်စ သတ်တော့ ငကောင်းစံပါကလား"

"သာထွန်းအေး၊ ဟော့ကောင်၊ မသေသေးဘူးနော်"

"နိမိတ်မရှိ နမာမရှိ၊ နင့်မေကလွှားမို့ သေရမှာလား"

စစ်သားမှာ ပြုံးပြုံးကြီး ကျန်ခဲ့သည်။ သို့သော် ဂျပန်နှင့်တူသည် အပြောခံရခြင်းကိုကား နာကျည်းသည်။ သို့ကြောင့် တတိယအကြိမ် အပြော မခံရအောင် ခေါင်းငုံ့ပြီး သုတ်သုတ်လှမ်းလာသည်။

သို့တစေ စစ်သားကြီးခမျာ တတိယအကြိမ် ယိုးမှားခံရပြန်ပြီ။

"ဟင် မောင်ကောင်းစံပါကလား။ ငါ့မှာ ဘယ်ကဂျပန် ဘာကိစ္စ လာတာပါလိမ့် ထိတ်သွားတာပဲ"

အခြားသူမဟုတ်။ ဒေါ်မြညွန့်ဖြစ်သည်။

ဒေါ်မြညွန့်မှာ ဝမ်းသာအံ့သြ နှစ်ထွေရောနေ၏။

"သမီးရေ၊ ဟောသည်မှာ ညော့်သည်ဟော့၊ လာကြည့်ပါဦး"

**ပုဂံစာအုပ်တိုက်**

"ကိုကို ပြန်လာပြီလားဟင်"

စစ်သားကြီး၏ရင်ထဲသို့ ရေခဲမြစ်တစ်စင်း စီးဝင်၏။ ခံပြင်းသော ဒေါသသည် ရတ်ချည်းပြယ်စင်၏။

'ဒါ ဒါ သူ့မောင် ကိုခင်မောင်တင့်မှတ်လို့ ပြောသာနေမှာပဲ။ အင်း ငါ့ကိုသာ ကိုကိုခေါ်ရင် ဘယ်လောက်ကောင်းမတုန်း'

ဒေါ်မြညွန့် ရှင်းပြချိန် မရလိုက်။ တံခါးဝသို့ ခင်ခင်မြင့်ရောက်လာ၏။ မိသားစုတွင်း အမှုအကျင့်အရ ပြေးလာဟန်တူ၏။ တံခါးဝရောက်မှ ဆက်မပြေးနိုင်ဘဲ တုံ့ခနဲရပ်၏။ "ဟော" တစ်လုံးသာ မျက်စိအပြူးသားဖြင့် ဆိုနိုင်၏။

"ဟော" ဆိုလိုက်ချိန်သည် တစ်ခဏပင် မပြည့်တတ်။

သည်အချိန်တိုကလေးအတွင်း၌ မျက်လုံးလေးလုံးတို့ တွေ့ဆုံလိုက်ကြသည်။ ဝမ်းသာခြင်း၊ ကြည်နူးခြင်းတို့သည် ကောင်းစွာ နေရာမရလိုက်။ မြတ်နိုးမှုသည်သာ အပိုင်အနိုင် စိုးချုပ်သည်။

"ဟယ် ကိုကောင်းစံပါကလား။ ကျက်သရေရှိလိုက်တဲ့စစ်သားကြီး။ မြန်မာနိုင်ငံသားတွေ အားထားရမယ့် သားကောင်းရတနာကြီး"

ဒေါ်မြညွန့်ကား "ကြည်ကြည်ရေ၊ ရေနွေး ရှိသေးလားကွယ်" လှမ်းမေးရာက အထဲသို့ ဝင်သွားသည်။ စစ်သားသည် ပီတိအရသာကို ခဏဖယ်ထားသည်။ ဒေါ်မြညွန့် ဝင်သွားရာသို့ လည်ဆန့်ကြည့်သည်။ အခိုက်အတန့်ကောင်းကို အရဖမ်းသည်။

"မြင့်၊ ကျုပ်တို့ နိုင်ငံတော်ကြီး လွတ်လပ်ပြီ။ ဂျပန့်ကျွန် မဟုတ်တော့ဘူးလေ။ ကျုပ် မေတ္တာကို လက်ခံပြီလားဟင်"

ခင်ခင်မြင့် စဉ်းစားမနေပါ။ ချက်ချင်း ခေါင်းခါ၏။

"ဟင်၊ သည်လွတ်လပ်ရေးကို မြင့် မယုံတဲ့သဘောလားဟင်"

"ဟုတ်ကဲ့၊ မိတ်ကောင်းဆွေကောင်းအဖြစ်နဲ့ ရောက်လာရိုးမှန်ရင်

ပြုမူဆက်ဆံမှု အခုလောက် မရိုင်းစိုင်းပါဘူး။ မြင့်တို့ မြန်မာနိုင်ငံသားတွေကို သူတို့လက်အောက်ခံ ကျွန်သားပေါက်လို့ သဘောထားလို့သာ အခုလို ရိုင်းရိုင်းစိုင်းစိုင်း ရက်ရက်စက်စက် ယုတ်ယုတ်မာမာ ပြုမူဆက်ဆံတာနေမှာ ပဲရှင့်။ အဲဒါကြောင့် သူတို့က ပေးတယ်ဆိုတဲ့ လွတ်လပ်ရေးဟာ အတု အယောင် အလိမ်အညာ လွတ်လပ်ရေး၊ အမည်ခံ လွတ်လပ်ရေးပဲဖြစ်မယ်"

"မောင်ကောင်းစံရေ၊ ကရေကရာကလေး သုံးဆောင်ပါဦးကွယ်"

ရေနွေးဗန်းထဲတွင် သားရေစာများထည့်လျက် ဒေါ်မြညွန့် ပြန်ရောက် လာရာက "ဂျပန်စစ်သားရက်စက်တာမှာတော့ နားကြားနဲ့တောင် ကြက်သီး ထသကွယ်" ဟု ဖြည့်စွက်၏။

အမေရိုကြား ခင်ခင်မြင့် ရှိုးတိုးရှန့်တန့် မဖြစ်။

"ဒါပေမယ့် စိတ်မပျက်ပါနဲ့ရှင်။ အပြည့်မရပေမယ့် တစ်ဝက်တော့ ရပြီလို့ သဘောထားပေါ့၊ ဟုတ်ဖူးလား"

မအေကို ငုတ်တုတ်ထားပြီးပြောသော ရည်းစားစကားပေမယ့် ဒေါ်မြညွန့် နားလည်ပုံမပေါ်။ရေနွေးငှဲ့ပေးနေသည်။"စားပါဦး"ပြောနေသည်။

သို့စဉ်တွင် လက်ဖက်ပန်းကန်တစ်ဖက်၊ ကတွတ်ယိုပန်းကန်တစ်ဖက် ကိုင်လျက် ကြည်ကြည် ရောက်လာသည့်အတွက် "ကြည်ကြည်ရေ၊ ကိုရင် တိုင်းလုံးကျော်ရဲ့အစ်ကို စစ်သားကြီးလေ။ မောင်ကောင်းစံတဲ့ကွယ့်" ဟု မိတ်ဆက်၏။

"တွေ့ရတာ ဝမ်းသာပါတယ်ရှင့်"

ကြည်ကြည်သည် ထိုမျှသာ အပြုံးကလေးဖြင့်ဆိုပြီး ပြန်ဝင်သွား၏။ ထိုအခါတွင်မှသာ စစ်သားကြီးမှာ ခင်ခင်မြင့်ကိုယ်ကို သတိထားမိ၏။ သူသည်လည်း မြန်မာဖြစ် ချည်ထည်များကို ဝတ်နေပါပြီတကား။

"မြန်မာဖြစ်တွေတောင် ဝတ်နေကြမှကိုး။ ဂျပန်ထည်လေးဘာလေး ဝယ်လို့ မရကြဖူးလား"

"မမြင်တောင် မမြင်ဖူးပါဘူးရှင်။ ဂျပန်လွှမ်းမိုးတဲ့ ခေတ်ဆိုး ကပ်ဆိုးက ဘယ်လောက်ကြာမယ် မသိတော့ ပဒ္မမှာတွေ၊ ရှန်သားတွေ ချွေဝတ်ရတာပေါ့ရှင်"

"မောင်ကောင်းစံရေ့၊ ဂျပန်မှာ အာမခံမပါတဲ့ ငွေစက္ကူကလွဲလို့ ဘာမှ ပါမလာဘူးကွယ့်။ အပ်နဲ့အပ်ချည်၊ အို ကုန်ကုန်ပြောမယ်။ ဓာတ်ဆီ မီးခြစ် ခြစ်တဲ့ မီးခြစ်ကျောက်တောင် မပါဘူး။ ဝတ်စရာကတော့ လယ်ငင်ချည်နဲ့ ယက်တာတွေ ရှိမှာပါပဲ။ ဒါပေမယ့်၊ ဘာနဲ့ သွားချုပ်မတုန်း"

ဒေါ်မြညွန့်သည် ပြောလည်းပြောနေ၏၊ "ခင်တင်မှာ လက်ဖက်တွေ ဘာတွေ မရှိရင် စားကွယ့်၊ အားမနာနဲ့" ဟု ပန်းကန်များ တိုးပေးရင်း လောကွတ်လုပ်၏။

"ကန်စွန်းရွက်ဟင်း၊ ဘူးသီးဟင်းနဲ့ ပဲဟင်းပဲ စားရပါသယ် ဒေါ်ဒေါ် ရယ်။ သို့သော်လည်း ကျွန်တော်တို့ ခင်ထဲဝင်သာကိုက စစ်ထဲမှာ ကြက်သား၊ ဝက်သားတွေ ကျွေးလိမ့်ထင်ပြီး ဝင်သာမှ မဟုတ်သာကပဲ။ ဝမ်းဝရင် တော်ပါပြီခင်ဗျာ"

"သာဓုပါကွယ်၊ သာဓုပါ"

"ကိုကောင်းစံ လခဘယ်လောက်ရသလဲဟင်"

ရုတ်တရက် မေးပြီးမှ ခင်ခင်မြင့်မှာ အားနာသွားဟန်ရှိ၏။ "စိတ်မရှိ နဲ့နော်၊ မောင်နှမရင်းချာလို သဘောထားလို့ မေးတာပါ" ဟု ဖြည့်စွက်၏။

"ကျွန်တော်တို့ တပ်မတော်ကြီးဟာ အခုမှ တည်ထောင်ရတာမို့ စိတ်ဓာတ်ကလွဲရင် အားလုံးဆင်းရဲပါသယ်။ အဲသာကြောင့် အင်္ဂလိပ် ကြေးစားတပ်လို မရကြပါဘူး။ မုန့်ဖိုး ၁၄ – ၅ ကျပ် ထင်ပါရဲ့"

"ဘယ့်နှယ့်ထင်ပါရဲ့လဲကွယ့်"

"ရေတွက် မကြည့်မိသဲ့အတွက်၊ ခန့်မှန်းပြောရသာပါ ဒေါ်ဒေါ်"

ဒေါ်မြညွန့်က သဘောမကျသံဖြင့် ဆိုငြား ခင်ခင်မြင့်မှာ မျက်လွှာ

ချလျက် ပြုံးပြုံးကြီးဖြစ်နေ၏။ သူသည် လူ့ယဉ်ကျေးမှုအရ မောင်ကောင်းစံအား ကြည့်မနေပေ။ ကြည့်မနေငြား၊ မြင်နေသည်။ စဉ်ဆက်မပြတ်စိတ်အာရုံ၌ ထင်လာသော မောင်ကောင်းစံအား ကြည့်ညိုစိတ်ဖြစ်လာသည်။

အမိနိုင်ငံတော်အတွက် ဟူသည့်အသိမှလွဲ၍ အခြား ဘာမျှမသိ၊ ဘာမျှမမျှော်လင့်သော သံမဏိလူသား၊ သို့မဟုတ် ဗမာ့ကာကွယ်ရေးတပ်မတော်သားတွေ။

"အဲသည်မုန့်ဖိုးကို ကိုကောင်းစံတို့ ဘယ်လိုသုံးကြတုန်းဟင်"

"ချွေတာသုံ့ ရဲဘော်ဆိုရင် ခုနစ်ရက်လောက်ခံမှာပေါ့လေ။ ကျွန်တော်တို့ဆိုရင် တပ်နားကဆိုင်တွေမှာ သူငယ်ချင်းတွေစုပြီး ထန်းလျက်၊ လက်ဖက်ရည်နဲ့ မုန့်တွေ ပျော်ပျော်ပါးပါး စားပစ်လိုက်ကြသာပဲ"

"ရဲဘော်တွေ ဘယ်လောက်ရှိလဲရှင့်"

မောင်ကောင်းစံသည် ခင်ခင်မြင့်အား လှမ်းကြည့်၏။ တောက်ပရွှဲရှိသော မျက်လုံးကလေးတွေ ချက်ချင်းပုန်းရှောင်၏။

"အများကြီးပေါ့ဗျာ"

"တစ်သောင်းလောက် ရှိမလား"

အင်္ဂလိပ်မကောင်းကြောင်း တစ်နိုင်ငံလုံး သိရှိခဲ့ကြပြီဖြစ်ကြငြားသကြားကလေးတစ်ဆုပ်၊ ဆပ်ပြာကလေးတစ်ဖဲ့၊ အထည်စကလေးတစ်လက်ဝါးအတွက် သူလျှိုလုပ်နေပေသူလော။ မဖြစ်နိုင်။ ခင်ခင်မြင့်၏မျိုးချစ်စိတ်သည် သူ့မောင်ကိုခင်မောင်တင့်နှင့် ထပ်တူရှိသည်။

သို့သော် ဤအရာသည် သူ့အလုပ်မဟုတ်။ သို့အတွက် သူကြားဖူးသမျှကို အဆများစွာ မြှင့်ပစ်လိုက်၏။

"တစ်သိန်းကျော်မယ် ထင်သာပဲ"

"လခကလေး မဖြစ်စလောက်နဲ့ ဘယ်လိုလုပ်ကြလဲဟင်"

"လခမဟုတ်ပါဘူး မြင့်၊ မုန့်ဖိုးပါ။ ကျွန်တော်တို့ကို ခြေထောက်က

ခေါင်းအထိ နိုင်ငံတော်က တာဝန်ယူထားပြီ။ မုန့်ဖိုးပေးသာတောင် လွန်နေပြီဗျာ့။ အပြင်ထွက်ခွင့်ရလို့ မြို့ထဲသွားရင်လည်း ခြေကျင်လျှောက်တာပါပဲ။ မြင်သဲ့ မြင်းလှည်းက ရဲဘော် တကော်တက်ဆိုပြီး တင်သွားသာပဲ"

"ကြားရရုံနဲ့ ဝမ်းသာလိုက်တာရှင်"

"ဒါတွင် ဘယ်ဟုတ်ဦးမတုန်း။ ဈေးဆိုင်တွေ၊ ရပ်ကွက်ထဲက အိမ်တွေကလည်း ရဲဘော်တို့၊ အမောပြေ ဝင်နားကြပါဦးဆိုပြီး ဆိုင်ထဲအိမ်ထဲကို ဖိတ်သဗျား။ ဝင်သွားလို့ကတော့ လက်ဖက်ရည်ရော၊ ကော်ဖီရော စားလို့မနိုင်ဘူးဗျား"

"ပြည်သူချစ်တဲ့ တပ်မတော်ကြီးအတွက် ဂုဏ်ယူလို့မဆုံးပါဘူးရှင်"

ခင်ခင်မြင့်၏ မျက်နှာလှလှကလေးတွင် ပီတိနှံ့သာများ ခြယ်ကျံထားသဖြင့် အလှတွင် အလှဆင့်၏။ ထိုအလှတွင် စစ်သားကြီးနှစ်မျောနေစဉ်တွင် ဒိန်းဒေါင်းဖျက်သောအရာမှာ ဖိုးသူတော်နှင့် ကြံတိုင်းအောင်ဖြစ်သည်။

"ဘကြီးရေ၊ ထမင်းစားရအောင်တဲ့ဗျို့"

"ဦးချထားလိုက်လို့ ပြောလိုက်ကွာ"

"ဘက အခေါ်ခိုင်းသာခင်ဗျာ့"

"ကဲ မြင့်ရေ။ ခွင့်ပြုဦးနော်။ လူမှာ ဗိုက်ပါသာ အနှောင့်အယှက်ကြီးပါကလား။ ကျုပ်က တစ်သက်လုံး ထိုင်နေချင်သာ"

ခင်ခင်မြင့်မှာ အိမ်ထဲဝင်ပြီး ရယ်မောနေရသဖြင့် ပြန်လည် နှုတ်မဆက်နိုင်ပေ။

## ၈

"ဟောတော်၊ ဘယ်လိုဖြစ်လာသတုန်း ကိုရင်ရဲ့"

ဒေါ်ဆယ်သည် ကိုရင်လူထွက်ဖြစ်လာသော တိုင်းလုံးကျော်ကို ကြည့်ပြီး အံ့သြခြင်းကြီးစွာ ရေရွတ်၏။ "ဝါဆိုဦးမယ် ပြောပြီးတော့မှ" ဟု မြည်တွန်တောက်တီး၏။

တိုင်းလုံးကျော်ကား ခေါင်းဖြင့်တစ်ချက်ငေ့လျှင် ပြီးသော သည် အမေကို အရေးမထားပေ။ ကျောင်းမှပြန်ယူလာခဲ့သည့် သက်န်းလိပ်ကို ပစ်ပေးပြီး အပြေးဆင်းလာခဲ့၏။ သူ့အတွက် အရေးကြီးသူမှာ ရဲဘော် မောင်ကောင်းစံ။

"ကိုကိုရေ၊ ကိုကို။ အစ်ကိုရေ"

အိမ်ဝိုင်းအဝင်ဝမှ အော်ဟစ်လျက် ဝမ်းသာအားရ ပြေးဝင်လာသည်။ ဘရွှေကျိုင်းမှာ ထမင်းစားပြီးစ လက်သုတ်နေဆဲ၊ ထမင်းပွဲသော်မျှ မသိမ်း ရသေး။

"လူကလေး လူထွက်လာပြီ။ ထမင်းစားဦးမလား"

ကိုရင်တိုင်းလုံးကျော် လူထွက်မည်ကို ကြိုတင်သိထားသည့်အတွက် ဘရွှေကျိုင်းကား တအံ့တသြမဖြစ်။

"ထမင်း အရေးမကြီးပါဘူး အဖေရာ။ အစ်ကိုကော အစ်ကို"

မေးသည်။ အိမ်ဝန်းကျင်နှင့် အိမ်အောက်ကို တိုင်းလုံးကျော် မျက်လုံးကစားသည်။ မောင်ကောင်းစံမရှိ။ သူနှင့်အတူပါလာသည့် အိတ်ကြီးလည်း အဖေ့အိပ်ရာဘေးတွင် မရှိတော့။

"အဖေ၊ ကိုကိုကောဗျ"

"မနက်စောစောကပဲ ထသွားလေရဲ့"

"ဟာဗျာ" ညည်းတွားသံကြီးအဆုံးတွင် ရှင်လူထွက်သစ်သည် ကြမ်းပေါ်သို့ ဝမ်းပမ်းတနည်း ပစ်ထိုင်ချလိုက်လေ၏။

ရဲဘော်ကောင်းစံသည် သူပြန်လျှင် ညီကိုခေါ်သွားပေးမည်ဟု သေချာစွာ အာမခံထားခဲ့သည်။ တိုင်းလုံးကျော်ကလည်း နှစ်ခါမဖော မဖြစ်စေရန် မြို့သို့တက်ပြီး စုံစမ်းသည်။ 'ရပါသည်၊ လူထွက်ပြီးမှသာ လက်ခံမည်' ဖြေလိုက်သည်။ သို့ကြောင့် သူ့အစ်ကို ပြန်ရက်မကျမီ တစ်ရက်ကြိုပြီး ရှင်လူထွက်ခဲ့ခြင်းဖြစ်သည်။

"စစ်သားလုပ်မယ့် ယောကျ်ားတစ်ယောက်ဟာ သာလောက်ကလေးနဲ့ စိတ်ပျက်ဝမ်းနည်းရသလားကွ။ မင်း ယောကျ်ားမဟုတ်ဖူးလား"

မချော့မော့၊ မဖျောင်းဖျ။ မာန်ပင် မာန်မဲသေးသည်။

"သူ့တပ်၊ ပျဉ်းမနားမှာ ရှိသယ်။ ပျဉ်းမနားကို ငါ ဘယ်လိုသွားမတုန်းဆိုသဲ့ စိတ်တော့ မမွေးဘူး။ အလကားကောင်"

ဝမ်းနည်းခြင်းကို ဒေါသက ဖုံးလွှမ်းစပြုပြီ။ ဒေါသတွင် မခံချင်စိတ်လည်း ယှဉ်တွဲလာပြန်သည်။

"ဟုတ်သယ်အဖေ။ အခု လိုက်မယ်။ ပိုက်ဆံတစ်ရာလောက်ပေး"

တိုင်းလုံးကျော် ထရပ်သည်။ ဘရွှေကျိုင်း၏ ငေါက်ငမ်းသံ ပေါ်လာပြန်၏။

"မင်းဟာ နှစ်ဝါဝတ်ခဲ့သာတောင် အလိမ္မာတရား တိုးမလာဘူး။ အသုံးမကျတဲ့ကောင်။ အခုလိုက်သွားရအောင် ဘယ်အချိန်ရှိပတုန်း။ နေကို ကြည့်ပါဦး"

မှန်သည်။ တိုင်းလုံးကျော်သည် နေ့ဆွမ်းစားအပြီးတွင် လိုင်ပြန်ခဲ့ခြင်း ဖြစ်ရာ မွန်းတိမ်းစပြုပြီ။

"ခရီးသွားရာမှာ ဘာတွေလိုသတုန်း၊ စုဆောင်းပါတော့လား၊ ပြင်ဆင်ပါတော့လား"

"ဟုတ်သယ်အဖေရေ့၊ ကျွန်တော် မွှန်သွားသယ်။ ဘွာတေးဗျာ ဘွာတေး"

ပြောပြောဆိုဆို တိုင်တွင်ချိတ်ထားသည့် ကျောင်းသားလွယ်အိတ်ကို ဖြုတ်သည်။ စာအုပ်တွေသွန်သည်။

"ထမင်းပခြုပ်နဲ့ ရေဘူးကို တပ်ထဲရောက်မှ လွှင့်ပစ်ချင်ပစ်။ လောလောဆယ်တော့ အဲသာ အရေးအကြီးဆုံးပဲ"

"ဟုတ်ကဲ့အဖေ၊ ဟုတ်ကဲ့"

"မင်းနဲ့အတူတူ လူလေးယောက် လိုက်လိမ့်မယ်။ ငါသိသာတော့ ကြွက်သိုးနဲ့ ထွန်းအေးပဲ၊ နောက်နှစ်ယောက်ကို သူတို့သိသယ်"

ဘရွှေကျိုင်း၏စကားကို တိုင်းလုံးကျော်သဘောမပေါက်။ သို့ကြောင့် "ဗျာ" ဆိုကာ လှည့်ကြည့်၏။

"မင့်ကိုကိုက မှာခဲ့သယ်။ စာတစ်စောင် စောင့်ယူစရာရှိသဲ့အတွက် မင်းတို့ကို မစောင့်သာ။ နက်ဖြန်မနက်ကျမှ အေးအေးဆေးဆေး လိုက်ခဲ့ကြတဲ့။ သူက နတ်မောက်က စောင့်မယ်တဲ့။ ကညင်ဆီနဲ့မောင်းသဲ့ ဂျပန်ကားလေးဘာလေး ကြုံရင်တော့ တစ်ရက်နှစ်ရက်အတွင်း ရောက်မယ်တဲ့။

မကြိုရင်တော့ ခြေကျင်နဲ့ကုန်းကြောင်းပဲတဲ့"

"လမ်းမှ မသိသာကြီး"

"ငါ ထကန်လိုက်ရ။ နင့်မှာ ပါးစပ်မပါဖူးလား"

သားရဲ့ လူလေးရဲ့ ချော့ချော့မော့မော့ ပြောနေကျအဖေသည် ခက်ထန်လှချည်ကလားဟု တိုင်းလုံးကျော် အကဲခတ်သည်။ အဖေ့မျက်နှာတွင် ဒေါသမရှိ။ ခြံအဝင်ဝဘက်သို့ ငေးမောနေချေသည်။

'အဖေ့ကိုလွမ်းသယ်ဆိုပြီး ပြန်ပြေးလာမှာ စိုးလို့များ၊ ငါ စိတ်ဆိုးအောင် လုပ်နေရော့သလား။ ဟုတ်သယ်၊ ဒါဖြစ်နိုင်သယ်။ ကိုကို့ပြောသား အလိုအရ လယ်သမားပင်ပန်းသယ်ဆိုသာ စစ်သားက အပျော့ထင်သယ်တဲ့။ ဟုတ်မှာပါလေ၊ ဒါကြောင့် ငါ စိတ်နာအောင်လုပ်နေသာပါ'

သို့အတွက် တိုင်းလုံးကျော် ရယ်ပစ်သည်။ ဘရွှေကျိုင်း မျက်မှောင်ကြုံ့သည်။

"ဒါ ရယ်စရာလား။ လုပ်စရာရှိသာ သွက်သွက်လုပ်"

"အဖေရာ၊ စိတ်မဆိုးဘဲနဲ့ စိတ်ဆိုးချင်ယောင် မဆောင်စမ်းပါနဲ့"

"မွေးစားမအေနဲ့ ဖအေကိုချည်း အားကိုးနေလို့ လူညွန့်တုံးနေသဲ့ အကောင်။ အဲသာကြောင့် လူညွန့်ချွန်အောင် လုပ်ပေးနေသာဟ ခွေးမသားရ။ ပုဆိုးအင်္ကျီ နှစ်ထည်စီပဲထည့်။ ပြီးရင် အဖော်တွေကို သွားမေးချေ"

တိုင်းလုံးကျော်၏ ရင်ထဲမှ မကျေနပ်စိတ် ပျောက်သွားသည်။ အသက်ကိုရင်းပြီး တိုက်ခိုက်မည့် စစ်သားလောင်းတစ်ယောက်အား ပျော့ညံ့မနေစေရန်၊ နွဲ့မနေစေရန် ယခုက ကြိုတင်ပြီး မာအောင် ထန်အောင် လုပ်နေပေးနေခြင်း ဖြစ်မည်။

စင်စစ် တိုင်းလုံးကျော်သည် ဖအေနှင့် နှလုံးသားချင်း စကားပြောသံကို သိနားလည်ခြင်းဖြစ်ပေမည်။ သူ့အဖေသည် သူ့သားအား ရှေးကလိုပင် မောင်မောင်ဘာဘာ လုပ်နေချင်သည်။ စစ်ထဲ မလိုက်စေချင်။

## ပုဂံစာအုပ်တိုက်

မအေများမှသာ သားသမီးအတွက် အစိုးရိမ် အကြောင့်ကြ ပိုသည် ပြောကြ၏။ မဟုတ်ပေ။ ဖအေလည်း ပူပန်သည်သာ၊ ကြောင့်ကြသည်သာ။ ထိုစိတ်ကို မွေးမယူ၊လုပ်မယူ။ ဖအေစိတ်က သူ့အလိုလိုမွေးထုတ်လိုက်သည်။

သို့သော်၊ ထိုပင်ကိုစိတ်ကို နိုင်ငံသားစိတ်က ဖမ်းနှိမ်သည်။

'သလိုသာ စိုးရိမ်နေရင် ဘယ်မှာ စစ်သားရှိတော့မှာတုန်း။ သေသယ် ဆိုသာ စစ်မြေပြင်ထွက်မှ သေသာမဟုတ်ပါဘူး။ အိပ်ရာထဲမှာလည်း သေကြ သာပါပဲ။ သေသာဟာ အဆန်းတကြယ်လည်း မဟုတ်ပါကလား'

ဘရွှေကျိုင်း အံကြိတ်ထားသည်။ လက်သီးဆုပ်ထားသည်။

'တို့အမျိုးဟာ တိုက်ရင်းသေသဲ့အမျိုး၊ ရန်သူကို ချေမှုန်းတိုက်ခိုက်ရင်း အသက်စွန့်သဲ့အမျိုး။ ဓားဆိုသာ တစ်မျိုးသားလုံးရဲ့ ရန်သူကို ခုတ်ဖို့။ တစ်မျိုးသားလုံးရဲ့ ရန်သူမှန်သမျှဟာ ငါတို့ဓားကစားဖို့။ ဟုတ်သယ်။ မိတ်ဆွေယောင်ဆောင်ပြီး အိမ်ထဲဝင်လာသဲ့ အယုတ်တမာတွေကို တိုက်ရ မယ်။ သေမှာကြောက်နေရင်၊ ကျိုးမှာ ကန်းမှာကြောက်ပြီး အချောင်ခိုနေရင် ငါတို့လူမျိုးကို သူ့ရဲဘောကြောင်သဲ့ လူမျိုးလို့ထင်ရော့မယ်'

"တိုက်ကွ။ ချကွ။ မြန်မာ့သတ္တိ ပြလိုက်စမ်းကွ"

ဘရွှေကျိုင်း၏ စိတ်အလျဉ်သည် ရင်ထဲတွင် ပြေးလွှားနေရာက နှုတ်ဖျားသို့ စီးဆင်းသည်။ ထိုခဏ၌ ဝမ်းခေါင်းသံဖြင့် အော်သံကြီး ပေါ်လာ လေ၏။

"တိုက်မှာပါအဖေ၊ မပူပါနဲ့။ အဖေ့အတွက်ရော ကျွန်တော့်အတွက်ပါ နှစ်ဆတိုးပြီး တိုက်ပါ့မယ်၊ စိတ်ချပါ"

သား၏အသံကိုကြားမှ ဘရွှေကျိုင်း သတိလည်လာ၏။

"အချိန်ရှိခိုက် ဆရာ့အမေကို နှုတ်ဆက်ချေဦးမယ်အဖေ"

ဘရွှေကျိုင်း ခေါင်းညိတ်ပြသည်။ လျှာပွတ်ဆေးနှင့် လျက်ဆား ထည့်ထားသောပုလင်းတွေ ဘယ်မှာထားမိမှန်း စဉ်းစား၍မရသဖြင့် ပါးစပ်က

မဖြေနိုင်။ ခေါင်းသာ ညိတ်ပြနိုင်၏။

တိုင်းလုံးကျော်သည် မြူးနေ၏။ သေနတ်ထမ်းလျက် ရင်ကော့လက်လွှဲကာ ချီတက်နေသော စစ်သားကြီးတစ်ယောက်၏ သွင်ပြင်ကို မြင်ယောင်နေ၏။ သာထွန်းအေးနှင့် ကြွက်သိုးတို့အိမ်ဘက်သို့ ချိုးကွေ့၏။ သုံးလေးလှမ်း လှမ်းမိပြီးမှ စာသင်ကျောင်းဘက်သို့ ခြေလှမ်းပြောင်း၏။

ကျောင်းဝင်းအတွင်းရှိ အိမ်ကလေးတွင် လူတွေရောက်နေသည်။ အိမ်တွင် ဒေါ်မြညွန့်နှင့် ခင်ခင်မြင့်၊ ကြည်ကြည်၊ မအေးမြတို့သာ ရှိကြလိမ့်မည်ဟု တိုင်းလုံးကျော် မျှော်လင့်ထား၏။ ညော်သည်တွေနှင့် ရှုပ်နေလျှင် နှုတ်ဆက်စကားပင်လျှင် ဖြောင့်ဖြောင့်ပြောနိုင်ပါမည်လော။

တိုင်းလုံးကျော် နောက်ပြန်လှည့်သည်။ သို့သော် ကြည်ကြည်၏ ကြည်ဝင်းသည့် မျက်နှာကလေးသည် မျက်နှာရှေ့၌ ပေါ်လာ၏။ တိုင်းလုံးကျော်၏ နောက်ကြောင်းပြန်မိပြီးသား ခြေထောက်များသည် အိမ်ကလေးဘက်သို့ ဦးလှည့်လာပြန်၏။

အိမ်ရှေ့တွင် ရောက်နေသူများမှာ ဆယ်အိမ်ခေါင်းအချို့ ဖြစ်သည်။ သူတို့သည် ကိုခင်မောင်တင့်ထံ လာကြခြင်းဖြစ်သည်။ ကိုခင်မောင်တင့် ဝတပ် (ဝန်ထမ်းတပ်) သင်တန်းမှ ပြန်ရောက်နေပြီ။

ကြည်ကြည်သည် ထဝင်ပြင်ထွက်လုပ်ကာ အိမ်ရှေ့ရှိ ပန်းပင်များကို ရေလောင်းနေရာမှ တိုင်းလုံးကျော်ကို ပြုံးကြည့်၏။ အနားသို့ တိုင်းလုံးကျော် အရောက်၌ ပါးစပ်ကို လက်ဝါးဖြင့်အုပ်လျက် တစ်ဖက်သို့ လှည့်သွား၏။

"ဟော ကိုရင်။ ဘယ်တုန်းက ထွက်လာသလဲ။ လာ လာ"

ဒေါ်မြညွန့်က ပြုံးရွှင်စွာကြိုဆိုသည်။

"စစ်ထဲလိုက်မလို့ ထွက်လာသာပါခင်ဗျာ"

"ခေါင်းရင်းမှာ ညော်သည်တွေနဲ့ ရောထိုင်ပြီး ရေနွေးသောက်ပေတော့"

ကိုခင်မောင်တင့်တွင် ညော်သည်များပါလာ၏။ သူတို့သည် အခြား

ရွာများသို့ ခရီးဆက်ရမည့် သင်တန်းဖော်များဖြစ်သည်။ သားအမိ သမီး ယောက္ခမသုံးယောက်မှာ ဧည့်သည့်များအား ထမင်းကျွေးရန် လုံးပမ်းနေကြ၏။

"ကိုရင်တိုင်းလုံးကျော် လာကွာ။ ဟောသည်မှာ 'အုန်းမှုန်ကူ' တွေ စားကြည့်စမ်းပါဦး"

ကိုခင်မောင်တင့်က တိုင်းလုံးကျော်ထိုင်ရန် နေရာချပေးပြီး၊ ဧည့်သည် တွေနှင့် စကားမပြတ်။ သူတို့စကားကိုလည်း တိုင်းလုံးကျော် အာရုံမငြိ။ သို့ကြောင့် အိမ်၏ခေါင်းရင်းဘက်မှလှည့်ကာ ရေတွင်းသို့ လာခဲ့သည်။

ရေတွင်းကို အုတ်စီမထားပေ။ မောင်းတပ်ဆင်ထားသည်။

ရေတွင်းဘေး၌ ပုန်းညက်ပင်နှင့် ငှက်ပျောပင်များသည် လုတက်နေကြ၏။ ဘင်္ဂလားသရက်များကလည်း လူတစ်ရပ်ကျော်ရုံသာရှိပြီး အချို့ ငှက်စာဆော်နေကြပြီ။ တစ်နေရာတွင် ဩဇာပင်တွေ စီတန်းနေကာ၊ နယ်နိမိတ်အစပ်တွင်ကား နာနတ်ပင်များကို ထူထပ်စွာစိုက်ထားသည်။

"ကြည်ကြည်ရေ၊ မောနေပြီလား။ ကိုယ် ရေငင်ပေးမယ်နော်"

"ကျေးဇူးတင်ပါတယ်ရှင်"

ကြည်ကြည်သည် ဟန်မဆောင်ပါ။ ရေငင်သော မောင်းတက်ကို တိုင်းလုံးကျော်၏လက်ထဲသို့ လွှဲပေးပြီး နင်းကြမ်းပေါ်မှ ဆင်း၏။

"သူစိမ်းတစ်ရံဆံ မဆန်ပါနဲ့ ကြည်ကြည်ရာ၊ ချစ်သူချင်းတွေကို"

ကြည်ကြည်သည် ခစ်ခနဲ ရယ်သံတစ်ချက်ပေးကာ ရေပုံးကို ဆွဲယူ သွားသည်။ ကြည်ကြည်ထွက်သွားချိန်တွင် တိုင်းလုံးကျော်က ရေကို အသင့် ငင်ထားသည်။ ကြည်ကြည် ပြန်ရောက်လာလျှင် ထည့်ပေးလိုက်သည်။

သူတို့နှစ်ယောက် ရေငင်ရေထည့်နေသည်ကို ကိုခင်မောင်တင့်၏ မယား အေးမြသာ သတိထားမိ၏။ ခင်ခင်မြင့်တို့ သားအမိမှာ ဧည့်သည် များအားထမင်းကျွေးရန် ခင်းကျင်းပြင်ဆင်နေကြသဖြင့်သတိမမူမိကြ။အေးမြ သည်ပင် တမင်လာကြည့်ခြင်းမဟုတ်၊ ရေထွက်သွန်ရင်း မြင်ခြင်းဖြစ်သည်။

## ပုဂံစာအုပ်တိုက်

တိုင်းလုံးကျော်သည် အေးမြ မြင်သွားသည်ကို အရေးမထားပါ။ သူ့မျက်စိထဲတွင် ကြည်ကြည်သည် လှ၏။ ကြည်ကြည်သည် ချစ်စရာကောင်း၏။ နှာခေါင်းတွင် သီးနေသော ချွေးဥကလေးတွေမှာ ကျက်သရေရှိလွန်း၏။ မျက်လုံးကလေးတွေမှာ ထွေးပိုက်ထားချင်စရာ။ ချွေးစို့နေသော သနပ်ခါး ပါးမို့မို့ကလေးမှာ ယုယထားချင်စရာ။ နှုတ်ခမ်းငုံဖူးကလေးမှာ ငေးမောချင်စရာ ။

ကြည့်ငေးရင်း တိုင်းလုံးကျော်၏ ရင်တွင် လှိုက်မောလာ၏။

"ကြည်ကြည်၊ ကိုယ့်ကို ဘယ်လောက်ချစ်သတုန်းဟင်"

အမှတ်မဲ့ အမေးခံရသဖြင့် ကြည်ကြည်မှာ "ရှင်"ဆိုကာ၊ မျက်လုံးဝိုင်းကလေးဖြင့် ပြန်ကြည့်မိသည်။ ကြည်ကြည်မှာ ဖြေစရာစကား ရှာမရသဖြင့် အခက်တွေ့နေဪ တိုင်းလုံးကျော်အဖို့မူ သည်မျက်လုံးကလေးမှာ တစ်လောကလုံးတွင် အလှဆုံးဖြစ်နေ၏။

အသက်ရှူမှားလုလု ငေးမောနေဆဲတွင် ကြည်ကြည်သည် နာနတ်ပင်တန်းရှိ ညှိုးနွမ်းနေသော ဆလပ်ဝါ (ဇလပ်)များကို သွားရောက်လောင်းသည်။ သူ့နောက်မှ တိုင်းလုံးကျော် ပါလာသည်ကို မသိ။ ရေလောင်းပြီး၍ လှည့်လိုက်ချိန်တွင် တိုင်းလုံးကျော်နှင့် ရင်ဘတ်ချင်းထိမိမတတ်ရှိနေသည်။

"အို လူတွေမြင်လို့ မကောင်းပါဘူးရှင်၊ နောက်ဆုတ်ပါ"

"ကိုယ် စစ်ထဲလိုက်မလို့ပါ ကြည်ကြည်ရာ။ မသွားခင်ကလေးမှာ ချစ်ပါသယ်ဆိုသဲ့ အဖြေကလေး ကြားသွားချင်လို့ပါ"

"စစ်ထဲလိုက်မယ် ဟုတ်လား"

"ဟုတ်သယ်၊ ဟောသည်ပါးစပ်ကလေးက ချစ်ပါသယ် မောင်ရယ်လို့"

တိုင်းလုံးကျော်သည် အပြောဖြင့် မရောင့်ရဲ။ ကြည်ကြည့်ခါးကို သိုင်းသည်။ ပခုံးကိုပွေ့သည်။ ကြည်ကြည့်အတွက် လျှော်ချင်တော်လည်းချေပြီ။ ထိတ်လန့်တုန်လှုပ်စွာ တွန်းဖယ်သည်။

**ပုဂံစာအုပ်တိုက်**

"ဖယ်ပါ။ လူတွေမြင်ကုန်ရင် မတော်ပါဘူး။ မမတို့၊ ကြီးကြီးတို့ မြင်ရင် အရိုက်ခံရလိမ့်မယ်။ လွှတ်ပါ၊ လွှတ်ပါ"

အချစ်သည် နထွေးသော နလုံးသားတွင်တည်လျှင် လှ၏။ မြတ်နိုး စရာ တန်ဖိုးထားစရာသက်သက်။

အချစ်သည် နလုံးသားကို စွန့်ပစ်လိုက်သောအခါ မလှပတော့ပါ။ အို အလွန်အကျည်းတန်ပါတကား။ အလွန်ရိုင်းပါတကား။ အို အလှ ကျေပျက်ရပြီကော။

ပုစဉ်းရင်ကွဲတို့သည် အချစ်တရား၏ အလှအပ ပျက်သုဉ်းမှုအတွက် သံကုန်ဟစ်၍ ကန့်ကွက်ကြ၏။ ပုရစ်နှင့် မြေခွေးပုရစ်တို့လည်း ပုစဉ်းရင်ကွဲ တို့နှင့် ညီညွတ်ကြ၏။

"ကြည်ကြည်ရေ၊ ဟင်းပန်းကန်တွေ ကူညီ သယ်ပေးပါဦးဟဲ့"

အေးမြသည် မီးဖိုထဲမှ လည်ဆန့်ကာ လှမ်းအော်၏။ အရေးထဲတွင် ယောက္ခမကခေါ်သဖြင့် အိမ်ရှေ့သို့ပြေးရပြန်သည်။ သို့စဉ်တွင် သူကြီးအိမ်မှ အခေါ်လာသည့်အတွက် ကိုခင်မောင်တင့် ထလိုက်သွားရပြန်သည်။

"ကျွန်တော် ချက်ချင်းပြန်လာခဲ့မယ်နော်။ အားမနာနဲ့ ဖြည်းဖြည်း စားနှင့်ကြပါ"

ကိုခင်မောင်တင့် ထွက်သွားလျှင် အေးမြသည် မီးဖိုဘက်သို့ ပြေးလာ ရပြန်သည်။ မီးဖိုထဲတွင် ခင်ခင်မြင့်ရောက်နေပြီ။ ရှုးခပ်နေပြီ။

"ကြည်ကြည်ရေ၊ ထားခဲ့ပါဦးဟဲ့။ ငါတို့ကို လာကူပါဦး"

အေးမြ ထွက်အော်ငြား ကြည်ကြည် ရောက်မလာသေး။ ဟင်း ပန်းကန်များကို လင်ပန်းတွင်ထည့်ကာ ခင်ခင်မြင့် ယူသွားသည်။ ထမင်း အုပ်ကိုယူပြီး အေးမြ ထွက်လာတော့မှ ကြည်ကြည် ရောက်လာသည်။

"လက်ဆေးရေ ယူခဲ့ ကြည်ကြည်"

ကြည်ကြည်သည် အေးမြ၏စကားကို အရေးမထား၊ သူ့အခန်းထဲ

သို့သော ကမူးရှူးထိုး ဝင်သွားသည်။ အေးမြ ရင်ထိတ်သည်။ မျက်နှာ ပျက်သည်။ ကြည်ကြည် ဘာဖြစ်လာသနည်း။ ယောက္ခမအား တိုင်ကြားရန် စိတ်ကူးသည်။ ညို့သည်တွေအား ထမင်းပွဲဘေးမှ စကားပြောနေသည်။

သို့ဆိုပါက ခင်ခင်မြင့်ကို ပြောထားမှ။

ခင်ခင်မြင့်လည်း မအားလပ်ပါ။ ညို့သည်များ ထမင်းစားအပြီးတွင် တည်ခင်းရန် စီမံနေသည်။ စီမံနေသည့်ကြားမှပင် ပြောမှဖြစ်မည်။

"မြင့်ရေ၊ ကြည်ကြည်"

"အေးမြ၊ သမီးကြီး။ ဟင်းချို လိုက်ဖို့လုပ်ပါဦးကွယ်"

ထမင်းပွဲဘေးမှ ဒေါ်မြညွန့်လှမ်းပြောသည်။ အေးမြ၊ ပြေးထွက်လာခဲ့ ရပြန်တော့သည်။

ပြေးလွှားလုပ်ကိုင်ရင်းက အေးမြ ထပ်မံ စဉ်းစားသည်။

ဤကိစ္စကို ယောက္ခမဖြစ်သော မိန်းမချင်း ပြောရပိမ့်လော။ ရင်းနှီးသော လင်သားကိုလည်း ပြောရပိမ့်လော။

မည်သူ့ကိုပြောသည်ဖြစ်စေ ရှုံးရှုံးရှားရှားဖြစ်ကာ သူကြီးထံ တိုင်မည်၊ ဂတ်တိုင်မည်လုပ်လျှင်

ဂတ်သို့ရောက်လျှင် ပုလိပ်ဖြင့်မပြီး။ ဂျပန်ဝင်စွက်မည်။ ဂျပန်စစ်သား သည် သူကသာ မုဒိမ်းတန္တဖြစ်ငြား သူတော်ကောင်းဆောင်ပြီး ရိုက်လား၊ နှက်လား၊ သတ်လား၊ ဖြတ်လား လုပ်ချေမည်။

ထိုသို့ အဖြစ်မခံနိုင်ပါ။ အေးမြ ထပ်မံစဉ်းစားရပြန်ပြီ။

တိုင်းလုံးကျော်သည် မိမိ၏ဒွေးကြီး ဒေါ်ဆယ်၏ မွေးစားသား။ ထို့ပြင် မိမိ၏ဒွေးကြီး ဒေါ်ရွှေခက်၏ သားအရင်း။ သို့ကြောင့် မိမိ၏ မောင်ဝမ်းကွဲ။ အေးမြ ရင်ထဲတွင် ဗလောင်ဆူနေလေ၏။

'အို၊ ကာယကံရှင်က ဘာမျှမပြောဘဲနဲ့ အိုးကမပူ စလောင်းက မပူနိုင်ပါဘူး'

**ပုဂံစာအုပ်တိုက်**

သည်သဘောလည်း အမှန်အားဖြင့် အေးမြ မမွေးရက်။ ကြည်ကြည်သည် မလည်မဝယ်ကလေးသာဖြစ်၏။ ကိုယ့်အဖြစ်ကိုပင် လိပ်ပတ်လည်အောင်၊ ပြေပြစ်အောင် ပြောမှ ပြောတတ်ရှာပါမည်လော။

အေးမြမှာ တစ်ခေါင်းလုံး ထူပူလာသည်။ ဆောင်ရွက်ဖွယ်များကို အယောင်ယောင်အမှားမှား လုပ်မိတော့သည်။ သို့ကြောင့် စိတ်ကိုငြိမ်အောင်ထားရသည်။အချိန်သင့်အခါသင့်ကို စိတ်အေးအေးထားပြီးစောင့်ဆိုင်းသည်။

ထိုညတွင် တစ်ညလုံး အခွင့်မသာ။ နောက်တစ်နေ့ နေ့လယ်တွင် ကြည်ကြည်နှင့် ဒေါ်မြညွန့်တို့ မီးဖိုဆောင်ထဲတွင် ရှိနေခိုက်နှင့်ကြုံသဖြင့် "ကြည်ကြည်၊ မနေ့ညနေတုန်းက ငါ ခေါ်နေသာ ဘာကြောင့်မထူးသတုန်း" ဟု စကားစရတော့သည်။

ကြည်ကြည် မဖြေပေ။ အမှျင်သင်နေဆဲ ပဲသီးကိုချသည်။ မျက်နှာကို လက်ဝါးအုပ်လျက် ငိုတော့သည်။ ဒေါ်မြညွန့်မှာ အဖြစ်မှန်ကိုသိချိန်၌ ဓားကို ပစ်ချသည်။ "လာ အခုချက်ချင်း၊ သူကြီးအိမ်ကို သွားတိုင်မယ်" ဆိုကာ ကြည်ကြည့်လက်ကိုဆွဲသည်။

ကျောက်တုံးကြီးကို လှမ်းဆွဲမိသောနှယ် ကြည်ကြည် ဒုံးခံနေသည်။

"ထလေ၊ ဘာလုပ်နေသာတုန်း"

"သူကြီးကိုတိုင်ရင် သူ့ကို ဖမ်း ဖမ်း"

ကြည်ကြည်မှာ မျက်နှာကို လက်ဝါးအုပ်လျက်၊ တစ်ကြော့ ထပ်မံ ငိုကြွေးပြန်၏။ သည်မျှဆိုလျှင် ဒေါ်မြညွန့် ရိပ်စားမိပါပြီ။ ပင့်သက်ချလိုက်ကာ မျက်နှာချင်းဆိုင်၌ ပြန်ထိုင်သည်။ အခွံသင်ဆဲ ကြက်သွန်ဥကို ကောက်ယူသည်။ လက်နှစ်ဖက်လုံး တဆတ်ဆတ်တုန်နေသည်။

"အို မဖြစ်ဘူး။ လာ ထ။ သူ့အမေကို သွားတိုင်မယ်"

ဒေါ်မြညွန့် ထရပ်ငြား ကြည်ကြည် မထ။ ပါးအို့နှစ်လုံးပေါ်သို့ မျက်ရည်စီးကြောင်းနှစ်ကြောင်းကို သွန်ချပေးနေ၏။

## ပုဂံစာအုပ်တိုက်

"သူ မလိုက်လည်း နေခဲ့ပေစေ။ သမီးကြီး လာ။ အမေနဲ့လိုက်ခဲ့"

အေးမြသည် ရေစစ်ကို သံချောင်းတွင် အလျင်အမြန်ချိတ်၊ ရေအိုးဖုံးကို ကပျာကယာဖုံးပစ်ခဲ့ပြီး ယောက္ခမနောက်သို့ အပြေးလိုက်လာရသည်။ အိမ်ပြင်သို့မရောက်မီ မိမိကိုယ်ကိုငုံ့ကြည့်ကာ ထဘီကိုပြင်ဝတ်ရသည်။

★

# ၉

ကွဲညီနောင်ဟု အရပ်သူအရပ်သားများ အလွယ်ခေါ်နေကြသော လေယာဉ်ပျံ မည်းမည်းကြီး နှစ်စင်းသည် နေထွက်တစ်ပြိုင်နက်တွင် တစ်ခေါက်၊ နေဝင်ခါနီး တစ်ခေါက် လာလေ့ရှိသည်။ တတ်နိုင်သရွေ့ နိမ့်ပြီပျံသန်းသောကြောင့်၊ အသံနှင့်အကောင် ပြိုင်တူပေါ်လာတတ်သည်။ ပြေးချိန်ပုန်းချိန် မရပြီ။

ဧရာဝတီမြစ်တစ်ရိုးတွင် သူတို့မင်းမူသည်။ လှုပ်လှုပ်ရွရွ မှန်သမျှကို စက်သေနတ်ဖြင့်ပစ်သည်။ထိမှန်ခံရသောလှေငယ်တက်စင်းများ မီးဟုန်းဟုန်း တောက်ကျန်ခဲ့သည်။

မြစ်ထဲတွင်သာဟူ၍ အမှုမဲ့နေ၍ မရ။ ကုန်းပေါ်တွင်လည်း နွားလှည်း မြင်းလှည်းမည်းမည်းမြင်လျှင်၊ပစ်ခတ်သွားသည်သာဖြစ်၏။မည်သည့် ဂျပန် လေယာဉ်ပျံကမျှ လာရောက်မဟန့်တားနိုင်။ မည်သည့် ဂျပန်လေယာဉ်ပျံ ကမျှ လိုက်လံတိုက်ခိုက်မှု မပြုနိုင်ချေ။

သို့အတွက် လေယာဉ်ပျံကို ယခုထက်ထိ အထူးအဆန်းဖြစ်နေသူ

များပင်လျှင် လေယာဉ်ပျံသံကြားလျှင် မြေပေါ်တွင် ပက်လက်လှန်ချပြီးမှ ကြည့်ရဲသည်။ နီးရာသစ်ပင်အောက်သို့ ပြေးဝင်ကာ ပင်စည်နှင့်ကွယ်ပြီးမှ ကြည့်ဝံ့ကြသည်။

သို့သော် ရွှေမင်းဝံဈေးကိုကား ထိုလေယာဉ်နှစ်စင်းသည် တစ်ကြိမ် တစ်ခါမျှ ပစ်ခတ်ခြင်းမရှိချေ။ နွားလှည်းပေါင်း ငါးရာတစ်ထောင်၊ ငါးရက် တစ်ဈေး ဈေးနေ့တိုင်းလာသည်။ လူပေါင်း သုံးလေးထောင် လာရောက် ရောင်းဝယ်ကြသည်။

စင်စစ်သော်ကား ထိုလေယာဉ်ပျံနှစ်စင်းသည် သဘောကောင်း၍ မပစ်ခတ်မသတ်ဖြတ်ဘဲ 'ကာသာ' ပေးထားသည်မဟုတ်။ မမြင်သောကြောင့် ဖြစ်သည်။ ကြီးမားသောသရက်တောကြီးအောက်တွင် ငါးရက်တစ်ဈေး တည်ခင်းထားသောကြောင့်သာဖြစ်ပေသည်။

ထိုဈေးသို့ မင်းတုန်းနှင့် မင်းလှမြို့များမှ ကုန်သည်ပွဲစားများပါ ညတွင် ခရီးနှင်၊ နေ့တွင် ပုန်းအောင်း စခန်းချသောနည်းဖြင့် လာရောက် ရောင်းဝယ်ကြသည်။ အတည်တကျ ဆိုင်ခန်းများ၊ ပျံကျဈေးသည်များဖြင့် စည်ကားလှသည်။ ရှားပါးသော သစ်သားမီးခြစ်၊ ဖယောင်းတိုင်၊ ပေါင်ဒါ၊ မျက်နှာချေ၊ ဆပ်ပြာကအစ သားရေစာအမျိုးမျိုးနှင့် ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက်၊ ငါးပိကောင် စသည်သာမက မြေထည်၊ စဥ့်ထည်၊ လယ်ယာသုံး ကိရိယာများပါမကျန် စုံလင်စွာရောင်းဝယ်ကြသည်။

လူတွေရှိလာသောအခါ သုစရိုက်နှင့် ဒုစရိုက်သည် ပူးတွဲပေါ်ပေါက် လာ၏။ လောင်းကစားခြင်း၊ အရက်မူးပြီး ခိုက်ရန် ဖြစ်ပွားခြင်း၊ အလေးခိုး၊ တင်းခိုး၊ လိမ်လည်ခြင်း၊ အငြင်းပွားခြင်း၊ လုယက်ခိုးဝှက်ခြင်းစသည်များ။

ဤသည်တို့ကို နှိမ်နင်းရေး ဖြေရှင်းရေးအတွက် ဈေးရုံးတစ်ရုံး ပေါ်လာသည်။ အတည်တကျ ဆိုင်ကနွားရှိသော ဈေးသည်များက ရွေးကောက်တင်မြှောက်ထားသော ဈေးအုပ်ချုပ်ရေးအဖွဲ့တည်ရှိရာဖြစ်သည်။

## ပုဂံစာအုပ်တိုက်

သူငယ်သား သူ့လူကြီးနှင့် အေးချမ်းစွာတည်ရှိနေခဲ့သော ဈေးရုံးသို့ အသက် ၄၀ ရွယ် လူတစ်ယောက်ရောက်လာသည်။ မျက်နှာတစ်ပြင်လုံး ကျောက်ပေါက်မာ အမာရွတ်တွေ ပြည့်နေသောကြောင့် ငကျောက်ဟု ခေါ်ကြ၏။ မျက်နှာလိုမျက်နှာရသမားများကမူ ဗိုလ်ကြီးဟု ခေါ်ကြ၏။

ထိုသူရောက်လာရခြင်းကား ဈေးသူဈေးသားများကြားတွင် ဖြစ်ပွား ပေါ်ပေါက်သော အမှုအချို့ကို ဈေးရုံးကိုင်တွယ်ပုံ ညံ့ဖျင်းသောကြောင့် ဖြစ်သည်ဟူပေ၏။ အဓိကကား ငွေစက္ကူကိစ္စ။

လူတို့သည် ဂျပန်ကိုအထင်ကြီးချိန်တွင် တစ်ဆင့်တန်ကို တစ်ကျပ်၏ ၆၄ ပုံ တစ်ပုံ တစ်ပြားအဖြစ် လက်ခံသုံးစွဲခဲ့ကြ၏။ သို့ရာတွင် ၆၄ ဆင့် တစ်ကျပ်မဟုတ်၊ ဆင့်တစ်ရာမှသာ ဝမ်းဒေါ်လာဟု သိလာသောအခါ တစ်ဆင့်တန်ကို မသုံးစွဲကြတော့ပေ။

ထိုမှဆက်၍ ငါးဆင့်တန်၊ ဆယ်ဆင့်တန်များကို ပယ်လာကြသည်။ နှစ်ဆယ့်ငါးဆင့်၊ ဆင့်ငါးဆယ်များကိုလည်း မသုံးစွဲကြပြန်ပေ။ တစ်နည်း အားဖြင့် ကုန်ဈေးနှုန်း လျင်မြန်စွာ မြင့်တက်လာခြင်းသာ ဖြစ်သည်။ လအနည်းငယ်ကြာပြန်သောအခါ ဆင့်ငါးရာတန်၊ ငါးကျပ်တန်များသည် အငယ်ဆုံးငွေစက္ကူဖြစ်ရုံသာမက ခေါက်ရိုးကျိုးလျှင် မသုံးကြတော့ပေ။

ငါးကျပ်တန်လည်း မကြာမီ အမှိုက်ဖြစ်သွား၏။ တစ်ဆယ်ဒေါ်လာ တန်သည် အသေးဆုံးဖြစ်လာပြန်၏။ ထိုစက္ကူတွင် နီညိုရောင်ကဲထားသဖြင့် သုံးစွဲရာတွင် မျက်နှာပန်းလှသောစက္ကူကို 'ထောင်မလဲသဲကော်၊ ဘုရားနီ ဘေးဖြူ' ဟု သတ်မှတ်သည်။

စက္ကူ၏ အရည်အချင်းကား ထိုစက္ကူကို အလျားလိုက်ထောင်ထား ပါက မကျိုးရ မခွေရ၊ မလဲရ။ ထိုမျှသာမကသေး သဲကိုကော်လျှင် သဲပွင့် များသာ လျှောကျသွားမည်၊ စက္ကူ မကျိုးရ။

ထိုကဲ့သို့ တောင့်တင်းစေရန် စက္ကူကို ရေဖြင့်လျှော်သည်။ ထမင်း

ရည်ထဲထည့်ကာ ကော်တင်သည်။ အခြောက်ခံ မီးပူတိုက်သောအခါ သဲကို ကော်၍ရချေပြီ။ သို့သော် လျှော်ဖွတ်ထားသဖြင့် ဆေးသားမတောက်ပ။ သို့အတွက် နောက်စည်းကမ်း ထပ်ဆင့်တိုး၏။ ဘုရားနီ ဘေးဖြူ။

အဓိပ္ပာယ်မှာ ထိုစက္ကူပေါ်တွင် ရိုက်နှိပ်ထားသော စလေမြို့စာကြို ပျံဘုရားဟုထင်ရသော ဂူပုထိုးတစ်ဆူ၏ပုံသည် နီရဲနေရမည်။ ရုပ်ပုံချည်း နီရဲတောက်ပနေ၍ မပြီးသေး။ အရုပ်မရှိ စာမရှိသော နေရာများပါ ဖြူဖွေးသစ် လွင်နေရမည်။

ထိုအခါတွင် ဈေးဝယ်နှင့် ဈေးသည်တို့ နေ့စဉ်နှင့်အမျှ အငြင်းပွား ရ၏။ ဈေးသည်က ထောင်သောင်းဖိုးဝယ်ရာတွင် စကားမများလိုသဖြင့် တစ်ဆယ်၊ နှစ်ဆယ်၊ ငါးဆယ်၊ တစ်ရာသမား၏ တစ်ဆယ်တန်များကို အနှမ်းမခံ။ ဈေးဝယ်က ဈေးရုံးသို့ သွားရောက်တိုင်တန်း၏။ ဈေးရုံးက ဖျန်ဖြေ၏။

သို့သော် ငကျောက် ရောက်လာချိန်တွင် ဈေးရုံးတွင်း၌ ထိတ်တုံး ဆယ်ခုကို စီတန်းချထား၏။ ငွေစက္ကူကိစ္စ တိုင်ကြားသူ ရှိလျှင်ရှိချင်း တိုင်သူနှင့် ရုံးစေတို့ ဈေးသည်ကိုခေါ်၏။ ထိတ်တုံးထဲ ထည့်ထား၏။

ထိတ်တုံးထဲထည့်ပြီး ငွေစက္ကူမှုများ လျော့ပါးမသွား။ ထိုအခါ ငကျောက်သည် ဆဲရေးတိုင်းထွာလာ၏။ စကားပြော အဆင်မပြေလျှင် ပါးနားရိုက်သည်အထိ အဆင့်တိုး၏။

ကြွပ်ကြွပ်ရှအောင် ခြောက်သွေ့နေသော လောကတစ်ခွင်လုံးကို 'ဖွားဖက်ရွှေ' ပန်းတို့ ထိန်လွင်အောင် ပန်းပန်ပေးနေသော နေ့တစ်နေ့တွင် ဂျပန်စစ်သားဟန် ဝတ်ဆင်ထားသော လူတစ်ယောက်သည် ဈေးရုံးခန်း တွင်းသို့ ဝင်လာ၏။

ငကျောက် ထရပ်ကာ ဆလံပေး၏။

"မာစတာ ကြွပါခင်ဗျာ၊ ကြွပါ"

## ပုဂံစာအုပ်တိုက်

ကမူ ငိုသံဖြင့် စာစာစာစာ တုံ့ပြန်၏။

"ကျုပ်မိဘတောင် ကျုပ်ပါးကို တစ်သက်လုံး တစ်ချက်မရိုက်ဘူး။ တော်တို့ လက်ထက်ရောက်မှ အစော်ကားခံရသာ တစ်သက်မကျေဘူး"

"အောင်မာ။ မိန်းမစွမ်းကောင်းပါကလား"

ငကျောက်သည် ကုလားထိုင်နောက်တွင် အသင့်ထောင်ထားသော ကြိမ်လုံးကို ပြေးဆွဲသည်။ ဟေးဟိုးက လက်ကမ်းသဖြင့် ဆလံပေးပြီးမှ ကြိမ်ကိုပေး၏။

ဟေးဟိုးသည် ထိတ်တုံးထဲမှ ပြန်လည်ကြုံးဝါးသော၊ မီးလျှံမျက်လုံးများဖြင့် ပြန်ကြည့်နေသော မိန်းမငယ်အား တစ်ချက်တည်းဖြင့် အသက်ထွက်အောင် ရိုက်အုံ့ဟု ကြိမ်လုံးကို လေထဲသို့ မြှောက်တင်လိုက်သည်။

"နှုတ်သီးကောင်းသဲ့ကောင်မ၊ သေပေတော့"

"ဟော့၊ ရပ်လိုက်စမ်း"

ရုံးမျက်နှာစာလှေကားထိပ်မှ ကျယ်လောင်သော အသံပေါ်လာ၏။ ငကျောက်၊ ဟေးဟိုးနှင့် အနိုပ်စက်ခံများ ပြိုင်တူအကြည့်ရောက်သွား၏။ ဂျပန်စစ်သားတစ်ယောက် သွက်လက်စွာ ဝင်လာသည်။

သူကား ဟေးဟိုးကဲ့သို့ မဟုတ်။ ရင်ဘတ်တွင် ရာထူးတံဆိပ်တွေ ပါသည်။ ခါးတွင် အိတ်စွပ်ထားသော ဓားပါသည်။ သူကမှ တကယ့်စစ်သား။

"မာစတာ၊ မာစတာ၊ ကြွပါ ကြွပါ"

ငကျောက်နှင့် ဟေးဟိုးတို့ ပြိုင်တူအလေးပြု၏။

"ငါ နိပွန်မဟုတ်ဘူး။ ဗမာ့ကာကွယ်ရေးတပ်မတော်သား၊ မြန်မာ စစ်သားပဲ ရဲဘော်တို့"

သူသည် ဟေးဟိုး၏လက်ထဲမှ ကြိမ်ကိုဆွဲယူပြီး တစ်ထောင့်သို့ ပစ်လိုက်၏။ ထိတ်တုံးထဲမှလူတွေကို ငဲ့ကြည့်ရာက "ဘာမှုတုန်း" ဟု မေး၏။

"နိပွန်တပ်မတော်က ထုတ်ဝေထားတဲ့ ငွေစက္ကူတွေကို မရှိမသေ မလေးမစားလုပ်လို့ပါ ဗိုလ်ကြီး"

"ကိုယ့်အမျိုးသား အချင်းချင်းကို မနှိပ်စက်ပါနဲ့ကွ။ လွှတ်လိုက်ပါ"

ငကျောက် စောဒက မတက်ရဲ။ ထိတ်တုံးထဲမှ လူအားလုံးကို လွှတ်လိုက်ရန် သူ့လူများကို ပြောရသည်။ ထိတ်တုံးထဲမှ လွတ်လာသူများသည် ငကျောက်နှင့် ဟေးဟိုးအား စားတော့ဝါးတော့မတတ် အခဲမကျေသော မျက်လုံးများဖြင့်ကြည့်သလောက် တပ်မတော်သားကြီးကိုကား ချစ်ခင်အားကိုးသော ကြည်ညိုသောအကြည့်များဖြင့် ကြည့်သွားကြသည်။

တပ်မတော်သားကြီးသည် စားပွဲနောက်တွင် ဝင်ထိုင်သည်။ ထန်းလျက်နံ့သင်းနေသော လက်ဖက်ရည်နှင့် မရွေးမုန့်စိမ်းပေါင်း၊ အံစာမုန့်များ ချက်ချင်းရောက်လာ၏။

"ဗိုလ်ကြီး၊ သုံးဆောင်ပါခင်ဗျာ"

ငကျောက်သည် မျက်နှာချိုသွေးသောမျက်နှာဖြင့် လောကွတ်လုပ်၏။

"ဟေ့ရဲဘော်၊ မင်းက ဘယ်တပ်ကတုန်း။ သြော် မင်းက ငါတို့လို စစ်သားမှ မဟုတ်သာပဲ။ ဟေးဟိုးတပ်ကပဲ။ ဟုတ်သလား"

"ဟုတ်ပါသယ် ဗိုလ်ကြီး"

"ငါတို့ မိဘ ညီအစ်ကိုမောင်နှမဖြစ်သဲ့ တိုင်းသူပြည်သားတွေမှာ ရန်သူရဲ့ စက်သေနတ်ကြောက်ရ၊ မီးလောင်ဗုံးချမှာ ကြောက်ရနဲ့။ ဝဲရောဂါနဲ့ ငှက်ဖျားကလည်းနှိပ်စက်၊ ဆေးဝါးကလည်း မရှိ၊ ဝတ်ထည်ဖျင်စင်းကလည်း ဝယ်မရနဲ့ အလွန်ဒုက္ခရောက်နေကြပါသယ်ကွာ။ ငါတို့အချင်းချင်းက မရိုင်းပင်းသဲ့အပြင် အာဏာပြနေဦးမယ်ဆိုရင် ရေနစ်သူ ဝါးကူထိုးသလို ဖြစ်နေတော့မှာပေါ့။ မဟုတ်ဖူးလား"

"ဟုတ်ပါသယ် ဗိုလ်ကြီး"

"ဟေ့ ဟေးဟိုးရဲဘော်။ မင်းလည်း ခွင့်နဲ့လာသာပဲ မဟုတ်လား"

ဗမာ့ကာကွယ်ရေး တပ်မတော်သားကြီးသည် ဟေးဟိုးအား ကြည့်ရင်း ကြည့်ရင်းက ဘယ်သူနဲ့တူပါလိမ့်ဟု စဉ်းစား၏။ ထို့နောက် ဟေးဟိုးအား လက်ညှိုးထိုး၏။

"သွေးသောက်စုရွာက မဟုတ်လား။ ဟာ သိပြီ၊ ချစ်ဖေပါကလား"

ဟုတ်သည်။ သွေးသောက်စုရွာသား ချစ်ဖေ။

ဒေါက်တာဗမော် နန်းရင်းဝန်ဖြစ်သောအခါ ဆင်းရဲသားပါတီ ဓားမ တပ်ဖိုလ်။ ဂဠုန်ဦးစော နန်းရင်းဝန်ဖြစ်ပြန်သောအခါ မျိုးချစ်ပါတီ ဂဠုန် တပ်ဖိုလ် လုပ်စားခဲ့သော ချစ်ဖေ။

"ငါ ရဲလောင်းလကွာ၊ မမှတ်မိဖူးလား"

ချစ်ဖေသည် မျက်တောင် ပုတ်ခတ်ပုတ်ခတ် လုပ်နေ၏။

"မင့်အမေကြီးနဲ့ ငါ့အမေကြီးဟာ ညီမအရင်းပါကွ။ မင်းနဲ့ငါနဲ့က ညီအစ်ကို နှစ်ဝမ်းကွဲကွ"

"မှတ်မိပြီဗျို့၊ ဘကြီးလှိုင်းရဲ့သား"

"လာ၊ သွားကြစို့။ ရွာကို သွားမှာမဟုတ်လား"

ချစ်ဖေသည် သူ့ကိုယ်နှင့် ရဲလောင်းကိုယ်ကို ယှဉ်ကြည့်မိ၏။ မတူ။ ရန်သူ့ကျွန်ဘဝတွင် ပျော်ပိုက်ပြီး မြန်မာချင်း ကြွားကြရာမှာ ဓားပြကာလူဆိုး လုပ်ချင်သော မိမိနှင့် မြန်မာချင်းကို ထောက်ထားညှာတာသော ဗမာ့ ကာကွယ်ရေးတပ်မတော်သား။ ရွာထဲသို့ယှဉ်ပြီးဝင်လျှင် ရဲလောင်းထံတွင်သာ လူတွေအုံနေမည်။ မိမိမှု ပျားကောင်တွေ စွန့်ပစ်သွားသော ပျားသလက်ကြီး ဖြစ်နေရာ၏။

"ကျွန်တော်.... ကျွန်တော်.... ရွာက ပြန်.... ပြန်.... ပြန်လာခဲ့သာ အစ်ကို။ ခွင့်လည်း ကုန်တော့မယ်"

"အေးကွာ။ ကိုယ့်တိုင်းသူပြည်သားတွေကို တတ်စွမ်းသမျှ ကူညီပါ စောင့်ရှောက်ပါကွာ။ ကဲ သွားပြီဟေ့"

**ပုဂံစာအုပ်တိုက်**

ချစ်ဖေမှာ ကျောက်ရှေ့သို့လည်း မသွားလိုတော့။ မိမိ ဟေးဟိုး တပ်သားမှုသာဖြစ်ကြောင်းကို ကျောက် သိသွားပြီမဟုတ်လား။ သို့အတွက် ရဲလောင်းနှင့် ဆန့်ကျင်သောဘက်သို့ ခေါင်းငိုက်စိုက်ချလျက် ထွက်ခွာသွားလေ၏။

ရဲလောင်းကား ညဥ့်မနက်မီ ရွာသို့ရောက်ရန်အတွက် တစ်မိနစ်လျှင် ခြေလှမ်း ၁၂၀ နှုန်း အပြင်းလှမ်းလာ၏။ သို့သော် ဈေးဝယ်များဖြင့် ပြည့်နေသည်။

"ရဲဘော်ကြီး၊ ကျွန်တော်တို့ဆိုင်ကို ခဏဝင်ပါဦး"

လက်ဖက်၊ ဆေးလိပ်၊ သနပ်ဖက်၊ ပဲလှော်ကြော်ဆိုင်ပေါ်မှ လူတစ်ယောက် လှမ်းခေါ်ရာက ဒရောသောပါး ပြေးဆင်းလာ၏။

"ခုနက ဂျပန့်လက်က ရဲဘော်ကြီး ကယ်လိုက်တာလေ"

"ဟုတ်လားခင်ဗျာ့။ ကျွန်တော် မမှတ်မိသာ စိတ်မရှိပါနဲ့အစ်ကို။ လူတွေမှာ ကျားလည်းကြောက်ရ၊ ကျားချေးလည်းကြောက်ရ ဖြစ်နေလို့ တတ်နိုင်သမျှ ကူညီသာပါခင်ဗျာ။ ကျေးဇူးတင်ပါတယ်ဗျာ။ ကိစ္စ အရေးကြီးလို့ပါ"

သို့လျှင် ဖွတ်ငြင်းကာ ထွက်ငြား ဈေးတန်းအဆုံးတွင် မိန်းမသုံးယောက်၏ လက်ချင်းဆက်ပြီး ပိတ်တားထားခြင်းခံရ၏။

"ရဲဘော်၊ ကျွန်မဆိုင်ကို မဝင်ဘဲ မသွားရဘူး"

တပ်ကြပ်ကြီးရဲလောင်း နောက်သို့ တစ်လှမ်းဆုတ်၏။ "ဗျာ.... ဗျာ၊ ဘာဖြစ်လို့တုန်း။ ခင်ဗျာ့ဆိုင်မှာ တစ်ခါမှ အကြွေးမဝယ်ဖူးပါကလား" ဟု မျက်လုံးပြူးမျက်ဆန်ပြူး ဆို၏။

"ခွေးတွေရဲ့လက်က ရဲဘော်ကြီး ကယ်ပေလို့သာပေါ့။ နို့မဟုတ်ရင် အခုလောက်ဆိုရင် သူတို့ရိုက်တာနဲ့ ကျွန်မသေလောက်ပြီ"

တပ်ကြပ်ကြီးမှာ "ဩော်" ဟုသာ ဆိုနိုင်၏။ ကြိမ်ဖြင့် မသေမချင်း

ရိုက်အုံ့မှုံးမှုံးတွင် သူရောက်သွား၍ သက်သာသွားသော မိန်းမဖြစ်တန်ရာ၏။

"ကိုယ့်အမျိုးသားအချင်းချင်း ကြုံလို့ကူညီသာပါဗျာ၊ ကျေးဇူးတင်လောက်စရာမဟုတ်ပါဘူး။ ကျွန်တော်တို့ ဗမာ့တပ်မတော်သားတွေဟာ နိုင်ငံတော်အတွက် မိမိအသက် အိုးအိမ်စည်းစိမ်ကို ပေးလှူထားသာမို့ တတ်နိုင်သလောက် လူထုအကျိုးကို ဆောင်ရွက်တာ မဆန်းပါဘူး။ ကဲ ခွင့်ပြုပါဦးခင်ဗျာ၊ အရေးကြီးလို့"

ဈေးဝယ်များလည်း အုံလာသည်။ ရှေးဦးစွာ ဖိတ်ခေါ်သော လူကြီးကလည်း ဈေးရုံးတွင်းကအဖြစ်အပျက်ကို ပြောပြလိုက်ပြီဖြစ်သဖြင့် ဈေးသည်များပါ အုံလာကြပြီ။

"ကဲပါ၊ ရေနွေးတစ်ခွက်ဖြစ်ဖြစ်"

"ရှင့်မှာ အားနာစိတ်မရှိဖူးလားရဲဘော်"

တပ်ကြပ်ကြီးခမျာ ရုန်းမထွက်နိုင်တော့ပါ။ လိုက်လာရသည်၊ ဆိုင်ပေါ်သို့ မတက်ပါ။ ရေနွေးကြမ်းတစ်ခွက်သာ သောက်သည်။

"သကာရည်လေး သုံးဆောင်ပါဦး"

"တော်ပါပြီခင်ဗျာ၊ ကျေးဇူးတင်ပါသယ်။ ခွင့်ပြုပါဦး"

ပြောလည်းပြော၊ ခြေကလည်းလှမ်းကာ၊ ဆိုင်နောက်ဖေးဘက်မှ ဖောက်ထွက်ပါလျက်က ကြံသကာတစ်ထုပ်ကို ဘောင်းဘီအိတ်ထဲသို့ အတင်းထိုးထည့်၏။ အခြားအိတ်တစ်ဖက်တွင် ဆေးလိပ်စည်းတစ်စည်း။

သွေးသောက်စုရွာသည် ဝေးလွန်းလှသေး၏။ ခရီးတစ်သောင်းခန့်ရှိသည်ဟု ဘထွေး ပြောသံကြားဖူး၏။ စစ်သား ခြေဖြင့် အပြင်းနှင်လျှင် မီးခွက်ထွန်းချိန်သာသာတွင် ရောက်တန်ရာ၏။

ရွာများကို လှမ်းမြင်ရ၏။ လူရိပ်လူဆင်မထင်။ တစ်ရွာလုံး ငှက်ဖျားမိကာ အဖျားတက်နေကြသလော။ ဂျပန်ပင် ဝင်သတ်သွားသလော။

ယာများတွင်လည်း နွားငေါက်သံ တညံညံ မကြားရပါ။ အချို့

တောဖြစ်နေသည်။ အချို့မှု စိုက်ပျိုးထားပါလျက် ရိတ်သိမ်းသူမရှိ။ ဝါပေါက်များသည် ကောင်းကင်ယံသို့ ပျံတက်ပြီး လက်ပံလဲပေါက်များနှင့် အပြေးပြိုင်နေကြ၏။ မိုးကောင်းလယ်များကို တစ်ကွက်တလေ ရှားရှားပါးပါး တွေ့ရငြား ပြီးခဲ့သော မိုးရာသီတွင် စပါးစိုက်နိုင်ခဲ့သည့် လက္ခဏာမရှိ။

လယ်လုပ်သည့်လက်များသည် လမ်းမတော်(အမ်းလမ်း)နှင့် သံဖြူဇရပ်လမ်း (မြန်မာယိုးဒယားမီးရထားလမ်း၊ တောင်ကုတ်လမ်း)တို့တွင် သစ်ခုတ်မြေတူးခြင်းဖြင့် အလဟဿပြုန်းတီးနေကြပြီလော။

နွားစာကျက်များတွင် ပုလွေသံမကြားနိုင်။ နွားမကိုမြင်သော နွားသိုး၏ တွန်မြူးသံလည်း မစည်ဝေ။ နွားနှင့်တူသော အရာ၊ တစ်ကောင်တစ်မြီးမျှ မရှိချေ။ နွားများသည်ပင် ဂျပန်စစ်သား၏ ဘေးရန်မှ လုံခြုံရာသို့ ပြေးပုန်းနေကြပါပြီတကား။

'သြော်၊ ဂျပန် ဂျပန်၊ ငတ်မွတ်ခြင်း၊ အနာရောဂါထူပြောခြင်း၊ ရှားပါးခြင်း၊ နှိပ်စက်သတ်ဖြတ်ခြင်း၊ အနိဋ္ဌာရုံဟူသမျှကို သယ်ပိုးလာသူပါကလား'

တပ်ကြပ်ကြီးရဲလောင်းသည် ခန့်မှန်းထားသည့်အတိုင်း မီးခွက်ထွန်းချိန်ကျော်မှသာ သွေးသောက်စုရွာမြောက်ပိုင်းရှိ ဘရွှေကျိုင်းအိမ်သို့ ရောက်၏။

"ဘဒွေးတို့၊ နေကောင်းထိုင်သာ ရှိကြလားဗျို့"

ဘရွှေကျိုင်းသည် မီးရောင်ကိုလက်ဖြင့်ကာရင်း မော့ကြည့်၏။

"ရဲလောင်းပါဘဒွေးရာ"

"ငါ့ ဘယ်ကခွေးတုန်းလို့၊ ဓားကိုလှမ်းဆွဲတော့မယ့်ဆဲဆဲ"

ဘရွှေကျိုင်းသည် ရယ်လည်းရယ်မော၏။ ရှင်လန်းအားတက်ဟန်လည်း ပြသ၏။သို့ရာတွင် ချက်ချင်း ပြန်လည်ညှိုးငယ်သွား၏။ ဤသည်ကို တပ်ကြပ်ကြီး သတိမထားမိ။ "အားတော့ ခပ်နာနာပဲဘဒွေးရေ့။ ထမင်း

မစားခဲ့ရသေးဘူး" ပြောရာက၊ ဘောင်းဘီအိတ်ထဲမှ ကြံသကာထုပ်နှင့် ဆေးလိပ်စည်းကိုထုတ်၏။

ထိုအခါ ချစ်ဖေကို အမှတ်ရသဖြင့် ရွှေမင်းဝံဈေးတွင် တွေ့ခဲ့ရပုံများကို ပြောဖြစ်သည်။ ပြောရင်းတန်းလန်းက နေရာတကျမရှိသော သေတ္တာများ၊ တောင်းပလုံးများကို သတိထားမိသည်။

"မြို့ကညွှန့်သည် ရောက်နေသလား ဘဒွေး"

"အေးကွ၊ ငါပြောဖို့မေ့နေသယ်။ မင့်ဒွေးလေး ဒေါ်အိုးရဲ့သမီး 'သင်းထုံ' တို့ သားအမိတစ်တွေ ရောက်နေသယ်"

တပ်ကြပ်ကြီး ဝမ်းသာအားရဖြင့် အိမ်ပေါ်မော့ကြည့်၏။

"အစ်မတို့အိမ်ကို ထမင်းသွားစားနေကြသကွ"

"ဝေးလှသယ်ဘဒွေးရာ။ နည်းသဲ့ ခရီးမဟုတ်ဘူး။ မသေမပျောက် ရောက်လာသာ အံ့သြစရာပဲ"

"အောင်မာ ဘယ်က ညွှန့်သည်ပါလိမ့်မှတ်သယ်။ သတင်းထောက် ပါကလား"

မီးခွက်ကြီး တမြှောက်မြှောက်ဖြင့် မဖဲလှ အိမ်ပေါ်မှ ဆင်းလာ၏။

"ထမင်း မစားခဲ့ရသေးဘူး အစ်မရေ"

"ထမင်းရည်နည်းနေသာနဲ့ ကျန်သဲ့ထမင်းကို အခုပဲခွေးကျွေးလိုက် သယ်။ တစ်အောင့်တော့စောင့်ဦး။ ထမင်းအိုးတည်လိုက်မယ်၊ ဟင်းတော့ ...သယ်"

မဖဲလှ နောက်သို့ ဆုတ်သွားသဖြင့် "အစ်မတို့အိမ်မှာ ပိုမှာပေါ့ဟယ်။ ...သည်သွားတောင်းလိုက်ပါလား" ဘရွှေကျိုင်း အကြံပေးသည်။ မီးခွက်ကြီး ...ယမ်းယမ်းဖြင့် မဖဲလှ ထွက်သွားမှ ဘရွှေကျိုင်း စကားဆက်၏။

"သင်းထုံရဲ့မောင် ဒေးဗစ်သာထွန်းက အင်္ဂလိပ်စစ်တပ်နဲ့ အိန္ဒိယကို ... သွားသကွ။ သင်းထုံလည်း မောင့်တိုက်မှာ ယောင်းမနဲ့အတူမနေချင်လို့၊

အဖေအမေ့တိုက်ကိုပြောင်းဖို့ မြင်းလှည်းငှားနေတုန်းမှာ လေယာဉ်ပျံတွေလာပြီး 'တန်'ဗုံးဆိုလား၊ ဗုံးကြီးတွေချလိုက်သာ။ အဲသည်နေ့က သုံးနာရီလောက်ကြာသတဲ့။ စစ်သေနတ်နဲ့ပစ်၊ ဗုံးကြဲနဲ့ လုပ်လိုက်သာ ဘေးကင်းသံချောင်း အခေါက်တောင် မစောင့်နိုင်ဘူးတဲ့၊ သူ့မိဘများနေသဲ့ ရပ်ကွက်ကို ဗုံးကျပြီးမီးလောင်လို့ သင်းထုံလင်မယား ပြေးသွားပေမယ့် တိုက်တစ်လုံးလုံး ပျောက်ပြီး ချိုင့်ကြီးဖြစ်နေပြီတဲ့"

"စစ်နဲ့မပတ်သက်သဲ့ လူနေရပ်ကွက်ကို သလိုလုပ်သာကတော့ မြန်မာတွေ သေကျေပျက်စီးပါစေဆိုသဲ့ စေတနာနဲ့ လုပ်သာပါဘဒွေးရာ"

"မင်းတို့ ဂျပန်မှာလည်း လေယာဉ်ပျံဆိုလို့"

မီးခဲကို ကိုင်မိသူသို့ တပ်ကြပ်ကြီး တွန့်သွားသည်။ လက်ဝါးကာပြသည်။

"ကျွန်တော်တို့ဂျပန် မဟုတ်ပါဘူး ဘဒွေးရာ။ တစ်မျိုးသားလုံးက ရွှေဂျပန်၊ ငွေဂျပန်ဆိုပြီး အမျှော်ကြီးမျှော်ခဲ့သဲ့ ဂျပန်ပါခင်ဗျာ။ ကျွန်တော်တို့ ဗမာ့ကာကွယ်ရေးတပ်မတော်သားတွေနဲ့လည်း မတည့်ကြပါဘူး"

"အေးကွ။ မင့်ညီလာတုန်းကလည်း သည်တိုင်းပဲ ပြောသွားသကွ"

"ကောင်းစံလား ဘဒွေး။ သူတို့တပ် ပျဉ်းမနားမှာ မဟုတ်လား"

"အေးကွ။ ခုနက စကားဆက်ဦး။ မင့်နှမ သင်းထုံအကြောင်းလေ။ အင်း၊ သူကတောင် မင်းထက်ကြီးမယ်ထင်ပါ့။ ရေနံချောင်းတစ်မြို့လုံး ရစရာမရှိအောင် ပျက်စီးမီးလောင်သဲ့အဆုံးမှာ၊ သင်းထုံတို့လင်မယားမှာ ကလေးတွေ လက်ဆွဲပြီး သူတို့ဘ ကိုသာထွန်းရဲ့ရွာကို ပြေးကြရသပေါ့ကွာ။ ဒါပေမယ့် သင်းထုံရဲ့ အိမ်ထောင်ကလည်း ယာမလုပ်တတ်၊ ကိုင်းမလုပ်တတ်ကိုးကွ။ စက်သေနတ် တဝေါဝေါပစ်၊ ဗုံးတွေတအုန်းအုန်းကြဲနေသဲ့ မြို့ကိုပဲသွား၊ သံတိုသံစကလေးတွေ ယူလာပြီး ဓားတို့၊ ဇွန်းတို့ လုပ်ရောင်းရသတဲ့"

**ပုဂံစာအုပ်တိုက်**

"အင်္ဂလိပ်လေယာဉ်ပျံပျက်ကလည်း ဗွန်းတို့၊ ပန်းကန်တို့ ဖြစ်သယ် ဘဒ္ဒေး"

ဘရှေကျိုင်း မချိသွားဖြဲရယ်သည်။

"မြန်မာပဲကွာ သာလောက်တော့ဖြစ်ပါသယ်လေ။ အဲသာနဲ့ ဖြစ်သလို လုပ်ကိုင်စားသောက်နေတုန်းမှာ သင်းထုံယောက်ျားကို ရေနံခိုးမှုနဲ့ ဂျပန်က ဖမ်းပါလေရောဟော့။ ဂျပန်စစ်ပုလိပ် ဖမ်းပြီဆိုမှတော့"

"ဟုတ်ပါသယ်ဘဒ္ဒေးခင်ဗျာ့။ အဝိစိကျသဲ့လူကမှ သက်သာကောင်း သက်သာပါလိမ့်မယ်။ ကင်ပေတိုင် လက်ထဲရောက်သွားသူကတော့ မသက်သာပါဘူး။ အလောင်းကောင်အဖြစ် ပြန်ထွက်လာရင်လာ၊ မလာရင် ဒုက္ခိတ ပါပဲ။ ဖက်ဆစ်ဝါဒ ဖက်ဆစ်စနစ်"

"ဘာကွ၊ ဘာ။ ဖက်ဆစ် ဟုတ်လား"

ဝေါဟာရသစ်ကို ဘရှေကျိုင်း စိတ်ဝင်စားသွားသည်။

"မှန်ပါသယ် ဘဒ္ဒေးခင်ဗျာ့။ လူကိုလူလို့ သဘောမထားသာဟာ ဖက်ဆစ်ပါပဲခင်ဗျာ။ ဂျပန်စစ်တပ် အခုကျင့်သုံးနေသဲ့ ယုတ်ကန်းမှုကို ဖက်ဆစ်ဝါဒလို့ ခေါ်ပါသယ်"

ဘရှေကျိုင်းသည် ခေါင်းတညိတ်ညိတ်ဖြင့် "လက်စသတ်တော့၊ ဖက်ဆစ်ဝါဒဆိုသာ လူကို လူအဖြစ် သဘောမထားသဲ့ ဝါဒပါကလား။ သာကြောင့် တစ်သွေးတစ်သံတစ်မိန့်လို့ ပြောကြသာကိုး အင်း အင်း" ဟု မြည်တမ်းသည်။

"သွားတော့မှာပါဘဒ္ဒေးရာ။ သူ့မိတ်ဆွေ အီတလီရော၊ ဂျာမနီရော၊ ဥရောပမှာ စစ်ရှုံးနေပြီ။ ဥရောပမှာ ဖြန့်ထားရသဲ့ သင်္ဘောတွေ၊ လေယာဉ်ပျံတွေ၊ စစ်တပ်တွေ၊ သည်ဘက်ကို ရောက်လာရင် ဒင်း မခံနိုင်ပါဘူး။ သင်းထုံအကြောင်း ဆက်ပါဦး ဘဒ္ဒေး"

"သင်းထုံလည်း ဟိုမေးသည်စမ်း မသွားတတ်မလာတတ် ဖြစ်နေတုန်း

ရေနံချောင်းကို တစ်ခေါက်ပဲ သွားရသေးသယ်။ သူနေသဲ့ရွာတစ်ရွာလုံး ဝမ်းရောဂါဖြစ်သဲ့အတွက် ဝက်မစွတ်က ဝက်လွတ်ကျွန်းကို ပြောင်းပြေးရသတဲ့"

"အရှေ့တောင်အာရှ သာတူညီမျှ ဝါဒအရ သာတူညီမျှ ခံစားဖို့အတွက် ဂျပန်ယူလာသဲ့ အနိဋ္ဌာရုံတွေပေါ့ခင်ဗျာ"

"သာပေမယ့် ဝက်လွတ်ကျွန်းရောက်တော့လည်း သူ့ယောကျ်ားရှိရာကို မင့်နှမ သွားသာပဲတဲ့။ အဲသာနဲ့ စကားပြန်က သညာပေးသတဲ့။ ညနေပိုင်းမှာ မာစတာတစ်ယောက်တည်းရှိတုန်း သူ့အခန်းထဲသွားပြီး တောင်းပန်ရင် ရနိုင်သယ်တဲ့။ သင်းထုံလည်း ဘာမှ မကြောက်နိုင်ဘူး၊ စကားပြန်ပြောသဲ့အတိုင်း သွားတော့မှ၊ လား လား ဂျပန်နဲ့ စကားပြန်လက်ဝါးရိုက်ထားသာ သိတော့သယ်တဲ့"

"ဖက်ဆစ်ပဲ ဘရာ။ သူတစ်ပါးရဲ့ သားမယား၊ သားပျိုသမီးပျိုကို စော်ကားသာများ ထမင်းစားရေသောက်ပေါ့"

"ဟော့၊ သင်းထုံဟာ သွေးသောက်ကြီး ဦးမိုးကောင်းရဲ့မြေးကွ။ ရုပ်ရည်ကအစ သူ့အမေနဲ့ တစ်ထေရာတည်း။ အေး၊ သတ္တိလည်းအတူတူပဲ။ အဲသာကြောင့် ကင်ပေတိုင်ဗိုလ်ကို ဘဲနက်နဲ့ထိုးသတ်ပြီး နောက်ဖေးက ဆင်းပြေးလာပြီး ညဥ့်တွင်းချင်း ကလေးတွေရော ရှိသမျှ ပစ္စည်းတွေပါ တွေ့ရာလှေတစ်စင်းပေါ်တင်ပြီး သူ့တစ်ယောက်တည်း လှော်ခတ်လာသာတဲ့ဗျား"

တပ်ကြပ်ကြီး မျက်လုံးပြူးသွားရာက "သွေးသောက်ကြီး ဦးမိုးကောင်းရဲ့မြေးက ပြောင့်မြောက်လှချည်လားခင်ဗျာ" ဟု ချီးကျူး၏။

"အချီးမွမ်း အလျင်မလိုနဲ့မောင်ရေ့။ ထွက်မပြေးလို့ အဖမ်းခံရလည်း သေမှာပဲ။ သူသေရင် ကလေးတွေ ခွေးတိုးဝက်ဝင်ဖြစ်မယ်။ သည်တော့ သေရင် အတူတူသေမယ်ဆိုပြီး ရမ်းသမ်းလုပ်လာသာ။ မျက်စိကန်း တစ္ဆေ

မကြောက်မို့ လျော်ရုံလျော်တတ်ကာမျှနဲ့ သည်မြစ်ကြီးကို ကူးတို့လှေကလေးနဲ့ စုန်ဆင်းလာသာပေါ့။ အဲသာကြောင့်လည်း မိချောင်းရဲမှာ ရေစီးကို မကျော်နိုင်ဘဲ လည်ထွက်ပြီး 'ဒဗာ' ကြီး တစ်စင်းကို ဝင်တိုက်သာပေါ့ကွာ"

အိမ်ဝိုင်းထဲသို့ ရေနံဆီမီးခွက်သုံးခွက် ဝင်လာသည်။ မဖဲလှနောက်သို့ ဒေါ်ရိုးနှင့် ဒေါ်ဆယ်တို့ မီးခွက်ကိုယ်စီဖြင့် လိုက်လာကြသည်။ သူတို့နောက်တွင် သင်းထုံသားအမိတစ်တွေက ထမင်းတောင်းနှင့် ဟင်းပန်းကန်များကိုင်လျက် လိုက်ပါလာကြသည်။

"အဲသာပါပဲဗျား။ မင့်နမ သူရဲကောင်းကြီး"

"ကိုရင်ကလည်း မြှောက်ပေးနေပြန်ပါပြီတော်။ မိန်းမမိုက်၊ နည်းနည်းနောနော မိုက်မဲသဲ့ မိန်းမ မဟုတ်ဘူး။ ကံကြီးလွန်းလို့ မသေမပျောက်ရောက်လာသာ"

ဒေါ်ရိုးက ယခုထက်တိုင် မကျေနပ်သေးဟန်ဖြင့် ဝင်ပြော၏။

"သည်ရွာမှာတွေ့တုန်းက အလွန်ငိုသဲ့ကောင်မလေးပဲ ဒွေးလေးရ"ဟု ဒွေးလေးအိုးနှင့် ချွတ်စွပ်တူသော သင်းထုံအား ချီးကျူးလေးစားသော မျက်လုံးများဖြင့် ကြည့်ရင်း တပ်ကြပ်ကြီး ငယ်ကျိုးငယ်နာဖော်၏။

"ကဲပါအစ်ကိုရယ်၊ နောက်မှပြောပါ၊ အခု ထမင်းစားဖို့"

သင်းထုံကလည်း သူငယ်နပ်စားအရွယ်က တစ်ကြိမ်သာတွေ့ဖူးသော မောင်အား လေးစားရင်းနှီးစွာပြောသည်။ ထမင်းပွဲကို အိမ်ပေါ်တွင် ပြင်ပေးရန် လှည့်ထွက်သည်။ "ပေးစမ်းပါဟာ။ ထမင်းနဲ့ ဟင်း ရှိနေမှတော့ ဘယ်သွားနေရဦးမှာတုန်း" ဆိုကာ ဆန်ဆေးတောင်းကို ဆွဲယူသည်။

"ဟဲ့ ဟဲ့ လက်ဆေးပါဦး"

ထမင်းတောင်းထဲသို့ နှိုက်သောလက်ကို ဒေါ်ရိုး ကမန်းကတန်း ဆွဲထားသည်။ သင်းထုံက ရေတစ်မှုတ် ပြေးခပ်လာသည်။

"စစ်သားပဲ ဒွေးလေးရာ၊ လက်ဆေးဖို့ မလိုပါဘူး"

"အရီးရေ၊ လက်ကို မလွှတ်လိုက်နဲ့ဦး"

မဖဲလှက အိမ်ပေါ်သို့ပြေးတက်ကာ စားပွဲခုံ ယူချလာသည်။ သည်အရာကို ဒေါ်ဆယ်က ဆီးယူပြီး ခင်းကျင်းပေးကာ၊ ထမင်းကို ပန်းကန်ထဲ ထည့်၏။ ဟင်းပန်းကန်များ စီခင်းပေး၏။ မဖဲလှပြန်ဆင်းလာပြန်သည်။ ဟင်းသုံးခွက် ပါလာပြန်သည်။

"ဟင်းခွက်တွေ များလိုက်ပုံကဖြင့် တရုတ်ပြေးမင်းရဲ့ ပွဲတော်စာ ကျနေပါကလား"

"ရာဇဂိုဏ်းသင့်နေပါ့မယ်ကွာ။ ဟိုက ဟင်းခွက်ပေါင်း တစ်ထောင် ပါမှ ပွဲတော်တည်သဲ့ ဘုရင်ပါကွ"

ဘရွှေကျိုင်းက ဝင်ဖြည့်စွက်လျှင် တပ်ကြပ်ကြီးက "မိချောင်းရဲ့မှာ ဒဗာကြီးကိုဝင်တိုက်တော့ မြုပ်သွားရောလား ဘဒွေးရ။ ဆက်ပါဦး" ဟု ပလုတ်ပလောင်းသံဖြင့် မေး၏။

"မမြုပ်ဘူးကွ၊ တက်နဲ့ဖမ်းထောက်မိသာကိုး။ သာပေမယ့် သူ့ဟာက အတိုက်ကောင်းကွ။ ဒဗာကြီးပိုင်ရှင်က မင်းတို့၊ ငါတို့၊ ချစ်ဖေတို့၊ မြတ်သာဦးတို့အမျိုး ဖြစ်နေသာကလား"

ဘရွှေကျိုင်း ရယ်မောသံဖြင့် အဆုံးသတ်သည်။

"ကဲ နင့်ဇာတ်လမ်းကို နင်ပဲ ဆက်လိုက်ပါဦး လုံမရာ"

သင်းထုံ၏လှေကလေးဖြင့် ဝင်တိုက်မိသော ဒဗာပိုင်ရှင်မှာ သင်းထုံ၏ အမေကြီး(အဘွား) ဒေါ်မင်းဘော်၏ ဦးတော် ဦးစိန်ရောင်၏မြေးများ ဖြစ်နေသည်။ ဦးစိန်ရောင်သည် ကနောင်မှ သပြေဒိပါ ကုန်တင်လှေကြီး ပိုင်ရှင် ဖြစ်၏။ တစ်မျိုးလုံး ပလိပ်ရောဂါဖြင့် မျိုးပြုတ်လုမတတ်ဖြစ်ခဲ့ရာ မအေနှင့် သမီးသာ ကျန်သည်။ ထိုသမီးမှ ခင်မောင်ကြော့အမည်ရှိ သားတစ်ယောက် ထွန်းကားသည်။

ဒဗာပိုင်ရှင်ကား ခင်မောင်ကြော့ပေတည်း။

**ပုဂံစာအုပ်တိုက်**

လေ့ကလေးကဝင်တိုက်သောအခါ လှေသမားပီပီ ဆဲရေးတိုင်းထွာ၏။ ငေါက်ငမ်း၏။

"ကျွန်မ ဒုက္ခသည်ပါရှင်၊ ရေနံချောင်းက ထွက်ပြေးလာတာပါ။ မလှော်တတ်လို့ သည်လိုဖြစ်ရတာပါ။ သာလောက်ဆဲရရင် ကျေနပ်ပါတော့"

သင်းထုံသည် လှေတက်စည်းကမ်းကို နားမလည်ငြား မာန်ချပြီး တောင်းပန်၏။ ထိုအခါတွင် လှေနံပေါ်မှ သနပ်ခါးဖွေးနေသော မျက်နှာတစ်ခု ပေါ်လာ၏။

"ဟင်၊ ကလေးတွေရော၊ ပစ္စည်းတွေရော ပါလာပါကလား။ နေပါဦး၊ ညီမတို့က ဘယ်အထိသွားမှာတုန်း"

အမေးရှင်မှာ လှေသူကြီး၏ဇနီး ခင်မေသူဖြစ်၏။ သင်းထုံ မော့ ကြည့်ရင်း"ဆင်ပေါင်ဝဲနားက လွန်ချီကျွန်းပါအစ်မ" ခင်မင်ဖွယ်ကောင်းသော မျက်နှာပါကလားတွေးရင်း ဖြေလိုက်သည်။

ပစ္စည်း အနည်းအကျဉ်းသာပါငြား သင်းထုံ တွယ်တာသည်။ အသက်ဟုဆိုနိုင်သော ရင်သွေးနှစ်ယောက်လည်း ပါသေးသည်။ ဘယ်က ဘယ်သူဟု မသိသူများနှင့်လိုက်ရန်မှာ စွန့်စားခန်းဖြစ်သည်။

သို့တစေ သင်းထုံသည် မကြောက်တရားမွေးပြီး ဒဗာကြီးပေါ်သို့ တက်ခဲ့သည်။ ဤသို့ဖြင့် လွန်ချီကျွန်းမှတစ်ဆင့်သွားရသော သွေးသောက်စု ရွာအကြောင်း စကားစပ်မိကြသည်။ ဘဒွေးဦးရွှေကျိုင်းအမည်ကို ပြောသံ အကြား၌ ကိုခင်မောင်ကြော့သည် ကြိုးဆက်နေရာက လှည့်ကြည့်ပြီး လှမ်းမေး၏။

"ကြားဖူးသလိုလိုပဲဗျာ။ သူ့မိဘပြောပါဦး"

"သွေးသောက်ကြီး ဦးမိုးကောင်း၊ ဒေါ်မင်းဘော်ရဲ့သား"

ကိုခင်မောင်ကြော့သည် သူ့အလုပ်ကိုချထားခဲ့သည်။အနားလာရပ်ပြီး "သူတို့ ဇာတိကကောဗျာ၊ ကျုပ်နမသိရင် တစ်ဆိတ်" ဟု ဆိုသည်။

### ပုဂံစာအုပ်တိုက်

"ဘက အညာသားရှင့်၊ ဒီပဲယင်း သရက်ကန်သားတဲ့။ အမေကြီး ကတော့ မြန်အောင် ကနောင်မျိုး၊ အုန်းပင်စုရွာသူတဲ့ရှင့်။ အုန်းပင်စုမှာ အခု ဆိုရင် ဒွေးလေးသော့ပဲ ကျန်တော့သယ်ထင်သရှင့်"

"ကြုံမှ ကြုံတတ်ပလေဗျာ"

ကိုခင်မောင်ကြော့ ဝမ်းသာဝမ်းနည်းပြောကာ အထိုင်တွင် ခင်မေသူက "ညီမပြောနေတာတွေဟာ သူပဲ။ ဒေါ်မင်းဘော်၊ ဒေါ်သော့ဟာ သူ့အမျိုးတွေ ညီမရဲ့" ဟု ဝမ်းသာအားရ ဝင်ပြောသည်။

"ရွာကပြေးလာတုန်းက သေတ္တာနှစ်လုံး၊ အထုပ်တစ်ထုပ်၊ တောင်း တစ်လုံးပဲပါသာ။ သူတို့နဲ့တွေ့တော့မှ ဆန်အိတ်၊ ငါးခြောက်တောင်း၊ ငါးပိပုံး၊ ငံပြာရည်ပုံးတွေပါ ပါလာတော့သာ"

"သူတော်ကောင်းမို့ နတ်ကောင်းမသာဟဲ့"

ဒေါ်ရီးက အသံတုန်တုန်ဖြင့် ပြော၏။

"ရွာနီးရင် သူတို့ပါလိုက်ချင်သာ။ ကုန်းပေါ်ကိုတက်ရမှာ လှမ်းသေး သယ်ဆိုလို့ ကျန်နေခဲ့ကြသာ။ လှေကလည်း ညဥ့်တော့ သွားလို့မရ။ နေ့မှာ လေယာဉ်ပျံကြောက်ရ၊ ဓားပြကြောက်ရနဲ့၊ ဘယ်အချိန် လေယာဉ်ပျံ ရောက်လာပါ့မတုန်း ဘုရားတနေရသာမို့ သည်တစ်ခေါက် ရွာပြန်ရောက်ရင် ပြန်မတက်တော့ဘူးလို့ ပြောသွားသယ်"

ထိုအခါ သင်းထုံကျန်နေခဲ့သည့် အဖြစ်အပျက်ကို ဒေါ်ဆယ်က ဝင်ဖြည့်၏။

"လေယာဉ်ပျံက တယ်လည်း သားရဲမှင်ရဲစီးဆိုပဲ။ ရေကြောင်းသင့်သဲ့ ဘက်ကမ်းကို လှေသုံးစင်းဖြတ်ကူးသာ မင့်နမပါသဲ့လှေက ရှေ့ဆုံးကတဲ့။ တစ်ဖက်ကမ်းလည်းရောက်ရော လေယာဉ်ပျံသံကြားသာနဲ့ ညောင်ပင်ကြီး အောက် ဝင်ပြေးရသတဲ့။ တကတည်း မြစ်လယ်မှာ ငုတ်တုတ်ကြီး မိနေသဲ့ လှေကို ဝဲဝဲပြီး စက်သေနတ်နဲ့ပစ်လိုက်သာ မီးဟုန်းဟုန်းတောက်လည်း

မကျေနပ်သေးဘူးတဲ့။ စုန်းစုန်းမြုပ်မှ ဆက်ပျံသွားတော်မူသတဲ့တော်"

"ကလေးတွေဆို ကြောက်လွန်းလို့ ငိုလိုက်သာအစ်ကိုရာ။ ကျွန်မလည်း သည်တစ်ခါတော့ သေပြီမှတ်သာ။ သာပေမယ့် ကြောက်သဲ့ကြားကပဲ၊ အို ဂျပန်ကို ငါသတ်ခဲ့ရပြီ။ သေပျော်သယ်ဆိုပြီး အားတင်းလိုက်တော့မှ နေသာထိုင်သာ ရှိသွားတော့သယ်"

တပ်ကြပ်ကြီးသည် တစ်ခွက်ချက်ခန့်ရှိသော ထမင်းကို လက်စသတ်လိုက်ရာက ရယ်မော၏။ "အေးပေါ့။ သွေးသောက်ကြီး ဦးမိုးကောင်းရဲ့ မြေးပဲ" ဟုဆို၏။

"အေး။ သူ့အကြောင်းပြောအပြီးမှာ မင့်ညီအကြောင်း ဆက်ရဦးမယ်"

ဘရွှေကျိုင်းက အကြောင်းအရာသစ်တစ်ခု စတင်ရန် စကားပျိုးသည်တွင် "ခဏတစ်ဖြုတ်လာသာ ဦးဇင်းရာ၊ လူကလေး စိတ်မကောင်းဖြစ်နေပါ့မယ်" ဟု ဒေါ်ဆယ်က ဟန့်တားသံပြု၏။ သူသည် သူနို့တိုက်မွေးခဲ့ရသော တိုင်းလုံးကျော်ကိုအကြောင်းပြုပြီး ရဲလောင်းကိုလည်း တိုင်းလုံးကျော်၊ မောင်ကောင်းစံနှင့် ထပ်တူသဘောထားသည့်အတွက် ထိုသို့ပြောခြင်းဖြစ်၏။

တပ်ကြပ်ကြီးသည် ထမင်းစားပွဲကို မဖဲလှဘက်သို့ ရွှေ့ပေးပြီးနောက် ဘရွှေကျိုင်းရှေ့တွင် ဝင်ထိုင်ရာက တိုင်ကပ်နာရီကို မော့ကြည့်သည်။ ကိုးနာရီ ခွဲပြီ။

"နာရီတကြည့်ကြည့်နဲ့၊ သာ မြို့မဟုတ်ဘူး၊ အိပ်ကုန်ပြီကွ"

"ဆရာလေးတို့များ သည်အချိန် မအိပ်သေးဘူးလားလို့ပါ ဘဒွေးရာ"

အားလုံးမျက်နှာပျက်သွား၏။တပ်ကြပ်ကြီး သတိထားမိပြား အမှတ်မထင်ပေ။ သူ့စိတ်ကို ခင်ခင်မြင့်ကကြီးစိုးနေသည်။ မျက်နှာကလေးကို မြင်ချင်နေသည်။နောက်ဆုံးမြင်ခဲ့ရသောနယ် ဝန်းဝန်းပြည့်ဆဲလော။ ဝဲတကုတ်ကုတ် ငှက်ဖျားတဟင်းဟင်း တက်ရလွန်းသဖြင့် ချောင်ကျနေ ရှာသလော။

"မင်းလည်း ခရီးတစ်သောင်းကို လာခဲ့ရသာ ပင်ပန်းလှပါပြီကွာ၊ အေးအေးဆေးဆေး အိပ်စမ်းပါဦး"

ဘဒွေးက တားမြစ်သောအခါ တပ်ကြပ်ကြီး စိတ်လျှော့လိုက်သည်။ စိတ်လျှော့သည်နှင့် တစ်ပြိုင်နက်တည်း ကျောကအောင့်လာ၏။ မျက်တောင်စင်း၏။ ကျောခင်းချင်စိတ်ပေါ်လာသည်။

ဘရွှေကျိုင်းနှင့် ဒေါ်ရီး၊ ဒေါ်ဆယ်တို့သည် တိတ်ဆိတ်စွာဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်နေကြသည်။ ကျောနှင့်ဖျာနှင့် ထိလျှင်ထိချင်း အိပ်ပျော်သွားသော တပ်ကြပ်ကြီးရဲလောင်းနည်းတူ အပူအပင် ကင်းမဲ့လိုစိတ်များ ပေါ်ပေါက်လာကြ၊ တောင့်တမိကြသည်။

ရွာပြင်ဘက်မှ သံချောင်းမွေသံပေါ်လာသည်။

ဘရွှေကျိုင်းသည် မီးခွက်ကို လျှင်မြန်စွာ မှုတ်ပစ်လိုက်ရာက အိမ်ပေါ်သို့ မော့ကြည့်ပြီး "ဟဲ့ ဟဲ့ လုံမ သံချောင်းခေါက်သာ မကြားဖူးလား" လှမ်းအော်၏။ တစ်ခဏအတွင်း၌ တစ်ရွာလုံးမှောင်ကြီးကျသွား၏။ မှောင်ကြီးကျနေသော ရွာကြီးပေါ်သို့ လေယာဉ်ပျံတစ်အုပ်ရောက်လာ၏။ ပေါ့ပါး သွက်လက်သော စက်သံမဟုတ်။ လေးလံတုန်ဟီးနေသည်။

"ဗုံးတွေ တင်လာရှာ့သလား ကိုရင်ရယ်။ မြေကြီးပါတုန်နေပါကလား"

ဒေါ်ရီး၏အသံ။

"သတ္တဝါတွေ ချမ်းသာကြပါစေတော်။ ဗုံးဘေး၊ စက်သေနတ်ဘေးက လွတ်ရာကို ပြေးနိုင်ကြပါစေ"

ခွေးချင်းကိုက်ရာတွင် ကြားက ဖိတ်စင်ကွဲရှရသော ထမင်းရည်အိုးကဲ့သို့ မြန်မာလူထု မဖြစ်ကြပါစေနှင့် ဒေါ်ဆယ်၏ မေတ္တာပို့သံသည် လေယာဉ်ပျံသံများကို အံတုဖက်ပြိုင်နေလေ၏။

**ပုဂံစာအုပ်တိုက်**

# ၁၀

ခင်ခင်မြင့်သည် ဆွမ်းအိုးနှယ် ရေနွေးအိုး တည်ထားခဲ့ပြီးနောက် ကျောင်းတံခါးများကို လိုက်လံဖွင့်သည်။ မှိုးမှိုးမှောင်မှောင်ကာလသည် ငှက်ကလေးတွေ၏ တီတီတာတာ စီစီကျာကျာ အသံများဖြင့် ပန်းပန်ထားသည့်အတွက် ကြည်နူးစရာကောင်းသည်။ အိပ်တန်းထ ကျီးကန်းအုပ်များ ပျံသန်းသွားသံသည်ပင်လျှင် သည်အချိန်၌ သာယာနေပေသည်။

သူသည် ကျောင်းတလင်းတွင် ရေဖြန်းသည်။ အမှိုက်လှည်းမည်ပြုပြီးမှ တံမြက်စည်းကိုချထားပြီး တစ်ရွက်ချင်းလိုက်လံကောက်သည်။ မိခင်၏ကြေးစည်ထုသံပေါ်လာသဖြင့် မီးဖိုထဲသို့မဝင်တော့ဘဲ တင်းဘုတ်နှစ်ချောင်းကိုယူလာပြီး ရွက်လှပင်များကြားတွင် တင်းဘုတ်ကစားသည်။

လေ့ကျင့်ခန်းသုံးသို့အရောက်တွင် ကျောင်းဝင်းတံခါးသို့ လူတစ်ယောက် ရောက်လာ၏။ စောစောစီးစီး ဘယ်သူပါလိမ့် လှမ်းကြည့်ပြီး ခင်ခင်မြင့် ဒေါသဖြစ်မိ၏။

"မင်္ဂလာ မရှိလိုက်တာနော်၊ ဘယ်က ဂျပန်ပါလိမ့်"

သူ့အစ်ကိုမှာ ဝတပ်ဗိုလ်ဖြစ်ကြောင်း ခင်ခင်မြင့် သတိထားကာ ဒေါသကိုဖယ်ပြီး ပြေးလာသည်။

"မြင့်တို့ မိသားစု နေကောင်းထိုင်သာရှိကြရဲ့လား"

ပီသသော မြန်မာသံကို ကြားရသည်။

"လက်စသတ်တော့"

"ဟုတ်ပါသယ်မြင့်၊ ကိုယ် တပ်ကြပ်ကြီး ရန်ကြီးအောင်ပါ"

ခင်ခင်မြင့် ကျေနပ်စွာပြုံးသည်။ ရဲလောင်း၏ ရင်ဘတ်ပေါ်ရှိ ရာထူးတံဆိပ်ကို အထူးအဆန်းသဖွယ်ကြည့်သည်။

'ဒါ ငါတို့ မြန်မာစစ်သားကြီးပါကလား'

ဂုဏ်ယူစိတ်ဖြင့် ဝမ်းပမ်းတသာကြည့်ရာက "နေ နေပါဦး။ အရင် တစ်ခေါက်လာတုန်းက သည်နာမည် မဟုတ်ပါဘူး" ပြောသည်။

"ဩော်၊ အင်း အင်း၊ ရဲလောင်းပါ"

ဘေးချင်းယှဉ်ပြီး လျှောက်လာရငြား ခင်ခင်မြင့်မှာ ရှိုးတိုးရှန်းတန်း မဖြစ်ချေ။

"စောစောစီးစီးပါကလား။ ဘာတွေ အရေးကြီးလာလို့ပါလိမ့်"

"ကျုပ်အဖို့ကတော့ မြင့်ရဲ့မျက်နှာကလေး မြင်ရရေးဟာ အလွန် အရေးကြီးသပေါ့ဗျာ။ မြင့်ရဲ့ သာယာသံ့အသံကလေးကြားရရေးဟာ အရေး အကြီးဆုံးပါပဲဗျာ"

နွေဝင်ခဲ့ပြီဖြစ်ငြား ဆောင်းအချမ်းမှာ မကုန်သေး။ အေးစိမ့်ချိန်တွင် တင်းဘုတ်ကစားလိုက်သဖြင့် ချွေးကလေးစို့လာကာ ရွှင်လန်းနေသော ခင်ခင်မြင့်၏ မျက်နှာကလေးမှာ ချက်ချင်းညှိုးငယ်၏။

ရန်ကြီးအောင်သည် ခင်ခင်မြင့်၏ ကြည်ရွှန်းသော မျက်နှာ ကလေးကို မျက်တောင်မခတ်ဘဲကြည့်လာ၏။ မျက်နှာညှိုးသည်ကိုမြင်လျှင်

သူ့ခြေလှမ်းတွေ တုံ့ဆိုင်း၏။

"ကျုပ် စကားထဲမှာ ဘာများ အမှားပါလို့ပါလိမ့်ဗျာ"

ခင်ခင်မြင့်မှာ လက်နှစ်ဖက်ကိုယှက်ထားပြီး ပင့်သက်ရှိုက်၏။

"မြင့်တို့ မိသားစုနဲ့ ကိုရဲလောင်းတို့ မိသားစုဟာ ဘယ်လိုရေစက်လဲ မသိပါဘူးရှင်"

"နဖူးစာရွာလည်ဆိုသဲ့စကား အရှိသားပဲမြင့်။ ကျုပ်အခုလာသာဟာ နောက်တစ်ကြိမ် ဘယ်လောက်ကြာမှ ရောက်မယ်ဆိုသာမသိသဲ့ နှုတ်ဆက်ခြင်းနဲ့ လာပြီး နှုတ်ဆက်သာပါ။ အဲသာကြောင့်"

"မိသားစုနှစ်စုအတွင်းမှာ အရှုပ်အထွေး ဖြစ်နေတယ်ရှင်"

ညည်းညည်းကလေးပြောလိုက်သဖြင့် ရန်ကြီးအောင် စိတ်ဝင်စား၏။ "ဘယ်လို အရှုပ်အထွေးပါလိမ့်" အမေးဖြင့် စကားတော၏။

သို့ရာတွင် စကားစမိပြီးမှ ခင်ခင်မြင့် စကားမဆက်နိုင်။ ရှက်သွေးကြွယ် မျက်နှာကလေးဖြင့် ခေါင်းငုံ့သွားကာ "ကိုရဲလောင်းရဲ့ညီပေါ့ရှင်" ဆိုကာ စကားပြတ်၏။

"ကျုပ်ညီဆိုတာ၊ မောင်ကောင်းစံ ဘာဖြစ်လို့လဲ"

"သူက လူကောင်းပါရှင်"

"အင်း၊ သူက လူကောင်းပါဆိုတော့ အငယ်ကောင် တိုင်းလုံးကျော် မကောင်းဘူး ဆိုချင်သာလား မြင့်"

ခင်ခင်မြင့် ပင့်သက်ချပြန်သည်။ လက်နှစ်ဖက်ကို ပတ္တာဆက်လိုက်ရာက "သည်လိုပဲ ပြောရတော့မယ်ထင်ပါရဲ့။ အို.... မြင့် မပြောတတ်ဘူး။ ကိုရဲလောင်းရဲ့ဘဒွေးဆီမှာသာ မေးပေတော့" တိုးတိမ်သွားသောအသံဖြင့် ဆို၏။

"ကျုပ်မပြန်ခင် နောက်တစ်ခေါက်လာခဲ့ဦးမယ် မြင့်"

"သမီး၊ ဟဲ့ အဲဒါ ဘယ်သူတုန်း၊ အိမ်ထဲခေါ်ခဲ့လေ"

အိမ်ရှေ့သို့ ဒေါ်မြညွန့် ဘွားခနဲ ရောက်လာသည်။ ရပ်လျက် စကားပြောနေသူနှစ်ယောက်ကိုမြင်သဖြင့် လှမ်းပြောသည်။ သို့ကြောင့် ရန်ကြီးအောင်မှာ နောက်သို့လှမ်းမည့်ဆဲဆဲမှ ရှေ့သို့ ပြန်လှည့်ပြီး ဒေါ်မြညွန့်ထံ လျှောက်လာခဲ့ရလေ၏။

"အေးကွယ်၊ လာကွယ့် ထိုင်ပါဦးကွယ်။ ဝမ်းလည်းသာ၊ ဝမ်းလည်း နည်း ဖြစ်ရသကွယ်"

အိမ်ရှေ့အဖီကလေး၏ ခေါင်းရင်းပိုင်းတွင် ရေနွေးဇန်းရောက်နေပြီ။ ရန်ကြီးအောင်မှာ စိတ်စနောင့်စနင်းဖြစ်လျက်ဖြင့်ပင် ထိုနေရာတွင် ဝင်ထိုင်ပြီး တင်ပါးလွှဲထိုင်ရ၏။ ကိုခင်မောင်တင့်လည်း ချက်ချင်းဆိုသလိုပင် တံခါး၌ မျက်နှာပြူလာ၏။ ပြူလာငြား မျက်စိမျက်နှာ မကောင်းလှ။

"ကိုရဲလောင်း၊ ခဏနော်။ အလံတင်လိုက်ဦးမယ်"

ကျောင်းရှေ့တွင် အလံတိုင်ရှိသည်။ အလံတိုင်ကို ဆေးဖြူသုတ်ထား သည်။ ရွက်လှပန်းအိုး ရောင်စုံကို ခြံရံထားသည်။ ပန်းအိုးများကို ထုံးသုတ် ထားသဖြင့် တိတ်ဆိတ်အေးချမ်းသော နံနက်ခင်းမှာ ကျက်သရေရှိလှသည်။

ခေါင်းရပ်သွင်းထားသည့် သုံးရောင်ခြယ် အလံတော်ကြီးသည် တိုင်ထိပ်သို့တရွေ့ရွေ့တက်သည်တွင် ရန်ကြီးအောင် ထပြီး အလေးပြုသည်။ ခင်ခင်မြင့်သည် ပဲပြုတ်ပန်းကန်ကိုင်လျက် ရောက်လာငြား ရှေ့သို့ မတိုး၊ အသံမပြု။ ရန်ကြီးအောင်၏ အပြုအမူကို ပီတိ အဖြစ်ကြီးဖြစ်နေ၏။

"သမီး၊ ဘာလို့ရပ်နေတာလဲ။ ချထားခဲ့လေ"

ဒေါ်မြညွန့်က နောက်မှအသံပေး၏။ သူ့လက်ထဲတွင် ထမင်း နှစ်ပန်းကန် ကိုင်ထားသည်။

"အလံတော်ကို အလေးပြုနေလို့ပါ မေမေ"

ခင်ခင်မြင့် ပြောနေဆဲ၌ပင်အလံတော်သည် တိုင်ထိပ်သို့ရောက်သွားပြီ။ ကိုခင်မောင်တင့်လည်း အလေးပြုကာ ထွက်ခွာလာပြီ။

**ပုဂံစာအုပ်တိုက်**

"အေးကွယ်။ အင်္ဂလိပ်မင်းသွားကတည်းက ဒီတိုင်ကိုထူပြီး ဒီအလံတော်ကို တင်လာတာ ၂ နှစ်လောက်ရှိပြီ။ ငါတို့မှာ အလေးပြုရကောင်းမှန်းတစ်ခါမှ မသိခဲ့ကြဘူး။ ရှက်စရာကောင်းလိုက်တာ"

ဒေါ်မြညွန့်က စိတ်မကောင်းသံဖြင့် ပြောသည်။

"အရပ်သားဆိုသာကတော့ သည်လိုပါပဲဒေါ်ဒေါ်" ဟု နှစ်သိမ့်စကားဆိုရာက "ကျောင်းသားကော ရှိသေးရဲ့လားခင်ဗျာ့" ဟု စကားပြောင်း၏။

"မိဘနေမကောင်းရသာနဲ့ ကာယကံရှင်ကလေးကိုယ်တိုင် နေမကောင်းရသာနဲ့၊ ကျောင်းလည်း အဖြစ်ပဲရှိပါတော့သကွယ်"

"ကျောင်းပျက်မှာစိုးလို့ အားခဲပြီးတက်လာတဲ့ ကလေးတချို့လည်းစာသင်နေရင်းက အဖျားတက်တယ်ရှင့်။ အများစုကတော့ ဝဲတကုတ်ကုတ်နဲ့စိတ်ညစ်စရာ၊ သနားစရာပါရှင်"

"ဘယ့်နှယ်ဗိုလ်ကြီး"

ကိုခင်မောင်တင့်ရောက်လာပြီး တင်ပျဉ်ခွေ ဝင်ထိုင်သည်။ ရန်ကြီးအောင်၏ ရာထူးတံဆိပ်ကို ရွှန်းရွှန်းစားစားကြည့်သည်။

"ဘီအိုင်အေတုန်းကသာ ဗိုလ်ကြီးပါဗျာ။ အခုတော့ တပ်ကြပ်ကြီးဗျ။ ဗိုလ်ကြီးဆိုရင် သရီးလိုင်းသရီးစတားဗျ။ အခုလိုလည်း ရင်ဘတ်မှာ မဟုတ်ဘူး"

"ကဲ ကဲ၊ ကြုံတောင့်ကြုံခဲ ထမင်းသုံးဆောင်ပါဦး"

ပြောပြောဆိုဆို ထမင်းပန်းကန်ကို လက်ထဲသို့ ထည့်ပေးသဖြင့် လက်ဝါးပေါ်တင်ထားလိုက်ရာက "ခင်ဗျာ့အလံတိုင်ကို နုတ်ပစ်လိုက်တော့" မဆီမဆိုင်ပြောသည်။ သားအမိသုံးယောက်လုံး မျက်လုံးပြူးရ၏။

"သည်အလံကို တင်ရမလားဆိုပြီး ခင်ဗျာ့ကို ငပုတွေ ရန်ရှာနိုင်သယ်။ တစ်ပါတည်း မြင့်ကိုပါ ထိပါးလာနိုင်သယ်"

"ဘာကြောင့်ပါလိမ့်ရှင်"

"သူတို့ရဲ့ အဖြူခံ နေဝိုင်းအလံကို မတင်သဲ့အတွက်ပဲ။ အဲ စိတ်ထား မယုတ်သဲ့ကောင်နဲ့တွေ့ရင် သူတို့အလံကိုပဲ ဇွတ်အတင်ခိုင်းလိမ့်မယ်"

"အခုလို သတိပေးတာ ကျေးဇူးတင်တယ်ဗျာ။ ကျက်သရေမရှိတဲ့ ဖက်ဆစ်အလံ 'ကျ' နေအလံကြီးတော့ မတင်ဘူးဗျာ။ ညနေကျမှပဲ အလံ တိုင်ကို တူးပစ်လိုက်တော့မယ်"

ရန်ကြီးအောင်သည် ထမင်းဝါးနေသော ပါးစပ်ကြီးကို 'ဟ' ကာ ရယ်မောရင်း "ဟုတ်သဗျ။ သူတို့ကတော့ သူတို့အလံကို တက်နေဝန်းတဲ့ဗျ။ အခု ခင်ဗျားပြောမှ စဉ်းစားမိသယ်။ ဝင်ကာနီးနေဟာလည်း အခုလိုပဲ အနီ ဝိုင်းကြီးဗျ" ပြော၏။

"ရိုင်းကလည်း ရိုင်း၊ ယုတ်ကလည်းယုတ်၊ ကြမ်းကြုတ်ပုံကလည်း လူတွေမှ ဟုတ်ရဲ့လား ထင်ရသဗျ။ သည်လိုလူတွေရဲ့အလံကို တမြတ်တနိုး လွှင့်ထူရမယ်ဆိုတာ စဉ်းစားလို့မရဘူး။ အဲသလိုသာ ပြောနေပေမယ့် ပြောနေတဲ့ ကျွန်တော်က ဝ တပ်ဗိုလ်ဗျာ့"

ကိုခင်မောင်တင့်သည် ရန်ကြီးအောင်အား ရှက်ပြုံးဖြင့် ကြည့်နေ၏။

"ဝ တပ်ဗိုလ်လုပ်ရသာ ပျော်ရဲ့လားဟင်"

ကိုခင်မောင်တင့်သည် ခွံ့လုဆဲဆဲထမင်းဇွန်းကို ပန်းကန်ထဲ ပြန်ထည့် လိုက်ကာ ရန်ကြီးအောင်အား မျက်လုံးဖြဲကြည့်သည်။

"ခင်ဗျာ့အဖေရဲ့မသာမှာ ပျော်ရဲ့လားမေးသလို ဖြစ်နေပါပကော တပ်ကြပ်ကြီးရဲ့။ မေးမှ မေးရက်ပလေဗျာ။ ဓားမတပ်ကို အသွင်ပြောင်း ထားတဲ့ ဓားပြတပ်ပါဗျာ"

ရန်ကြီးအောင် ရယ်မောကာ "ဆောရီး ဆောရီး" ဆိုသည်။

"လူတွေမှာ ချွေးတပ်ကတစ်မျိုး၊ လှည်းဆင့်တာတစ်ဖုံ၊ ကြက်ဆူ စေ့တို့ ကြိုးတို့ကတစ်ဝဗျာ့။ မြန်မာမင်းလက်ထက်တော်တုန်းက ၁၂ မှူး မင်းတိုင်း။ ဖက်ဆစ်တွေလက်ထက်ကျတော့မှ ၂၅ မှူးမင်းတိုင်းဗျ။ အဲဒါတွေက

နိပ်စက်တဲ့အပြင် ဝဲ၊ သန်း၊ ငှက်ဖျားနဲ့ ကျောက်ရောဂါ၊ ပလိပ်ကပ် ဝမ်းရောဂါ ကလည်း နိပ်စက်ပြန်တော့ လယ်ယာကိုင်းကျွန်း ဘယ်မှာလုပ်နိုင်တော့လို့ လဲဗျာ။ ခင်ဗျား သွားရင်းလာရင်း ရွာတွေကိုလှမ်းကြည့်။ ငတ်တဲ့လူတွေ ပေဦးနှောက် ထုတ်ထုတ်စားကြလို့ ပေပင်တွေ မရှိတော့ဘူး"

"မဟာဗမာဝါဒဗျာ။ တစ်သွေးတစ်သံတစ်မိန့်ဗျာ"

သရော်သံဖြင့် ရန်ကြီးအောင် နောက်ပြောား ကိုခင်မောင်တင့်သည် သူ့ စကားကို သူ ဆက်သည်။

"အဲသည်တော့ ငတ်နေကြပြီဗျ။ အငတ်မခံနိုင်လို့ နွားရောင်းပြီး စပါး ရှိတဲ့အရပ်က ဆန်စပါးကို လိုက်ဝယ်ကြရတယ်လေ။ ဂျပန်ငွေစက္ကူကလည်း လက်ထဲမှာ တစ်ရက်ထားရင် တစ်ရက်စာ တန်ကြေးကျသမှတ်လား"

"ဟုတ်ပါ့ဗျာ။ မနက်တုန်းက တစ်ရာနဲ့ ကိုယ်ရောင်းလိုက်သဲ့ပစ္စည်း ကို နေ့လယ်ကျမှ ပြန်လိုချင်လို့ လိုက်ဝယ်ရင် တစ်ရာ့အစိတ် ဖြစ်သွားပြီဗျား"

"အဲဒါကြောင့် ချက်ချင်းလိုက်ဝယ်ကြရတယ်။ ကိုယ့်ငွေနဲ့ ကိုယ်စားဖို့ ဝယ်လာတဲ့စပါးကို အတိအလင်းမသယ်ရဲဘူး။ ညအချိန်ကျမှ တောလမ်းက သယ်ရတယ်။ အဲဒါကို ဖမ်းရမတဲ့ဗျာ"

ကိုခင်မောင်တင့်မှာ ပြောရင်းက အမှတ်ရလာ၏။

ည၌အချိန်တွင် ဆန်စပါးသယ်ယူသော နွားလှည်းများသည် တောင် အရပ်မှ မြောက်အရပ်သို့ သွားကြ၏။ သွေးသောက်စုချောင်းကို ရှောင်ကွင်း မသွားနိုင်။ တစ်နေရာမဟုတ်၊ တစ်နေရာမှ ဖြတ်ကြရ၏။

ထိုလှည်းများသည် ရောဝတီ မြစ်ကမ်းဘေးရှိ လှည်းလမ်းကိုမသုံး။ တာလမ်းဘေးရှိ လှည်းလမ်းကိုလည်း ရှောင်သည်။ တောတက်သောလှည်း များ ရုံဖန်ရုံခါမှ သုံးသော လှည်းလမ်းကြောင်းအတိုင်း သွားလာကြ၏။

ဝါးချွန်ကိုယ်စီထမ်းပြီး၊ အစိမ်းခံ ဝလုံးအဖြူကို ရင်ဘတ်တွင် ချိတ်ထားသည့် ဝ တပ်သားများသည် ထိုလှည်းများကို ခက်ခက်ခဲခဲ ရှာဖွေ

ဖမ်းဆီးကြရ၏။ ခက်ခဲသည်ဆိုခြင်းမှာ ဆန်စပါးသယ်သော လှည်းများသည် အသံမမြည်။ လမ်းအတည်တကျ မထား၍ပေတည်း။

ကိုခင်မောင်တင့် မမေ့နိုင်သောညမှာ လရောင်ဝိုးတဝါးသာ သာနေသည်။ လှည်းအစီးပေါင်းအစိတ်ကို ချောင်းလယ်တွင်မိသဖြင့် အချို့ဝမ်းသာသည်။ ဟန်ရေးဝါရေး ပြလိုသူများက ငေါက်ငမ်းနေသည်။

သို့သော် နွားလှည်းအားလုံးမှာ ကောက်ရိုးတွေ အပြည့်အမောက်တင်ထားကြသည်။ လှည်းသမားအားလုံး ဆင်းမလာပါ။ သုံးလေးဦးသာ ဆင်းလာသည်။

"ခင်ဗျားတို့ ဘယ်ရွာကတုန်း"

"ကျားအိုရွာကပါ ဗိုလ်ကြီး"

"ဘာတွေ တင်လာသတုန်း၊ မှန်မှန်ဖြေဗျာ"

သျှောင်ထုံးပွပွကို တဘက်ညစ်ဖြင့် ပတ်ထားသော ခေါင်းဆောင်နှင့်တူသူသည် သူ့လှည်းတွေကို သူ လှည့်ပြန်ကြည့်၏။ ပြီးမှ ဖြေ၏။

"မြင်သဲ့အတိုင်းပါပဲဗျာ။ နွားစာ ကောက်ရိုးတွေပါ"

"ဒါ အမှန်ပဲလား"

သျှောင်ထုံးဆရာကြီး အမ်းသွား၏။ ကိုခင်မောင်တင့် ပြုံး၏။

"ကောက်ရိုးလှည်းဟာ ကုပ်နှိပ်ရအောင် မများဘူး။ ရုံတိုင်ကျော်ရုံလေးရှိပါလျက်နဲ့၊ နွားတွေဟာ ကုန်းပြီး ရုန်းရသဗျ။ လှည်းဘီးရာကလည်း အနက်ကြီး အဲဒီတော့ ကောက်ရိုးထက်လေးလံတဲ့ ပစ္စည်းတွေ တင်လာတာဖြစ်ရမယ်"

သျှောင်ထုံးပွနှင့်လူသည် ကိုခင်မောင်တင့်အား ပါးစပ်အဟောင်းသားဖြင့် ကြည့်နေရာက ဆတ်ခနဲ ထိုင်ချသည်။ ဆောင့်ကြောင့်ထိုင်ကာ ရှိခိုးသည်။

"ဗိုလ်ကြီးရယ်။ ကျွန်တော်တို့ မြန်မာအချင်းချင်းတွေပါဗျာ။

သနားပါ၊ ညှာတာပါဗျာ။ ကျုပ်တို့ ကျအိုတစ်ရွာလုံး မိုးခေါင်လို့ ငတ်နေကြပါပြီ။ ရွာက တစ်နေ့ခရီးအတွင်းမှာရှိသမျှ စားကောင်းသမျှ အပင်တွေလည်းကုန်ပြီ။

“ဟုတ်ပါသယ်ဗိုလ်ကြီးရာ။ ကျုပ်တို့လှည်းတွေ ဆင်းသွားတုန်းက နွားမကလေးတွေ နွားပိုက်ကလေးတွေ ဆွဲသွားကြသာပါ။ အဲသာတွေ ရောင်းပြီး စပါးဝယ်ခဲ့ကြသာပါ။ အဲသာကို အဖမ်းခံရရင်တော့ တစ်ရွာလုံး ငတ်သေကြတော့မှာပါ”

နောက်တွင်ရပ်နေသည့် သုံးယောက်လည်း ထိုင်ပြီး ရှိခိုးသည်။ ယင်းအနက် ခမောက်ဆောင်းထားသူက ရှင်းပြသည်။

ကိုခင်မောင်တင့်မှာ အမှတ်မဲ့မို့ ရှိခိုးခံလိုက်ရငြား၊ “ဒီလို မလုပ်ကြပါနဲ့ဗျာ။ ထကြပါ ထကြပါ” ဆိုကာ လက်ဆွဲပြီး ထအရပ်ခိုင်းရ၏။ ရှိခိုးသူတွေ ထ မရပ်သဖြင့် သူပါ ရောနှောထိုင်ရသည်။

“ခင်ဗျားတို့ အခုလို ခက်ခက်ခဲခဲ စပါးတွေသယ်လာပြီး ရွာရောက်တော့မှ မတန်တဆ အမြတ်တင်ပြီး စီးပွားရှာမှာ မဟုတ်လား”

“အာ မိုးကြိုးပစ်ရစေရဲ့၊ မြွေကိုက်ရပါစေရဲ့ဗျာ။ မဟုတ်ရပါဘူး။ တစ်ရွာလုံးဝေငှစားကြမှာပါ။ မယုံရင် လှည်းတစ်စီးချင်း လိုက်မေးပါ ဗိုလ်ကြီး”

သျှောင်ကြီးဖွေက ချက်ချင်းတုံ့ပြန်သည်။ ကိုခင်မောင်တင့်သည် အမှန်ပင် တစ်စီးချင်း လိုက်လံစစ်ဆေးသည်။ ပထမလူလေးယောက်ကို ထားပစ်ခဲ့ပြီးမှ စစ်ဆေးခြင်းဖြစ်ငြား တစ်သံတည်းထွက်၏။

“ကျွန်တော် စဉ်းစားတယ် ကိုရဲလောင်း။ အဲဒီစပါးတင်းသုံးရာကျော် လေးရာနီးပါးကို သိမ်းလိုက်ပါပြီတဲ့။ အသိမ်းခံရသူတွေ ဘာဖြစ်မလဲ”

“မြစ်ဓားပြ၊ ကုန်းဓားပြဖြစ်ကုန်မှာပေါ့ဗျာ”

“လောလောဆယ်မှာ တစ်ရွာလုံးငတ်မယ်။ ဒီစပါးတွေ လက်ခံတဲ့

ပုလိပ်တွေက ဘယ်မှမအပ်ဘဲ အပွကြဲမှာ။ စိတ်မထင်ရင် လှည်းနဲ့ နွားတွေကိုတောင် သိမ်းဦးမှာဆိုတော့ ကျွန်တော် မဖမ်းဘူးဗျာ"

"အဲသည်တော့ ဘယ်လို တန်ပြန်လာသတုန်း"

"ခင်ဗျား အဲဒီကိစ္စ သိပြီးပြီထင်ပါရဲ့"

ရန်ကြီးအောင် ခေါင်းခါပြသည်။"ဘာမှမသိသေး မကြားသေးပါဘူး" ဆိုရာက ထမင်းကို လက်စသိမ်းသည်။ ရေနွေးတစ်ခွက်ကိုမော့သည်။ ထို့နောက် စကားဆက်၏။

"မျိုးမတူဇာတ်ခြားသဲ့ ကုလားဖြူတွေ ကျုပ်တို့နိုင်ငံကိုသိမ်းတုန်းက ကျောင်းတွေမီးရှို့၊ဘုရားတွေဖြို၊ လူတွေသတ်နေသာမြင်ပါလျက်နဲ့ ခြေသလုံးဖက်သဲ့ အမျိုးသားသစ္စာဖောက်တွေရှိခဲ့သေးသာပဲဗျာ။ အခုလို ကျုပ်တို့နဲ့ ဘာသာတူသယောင်ယောင် ဝါဒဖြန့်ထားသာလည်းရှိ၊ စကြာမင်းရဲ့ အနွယ်တစ်ယောက်က ဗိုလ်မိုးကြိုးအမည်ခံပြီး ဦးဆောင်ချီတက်လာလေဟန် လုပ်ထားချိန်မှာ ပိုပြီးသစ္စာဖောက်မယ့် မလိမ်မိုးမလိမ်မာ အလိုတော်ရိတွေ"

"အေးဗျာ၊ ထီးရိုးကို မိုးကြိုးပစ်လိမ့်မယ်ဆိုတဲ့ တဘောင်နဲ့ညီအောင် လုပ်ထားပုံကဖြင့် ပိုင်ပါပေ့ဗျာ။ နို့ အဲဒီဗိုလ်မိုးကြိုးဆိုတာ တကယ်ကော ပါသလား"

"ပါပါတယ်။ ကျွန်တော်တို့ တပ်မတော်ကြီးရဲ့ အမြုတေ ရဲဘော်သုံးကျိပ်ရဲ့ အချစ်တော်ကြီးပါပဲ"

"ခုနက စကားကို ဆက်ရရင်တော့ ဂျပန့်အလိုတော်ရိတော့ မဟုတ်ဘူးဗျ။ အာဏာ တစ်ရွေးသားရရင် တစ်ကျပ်သားသုံးပြီး ကိုယ်ကျိုးရှာချင်တဲ့ ခါတော်မီသမားတွေက ကျွန်တော်လုပ်တာ မကျေနပ်ဘူး။ စပါးတွေ အကုန်ဖမ်းရမယ်။ တချို့တစ်ဝက် အပ်ရမယ်"

"အဲသည်တော့မှ တစ်ရွာလုံး ရေနွေးပူနဲ့လောင်းပြီး လက်သည်းကို ပလာယာနဲ့ဆွဲခွာမှာ"

**ပုဂံစာအုပ်တိုက်**

ကိုခင်မောင်တင့်မှာ အသံကြားရုံဖြင့် ပခုံးကိုတွန့်မိသည်။ အနှိပ်စက် ခံရသူအား မျက်ဝါးထင်ထင် မြင်ရဘိသို့ ရှုံ့မဲ့နေသည်။

"အဲဒီလို လှည်း၂၅ စီးလုံး ကျွန်တော်လွှတ်ပစ်တော့ ခါတော်မီသမား တွေဟာ ဂျပန်အလိုတော်ရိ ဖြစ်သွားတာပေါ့ဗျာ။ ဂျပန်ကို သွားတိုင်တော့ ဂျပန်က ခေါ်မေးတယ်လေ၊ ဟုတ်သလားတဲ့။ ဟုတ်တယ်ပဲ ကျွန်တော် ဖြေတယ်"

"ချီးကျူးသဗျာ" ဆိုကာ ရန်ကြီးအောင်က လက်ဆွဲနှုတ်ဆက်၏။

"နေဦးလေဗျာ၊ အချီးမွမ်း အလျှင်မလိုနဲ့ဗျာ့"

"ချီးမွမ်းသာပဲဗျာ၊ ပွဲပါသွားသာမှ မဟုတ်သာ"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်မောအပြီးတွင် ကိုခင်မောင်တင့်က စကားဆက်၏။

"စပါးတွေ တစ်နေရာက တစ်နေရာကို သယ်လာတာ ခင်ဗျား ဘာပြုလို့ မဖမ်းတာလဲတဲ့။ တစ်ရွာလုံး ငတ်နေပါတယ် ဆိုနေတဲ့ကြားထဲက ဘာပြုလို့ ဖမ်းရမှာတုန်း။ ခင်ဗျားတို့က ဆန်ကျိုးတစ်စေ့ သွားပေးနိုင် သလားလို့ စိတ်ဆိုးဆိုးနဲ့ ပြန်မေးလိုက်တယ်ဗျာ။ အဲဒီဂျပန်က ဟုတ်ပါ တယ်လို့ ဝန်ခံသဗျာ။ အဲဒီဂျပန် ဘာကောင်လဲသိလား။ စစ်ဗိုလ်ယောင် ဆောင်ထားတဲ့ ကုန်သည်ဗျာ့။ ရှိရှိသမျှ လယ်ယာကိုင်းကျွန်းထွက် ကောက်ပဲ သီးနှံတွေကို အမှိုက်ပေးဝယ်နေတဲ့ ဂျပန်ဗျာ့။ အဲဒါကြောင့် ချီးမွမ်း အလျှင် မလိုနဲ့ ပြောတာ"

ပြိုင်တူ ရယ်မောမိကြပြန်သည်။

"ဆန်စပါးကို သည်နေရာမှာသာ ရှားပါးသယ်ဆိုပြီး တားလား ဆီးလား၊ ဖမ်းလား ဆီးလား လုပ်နေသာကိုးဗျ။ ပေါသဲ့အရပ်မှာဖြင့် ဆန် ထည့်သဲ့အိတ်ကို လိုချင်လို့ ဆန်တွေသွန်ပစ်ခဲ့သာ၊ တောင်ပုံကန်သင်း"

ကျောင်းသားငယ်များသည် ကျောင်းဝင်းအတွင်းသို့ တနဲ့နဲ့ဝင်လာ

ကြကာ နေရောင်ရှိရာနေရာတွင် စုပြုပြီး နေစာလှုံနေကြသည်။ ကိုခင်မောင်တင့်သည် ထိုကလေးတွေကို စောင်းငဲ့ကြည့်ရင်း "အဆန်းပါလားဗျ။ ဘယ်လိုကြောင့်ဆိုတာ မသိရဖူးလား" မေး၏။

"အရင်းခံ တရားခံကတော့ ခွေးအင်္ဂလိပ်ပဲပေါ့ဗျာ"

"ခင်ဗျားကဖြင့် ဘရွှေကျိုင်းရဲ့တူရယ်လို့ မပြောရဘူး။ တစ်ဆိတ်ရှိ အင်္ဂလိပ်။ အင်္ဂလိပ် ခေါင်းပေါ်ချည်း ပုံချနေပါကလား"

"ပုံချရမှာပဲဗျ။ သည်ခွေးတွေဟာ ကျုပ်တို့နိုင်ငံက ကျွန်းသစ်၊ ရေနံ ဆန်စပါး၊ ကောက်ပဲသီးနှံ၊ ဓာတ်သတ္တုတွေကို လုယူပြီး နိုင်ငံခြားပို့။ အဲသာနဲ့ ချမ်းသာကြွယ်ဝပေမယ့် သည်တိုင်းပြည်ထဲမှာမရှိသေးတဲ့ ချည်စက်၊ အထည်စက် တစ်လုံးမှ မတည်ခဲ့ဘူး။ ခပ်စောစောက ကျွန်ဖြစ်ခဲ့သဲ့ အောက်မြန်မာနိုင်ငံမှာ ဝါကို ချည်ဖြစ်အောင် လုပ်တတ်သူ၊ ယက်ကန်းရက်တတ်သူ တစ်ယောက်မှ မရှိတော့ဘူးပေါ့ဗျာ"

"ဘယ်သူမပြု မိမိမှုဗျာ့။ ဝံသာနုခေတ်မှာ တိုင်းရင်းဖြစ်ကို အားပေးကြဖို့၊ ရက်ကန်းပညာ မပျောက်ကွယ်ဖို့ ဝံသာနုကြီးတွေ လှုံ့ဆော်ခဲ့ကြ သတိပေးခဲ့ကြတာပဲ။ အမေကျော် ထွေးတော်လွှမ်းပြီး ပဒုမ္မာ ခါသာ မရမ်မှ ကောင်းလှချည်ရဲ့ အငမ်းမရ အားပေးခဲ့ကြတော့ ကျေးလက်အိမ်တွင်း လက်မှုလုပ်ငန်းကလေးတွေ ကွယ်ခဲ့ရတယ်။ ဘယ်သူမပြု မိမိမှုဗျာ့"

"ဟုတ်ပါသယ်၊ ခင်ဗျားပြောသာ မှန်ပါသယ်။ နိုင်ငံခြားကလည်း တစ်လက်ဝါးမှမလာ၊ ငပုတွေကလည်း ကိုယ်တုံးလုံး ရောက်လာတော့ ဆင်းရဲသားတွေ ဒုက္ခရောက်တော့တာပေါ့။ လုံးဝကို ဝတ်စရာမရှိတော့တဲ့ လူတွေဟာ ဆန်ကို သွန်ပစ်ပြီး ဆန်ထည့်သဲ့ ဂုံနီအိတ်ကို ယူကြတာဟာ ဝတ်ဖို့ဗျ၊ ဝတ်ဖို့"

"ဟယ်"ခနဲ အော်သံကြားသောကြောင့် ရန်ကြီးအောင် နောက်လှည့်ကြည့်သောအခါ ဒေါ်မြညွန့်နှင့် ချွေးမ အေးမြကို တွေ့ရသည်။

## ပုဂံစာအုပ်တိုက်

"ဒါလောက်တောင် ဆိုးနေပြီလား မောင်ရဲလောင်းရယ်"

"ဒေါ်ဒေါ်ရယ်။ တစ်ထည်စိုလို့မှ တစ်ထည်လဲစရာ မရှိသဲ့ လက်လုပ်လက်စားတွေမှာ အထည်တွေ ပေါ်နေတုန်းကတောင် မဝယ်နိုင်ရှာကြပါဘူး။ အခုလို ပြတ်လပ်နေသဲ့ကာလမှာ 'ပုတ်' မှောက်နေကြရသယ်ခင်ဗျာ့။ တချို့ အရွယ်ကောင်း မိန်းမပျိုကလေးတွေမှာ ဖအေ့ရှေ့၊ မောင့်ရှေ့မှာ ကိုယ်တုံးလုံး နေရသဲ့ဘဝကို ရှက်လွန်းလို့ ကိုယ့်ကိုယ်ကို သတ်သေပစ်ကြသယ်"

"အဖြစ်ဆိုးလှချည်လား မောင်ရဲလောင်းရယ်"

ဒေါ်မြညွန်က စိတ်မချမ်းသာဟန်ဖြင့် တုန်တုန်ယင်ယင် ပြောနိုင်သေးငြား သူ့ချွေးမအေးမြမှု မျက်နှာကို လက်ဝါးအုပ်လျက် ငိုရှိုက်ကာ အိမ်ထဲသို့ ဝင်ပြေး၏။

"သတ်မသေရဲသဲ့ မိန်းကလေးကျတော့ အလင်းရောင်ရှိချိန်မှာ တစ်ချိန်လုံး ပုတ်ထဲမှာနေပြီး မှောင်တော့မှပဲ အပြင်ကို ထွက်သယ်။ ခြင်ထောင်တွေ၊ စောင်တွေကို ချုပ်ဝတ်တာလည်း ကုန်ပြီလေ။ နောက်ဆုံး အားကိုးစရာ ပုတ်ပဲ ရှိတော့သာကိုးခင်ဗျာ့။ အဲသာကြောင့် တရားခံဟာ အင်္ဂလိပ်လို့"

"ဂျပန်လည်း တရားခံပါပဲဗျာ။ သူ့ကြောင့် အထည်သင်္ဘောတွေ မလာနိုင်တာ ဟုတ်ဖူးလား။ ကဲ ကဲ၊ ရပ်ရွာရဲ့ အထောက်အပံ့ ခံထားသူပိပိ ကျောင်းတက်လိုက်ဦးမှဗျို့။ ကြုံတုန်း ဝင်သင်သွားပါဦးလား"

"စာသင်မှာ မဟုတ်ဘူး။ တရားဟောမှာ၊ ဟာ မဖြစ်ပါဘူးဗျာ"

ရန်ကြီးအောင်သည် ကိုခင်မောင်တင့်နှင့် ရှေ့ဆင့်နောက်ဆင့် ထရပ်သည်။

"မောင်ရဲလောင်း၊ ခဏတစ်ဖြုတ် နေခဲ့ပါဦးလားကွယ်"

ဒေါ်မြညွန့်က ထိုသို့ပြောလိုက်ချိန်ဝယ် ကိုခင်မောင်တင့်၏ ရွှင်လန်းတက်ကြွမျက်နှာမှာ ကွက်ခနဲပျက်သွား၏။

## ပုဂံစာအုပ်တိုက်

ရန်ကြီးအောင်မှာလည်း ခင်ခင်မြင့်နှင့် စိမ်ပြေနပြေ စကားလက်ဆုံကျခွင့်မရငြား စိတ်ပါလက်ပါ စကားပြောရသဖြင့် ရွှင်လန်းတက်ကြွနေသည်သာ။ ခင်မောင်တင့်မျက်နှာကို ဖျတ်ခနဲ သူ ကြည့်မိပြီးချိန်ဝယ် ရင်ထဲ၌လေးလံ၏။ 'ဘာများပါလိမ့်' စိတ်ထင့်ရပြီ။

"မောင်ရဲလောင်းနဲ့ တိုင်းလုံးကျော်နဲ့ အတူပဲလား"

"ညီလေးက ကောင်းစံနဲ့ ပါသွားသာပါခင်ဗျာ။ သူတို့က ပျဉ်းမနား၊ ကျွန်တော်က မန္တလေး"

ဒေါ်မြညွန့်မှာ ရုတ်တရက် စကားမဆက်နိုင်။

"အကြောင်းရှိပါသလားခင်ဗျာ"

"ရှိတယ်ကွယ်၊ အရေးတကြီး ကိစ္စရှိနေတယ်။ သူ့လိပ်စာများ ငါ့တူသိရင် ကူညီပါကွယ်။ အင်း၊ လိပ်စာသိတယ်ပဲထား။ စာတွေမှ မသွားတော့တာပဲ"

သည်စကားအဆုံးတွင် ဒေါ်မြညွန့်သည် သိသာစွာပင် သက်ပြင်းချ၏။

"သူတို့တပ်က ရဲဘော်တွေနဲ့ ကြုံသဲ့အခါမှာ ဘာများမှာလိုက်ရမတုန်းဒေါ်ဒေါ်။ လူကြုံ ရှိတတ်ပါသယ်"

"ဒေါ်ဒေါ်က တွေ့ချင်ကြောင်းပေါ့ကွယ်"

# ၁၁

လေယာဉ်ပျံသံ မကြားရ။ ဝေါခနဲ ဝေါခနဲ စက်သေနတ်ပစ်သံများသာ ကြားလိုက်ရသည်။ဒုတ်ဒုတ်ဒုတ်အသံလည်း ကြားဖြတ်ကြားလိုက်ရပြန်သည်။

"အဲသာ စက်သေနတ်နဲ့ ပစ်ရသာအားမရလို့ စက်အမြောက်နဲ့ ပစ်သာ ဘဒွေးရေ့။ ကျည်ဆန်တစ်တောင့် တစ်တောင့် ငရုတ်ကျည်ပွေ့လောက် ရှိသယ်"

သင်းထုံနှင့် ကလေးများသည် သစ်ပင်ရိပ်ကောင်းရာတွင် ဗုံးခိုကျင်းများတူးနေကြ၏။ သူတို့ဘေးသို့ ဘရွှေကျိုင်း ရောက်လာချိန်နှင့် မြစ်ဘက်မှ အသံများ ပေါ်လာချိန်တို့ တိုက်ဆိုင်နေသဖြင့် ကြားဖူးနားဝ ရှိသမျှ ရှင်းပြနေခြင်းဖြစ်၏။

"ပင်ပန်းလှသဟယ်၊ နင့်မယ်"

"အပေါ်က အမိုးတွေဘာတွေနဲ့ ကျကျနနလုပ်ထားသဲ့ ကျင်းတွေက ခက်သေနတ်ပဲလုံသာ ဘဒွေးရ။ ကျင်းပေါ်တည့်တည့်ဖြစ်ဖြစ်၊ ကျင်းနားကို

ဖြစ်ဖြစ် လာကျရင် လူတွေ တစ်ပြုံကြီးသေသာ။ အခုလို ဖန်ခွက်ပုံ တစ်ယောက်စာကျင်းကလေးတွေက အမိုးမပါပေမယ့် ဟိုဘက်ကပစ်ရင် သည်ဘက်ကပ်နေ။ သည်ဘက်ကပစ်ရင် ဟိုဘက်ကပ်နေ"

သင်းထုံသည် တူးပြီးသွားသည့် ကျင်းထဲသို့ဆင်းကာ ရှောင်ပုံ ရှောင်နည်းကို လက်တွေ့ပြသ၏။

"အနားမှာကပ်ပြီး ဗုံးကျဦးတော့ စောင်းနေသဲ့ ကျင်းနံရံဟာ တည့်သွားရုံပဲရှိမယ်။ တန်ဗုံးကြီးချလို့ ကျင်းပြိုသွားသယ်ပဲထား၊ ထရပ် လိုက်ရင် ပြီးသာပဲ။ သေသယ်ပဲထားပါဦး၊ တစ်ယောက်တည်းပဲ သေမယ်။ ဟိုကျင်းလို တစ်ပြုံတစ်မကြီး မသေဘူးပေါ့ ဘဒွေးရာ"

"အင်း၊ ကွေးသောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင် သင်္ခါရတရားနောက်ကို လိုက်ရသယ်ဆိုသာ သည်ခေတ်ပါကလား"

ဥက္ကိုင်းသည် မြည်ရွတ်ရာက ခြံဝသို့လှမ်းကြည့်၏။ ခြံဝမှ ဒေါ်ရီး တကုန်းကုန်းနှင့် ဝင်လာနေသည်။ သည့်နောက်တွင် ဒေါ်ဆယ်။ သူတို့ နောက် ခပ်လှမ်းလှမ်းတွင်ကား ရန်ကြီးအောင်။

"ဘာမပြောညာမပြောနဲ့ စောစောစီးစီး ပျောက်သွားလိုက်သာ။ အခု ဘယ်ကပြန်လာတာတုန်း"

သူတို့ကိုကျော်ပြီးမေးသဖြင့် ဒေါ်ဆယ်နှင့် ဒေါ်ရီးတို့ လှည့်ကြည့်၏။ အဖြေကို နားစွင့်၏။

"ဆရာလေးတို့အိမ်ကို သွားသာပါဘဒွေးခင်ဗျာ"

"ဟော" ခနဲအော်လျက် ဘရွှေကျိုင်းမှာ မျက်စိပျက် မျက်နှာပျက် ဖြစ်သွားတော့သည်။

"ကျွန်တော်လည်း ကျောင်းတက်ချိန်မတိုင်ခင်သွားမှ အေးအေးလူလူ စကားပြောရမှာပဲဆိုပြီး သွားသာ။ စကားပြောလို့ကောင်းပေမယ့် တစ်ချက် တစ်ချက် မျက်နှာပျက်သွားကြသယ်။ ဒေါ်မြညွန့်ကလည်း လှို့ဝှက်ထားပုံ

ရသဲ့ စကားတစ်ခွန်းတစ်စ ပြောလိုက်သလို အခု ဘဒွေးကလည်း မျက်နှာ ပျက်သွားပါကလား။ ဘာတွေ ဖြစ်နေကြသာတုန်း ဘဒွေးခင်ဗျာ့”

ရန်ကြီးအောင်သည် တူးနေဆဲကျင်းတစ်ကျင်းထဲသို့ ဆင်းတူးသည်။

“အေးကွ၊ ငါလည်း ပြောစရာများနေလို့ သည်ကိစ္စကို မပြောမိဘူး။ ပြောရရင်တော့ မျက်နှာပျက်စရာပေါ့ကွာ”

“မျက်နှာပျက်စရာ မဟုတ်ဘူးကိုရင်၊ မျက်နှာပျက်ရသာ”

ဒေါ်ရိုးက တူးပြီးသားကျင်းဘေးတွင် ဝင်ထိုင်ရာက ပြင်ပေး၏။

“ပြောရရင်တော့ တိုင်းလုံးကျော်ပေါ့လကွာ”

“တိုင်းလုံးကျော် ဘာဖြစ်သတုန်း ဘဒွေးခင်ဗျာ့”

ရန်ကြီးအောင်သည် ကလေးတွေ မြေစာကျုံးနိုင်စေရန် ဖုံးကျင်းပေါ်သို့ တက်လာသည်။

“ငါတို့ကသာ ကလေးလို့ ထင်နေသာကလား”

“ကလေးမဟုတ်တော့လို့ စစ်သားတောင် ဖြစ်သွားပါပကောတော်”

ဒေါ်ဆယ်ကလည်း တုံးတိုတစ်ချောင်းရှာလာပြီး ဝင်ထိုင်ရာကဆို၏။

“သည်ကောင် တပ်ထဲရောက်မှ ပြန်လာသေးလားခင်ဗျာ့”

“မပြန်လာလို့ပေါ့ကွယ်၊ ပြန်လာရင် အခုလို တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ရဲသာမျိုး ဘယ်ဖြစ်မတုန်း”

ကလေးတွေ မြေစာကျုံးပြီးသဖြင့် ရန်ကြီးအောင် ခုန်ဆင်းပြီး ဆက်လက်တူးပြန်သည်။ တစ်ယောက်ခို ဖန်ခွက်ပုံကျင်းများသည် လူ့ရင်ဆို့ ခန့်နက်မှ အနေတော်ကျမည်။

“ငါတို့ကသာ ကလေးလို့ထင်နေပေမယ့် မင့်ညီက ကလေးမဟုတ် ဆော့ဘူးမောင်ရ။ မောင်ခင်မောင်တင့်နှမနဲ့ မလွတ်မကင်းတွေဖြစ်လို့ဗျား”

“ဟယ်”ခနဲအော်လျက် ရန်ကြီးအောင်မှာ ကျင်းထဲမှ ခုန်တက်မိ၏။ ဘုန်လှုပ်ချောက်ချားစွာဖြင့် သူ့ဘဒွေးအား ကြည့်နေ၏။ သူသည်

ကြည်ကြည့်ကို မမြင်ခဲ့ရပေ။ မမြင်ခဲ့ရသောကြောင့် ဘရွှေကျိုင်း ပြောသော 'မောင်ခင်မောင်တင့်နှမ' ကို ခင်ခင်မြင့်ဟု ထင်နေ၏။

ရင်ထဲ၌ လောင်မီးကျ၏။ ကိုယ်တွင်းအနှံ့ အပူပြန့်၏။

သူသည် ရွာသို့ ပင်ပန်းခက်ခဲစွာလာခဲ့ခြင်းမှာ ခင်ခင်မြင့်ထံမှအဖြေကို တောင်းခံရန်ဖြစ်သည်။ မျိုးချစ်စိတ်ထက်သန်သော ခင်ခင်မြင့်သည် နိုင်ငံနှင့် လူမျိုးအတွက် အသက်ပေးသည့် မိမိကဲ့သို့သော စစ်သားကြီးအား ငြင်းပယ်လိမ့်မည်မဟုတ်။

သည်မျှော်လင့်ချက်သည် ရန်ကြီးအောင်တွင် အခိုင်အမာရှိသည်။ မပြန်မီ နောက်တစ်ကြိမ် ထပ်မံတွေ့ပါက သူလိုချင်သော နှလုံးအေးစရာ အဖြေကို ရတော့မည်။

လက်ဖျစ်တစ်တွက်အတွင်းဝယ် မျှော်လင့်ချက် မြင်းမိုရ်တောင်ကြီး ပြိုကျ၏။ သိရ်ဆည်ရန်သတိမရနိုင်ဘဲ "ဖြစ်ရလေမြင့်ရယ်"ညည်းတွားသည်။

"ဟဲ့၊ ဘယ်က မြင့်တုန်း။ ခင်ခင်မြင့် မဟုတ်ဘူး။ ခင်ခင်မြင့်က နှမ အရင်း၊ ကြည်ကြည်က ဝမ်းကွဲ"

"ဗျာ၊ ဘဒွေး။ ဘယ်က ကြည်ကြည်တုန်း"

"ဩော်၊ ပြည်ကို ဆရာလေး ပြန်သွားတော့ ရွာမှာ သူမှ မရှိတော့ သာကပဲ ကိုရင်ရဲ့။ ကြည်ကြည်ပါလာသာ သူ မသိဘူးထင်သယ်"

"ကြည်ကြည်၊ ကြည်ကြည်"

တပ်ကြပ်ကြီးသည် အရူးသဖွယ် မြည်တမ်းရာက ဘဒွေးနှင့် အဒေါ်များကို အားကိုးတကြီးကြည့်၏။

"ကြည်ကြည်ဆိုသာ ခင်ခင်မြင့်လောက် မကြီးသေးဘူးကွ။ ဂျပန် ဆံတောက်ကလေးနဲ့ နားသန်သီးကလေးနဲ့ဟ။ ကလေးသာသာပါကွာ၊ အဲသည်ကလေးမနဲ့ မင့်ညီနဲ့ ဘယ်အချိန်ကြိုက်ပြီး ဘယ်အချိန်ဖြစ်ပျက်သယ် မသိပါဘူးကွာ"

**ပုဂံစာအုပ်တိုက်**

တပ်ကြပ်ကြီး၏ရင်ထဲမှ မီးတောက်ကြီးမှာ ရုတ်ချည်း ငြိမ်း၏။ ငြိမ်းသော်ငြား စမ်းတဝါးဝါး။

"အခု၊ အဲသည် ကြည်ကြည်"

"အိမ်ထဲက အိမ့်ပြင် မထွက်ရဲတော့ဘူးသားရေ့"

ဒေါ်ဆယ်က ဝင်ပြောသည်။

"အဲသာကြောင့် ဒေါ်မြညွန့်က ညီလေးရဲ့လိပ်စာ မေးသာကိုး။ ဟုတ်သာပေါ့၊ တိုင်းလုံးကျော် တစ်ခေါက်တစ်ကျင်း ခွင့်ယူပြီး ပြန်လာဖို့ ကောင်းသယ်"

"သူတို့အိမ်မှာ တိုင်းလုံးကျော်ပဲ အဝင်အထွက်ရှိသဲ့အတွက် ငါတို့ လက်ခံပါသယ်လေ။ သတင်းသိုးသိုးသန့်သန့်ကြားလို့ လာမေးသဲ့ လူတိုင်း ကိုလည်း 'ဟုတ်သယ်၊ ကြည်ကြည့်ဗိုက်ဟာ တိုင်းလုံးကျော်ရဲ့ဗိုက်ပါ' လို့ ငါတို့ ဝန်ခံနေပါလျက်က"

"ပြီးပြီပေါ့ဘဒွေးရာ။ စစ်သားဆိုသာ 'ကိုယ့်ကိုယ်နဲ့ သူမိတ်' ပဲ။ လာချင်တိုင်း လာလို့ရသာမှ မဟုတ်သာကလား"

"ခက်သယ် လူကလေးရေ့။ လူတွေဟာ မိမိကိုယ်ကို ကောင်းအောင် မလုပ်ချင်ပေမယ့် သူတစ်ပါးကိုတော့ ကြံကြံဖန်ဖန် ကတ်သီးကတ်သပ် မကောင်းပြောကြသကွာ"

ကျင်းထဲသို့ ပြန်ဆင်းရန် ငုံ့ကြည့်ပြီးမှ ရန်ကြီးအောင် မဆင်းဖြစ်။ ဘရွှေကျိုင်း ဆက်လာမည့်စကားတွင် အာရုံရောက်နေ၏။

"အခု၊ ဘယ်လိုဖြစ်ပြန်သတုန်း ဘဒွေးခင်ဗျာ့"

"ဟုတ်သယ် မဟုတ်ဘူး မပြေရှင်းနိုင်သယ်။ တိုင်းလုံးကျော်နဲ့ ကွယ်ရာမှာမို့ တိုင်းလုံးကျော်ရဲ့ခေါင်းပေါ်ပုံချသာတဲ့။ တကယ့် ကာယကံ ရှင်က ဆရာလေး မောင်ခင်မောင်တင့်တဲ့"

"ဟောဗျာ၊ ဖြစ်ရလေ ဘဒွေးရာ"

"ငါတို့က ဟုတ်ပါသယ်ဝန်ခံနေသာဟာလည်း မောင်ခင်မောင်တင့်တို့ လိုမ့်သာကို ယုံပြီးပြောနေသာ၊ တကယ်သိလို့မဟုတ်ဘူးတဲ့။ အခုဆိုရင် ဟို ကလေးမသာ မဟုတ်ဘူး။ မောင်ခင်မောင်တင့်တို့ သားအမိသုံးယောက်လုံး ရှက်လွန်းလို့ဆိုပြီး ကျောင်းဝိုင်းပြင်ဘက် မထွက်ကြတော့ဘူး"

ရန်ကြီးအောင်သည် ဟင်းခနဲ သက်မချလိုက်ကာ ကျင်းထဲသို့ ခုန်ဆင်းပြီး ဆက်လက်တူးဆွပြန်၏။ တစ်မောစာတူးပြီးမှ ခါးဆန့်ပြီးမေး၏။

"စာသင်ကျောင်းပါ ထိခိုက်တော့မှာပေါ့"

"ထိခိုက်ပြီလားကွယ်။ တချို့က သူတို့ကလေးကို ကျောင်းဆက် မထားဘူးလိုလို၊ ထောက်ပံ့ကြေး မပေးချင်သလိုလို လေသံပစ်လာကြသယ်။ သည်ကျောင်းပျက်သွားလို့ သည်ကျောင်းက ကလေးတွေကို ဘုန်းကြီးကျောင်း ပို့ရင် သည်ကလေးတွေနဲ့ ဘုန်းကြီးကျောင်းနဲ့ ဖြစ်မတဲ့လား"

"သဘာဝချင်းမှ မတူသာပဲ ဘဒွေးရာ"

"ငါ စိတ်မကောင်းဆုံးကတော့ ကလေးမလေးအရှက်ကွဲသာ မဟုတ် ဘူးကွ။ ဆရာလေး အရှက်ကွဲသာ။ ခမျာမှာ သက်သက်မဲ့"

"သာကြောင့် သူတို့ သားအမိတစ်တွေ စကားပြောနေရင်းက မျက်နှာ ပျက်ပျက်သွားကြသာကို"

ရန်ကြီးအောင် ကျင်းပေါ်သို့တက်လာလျှင် ဒေါ်ရီးက ပုဆိုးတစ်ထည် ယူလာပြီး ပေးသည်။

"နင့် စစ်သားအဝတ်ကြီး ချွတ်စမ်း။ မလျှော်မဖွတ်ဘဲ ဝတ်နေသာ ဘယ်လောက်ကြာပြီလဲ မသိဘူး။ ချွတ် ချွတ်၊ လျှော်ရအောင်၊ နံနေပြီ"

"အလွန်မွေးသဲ့ အဝတ်ပါ ဒွေးလေးရာ။ အမျိုးဘာသာ သာသနာ အတွက် ဆွေမျိုးမိဘ အသက်အိုးအိမ် စည်းစိမ်ကိုစွန့်လွှတ်ထားသဲ့ စစ်သား တစ်ယောက်ရဲ့ ယူနီဖောင်းဟာ ဘယ်ရေမွှေး၊ ဘယ်ပေါင်ဒါ၊ ဘယ်ကတိုး၊ ဘယ်နံ့သာဆီမှ လိုက်မမီအောင် မွှေးသာများ၊ ဒွေးလေးမို့ ပြောရက်သယ်"

**ပုဂံစာအုပ်တိုက်**

ပါးစပ်က ထိုသို့ပြောပြား ဘောင်းဘီရော အင်္ကျီပါချွတ်ပြီးနေပြီ။ ဒေါ်ရိုး နမ်းကြည့်ပြီး ရှုံ့မဲ့နေစဉ် မဖဲလှက လာယူ၏။

"ဒွေးလေး ပေးပေး၊ ကျုပ် လျှော်လိုက်မယ်။ ဒွေးလေးသာ လျှော်ရင် နေ့မကူးခင် အိပ်ရာထဲလဲမှာ"

"ဆပ်ပြာကောင်းကောင်း မရှိရင်လည်း သဲဆပ်ပြာနဲ့ပဲ လျှော်ကြပါဟာ။ နင်တို့ဆပ်ပြာတွေနဲ့လျှော်ရင် ကြွက်ကိုက်မှာ စိုးရသယ်။ ရေဘယ်လောက်ဆေးဆေး အမဲဆီနံ့ မပျောက်ဘူး"

ဘရွှေကျိုင်းက သတိတရ မှာကြား၏။

"ဂျပန်ခေတ်ပဲ ဘဒွေးရာ။ ဆပ်ပြာမရှိသာကို ပြောမနေပါနဲ့တော့"

"ဟင်၊ မင်းကလည်း မင့်အဖေတို့၊ မင့်ဘတို့နဲ့ တစ်ပုံစံတည်းပါကလားဟ"

ဘရွှေကျိုင်းသည် သူ့တူ၏ ရင်ဘတ်ကိုမြင်ရသဖြင့် တအံ့တသြ အော်လိုက်၏။ ရန်ကြီးအောင်၏ ရင်ဘတ်တွင်လည်း သွေးသောက်ကြီး ဦးမိုးကောင်းနှယ် သန်လျက်ထမ်း ဘီလူးနှစ်ကောင်ကို ဟင်္သာပြဒါးဖြင့် ထိုးနှံထားသောကြောင့်ဖြစ်၏။

"ဘဒွေးမှာကော မရှိဖူးလား"

"ထိုးကွင်းမြေစိုက်ပဲ ရှိသကွ။ ဘီလူးနှစ်ကောင် ရင်ဘတ်မှာမရှိဘူး။ အဲအဲ တိုင်းလုံးကျော်မှာတော့ ရှိသကွ"

တိုင်းလုံးကျော်၏အမည် မထင်မှတ်ဘဲ ပြန်ပေါ်လာသောအခါ "လူကလေးလက်တောက်လောက်နဲ့ တော်တော်လက်မြန်ခြေမြန်ရှိသဲ့ကောင်" ဟု ရန်ကြီးအောင် ရေရွတ်မိသည်။

"မင်းက မင့်ညီကို ချီးမွမ်းနေ။ ငါ့မှာက မောင်ခင်မောင်တင့်အတွက် အချိန်ရှိသရွေ့ စိတ်ဆင်းရဲသကွာ"

ပြောပြောဆိုဆို ထလာသဖြင့် ရန်ကြီးအောင်လည်း အိမ်အောက်သို့

ဝင်လိုက်လာသည်။ ဘရှေကျိုင်းမှာ သူ့နေရာတွင် ဝင်ထိုင်မိငြား စကားက အဆက်မပြတ်သေးချေ။

"မင်း စဉ်းစားကြည့်လကွာ။ သူ့အမေ သူ့နှမနဲ့အတူ အိုးမကွာ အိမ်မကွာနေပြီး ကုန်သည်ပွဲစားလုပ်မလား၊ မြို့အုပ်ဝန်ထောက်လုပ်မလား။ အဲသာတွေမလုပ်ဘဲ ကျေးလက်တောရွာပြုပြင်ရေး ဆောင်ရွက်လိုစိတ်နဲ့ တို့ရွာကို ရောက်လာသာကွ။ ရောက်လာလာချင်း မြို့ပေါ်သွားပြီး လောကဓာတ်ကျောင်း မထားနိုင်သဲ့ ကလေးတွေအတွက်ဆိုပြီး သူ့ပိုက်ဆံနဲ့ သူ ကျောင်းဆောက်ပြီး စာအလကားသင်ပေးသာ။ ဟား... ငါတို့မှာ မယုံရအခက် ယုံရအခက်နဲ့"

ကိုခင်မောင်တင့်၏ စေတနာကို သွေးသောက်စုရွာသူရွာသားများမှာ ရတ်တရက် နားမလည်ကြချေ။ ရပ်ရည်သန့်ပြန့်သော လူချမ်းသာသားက ချောင်ကြိုချောင်ကြားရှိ ကျေးရွာတစ်ရွာသို့ ကိုယ့်ထမင်းကိုယ်စားပြီး ကျောင်းဖွင့်ပေးခြင်းမှာ သွေးရိုးသားရိုးမှ ဟုတ်ပါလေစ။ ရာဇဝတ်သင့်သော ကြောင့် ထွက်ပြေးတိမ်းရှောင်လာသူလော။ ကျေးရွာသူ ချောချောလှလှ ကလေးတွေကို ဖြားယောင်းသွေးဆောင်ပြီး မြို့ပေါ်ခေါ်သွားပြီး ရောင်းစားသူလော။ ဝံသာနုတွေကို စုံစမ်းရန် ပုလိပ်ဘက်မှ လွှတ်လိုက်သော စုံထောက်လော။ တွေးညဏ်ကြွယ်သမျှတွေးပြီး ကြောက်ရွံ့နေခဲ့ကြသည်။

"စာကြည့်တိုက်ဖွင့်ပြီး လူကြီးလူလတ်တွေ စာဖတ်ချင်အောင် ဟောပြောလို့ သတင်းစာဖတ်ရမှန်း စာအုပ်စာတမ်းဖတ်ရမှန်း သိလာကြသာကွ။ သလိုဖတ်ရမှန်း သိလို့လည်း အကြားအမြင် အနည်းအပါးရှိလာကြသာ"

"ဆရာလေးက တကယ့်သူတော်ကောင်းပါတော်"

ဒေါ်ဆယ်သည် များစွာသိငြား သည်မျှသာ ပြောတတ်၏။

"ဆရာလေး မောင်ခင်မောင်တင့်ရောက်လာချိန်မှာ ငါတို့တစ်အိမ်ပဲ

အိမ်သာရှိသကွ။ လူတွေ အိမ်သာသုံးချင်လာအောင် အာပေါက်မတတ် ဟောပြောသာဟာ သူပဲ။ ရေကို ကျိုချက်သောက်ရမှန်းသိအောင် ဟောပြော သူဟာလည်း သူပဲကွ။ ဘာပဲပြောပြော ဝမ်းရောဂါ၊ ဝမ်းကိုက်ရောဂါ တခြား ရွာတွေထက် တို့ရွာက သက်သာတာအမှန်ပဲဟေ့"

"လမ်းတွေကောင်းအောင်၊ နွားတင်းကုပ်တွေ သန့်ရှင်းအောင်လည်း သူပဲ တရားဟောသာ မဟုတ်လား"

ဒေါ်ရိုးကလည်း ဖြည့်စွက်ပေး၏။

"ကျောင်းသားတစ်ယောက် နေထိုင်မကောင်းရင် သူလိုက်လာပြီ။ ဆေးဖိုးဝါးခမရှိရင် ငွေထုတ်ပေးလားပေးရဲ့။ ခြင်ထောင်ဝယ်ပေးလား ပေးရဲ့"

"အဲသာကြောင့် သည်ဆရာလေး သည်ရွာက ထွက်မသွားအောင် ကျုပ်တို့တူမနဲ့၊ ဟာ မပြောတော့ပါဘူး"

ဒေါ်ဆယ်က ပြောရန် မောင်းတင်ပြီးမှ လျှောချသွား၏။

"အေးမြနဲ့စပ်ပြန်တော့ မောင်ခင်မောင်တင့်ဟာ ငါတို့နဲ့ ဉာတိဖြစ်နေ ပြန်သကွ။ တစ်ခါ သူ့ဂုဏ်သတင်းညှိုးအောင် ဖြစ်ရသာကျတော့ ငါ့သား ကြောင့်။ ငါ ဘာလုပ်ရမှန်း မသိဘူးကွာ"

ရန်ကြီးအောင်မှာ ငေးမောနေမိသည်။ သွေးသောက်စုရွာတွင် ကိုခင်မောင်တင့်၏ အကျိုးပြုပုံများကို ဆင်ခြင်ကြည့်နေသည်။ တစ်ရွာသား ဖြစ်ပါလျက် ချစ်ဖေတို့၊ ငပိုက်တို့ထက် အဖိုးတန်ပါတကား။

"ငါတို့အမျိုးဟာ သူတစ်ပါးကိုသာ ကောင်းကျိုးပြုသကွ။ ငါတို့ အမျိုးကြောင့် ဘယ်လိုလူကောင်းသူကောင်းမှ ဒုက္ခမရောက်ခဲ့ရဘူး။အခုတော့ ငါ့သားကြောင့် အဖိုးတန်လူ သူတော်ကောင်းတစ်ယောက် ဂုဏ်သတင်း ညှိုးမှိန်ရပြီ။

ဘရွှေကျိုင်းလည်း ရန်ကြီးအောင်ကဲ့သို့ပင် ငေးငေးကြီးဖြစ်နေ၏။ ငေးငေးကြီးဖြင့် လေးလေးကြီး ရေရွတ်နေ၏။

**ပုဂံစာအုပ်တိုက်**

"ဟိုဒိုင်နယ် သည်ဒိုင်နယ်က ဝတပ်ဗိုလ်တွေများ ရမ်းကားလိုက်ကြသာ၊ ကိုယ်ကျိုးရှာလိုက်ကြသာ။ ငါတို့ မောင်ခင်မောင်တင့်ကျတော့ ကိုယ့်လူမျိုးအချင်းချင်း ရိုင်းပင်းသကွ"

ဒေါ်ဆယ်နှင့် ဒေါ်ရိုးတို့မှာ တစ်စုံတစ်ရာ နှစ်သိမ့်စကားဆိုစရာ ရှာမရသဖြင့် ဟင်းချနေကြ၏။

"အင်း တိုင်းလုံးကျော်၊ တိုင်းလုံးကျော်။ မိတဆိုးဆိုပြီး အလိုလိုက်မိသာ၊ အခုတော့ သူတစ်ထူး မျက်ရည်ပေါက်ကြီးငယ်ကျအောင် လုပ်ဖို့အတွက် လူဖြစ်လာရသလို ဖြစ်နေပါပေါ့လား"

ပြောရင်းက ဒေါသဖြစ်လာဟန်ဖြင့် ဘရွှေကျိုင်း တောက်ခေါက်သည်။

"အလကားကောင်၊ အမျိုးဂုဏ် ဖျက်သဲ့ကောင်"

ထိုစကားအရောက်တွင်ကား ဒေါ်ဆယ် ခေါင်းထောင်၏။

"ကျုပ်သားကိုချည်း ဖိပြီး အပြစ်မတင်ပါနဲ့။ လက်ဝါးဆိုသာ တစ်ဖက်တည်း တီးလို့ မမြည်ပါဘူး။ မိန်းကလေး အလိုတူမှ ဖြစ်သာပါ။ မိန်းကလေး လော်မာလို့"

"တော် မရီး၊ တော် တော်"

ဘရွှေကျိုင်း အော်ပစ်သည်။

"သမီးချင်း စာနာပါ မရီးရ။ မရီးရဲ့သား ချိုကြွနေသာ မရီးသိသလား။ အရှက်နဲ့လူလုပ်သဲ့ မိန်းမသားကို နင့်သားက ဗလက္ကာရလုပ်ရင် ဘယ့်နှယ် လုပ်မတုန်း"

"အလိုမတူရင် အော်ပေါ့တော်ရဲ့"

ဘရွှေကျိုင်း သရော်ရယ် ရယ်၏။ "သြော်၊ ငါ့မရီးလည်း တရားလက်လွတ် ငှက်တောင်ကျွတ်ပါကလား" မြည်တမ်းပြီးမှ လှည့်မေး၏။

"အလိုမတူလို့ အော်လိုက်ရင် နင့်သား ဘာဖြစ်မတုန်း"

ဒေါ်ဆယ် မဖြေပေ။ သမီးချင်း ကိုယ်ချင်းစာစိတ်ဖြင့် တွေးတောရန်

သတိဝင်လာသည့်အတွက် ဖြစ်သည်။

"မုဒိမ်းမှုဖြစ်မယ် သိလား၊ မုဒိမ်းမှု"

ဘရွှေကျိုင်း အသံကျယ်လာသဖြင့် "သတိထားပါကိုရင်ရယ်၊ ဒေါသရှေ့ထားရင် မှားတတ်ပါသယ်"ဟု ဒေါ်ရိုးက သတိပေး၏။

"မုဒိမ်းမှုဖြစ်ရင် နင့်သား ဘယ်အဖြစ်မျိုးနဲ့ ကြုံရမယ်ဆိုသာကော သိရဲ့လား။ ဟင်း၊ ထောင်မရှိ တန်းမရှိ၊ ဥပဒေမရှိသဲ့ ဂျပန်။ သူကသာ သူခိုး၊ သူဝှက်၊ ဓားပြ၊ မုဒိမ်းပေမယ့်"

ဂျပန်စစ်တပ်သည် သူတို့ သဘောကျသည့် အိမ်ရာတိုက်တာများသို့ အတင်းတက်နေလေ့ရှိသည်။ အိမ်ရှင်အား ပစ္စည်းပစ္စတွေ ယူခွင့်မပြု၊ အတင်း နှင်ထုတ်သည်။သူတို့နေချင်သလောက်နေပြီး ဆင်းသွားသောအခါ အိုးအိမ်မှာ ရစရာမရှိအောင်ပျက်စီးကျန်ခဲ့ပြီ။ ထားပစ်ခဲ့ရသော အိုးခွက်ပန်းကန် ဝတ်ထည် ဖျင်စင်းများလည်း မရှိတော့ပြီ။ အိမ်ရှင်မှာ တိုင်တန်းစရာ နေရာမရှိချေ။

ဤသည်ကို နားမဆန့်အောင် ကြားရဖန်များသဖြင့် ဘရွှေကျိုင်းက သူခိုးသူဝှက်ဟု ခေါ်ခြင်းဖြစ်သည်။

"အေး၊နင့်သားဟာ ဂျပန့်လက်ထဲရောက်သွားလို့ကတော့ အသက်နဲ့ ကိုယ်နဲ့ မြဲပြီး အိမ်ပြန်ရောက်ရင် ကံကောင်းသယ်မှတ်။ သည်တော့ မိန်းကလေးက အမှုမရှာသာကို နင် ကျေးဇူးမတင်ဖူးလား"

ခေ့စပ်ပတ်နယ်စွာ လှည့်တွေးမိသောအခါ ဒေါ်ဆယ်မှာ မျက်လုံးကို အင်္ကျီလက်ဖျားနှင့် တို့နေရုံသာ တတ်နိုင်တော့သည်။ ဒေါ်ရိုးမှာကား လက်ချောင်းများကြား၌ အစီအရီပေါ်လာသည့် ဝဲဖုများကို တွယ်ချိတ်နှင့် ဖောက်ပစ်နေရာက "ကိုရင်ပြောသလိုဆိုရင် မိန်းကလေးရှင်တွေကိုတောင် ကျေးဇူးတင်ရမှာပါအေ" ဟု ဝင်ပြောသည်။

"အမယ်လေး၊ ကျေးဇူးမတင်နိုင်ပါဘူး။ ဂျပန်ကိုသွားတိုင်လို့ကတော့ ဂျပန်က တရားလို တရားခံ ခွဲခြားနေမှာ မဟုတ်ဘူး။ သည်မိန်းကလေး

ငါးပါးကြီးမှောက်မှာကော တော် တွေးမိရဲ့လား”

ဒေါ်ဆယ်၏ ကက်ကက်လန်အောင် ပြန်လှန်ချေပစကားမှာလည်း မှန်လွန်းနေ၏။ ဂျပန်စစ်သားများသည် မိန်းမမြင်လျှင် လင်ရှိလင်မဲ့ မရွေးပေ။ ငမ်းငမ်းတက်ဖြစ်၏။ ဟီရိုသြတ္တပ္ပ တရားအားကြီးသော မြန်မာ့မျက်စိတွင် အမြီးဖြတ်ထားသည့် တိရစ္ဆာန်တွေ ဖြစ်နေချေသည်။

တရားလိုဖြစ်သော ကြည်ကြည်မှာ ရုပ်လည်းလှ၊ အရွယ်လည်း နုဖတ်ရာ ဒေါ်ဆယ်ပြောသကဲ့သို့ပင် ဂျပန်စစ်သား၏ အစော်ကားခံရမှုမှ လွတ်ကင်းရန် မလွယ်လှချေ။

“အိမ်ဖျက်သဲ့ မယားဆိုး၊ အမျိုးဖျက်သဲ့ သားဆိုးတဲ့။ သွေးသောက်ကြီး ဦးမိုးကောင်းရဲ့ သားသမီးများဟာ ဒင်းကြောင့် သတင်းညှိုးရပြီ။ အမျိုးဂုဏ် နိမ့်ကျရပြီ အစ်မရေ့”

ဘရွှေကျိုင်းမှာ သူ့သားအား မျက်စိအောက်တွင် မြင်နေရသောနှယ် ထွီခနဲ အသံပြင်းပြင်းဖြင့် တံတွေးထွေး၏။

“အလကားကောင်၊ အမျိုးဂုဏ်၊ အမျိုးသိက္ခာ၊ အမျိုးရဲ့ မှည့်မစွန်းသဲ့ သတင်းကို အိုးမည်းသုတ်သဲ့ကောင်”

ရန်ကြီးအောင်၏ ရင်မှာ လေးလံနေ၏။ မိမိညီ၏ အကျင့်သီလ၊ မိမိအမျိုး၏ ဂုဏ်သိက္ခာသည် အတွေးထဲ၌ ရစ်ပတ်နေ၏။ သက်ပြင်းလေးလေးကြီး ချရင်း ထလာခဲ့သည်။

နှောင်းကျန်ရွက်ဝါတို့သည် တိတ်ဆိတ်စွာ လျှော်ဆင်းလာကြသည်။ သွေးသောက်စုတစ်ရွာလုံးသည် နွေအလှတွင် ယစ်မူးနေသည်။

ဥသြ၊ ဥသြ။

ဖက်ဆစ်သံဖနောင့်အောက်တွင် မည်သည့် အလှတရားမျှ မရှိတော့ဖူးလားဟု မေးလျှင် ဥသြတွန်ကြွေးသံကို ပြရလိမ့်မည်။ ရွှေဥသြကား အကျည်းတန်သော လောကကို ပန်းပန်ပေးနေချေသည်။

## ပုဂံစာအုပ်တိုက်

ရန်ကြီးအောင်သည် အသေကောင်ကြီးလမ်းလျှောက်သကဲ့သို့ ငူငူကြီး လျှောက်လာ၏။ သတင်းထောက်ဟောင်းပီပီ အိမ်တိုင်းကို လျင်မြန်စွာ မျက်လုံးကစားမိသည်။ အိမ်တိုင်း တိတ်ဆိတ်နေသည်။ အိမ် အကြီးအသေး၊ အယိုင်အမတ်ကွဲပြားငြား တူညီသော အရာတစ်ခုကိုမြင်ရသဖြင့် အံ့ဩသည်။

ဤအရာကား ဇကျင်း (ဖုံးခိုကျင်း) မဟုတ်။ အိမ်ခေါင်ပေါ်တွင် တင်ထားသော ရေပြည့်အိုးတွေမဟုတ်။ မီးချိတ် မီးကပ်လည်းမဟုတ်ချေ။ အိမ်မျက်နှာစာများတွင် 'ဝ' လုံးတွေ ရေးထားခြင်းဖြစ်သည်။

သပိတ်အရွယ်၊ စကောအရွယ် ဝလုံးများကို ထုံးဖြင့်ရေးထားသည်။ ဂျပန်မဝင်မီက ဗုဒ္ဓရုပ်ပွားတော်များ၏ လက်မောင်း၊ ပခုံးတို့တွင် ဝသေါ်သဖြင့် လူအများ အုတ်အော်သောင်းသဲ ဖြစ်ခဲ့ဖူး၏။ သည်အချက် ဝင်နှောက် နေသည့်အတွက် ရန်ကြီးအောင်မှာ ရုတ်တရက် သဘောမပေါက်။

သဘောပေါက်ချိန်တွင်ကား ရန်ကြီးအောင်မှာ မျက်နှာခက်ထန်လာ ရ၏။ မေးရိုးကြီးတွေ ပေါက်ထွက်လာမတတ် အံကြိတ်မိ၏။

'ဒါ ဒါ ဘယ်အလိုတော်ရိ ပုတ်သင်တွေက နားလည့်ပါးလည့်နဲ့ ရေးတာတုန်း၊ အရေးခိုင်းတာတုန်း။ ဒါဟာ ဆေးနီမရှိလို့ ထုံးနဲ့ရေးထားသဲ့ နေတံဆိပ်။ ဂျပန်အလံ အမှတ်အသား။ အဆောက်အအုံ ရှိရှိသမျှကို ဂျပန် စစ်ဘက်က သိမ်းလိုက်ပြီဆိုတဲ့သဘော'

'မိုက်ရိုင်းသကွာ'

နာကျည်းသံကြီးသည် ရင်ထဲမှ ပေါက်ကွဲထွက်၏။

"ဘကြီး ဘကြီး"

ကြံတိုင်းအောင်နှင့် ဖိုးသူတော်တို့ ပြေးလိုက်လာကြခြင်းဖြစ်သည်။ သူတို့နောက်တွင် သင်းထုံ၏ ကလေးနှစ်ယောက်ပါလာသည်။ ခါးပိုက် ထောင့်များ တယမ်းယမ်း၊ ခွလောက်လေး တရွယ်ရွယ်ဖြင့်။

"ကလေးတွေ၊ ကနေ့ ကျောင်းပိတ်လို့လား"

"ကျောင်းသားနှစ်ယောက်သေလို့ ကျောင်းပိတ်ပါသယ်ဘကြီး"

ဖိုးသူတော်က ဆရာအား ဖြေပုံမျိုးဖြင့် လက်ပိုက်ပြီးဖြေ၏။

"အိမ်ချင်းကလည်း ကပ်နေသာဘကြီးရ။ နှစ်ယောက်လုံး ဝဲ 'ငုပ်'ပြီး သေသာတဲ့ခင်ဗျာ့"

ကြဲတိုင်းအောင်၏ အပြောကြောင့် ရန်ကြီးအောင် စုံစမ်းရန် မလိုတော့ချေ။ ရန်ကြီးအောင်မှာ ဝဲကို ယားယံနာတစ်ခုအဖြစ်သာ သိခဲ့၏။ ယခုသူ့တူ သူ့သားတွေကပြောမှသာ ဝဲသည် ယဉ်းအနာ အိုင်းအနာများနည်းတူ ငုပ်တတ်ပါကလားသိ၏။ ငုပ်လျှင် သေတတ်ပါကလား နားလည်ရ၏။

"မင်းတို့ကော ဝဲမပေါက်ဖူးလား"

"ပေါက်ပါသယ်ခင်ဗျာ့"

ဖိုးသူတော်က ပွထယောင်ကိုင်းနေသော ဘယ်ဘက်လက်ကို ဝင့်ကြွားစွာထောင်ပြလျှင် သင်းထုံ၏ ကလေးများကလည်း အားကျမခံ ခြေထောက်တွေမြှောက်ပြ၏။

"ကျွန်တော့်မှာ ဝဲမရှိဘူး။ ငှက်ဖျားရှိသယ်ခင်ဗျာ့"

ကြဲတိုင်းအောင်က ဖောသွပ်သွပ် ဝါကျန်ကျန်မျက်နှာကလေးဖြင့် ပြော၏။ ထိုအခါတွင် ရန်ကြီးအောင်မှာ အသိတစ်ခု တိုးလာ၏။ သြော်၊ ဝဲစွဲရင် မဖျား။ ငှက်ဖျားစွဲရင် ဝဲမပေါက်ပါကလား။

"သန်းကော မရှိကြဖူးလားကွ"

သည်ဖက်ဆစ်ခေတ်တွင် သန်းမရှိသော သက်ရှိသတ္တဝါဟူ၍ ရေထဲက ငါးနှင့် ပုဇွန်သာရှိလိမ့်မည်ဟု ရန်ကြီးအောင် သိပြီးသားဖြစ်သည်။ အာရုံပြောင်း အာရုံလွှဲသဘောဖြင့် တမင်မေးခြင်းသာဖြစ်သည်။

ကလေးလေးယောက်သည် သူ့ထက်ငါဦး ခေါင်းထဲမှ သန်းတွေကို နှိုက်ထုတ်ကာ လက်ဝါးပေါ်တင်ပြကြ၏။ သေးသွယ်သော သန်း 'ဖျ' ကလေးတွေ။ အကျီပုဆိုးစသည်တို့၏ ချုပ်ရိုးများကြားမှ နှိုက်ထုတ်

လိုက်သော သန်းများကား ကြီးမား၏။ 'သန်းကြီးမ'တွေ။

သွေးသောက်စုချောင်းသည် ရွာကို ဝန်းခွေထား၏။ ရေကြောင်းတိုးပြီး မဖဲ့ရှဲ့ မဖျက်ဆီးဘဲ ဝိုက်ဝေ့သွားပုံမှာ ယဉ်၏။ ကျောက်သံပတ္တမြား ရောင်စုံသည် သောင်ပြင်၌ လက်တောက်၏။ ရွာနှင့်နီးသောဘက်တွင် ကြက်သွန်ခင်းတွေ နုတ်သိမ်းနေကြပြီ။ ရွှေရောင်ကို ပေါင်ကွပ်ထားသော အရာမှာ ပတ္တမြားလုံးတွေ မြလုံးတွေသီးနေသည့် ခရမ်းချဉ်တော။

အထက်ဘက်၌ ရေခပ်ဆိပ်။ ရေချိုးသူ ရေခပ်သူများဖြင့် ရှုချင့်စဖွယ် အလှတစ်ခု ပွင့်စည်နေ၏။

ဖျောက်ဆိပ်ပင်သည် ကမ်းပါးပဲ့ရာသို့ ပါသွားရန် တည်းတည်းသာ လိုတော့၏။ ချောင်းကမ်းပါး၌ ပေါ်နေသော အမြစ်များက ညောင်မုတ်ဆိတ်ကို တုပနေချေ၏။ ရန်ကြီးအောင်သည် ထိုင်၍ကောင်းမည့် နေရာကို ရွေးနေရာက "ဝပ် ဝပ်" ဟု အော်လည်းအော်၊ ကလေးတွေကိုလည်း တွန်းလှဲ၊ သူလည်း ပက်လက်လှန်ချလိုက်လေ၏။ ဧရာဝတီမြစ်ရိုးအတိုင်း စုန်ဆန်နေကျ ကျွဲညီနောင်မဟုတ်။ သွေးသောက်စု ချောင်းရိုးအတိုင်း စုန်ဆင်းလာသောလေယာဉ်ပျံ။ ထိုလေယာဉ်ပျံ မြစ်ဝသို့ရောက်ချိန်တွင် စက်သေနတ်ပစ်သံ ဝေါခနဲတစ်ချက်ကြားရ၏။ တံငါလှေများကိုလော၊ ရေချိုးနေသူများကိုလော။

ရန်ကြီးအောင် ထထိုင်သည်။ ကလေးတွေကို ဖုတ်ခါ အမှိုက်ခွာပေးသည်။ ရှုပ်ထွေးနေသော အမြစ်များကို ပုခက်လုပ်ကာ ဝင်ထိုင်သည်။ လေကလေးတဖြူးဖြူးနှင့် နှစ်သက်ဖွယ်နေရာကလေးပါပေ။

"ဘကြီး ဘကြီး၊ လေယာဉ်ပျံ မောင်းတဲ့လူကို မြင်လိုက်ရတယ်ခင်ဗျာ"

မကြောက်သည့်အပြင် ဝင့်ကြွားနေသူမှာ ဖိုးသူတော်ဖြစ်၏။

"ကိုခင်မောင်တင့်ကျောင်းမှာ ကျောင်းတက်သာ ဘယ်သူတုန်းကွ"

"အနော်တို့ နှစ်ယောက်လုံးပဲ ဘကြီးခင်ဗျာ့"

ကြံတိုင်းအောင်က ဝင်ဖြေသည်။

"အဲသည်ကျောင်းမှာ မိန်းမဘယ်နှစ်ယောက်ရှိသတုန်းဟေ"

"အမေကြီးရယ်၊ ဒွေးကြီးမြရယ်၊ မမရယ်၊ ပြီးတော့ မမရယ်"

ကြံတိုင်းအောင် လက်ချိုးရေနေစဉ် "မမအငယ်က နားသန်သီးကလေးနဲ့ ခင်ဗျာ့" ဟု ဖိုးသူတော်ဝင်ပြော၏။

"မမ အကြီးကကောကွ"

"မမအကြီးက ဆံပင်ကို ကျစ်ဆံမြီးကျစ်ပြီး ဖဲပြားကြီးချည်ထားရင် သိပ်လှသာပဲ ဘကြီးရ။ လိပ်ပြာကြီးအတိုင်းပဲ"

ခင်ခင်မြင့်၏ ကျက်သရေရှိသောမျက်နှာကလေးသည် ဖျတ်ခနဲပေါ်လာ၏။ ကလေးပြောသည့်အတိုင်း ကျစ်ဆံမြီးကျစ်ချပြီး ဖဲပြားချည်ထားပုံမှာ ရန်ကြီးအောင်အတွက် အတွေးအာရုံထဲတွင် ဖြစ်ပါလျက် အသက်ရှူမှားရ၏။

"အိမ်ဖျက်သဲ့ မယားဆိုး၊ အမျိုးကိုဖျက်သဲ့ သားဆိုး"

ဘရွှေကျိုင်း၏ အသံကြီးသည် ကိုင်းတောဘက်မှ လွင့်ပျံလာ၏။ ကလေးများသည် ငေးငိုင်နေသော လူကြီးအနား၌ ကြာကြာမနေနိုင်ကြပေ။ ဖိုးသူတော် ဆင်းသည့်လမ်းအတိုင်း ရေကွက်ကလေး ရှိသည့်နေရာသို့ ဆင်းသွားကြပြီ။

မြစ်ဆုံသစ်ပင်ကြီး တစ်ပင်ဘေးရှိ ရေစပ်စပ်နေရာတွင် ကလေးလေးယောက် စုဝေးကြသည်။ လက်ခုပ်နှစ်ဖက်ဖြင့် ရေတွေခပ်ပြီး တစ်နေရာတွင် သွန်နေကြသည်။ ဖားလောင်းကလေးတွေလော၊ ငါးကလေးတွေလော။

ရန်ကြီးအောင် အားစိုက်ကြည့်ငြား မမြင်ရ။ မြင်ရသောအရာမှာ ဘရွှေကျိုင်း၏မျက်နှာကြီးသာဖြစ်၏။ ရန်ကြီးအောင်သည် ကလေးတွေကို အသံမပေးဘဲ ထလာခဲ့သည်။

ရွာထဲသို့ဝင်မိငြား ရန်ကြီးအောင်သည် မြောက်ပိုင်းသွားလမ်းသို့

မချိုး။ အနောက်ပိုင်းသို့လာသည်။ ကိုခင်မောင်တင့်၏ စာသင်ကျောင်းဝင်း အဝသို့ရောက်မှ ရပ်တန့်သည်။ အိမ်ကလေးဘက်သို့ မျှော်ကြည့်သောအခါ အဖီခေါင်းရင်းဘက်၌ လှုရိပ်လှုယောင်မြင်ရ၏။

"ဘာများအကြောင်းထူးလို့ တစ်ကြော့ပြန်လာတာလဲဗျ"

ကိုခင်မောင်တင့်သည် အေးမြ လှမ်းပေးသော ရှပ်အင်္ကျီကို ဆီးယူ ဝတ်ဆင်ရာက ဆီးကြိုနှုတ်ဆက်၏။ အပြင်သွားမည့်ဟန်ဖြစ်ခြား သင်ဖြူး လိပ်ကို ဆွဲယူခင်းပေး၏။

"လေယာဉ်ပျံက ရမ်းသည်ထက် ရမ်းကားလာပြီဗျ၊ ခုနကတစ်စင်း ဟာ မြစ်ရိုးအတိုင်း မဟုတ်ဘူးဗျ။ချောင်းရိုးအတိုင်းစုန်လာပြီး ပစ်သွားတာ"

ရန်ကြီးအောင်သည် သင်ဖြူးပေါ်ဝင်ထိုင်ရာက စကားကို အလိုက် သင့် နှင်းမလိုက်ပေ။ မဆီမဆိုင်ပြော၏။

"ခင်ဗျာ့အမေနဲ့ ခင်ဗျာ့နှမရှိရင် တစ်ဆိတ်ခေါ်ပေးပါလား၊ ခင်ဗျားတို့ သားအမိ သုံးယောက်ရှေ့မှာ စကားပြောချင်လို့ပါ"

"အေးရေ၊ သွားခေါ်ချေပါကွာ"

ကိုခင်မောင်တင့်က အေးမြအား ခိုင်းလိုက်ရာက အင်္ကျီကို ပုဆိုး တွင်းသို့ သွင်းနေသည်။ "ထူးထူးဆန်းဆန်း ဘာတွေပြောစရာရှိလို့တုန်းဗျ" မေးမေးထိုင်ထိုင်၊ ကွပ်ပျစ်စောင်း၌ ကိုခင်မောင်တင့် ဝင်ထိုင်ရင်းမေးခြား ရန်ကြီးအောင် မဖြေပေ။

ဒေါ်မြညွန့်သားအမိသည် ထမင်းစားအပြီး၌ အိုးခွက်ပန်းကန်များ ဆေးကြောသိမ်းဆည်းနေရာက ထလာကြဟန်တူ၏။ လက်တွင် ရေ စက်လက်။ လက်သုတ်အဝတ်တစ်ထည်။

"မောင်ရဲလောင်းပါလား။ စားခဲ့ပြီးပြီလား"

"မစားရသေးပါဘူးခင်ဗျာ။ အရေးတကြီး စကားတစ်ခွန်း ပြောစရာ ရှိလို့ပါ"

ဒေါ်မြညွန့်က ခွေးခြေတစ်လုံး ဆွဲယူထိုင်သည်။ သူ့ပခုံးကိုကိုင်လျက် ခင်ခင်မြင့်က မကြည့်သလို ကြည့်သလို အနေအထားဖြင့် ရပ်နေသည်။ သူသည် ခင်ခင်မြင့်အား တစ်ချက်လှမ်းကြည့်၏။ အကြည့်မဆုံစေရန် ခင်ခင်မြင့် မျက်လွှာချလိုက်ပြီး ချက်ချင်းပြန်ကြည့်၏။

"ပြောပါ မောင်ရဲလောင်း၊ ဘာများပါလိမ့်"

"ကျွန်တော် ကြည်ကြည့်ကို လက်ထပ်ပါရစေ"

"ဟင်" ခနဲ အော်သံသည် ပါးစပ်သုံးပေါက်မှ ပြိုင်တူထွက်၏။ ဒေါ်မြညွန့်နှင့် ကိုခင်မောင်တင့်တို့ ပြိုင်တူရပ်မိကြ၏။ ခင်ခင်မြင့်မှာသော် ဆတ်ခနဲ နောက်သို့ ဆုတ်ပစ်မိ၏။ မျက်လုံးခြောက်လုံးကလည်း ထိတ်လန့်ခြင်းကို ဖော်ပြနေကြ၏။

"ခင်.... ခင်ဗျား၊ ဘာ.... ဘာပြောတယ်"

ကြက်သေ သေပြီး ဆွံ့အ သွားကြရာက ကိုခင်မောင်တင့် ဦးစွာ အသက်ဝင်၏။ တုန်ယင်ထစ်ငေါ့စွာမေး၏။

"ကြည်ကြည့်ကို လက်ထပ်ပါရစေ ခွင့်ပန်တာပါ"

ကိုခင်မောင်တင့် သားအမိမှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ အသံမပါသော စကားတွေပြောကြ၏။ အတန်ကြာမှ တုန်ယင် သောအသံသည် ဒေါ်မြညွန့်နှုတ်ဖျားမှ ပေါ်လာ၏။

"ဒေါ်ဒေါ်တူမလေးအကြောင်းကို ဘာသိသလဲ မောင်ရဲလောင်း"

"ဟုတ်ကဲ့၊ သိပါသယ်ဒေါ်ဒေါ်"

ကိုခင်မောင်တင့်ထံမှ သက်ပြင်းရှိုက်သံကြီးပေါ်လာပြီးနောက် "ကိုရဲလောင်း ခွင့်ပြုဦးဗျာ၊ ကျောင်းသား အသုဘ ပို့စရာရှိလို့" ပြောကာ ထရပ်သည်။

"သည်ကိစ္စမှာ မေမေ့သဘောပဲ မေမေရေ့"

ကတိုက်ကရိုက် ထွက်သွားပြီး၊ ဒေါ်မြညွန့်ထလိုက်သွားသည်။ လမ်းသွားရင်း တီးတိုးပြောသွားကြသည်။

**ပုဂံစာအုပ်တိုက်**

ခင်ခင်မြင့်မှာ ရန်ကြီးအောင်၏အကြည့် ခက်ဝန်းထဲ၌ ခေါင်းငုံ့လျက် ကျန်ခဲ့သည်။

"မြင့်၊ မြင့်မျက်နှာကလေးကို ကြည့်ပါရစေ။ မြတ်နိုးစိတ်၊ မက်မောစိတ်နဲ့ သည်တစ်ကြိမ်ဟာ နောက်ဆုံးကြည့်ခြင်းပါ"

အံ့သြခြင်း၊ ရှုပ်ထွေးခြင်း၊ နားမလည်ခြင်းတို့ အရင်ရစ်လွှားခြုံထားသော လှမျက်နှာညှိုးကလေး တဖြည်းဖြည်းမော့၏။

"ကျုပ် အခုလိုလုပ်တာဟာ၊ မြင့်.... မြင့်"

ငွေမျက်ရည်ဥနှစ်ဥ ပြိုက်ခနဲ လိမ့်ဆင်းလာသည်။ ခင်ခင်မြင့်မှာ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်လျက် တသိမ့်သိမ့်ရှိုက်ရင်း အိမ်ထဲသို့ ဝင်သွားလေ၏။

## ၁၂

ဖက်ဆစ်သံဖနောင့်အောက်မှ မြန်မာပြည်သူပြည်သားတို့၏ ငရဲနိုင်ငံကြီးကား တစ်နေ့တခြား အဆိုးဘက်သို့ တိုးတက်ပြောင်းရွှေ့နေ၏။

မြို့မှလူများသည် အချိန်မရွေး မီးလောင်ဗုံး အချခံရနိုင်သော မြို့ရပ်ဒေသမှ ကျေးရွာများသို့ ပြောင်းရွှေ့လာကြသည်။ မြစ်ကမ်းနှင့်နီးသော ကျေးရွာများမှာလည်း လေယာဉ်ပျံရန်နှင့် ဂျပန့်ရန် စိတ်မချရသဖြင့် ချောင်ကျသော ရွာများသို့ထပ်ဆင့် ရွှေ့ပြောင်းလာကြပြန်သည်။

တာလမ်းနှင့်နီးကပ်သော ကျေးရွာများမှာလည်း ထိုနည်းလည်းကောင်းဖြစ်ရာ မြစ်နှင့်ရော တာလမ်းနှင့်ပါ လှမ်းသည့် သွေးသောက်စုရွာသို့ ၁၄–၅ ဦးခန့် ထပ်မံရွှေ့ပြောင်းလာကြပြန်သည်။ မြို့မှာ ကုန်သည်ပွဲစားနှင့် စာရေးစာချီများ ရောက်လာသည့်အတွက် လူငယ်၊လုံမငယ်များမှာ စာအုပ်ဖတ်သော ဖက်ရှင်ကို အတုခိုးရမှန်း သိလာကြ၏။ ဦးလူအေးအိမ်သို့ သွားရောက်နားထောင်မှ ကြားရသောဓာတ်စက် တေးချင်းသံမှာ မကြားချင့်အဆုံးဖြစ်ပြီ။

ကက်နှင့် သုံးပုံကိုသာသိသော လူငယ်လူရွယ်များမှာ စက္ကူဖဲကို မြင်ရုံမျှသာအဆင့်မှ ကိုင်တတ်လာကြပြီ။ ကိုးမီးနှင့် အပေါက်နှစ်ဆယ်ကို အပျော်သဘော စမ်းသပ်ကစားရာမှ ၇ ချပ်ပိုကာ၊ ၁၀ချပ်ပိုကာ၊ ၁၃ ချပ်ပိုကာ များပါ စည်းစိမ်ခံလျက် ဒေါင်းတတ်လာကြချေပြီ။ ဤအရာကို မြို့မူမြို့ကျင့် ဟူ၍သာ မြင်ကြ၏။ မကောင်းမှုဒုစရိုက်အဖြစ် မြင်ရမှန်းသိသူမှာ သုံးဦးသာ ရှိ၏။ ဘရွှေကျိုင်းနှင့် ကိုခင်မောင်တင့်၊ ပွဲဘားကြီး ဦးတောက်ထိန်ဖြစ်သည်။

ဦးတောက်ထိန်လည်း ရွှေရင်းရွှေရင်းနှင့် လူရင်းရှိသော သွေးသောက် စုသို့ ရောက်လာသူဖြစ်၏။ သူသည် တိုင်းလုံးကျော်၏ ဖခင်သဖွယ်လည်း ဖြစ်ရာ အိမ်ပေါ်တွင်နေသည့် ကိုကျော်ညို၊ မဖဲလှက ဆင်းပေးပြီး သူတို့ မိသားစုအား အိမ်ပေါ်သို့ တင်ထား၏။

သို့သော် ဦးတောက်ထိန် မိသားစုမှာလည်း ကျွေးကားကျွေး၏။ မဝဖြစ်ကြရ၏။ အကြောင်းမူ အိမ်တိုင်းလိုလိုသည် အမိုးများ ဖြုတ်ခွာ ထားကြရသောကြောင့်ပေတည်း။

ဒေါ်ရိုးနှင့် ဒေါ်ဆယ်မှာ ငှက်ဖျားရောဂါ နှိပ်စက်သဖြင့် အိပ်ရာထဲ၌ လဲခဲ့သည်။ တဖြည်းဖြည်း လုံးပါးပါးသော ရောဂါလည်းဖြစ်၊ ဇရာကလည်း ထောင်းသဖြင့် လဲသည်ဆိုက ပို၍မှန်မည်။ သို့သော် ကြည်ကြည် မျက်နှာ မြင်ပြီ ကြားသောအခါ လူးလဲပြီးထကြ၏။ 'အမြွာပူး'ဟူ၍ ကြားရချိန် တွင်ကား ရွာအနောက်ပိုင်းသို့ ပြေးကြလေတော့၏။

ထိုအမယ်ကြီးအိုနှစ်ယောက်၏ နာလန်ထလာပုံမှာ ဆွေစုမျိုးစု အတွင်း၌ ပြောစမှတ်တွင်၏။ မိမိတို့အိမ်မှာထက် ကိုခင်မောင်တင့်အိမ်တွင်သာ အမယ်ကြီးအိုနှစ်ယောက် အချိန်ကုန်တော့သည်။ ထိုအမယ်အိုနှစ်ယောက် ကျန်းမာလာသည်ကို အကြောင်းပြု၍ ကလေးနှစ်ယောက်အား ဆွေမျိုး များက 'လာဘ်ကောင်' ကလေးတွေဟု သဘောထားကြ အမွှမ်းတင်ကြ၏။

ကလေးနှစ်ယောက် သုံးလသား အရွယ်ခန့်တွင် တစ်ရွာလုံးက

သေပြီဟု ထင်မှတ်ထားသော ကိုမိတ္တပြန်ရောက်လာ၏။ ပြန်ရောက်လာပြီး မောင်ကောင်းစံနှင့် တပ်ကြပ်ကြီးရန်ကြီးအောင်တို့ ရောက်လာစဉ်ကနှယ် မဟုတ်။ ထင်ထင်ပေါ်ပေါ် ကြွားကြွားရွားရွားမဟုတ်။ တိတ်တိတ်ကလေး။

ရဲဘော်မိတ္တ ရောက်လာချိန်မှာ နွားရိုင်းသွင်းချိန်။

"ဘဒွေး၊ ကျွန်တော်မိတ္တပါ။ အမေကော ဘယ်တုန်းက ဆုံးသတုန်း ခင်ဗျာ့"

ဖျတ်ခနဲ အိမ်အောက်သို့ဝင်လာပြီး အိမ်တိုင်အကွယ်တွင် မှီထိုင်သည်။ ဘရွှေကျိုင်းမှာ ဝမ်းသာလွန်းသဖြင့် ရုတ်တရက် အသံမထွက်။

"ဟ မိတ္တ၊ ငါ့တူကြီး"

"ဘဒွေး၊ တိုးတိုးခင်ဗျာ့ တိုးတိုး၊ ကျွန်တော် ပြန်လာသာ လူမသိစေ ချင်ဘူး ဘဒွေး"

မိတ္တက သူ့ဘဒွေးကြားရုံမျှ အသံနိမ့်နိမ့်ကလေးဖြင့် တုံ့ပြန်၏။

"မင်း ဘယ်တုန်းကရောက်သတုန်း"

"အခုကလေးတွင်ပဲ ဘဒွေးခင်ဗျာ့။ အမေ ဘယ်တုန်းကဆုံးသတုန်း"

"ဟာ ခွေးမသား။ တောက်တီးတောက်တဲ့၊ အစ်မ မသေသေးပါဘူး။ မောင်ခင်မောင်တင့်တို့အိမ်ကို သွားနေသယ်ဟ"

တီးတိုးပြန်ဖြေရာက ဘရွှေကျိုင်းသည် အသံမြှင့်ပြီး စံသာဦးကို အော်ခေါ်၏။ စံသာဦးမှာ ဘုမသိဘမသိ ပြေးလာပြီးမှ မှောင်ရိပ်ထဲရှိ ဖအေကို ငုံ့ကြည့်၏။

"အဖေ အဖေ၊ အဖေ နေကောင်းသယ်နော်"

"အေး၊ ငှက်ဖျားမမိ၊ ဝဲမစွဲ၊ ဖက်ခွက်နာမပေါက်ဘူးကွ။ အဲသာက အရေးမကြီးပါဘူးလေ။ အရေးကြီးသာက မင်းရယ်၊ အမေရယ်၊ ဘဒွေးရယ်၊ ဂျပန့်အလိုတော်ရိ ဖြစ်နေကြပြီလား"

ဝမ်းသာအားရ ပြေးဖက်သောသားကို ပြန်ဖက်ပုံက သာမန်မျှသာ။

**ပုဂံစာအုပ်တိုက်**

"ဟာ ခွေးမသား၊ ငါ ထကန်လိုက်ရ"

ဘရွှေကျိုင်း ခြေထောက်ဖြင့် ရွယ်သည့်နည်းတူ စံသာဦးကလည်း လှူချင်းခွာပစ်လိုက်ကာ "မေးမှမေးရက်ပလေ အဖေရာ။ ကျုပ်တို့က ချီးကိုသာ ကြည့်ချင်သယ်၊ ဂျပန်ကို မကြည့်ချင်ဘူး" စိတ်ခုသံဖြင့်ဖြေ၏။

ကိုမိတ္တသည် ထိုအခါတွင်မှ သားကို ဝမ်းသာအားရဖက်သည်။ "အရေးကြီးလို့ပါသားရယ်။ သေရေးရှင်ရေးမို့ပါ" ဟု လေပျော့ဖြင့် တောင်းပန်၏။

"ဦးကျိုင်း၊ ညှော်သည်ထင်သယ်။ ထမင်းကျွေးရမယ် မဟုတ်လား"

ဦးတောက်ထိန်သည် အိမ်ပေါ်မှဆင်းလာရင်း လှမ်းမေး၏။ ကိုမိတ္တမှာ ထပြေးတော့မည်သို့ဖြစ်ကာ "ဘယ်သူတုန်းဘဒွေး" ဟု ကပ်မေး၏။

"တို့မိတ်ဆွေကြီး၊ ပွဲစားကြီး ဦးတောက်ထိန်ပါ။ ပြေးရင်းပြေးရင်းနဲ့ သည်ရွာကို ရောက်လာသာ"

ကိုမိတ္တ စိတ်အေးသွားသည်။ ထုံးခံအတိုင်း နှုတ်ဆက်စကားဆိုသည်။ နာမည်သာ ကြားဖူးသည်မဟုတ်။ ဝင်ထွက်သွားလာ ဆွေးနွေးဖူးသူ ဖြစ်သည်။

"စစ်ရေး ဘယ်လိုရှိသတုန်း သခင်မိတ္တရ"

"အင်ဖာဘက်မှာ ဂျပန်ခွက်ခွက်လန်အောင် စစ်ရှုံးသလို၊ ဂျပန်ပြည်နဲ့ ဖိလစ်ပိုင်ကြားထဲက သမုဒ္ဒရာထဲမှာ အမေရိကန်နဲ့တိုက်သဲ့ ရေတပ်တိုက်ပွဲမှာလည်း နာလန်မထူနိုင်အောင် ဂျပန်ရှုံးသွားပြီ ပွဲစားကြီးခင်ဗျာ။ ဂျပန်ဟာ အခံဘက်ကို ရောက်နေပါပြီ"

"ဟစ်တလာတို့၊ မတ်ဆိုလနီတို့ကောကွ"

"မူဆိုလီနီက အသတ်ခံရသယ် ခင်ဗျာ။ ဟစ်တလာက သူ့ကိုယ်သူ သတ်သေသွားပြီခင်ဗျာ။ အနောက်စစ်မျက်နှာမှာ စစ်ပြီးသွားပြီလေ"

"ဟေ၊ ရှိသမျှ အားတွေ သည်ဘက်မှာ ပုံအောတော့မှာပေါ့"

"ဟုတ်ကဲ့ခင်ဗျာ၊ ဟုတ်ကဲ့။ အဲသာတွေ ခဏထားပြီး ကျွန်တော့် ရဲဘော်တွေ ထမင်းမစားခဲ့ရသေးဘူး ဘဒွေး"

ဦးတောက်ထိန်နှင့် ပြောနေရာက ကိုမိတ္တသည် ဘရွှေကျိုင်းအား လှမ်းပြောသည်။

"ရဲဘော်တွေ ဟုတ်လား"

"ဟုတ်ပါသယ်ခင်ဗျာ။ ကျွန်တော် သည်ရွာမှာ နက်ဖြန်တစ်ရက်ပဲ နေနိုင်ပါလိမ့်မယ်။ ကျွန်တော်နဲ့ပါသဲ့ ရဲဘော်တွေကို ပွဲစားကြီးနဲ့ ဘဒွေး တို့ကိုပဲ အပ်ထားခဲ့ပါရစေ"

ဘရွှေကျိုင်းနှင့် ဦးတောက်ထိန်မှာ စိတ်ဝင်စားမှု ထက်သန်လွန်း သဖြင့် ကိုမိတ္တဘေးသို့ တိုးရွှေ့လာကြ၏။

"သူတို့က ဘာလာလုပ်ကြသာတုန်း။ ဘယ်လောက်ကြာကြာ နေမှာတုန်း"

"နောက်တော့သိမှာပါခင်ဗျာ။ ဘဒွေးတို့ မသိလို့မရပါဘူး။ သူတို့ရဲ့ လုံခြုံရေးကို ဘဒွေးနဲ့ ပွဲစားကြီးတို့ တာဝန်ယူပါ။ သာပေမယ့် သူတို့ရှိနေ သာလည်း နှုတ်လုံပါစေ။ အခု လောလောဆယ်တော့ ကျွန်တော်ပါ ၁၂ ယောက်စာ ထမင်းပါပဲ"

ဘရွှေကျိုင်းနှင့် ဦးတောက်ထိန်တို့သည် ဤအရာကား ကောင်းသော လက္ခဏာဟုသာ နှလုံးသွင်းကာ သိချင်စိတ်ကို မျိုသိပ်ထားလိုက်သည်။ လူတစ်ကျိပ်နှစ်ယောက်စာ ထမင်းကို တစ်နာရီအတွင်း ပြီးစီးအောင် စီစဉ် ပေးကြသည်။

ကိုမိတ္တသည် သူ့လူတွေကို သည်ဝိုင်းထဲတွင် ဝှက်ထားခဲ့ခြင်းဖြစ်ပါလျက် ထမင်းစားရန် ငါးယောက်သာ ခေါ်လာသည်။ ထိုငါးယောက်စားပြီး၍ အိမ် အောက်သို့ ဆင်းထိုင်မိချိန်ကျမှ နောက်ထပ်ခြောက်ယောက်ကို ခေါ်တင် သည်။ သည်မျှ လျှို့ဝှက်၊ သည်မျှ သိုသိပ်ပြသောအခါ ဘရွှေကျိုင်းရော

ဦးတောက်ထိန်ပါ နောက်ထပ် ဘာမျှ မမေးတော့ပေ။

သို့သော် သူ့လူတွေအားလုံး အိမ်ဝင်းတွင်း၌ ဟိုနားနှစ်ယောက် သည်နားသုံးယောက် ထိုင်နေကြချိန်၌ ကိုမိတ္တက ရဲဘော်တစ်ယောက်ကို ခေါ်လာ၏။

"ဘဒွေး ဘကြီး၊ သူ့နာမည်က ရဲဘော်စောမင်းဒင်တဲ့။ သည်ရွာမှာ နေမယ့် တပ်စိတ်ရဲ့ တပ်စိတ်မှူးပါခင်ဗျာ"

မည်းမည်းကျစ်ကျစ် ရဲဘော်စောမင်းဒင်သည် မိတ္တအောက် များစွာ ငယ်ပုံရသည်။ တိုင်းလုံးကျော်နှင့်မှ မတိမ်းမယိမ်းအရွယ်။

"သည်တော့ ရဲဘော်တွေကို နှစ်အိမ်တစ်ယောက် သုံးအိမ်တစ်ယောက် ခွဲထားမယ် ဘဒွေး"

"ရဲဘော်တွေ"

ဘရွှေကျိုင်းမှာ သည်စကားသုံးလုံးကို သံယောင်လိုက်ရေရွတ်ရင်း ကြက်သီးမွေးညင်းထ၏။ အတုလဆရာတော်၏ 'ရဲဘော်သင်း' ဝေါဟာရ သည် ရင်ထဲ၌ ပဲ့တင်ထပ်၏။

"ရဲဘော်တဲ့လား။ ကောင်းလိုက်သဲ့ အခေါ်ကွာ"

ဦးတောက်ထိန်လည်း ပီတိစကားဆို၏။

'ဇမ္ဗူကျော်သောင်း မြေကြီးစောင်းမျှ အလောင်းမင့်ကျွန် ရန်အကြိမ်ကြိမ် တိုက်လှည်းနှိမ်သည်။ စည်းစိမ်ရန်လွင့်၊ ငပွင့်ရန်ဆီး'

"သမယ် ရဲဘော်"

"ဟုတ်ကဲ့"

ရဲဘော်စောမင်းဒင်သည် ခြေစုံရပ်လျက် ရင်ကော့ကာ တောင့်စန့် သွား၏။

"နာမည်တွေ အလွတ်ရသမှတ်လား။ ပြောစမ်း"

"တပ်ကြပ် စောမင်းဒင်၊ တပ်ကြပ်ကလေး နိုင်ကျော်သောင်း။

တပ်ကြပ်လေး မင်းအောင်၊ ရဲဘော်သောင်းဟန်၊ ရဲဘော်ခင်မောင်ယဉ်၊ ရဲဘော် လဘန်လ၊ ရဲဘော်စံအေး၊ ရဲဘော်သန်းမောင်၊ ရဲဘော်သိုက်ထွန်း၊ ရဲဘော် စိန်ထွန်း၊ ရဲဘော် ကြင်မောင်ပါ"

"ဟော့ လူလေး၊ စံသာဦး"

"ဟုတ်ကဲ့အဖေ" ပြောသံနှင့်အတူ စံသာဦးသည် သူ့အဖေဘေးသို့ ကုပ်ကုပ်ကလေးရောက်လာ၏။

"သည်ရဲဘော်တွေကို မင့်အသက်နဲ့လဲပြီး စောင့်ရှောက်ရမယ်။ သူတို့ကို စောင့်ရှောက်ခြင်းဟာ တစ်မျိုးသားလုံးရဲ့ အရေးတော်ပုံကြီး အောင်မြင်အောင် ဆောင်ရွက်သာနဲ့ အတူတူပဲ"

"ဟုတ် ဟုတ်ကဲ့ အဖေခင်ဗျာ"

"ဦးခင်မောင်တင့်တို့အိမ်"

ထိုသို့ရေရွတ်ပြီးမှ ကိုမိတ္တသည် ဘရှေကျိုင်းအား လှည့်မေး၏။

"ဖြစ်ပါ့မလားဘဒွေး"

"ဖြစ်သယ်၊ဖြစ်သယ်။ တစ်ခုတော့ရှိသယ်ဟော့၊သမီးပျိုတော့ ရှိသကွ"

'ရဲရည်သံသွင် ကုံတွင်မှုထမ်း ရဲစွမ်းကျော်လှစ် ခြောက်ကျိပ်ရှစ်တည့်။ စစ်စစ်တွက်တွက် မြင်းရည်တက်သည်၊ ပြိုင်ဖက်လွတ်ကင်း ရဲဘော်သင်း'

ကိုမိတ္တ၏ ရဲဘော်တစ်ကျိပ်တစ်ယောက်မှာ ဘရှေကျိုင်း၏ ဆွေသား မျိုးသားကြားသို့ တစ်ခဏချင်း ဝင်ရောက်ပျောက်ကွယ်သွားကြလေ၏။

ထိုအချိန်အခါက သန်းခေါင်စာရင်း ပေါ်ပေါက်ခဲ့ပြီ။ သို့သော် တိတိ ကျကျ အကောင်အထည် မဖော်နိုင်သေး။ အမျိုးသား မှတ်ပုံတင်ကတ် ပေါ်ပေါက်ရန် ၁၆ နှစ်ခန့် လိုသေးသည်။ သို့အတွက် ရဲဘော်တစ်ကျိပ်တစ်ကို ဖော်ထုတ်ရန် မလွယ်ချေ။

အချိန်အခါမှာ ကုန်ရောင်းသွားရင်း စက်သေနတ်ဒဏ် ဗုံးဒဏ်မိကာ သေသူလည်းမရှား၊ ကုန်ဝယ်သွားရင်း သေသူလည်း အများဖြစ်၏။ ကလေး

ရှင်ပြုရန် ပရိက္ခရာရှစ်ပါး သွားရောက်ဝယ်စဉ် လမ်းခုလတ်၌ ချွေးတပ် အဆွဲခံရသဖြင့် လူမသိသူမသိ အနတ္တမ။ လယ်ထဲယာထဲသို့သွားစဉ် ကင်ပေတိုင် အဆွဲခံရသူများမှာလည်း မိဘဆွေမျိုးများထံသို့ အကြောင်း ကြားခွင့်မရသဖြင့် လူမသိသူမသိ ပျောက်ကွယ်နေသူများလည်းရှိ၏။ တစ်ဖန် ဝရမ်းပြေး၊ ချွေးတပ်ပြေးစသည်များ။

ထို့အပြင် ဘီအိုင်အေနှင့် လိုက်သွားပြီး တစ်ခေါက်မျှ ပြန်မလာသူ။ ဘီဒီအေခေတ်ကျမှ လိုက်သွားသူ။ ဟေးဟိုးတပ်ကို ဗမာ့တပ်မတော်အထင် ဖြင့် မလည်မဝယ် လိုက်ပါသွားသူများလည်း ရှိသေး၏။ သို့အတွက် စာရင်း ပြုစု၍ မရလေ။

ရဲဘော်များသည်စစ်ပြေးများယောင်ယောင်၊ သူရင်းငှားလိုလို၊ ကြက်သွန်နုတ်၊ ရောဂါရှောင်၊ ဝါးဖောင်သမားဟန်ဖြင့် နေကြလိမ့်မည်။ သူတို့ နေထိုင်ရမည့် အိမ်အသီးသီးသို့ ရဲဘော်များ ပါသွားပြီးမှသာ၊ ကိုမိတ္တာ ထိုင်နိုင်သည်။

သူထိုင်မိလျှင် ထိုင်မိချင်း "ဂျပန်ကို ဘယ်တော့လောက် ငါ့တူတို့ ပြန်ချမှာလဲ" ဟု ဦးတောက်ထိန်က ကောက်ကာငင်ကာမေး၏။

"ဂျပန်ကို ကျွန်တော်တို့ တပ်မတော်က ပြန်ချလိမ့်မယ်လို့ အဘ ထင်နေလို့လားခင်ဗျာ"

ကိုမိတ္တာက တိုင်ကွယ်တွင်းမှ မထွက်ဘဲ ဖျော့တော့သော မီးရောင် အောက်ရှိ ဦးတောက်ထိန်အား စူးစမ်းကြည့်ဖြင့် စိုက်ကြည့်ရင်း ပြန်မေး၏။

"အရပ်သူ အရပ်သားဆိုတာက ဂျပန်ရဲ့ နှိပ်စက်စော်ကားမှုကို ဘယ်လောက်ပဲ ခံရခံရ ပြန့်ကြဲနေတာမို့ ပြန်ချဖို့ မလွယ်ဘူးမောင်ရဲ့။ တစ်စုတစ်စည်းတည်းလည်းရှိ၊ လက်နက်လည်းရှိ၊ စစ်ပညာလည်း တတ်ထားသူက တပ်မတော်ပဲရှိတယ်ကွ"

"ဒါတော့ ဟုတ်ပါသယ်ခင်ဗျာ"

## ပုဂံစာအုပ်တိုက်

"နေဦး၊ ငါ့စကား မဆုံးသေးဘူးမောင်ရ။ တပ်မတော်ကိုမှ ကွက်ပြီး ဘာပြုလို့ အားကိုးရသတုန်းဆိုတော့၊ သည်လိုကွ။ ဂျပန်ရယ်လို့ တက်လာကတည်းက ငါတို့မြန်မာတွေချည်းပဲ ပါးရိုက်ခံခဲ့ရတယ်ကွ။ ဟိုနေရာမှာ ပါးရိုက်သွားပြီ၊ ဘယ်သူခံရသတုန်း၊ မြန်မာအဘိုးကြီး။ ဘယ်သူကရိုက်တာတုန်း၊ ဂျပန်။ သည်နေရာမှာ ပါးရိုက်သွားပြန်ပြီ၊ ခံရတာ ဘယ်သူတုန်း၊ မြန်မာအမယ်ကြီး။ ရိုက်တာ ဘယ်သူတုန်း၊ ဂျပန်"

"ခမျာမှာ မိုင်ပေါင်းသောင်းချီဝေးသဲ့အရပ်က အဝတ်မပါဘဲလာခဲ့ပြီး ပေးစရာဆိုလို့ ပါးရိုက်ပြီး စော်ကားသဲ့ ပညာလေးပဲ ပါပါသယ်ဗျာ"

ဘရွှေကျိုင်းက "ပါးကျိုးပါးကျဲ" စကားဖြင့် သရော်၏။

"ဟုတ်သဗျ။ အဲသလိုနေခဲ့ရာက တစ်နေ့မှာတော့ ထူးဆန်းတဲ့ ပါးရိုက်မှုတစ်ခုဖြစ်ပွားပါလေရောဟေ့။ ဂျပန်စစ်သားကို မြန်မာစစ်ဗိုလ်ကလေးက ပါးရိုက်သာ၊ သွက်သွက်ခါနေသတဲ့။ တစ်မြို့လုံး ဝမ်းသာလွန်းလို့ကွာ၊ကတဲ့လူက က။ ခုန်တဲ့လူက ခုန်နဲ့ကွာ။ အဲဒါကြောင့် သည်အယုတ်တမာ မိစ္ဆာကောင်တွေကို ချလွတ်နိုင်သူဟာဖြင့် တပ်မတော်ပဲရှိတယ်လို့ သဘောရတဲ့အတွက် အခုလို မေးတာပါကွယ်"

ပြည်သူက တပ်မတော်ကို အားကိုးမျှော်လင့်နေကြောင်း ထင်ရှားပေါ်လွင်သည့် စကားဖြစ်၏။ ထိုစကားအတွက် ကိုမိတ္တဂုဏ်ယူသည်။ ပြုံးစေ့စေ့ ဖြစ်နေစေကာမူ သူ့မျက်လုံးများသည် မှောင်ရိပ်မှာပင် တောက်ပသည်။

"လူတန်းစားပေါင်းစုံနဲ့ ဖွဲ့စည်းထားသဲ့ ကျွန်တော်တို့ တပ်မတော်ကြီးဟာ ပြည်သူ့သားတွေပါအဘ။ ပြည်သူ့သားဟာ မိဘဖြစ်သဲ့ ပြည်သူကို အလုပ်အကျွေးပြုသောအားဖြင့် ပြည်သူ့ဆန္ဒကို ဖြည့်စွမ်းရမယ့်တာဝန် ရှိပါသယ်ခင်ဗျာ"

"မင့်စကားက ဝေ့လည်လည်နဲ့ကွာ"

ဘရွှေကျိုင်းက စိတ်မရှည်သံဖြင့်ငေါက်၏။

**ပုဂံစာအုပ်တိုက်**

“ဘဒွေးရာ ဘဒွေးတို့ပြည်သူလူထုက ဘာလုပ်ချင်သတုန်း။အဲသည် ဥစ္စာဖြစ်လာရင် မကျေနပ်ဖူးလား”

“သလိုဆိုရင်လည်း ကျေနပ်ပါတော့ ဆရာကျိုင်းရာ။ သူ့မှာ ပြောခွင့်မရှိလို့ အတိအလင်း မပြောတာနေမှာပေါ့ဗျာ”

ဦးတောက်ထိန်က ဝင်ရောက်နှစ်သိမ့်မှ “အင်း၊ သာလည်း ဟုတ်ပါ သယ်လေ” ဟု ဘရွှေကျိုင်း အလျှော့ပေးလိုက်လေ၏။

“ဘဒွေးတို့၊ အဘတို့ကို ကျွန်တော် မသွားခင် မှာခဲ့ပါရစေ။ အခု ဘဒွေးတို့၊ အဘတို့ဟာ အသက်တမျှ အရေးကြီးသဲ့ တာဝန်တစ်ရပ်ကို ခွဲဝေထမ်းဆောင်နေကြပါပြီ။ အသေးအဖွဲ့ကစပြီး မီးခိုးကြွက်လျှောက် လိုက်ရင်းနဲ့ အခုကိစ္စကြီး ပေါ်သွားရင် အားလုံး သေမှာပဲခင်ဗျာ့”

“ဟော့ကောင် ရှင်းရှင်းပြောပါဟ”

ဘရွှေကျိုင်း ငေါက်ပြန်ပြီ။

“ဂျပန်ဆန့်ကျင်ရေးကို တွေ့ကရာလူ မပြောပါနဲ့ခင်ဗျာ်။ အမျိုးသား သစ္စာဖောက်တွေဟာ ခေတ်အဆက်ဆက်မှာ ရှိသယ်ခင်ဗျာ့”

“အေး ခွေးဆန့်ကျင်ရေးတော့ ပွဲစားကြီးရယ်၊မောင်ခင်မောင်တင့်ရယ်၊ မင်းအမေရယ်၊ ငါ့မရီးရယ်ပဲ ပြောပါသကွာ။အဲ ဦးလူအေးလည်း ပြောမိသကွ”

နောက်ပြီး တုတ်မီးရှိရင် မြေမြှုပ်ပစ်ပါ ဘဒွေး။ ဓာတ်ခဲကိုလည်း အဟောင်းဆိုပြီး မပေါ့နဲ့ခင်ဗျာ့။ ကိစ္စသာ တုံးပစ်လိုက်”

“ဟဲ့ ဘာဖြစ်လို့တုန်း။ တုတ်မီးထဲထည့်သဲ့ ဓာတ်ခဲဟာ လယ်ထဲ၊ ချောင်းထဲ သွားသဲ့အခါမှာ သာကိုပဲ အားကိုးရသာဗျား”

“ဂျပန်တွေ့လို့ကတော့ ဖမ်းပြီး နှိပ်စက်တော့သာပဲခင်ဗျာ့။ နောက်ဆုံး နှိပ်စက်သဲ့နည်းက ဗိုက်ပေါ်ကို ဒန်ခွက်၊ သံခွက်၊ ကြေးဖလားတစ်ခုခုတင်ပြီး မှောက်ထားသဗျ။ အဲသည်ထဲကို ကြွက်ထည့်၊ ထည့်ပြီးတော့မှ ခွက်ပေါ်မှာ မီးကျီးခဲတွေ တင်သယ်ခင်ဗျာ့”

## ပုဂံစာအုပ်တိုက်

"အဲသည်တော့"

အထက်တန်းကျသည့် ယဉ်ကျေးမှုရှိသော လူမျိုးတစ်မျိုးသည် ထိုမျှ ယုတ်မာကြမ်းတမ်းရက်စက်၍ အောက်တန်းကျသည့် နှိပ်စက်နည်းကို သဘောမပေါက်။

"ဖုံးထားသဲ့ခွက် ပူလာသဲ့အခါ ခွက်ထဲက ကြွက်ဟာ ထွက်ပေါက် ရှာတော့သာပေါ့ ဘဒွေးရာ"

ဦးတောက်ထိန်ရော ဘရွှေကျိုင်းပါ "ဟာ" ခနဲ ပြိုင်တူ အော်မိကြ၏။ ဖုံးထားသော ခွက်၏ အပူဒဏ်မှ လွတ်ရာရှာသော ကြွက်အတွက် ကိုက်ဖောက်ရန် လွယ်သောအရာသည် လူ၏ ဝမ်းဗိုက်သာရှိ၏။ အနှိပ်စက် ခံရသူမှာ မသေမီကပင် ဝမ်းဗိုက်ကို ကြွက်ကိုက်သဖြင့် မချိမဆံ့ခံရမည်။ ဗိုက်ပေါက်သွားပြီးနောက်တွင်လည်း အူတွေကို ကြွက်က တိုးဝှေ့ကိုက်ခဲ တော့မည်။ အတွေးဖြင့်ပင် အဘိုးအိုနှစ်ယောက်မှာ အသည်းအူ တုန်ကြ ရ၏။

"သည်ကောင်တွေ လူမှ ဟုတ်ကြသေးရဲ့လား"

"နေပါဦးကွ။ ဓာတ်ခဲနဲ့ လက်နှိပ်ဓာတ်မီးတွေ့ရုံနဲ့ ဘာပြုလို့ နှိပ်စက်ရ သာတုန်း"

ဘရွှေကျိုင်း၏ အညည်းနှင့် ဦးတောက်ထိန့်အမေး။

"စပိုင်တဲ့ အဘရေ့၊ ညအခါ ပျံသန်းလာတဲ့ လေယာဉ်ပျံကို လက်နှိပ် ဓာတ်မီးနဲ့ အချက်ပြနိုင်သဲ့အတွက် အချက်ပြဆက်သွယ်နိုင်တဲ့အတွက်ပေါ့ ခင်ဗျာ"

"အံမာ၊ မုန့်သေတ္တာပုံးထဲ မီးခွက်ထည့်ပြီးတော့ကော ဖွင့်ချည် ပိတ်ချည်လုပ်ပြီး အချက်ပြလို့ မရတော့ဖူးတဲ့လား"

"သာယေမယ့် ဖက်ဆစ်တွေကတော့ နိုင့်ထက်စီးနင်းလုပ်လို့ကောင်းတိုင်း လုပ်နေသယ် ထင်သာပါပဲဘရာ"

## ပုဂံစာအုပ်တိုက်

ဦးတောက်ထိန်၏အမေးကို ကိုမိတ္တက ညည်းညည်းတွားတွား ဖြေသည်။

"မင်းပြောသဲ့ စပိုင်ဆိုသာ တကယ်ကောရှိသလားဟ"

"ရှိပါသယ် ဘဒွေးခင်ဗျာ။ အနီးဆုံး သာဓကပြရရင် မင်းဘူးမှာပေါ့ ဘဒွေးရာ။ မနှစ်တုန်းက ထင်ပါရဲ့။ တစ်ခရိုင်လုံးမှာရှိသဲ့ သူကြီးတွေရဲ့ နှစ်လုံးပြူး၊ မြေပိုင်ရှင်တွေရဲ့ နှစ်လုံးပြူးတွေ လာအပ်ရမယ် အမိန့်ထုတ်ပါလေရော"

"အဲသာ ဘာသဘောတုန်းကွ"

"အချက်နှစ်ချက် ခန့်မှန်းလို့ရသယ်ခင်ဗျာ။ ပထမအချက်က သူတို့ကို ပြန်တိုက်မှာစိုးလို့။ ဒုတိယအချက်က ဆူဘတ်ချန်ဒရာဘို့စ်ကို လိမ်ဖို့"

"မစ္စတာဘို့စ်က အိန္ဒိယကွန်ဂရက်က မဟုတ်လားကွ"

ဦးတောက်ထိန်၏အမေးကို ကိုမိတ္တ မဖြေတတ်။

"ဟုတ်မယ် ထင်ပါသယ် အဘ။ မစ္စတာဘို့စ်က ဂျပန်နဲ့လာပေါင်းတော့ ဂျပန်က အိန္ဒိယလွတ်လပ်ရေး တပ်မတော်ဆိုပြီး ဖွဲ့ပေးပါသယ်။ လူလိုသလောက်ရပေမယ့် လက်နက်မရှိသဲ့အတွက် သူကလည်း မပေးနိုင်သာလား မပေးချင်သာလား တစ်ခုခုပေါ့ခင်ဗျာ။ အဲသာကြောင့် စစ်မြေပြင်မှာ သွားသုံးရင် သေဖို့ကလွဲလို့ တခြားမရှိသဲ့ နှစ်လုံးပြူးတွေကို အိန္ဒိယလွတ်လပ်ရေး တပ်မတော်ကိုပေးဖို့ စုလေသလား တွေးကြသယ်ခင်ဗျာ"

"အေးပါ၊ ခုနက စပိုင်ပဲ ဆက်ပါဦး"

ဘရွှေကျိုင်းက စကားစ မပြတ်စေရန် ထောက်ပေး၏။

"ဘယ်နေ့ဘယ်ရက် ၁၂ နာရီ နောက်ဆုံးထားပြီး ခရိုင်ဝန်ရုံးကို လာအပ်ရမယ်ဆိုသဲ့ အမိန့်အရ လာအပ်ကြလို့လည်းပြီးရော ၁၂ နာရီခွဲမှာ အင်္ဂလိပ်လေယာဉ်ပျံတွေလာပြီး စက်သေနတ်နဲ့ပစ်၊ မီးလောင်ဗုံးတွေ တစ်မြို့လုံး ကြဲလိုက်သာ နှစ်လုံးပြူးသေနတ်ပုံ[illegible] မီးသွေးပုံကြီး

ဖြစ်သွားသတဲ့ ခင်ဗျာ့။ အဲသာကြောင့် ဝါယာလက်စက်ရှိသဲ့ စပိုင်တွေ ရောက်နေသာ သေချာတယ် ဘဒွေးရေ့"

"အီတလီနဲ့ ဂျာမနီ စစ်ရှုံးသာကော သေချာရဲ့လားကွယ့်"

"ရန်ကုန်ထုတ် သတင်းစာ အဟောင်းအမြင်းတွေ ကြုံတုန်းဖတ်ရ သာမှာ အတိအလင်း ပါသာပါခင်ဗျာ့"

"သူ့မဟာမိတ်တွေ စစ်ရှုံးသဲ့သတင်းကိုထည့်သာ မဖမ်းဖူးလား"

"ဖုံးဖိလို့ မရသာမို့ ထည့်ခွင့်ရသာပါအဘရာ။ သူကိုယ်တိုင် ပစိဖိတ် စစ်မျက်နှာမှာ စစ်ရှုံးသာကျတော့ မထည့်ရဘူးခင်ဗျာ့။ သတင်းစာကို စက်တင်ပုံနှိပ်ခါနီးမှာ ကင်ပေတိုင်ကိုသွားပြသဲ့အခါ ဟိုဟာဖြတ် သည်ဟာ ဖြတ် ဟိုဟာပိတ် သည်ဟာပိတ် အမိန့်ပေးသဲ့အတွက် သတင်းစာမှာ အဖြူ ကွက်ကြီးတွေ တွေ့ရလေ့ရှိသယ်လေ"

ဦးတောက်ထိန် ခေါင်းတညိတ်ညိတ်ရှိစဉ် ဘရွှေကျိုင်းက စခန်း ထပြန်၏။

"ဂျာမနီဟာ ပထမကမ္ဘာစစ်မှာ စစ်ရှုံးခဲ့ပါလျက်နှင့် ဘာပြုလို့ အခုလို တိုက်ရသာတုန်း"

"စစ်ရှုံးခဲ့ရသာကို မကျေဘူး ဘဒွေးရ။ ပြီးတော့ အင်္ဂလိပ် အမေရိကန် မှာ မရှိသေးသဲ့ လက်နက်ဆန်းတွေ သူ့မှာရှိလာတော့၊ စစ်ပြေငြိမ်းကြပါစို့။ ခင်ဗျားလိုချင်သာပေးပါ့မယ် ပြောလိမ့်မယ်များ ထင်နေသလားမှ မသိသာ ခင်ဗျာ့။ ဟုတ်ပါသယ်၊ သူဟာ အရင်းရှင်အချင်းချင်းကိုပဲ အမဲရိုးလုပွဲ ဆင်နွှဲ နေရင်တော့ သူ့လိုလားချက် ရကောင်းရမပေါ့။ သို့သော် အလုပ်သမား လယ်သမားတွေ ပစ္စည်းမဲ့ အာဏာထူထောင်ထားသဲ့ ဆိုဗီယက်ပြည်ထောင်စု ကို သွားပြီးတိုက်သာမှာ မဟာအမှားကြီး ကျူးလွန်မိရာရောက်ပြီး နာလန် မထူနိုင်အောင် ဖြစ်သွားတော့သာပါပဲ ဘဒွေးခင်ဗျာ့"

"မင်းတို့ ရွတ်ရပ်က ဂျာမနီထက် အားကြီးလို့လား"

**ပုဂံစာအုပ်တိုက်**

"အလုပ်သမား၊လယ်သမား အာဏာရှင်စနစ်နဲ့ တည်ထောင်ထားသဲ့ ပစ္စည်းမဲ့နိုင်ငံဟာ အလိုလိုနေရင်းကို အင်အားကြီးပြီးသား ဖြစ်နေပြီခင်ဗျာ။ ပြည်သူကိုအခြေခံသဲ့ ပြည်သူ့စနစ်နဲ့ ချေမှုန်းသယ်။ နောက် ဆိုဗီယက် ပြည်ထောင်စုရဲ့ ဆောင်းရာသီကိုလည်း ဂျာမနီတွေ မခံနိုင်ဘူး"

"နေပါဦးကွ" အစချီကာ "ဟစ်တလာက ဘာတွေထွင်ထားလို့ လက်နက်ဆန်းတွေရှိသယ် ပြောရသာတုန်း"ဟု ပွဲစားကြီးက ဖြတ်မေး၏။

"ပထမ ရေမြုပ်ဗုံး၊ ဒုတိယ ဗုံးပျံခင်ဗျာ။ ရေမြုပ်ဗုံးရဲ့ သဘောကို မသိခင်တုန်းက အင်္ဂလိပ်ကုန်သင်္ဘောတွေ၊ စစ်သင်္ဘောတွေ တစ်စင်းပြီး တစ်စင်းမြုပ်ကုန်သယ်။ဒါပေမယ့် ရေမြုပ်ဗုံးရဲ့ သဘောသဘာဝကို သိသွားသဲ့ အခါမှာ မထိရောက်တော့ဘူးခင်ဗျာ"

"ဩော် ဩော်၊ ဟိုဒင်း ဗုံးပျံဆိုတာကကော"

"ဗိဝမ်း ဗိတူး ဆိုသာပါခင်ဗျာ။ အမြောက်ကျည်ဆန်ဟာ ဗုံးတစ်မျိုး ပါပဲခင်ဗျာ။ သို့သော်လည်း ဗိဝမ်း ဗိတူးက အမြောက်ဆန်ထက်ပိုပြီး ဝေးဝေး ပြေးသဲ့အတွက် လန်ဒန်တစ်မြို့လုံး ရစရာမရှိအောင် ပျက်စီးကြ သေကြ သာပေါ့။ သည်လက်နက်တွေ လေထဲမှာ ပျံတက်လာတုန်း အင်္ဂလိပ် လေတပ်က စက်သေနတ်နဲ့ပစ်ပြီး ဖျက်ဆီးပစ်သဲ့အတွက် လိုရာမရောက်ခင် လေထဲမှာ ပေါက်ကွဲပျက်စီးကုန်တော့ မထိရောက်ပြန်ဘူးလေ"

"အင်း အင်း၊ သည်လိုကိုး"

"အင်္ဂလိပ်က ရေတပ်အရာမှာ အစကတည်းက ဂျာမနီထက် သာလွန်နေခဲ့ရာမှာ ပစ္စည်းဆန်းတစ်ခု ပိုင်ထားပြန်တော့ ရေတပ်တိုက်ပွဲ မှာလည်း စောစောကတည်းက ဂျာမနီ ရှုံးသယ်ခင်ဗျာ"

"လုပ်စမ်းပါဦး၊ ဘာပါလိမ့်"

"ဥပမာ ရိုးရိုးမှန်ပြောင်းဟာ ငါးမိုင်ပဲမြင်သယ် ဆိုပါစို့ခင်ဗျာ။ အင်္ဂလိပ်ရေတပ်မှာ မှန်ပြောင်းထက်ပိုပြီး မြင်နိုင်သဲ့ကိရိယာရှိထားသယ်။

သည်တော့ ဂျာမနီရေတပ်ကမမြင်ခင် သူက ကြိုပြီးမြင်နှင့်သယ်၊ အမြောက်နဲ့ ပစ်သယ်။ ဟ ဘယ်ကပစ်ပါလိမ့် ရန်သူကိုရှာသယ်၊ မမြင်ရဘူး။ မမြင်ရတော့ ပြန်ပြီးမပစ်နိုင်ဘူး။ အဲသည်နည်းနဲ့ ဂျာမနီသင်္ဘောတွေ တစ်စင်းပြီး တစ်စင်း"

"ဟေ့ တော်ကွာ တော်ကွာ။ အင်္ဂလိပ်တော်သာ မကြားချင်ဘူး။ ငါကြားချင်တာက...."

ဘရွှေကျိုင်း၏ ကြားဖြတ်စကားဖြစ်သည်။

"အယုတ်တမာတွေကို ဘယ်နေ့မှာ ပြန်ချမတုန်း။ ဒါပဲ သိချင်သယ်"

"လာမှာပေါ့ဘဒွေးရာ။ 'တကောင်းက ဒေါင်းကြွလာမည်၊ ခေါင်းခါ လျှော်လို့၊ ကျောင်းတော်ဆောင် ဖောင်ကူးတို့ဆီက ဘီးတို့ပတ်ရိုက်လို့နေ' ဆိုသဲ့ တဘောင် အရှိသားပဲခင်ဗျာ"

✱

## ၁၃

"ရိုက်ဖယ်ကို ကိုင်ဆောင်ကာ နိုင်အောင်သာတိုက်ပါ မောင်ရယ်၊ ချစ်သူ အတွက်နဲ့ နောက်ဆံမတင်းနဲ့ကွယ်၊ ခင်တို့ကလည်း အားပေးပါမယ်"

ပလွေသံသည် သရက်ပင်ခွကြားမှ လွင့်ပျံလာ၏။

အခြားသစ်ပင်တွေ ရွက်ဟောင်းပစ်ပြီး ရွက်သစ်လဲချိန်တွင် ရိုးတံ ငေါငေါ ရွက်သစ်ဝေကြဲြား သရက်ပင်ကား ရွက်ဟောင်းဝေမြဲဝေသည်။ သရက်သီးမှည့်စားသော အေးရိပ်ခို ငှက်များ၏ မြည်ကြွေးသံနှင့် ဖိုးသူတော်၏ ပလွေသံတို့ ပြိုင်ဆိုင်နေကြသည်။

ပလွေသံရပ်သွားသဖြင့် ကိုင်းဖျားတွင် မျောက်များနယ် စောက်ထိုး တွဲလွဲဆွဲကာ ကိုင်းဖျားမှတက်ရန် ကြိုးစားနေသော ကြံတိုင်းအောင်သည် ကျွမ်းပစ်ပြီး ခုန်ဆင်း၏။

"မှတ်လကွာ၊ ပင့်ကူမြွေးကွာပြန်ပြီလား။ ခါချဉ်ထုပ်လည်း ရှာပါကွ"

"ဂျပန်တွေ လာနေပြီ။ မင့်နွားမကို မြင်သွားမယ်။ သွားမောင်းချေဦး"

ဖိုးသူတော် အလောတကြီးပြောသည်။ ပလွေကို ခါးတွင်ထိုးပြီး အဖုအထစ်တွေကိုမေ့လျက် ကသောကမျောဆင်းသည်။

ကြဲတိုင်းအောင်သည် ပြေးလည်းပြေး၏။ ကိုင်းတောအပြင်သို့ ထွက်လာသော နွားမကိုလည်း အသံပေး ဆဲရေး၏။ ခွလောက်လေးဖြင့်လည်း ပစ်၏။ နွားကျားမသည် ကြဲတိုင်းအောင်အား လှမ်းကြည့်ပြီး ကိုင်းတော ဘက်သို့ ချာခနဲလှည့်၏။ လှည့်ပြီးမှ ကိုင်းငုတ်တစ်ခုကို ငုံ့ဟပ်သည်။

"ဟိုနွားမတော့ သေပြီမှတ်"

ကြဲတိုင်းအောင် ကြုံးဝါးနေစဉ် သေနတ်သံတစ်ချက် ပေါ်လာသည်။ နွားမ တုန်ခါလျက် ခေါင်းမော့ကြား ဝေါခနဲအော်လျက် ထိုးလဲသွားလေ၏။ ဖိုးသူတော်နှင့် ကြဲတိုင်းအောင်တို့၏ ဆဲရေးသံများ မိုးလုံးညံ၏။ လောက် စာလုံးများလည်း လေတွင် ပျံဝဲ၏။ ချုံဖုတ်များ၊ သစ်ပင်အကွယ်များမှ ဂျပန် တွေပေါ်လာသည်။ နွားကျားမထံ ပြေးလာသော ဂျပန်မှာ ရှေ့ဆက်မလာနိုင်။ လောက်စာလုံးဒဏ်ကို လက်ကားယား ခြေကားယားဖြင့် ခံနေရသည်။

"ပြေးဟေ့ ပြေးဟေ့။ ဦးကြင်မောင် သွားပြော"

"ကြဲတိုင်းအောင်ရေ။ နွားတွေ မင်း မ ခဲ့ဟေ့"

ဖိုးသူတော်သည် ရဲဘော်ကြင်မောင် မှာထားသည့်အတိုင်း ရဲဘော် ကြင်မောင်ရှိမည့်ဘက်သို့ ပြေးသည်။ ပြေးရင်းက အော်ပြောသွားသည်။ ကြဲတိုင်းအောင်သည် နွားတွေကို ခွလောက်လေးဖြင့်ပစ်ပြီး နှင်သည်။ သို့သော် သူ ခံပြင်းသည်။ နွားကျားမကို အကြောင်းမဲ့သတ်သော လူယုတ်မာ ကြီးတွေ။

လဲကျသွားသည့် နွားမအေးတွင် ဂျပန်ငါးယောက် သွားတဖြီးဖြီးဖြင့် အုံနေကာ အမဲဖျက်ရန် ဘဲနက်တွေကိုထုတ်ပြီ။ ကြဲတိုင်းအောင် ပိုပြီး စိတ်ဆိုး လာသည်။ ဘဲနက်မြှောက်လိုက်သော ဂျပန်၏မျက်နှာကို ချိန်ပြီးပစ်ကြား လက်ကိုသာမှန်သည်။

**ပုဂံစာအုပ်တိုက်**

ဘဲနက် လွတ်ကျသွားသဖြင့် ဂျပန် ထရပ်၏။ သေနတ်ကို ကျော ဘက်မှ ဆွဲယူစဉ် လောက်စာလုံးတစ်လုံး ပျံဝဲလာသည်။ သေနတ်ဖြင့် ချိန်နေသော သွားခေါ်၏ မျက်လုံးကို ထိတော့သည်။

သေနတ်သံတစ်ချက် ပေါ်လာချိန်တွင် ကြဲတိုင်းအောင်သည် နွားအုပ် နောက်သို့ ပြေးလိုက်လာခဲ့လေ၏။

သူတို့ ညီအစ်ကိုနှစ်ယောက် နွားကျောင်းနေသော နေရာသည် တောလမ်းနှင့် တစ်မိုင်ကျော်ဝေး၏။ တောလမ်းဝဲယာတွင် မြက်ပေါ်ပြား မည်သည့်နွားကျောင်းသားမျှ မသွားပေ။ မသွားခြင်းမှာ အယုတ်တမာ ဖက်ဆစ်များ၏ ရန်ကြီးသောကြောင့်ဖြစ်၏။

ဖက်ဆစ် အယုတ်တမာများသည် နွားစာကျက်များသို့ ရှောင်တခင် ဝင်ရောက်ကာ တွေ့ရာနွားကိုပစ်သတ်သည်။ နေရာတွင် ချက်ချင်းဖျက်ဆီးပြီး အသားများကို ယူငင်သွားလေ့ရှိသည်။ သို့အတွက် နွားများသည် စားကျက် သို့ မလာတော့ပေ။ ကိုင်းတောကောင်းရာအရပ်၊ ချုံထူသောနေရာများ တွင်သာ ခလောက်သံမည် ခြုသံမလွင်စေဘဲ တိတ်ဆိတ်စွာ အစာစားသည်။

ဂျပန်စစ်သားများသည် စားကျက်တွင် နွားများကို မတွေ့ရသောအခါ လှည်းလမ်းကြောင်းတွင် ပုန်းအောင်းစောင့်ဆိုင်းသည်။ လှည်းလမ်းကြောင်း အတိုင်း မောင်းနှင်လာမိသောလှည်းမှာ မသက်သာတော့ပါ။ လှည်းပေါ်တွင် အရေးတကြီးလူနာ ပါလာသည်ဖြစ်စေ၊ လေးလံသောဝန်စည်စလယ် ပါသည် ဖြစ်စေ သူတို့အရေးမထားပါ။ လှည်းထဲရှိနွားကိုပစ်သတ်ပြီး ဖျက်ယူကြသည်။

လှည်းလမ်းကြောင်းတွင် လှည်းများ မသွားလာတော့ပါ။

စားကျက်တွင်လည်း နွားတွေမရှိ၊ လမ်းတွင်လည်း နွားလှည်းမလာ သဖြင့် ယခုကဲ့သို့ တောနင်းရှာဖွေပြီး ပစ်သတ်ခြင်းဖြစ်သည်။

သည်အခါတွင် ဂျပန်များမှာ နွားမတစ်ကောင်ကားရပါ၏။ ရသော်ငြား မျက်လုံးတစ်ဖက်နှင့် လဲလှယ်လိုက်ရပြီ။

## ပုဂံစာအုပ်တိုက်

ဂျပန်များသည် နွားသေကိုထားခဲ့သည်။ ကြံတိုင်းအောင်ကို မျက်ခြည်ပြတ်မခံဘဲ လိုက်လံဖမ်းဆီးသည်။ ဂျပန်စစ်သားကြီးများသည် ဥမမည် စာမမြောက် ကြံတိုင်းအောင်ကို မမိပါ။ သေနတ်ဖြင့် ပစ်၏။ မထိပါ။

ကြံတိုင်းအောင်သည် သစ်ပင်အကွယ်မှ ပေါ်လာ၏။ ချုံကြားမှ ပေါ်လာ၏။ ကမူထိပ်မှ ပေါ်လာ၏။

ထိုအချိန်တွင် ရဲဘော်ကြင်မောင်ထံသို့ ဖိုးသူတော်ရောက်သွားပြီ။ သေနတ်သံ၏အကြောင်းရင်းနှင့် ရန်သူအရေအတွက်ကို သိရပြီ။

ကြံတိုင်းအောင်သည် နောက်ဆက်တွဲ လိုက်လာမည့် အခက်အခဲကို ကြိုတင်မတွေးဆတတ်ပေ။ သို့အတွက် ရွာအရောက်ပြန်ပြေးကာ အကျိုးအကြောင်းကို ငိုကြီးချက်မ ပြောပြသည်။

ဘရွှေကျိုင်းမှာ အိမ်အောက်တွင် မောင်နှမနှစ်ယောက်ထိုင်ပြီး ဂျပန်စက္ကူများအကြောင်း တိုင်ပင်နေခိုက်ဖြစ်သည်။ ကြံတိုင်းအောင် ပြေးလာသည်ကိုမြင်သဖြင့် ကြည်လှလည်း အကျိုးအကြောင်းမေးရန် ကူးလာသည်။

ဂျပန်စစ်သားများသည် ဖုန်လုံးမပြတ်မီ မီအောင် လိုက်လာကြသည်။ ရိပ်ခနဲမြင်လိုက်သည်နှင့် ကြံတိုင်းအောင် လှစ်ခနဲ ထွက်ပြေးလေ၏။

"ကျားအောင် ဘယ်မလဲ ထုတ်ပေ"

မြန်မာစကား ပီသလိုက်သည့် အယုတ်တမာ။

"ဘယ်ကကျားအောင်တုန်း၊ မရှိဘူး"

"ဘိမာမီးမ လဒဂ"

မျက်မှန်နှင့် ဂျပန်၏မျက်လုံးတွေ ကြည်လှထံ ရောက်လာသည်။ ကြည်လှ နောက်ဆုတ်ကာ လှည့်ပြေးသည်တွင် ဂျပန်က ပြေးဆွဲ၏။

ကြည်လှသည် ဒေါ်ဆယ်၏မြေးဖြစ်၏။ ဘရွှေကျိုင်း၏မယား မရွှေခက်၏ တူမဖြစ်သည်။ ဘရွှေကျိုင်းနှင့် သွေးမစပ်ငြား ဆွေတော်နေသည်။

## ပုဂံစာအုပ်တိုက်

သို့သော် ကြည်လှသည် တစိမ်းပြင်ပြင် ရေသွင်သွင်ဖြစ်စေဦးတော့၊ မြန်မာအမျိုးသမီးတစ်ယောက်ကား ဖြစ်နေပေသည်။ဘရွှေကျိုင်း မည်သို့လျှင် မျက်နှာလွှဲနေနိုင်ပါမည်နည်း။

"ဟေ့ လွှတ်လိုက်စမ်း"

ဘရွှေကျိုင်း ထရပ်ပြီး ဂျပန်ကို ငေါက်သည်။

ဂျပန် လှည့်ကြည့်သည်။ ကြည်လှကိုကား မလွှတ်။ တဟားဟား ရယ်မောသည်။ ထူထဲသော ဖျင်အင်္ကျီကိုဆွဲဖြဲသည်။

ကိုယ့်နှမ၊အစ်မ၊ကိုယ့်သမီး၊ကိုယ့်မယားကို ကိုယ့်မျက်စိအောက်၌ စော်ကားနေသည်ကို မည်သည့်မြန်မာယောက်ျားမျှ အရှက်ကင်းမဲ့စွာ ခေါင်းငုံ့ မခံချေ။ အသက်ဟူသောအရာသည် ဇာ်မအရာဖြစ်၏။ ဂုဏ်သိက္ခာဟူသည် ထာဝရတည်တံ့၏။

ရန်သူမသတ်သော်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ချုပ်ပျောက် ရမည်။ အသက်ဟူသော အရာအတွက် ထာဝရတည်တံ့မည့် မျိုးရိုးဂုဏ် မျိုးရိုးသိက္ခာကို ဘရွှေကျိုင်း အညစ်နွမ်းမခံ။ တိုင်ဘေးတွင် စိုက်ထားမြဲ ဖြစ်သည့် ငှက်ကြီးတောင်ဓားကိုဆွဲကာ ခုန်ချသည်။ ဘေးမှ အခြားဂျပန် တစ်ယောက် ပြေးလာပြီး ဘဲနက်ဖြင့် ထိုးငြား မုဒိမ်းကောင် နားရွက် ပြတ်သွားပြီ။

ဒေါ်ရိုးသည် ငှက်ဖျားနိပ်စက်သောကြောင့် ချည့်နဲ့နေသူဖြစ်၏။ သို့ရာတွင် သူ့ကိုယ်တွင်းသို့ ဒေါသမီးမြစ်ကြီး စီးဆင်းလာ၏။ ဝုန်းခနဲခုန်ထ ကာ ဘရွှေကျိုင်းလက်ထဲမှ လွင့်ထွက်သွားသော ဓားကို ပြေးကောက်၏။ ဂျပန်စစ်သားသည် စစ်မြေပြင်တွင် တိုက်ခိုက်သကဲ့သို့ "ယား" ခနဲ ဝမ်းခေါင်း သံကြီးဖြင့် ပြေးထိုးသည်။ ဘဲနက်ကို ဒေါ်ရိုး လှလှကြီး ပယ်နိုင်သည်။ ဘဲနက်ဖြင့် ပြေးထိုးသော ဂျပန်ရော ကြည်လှကိုဆွဲထားသော ဂျပန်ပါ ဓားစာ မိသွားပြီ။

## ပုဂံစာအုပ်တိုက်

ဓားကို ဒေါ်ရီး ပြန်သိမ်းသည်။ သေနတ်သံတစ်ချက် ပေါ်လာသည်။ ဒေါ်ရီး ဟပ်ထိုးလဲကျသည်။

အဖြစ်အပျက်မှာ လျှင်မြန်လွန်း၏။

သူကြီးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ ရွာသူရွာသားများ သေနတ်သံကြားသဖြင့် ပြေးလွှားစုရုံးလာကြချိန်ဝယ် ဂျပန်များ ထွက်ခွာသွားကြပြီ။ ဇရာဒုဗ္ဗလနှစ်ယောက်ကို သတ်နိုင်စွမ်းရှိသော သူရဲကောင်းကြီးတွေအဖြစ် ချီးကျူးမခံလိုသောကြောင့်ဖြစ်ပေမည်။

သင်းထုံသည် အဝတ်လျှော်နေ၏။ ကလေးနှစ်ယောက် ရေချိုးနေသည်ကို လှည့်ပြောနေစဉ်တွင် ကြံတိုင်းအောင်ကို မြင်သည်။ အဖြစ်ဆိုးကြီး ဖြစ်ပွားလိမ့်မည်ဟု မမျှော်လင့်သောကြောင့် ဘာသိဘာသာပင်။ သို့သော် သေနတ်သံကြားသောအခါ ထပြေးလာရပြီ။

"ဘဒွေး၊ ဒွေးလေး"

ဘရွှေကျိုင်းကို ပြေးပွေ့လိုက်၊ ဒေါ်ရီးကို ပြေးကိုင်လိုက် ဖြစ်နေစဉ် မဖဲလှပြေးလာသည်။ စံသာဦး၏မယား ဖွားခင်လည်း အိမ်ပေါ်မှခုန်ဆင်းလာ၏။ ဒေါ်ဆယ်မြေးအဖွားလည်း ငိုကြီးချက်မရောက်လာသည်။

"အဘ၊ အဘ"

မဖဲလှနှင့် ဖွားခင်တို့သည် ဘရွှေကျိုင်းကို ကွပ်ပျစ်ပေါ်သို့ ပွေ့တင်ကြ၏။ ရင်ဘတ်မှသွေးများ ပန်းထွက်နေပြား မရှုံ့မဲ့။

"အစ်မ၊ အစ်မ။ ငါ့အစ်မ ဒေါ်ရီး"

"အဘွား ရှိပါသယ် အဘ"

"သွေးသောက်ကြီး ဦးမိုးကောင်းရဲ့သမီး ပီသပါပေသယ်။ ကြံတိုင်းအောင်၊ ဖိုးသူတော်၊ သင်းထုံ"

"အဘ၊ ကျွန်မ ရှိပါသယ်။ ကလေးတွေ ခေါ်ပေးရမလား"

သင်းထုံ အပြေးကလေး ချဉ်းကပ်လာ၏။

"မှတ်ထား၊ သွေးသောက်ကြီး ဦးမိုးကောင်းရဲ့သွေးဟာ ဘယ်တော့မှ မကြောက်ဘူး။ ကောင်းစံနဲ့ တိုင်းလုံးကျော် ပြန်လာရင် သည့်အတိုင်း ပြောလိုက်ကြ။ ဓားဆိုသာ...."

စကားပြတ်သွားသည်။ တစ်ပြိုက်နက်တည်း ဇက်ကျိုးကျသွားပြီ။

မောင်နှမနှစ်ယောက်၏ နှစ်လောင်းပြိုင် အသုဘကို သူကြီးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးစသော သူစိမ်းယောကျာ်းများက ကြီးမှူးပြင်ဆင်ရသည်။ သွေးသားထဲမှ ယောကျာ်းများသည် တောစပ်နှင့် လယ်ထဲယာထဲတွင် တိမ်းရှောင်နေကြသည်။ ဂျပန့်ရန်ကို တိမ်းရှောင်နေကြခြင်းဖြစ်သည်။

မိစ္ဆာဂျပန်နှစ်ယောက်သည် ဒဏ်ရာအပြင်းအထန်ရထားသော အယုတ်တမာနှစ်ယောက်ကို တွဲခေါ်လာကြသည်။ လူလွတ်ဟူ၍ တစ်ယောက်သာ ရှိကာ ထိုသူကသေနတ်ကို အသင့်ပြင်လျက် ရှေ့ကသွားသည်။

မျက်စိကို လောက်စာလုံး ထိမှန်ခံရသော မိစ္ဆာဒိဋ္ဌိသည် သွေးတွေ မရပ်မနားကျဆင်းနေသော အယုတ်တမာအား တွဲခေါ်သယ်ဆောင်လာရင်းက အဆက်မပြတ်ညည်းတွားလာ၏။

သူတို့သည် သတ်ထားခဲ့သော နွားကို သတိမရကြတော့ပါ။ တာလမ်းရှိရာသို့ လမ်းတိုဖြင့် ဖြတ်တက်ကြသည်။

တာလမ်းကို လှမ်းမြင်ရပြီ။ ထန်းပင်ပေါက်များနောက်မှ လူနှစ်ယောက် ထရပ်သည်။ တွဲလာသော အယုတ်တမာများ ပါးစပ်ဟရုံ လက်လှုပ်ရုံသာ လှုပ်ရှားနိုင်၏။ မည်းနက်သော ထန်းသားတုတ်ဖြင့် အရိုက်ခံရသည်။

သို့သော် ရှေ့မှသွားသော ငရဲမိစ္ဆာက နားပါးသည်။ ချာခနဲလှည့်ပြီး ချိန်၍ သေနတ်ကို မောင်းတင်ပြီးပြီ။ သို့တစေ မောင်းခလုတ်ကို ဆွဲမညှစ်နိုင်မီ ပြင်းထန်စွာအရိုက်ခံရသည်။

"ဆွဲသွင်း၊ ချုံထဲမြန်မြန်သွင်း။ ချုံထဲရောက်မှ စစ်ဆေး"

**ပုဂံစာအုပ်တိုက်**

တပ်ကြပ်ကလေး နိုင်ကျော်သောင်းသည် လေးဖက်လေးတန်သို့ လျင်မြန်စွာ လှည့်ပတ်ကြည့်ရင်း အမိန့်ပေးသည်။

"ရဲဘော်ကြင်မောင်နဲ့ စိန်ထွန်းက တွင်းတူးဟေ့။ ဟိုဘက်ချုံထဲမှာတူး"

သူတို့သည် တော်လှန်ရေး မစတင်မီ ရက်အနည်းငယ်ခန့်က သွေးသောက်စုရွာသို့ရောက်လာသည့် တပ်စိတ်မှ မျိုးချစ် တပ်မတော်သားများ ဖြစ်ကြ၏။ တပ်မတော်သားဆိုငြား စစ်ဝတ်စုံ မဝတ်။ နွားကျောင်းသား၊ ပျားဖွပ်သူ၊ ပုတတ်လိုက်သူ၊ ခါထောင်သူ၊ ပြောင်းဝါးမှုတ်သူ စသော ကျေးရွာသားများနှင့် ဘာမျှ မခြားနားပေ။

"လက်ပစ်ဗုံးဆယ်လုံး၊ ကျည်ဆန် ၂၅၀၊ သေနတ်ငါးလက်၊ ဘဲနက် ငါးခု"

ရန်သူ့ထံမှ ဖမ်းဆီးရမိသော လက်နက်စာရင်းဖြစ်သည်။ ထို့ပြင် စာရွက်စာတမ်းအနည်းငယ်နှင့် တန်ဖိုးမရှိသော ဂျပန်စက္ကူအနည်းငယ်လည်း သိမ်းဆည်းရမိသည်။

"လူငါးယောက်မှာ ကျည် ၂၅၀ ဆိုတော့ သည်ငပုတွေမှာ ကျည်ဆန်လည်း မလုံလောက်တော့ဘူးထင်တယ်"

တပ်ကြပ်ကလေး နိုင်ကျော်သောင်းသည် ပြေးလာသော ကလေးနှစ်ယောက်ကိုမြင်၏။

"ဟေ့ဟေ့" အသံပေးရင်း လက်ဇော့ယမ်းပြ၏။ ကလေးနှစ်ယောက်မှာ ဖိုးသူတော်နှင့် ကြဲတိုင်းအောင် ဖြစ်သည်။

"ဦးလေး ဦးလေး။ ကျုပ်တို့အမေကြီးနဲ့ ဘကို ဂျပန်တွေ သတ်သွားပြီဗျာ"

ကလေးနှစ်ယောက်သည် တပ်ကြပ်ကလေးကို ဖက်ပြီး ငိုသည်။

"မငိုနဲ့ကလေးတို့၊ မငိုနဲ့။ မင်းတို့ဘနဲ့ အမေကြီးကို သတ်သွားတဲ့ အကောင်တွေကို ဦးတို့ဖမ်းထားပြီ။ ဟောဟိုချုံထဲမှာ"

**ပုဂံစာအုပ်တိုက်**

ကလေးနှစ်ယောက်သည် ကျည်ဆန်တစ်တောင့် သေနတ်ပြောင်းဝမှ ပြေးထွက်သောနှုန်းဖြင့် ချုံတွင်းသို့ပြေးဝင်သည်။ ဂျပန်ငါးလောင်းမှာ တူးဆဲတွင်းဘေးတွင် အစီအရီရောက်နေသည်။

"ငါ့ခွေးဒေါ်ရဲ့လက်ကိုဆွဲသာ သည်ခွေးကွ"

ကြံတိုင်းအောင်သည် နားရွက်တစ်ဖက်မရှိ ရင်ပွင့်နေသော အယုတ်တမာကို မြေကြီးခဲနှင့် ထုသည်။ ဖိုးသူတော်လည်း အားကျမခံ လိုက်လုပ်သည်။

"ဟောသည်ခွေးက ငါ့အမေကြီးကို သေနတ်နဲ့ပစ်သဲ့ကောင်"

မျက်နှာပေါ်သို့ မြေစိုင်ခဲကြီး ဖြာခနဲ ကျလာသည်။ ဖိုးသူတော်ကားထိုဂျပန်၏ လည်ပင်းကို တက်နင်း၏။

"ကဲ ကဲ တော်ကြတော့ဟေ့။ မင်းတို့ဦးက ခိုင်းစရာရှိလို့တဲ့"

ရဲဘော်ကြင်မောင်က ကလေးတွေ၏လည်ပင်းကို ဖက်ကာ ချုံထဲမှ ဆွဲထုတ်လာ၏။

"ဦး၊ ကျွန်တော်တို့ကို ဘာခိုင်းမလို့တုန်းခင်ဗျာ"

တပ်ကြပ် နိုင်ကျော်သောင်းသည် စတင်းဂန်းကျည်အိမ်ထဲသို့ ကွမ်းညှပ်နှင့်တူသောအရာဖြင့် ကျည်ဆန်တွေ နှိပ်သွင်းနေသည်။

"ဦး မပြောရင် ပြန်တော့မယ်ဗျာ"

"ဟာ ဟေ့ကောင်၊ ဖိုးသူတော်။ သလို စိတ်မတိုရဘူးလေ။ စစ်သားလုပ်မယ့်လူဟာ စိတ်ရှည်တယ်"

နိုင်ကျော်သောင်းက လက်ကိုဖမ်းဆွဲပြီး ပြုံးပြုံးကြီး ကြည့်နေ၏။

"ဓားမကောက်က ဦးဦးမောင်ပါကို သိလား"

"ဟုတ်ကဲ့၊ သိပါတယ်"

"အေး၊ သူ့ဆီကိုသွား၊ သူ့မျက်နှာကို မော့ကြည့်ပြီး ကျွန်တော်သွေးသောက်စုက ဖိုးသူတော်ပါခင်ဗျာလို့ပြော"

"ဟုတ်ကဲ့"

"လမ်းမှာ ဂျပန်တွေတွေ့ရင် ရှောင်သွား။ မတော်တဆ အဖမ်းခံရရင် ကျုပ်တို့ဘာသေလို့ မင်းပြေးရွာက မိတ်ဆွေတွေဆီ အကြောင်းကြားရအောင် လာတာလို့ပြော။ ကြဲတိုင်းအောင်ကော ကြားတယ်နော်"

"ကြားပါတယ် ဦးဦးခင်ဗျာ့"

"တစ်ယောက်နဲ့တစ်ယောက် သိပ်ပြီးပူးကပ်မသွားနဲ့။ တစ်ယောက်ကို ဂျပန်ဖမ်းသွားရင် ကျန်တစ်ယောက်က အမြန်ဆုံးပြန်ပြေးခဲ့၊ ဟုတ်ပလား"

ကလေးနှစ်ယောက် ပြိုင်တူခေါင်းညိတ်ကြသည်။

"ဆော့လည်း မနေကြနဲ့ကွာ။ မြန်မြန်သွား၊ မြန်မြန်ပြန်။ ကဲ သွားကြတော့"

ကြဲတိုင်းအောင်နှင့် ဖိုးသူတော်တို့ ပြေးထွက်လာကြသည်။တောအုပ်မှ ထွက်မိလျှင် အမောဖြေရင်း ဖြည်းဖြည်းလျှောက်သည်။ ယာတွေကြားထဲ ရောက်လျှင် ပြေးကြပြန်သည်။

ဓားမကောက်ရွာနှင့် တစ်ခေါ်ခန့်တွင် လူတစ်ယောက်ကိုတွေ့သည်။ ထန်းဖုံးဖပ်တွေ စုဆောင်းထင်းခွေနေသူဖြစ်၏။ ထိုသူကို ကြဲတိုင်းအောင်တို့ မျက်မှန်းတန်းမိသည်။

"ကလေးတွေ ဘယ်တုန်းကွ။ ကိစ္စရှိရင် ဦးကိုမှာခဲ့။ မင်းတို့ မောနေမှာ စိုးလို့ပြောတာ"

"ဦးဦးပါ ဘယ်မှာရှိတုန်းခင်ဗျာ့"

"ဘာလုပ်မလို့တုန်း"

"တွေ့ချင်လို့ပါခင်ဗျာ"

"တွေ့ခွင့်မပေးနိုင်ဘူးကွ"

"တွေ့ခွင့်မပေးရင် ပြန်ရုံပေါ့ဗျာ။ ဖိုးသူတော် လာဟေ့"

ကြဲတိုင်းအောင် နောက်ကြောင်းပြန်လှည့်သည်တွင် ထင်းခွေသူ

ကမန်းကတန်း ထဆွဲရသည်။ ရယ်ရယ်မောမောဖြင့် "မင်းတို့ကို စမ်းတာပါကွာ။ လာပါ ကျွန်တော်မျိုးကြီး လိုက်ပို့ပါမယ်" ပြောကာ ဆွဲခေါ်ခဲ့လေ၏။

"ဦးဦးစိန်ဖေ။ ဘုန်းကြီးကျောင်းကို ဘာလုပ်မလို့တုန်း"

ကြံတိုင်းအောင်က ဆတ်ကန်ဆတ်ကန်လုပ်သည်။

"မင်း တွေ့ချင်တဲ့လူကို တွေ့ရရင် ပြီးရောမဟုတ်လား"

ဟုတ်ပါသည်။ ဘုန်းကြီးကျောင်းအနီးရှိ စည်ရုံပေါ်မှ စီးကြည့်လျှင် တစ်ကွင်းလုံးကိုမြင်ရသည်။ သို့ကြောင့် မိုလ်ပါသည် စည်ရုံပေါ်တက်ပြီး လျှော်သပ်ကြိုးကျစ်နေသည်။

"ကျွန်တော် သွေးသောက်စုက ဖိုးသူတော်ပါခင်ဗျာ"

ပြောအပြီးတွင် ဖိုးသူတော် ချာခနဲလှည့်ထွက်သည်။

"ဟာ ဟေ့ ချာတိတ်၊ နေပါဦးဟ"

မိုလ်ပါလှမ်းဆွဲသည်၊ မမိလိုက်။ လှေကားရင်းမှ ရဲဘော်စိန်ဖေ တွန်းတင်တော့မှ နှစ်ယောက်လုံး ပြန်တက်လာ၏။

"ရေအေးလေး သောက်ကြပါဦး"

"ရေသောက်ပြီးပြေးရင် မိုက်ထဲက 'ဇလုံ၊ ဇလုံ' နဲ့ မြည်တယ်ဗျ။ မသောက်တော့ဘူး"

"ဒါဖြင့် ကုလားပဲလှော်နဲ့ ငှက်ပျောသီး ယူသွားကြကွာ။ လမ်းသွားရင်း စားရတာပေါ့"

"ဟာဗျာ၊ ဖီးကြမ်းငှက်ပျော မကြိုက်ဘူးခင်ဗျာ"

ဤသို့ဖြင့် ကလေးနှစ်ယောက်သည် ကုလားပဲလှော် ခါးပိုက်ထောင့် တစ်လုံးစီဖြင့် လမ်းလျှောက်စားရင်း ပြန်လာကြသည်။

ဖိုးသူတော်၏ စကားလုံးများကို ထောက်ရှုပြီး မည်သည့်အဓိပ္ပာယ်ဟု မိုလ်ပါသိသည်။ တပ်ကြပ်နိုင်ကျော်သောင်းမှာလည်း သည်မျှသာ လုပ်ရဲသည်။ အစီရင်ခံစာကိုကား ကလေးများဖြင့် မပို့ရဲပေ။ သို့သော် မိုလ်ပါ

နားလည်သည်။ ဓားမကောက်မင်းပြေးတွင် ဖြန့်ထားသော ရဲဘော်များကို နေဝင်ရီတရောတွင် စုလိုက်သည်။ သတ်မှတ်နေရာသို့ ချီတက်လာကာ ထိုနေရာသို့ရောက်မှ ဂျပန်ငါးယောက် အစပျောက်သည့်သတင်းကို အတိအကျသိသည်။

“ငပုတွေဟာ သူတို့အကောင်ငါးကောင် အချိန်တန်လို့ ပြန်မရောက်ရင် လူခွဲပြီး ရွာတွေကို နင်းမှာပဲ ဗိုလ်လေး”

“အေးကွ။ ဟော့ ရဲဘော်စံကျော်၊ မင်း တာဝန်ကျတဲ့ဗိုလ်ရုံမှာ ငပုအင်အား ဘယ်လောက်ရှိသလဲ”

“မှုရင်း အင်အားသုံးဆယ်။ မနက်ကရောက်လာတာ တစ်ရာပါ ဗိုလ်ကလေး”

ကြံတိုင်းအောင်၏ နွားကျားမကို သတ်သူများမှာ ထိုဗိုလ်ရုံမှ ထွက်လာသည့်အယုတ်တမာများ ဖြစ်ရမည်။ ရိက္ခာအခက်အခဲလည်း ရှိနေတန်ရာသည်။

ဘုရားမိးထွန်းသော အင်ဂျင်စက်ပါမကျန် လုယူနေသဖြင့် သူတို့အား ကူညီလိုသူ ရှားပါးနေပြီ။ မြို့ဈေးတွင် ကြာရိုးကြာစွယ်ပါမကျန် ဝယ်ယူပြီး မြို့များတွင် လေယာဉ်ပျံကြောက်သောကြောင့် ဈေးမရှိတော့ပါ။ ကျေးရွာများသို့ ဝင်ရောက်လုယက်ပြန်ပါလည်း လုံလောက်အောင် မရပေ။ ကျေးရွာများကလည်း တစ်ပိုင်းပုန်း တစ်ပိုင်းဖော်ပြီး နေထိုင်ကြရာ စားရေးရိက္ခာ မဆိုထားဘိ နွားတင်းကုပ်ကိုပင် ရွာထဲ၌ မထားကြတော့ပါ။

မျိုးချစ်တပ်မတော်အတွက် စားရေးရိက္ခာ မခက်ခဲပြီး ဖက်ဆစ်တို့၏ အင်ပီးရီးယဲတပ်မတော်ကြီးမှာကား ငတ်မွတ်နေပြီ။ စစ်သားဘဝမှ နွားသူခိုးဘဝ၊ အနုကြမ်းစီး လုယက်ရသော ဓားပြဘဝသို့ သက်ဆင်းနေပြီ။

ဤသည်ကား ပြည်သူကိုစော်ကားမိသဖြင့် ပြည်သူက ဒဏ်ခတ်ခြင်း ဖြစ်သည်။ ပြည်သူ၌ ဓား၊ လှံနှင့် ဒူးလေး၊ ဝါးချွန်သာရှိသဖြင့် ဖက်ဆစ်တို့

မကြောက်။ သို့သော် ပြည်သူတို့၏ အမုန်းခွန်အားကား တန်ခိုးကြီးသော ကျိန်စာများဖြစ်သည်။ ယခု ဖက်ဆစ်တွေ ပြည်သူ့ကျိန်စာသင့်ပြီ။

မျိုးချစ်တပ်မတော်သားတို့၏ တပ်စုတစ်စုသည် မိုးနတ်ကုန်းဗိုလ်ရုံသို့ ဦးတည်ကာ ချီတက်လာကြပြီ။ စံသာဦးသည် ဘွားအေနှင့် အဘ၏ အသုဘကိုပစ်ပြီး ဓားတစ်ချောင်း၊ လှံတစ်စင်းဆွဲလျက် လိုက်ပါလာသည်။ သူနှင့်အတူ သွေးသောက်စု ရွာသားများဖြစ်သော ကျေန်နှင့် ဟောန်၊ မောင်လှ တို့လည်း ပါလာ၏။

ကြောင်သည် ကြွက်ကိုချောင်းသကဲ့သို့ တပ်မတော်သားများသည် ဗိုလ်ရုံအနီးမှောင်ထဲမှ ငြိမ်သက်တိတ်ဆိတ်စွာ စောင့်ဆိုင်းနေသည်။ မိစ္ဆာများ သည် တစ်စုပြီးတစ်စု ထွက်ခွာသွားကြသည်။ သန်းခေါင်တိုင်ခဲ့ပြီ။ ဗိုလ်ရုံ ကြီးလည်း ငြိမ်သက်သွားပြီ။

စံသာဦးနှင့် ရဲဘော်သောင်းဟန်၊ ခင်မောင်ယဉ်တို့သည် တဖြည်းဖြည်း ချဉ်းကပ်လာကြ၏။ စံသာဦးကိုပါ ခေါ်လာရခြင်းမှာ မည်သို့ဝင် မည်သို့ ထွက်ကို ကျေညက်စွာ သိသူဖြစ်သောကြောင့်ပင်။

အောက်ထပ် လက်ဝဲဘက်ထောင့်ရှိ အခန်းသည် အုတ်ကာသော အခန်းဖြစ်သည်။ ယခု ထိုအခန်းထဲ၌ မီးရောင်ရှိသည်။ မီးရောင် ဖြာမထွက် စေရန် အအုပ်အဆောင်းဖြင့် ထွန်းညှိထားသည့် မီးရောင်ဖြစ်သည်။

တစ်ချိန်က မှန်ကာထားခဲ့ဖူးဟန်ရှိ၍ ယခုမူ ထရံကာထားသော ပြတင်းတံခါးဆံသည် ဆွေးနေ၏။ ထိုနေရာမှာ လင်းနေသည်။ စံသာဦး ဝပ်လျက် ချဉ်းကပ်သည်။ တဖြည်းဖြည်းထရပ်ပြီး ချောင်းကြည့်သည်။

ကျိုးပဲ့နေသော ကုတင်တစ်လုံး၊ ကုတင်ပေါ်တွင် ကိုယ်တုံးလုံးနှင့် လူတစ်ယောက်။ ကြိုးဖြင့်တုပ်ထားသည်။ ကုတင်၏ညာဘက်ဘေးတွင် ယက်မမှတန်းလန်းဆွဲထားသော လူတစ်ယောက်။ မနီးမဝေး သမံတလင်း ပေါ်၌ ပုံလဲနေသောလူတစ်ယောက်။

သုံးဦးလုံး ငြိမ်သက်နေသည်။ အသက်ပျောက်ကုန်သဖြင့် ထားပစ်ခဲ့ကြလေသလော။

ထားမပစ်ခဲ့ပါ။ ကြမ်းပေါ်တွင် ပုံလဲနေသူ၏ညာဘက် တစ်လံကွာခန့်တွင် စားပွဲတစ်လုံးနှင့် ကုလားထိုင်တွေရှိသည်။ စားပွဲပေါ်တွင် မှန်အိမ်တစ်လုံးရှိသည်။ မှန်အိမ်နောက်တွင် ဖက်ဆစ်နှစ်ယောက်ထိုင်နေသည်။ မြောက်ဘက်တံခါးကို စေ့ထားသည်။ တံခါးရွက်နှစ်ခုရှေ့၌ ငြိမ်သက်စွာ ရပ်လျက် သေနတ်ကိုင်ထားသော ဖက်ဆစ်တစ်ကောင်။

စံသာဦးမှာ ကြည့်ရင်း ကြည့်ရင်းဖြင့် ယက်မတွင် စောက်ထိုးဆွဲထားသူအား မြင်ဖူးပါသည်ဟု ထင်လာ၏။ တဖြည်းဖြည်း ပေါ်လာသည်။ ပေါ်လာသည်နှင့် တစ်ပြိုင်နက်တည်း တုန်လှုပ်ရတော့၏။

'ဟိုတုန်းကပုံနဲ့ အခုပုံ အကွာကြီးကွာနေလို့ ချက်ချင်းမမှတ်မိတာပဲ'

ထိုအရာမှာ မင်းပြေးရွာကျောင်းမှ အရှင်ဇာနေယျဖြစ်သည်။ ဝင်းဝါသော သင်္ကန်းဖြင့် မြင်နေကျမှ ဗလာဟင်းလင်းကိုယ်ဖြင့် စောက်ထိုး ဆွဲထားသည့်အတွက် ရုတ်တရက် မမှတ်မိခြင်းဖြစ်ချေသည်။

မှန်အိမ်ဘေးရှိ ဖက်ဆစ်ထံမှ ဝမ်းခေါင်းသံကြီး ထွက်လာလျှင် တံခါးဝရှိ ဖက်ဆစ် အသက်ဝင်လာ၏။ ကုတင်ပေါ်ရှိ လူကို ကြိုးဖြေပေးပြီး ကုတင်ပေါ်မှဆွဲချ၏။

စံသာဦးမှာ မိမိပါးစပ်ကို အတင်းပိတ်ထားလိုက်ရ၏။ ရှိရင်းစွဲ မျက်နှာထက် ပိုပြီးကြီးနေငြား ထိုမျက်နှာကိုကား ဇဝေဇဝါမဖြစ်။ ကိုမိတ္တ။ သို့အတွက် အဖေဟု ယောင်ယမ်းမအော်မိစေရန် သွားစေ့ပါးစပ်ပိတ်ထားလိုက်ရခြင်းဖြစ်သည်။

ဝမ်းခေါင်းသံကြီး ပေါ်လာပြန်လျှင် စားပွဲထိပ်မှ ဖက်ဆစ် ထရပ်၏။ စံသာဦး အံ့သြရပြန်ပြီ။ ဟေးဟိုးတပ်သားဟု အများသိခဲ့သော ချစ်ဖေ။ မည်သို့လျှင် စကားပြန်ဖြစ်နေရသနည်း။

## ပုဂံစာအုပ်တိုက်

ချစ်ဖေသည် ရေတစ်ပုံးဆွဲယူလာပြီး ငူတူတူ ဖြစ်နေသည့် ကိုမိတ္တ ကိုယ်ပေါ်သို့ လောင်းချသည်။ ရေပုံးကို တံခါးဝရှိ ဖက်ဆစ်ထံပစ်ပေးပြီးလျှင် ကိုမိတ္တရှေ့သို့လာရပ်သည်။

"မင့်နာမည် မိတ္တမဟုတ်လား။ လေထီးနဲ့ ဆင်းသဲ့ ဗမာတွေ၊ ကရင် တွေကို ဘယ်မှာ ဝှက်ထားသတုန်း"

"ကျွန်တော် လုထွန်းပါခင်ဗျာ။ ချောင်းဖျားရွာကပါ။ အင်္ဂလိပ်ကိုတွေ့ ရင် ဝှက်မထားပါဘူး။ မုန်းလွန်းလို့ သတ်စားမှာပါ"

ချစ်ဖေသည် မှန်အိမ်ဘက်သို့လှည့်ပြီး အစီရင်ခံ၏။ ဝမ်းခေါင်းသံကြီး ပေါ်လာလျှင် ချစ်ဖေ "ဟိုက် ဟိုက်" ပြောပြီး ကိုမိတ္တဘက်လှည့်၏။

"သည်ဘုန်းကြီးနဲ့ ပေါင်းပြီး ဝှက်ထားတဲ့ လေထီးဆင်းတွေ ဘယ်ဘက်ကို သွားသတုန်း။ ဒါသိရရင် လွှတ်မယ်။ လိမ်ရင်တော့ သေဖို့ ပြင်ပေတော့"

"သည်လူဟာ ဘုန်းကြီးဆိုသာ အခုမှသိရပါသယ်ခင်ဗျာ။ ကျွန်တော် ဟာ ချောင်းဖျားရွာကပါ။ မယုံရင်...."

ဝမ်းခေါင်းသံကြီး ပေါ်လာသည်။ တံခါးဝမှ ဖက်ဆစ်ပြေးလာသည်။ ကိုမိတ္တကို လက်သီးဖြင့် ထိုးသည်။ ကိုမိတ္တ ကုတင်ပေါ်သို့ လဲအကျတွင် ကြိုးဖြင့် ထပ်မံတုပ်သည်။ တံခါးဝသို့ပြန်ပြေးသည်။ ရေတစ်ပုံးခပ်လာသည်။ ခွက်ငယ်တစ်ခုဖြင့် ခပ်ကာခပ်ကာ ပါးစပ်ထဲသို့ လောင်းထည့်သည်။ ပါးစပ်မှ ရေတွေ အန်ကျလာတော့မှ အလောင်းရပ်ပြီး ဗိုက်ပေါ်သို့ တက်ရပ်တော့ သည်။

"ပြောပါ ပြောပါ။ လေထီးနဲ့ ဆင်းလာသာတွေဟာ မြန်မာလား၊ အင်္ဂလိပ်လား၊ ဘယ်ရောက်သွားကြပြီလဲ"

ကိုမိတ္တမှာ ပါးစပ်မှ ရေတွေအန်ထွက်နေသည်။ အင်းအဲမြည်လျက် ရုန်းကန်နေရသောကြောင့် မဖြေနိုင်ပါ။

## ပုဂံစာအုပ်တိုက်

ဗိုက်ပေါ်တွင် တက်ရပ်ရုံဖြင့် သည်မျှဖြစ်နေသည်ကို မကျေနပ်သေးဘဲ ခုန်သည်။ ဝေါခနဲ ဝေါခနဲ ရေတွေထွက်လာပြီး ကိုမိတ္တာ ညည်းသံပျောက်သွား၏။

ဝမ်းခေါင်းသံကြီး ပေါ်လာပြန်ပြီ။ တံခါးအပြင်မှ ဖက်ဆစ်တစ်ကောင် ဝင်လာသည်။ စောက်ထိုးဆွဲထားသူကို လျှောချပြီး ကြိုးဖြေပေးသည်။ ထိုသူမှာလည်း အရေခွံများကွာထွက်လျက် ပြည်တရွှဲရွှဲဖြစ်နေသည်။ ယိုင်ထိုးယိုင်ထိုးဖြစ်နေသဖြင့် ဖက်ဆစ်ကပေါ်ကိုက်ပြီး ထိန်းပေးထားသည်။

"ဘုန်းကြီး မှန်မှန်ဖြေပါ။ ဟိုကုတင်ပေါ်ကလူဟာ သွေးသောက်စုက သခင်မိတ္တာမဟုတ်လား။ သူဟာ အခု ဗမာ့တပ်မတော်က ဗိုလ်လား၊ လျှို့ဝှက်ကွန်မြူနစ်ပါတီကလား၊ ဒါပဲဖြေ။ ဖြေရင် လွှတ်မယ်။ ဆက်ပြီး လိမ်နေရင်တော့ သေဖို့သာ ပြင်ပေတော့"

"ဒကာ၊ ငါ.... ငါ.... အဲသာတွေ ဘာမှမသိပါကလား"

မှန်အိမ်ဘေးတွင် ထိုင်နေသော ဖက်ဆစ်သည် စီးကရက်တစ်လိပ်ထုတ်ညှိသည်။ မရပ်မနားဖွာပြီး ထလာသည်။ ဦးဇာနေယျရှေ့တွင် ရပ်ပြီး ဝမ်းခေါင်းသံကြီးဖြင့် အော်သည်။

"သည်လိုလုပ်ရသာ မာစတာ စိတ်မကောင်းပါဘူး။ ဘုန်းကြီးကို လွှတ်ပစ်ချင်သယ်။ ဒါကြောင့် မှန်ရာတစ်ခွန်းပဲ ဖြေပါ။ ဟိုလူ ဘယ်သူတုန်း"

"ဒါယကာ၊မင်းတို့ပြုချင်သလိုပြုကြပါတော့။ ငါ ငါ မသိသာအမှန်ပဲ"

ဖက်ဆစ်ကင်ပေတိုင်သည် ဝမ်းခေါင်းသံကြီးဖြင့် အော်လိုက်ရာက အရှင်ဇာနေယျ၏မအားထိပ်ကို စီးကရက်မီးဖြင့် ထိုးလိုက်လေ၏။ စီးကရက်မီးဖြင့် သာမန်ထိုးလျှင် ဘေးသို့ ချော်ထွက်နိုင်သေး၏။ ဘယ်လက်ဖြင့် ဖမ်းကိုင်ပြီး ညာလက်ဖြင့် အသေအချာ ဆောင့်ထိုးလိုက်ခြင်းဖြစ်ရာ ကင်ပေတိုင်၏ ဝမ်းခေါင်းသံကြီးထက် ကျယ်လောင်သော အသံကြီးဖြင့် အော်လျက် အရှင်ဇာနေယျ ခွေကျသွားလေ၏။

## ပုဂံစာအုပ်တိုက်

ကင်ပေတိုင်သည် ဝမ်းခေါင်းသံကြီးဖြင့် ပြောပြန်သည်။ တံခါးအပြင်ဘက်မှ နောက်ထပ် ဖက်ဆစ်တစ်ယောက် အပြေးဝင်လာကာ အလေးပြုသည်။ ဗိုက်ကြီးကယ်လျက် ရေတွေ တစက်စက်ထွက်ပြီး မျက်ဖြူလန်နေသော ကိုမိတ္တကို ကုတင်ပေါ်မှဆွဲချသည်။ လွှတ်လိုက်လျှင် ကိုမိတ္တ ခွေကျသွားမည်ဖြစ်သဖြင့် တစ်ယောက်က ဘေးမှ ထိန်းထား၏။

ငရဲမှူး ကင်ပေတိုင်က ကြမ်းပေါ်သို့ လက်ညှိုးထိုးပြ၏။

ကြမ်းပေါ်တွင် ခွေလဲနေသည့် အခြားလူတစ်ယောက်ကို ဖက်ဆစ်ငရဲသားနှစ်ယောက်က ဆွဲမသည်။ ကုတင်ပေါ် ပစ်တင်သည်။ တွန်ခါနီး ကြက် တောင်ပံခတ်သံဖြင့် ပါးကိုဘယ်ပြန်ညာပြန်ရိုက်သည်။ တွန့်လိမ်နေသဖြင့် ရေဖြင့်လောင်းသည်။ ရေမွှမ်းကာ ဂူးဂူးဝါးဝါးအော်လျက် ခေါင်းထောင်လာ၏။ ဓားမကောက်ရွာမှ အာရှလူငယ် အစည်းအရုံးဝင် စိန်မြင့်ပါတကား။

သူ့ရှေ့တွင် ချစ်ဖေ လာရပ်ကာ ကိုမိတ္တအား လက်ညှိုးထိုးပြ၏။

"သူဟာ 'ဘီအင်အေ' ဗမာ့မျိုးချစ်တပ်မတော်က ဗိုလ်မဟုတ်လား။ ဗိုလ်နာမည် ဘယ်သူလဲ။ မင်းနဲ့အတူတူ အလုပ်လုပ်ဖူးတဲ့ သွေးသောက်စုရွာက သခင်မိတ္တ မဟုတ်လား"

"မသိဘူး"

ငရဲမှူး ဂူးဂူးဝါးဝါးပြောကာ ပါးရိုက်သည်။

"အဲဒါကို မှန်မှန်ဖြေလိုက်။ ဖြေလိုက်ရင် လွှတ်မယ်။ မဖြေရင် အခုထက် ပိုပြီး ဆိုးလာလိမ့်မယ်"

စိန်မြင့်ထံမှ အသံထွက်မလာပါ။ ဘေးတွင် ရပ်နေသော ငရဲသားနှစ်ယောက်က ကုတင်ပေါ်သို့ ဆွဲလှဲလိုက်သည်။ ငရဲမှူးသည် စိန်မြင့်၏ ခြေထောက်နှစ်ချောင်းကြားသို့ ဝင်ထိုင်သည်။ ဖေ့းစေ့ကို လက်ညှိုးဖြင့် တောက်သည်။ အဝိစိပွက်သံကြီး ပေါ်လာသည်။

သို့ရာတွင် စိန်မြင့်မှာ နှစ်ခါသာ အော်နိုင်ပြီး တွန့်လိမ်လျက် အသံပျောက်သွားလေ၏။ ငရဲမှူး ကုန်းထကာ ဝမ်းခေါင်းသံဖြင့် ပြောဆဲတွင် ပြင်းထန်သော အဟုန်ဖြင့် တံခါးပွင့်သည်။ သေနတ်သံများ ဆူညံသွားသည်။

စိန်မြင့်ကို ချုပ်ကိုင်ထားသော ငရဲသားများ လှုပ်ရှားချိန်မရလိုက်။ ကိုမိတ္တကို ထိန်းထားသော ငရဲသားမှာ သေနတ်နှင့် လက် ထိရုံသာထိခွင့်ရသည်။ ငရဲမှူးသည် ဝပ်ချရင်း ခါးက ပစ္စတိုကို ဆွဲထုတ်၏။ ကိုမိတ္တသည် ရှိသမျှအားကိုသုံးကာ လှမ်းကန်၏။ ငရဲမှူး၏ပစ္စတို လွင့်ထွက်သွားပြီး သူလည်း သူ့ကိုယ်ကို မဟန်နိုင်ဘဲ ဦးဇာနေယျအပေါ်သို့ ဖင်ထိုင်ကျသွားလေ၏။

သေနတ်သံများ မများပြားပါ။ တိုက်ပွဲ တာမရှည်ပါ။ အပေါ်ထပ်ရှိ ဖက်ဆစ်အချို့ တစ်ခဏအတွင်း ပြုတ်ပြုတ်ပြုန်းသည်။ ကင်းရုံ ကတုတ်ကျင်းမှာ လက်ပစ်ဗုံးနှစ်လုံး ပစ်သွင်းခံရပြီးချိန်၌ သက်ရှိသတ္တဝါ မကျန်တော့ပေ။

ဗိုလ်ပါသည် ဤတိုက်ပွဲကို အောင်ပွဲဟုသဘောမထားပါ။ အောင်ပွဲ၏ အစဟုသာ သဘောထားသည်။

သို့အတွက် အညှဉ်းဆဲခံသုံးဦးအနက် နှစ်ဦးကို လွတ်ရာသို့ပို့ပေးပြီး ဦးဇာနေယျကိုမူ ရွာသို့ပို့ပေးသည်။ ထို့နောက် မကြာမီ ရောက်ရှိလာရန် သေချာသည့်တစ်ရာတပ်ကြီးအား ဆီးကြိုချေမှုန်းရန် အသင့်ပြင်တော့သည်။

ကျေးရွာများသို့ ဖြန့်ဆင်းသွားသော ဖက်ဆစ်များသည် နေထွက်တပြိုတွင် ပြန်လည်ရောက်ရှိလာကြ၏။ အလံတိုင်တွင် ယခင်က တက်နေ၊ ယခုသော် 'ကျနေ' ဖြစ်နေရရှာပြီဖြစ်သည့် ဖက်ဆစ်အလံကား တလူလူ လွင့်နေသည်။

ကင်းရုံတွင် ထုံးစံအတိုင်း အစောင့်ရှိသည်။ ဗိုလ်ရုံ အပေါ်ထပ်

တွင်လည်း တစ်ယောက်ရှိသည်။ သို့အတွက် ဆယ်ယောက်စုတစ်စုသည် ငါးယောက်စီခွဲလျက် ရှေ့နောက် တန်းစီကာ ဝင်ရောက်လာကြသည်။

ထိုဆယ်ယောက် အဆောက်အအုံ၏အောက်ထပ်သို့ ဝင်မိချိန်ဝယ် နောက်ထပ် သုံးဆယ်တစ်စုသည် ဆယ်ယောက်စီခွဲလျက် ကင်းရုံအနီးသို့ ရောက်လာကြသည်။ အောက်ထပ်မှ သေနတ်သံများ ပေါ်လာချိန်နှင့် ပြိုင်တူပင် ကင်းရုံအနီးရှိ ကတုတ်တွင်းမှ ကျည်ဆန်များ ပြေးထွက်လာ၏။

ကင်းရုံအနီးသို့ ရောက်လာသော ဖက်ဆစ်များ ဖရိုဖရဲဆုတ်ပြေးသည်။ ပြေးပါလျက်က ဆယ်ယောက်ကျကျန်ခဲ့သည်။ ကတုတ်ကျင်းထဲမှ ရဲဘော်ငါးယောက်သည် ချက်ချင်း အပြင်သို့ထွက်လာကြသည်။ အကာအကွယ်များနောက်သို့ ပြေးဝင်ပျောက်ကွယ်သွားတော့သည်။

မော်တာကျည်ဆံတစ်လုံးသည် သေမင်းတေးကို သီကျူးလျက် ပျံဝဲလာ၏။ ကတုတ်ကျင်းပေါ်သို့ ကျရောက်ပေါက်ကွဲသည်။ မရှေးမနှောင်းမှာပင် ဗိုလ်ရုံပေါ်သို့လည်း ကျရောက်ပေါက်ကွဲသည်။

ဗိုလ်ရုံတစ်ခုလုံးမှာ ပိတုံးတွေ ပျံဝဲလာဘိသို့ ဖက်ဆစ်ကျည်ဆန်များ အဆက်မပြတ်ထိမှန်သည်။ ကတုတ်ကျင်းကိုစီးရန် ဖက်ဆစ်ငါးယောက် လုံ့စွပ်တပ်လျက် ပြေးလာသည်။ အပြင်သို့ ထွက်နေပြီးဖြစ်သည့် ရဲဘော်များထံမှ လက်ပစ်ဗုံးတစ်လုံး ပျံဆင်းလာ၏။

မျိုးချစ်တပ်မတော် ရဲဘော်များကား ဗိုလ်ရုံကို သိမ်းပိုက်ထားရန် မရည်ရွယ်ပေ။ ရန်သူကို အမှည့်ခြွေ ခြွေရန်သာဖြစ်သည်။ ရန်သူတစ်ရာတပ်ကြီးမှ သုံးဆယ်မျှ သေကြေချိန်တွင် ကြိုတင်သတ်မှတ်ထားသည့် လမ်းအတိုင်း ဆုတ်ခွာသွားလေ၏။

ဖက်ဆစ်တို့ ငရဲစခန်းဖွင့်ရာ၊ ဖက်ဆစ်တို့ စုရပ်အဖြစ် သတ်မှတ်နားနေရာ ဗိုလ်ရုံကြီးမှာ မီးဟုန်းဟုန်းတောက်လျက် ကျန်ခဲ့၏။ လူသေ အညှော်နံ့သည် တောင်လေနှင့်အတူ လွင့်နေသည်။

## ပုဂံစာအုပ်တိုက်

ထင်းခုတ်ရာမှ ပြန်လာသူယောင်ယောင်၊ ချုံးမိုးထွန်းရာ၊ ယုန်လိုက်ရာမှ ပြန်လာသူလိုလို မျိုးချစ်တပ်မတော်သားများသည် တစ်ချုံကွယ် တစ်ယောက်လျော့၊ တစ်လျှိုဝင် ငါးယောက်လျော့ဖြင့် တဖြည်းဖြည်း ပျောက်ကွယ်သွားကြလေ၏။

ပန်းဖွားဖက်ရွှေတို့ ရွှေရောင်သွေးဖြင့် မြေပြင်ကို တန်ဆာဆင်နေပါပြီ။

သို့ရာတွင် ၁၂ ရာသီလုံး ပွဲလမ်းသဘင် ခင်းကျင်းမြဲဖြစ်သော မြန်မာတို့မှာ ဖွားဖက်ရွှေ၏အလှကို မေ့လျော့ထားကြပြီ။ ပိတောက်သင်းကိုလည်း မနမ်းကြှုနိုင်ကြတော့ပါ။ မြန်မာ့မြေပေါ်တွင် ဖက်ဆစ်အယုတ်တမာ မိစ္ဆာကောင်တွေရှိနေသမျှ၊ မည်သည့်ပန်းမျှမလှပါ။ မည်သည့်ပန်းမျှမမွှေးပါ။

မြင့်မြတ်သော မြန်မာ့မြေပေါ်တွင် အသရေယုတ်သော ဖက်ဆစ်တွေ ရှိနေခြင်းကြောင့် တူရိယာသံများ မသာယာပါ။ သာသာယာယာ တွန်ကြူး နေကျ ဥသြငှက်နှင့် ချိုးငှက်တို့၏ အသံများသည်ပင် မကြည်ချိုတော့ပါ။ သို့အတွက် နှစ်သစ်မင်္ဂလာ ရက်မြတ်သင်္ကြန်ခါသည် မေတ္တာဘာဝနာဖြင့် လှပနေရမည့်အစား ဗုံးသံ၊ အမြောက်သံ၊ သေနတ်သံများဖြင့်သာ ညံစည် နေတော့သတည်း။

## ၁၄

ဖက်ဆစ်တို့ ပြေးပေါက်မှားလေပြီ။

နေ့အချိန်တွင် ကောင်းကင်မှ လေယာဉ်ပျံကို ကြောက်ရသောကြောင့် မလှုပ်ဝံ့။ ညအချိန်တွင် သူခိုးသူဝှက်ကဲ့သို့ ထွက်လာခဲ့ကြ၊ ချမ်းသာရာမရ။ မြန်မာ့တပ်မတော်သား ပြောက်ကျားတို့၏ တိုက်ခိုက်သတ်ဖြတ်မှုကို ခံနေရသည်။

ပြေးစရာမြေ မရှိတော့သော နိပ္ပွန်တပ်မတော်ကြီး။ တောင်အရပ်မှ မြောက်အရပ်သို့ ချီတက်လာခဲ့ရာမှ တောင်အရပ်သို့ ခိုးကြောင်ခိုးဝှက် ပြန်လည်ဆုတ်ခွာနေရပြီ။ ပြေးစရာမြေ ကင်းမဲ့ရုံသာမက စားစရာလည်း ခေါင်းပါးနေပြီ။ လုယက်၍ ရတုန်းရခိုက်တွင် ဆန်ကို တနင့်တပိုး သယ်ကြသည်။ ထည့်စရာ မရှိသောအခါ လူတစ်ကိုယ် ခြေအိတ်နှစ်လုံးကျဖြင့် ဆန်စလွယ် ဆန်ခါးပတ်လုပ်လျက် သယ်ရပြီ။

စားစရာ သည်မျှ ခက်ခဲသည့်နည်းတူ၊ ဝတ်စရာလည်း ဗလာနတ္ထိ

ဖြစ်ပြီ။ စစ်သားတိုင်း၏ အဝတ်များမှာ အချုပ်တစ်ရာ အဖာ ဗရပျစ်ဖြစ်ပြီ။ ယခင်အချိန်များတွင် ကျေးရွာများသို့ နှစ်ယောက်သုံးယောက်မျှဖြင့် ဝင်ရောက်မွေနှောက် သတ်ဖြတ်လုယက်ဝံ့သော နိပ္ပန်တပ်မတော်ကြီးသည် ဆယ်ယောက်ဖြင့်ပင် မသွားဝံ့တော့ပါ။ အနည်းဆုံး အစိတ် သုံးဆယ် အင်အားရှိမှ ဆင်းဝံ့တော့သည်။

သည်မျှ အခြေအနေ ဆိုးရွားနေပါလျက် နိပ္ပန်တပ်မတော်ကြီးမှာ သတိသံဝေဂ မရသေး။ ထွက်ခတ် ခတ်သည်။ လူများကို ဖမ်းဆီးဆဲ၊ နိပ်စက် ညှဉ်းပမ်းဆဲ၊ သတ်ဖြတ်ဆဲသာ ရှိသေးသည်။

သို့အတွက် ကိုမိတ္တမှာ ရွာသို့မပြန်ရဲပေ။ မိသားစု၏ ကြင်နာယုယစွာ ဝိုင်းဝန်းပြုစုမှုကို ခံယူရန် သင့်လင့်ကစား ယာတဲမှာသာ ပုန်းလျှိုး ဝှက်လျှိုး ဆေးဝါးကုသနေရသည်။

သို့သော် သူ ပုန်းအောင်းနေသည့်ယာမှာ လျှားစောင်းပြာသဒ် ပင်များ အပြည့်အသိပ်ဝန်းရံနေသဖြင့် အနည်းငယ်လုံခြုံသည်ကား ဆိုနိုင်၏။ ဆိုနိုင်စေကာမူ တဲကို အကောင်းအတိုင်း မထားရဲသဖြင့် ဖြိုပစ်ရသည်။ ဘူးပင်အခြောက်တွေ ဖုံးနေသောတဲကို ဖြိုချလိုက်သောအခါ ပဲရိုးပုံလိုလို နှမ်းရိုးပုံလိုလိုဖြစ်သွားသည်။ ထိုတဲထဲတွင် ကြံတိုင်းအောင်တို့ မြေးအဘွား သာ ကိုမိတ္တနှင့်အတူရှိသည်။

ကိုမိတ္တ သတိရလျှင်ရချင်း မေးသောအရာမှာ "ချစ်ဖေ ဘယ်မှာတုန်း" ဖြစ်သည်။ ချစ်ဖေကို အရှင်ဖမ်းမိခဲ့သည်။ ပြောက်ကျားရဲဘော်များမှာ ထိုသူကို သတ်ပစ်ရအခက် လွှတ်ပစ်ရအခက်ဖြစ်နေကြသည်။

"ဦးချစ်ဖေကို ဖမ်းသွားကြပါသယ် အဖေခင်ဗျာ့"

"သွားပြောလိုက်ပါကွာ၊ ချစ်ဖေဟာ ငါတို့အားလုံးကို သိနေပါလျက်နဲ့ တစ်လျှောက်လုံး မသိချင်ယောင် ဆောင်နေခဲ့ပါသယ်လို့။ သွား သွား။ လက်လွှန်ကုန်မယ်"

## ပုဂံစာအုပ်တိုက်

ဂျပန်စကားပြန် မြန်မာအများစုသည် 'မြန်မာချင်း ကြားကြရာမှာ ဓားပြကာ လူဆိုး' သူများဖြစ်ကြ၏။ သို့အတွက် ဂျပန်စကားပြန်ကို ဂျပန်ထက်ပင်မုန်းတီးကြ၏။ ပြောက်ကျားရဲဘော်များသည် လူမသတ်ပေ။ တိုက်ပွဲတွင် အရှင်မိသော စကားပြန်အား စခန်းသို့ခေါ်လာသည်။ ကောင်းမွန်စွာထားသည်။ သို့ရာတွင် ခများမှာ အသက်မရှည်ကြ။ ရွာသားတစ်ယောက်ယောက်၊ သို့မဟုတ် တစ်စုက သတ်ပစ်လေ့ရှိသည်။

ဤသည်ကိုသိသောကြောင့် စံသာဦးအား အလျင်အမြန် လွှတ်လိုက်ရခြင်းဖြစ်သည်။ ရဲဘော်များက လွှတ်လိုက်စေကာမူ ချစ်ဖေ အသက်ရှည်ရေးမှာ မလွယ်ကူပါ။ သည်အရပ်မှ ထွက်ပြေးလျှင်ပြေး၊ မပြေးလိုသော် ဘုန်းကြီးကျောင်းတွင် ခိုလှုံရန်သာရှိသည်။

သွေးသောက်စု တိုက်နယ်အတွင်း ဖြန့်ကြက်ထားသော ဗိုလ်ပါ၏ တပ်သည် တစ်နေ့မျှ မနားနေချေ။ တစ်နေရာမဟုတ် တစ်နေရာ တိုက်ပွဲဆင်နေသည်။ အင်အားကြီးသောရန်သူများ ဖြတ်သန်းသွားလျှင် တပ်များကို တိုက်ခိုက်ပြီး ဆုတ်ခွာငြား သူတင် ကိုယ်တင် တပ်မျိုးကိုကား အစတုံး ချေမှုန်းပစ်သည်။

ကျွဲညီနောင် လေယာဉ်ပျံနှစ်စင်း ဧရာဝတီမြစ်ကို ကြီးစိုးစဉ်ကမူ ဂျပန်လေယာဉ်ပျံ တစ်စင်းတလေကို ရှားပါးစွာမြင်ရသေး၏။ ယခုသော် အင်္ဂလိပ် အမေရိကန်လေယာဉ်ပျံများသာ ကြီးစိုးနေသည်။ ကိုယ်ထည်နှစ်ခု တွဲ ဘီ ၂၉ လေယာဉ်ပျံကြီးများသည် ကူသယ်ခေါက်သယ် ပျံသန်းနေကြကာ ဗုံးကြဲလေယာဉ်များကလည်း အုပ်ဖွဲ့ကာ တစ်အေးတစ်ဆေး ပျံသန်းနေကြသည်။ ညနေစောင်းလျှင် လေနတ်သားနှင့် ရွှေလင်းယုန်စာစောင်များ လာရောက်ကြဲချကြပြန်သည်။

ရာအိမ်မှူး၊ ဆယ်အိမ်မှူးများသည် ကောင်းကင်ကျ စာရွက်များကို ပထမတွင် လိုက်လံသိမ်းဆည်းသေး၏။ သို့လျှင် သိမ်းဆည်းရင်းက

မိမိတို့သည် ဂျပန့်အလိုကျ ဆောင်ရွက်နေခြင်းပါတကား၊ လူထုဆန့်ကျင်ရေးကို လုပ်နေမိပါတကားဟု သဘောပေါက်လာကြသည်။ သို့ဖြင့် မသိယောင် မမြင်ယောင် ဆောင်နေကြလေ၏။

ကြံတိုင်းအောင်နှင့် ဖိုးသူတော် ကြီးမှူးသော ကလေးများသည် နေစောင်းလျှင် လေယာဉ်ပျံ မျှော်ကြပြီ။

လေယာဉ်ပျံရောက်လာလျှင် ဖွေးဖွေးလှုပ်သောစက္ကူတွေ လွှန်းလူးလျက်ကျလာ၏။ သည်စက္ကူတွေ ကျမည့်အရပ်ကို မှန်းဆပြေးလွှားရသည်မှာ ပျော်စရာကြီးဖြစ်၏။ ရွာသူရွာသား အနည်းစုသာ စာဖတ်တတ်ငြား ထိုအနည်းစုက တစ်ဆင့်စကား တစ်ဆင့်နား ဝေငှသော သတင်းသည် ညတွင်းချင်း ပျံ့နှံ့သွားလေ၏။

ပင်ကိုစိတ်ဓာတ်ခံက ဖက်ဆစ်တို့အား မုန်းတီးနေခဲ့သော လူထုကြီးမှာ စာစောင်များကို ဖတ်အပြီး၌ ဖက်ဆစ်များအား အထင်သေးလာတော့သည်။ ထိုစာစောင်များကလည်း ကျောက်ဖြူမြို့ကျသွားသည့်သတင်း၊ မြစ်ကြီးနားမြို့ကို မဟာမိတ်တပ်များက သိမ်းပိုက်မိသည့်သတင်း စသည်များကို ဖော်ပြပေးသည် မဟုတ်တုံလော။

ကိုမိတ္တသည် နာလန် ထပြီ။ လေနတ်သား စာစောင်တစ်ရွက်ကို စံသာဦး ယူလာသဖြင့် သူဖတ်ခွင့်ရသည်။

"အင်္ဂလိပ်လို့မရေး၊ ဗြိတိသျှလို့ မရေးပါကလား အဖေ"

"အေးကွ၊ မဟာမိတ်တဲ့"

"မဟာမိတ်ဆိုသာ ဘာပြောတာတုန်းအဖေခင်ဗျာ"

"မိတ်ဆွေပေါ့ကွာ။ သာမန်မိတ်ဆွေ မဟုတ်ဘူး။ ကြီးကျယ်သော မိတ်ဆွေဆိုသဲ့ အဓိပ္ပာယ်ပေါ့ကွာ"

စံသာဦး၏ မျက်နှာတွင် ကျေနပ်သွားသောအသွင် ပေါ်မလာပါ။ သို့အတွက် ခေါင်းယမ်းသည်။

## ပုဂံစာအုပ်တိုက်

"ကျွန်တော်တော့ မထင်ဘူး အဖေခင်ဗျာ့။ အင်္ဂလိပ်အတွက် အမေရိကန်ဟာ မဟာမိတ် ဟုတ်ကောင်းဟုတ်မယ်။ ကျွန်တော်တို့အတွက် မဟာမိတ်ဝေးလို့ ရိုးရိုးမိတ်ဆွေတောင် ဟုတ်ပါ့မလားအဖေ"

ကိုမိတ္တ ငိုင်ခနဲဖြစ်သွား၏။

"အေးကွ၊ မင်းပြောမှပဲ အဖေ စဉ်းစားမိသယ်။ စောစောက မစဉ်းစား မိဘူး"

"ဖက်ဆစ်တွေ လက်နက်မချခင်မှာတော့ ကျွန်တော်တို့နဲ့ မဟာမိတ်ပဲ ဖြစ်ဖြစ်၊ မိတ်ဆွေပဲဖြစ်ဖြစ် ဖြစ်နေဦးမှာပေါ့အဖေရာ။ အဲသည်နောက်မှာ မိတ်ဆွေ ဖြစ်တော့မယ်မထင်ဘူး။ ဘာကြောင့်တုန်းဆိုတော့ ကျွန်တော်တို့ မြန်မာတွေက အင်္ဂလိပ်ကို တိုက်ထုတ်ခဲ့သာမဟုတ်လား"

"ဖြစ်နိုင်သယ်ကွ။ ဘယ်နည်းနဲ့မှ အခဲကျေမှာ မဟုတ်ဘူး"

ကိုမိတ္တ တွေးတွေးဆဆပြောသည်။ "ဟုတ်သယ်။ သူတို့ဟာ ငါတို့ ကိုလည်း တရားမရှိဘူး။ လက်စားချေမယ် ထင်သယ်"ဟု ဆက်ပြောသည်။

ပလွေသံကြားရသည်။ ဦးမိတ္တ နားစွင့်သည်။

"အိစက်ညက်ညောတဲ့ ဖဲမွေ့ရာပေါ်ဝယ်၊ ချစ်တလင်း ခေါ်မယ်၊ ချစ်ဖြူဟာ ကျင်းတဲ့တူမောင်မယ်"

ကိုမိတ္တ မျက်မှောင်ကြုတ်မိသည်။ "သည်တေးချင်းကို မဆိုနဲ့။ ရိုင်းသယ် ငါပြောထားသာ၊ သည်ကောင်လေး နားမထောင်ဘူး"မြည်တမ်း၏။

စံသာဦး ပြုံးဖြီးဖြီးဖြစ်သွား၏။

သူသည် သူ့အဖေက ရိုင်းသည်ပြောမှ တေးချင်း၏အဓိပ္ပာယ်ကို သုံးသပ်မိသောကြောင့်ဖြစ်သည်။

"အဲသာ ကျုပ်အပြစ်ပါအဖေ။အကြောင်းထူးမရှိရင် သည်တေးချင်းကို မှတ်ပြီးလာ။ အကြောင်းထူးရှိမှ 'တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အား ရှိမယ်' ကို မှတ်လို့ ပြောထားမိလို့ပဲ အဖေခင်ဗျာ့"

**ပုဂံစာအုပ်တိုက်**

ကိုမိတ္တ၏နဖူးပေါ်မှ အတွန့်ကြီး ပြေမသွားပါ။

“အမယ်လေးကွာ၊ မာနရှင်ရယ်တို့၊ မြတ်နိုးသူရယ်တို့၊ အင်းကို ဟသာဆင်းမည်တို့ အော်အော်ဆိုနေသာ ငါကြားပါသယ်။ အဲသာတွေ မှတ်လည်း ရပါသယ်”

ကြံတိုင်းအောင်နှင့် ဖိုးသူတော်သည် တံခါးရှိသည့်ဘက်သို့ ရောက်အောင် မသွားပေ။ ရှားစောင်းလက်ညှိုးပင် ခရိုးအောက်ရှိ ခွေးတိုးပေါက်မှ ဝမ်းလျား ထိုးကာ ဝင်လာကြသည်။ ပုဆိုးစလွယ်သိုင်း ခွလောက်လေးကိုယ်စီနှင့် သူငယ်နှစ်ယောက်သည်·တဲပျက်ထဲသို့ ဝင်မလာသေး။ ပဲရိုးပုံတွေပေါ်သို့ တက်ဆော့နေကြသည်။

“ဟဲ့ မျောက်တွေ၊ ဘာလာရှုပ်သတုန်းဟေ”

ကိုမိတ္တက ထိုင်ရာမထ အော်မေးသည်။

“ဦးဦးမင်းဒင်က သူလာချင်လို့တဲ့ ဘ”

သားအဖနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိ၏။ ကိုမိတ္တက အသံမထွက်ဘဲမေးနေ၏။

“ကျုပ်ထွက်လာမှ ကိစ္စပေါ်လာသာဖြစ်မယ် အဖေခင်ဗျာ”

“နေပေစေကွာ၊ ငါလာခဲ့မယ်ပြောလိုက်။ မင့်အမေလည်း သွားလိုက် ပြန်လိုက်နဲ့ ပင်ပန်းလှပြီ”

စံသာဦးမှာ အဖေအမေ့အိမ်ကို ပြန်ကြည့်ရန်ဝေးစွ သူ့အိမ်သို့ပင် မရောက်ချေ။ ရဲဘော်များထံတွင်သာ အချိန်ကုန်နေ၏။ သို့အတွက် နှစ်နှင့် ချီပြီး ဝေးကွာနေသောအိမ်သို့ အဖေသွားရေးကို မကန့်ကွက်လိုပေ။

“ဆရာလေးကိုခင်မောင်တင့်က အဖေ့သတင်းကိုကြံတိုင်းမေးသဗျာ”

“သူ့ဆီ သွားနိုင်မယ် မထင်ပါဘူးကွာ။ ငါက အဖိုးတန်သဲ့ တော်လှန် ရေးကာလကြီးကို လူမမာလုပ်ပြီး အချိန်မဖြုန်းချင်လို့ပါ”

ထိုစကားကို စံသာဦး အလွန်သဘောကျ၏။ သူ့အဖေကိုလည်း

ရှေးကထက်တိုး၍ ကြည်ညိုလာမိ၏။ ဒါမှ သွေးသောက်ကြီး ဦးမိုးကောင်းရဲ့ မြေး ပီသမှာပေါ့အဖေရာ" ဟူ၍ပင် အသံထွက်လာမိသည်။

"အေး၊ အမျိုးဂုဏ်ကို မြေးကထိန်းသိမ်းသလို မြစ်ကလည်း ဆက်ပြီး ထိန်းသိမ်းရမယ်ဟေ့။ ဘာတဲ့ 'ဓားဆိုသာ ကုလားကိုခုတ်ဖို့၊ ကုလားဆိုသာ ငါတို့ဓားကစားဖို့' ဟုတ်လား"

"ဟုတ်ပါသယ် အဖေခင်ဗျာ့"

"ကုလားဆိုသာ ကုလားဖြူ ကုလားမည်းပြောသာ မဟုတ်ဘူးကွ။ မြန်မာ့အကျိုးကို ဆန့်ကျင်သူမှန်သမျှကိုပြောသာ ဟုတ်ပလား"

"သလိုပဲ ဖြစ်ရမှာပေါ့ အဖေရာ"

"ဓားဆိုသာကလည်း သံနဲ့လုပ်ပြီး အရိုးတပ်ထားသဲ့ ဓားမဟုတ်တော့ဘူးကွ။ အမျိုးသားအကျိုး ကာကွယ်ရေးနဲ့ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်"

ကလေးနှစ်ယောက်ကို ယာစောင့်ထားခဲ့ကာ သားအဖနှစ်ယောက် စကားတပြောပြောဖြင့် ထွက်လာခဲ့သည်။ ဆီးဆူးတံခါးမှထွက်ခဲ့ပြီး ထနောင်းပင်ပုကလေး တစ်ပင်အောက်၌ ခဏရပ်ကာ အကဲခတ်နေစဉ် လေပွေကလေး တစ်ခုကို မြင်ရ၏။ လေပွေသည် ကြီးမားမလာဘဲ ပြိုကွဲသွားသည်။ 'နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်' သို့ ကိုမိတ္တ စကားအရောက်၌ မသင်္ကာစရာ လူအချို့ကို မြင်ရ၏။

"ဟေ့ဟေ့ လူလေး" ဆိုကာ ကိုမိတ္တ စကားရပ်၏။

ဦးခေါင်းကို တဘက်ပတ်ထားပြီး ပင်နီတိုက်ပုံအင်္ကျီ ဝတ်ထားသော လူငါးယောက်ကို ကမူတစ်ခုပေါ်၌ လှမ်းမြင်ရသောကြောင့်ဖြစ်သည်။

"ဟာ၊ မြန်မာအတုတွေပါကလား အဖေခင်ဗျာ့"

ကိုမိတ္တ နှစ်ခြိုက်စွာရယ်မောသည်။

"ငါ့သား တော်သဟေ့။ မင်းသွားနှင့်။ ကြုံရာလူကို သတင်းပို့။

အဖေ အရိပ်အခြည်ကြည့်ပြီး လိုက်ခဲ့မယ်”

ဖအေ့စကားအဆုံးတွင် စံသာဦး ညင်သာစွာထိုင်သည်။ အနီးဆုံး ချိုင့်ဝှမ်းထဲသို့ လျှောဆင်းသည်။ ထို့နောက် ချုံပုတ်များ သစ်ပင်များကိုခိုလျက် အသော့နှင်သွားလေတော့၏။

လူရိပ်လူဆင်ကို ဖက်ဆစ်ကင်ပေတိုင်များမှသာ ကျွမ်းကျင်သည် မဟုတ်ပါ။ ကိုမိတ္တတို့ တပ်မတော်သားတွေလည်း ကျွမ်းကျင်ပါသည်။

ယခု ကြည့်။ မြန်မာတောသူတောင်သားများနှယ် ဦးခေါင်းကို တဘက်ပေါင်းထားသော လူငါးယောက်။ တိတိရိရိ ပတ်ပေါင်းထားသည်။ သျှောင်ထုံးပေါ်သော ဦးခေါင်းတစ်လုံးမျှမပါ။ ဘိုကေတစ်ခုမျှမပါ။ အားလုံး ခေါင်းတုံးချည်း။

မြန်မာတောသူတောင်သား ပင်နီတိုက်ပုံ တစ်ညီတည်းမဝတ်။ ယခု တစ်ညီတည်း။ ကျောပြောင်ကျောမွဲ တစ်ယောက်မျှမပါချေ။ ထိုသူများ၏ လက်ထဲတွင် ဓားမတိုကလေးတစ်ချောင်းသော်မျှ ကိုင်မထား။ သို့သော် တစ်ယောက်၏လက်ထဲ၌ တုတ်တစ်ချောင်းကိုင်ထားသဖြင့် ရှိစေတော့။

ပုဆိုးဆီးပုံ။

မြန်မာတောသားများ ပုဆိုးဆီးလျှင် ခါးပုံစထွက်၏။ ခါးပုံစ မထွက်လျှင် ခါးပိုက်ထောင့်ပေါ်၏။ ကိုမိတ္တ မြင်လိုက်ရသူ ငါးယောက် မှာကား ရဟန်းတော်များ သင်းပိုင်ဝတ်သည့်နှယ် တိရိညီညာ၏။ တစ်ယောက်မျှ ဖရိုဖရဲမရှိ။

အသိသာဆုံးကား တောင့်မတ်စန့်ရန့်သော ကိုယ်နေဟန်ထား ပေတည်း။ ကင်ပေတိုင် ငရဲသားများ လူယောင်ဆောင်ခြင်းမှလွဲ၍ အခြား မည်သူ ရှိနိုင်ပါမည်နည်း။

သူတို့သည် လေယာဉ်ပျံ၏ရန်ကို ကြောက်ရွံ့သောကြောင့် နေ့တွင် မထွက်ဝံ့။ လေယာဉ်ပျံက ကာကီရောင်ကိုလည်းကောင်း၊ ဘောင်းဘီကို

လည်းကောင်း မြင်လိုက်သည်နှင့် ဝန်းကျင်ပတ်ချာအရပ်ကိုပါ စက်သေနတ်ဖြင့် မီးဟုန်းဟုန်းတောက်အောင် မွှေ့တော့သည်။ ထိုသို့ စက်သေနတ်ဖြင့်ပစ်သော လေယာဉ်ပျံပြန်သွား၍လည်း မအေးသေး၊ ဗုံးကြဲလေယာဉ်ပျံတွေ ရောက်လာကာ မီးလောင်ဗုံး၊ အဆောက်အအုံဖျက်ဗုံး၊ မြေရှပ်ဗုံးများ သွန်ကြဲချပြန်သည်။

သို့အတွက် ငရဲထိန်းတွေ မထွက်ရဲကြ။ မိတ်ဆွေတု မိတ်ဆွေယောင်သည် မြန်မာတုမြန်မာယောင်လုပ်လျက် ထွက်လာခြင်းမှာ အခြားအကြောင်းတစ်ကြောင်းရှိသေးသည်။

ဂျပန်ဆိုလျှင် ခွေးသေကောင်ပုပ်ကို ကွင်းရှောင်သကဲ့သို့လည်းကောင်း၊ မစင်ကို ရှောင်သကဲ့သို့လည်းကောင်း လူတွေသည် ဝေးစွာရှောင်ကြ၏။ ခရီးမတ်တတ်တွင် လုယက်၍မရ။ ချွေးတပ်ဆွဲ၍မရ။ ပုဆိုးနှင့် တဘက်ပေါင်းနှင့် အယောင်ဆောင်ထားသောအခါ နမော်နမဲ့သမားများကို အကြောင်ရိုက်နိုင်သည်။

ကိုမိတ္တသည် ငြိမ်သက်စွာ ရပ်မြဲရပ်နေ၏။ တိရစ္ဆာန်တွေ မည်သည့်ယာဘေးမှပေါ်လာမည်နည်း၊ အယုတ်တမာတွေ ဘယ်ချုံထဲမှ ထွက်လာမည်နည်း စောင့်ကြည့်သည်။ ကျေနပ်သလောက်ရှိမှ ရွာဘက်သို့ထွက်လာခဲ့သည်။

ယာမှရွာသို့ သွားနေကျလမ်းသည် သွေးသောက်စုချောင်းဘေးရှိ လှည်းလမ်းကြောင်းဖြစ်သည်။ ကိုမိတ္တ မလိုက်၊ ကိုင်းခုတ်ဓားကြီးထမ်းလျက် ယာကြိုယာကြားမှ လာသည်။ ကုန်းတွေတက် လျှိုတွေဖြတ်သည်။

ကွမ်းတစ်ယာညက်ပင် မကြာလိုက်။ သေနတ်သံသဲ့သဲ့ကြားရသည်။ ရိုက်ဖယ်သံ။ ‘ဖောက်ထိုင်း’ မဟုတ်။ ဖောင်းခနဲ ပစ္စတိုသံ။

ကိုမိတ္တ စောင်ချမ်းပင်အောက်၌ ငြိမ်နေလိုက်သည်။ ပြန်လည်တိတ်ဆိတ်သွားပြန်သည်။ငရဲသား အယုတ်တမာကောင် ကင်ပေတိုင်တွေက မည်သူ့ကိုပစ်ဖမ်းသနည်း။ အမြင့်သို့တက်ပြီး မျှော်ကြည့်ချင်သည်။ အနီး

အနားတွင် သစ်ပင်မြင့်မြင့်မရှိ။ ရှိရှိသမျှမှာ လက်ခုပ်တစ်ဖောင်သည်အမြင့်ဆုံး။

သေနတ်သံများ ပေါ်လာပြန်သည်။

စောင်ချမ်းပင် ပင်စည်သည် လက်မောင်းသာသာမျှသာ တုတ်ပြီး သည်ဘေးတွင် ကိုမိတ္တ ထိုင်သည်။ အသံလာရာသို့ ကိုမိတ္တ ခေါင်းပြူ ကြည့်သည်။

လူသုံးယောက် မျောက်မြွားတော နပ်ချိုတောကိုဖြတ်ကာ ပြေးလာ သည်။ သေနတ်သံ သုံးချက်ပေါ်လာသည်။ နှစ်ယောက် ဟပ်ထိုးဟပ်ထိုး ဖြစ်ကာ လဲကျ၏။ တောနာနတ်ပင်များနောက်မှ သေနတ်ကိုင်နှင့် ဓားကိုင်၊ ခက်ရင်းကိုင်၊ လှံကိုင် လူတစ်အုပ်ပေါ်လာသည်။

"အတင့်မရဲနဲ့၊ အတင့်မရဲနဲ့"

သတိပေးသူမှာ ရဲဘော်စံအေးဖြစ်သည်။

ရွာသားများသည် ကြောက်တုန်းကကြောက်ခဲ့ပြီး မျိုးသိပ်နိုင်စွမ်း ခန်းခြောက်လာချိန်တွင် ကျည်ဆန်ကိုလည်းမကြောက်၊ကျည်ဆန်၏ဘိုးအေ ကိုလည်း အရေးမစိုက်တော့ချေ။ မအေတွေ၊ နှမတွေ၊ ငါတွေ မိုးမွှန်အောင် ဆဲလျက် အတင်းပြေးတက်လာ၏။

လဲကျသူနှစ်ယောက်အနက် တစ်ယောက်မှာ လုံ့ချက်မိသွားသည်။ ကျန်လူသည် ကုန်းထသည်။ ထရင်းက ပစ္စတိုဖြင့် ဆီးပစ်သည်။ ခက်ရင်း တစ်ချောင်း ပျံဝဲလာသည်။ ခက်ရင်းဖြင့်ပစ်သူ၏ ရင်ဘတ်မှာ အနီပြောင် တစ်ခုပေါ်လာသည်။ ခက်ရင်းခွထိသော ဖက်ဆစ်ရော လုံ့ချက်မိသော အယုတ်တမာပါ ဓားစာမိသွားသည်။ ဆဲသံများအောက်၌ အတုံးအတစ် ဖြစ်ကာ ဖက်ဆစ်အသားဆိုင် ဖွင့်ထားဘိသို့ ရှိတော့၏။

ရှေ့ဆုံးမှဖက်ဆစ်လည်း မလွတ်ပါ။သူလည်း သေနတ်မှန်ထားသည်။

ဒဏ်ရာရသူမို့ ထပ်မလုပ်ချင်။ အရှင်ဖမ်းမိလျှင် သတင်းအချက် အလက်များ စစ်မေး အစ်အောက် ထုတ်ယူနိုင်သည်။ သို့ရာတွင် ထိုသူအား

ကိုမိတ္တ ဖမ်းဆီးချုပ်နှောင်နိုင်မည်မထင်။ နောက်မှ ပြေးလိုက်လာသူများ လည်း သေကြေဒဏ်ရာ ရကြပေလိမ့်ဦးမည်။

ထိုနွားခိုးဓားပြ ဖက်ဆစ်အတွက် ပုန်းစရာ ခိုစရာသည် ကိုမိတ္တ ရှိနေသည့် စောင်ချမ်းပင်သာဖြစ်သည်။ ထိုသူ စောင်ချမ်းပင်ကို ပြေးအကပ်၊ ကိုမိတ္တ ဓားကြီးမြှောက်ကာ ခုတ်အချတို့ တစ်ပြိုင်နက်ဆုံသည်။

ဒဏ်ရာရနေပါလျက် ဖက်ဆစ် လျင်၏။ ကိုမိတ္တကို ပြေးဖက်သည်။ ဓားလွတ်ကျသွားသည်။ဖက်ဆစ်မှာ လည်ပင်းရင်းမှ ဆီးစပ်အထိ ထက်ခြမ်း ကွဲ ခုတ်ချခံရမည့်ဘေးမှလွတ်ပြီး သက်သာခွင့်ကားမရလေ။ အစိမ်းစားမည့် လူအုပ်ကြီးက ချက်ချင်းရောက်လာတော့သည်။

"မသတ်နဲ့၊ မသတ်နဲ့"

ကိုမိတ္တကရော ရဲဘော်များကပါ အော်သည်။ ကာရံဟန့်တားသည်။

"ဟုတ်သယ်၊ မသတ်နဲ့ဟော့။ လက်သည်းခြေသည်းတွေ ပလာယာနဲ့ ဆွဲနုတ်၊ သွားတွေ ဓားနောင့်နဲ့ခေါက်ပြီး တစ်ချောင်းချင်းရိုက်ချိုး၊ ရေတွေ တစ်အားတိုက်ပြီး ဗိုက်ပေါ်တက်၊ လက်ကို စစ်ဖိနပ်နဲ့တက်နင်းပြီး ဒင်းတို့ နည်းနဲ့ တတိတိ ညှဉ်းသတ်ရအောင်"

လတ်တလော မသတ်ခြင်းချင်း တူညီသော်ငြား ရည်ရွယ်ချက်ကား ကွာခြားသည်။ ကိုမိတ္တတို့ မသတ်လိုခြင်းမှာ သတင်းအစအန လိုချင် သောကြောင့်ဖြစ်သည်။ ရွာသားများကား ညှဉ်းပန်း လက်စားချေလိုခြင်း ဖြစ်သည်။

"ဟော့ကောင်၊ မင့်နာမည် ဘယ်သူတုန်း။ မင်းတို့တပ် ဘယ်မှာလဲ"

ရဲဘော်စံအေးက ဂျပန်စကားဖြင့်မေးသည်။

ဖက်ဆစ် မော့၍သော်မျှမကြည့်။ မကြားသယောင်ပြုနေ၏။ ထိုအခါ သစ်ခုတ်ရလွန်းသဖြင့် အသားမာတက်နေသော လက်ဝါးကြီးတစ်ခုသည် ဖက်ဆစ်၏ပါးပေါ်သို့ကျရောက်လာ၏။

## ပုဂံစာအုပ်တိုက်

ပါးရိုက်ခံရလွန်းသဖြင့် ခိုင်ခံ့သော လည်ပင်း၊ ကျွဲပခုံးထနေသော ပါးရှိသည့် ဖက်ဆစ်ပင်လျှင် ခါယမ်းသွား၏။ "ကိုယ့်အလှည့်ကျတော့ ဘာပြုလို့လည်ထွက်သွားရတာတုန်းမအေရ" အံကြိတ်သံကြီးဖြင့် ဆက်ကာ ဆက်ကာ ရိုက်ပြန်ရာ ရဲဘော်သိုက်ထွန်း ဝင်ဆွဲမှ နားတော့၏။

"မင်းတို့တပ် ဘယ်မှာတုန်း။ သည်ရွာကို ဘာလာလုပ်တာလဲ"

ဖက်ဆစ်သည် မော့ကြည့်ရုံသာကြည့်၏။

တံစဉ်ကိုင်ရာမှ ကျွဲပခုံးထနေသော လက်ဝါးကြီးတစ်ဖက် ပြေးဆင်းလာသည်။ ပါးစောင်မှ သွေးတွေ ကျလာမှ အရိုက်ရပ်သည်။

"ကာလဝိပါက် တံကောက်ကြောက တက်သတဲ့ကွ၊ မှတ်ထား။ ငါတို့ရဲဘော်တွေ မေးသာ မထိတရိလုပ်ဦး"

ပါးရိုက်သူ အားပါးတရ ရေရွတ်နေဆဲတွင် ဖက်ဆစ်၏နံကြားသို့ ခြေထောက်တစ်ချောင်းပြေးဝင်လာ၏။ ပါးရိုက်ခံကျင့် ရှိနေသောဖက်ဆစ်မှာ အကန်ခံသောအကျင့်မှု ရှိဟန်မတူ။ တုံးခနဲ လဲကျသည်။ ဆူးလေဆူးပင် မဖောက်နိုင်အောင် ထူထဲမာကြောပြီး ပပ်ကြားအက်တွေ ပြည့်နေသော ဖနောင့်ကြီးသုံးလေးခု ထပ်မံ၍ အလုအယက်ကျရောက်လာပြန်သည်။

"ကြာရင်တော့ သည်ငပု သေတော့မှာပဲ။ နောက်ဆုတ်ကြ နောက်ဆုတ်ကြ"

ကိုမိတ္တသည် လွှတ်ပေးလိုက်လျှင် လက်ဖျစ်တစ်တွက်အတွင်း အမှုန့်ချေပစ်မည့် ဒေါသကုမ္ဘာရများကို ဝါးတစ်ရိုက်အကွာထိ တောင်းတောင်းပန်ပန် တွန်းထုတ်သည်။ အလွမ်းမင်းသားလုပ်နေသော ဖက်ဆစ်အား ကုပ်မှဆွဲထူသည်။ ပါးကို ဘယ်ပြန်ညာပြန်ရိုက်ရင်း ဂျပန်စကားဖြင့် တစ်လုံးချင်း မေး၏။

"ဟော့ ဖက်ဆစ်ဓားပြ လူသတ်သမား၊ မေးတာဖြေရင် မသေဘူး။ အေး မဖြေရင်တော့ ဟောဟိုလူတွေလက်ထဲ ထည့်လိုက်မယ်"

## ပုဂံစာအုပ်တိုက်

ဖက်ဆစ်သည် ဆတ်ခနဲ မော့ကြည့်၏။ ဝိုင်းထားသောရဲဘော်များ အံ့အားသင့်သွားရ၏။

"ဟိုလူတွေလက်ထဲ မအပ်ပါနဲ့။ မေးသမျှ ဖြေပါမယ် ဗိုလ်ကြီး"

ရဲဘော်များ အံ့သြကြရခြင်းမှာ ဖက်ဆစ်ကင်ပေတိုင်က ပီပီသသ မြန်မာစကားဖြင့် တုံ့ပြန်လိုက်သောကြောင့်ပေတည်း။

# ၁၅

"ဂျပန်တွေဟေ့၊ ဂျပန်တွေ"

တောမီးလောင်သည်ကမှ ကူးစက်ပုံ နှေးကွေးမည်။ အရှေ့တံခါးမှ သတင်းသည် အနောက်ဖျားသို့ တစ်အောင့်အတွင်း ရောက်သွားသည်။ အနောက်ဖျားမှ ကိုခင်မောင်တင့်သည်ပင် ရဲဘော်များရော အိမ်သားများပါ ပြေးရှောင်ချိန်ရပါလျက် ဘရွှေကျိုင်းဝိုင်းထဲရှိ မြောက်ဖျားကလူတွေ အချိန်မမီ။

တပ်ကြပ်စောမင်းဒင်သည် ထမင်းလုတ်ကိုပစ်ချသည်။ ကွပ်ပျစ်ပေါ်မှ ခုန်ချသည်။ မဖဲလှက ထမင်းပွဲတွင်ဝင်ထိုင်သည်။ ထိုင်ရခြင်းမှာ သိမ်းချိန်မရှိတော့၍ဖြစ်သည်။ သိမ်းချိန်မရှိခြင်းမှာ ရန်သူသည် လေးဖက်လေးတန် ညှပ်ကာ မလွယ်ပေါက်များမှပါ ဝင်လာ၍ဖြစ်သည်။

ရန်သူသည် ဘရွှေကျိုင်း အိမ်ဝိုင်းထဲသို့ မြောက်ဘက်ပေါက်မှ ဝင်လာသည့်နည်းတူ အရှေ့ဘက် အိမ်ကြိုအိမ်ကြားမှ ခွေးတစည်စည်ဖြင့် လာနေပြီ။ စောမင်းဒင် ပြေးပေါက်ပိတ်နေပြီ။

"ရဲဘော် လာ လာ"

သင်းထုံသည် စံသာဦးတို့ အိမ်ခေါင်းရင်းရှိ အဖိကလေးထဲတွင် တင်ထားသော ခြင်ထောင်အောက်သို့ စောမင်းဒင်ကို တွန်းပို့သည်။ ခြင်ထောင် ချပစ်သည်။ ကိုကျော်ညီလည်း ဝိုင်းဝတွင် အဖမ်းခံရသည်။

"ဘိရမာ ပေးတိုက်ရှိက"

တစ်ကိုယ်လုံး ချွတ်ပစ်တော့မတတ် တစ်ကိုယ်လုံး စစ်ဆေးသည်။ အထူးသဖြင့် ခြေဖဝါးကိုကြည့်သည်။ အက်ရာကွဲရာ ပြည့်နေသော ဖနောင့်ကြီးက မြန်မာစစ်သားမဟုတ်ကြောင်း ခိုင်လုံစွာ သက်သေခံနေ၏။

"ဘိမာစစ်သား ရှိဒက"

"မရှိဘူး"

မရှိဘူးဖြေပြြား၊ မအေးသေး။ လုံ့စွပ်တပ်သေနတ်ဖြင့် ချိန်လျက် ရှေ့မှ အသွားခိုင်းသည်။ မဖဲလှသည် ထမင်းစားပွဲအောက်သို့ ဓားကိုထိုးသွင်းထား၏။ သူ့အဘွား၊ သူ့အဘိုးကို သတ်ခဲ့သောခွေးတွေ မဟုတ်တုံလော။

ဦးတောက်ထိန်သည် အလိုက်သိစွာ လေ့ကားရင်း၌လာရပ်၏။ အပေါ်ထပ်၌ အမိုးအကာ ဟင်းလင်းဖြစ်နေပြြား ချန်မထားခဲ့။ ဝုန်းဒိုင်းကြဲအောင် တက်မွှေရာ မဖဲလှက ထမင်းစားရာက မော့ကြည့်ပြီးဆဲသည်။

"ထမင်းပွဲထဲကို အမှုန်တွေ ကျကုန်ပြီဟဲ့။ ကန်းနေသလား မအေသေရာတွေ"

"မိဖဲလှ ပါးစပ်ပိတ်ထားစမ်း"

ကိုကျော်ညီ ဒေါသတကြီး အော်သည်။

မအေသေရာဟုအဆဲခံရသူတွေ အိမ်အောက်ရှိ ပုတ်တွေ၊တောင်းတွေကို လှန်နေစဉ် အရှေ့ဘက်မှလာသောအစုသည် ပြောင်းရိုးစဉ်း အပုံကြီးကို လုံ့စွပ်ဖြင့်ထိုး၏။အဖိကလေး၏ဆင့်ပေါ်တွင်ထောင်ထားသော ခြင်ထောင်ကို လုံ့စွပ်ဖြင့်ထိုးလှန်သည်။ ဖက်နေသော ယောက်ျားနှင့် မိန်းမတစ်ယောက်။

"ဟဲ့ မိမစစ် ဖမစစ်တွေ"

အဝတ်ဖရိုဖရဲနှင့် မိန်းမတစ်ယောက် ထဆဲသည်။

"ယောရောရှိ၊ ယောရောရှိ"

မိမစစ် ဖမစစ်ဟု အဆဲခံရသူတွေ ခြင်ထောင် ပြန်ချကာ သွား တဖြီးဖြီးဖြင့် ထွက်ခွာသွားကြလေ၏။

ခြင်ထောင်ထဲတွင် ဖက်နေသူများမှာ တပ်ကြပ်စောမင်းဒင်နှင့် သင်းထုံ ဖြစ်သည်။ သင်းထုံမှာ မည်သို့မျှ မဖြစ်ငြား စောမင်းဒင်မှာ တုန်ယင်နေ၏။ ငှက်ဖျားထ၍ မဟုတ်။ မိမစစ် ဖမစစ်တွေကို ကြောက်၍မဟုတ်။ သူ ကြောက်သောအရာမှာ မိန်းမ။

"ဖက်ထားပါရှင့်၊ မသေတတ်ပါဘူး။ စိတ်သန့်ရင်ပြီးတာပဲ" ဟု သင်းထုံက ပြောလည်းပြော ဖက်လည်းဖက်၏။ စောမင်းဒင် မဖက်ရဲ၊ တုန်ယင်နေသည်။ ထိုအခိုက်တွင် ခြင်ထောင်ခြေရင်းမှ လန်သွားသည်။

"လှဲနေဦး၊ ပြန်လာရင် ဘယ့်နှယ်လုပ်မတုန်း"

ပြောပြောဆိုဆို ခြင်ထောင်ထဲမှ ထွက်လာသည်။ အယုတ်တမာ တွေကို ချောင်းကြည့်သည်။ ကိုကျော်ညံက "မဆင်းခဲ့နဲ့ဦး" ဟု လှမ်း ပြောသည်။

"ဟိုဖိနပ်စာ ဘယ်သွားတုန်း"

မဇလုက ထမင်းစားရင်း လှမ်းမေးသည်။ ကိုကျော်ညံမှာ ယခုမှ ပြန်လာသူဖြစ်သဖြင့် "ဘယ်သူတုန်း" ဟု နဝေတိမ်တောင် ပြန်မေးသည်။

"ဘယ်သူရမတုန်း၊ တော့်သားပေါ့။ ကြံတိုင်းအောင်တို့တစ်တွေ သူ့မြင်းကို ယူသွားပါသယ်ဆိုပြီး လူးလိမ့်ငိုနေလို့ ကိုမင်းဒင်ခမျာ ထန်းသား ရှာပြီး အရပ်လုပ်ပေးနေသာနဲ့ ထမင်းစားနောက်ကျသွားသယ်။ နို့မို့ရင် ခွေးတွေနဲ့လွတ်သယ်"

အကျိုးအကြောင်း ရှင်းပြပြီးမှ ကြုံးဝါးနေပြန်သည်။

**ပုဂံစာအုပ်တိုက်**

"ပြန်လာပေစေဦး၊ လိုမ့်လိုမ့်ရိုက်ဦးမယ်"

"လိုမ့်လိုမ့်ပြီး ရှိခိုးမယ် ပြောစမ်းပါကွာ။ မင့်အကြောင်း မသိသာ ကျနေသာပဲ"

တပ်ကြပ်စောမင်းဒင် အဖိကလေးထဲမှ ချောင်းကြည့်နေဆဲရှိသေး၏။

"ကိုမင်းဒင်၊ မဝသေးရင် ဝင်စားလှည့်ဦး"

ကိုကျော်ညံက ထမင်းပွဲတွင်ဝင်ထိုင်ရင်း လှမ်းခေါ်၏။ "ဝပါပြီဗျာ၊ နောင်ကြီးပဲ သုံးဆောင်ပါတော့" ဆိုကာ ဆင်းလာသည်။ ထမင်းပွဲဘေးသို့ ရောက်မှ "တော်တော်လန့်သွားသလား" ရယ်မောကာ မေးသည်။

"အမြဲတမ်း လန့်နေရသာပဲဗျာ။ ထူးပြီးမလန့်တော့ပါဘူး။ ဆရာလေး ဦးခင်မောင်တင့်ကတော့ နေပါဦး ပြောသားဗျ။ သူ့စကားနားထောင်ရင် ခွေးတွေနဲ့ လွတ်မှာ"

မဖဲလှသည် ထမင်းတောင်းတစ်ဖက်၊ ဟင်းပန်းကန်တစ်ဖက်ဖြင့် ရောက်လာရာက "ကလေးနဲ့ ကလေးအမေကော နေကောင်းကြလား" ဟု မေး၏။

ကလေးနှင့် ကလေးအမေမှာ ကြည်ကြည်တို့ သားအမိဖြစ်သည်။

"ကောင်းပါ့ဗျား။ ကလေးက ရယ်တောင် ရယ်တတ်နေပြီ"

"နောင်ကြီး၊ ကျွန်တော် သွားပါဦးမယ်။ အစ်မ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့။ သတိဝီရိယနဲ့ သွားနော်။ မအေသေရာတွေ ယုတ်ကန်းက ယုတ်ကန်းသနဲ့"

တပ်ကြပ်စောမင်းဒင်သည် ကျောခိုင်းသွားပြီးမှ မဖဲလှဘက်သို့ လှည့်ကာ ခေါင်းညိတ်ပြပြီးမှ ရွာပြင်သို့ ထွက်ခွာလာခဲ့လေ၏။ အတန် ငယ်သာ လာခဲ့ရသေးသည်၊ ထန်းဘလတ်မြင်းတစ်ကောင်ကို ခွစီးလျက် ပြေးလာသော ကြံတိုင်းအောင်နှင့် တင်မောင်ဆွေ၊ သင်းသင်းတို့နှင့် ဝင်တိုး၏။

## ပုဂံစာအုပ်တိုက်

သင်းသင်းနှင့် တင်မောင်ဆွေမှာ သင်းထုံ၏သမီးနှင့် သားဖြစ်၏။ သူတို့သည် တဟဲ့ဟဲ့ဝေါက်လျက် ပြေးလာကြသည်။ လူချင်း ကွဲမသွားစေရန် ရှေ့လူ၏ခါးကို အလယ်လူ၊ အလယ်လူ့ခါးကို နောက်ဆုံးလူက ဖက်ထားကြ၏။

တပ်ကြပ်စောမင်းဒင်ကိုမြင်လျှင် ကြဲတိုင်းအောင်သည် မြင်းဇက်ကို လွှတ်ချထားခဲ့ကာ ပြေးလာ၏။

"ဦး၊ ဦး။ ဘက ဘက...."

စောမင်းဒင် ဒူးထောက်ထိုင်ရ၏။

"ဖြည်းဖြည်းပြောပါကွာ၊ အမောဖြေဦး"

"သွေးသောက်ကြီး ဦးမိုးကောင်းရဲ့မြစ်ဗျ။ ဒါလောက်နဲ့ မမောပါဘူး"

"ဟုတ်ပါပြီဗျာ။ ဒါဖြင့်လည်း ပြောပါဗျား"

"ဘက မှာလိုက်သယ်။ သူ စောင့်နေမယ်တဲ့ခင်ဗျာ့"

"ကျေးဇူးတင်ပါတယ်ကွာ" ဆိုကာ တပ်ကြပ်စောမင်းဒင် ထ အရပ်တွင် ကြဲတိုင်းအောင် တုံ့ပြန်စကားကြောင့် ရယ်မောနေရ၏။

"ကျေးဇူးတင်စရာ မလိုပါဘူးဗျာ။ ရဲဘော် အချင်းချင်းပဲ"

"ဟုတ်ပါတယ်ရဲဘော်။ ကောင်းကောင်း ပြန်နော်။ အခုလို ရွာပြင်ထွက်ပြီး မကစားနဲ့။ အိမ်မှာပဲကစား၊ ဟုတ်ပြီလား။ သွားပြီနော်"

တပ်ကြပ်စောမင်းဒင်သည် ဖက်ဆစ်တွေကို စိတ်မချချေ။ ထိုသူယုတ်များမှာ ကျားနာတွေဖြစ်နေပြီ။

လှည်းတောင်းလွန်းသောကြောင့် လူတွေက လှည်းကို တစ်စစီဖြုတ်ထားသည်။ သူယုတ်များက တစ်စစီကို လက်ညှိုးထိုးပြကာ သေနတ်တော့ပြီး အဆင်ခိုင်းသည်။ ထိုအခါတွင် လူများက လှည်းရော နွားပါ လုံခြုံရာ၌ ဝှက်ထားသည်။

မိစ္ဆာဖက်ဆစ်များသည် လှည်းနွားကို မတွေ့စေကာမူ နွား

တင်းကုပ်နှင့် နွားချေးဟောင်းအပုံကို လက်ညှိုးထိုးပြပြီး လှည်းနှင့် နွားတောင်းသည်။ သို့အတွက် လူအများသည် လှည်းနွားသာမက နွားချေးအဟောင်းပုံရော နွားတင်းကုပ်ကိုပါ ဖျောက်ပစ်ကြသည်။ လူကိုလည်း အတွေ့မခံတော့ချေ။

ဖက်ဆစ် အယုတ်တမာများမှာ သူကြီးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးလည်း ရှာမတွေ့။ ရွာသို့ဝင်လျှင်လည်း အလွန်ကံကောင်းမှ လူကိုတွေ့သည်။ ယနေ့တွေ့ခြင်းမှာ ကြံတိုင်းအောင် မကောင်းသောကြောင့်ဖြစ်သည်။

ထိုကဲ့သို့ အခက်အခဲ ကြုံနေသောအခါ ဖက်ဆစ်တွေသည် တွေ့ရာကလေးများကို ပြန်ပေး 'ထောင့်' ပြီး လှည်းမည်မျှ ပေးရမည်၊ မပေးကသတ်ပစ်မည်။ မလုပ်ဟု မည်သူမျှ အာမ မခံပေ။ သည်တပ်က ခေါ်သွားသောကြောင့် 'လှည်းချော' လိုက်သွားသော လယ်သမားသည် ချောဆွဲသောတပ်ကို ပေးလိုက်သည့်လက်မှတ်ကိုယူကာ အေးဆေးစွာဖြင့် လမ်းကောင်းမှ မောင်းပြီး အိမ်သို့ပြန်လာ၏။ ထိုလှည်းကို ရင်ဆိုင်တွေ့သောတပ်က ချောဆွဲပြန်သည်။ လယ်သမားက ပါသော လက်မှတ်ကို ထုတ်ပြ၏။ 'အရိဂတော' တစ်ခွန်းသာပြောပြီး၊ ချောဆွဲသွားပြန်တော့သည်။

ထိုအဖြစ်အပျက်က ဖက်ဆစ် စစ်တပ်အချင်းချင်းပင် အသိအမှတ်မပြု၊ အရေးမထား၊ အလေးမမူကြောင်း ပြသနေသည်။ လက်ငင်းအခက်အခဲကို ဖြစ်သလို ဖြေရှင်းနေကြရပြီ။ သို့အတွက် ကလေးတွေကို ပြန်ပေးဆွဲပြီး အကြေပ်မကိုင်ဟု မပြောနိုင်။

စောမင်းဒင်သည် ကလေးက သည်မျှပြောသွားသည်ကို နားလည်၏။ လူကြီးကလည်း ကလေးကို သည်မျှထက် ပိုပြီး မမှာပေ။ သည်နယ်မှာကတည်းက အရေးကြီးပြီဟု သိပြီ။ သိသော်ငြား ကလေးတွေကို စိတ်မချပါ။

ဖက်ဆစ်တို့သည် စကတည်းက စည်းကမ်းမဲ့သည်။ ယခု ပြေးပေါက်

မှားနေချိန်တွင် ပိုပြီး စည်းကမ်းမဲ့တော့မည်၊ သိက္ခာမဲ့တော့မည်။ မဟုတ်သည် မှန်သမျှကို ဒိုင်ခံပြီးလုပ်နေပြီ။ ကလေးတွေကို ပြန်ပေးဆွဲနိုင်သည်။ သို့အတွက် စောမင်းဒင်သည် ကလေးတွေ ရွာထဲသို့ ရောက်သွားမှသာ ဘုန်းကြီးကျောင်းဘက်သို့ သွက်သွက်လာခဲ့သည်။

ကိုမိတ္တသည် ကျောင်းတလင်း၌ တံမြက်လှည်းလျက်ရှိသည်။ တပ်ကြပ်စောမင်းဒင် ရောက်လာသည်ကို မြင်သော်ငြား မသိသူနှယ် သူ့အလုပ်ကို သူ ဆက်လုပ်နေသည်။ တောင်းတစ်လုံးဖြင့် အမှိုက်တွေ ကျုံးလာသည်။ ငှက်ပျောရွက်ခုတ်သလိုလို၊ ပန်းခူးသလိုလို လုပ်နေသော စောမင်းဒင်အနီးရှိ ငှက်ပျောရုံကြားသို့ အမှိုက်တွေသွန်ရင်းက စကားပြော၏။

"ရွာထဲကို ပေပုတွေဝင်သွားသယ်၊ မင်းလည်း ထွက်မလာဘူး။ ငါတို့ စိတ်ပူပြီး လူတောင် စုတော့မလို့"

"မသင်းထုံ ကယ်ပေလို့ပေါ့ဗျာ"

"အေး၊ ကနေ့ည လွန်ချိကျွန်းအထက်နားမှာ ပေပုတွေ မြစ်ဖြတ်ကူးမယ် ထင်ရသကွ။ အဲသည်တစ်ဝိုက်မှာ သည်ကောင်တွေ လှေရှာနေသယ်။ ဗိုလ်ပါ့ဆီကို သတင်းမပို့ရသေးဘူး။ ဒါပဲ"

ဘုန်းကြီးကျောင်းတွင် ရေအသင့်ရှိ၏။ အရိပ်အာဝါသ ကောင်း၏။ အဆောက်အအုံများလည်း ကြီးမား၏။ သို့အတွက် ဖက်ဆစ်တွေ ရောက်လာလျှင် ကျောင်းအောက်နှင့် ကျောင်းပရိဝုဏ်အတွင်းရှိ သစ်ရိပ်ဝါးရိပ်တွင် စခန်းချ၏။ သို့အတွက် ထိုနေရာတွင် ကိုမိတ္တ ရှိနေခြင်းဖြစ်သည်။

ပြောက်ကျားရဲဘော်များကလည်း မြစ်ကမ်းကို စောင့်ကြည့်နေကြသည်။ အမှတ်မဲ့ကြည့်လျှင် ရန်သူ၊ မိတ်ဆွေ မကွဲပြားစေရန် ဖက်ဆစ်များသည် မြန်မာယောင်ဆောင်လျက် လှေရှာဖွေစုဆောင်းနေကြသည်။ လောလောဆယ်တွင် တံငါလှေကလေး သုံးစင်းသာ ရထားသေးသည်။

လေယာဉ်ပျံမမြင်စေရန် ရေထဲတွင်နှစ်ထားသည်။

သပြေသာရွာဆိပ်နှင့် သွေးသောက်စု ချောင်းဝကြားတွင် ကူးတို့လှေနှင့် တံငါလှေ စုစုပေါင်း တစ်ရာခန့်ရှိသည်။ ရန်သူဖက်ဆစ်များ သုံးစင်းသာ ရခြင်းမှာ ဝှက်ထားသောကြောင့် ဖြစ်သည်။

ရန်သူကလည်း လှေတွေ ဝှက်ထားမှန်းသိသဖြင့် ကမ်းစပ်ရေထဲသို့ ဆင်းပြီး ရှာဖွေသည်။ အကြိမ်ပေါင်းများစွာ အနိုင်ကျင့် ချောဆွဲခံရဖူးသဖြင့် လှေသမားတွေက နပ်နေပြီ။ အသွားအလာခက်သော ရေနက်ပိုင်းတွင်သာ ဟိုတစ်စင်း သည်တစ်စင်း မြှုပ်ထားသည်။ ရန်သူများ မတွေ့ပါ။

ပြောင်ပြောင်တင်းတင်း ကုန်းပေါ်သို့တင်ပြီး မှောက်ထားသော လှေ သုံးလေးစင်းရှိပါ၏။ သေရဲလျှင် ယူလော့ဟု စိမ်ခေါ်နေဘိသို့ရှိ၏။ ပျဉ်ချပ်တွေ ကွာနေသည့်အတွက် မထိရဲကြပါ။ သို့ဖြစ်သဖြင့် ဖက်ဆစ်များသည် သပြေသာရွာတွင်းရှိ တဲအိမ်တွေကို ဖျက်ယူပြီး သစ်ပင်ရိပ်၌ ဖောင်ဖွဲ့ကြသည်။ ဝါးရုံတွေကို ခုတ်ယူကြသည်။ ဖောင်များကို ညောင်မုတ်ဆိတ်အောက်၌ ထားကြသည်။

နေချိုသည်နှင့်အမျှ ရန်သူ ပို၍ လှုပ်ရှားလာပြီ။

ရန်သူက ပေါပေါထင်ထင် လှုပ်ရှားငြား ပြောက်ကျားရဲဘော်များကား သိုသိပ်သည်။ မလွန်နှင့် မိုးနတ်ကုန်းရှိ တပ်စုများပါ ရောက်ရှိလာကြပြီ။

မှောင်ရီပျိုးသည်နှင့် ရန်သူတွေ လွန်ချီကျွန်းအထက်သို့ ဖောင်တွေကို ဆွဲယူသွားကြကာ စတင်ကူးတော့သည်။ ပထမအသုတ် အရှေ့ဘက်ကမ်းသို့ ရောက်ချိန်တွင် ရိုင်ဖယ်သံ၊ စက်ကြီးသံများ ပေါ်လာတော့သည်။ လက်ပစ်ဗုံးပေါက်ကွဲသံများ၊ စိန်ပြောင်းကျည်ပေါက်ကွဲသံများက အရှေ့ဘက်ကမ်းရဲဘော်များ၏ ကြိုဆိုသံဖြစ်၏။

သည်ဘက်ကမ်းတွင် အော်ဟစ်အမိန့်ပေးသံများ ဆူညံလာ၏။

**ပုဂံစာအုပ်တိုက်**

ဖက်ဆစ်တွေသည် ဖောင်များပေါ်သို့ ပြေးဆင်းကြသည်။လ မထွက်သေးပါ။ သို့သော် ဝါးဖောင်သုံးခုပေါ်၌ ဖက်ဆစ်တွေပြည့်နေပြီကို မြင်ရသည်။

ဝါးဖောင်တစ်စင်း ကမ်းမှခွာပြီ။ ဒုတိယဖောင်လည်း ကမ်းမှ ခွာပြီ။ နောက်ဆုံးဖောင် ကမ်းမှခွာ၍ ဝါးတစ်ရိုက်ခန့်အရောက်တွင် စက်ကြီးသံ ပေါ်လာသည်။ ဒုတိယဖောင်ပေါ်သို့ စိန်ပြောင်းကျည် ကျရောက် ပေါက်ကွဲသည်။ ကျည်ဆန်များသည် ဖောင်သုံးခုပေါ်သို့ မရပ်မနား ကျရောက်သည်။ အရှေ့ဘက်ကမ်းသို့ အာရုံစောမိသဖြင့် ဖက်ဆစ်များ အထိနာခြင်းဖြစ်သည်။

သို့သော် ရန်သူအကုန် မကူးပါ။ ညောင်မုတ်ဆိတ်အောက်၌ အချို့ ကျန်ခဲ့ပါသေးသည်။ ရဲရဲညိသောကျည်ဆန်များ ညောင်ရိပ်မှ ပြေးလွှားလာ၏။ ရန်သူသည် ဖြန့်ပြီး တက်လာသည်။

အတွင်းသိ အစင်းသိချင်းဖြစ်သဖြင့် ဖက်ဆစ်များ နောက်ပိုးသိပ်ရန် မတတ်နိုင်ပါ။ သူတို့ သွားမည့်လမ်းကြောင်းတိုင်း၌ ရဲဘော်တွေရှိသည်။ ဝမ်းလျားထိုးရာက ကုန်းထသည်နှင့် တစ်ပြိုင်နက်တည်း ကျည်ဆန်ရောက်လာသည်။ လက်ပစ်ဗုံးရောက်လာသည်။

ရန်သူသုံးယောက်သည် မြွေတွားသကဲ့သို့ တရွေ့ရွေ့တက်လာသည်။ စက်ကြီးရဲဘော် လဘန်လသည် ထိုသုံးယောက်ကို မဲပြီးပစ်သည်။ ထိုအခါ ဖောင်ပျက်မှတက်လာသူများ ရှေ့တိုးလာနိုင်သည်။ သို့သော် လက်ပစ်ဗုံး တစ်လုံး ကျရောက်ပေါက်ကွဲချိန်တွင် ကုန်းကုန်းကွကွတွေ ဝပ်ကျသွား၏။

ရေကူးလာပြီး လက်ဝဲဘက်မှ ပန်းတက်ရန် ကြိုးစားသော ရန်သူအား မလွန်တပ်စုက ဆီးကြိုနှိမ်နင်းသည်။ ပြားကပ်ပြီးတက်လာသော သုံးယောက်အနက် တစ်ယောက် ကုန်းအထတွင် စံသာဦးပစ်ချလိုက်သည်။ ထိုသူ ပက်လက်လန်ကျပြား လက်ပစ်ဗုံးတစ်လုံး ပျံဝဲလာပြီ။

ထိုလက်ပစ်ဗုံး ကျရောက်ပေါက်ကွဲချိန်၌ နောက်တစ်ယောက် ထသည်။ ထိုသူ ထချိန်နှင့် စံသာဦး၏လက်ထဲမှ လက်ပစ်ဗုံးကို ကွင်း

ဖြုတ်ပြီး ချိန်ဆောင့်ပြီးချိန်တို့ အသင့်ဖြစ်သည်။ အသာကလေး လိုမ့်ချပေးလိုက်သည်။ ဖွဲကောင်းသော နှစ်ကောင်ချုပ်ငြိမ်းသွားပြီ။

သို့သော် မချုပ်ငြိမ်းသေးပါ။ တစ်ယောက်သည် ကုန်းထနေသည်။ စက်ကြိုးကျည်များ ထောင်းထောင်းထအောင် ကျရောက်သွားမှ ငြိမ်သွားသည်။ ငရဲပွက်သံအလား ဆူညံပေါက်ကွဲခဲ့သောနေရာမှာ ရုတ်ချည်းတိတ်ငြိမ်သည်။

လက်ဝဲဘက်ရှိ မလွန်တပ်စုမှာ ပစ်ခတ်နိမ်နင်းနေဆဲရှိသေးသည်။

မြင်ကွင်းအတွင်း၌ ရှင်းလင်းငြိမ်သက်နေငြား ရဲဘော်များ တိတ်ဆိတ်စွာ စောင့်ကြည့်နေသည်။ အဝတ်တစ်ထည်ကို တုတ်တစ်ချောင်းထိပ်တွင် တင်ပြီး လေထဲသို့ထိုးတင်လိုက်၏။ သေနတ်သံနှစ်ချက် ပြိုင်တူပေါ်လာ၏။ ညောင်ပင်အောက်မှ လှမ်းပစ်သော ရန်သူထံသို့ အသင့်စောင့်ပြီး တုံ့ပြန်ပစ်ခတ်ခြင်းဖြစ်၏။

"ရေစုန်မျှောချသွားပြီးမှ တိတ်တိတ်ကလေး ကပ်လာနိုင်သဟေ့"

လက်ယာတောင်ပံရှိ ကိုမိတ္တတို့ တပ်စိတ်ဘေးသို့ ရန်သူသုံးယောက် ဘွားခနဲရောက်လာသည်။ ရဲဘော်များ အငိုက်မမိပါ။ ပေါ်လာသည်နှင့် ပစ်ချငြား နှစ်ယောက်သည် အတင်းဝင်ပြီး လုံ့စွပ်ဖြင့်ထိုးသည်။

သို့ရာတွင် သူတို့မှသာ ပူးကပ်တိုက်ခိုက်တတ်သည် မဟုတ်။ မျိုးချစ်ပြောက်ကျားရဲဘော်များလည်း တတ်ပါသည်။ တတ်ရုံမက ပရိယာယ်ကိုလည်း သိထားသဖြင့် နောက်ထပ် 'ယား' အော်လျက် ငါးယောက်ပြေးတက်လာလျှင် လာချင်း ကိုမိတ္တတို့ ဆီးကြိုပစ်ခတ်သည်။ လုံ့စွပ်တိုက်ပွဲ မနွှဲလိုက်ရ။ ငါးယောက်လုံး ပုံကျသွားသည်။

ချက်ချင်းပင် ညောင်ပင်ပေါ်မှ ဝင်းခနဲမီးပွင့်၏။ တုံ့ပြန်သံများ သောသောညံလျက် ညောင်ပင်ပေါ်မှ မည်းမည်းအရာတစ်ခု ကားကားကြီးကျလာငြား ကိုမိတ္တ ထိသွားလေပြီ။

## ပုဂံစာအုပ်တိုက်

"နေကြနေကြ၊ သတိမလစ်စေနဲ့။ ငါ ကိစ္စမရှိဘူး"

ပြောနေသည့်ကြားမှပင် ရဲဘော်နှစ်ယောက်က နောက်နားရှိ ကျောက်တုံးအကွယ်သို့ သယ်လာကြသည်။ ဆေးရဲဘော် နိုင်ကျော်သောင်း ချက်ချင်းရောက်လာသည်။ သွေးပွက်ထနေသော ရင်အုံကို စည်းနှောင်ပေးသည်။

"ငါ့သားကို ပြောလိုက်ကြပါကွာ။ ငါ့အတွက် ဆွမ်းမသွတ်နဲ့၊ အမျှမဝေနဲ့။ လွတ်လပ်ရေးရမှ ဆွမ်းသွတ် အမျှ ဝေ ဝေ"

သွေးခဲကြီးတစ်ခဲ ပွက်ခနဲ အံထွက်ကာ ကိုမိတ္တ တစ်ချက်တွန့်၏။ ထို့နောက် ငြိမ်သက်သွားတော့သည်။

ရောဝတီမြစ်ကို ဖြတ်ကူးထွက်ပြေးသော ရန်သူသည် အရှုံးကြီးရှုံးရပြီး မိမိတို့ရဲဘော်တစ်ဦး ကျဆုံး၍ နှစ်ဦး ဒဏ်ရာရခြင်းလောက် ရဲဘော်များ တန်ဖိုးမထားကြလေ။

ကိုခင်မောင်တင့်၏ အိမ်နောက်ဖေးဘက် နာနတ်ပင်များကြားတွင် ဆင့်စီထားသည့် ထင်းပုံအောက်တွင် ကင်ပေတိုင်ငရဲသား၏ သေနတ်ဒဏ်ရာကို ကုသပေးနေခဲ့ရာ များစွာသက်သာနေပြီ။

ယုတ်မာရက်စက်သော ရန်သူပင်ဖြစ်သော်လည်း အနာသက်သာသည်ကို မြင်ရသောအခါ ဒေါ်မြညွန့်နှင့် ကြည်ကြည်ရော၊ အေးမြ၊ ခင်ခင်မြင့်တို့ပါ ဝမ်းသာကြ၏။ သို့သော် ကိုမိတ္တ ကျဆုံးသွားပြီ ကြားရပြီးနောက် နောက်တစ်နေ့နံနက်တွင် ကင်ပေတိုင်ငရဲသားလည်း အသက်ပျောက်သွားတော့သည်။

အယုတ်တမာမှာ အနာဆိုးဖြင့် သေခြင်းမဟုတ်ချေ။ လည်ပင်းတွင် ပြင်းထန်သော ဒဏ်ရာရကာ သေခြင်းဖြစ်၏။ ကြည်ကြည့်လက်ချက်လော၊ အေးမြလက်ချက်လော၊ သံသယဝင်ကြငြား ခင်ခင်မြင့် လက်ချက်မဟုတ်ပါ ဟူ၍လည်း ကံသေကံမ မပြောနိုင်။

## ပုဂံစာအုပ်တိုက်

ဖအေတစ်ယောက်လုံး သေနေပါလျက် စံသာဦး ငိုချိန်မရ။ အသုဘ သင်္ဂြိုဟ်ပြီးသည်အထိလည်း စောင့်မနေနိုင်။ တပ်ရွှေ့မည့် ရဲဘော်များနှင့် လိုက်ပါရန် ပြင်ဆင်နေရပြီ။

လေယာဉ်ပျံသုံးစင်းသည် အနိမ့်ပျံသန်းလျက် လူးလာခေါက်တုံ့ ပျံဝဲနေသည်။ ထိုလေယာဉ်ပျံများသို့ ဂျပန်တွေမရှိပါဘူး အော်ပြော၍ ရသည် မဟုတ်။ လူစုစုလှုပ်လှုပ်မြင်လျှင် စက်သေနတ်ဖြင့် ရမ်းသွားနိုင်သည်။ ကိုမိတ္တ၏ အသုဘမှာ တိတ်တိတ်ပွေပွေရှိလွန်းလှသည်။ အသုဘ ကမ္မဋ္ဌာန်း ကောင်၏ဘေးတွင် မယားမစိန်ချစ်၊ ဦးလူအေး၊ ဦးတောက်ထိန်၊ ကြည်လှနှင့် သင်းထုံ၊ ဖွားခင်၊ မဗလှတို့သာရှိသည်။ မဗလှ၏လင် ကိုကျော်ညွှန့်သည် ပင်လျှင် ခဏတစ်ဖြုတ်သာ ပြေးလွှားလာနိုင်ပြီး ပျောက်သွားသည်။ ကိုခင်မောင်တင့်၊ သူကြီးတို့နှင့်ပူးတွဲကာ ရပ်ရွာလုံခြုံရေးအတွက် နေ့ကင်း ညကင်း စောင့်နေကြရသောကြောင့်ဖြစ်သည်။

အုပ်ချုပ်ရေး မရှိတော့ပါ။ မဟာဗမာ သူကြီးသစ်များနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများမှာ ခေါင်းပေါ် ဒယ်အိုးဆောင်းလျက် ပြေးပုန်းကြသည်။ ဖက်ဆစ်ခေတ်ကာလကို နေမဝင်ခေတ်ကြီးထင်ကာ ချွေးတပ်မတရားလုပ်မှု၊ လှည်းချော အနိုင်ကျင့်မှုတို့ကြောင့် ကိုယ့်လိပ်ပြာက ကိုယ့်ကိုချောက်သဖြင့် ပုန်းရှောင်ကြခြင်းဖြစ်၏။ ထိုအခါတွင် ကိုယ့်ရွာကို ကိုယ့်အသိဖြင့် ကာကွယ်ကြရပြီ။

ဓားပြတို့အတွက် လက်နက်ကလည်း ပေါပါဘိခြင်း။ အင်္ဂလိပ်တို့ ထူထောင်ပေးသော ဓားပြဂိုဏ်းများသည် ဖက်ဆစ်တို့ မပြေးမီကတည်းက ရှိခဲ့သည်။ နောက်ပေါ် ဓားပြဂိုဏ်းသစ်များကား တိုက်ပွဲကျန်လက်နက်များ ဖြင့် ရုတ်တရက်ပေါ်လာသော အဖွဲ့များ ဖြစ်ချေသည်။

မြန်မာ – အင်္ဂလိပ် ပထမစစ်ပွဲမှ တတိယစစ်ပွဲအထိ အင်္ဂလိပ်တို့ လုပ်ပုံနှင့် ယခုလုပ်ပုံ မတူပေ။

## ပုဂံစာအုပ်တိုက်

ထိုစစ်ပွဲများအတွင်းက အင်္ဂလိပ်စစ်တပ်များသည် ဖမ်းဆီးရမိသမျှ လက်နက်ဟူသရွေ့ကို ဖျက်ဆီးပစ်သည်။ သိမ်းပိုက် ယူငင်သွားသည်။ ယခု အင်္ဂလိပ်စစ်တပ်ကား လက်နက်များကို မသိမ်းဆည်းပေ။ သေနတ်မျိုးစုံ ကျည်ဆံ တောင်ပုံကန်သင်းကို သည့်အတိုင်း ထားပစ်ခဲ့ကြသည်။ လာ ကတည်းက စိတ်ယုတ်မာစိတ်ပုပ်ဖြင့်ပြန်လာကြောင်း ထင်ရှားသည်။ မသမာ သူတို့ လက်တွင်းသို့ လက်နက်တွေ ရောက်သွားကာ ဆင်းရဲသား တောသူ တောင်သားများ ဒုက္ခရောက်သည်ထက် ရောက်ကြစေရန် ရည်သန်ရင်း ရှိနေပေတော့သည်။

ကိုမိတ္တ၏အသုဘကို ချက်ချင်းသဂြိုဟ်ပစ်ရန် သင့်သောအချိန် ကာလဖြစ်ငြား မစိန်ချစ် သဘောမတူပါ။ အေးမြ၊ ကြည်လှ၊ သင်းထုံတို့ ကလည်း မကန့်ကွက်ချေ။ လေယာဉ်ပျံသံ မကြားရ၍ မီးထွန်းထား သော်လည်း သန်းခေါင်မတိုင်မီ ငြိမ်းပစ်ကြရ၏။

အမျိုးအမည်မသိသော အရာများသည် ခေါင်းပေါ်မှဖြတ်သန်းသွား သည်။ မကြာမီတောင်အရပ်၌ ကျရောက်ပေါက်ကွဲသည်။ သည်အရပ်၌ ရန်သူမရှိတော့ ဟူသည်ကို မျိုးချစ်ပြောက်ကျားတွေထက် မည်သူပို၍ သိပါ သနည်း။ရန်သူရှင်းနေသဖြင့် ရဲဘော်များပင် နေရာရွေ့သွားပြီ။ သို့ပါလျက်နှင့် အမြောက်ဖြင့်ပစ်နေခြင်းမှာ ကြွားဝါလို၍ လူတွေ ထိတ်လန့်ချောက်ချား စေလို၍သာ ဖြစ်တော့သည်။

တာလမ်းတွင်လည်းကောင်း၊ မြစ်ဆားရှိ လှည်းလမ်းတွင်လည်းကောင်း၊ ရှင်းလင်းခြောက်သွေ့နေသည်။ ထိုအချိန်တွင် ကိုမိတ္တ၏အသုဘ ချလာ သည်။ အသုဘပို့သူ လေးငါး ဆယ်ယောက်မျှသာရှိသည်။ ထန်းပေါင် ပေါ်တွင် ကုတင်တင်ပြီး ပိတ်ဖြူပတ်ထားသော ယာယီဖြင့် သယ်လာခြင်း ဖြစ်သည်။

"တာလမ်းမှာ စစ်ကားတွေ ရောက်နေပြီတဲ့ဟေ့"

**ပုဂံစာအုပ်တိုက်**

တစ်ယောက်က စလိုက်ရာ မသာပို့ပရိသတ်ကြီး ဝုန်းခနဲ လူစုကွဲသွားလေ၏။ တာလမ်းဘက်သို့ အူလျားဖားလျားပြေးကြ၏။ ထိုသို့ ပြေးသူများပင် "မြစ်ဘက်မှာလည်း ရောက်နေကြသတဲ့" အော်သံကြားလျှင် မြစ်ဘက်သို့ ပြေးကြပြန်လေ၏။

"ကိုမိတ္တရေ၊ တော့်ရန်သူဟောင်းတွေ ပြန်လာကြပြီ။ ထကြည့်ပါဦး တော့်"

မစိန်ချစ်သည် ခုနစ်သံတင်ပြီး ဟစ်ငိုချလိုက်လေ၏။

"မဟာမိတ် တကယ်ဟုတ်မဟုတ်၊ထမကြည့်တော့ဖူးလားတော်ရဲ့"

မည်သူကမျှ သည်ပုံမငိုနှင့် မတားဆီးကြချေ။ မရဏာနုဿတိ နှလုံးသွင်းရန်ထက်၊ အသုဘကမ္မဋ္ဌာန်း ပွားများရန်ထက်၊ ဖက်ဆစ်ဘေးဆိုးကြီးမှ လွတ်တော့မှာပါကလားဟူသည့် အသိက လွှမ်းမိုးနေသဖြင့် ဝမ်းသာစိတ်ကဲနေသဖြင့် ဖြစ်လေ၏။ ရန်ဆိုးရန်ယုတ် ဖက်ဆစ်တို့အား သုတ်သင်ဖယ်ရှားရင်း တိမ်းပါးသွားခဲ့ရသော မျိုးချစ်ရဲဘော်တစ်ယောက်၏ ကောင်းသတင်းများကို တစ်လသေသေ တစ်လဆန်းဆန်း ပြောမဆုံးအောင် ရှိရမည့်အစား ထိုလွှမ်းတသသဝေဒနာကို လေထီးပိတ်နှင့် စီးကရက်ဘူး၊ ငါးသေတ္တာဘူး၊ အမဲသားဘူး၊ ဝက်သားဘူးများက ဖုံးအုပ်သွားလေ၏။

မည်သို့ရှိစေ မစိန်ချစ် ဝမ်းမနည်းပါ။

ကိုမိတ္တအတွက် သက်ပျောက်ဆွမ်း၊ မြေချဆွမ်း မသွတ်သည့်နည်းတူ ရက်လည်ဆွမ်း၊ လလည်ဆွမ်းလည်း မသွတ်ပါ။ သွားလေသူက မှာခဲ့သည် မဟုတ်တုံလော။ နိုင်ငံတော် လွတ်လပ်ရေးရမှ ဆွမ်းသွတ် အမျှဝေပါဟူ၍။

✱

ပုဂံစာအုပ်တိုက်

# အပိုင်း ၇

# ၁

လေးလံသောဝန်များကို သယ်ပိုးထားဟန်တူသော ကားသံများ၊ တာလမ်းဘက်မှ ရံခါ လွင့်ပါးလာ၏။ လေယာဉ်ပျံသံလောဟု မဖလှ နားစွင့်ရန်မလို။ ထင်းစည်းကိုရွက်လျက် သုတ်သုတ်လှမ်းလာသည်။ လေပြည်ကလေးသည် တဖြည်းဖြည်း ကြမ်းလာသည်။ မိုးဖွဲကလေးတွေ ကျလာသည်။

လူကို မိုးစိုမည် မစိုးရိမ်။ ရွာချင်သလောက် ရွာစမ်းပါ။ လယ်ထဲက ပပ်ကြားအက်တွေစေ့ကုန်အောင် ယာထဲကဖုန်တွေသိပ်ကုန်အောင် ရွာစမ်းပါ။ လူလည်း ရွှဲချင်သလောက်ရွှဲပါစေ။ သို့သော် ဆေးရိုးတွေ လှမ်းထားခဲ့သည်ကို အိမ်ကလူတွေ မေ့လျော့နေမှဖြင့် မိုးစိုမည်စိုးသည်။

မိုးသည် မဖလှကို မစောင့်။ ဝေါခနဲ ရွာချသည်။

အလောတော်လေစွ။

အမေကြီး ထွက်ထွက်ပြီး တံမြက်လှည်းသောဇရပ်၊ အမေကြီး နေ့စဉ် ရေလှယ်သော ရေအိုးစင်သို့ အချိန်မီပြေးဝင်နိုင်သည်။

**ပုဂံစာအုပ်တိုက်**

"မိဖဲလှ ပိုက်ဆံအသုံးလိုရင်ပြောနော်"

မဖဲလှ "တော်" ဟု အော်ကာ ချာခနဲ လှည့်ကြည့်သောအခါ ကိုတောက်တဲ့။ ထန်းခေါက်ဖာကြီးတစ်လုံးကို ပွေ့ထားသည်။ အဖုံးနှင့် ကိုယ်ကြားမှ ငွေစက္ကူတွေ အန်ကျနေသည်။

"ဩော်၊ ဩော်၊ မလိုပါဘူးတော်"

"ဂျပန်တပ်တွေ ပြန်လာနေပြီ ကြားသနော။ ငါ့ပိုက်ဆံတွေကို နင်တို့ အထင်မသေးနဲ့။ မင်းတုန်းကိုတောင် နိပ္ပန်တွေပြန်သိမ်းပြီးပြီ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

မိုးထဲသို့ ပြေးထွက်မည်စိတ်ကူးခါမှ လေရောမိုးပါ အော်ချလာသည်။ လေးဖက်လှည့်ပက်သဖြင့် မဖဲလှ နောက်ဆုတ်စဉ် လူတစ်ယောက်ပြေးဝင်လာ၏။ အဝတ်မပါ။ သို့သော် ပါပါသည်။ ဒူးနှင့် ခါး၏ ကြားတွင်သာ ဂုံနီအိတ်ပတ်ထားသော လူတစ်ယောက်။

ထင်းခွေရာတွင် သုံးသော ဓားမတိုကလေး ပါပါလျက် မဖဲလှ တုန်လှုပ်၏။ တုန်လှုပ်အောင်လည်း ထိုသူက အခြေအနေဆိုး၏။ မျက်လုံး နှစ်လုံးသည် ဦးခေါင်းတွင်းသို့ နက်ရှိုင်းစွာဝင်နေသည်။ ပါးရိုးများသည် အရေပြားကို ဖောက်ထွက်မတတ် ငေါနေသည်။ သွားအစုံကို နှုတ်ခမ်း နှစ်လွှာက မဖုံးနိုင်။ နံရိုးကို တစ်ချောင်းစီရေတွက်၍ ရသည်။ ပခုံးမှ လက်ဝါး အထိ တစ်ပြေးတည်းရှိကာ တံတောင်ဆစ်က အားလုံးထက် တုတ်နေသည်။ အောက်ပိုင်းတွင်လည်း ဒူးက ပေါင်ထက် များစွာ တုတ်နေပေသည်။

ထိုသူသည် မျက်နှာပေါ်ရှိ မိုးရည်များကို လက်ဝါးဖြင့် သပ်ရာက ဆံပင်ရှည်များကို နောက်သို့ သပ်တင်လိုက်၏။

"ဒါ ဒါ သွေးသောက်စု မဟုတ်လား"

"ဟုတ်ပါသယ်တော်။ ဘယ်သူ့အိမ် သွားမလို့တုန်း"

"နင်.... နင်.... မိ.... မိဖဲလှ မဟုတ်လား"

မဖဲလှ မမှတ်မိပါ။ အသံကိုလည်းကောင်း၊ ရုပ်ကိုလည်းကောင်း လုံး၀ ဖမ်း၍မရသဖြင့် မျက်လုံးမှေးကာ အားစိုက်ကြည့်ရ၏။

"ဟ ကျော်ညဲအစ်ကို ငဟန် လဟာ"

သူ့ကိုယ်သူ ငဟန်ဟုဆိုသူသည် ဆက်လက်ရပ်နိုင်စွမ်း မရှိသဖြင့် ထိုင်မည်ပြု၏။ ထိုင်၍မဖြစ်။ သို့ကြောင့် တောင်ဝှေးထောက်ကာ ဇရပ် ခါးပန်းဘက်သို့ တိုးလာသည်။ ဆတ်ခနဲ ခွေကျသွားသည်။

"ကျုပ် နည်းနည်းမှ မမှတ်မိဘူးတော်။ တော် သည်မှာနေခဲ့။ ကျုပ် ရွာပြန်ပြီး လှည်းလွှတ်လိုက်မယ်"

ထင်းစည်းကို လက်လှမ်းစဉ် မိုးသံကြားမှ တေးသံကြားရ၏။

"ဗမာ့လွတ်လပ်ရေးကို တပ်မတော်ဖွဲ့ကာ ဂျပန်ပြည်မှာကွယ်၊တကယ်ပဲ အသက်နဲ့လဲလို့ ဆင်းရဲဒုက္ခခံကာ ကြံစည်ရှာတယ်။ သူရဲကောင်းတဲ့ ဗိုလ်အောင်ဆန်းနဲ့ အာဇာနည်တွေရယ်"

မဖဲလှ ထင်းစည်းကို ပစ်ချသည်။ တံစက်မြိတ်အောက်သို့ ခေါင်း ထုတ်သည်။ နွားလှည်းတစ်စီးပေါ်တွင် မိုးအရွှဲသားဖြင့် ဖိုးသူတော်နှင့် ကြံတိုင်းအောင်တို့ တေးချင်း တကြော်ကြော်ဟစ်လျက် လိုက်ပါလာသည်။

"ဟဲ့ အဲသာ ဘယ်သူ့လှည်းတုန်း။ ဟဲ့ လူလေး ဘယ်သူ့လှည်းတုန်း။ သည်မှာ နင့်ဘကြီးကို တင်သွားစမ်း"

ဖိုးသူတော်နှင့် ကြံတိုင်းအောင့်နောက်မှ ပါလာသူမှာ ကိုငွေခဲဖြစ်သည်။

"လူကလေး၊အဲသာ နင့်အဖေအစ်ကို၊နင့်ဘကြီး။ ချွေးတပ်လိုက်သွား သာ။ သူ့အိမ်ရောက်အောင် လိုက်ပို့လိုက်။ ကိုငွေခဲ တွဲစမ်းပါတော်"

"ဘယ်ချွေးတပ်တုန်း၊ မင်းဘူးအမ်းလမ်းလား"

ကိုငွေခဲက လူတစ်ကိုယ်လုံး အရိုးသာကျန်တော့သော ကိုဟန်ကို ဝင်တွဲရင်း မေးသည်။

"မဟုတ်ပါဘူး ငွေခဲရာ၊ မင်းကလည်း မေ့တတ်ရန်ကော၊ သံဖြူဇရပ်ဟာ"

**ပုဂံစာအုပ်တိုက်**

ကိုဟန် လှည်းပေါ်သို့ ရောက်သွားလျှင် ကိုတောက်တဲ့ ဖာကြီးပိုက်လျက်ပြေးလာ၏။

"ဟော့ဟော့၊ မင်း သံဖြူဇရပ်က လာသယ်ဆိုတော့ ရန်ကုန်ကို ဂျပန်က ပြန်သိမ်းတာ ဘယ်လောက်ကြာပတုန်း"

ကိုဟန်မှာ လက်ကိုခေါင်းအုံးလျက် လှဲအိပ်နေရာက မျက်လုံးကြောင်တောင်ဖြင့် ပြန်ကြည့်နေပြီး ကိုငွေခဲမှူ စိတ်ပျက်သံဖြင့် "သည်ဥစ္စာရူးက တစ်မှောင့်" ဆိုကာ မောင်းထွက်သွားလေ၏။ ကိုတောက်တဲ့လည်း လှည်းပေါ်သို့ အလုအယက်တက်ပြီး လိုက်ပါသွား၏။

မဇလုမှူ မိုးစဲအောင်စောင့်ပြီးမှ ထင်းစည်းကိုရွက်ကာ ဟိုချုံမှ ကင်းမုံ့နှစ်ညွန့်၊ သည်ချုံမှ ကျီးအာတစ်ညွန့်ခူးရင်း အေးဆေးစွာ ပြန်လာသည်။ ဖုန်မှုန့်ကမ္ဗလာကိုချုံထားသော သစ်ပင်ကြီးငယ်များ တောက်ရွှန်းစိမ်းမြလာပြီး မြေကြီးမှာကား ဖုန်သိပ်ရုံသာရှိသည်။

သဗျက်ညွန့်တစ်ညွန့် နဘူးချုံထဲမှ ခေါင်းထောင်ပြနေသည်။ မဇလုသည် ခြေချမည့်နေရာကို သေချာစွာငုံ့ကြည့်ပြီးမှ ချုံထဲသို့ဝင်သည်။ သဗျက်ညွန့်ကို သူလက်လှမ်းနေစဉ် သူ့ကျောဘက်မှ ကားငယ်တစ်စီး ဖြတ်သွားသည်။ ထင်းစည်းရွက်လျက် ခေါင်းငဲ့ကြည့်သည်။ ဂျစ်ကားတစ်စီး။

ထိုကားသည် မဇလုတို့အိမ်သို့ လာသောကားဖြစ်၏။

ကုလားဖြူ ကုလားနက် နီဂရိုးစစ်သားများ တာလမ်းဘေးရှိ လယ်ကွင်းများ ယာများအတွင်း၌ စခန်းချသွားချိန်က သွေးသောက်စု ရွာသားများသည် ထိုသူများထံ၌ ဝန်းအုံနေခဲ့ကြ၏။ လူနာသယ်သော နှစ်ယောက်စီးလေယာဉ်ငယ်များသည် သူတို့အတွက် ရင်သပ်ရှုမောစရာ ဖြစ်သည့်နည်းတူ ခရောင်းတော၌ ဒုန်းစိုင်းသော ဂျစ်ကားသည်လည်း အံ့တစ်ပါးဖြစ်၏။

ယခုလည်း အိမ်ဝိုင်းထဲတွင် လူတွေပြည့်နေသည်။ အိမ်အောက်တွင်လည်း စစ်သားဟု ထင်ရသူတစ်ယောက်အား အထူးအဆန်း ဝိုင်းကြည့်

နေကြသည်။

မဖဲလှသည် ထင်းစည်းကိုပစ်ချ၏။

"အမေရေ၊ ဒွေးလေးဒေါ်အိုးရဲ့ သားရယ်ဗျ"

ဖိုးသူတော်သည် လှူအုပ်ထဲမှ အော်ပြေးရင်း ပြေးထွက်လာ၏။ လှူအုပ်ရှဲသွားသည်။ စစ်သားရှေ့တွင် ထိုင်ငိုနေသော သင်းထုံ။

"အစ်မ၊ ကျွန်တော် ဒေးဗစ်သာထွန်းပါ"

"ဟဲ့ ကိုသာထွန်း။ အမယ်လေး ကျုပ်မှာ ဘယ်က ကုလားဖြူ တုန်းလို့"

ဝမ်းသာအားရပြောကာ သင်းထုံဘေးတွင် ဝင်ထိုင်ရငြား ဝမ်းသာ စရာစကားများ မရှိချေ။ ပြောစရာစကားကို ကြံဆတိုင်း ရင်ဆို့လာသည်။ မျက်ရည်တွေ တွေတွေစီးကျသည်။

"ဘနဲ့ အမေကြီး ခွေးသတ်လို့ ဆုံးရှာကြပြီတော့"

"ညီမလေးပြောလို့ အခုပဲသိရပါသယ်။ ရေနံချောင်းက တိုက်နေရာမှာ ကျင်းကြီးဖြစ်နေသာပဲ ထင်ထင်ရှားရှားမြင်ခဲ့ရပေမယ့် အဖေနဲ့အမေ ဗုံးထဲမှာ ပါသွားတာလည်း အခုမှ သိရတယ်ခင်ဗျာ"

ဒေးဗစ်သာထွန်းခေါ် ပေါ်လာသည် အညိုရောင် စီးကရက်ဘူးပြား ကို ကိုယ်ကိုတွန့်လိမ်လျက် ဘောင်းဘီအိတ်ထဲမှထုတ်၏။ ဘူးထိပ်အဖုံးကို လက်မဖြင့်တွန်းလိုက်သောအခါ စီးကရက်တစ်လိပ် ထွက်လာ၏။ အနီးရှိ လူတစ်ယောက်အား လှမ်းပေး၏။ အပေးခံရသူက စီးကရက်ကို ဆွဲယူလျှင် နောက်တစ်လိပ်ထွက်လာပြန်၏။ သူသည် ဒုတိယအလိပ်ကို နှုတ်ခမ်း ဖျားတွင် ချိတ်သည်။ ထောက်ခနဲ အသံမြည်ကာ မီးတောက်လာသော မီးခြစ်၌ ညှိ၏။

မျက်လုံးပေါင်းတစ်ရာကျော်သည် ဒေးဗစ်သာထွန်းထံမှသာ စုပြုံ နေကြ၏။

## ပုဂံစာအုပ်တိုက်

. "တော့်ညီ သခင်မိတ္တကတော့ တိုက်ပွဲမှာကျသယ်"

"မြတ်သောသေခြင်းပါဗျာ။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို အခုလို လာပြီး စော်ကားရင် အခုလိုပဲ ချလွှတ်ရမှာပဲ"

ထိုအခါတွင်မှ မဖဲလှသည် တိုင်ကွယ်တွင်ထိုင်နေသော အရပ်သား တစ်ယောက်၊ မည်းမည်းပိန်ပိန်ကို သတိထားမိ၏။ တိုင်းလုံးကျော်။

"တိုင်းလုံးကျော်၊ မောင်လေး"

အနေအထားအားဖြင့် တိုင်းလုံးကျော်သည် မဖဲလှ၏ ဦးလေးဖြစ်၏။ အရွယ်အားဖြင့်ကား မောင်လေးသာဖြစ်သည်။

မဖဲလှ ထသွားပြီး တိုင်းလုံးကျော်ကို ဖက်ငိုသည်။

"ဘနဲ့ အမေကြီး ခွေးသတ်လို့ သေရှာပြီ"

"မသင်းထုံပြောလို့ သိပြီးပါပြီဗျာ။ သွေးသောက်ကြီး ဦးမိုးကောင်းရဲ့ သမီးနဲ့ သား ပီသပါပေသယ်ဗျာ။ ကျုပ် ဂုဏ်ယူသယ်၊ အလေးပြုသယ်။ အစ်ကိုပေါ်လာ၊ ခင်ဗျားလည်း သွေးသောက်ကြီး ဦးမိုးကောင်းရဲ့မြေး ပီသစမ်းပါ"

ဒေးဗစ်သာထွန်း ပခုံးတွန့်ပြီးပြုံးသည်။

"အခုထိတော့ ဘမကြိုက်တာ ဘာမှ မလုပ်မိသေးပါဘူးကွာ။ အရာရှိတွေ စစ်ထဲဝင်ရမယ်ဆိုလို့ ဝင်တယ်။ သူတို့ပြေးတော့ ပါသွားတယ်။ သူတို့ပြန်လာတော့ ပါလာတယ်။ ပြေးရင်းလွှားရင်း ကပ္ပတိန်ကနေ မေဂျာ"

ဒေးဗစ်သာထွန်း ရယ်မောနေသည်။

"ဖြုတ်ပစ်လိုက်စမ်းပါဗျာ၊ ဘာမှမလုပ်ရဘဲ ရသဲ့ရာထူး အဖိုးမတန် ပါဘူး။ အငတ်ငတ်အပြတ်ပြတ်နဲ့ နေပူမရှောင် မိုးရွာမရှောင် သေမင်းနဲ့ နပမ်းလုံးပြီးမှရသဲ့ ကျုပ်တို့ ဝမ်းလိုင်း သရီးစတားကမှ အဖိုးတန်သာဗျာ့"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

ဒေးဗစ်သာထွန်းသည် ရယ်မောမပျက် ခေါင်းညိတ်ရာက "ဒါပေမယ့်"

ခဲ့သည်။ သူ့စကားဆက်ရန် တိုင်းလုံးကျော် စောင့်သည်။

"ဒါပေမယ့် ဘရုတ်သုက္က ပြေးကြရာမှာ ပြေးတတ်ဖို့ လိုသကွ။ ကလေးဝက တမူးအထိ ကုန်းလမ်းကပြေးရာမှာ ငါတို့ကို လိုက်တိုက်နေသဲ့ မင်းတို့မြင်ရင် ငါတို့ကို သနားသွားမယ်။ တောကြီးမျက်မည်း ရွှံ့တော၊ ဗွက်တော၊ ကျွတ်တော၊ မျှော့တော၊ မြွေတောပါကွာ။ သေနတ်မမှန်ဘဲ ဝမ်းရောဂါနဲ့သေတာ တစ်ပုံကြီး။

"အစ်ကိုပေါ်လာတို့ကို ချီးကျူးပါသယ်ဗျာ"

အပြောနောက်တွင် ပါလာသောအရာမှာ လှောင်ပြောင်ရယ်မောသံ။

"အေးပါ၊ မင်းသရော်ပြီး ချီးကျူးသာ ငါ စိတ်မဆိုးပါဘူး။ သည် မြန်မာပြည် စစ်မြေပြင်မှာ တကယ်တိုက်သာက မင်းတို့ ဗမာ့မျိုးချစ် တပ်မတော်ပါ။ ငါတို့က ပျော်ပွဲစားထွက်သလို ဟန်ရေးဝါရေးပြသာ။ အဲသည် အဓိပ္ပာယ်မရှိသဲ့ ဓားရိပ်ကို မြန်မာပြည်သူပြည်သားတွေရဲ့ ခေါင်းပေါ်ပုံချမှာ"

"စစ်စရိတ်တွေလည်း လူထုအပေါ်ပုံချ။ ဂျပန်ငွေစက္ကူ မသုံးရလို့ တစ်တိုင်းတစ်ပြည်လုံး ဖြုံခါပြာခါကျ။ အဲသာ အားမရလို့၊ သယံဇာတတွေ လက်ဝါးကြီးအုပ်ပြီး ကုပ်သွေးစုတ်ကြဦးမယ် မဟုတ်လား"

"အမှန်ပဲ ငါ့ညီရေ့။ ဆင်းမလား ပရိဂျက် ဆိုတာကြီး ပါလာ တယ်လေ"

"ဒါပေမယ့် ခေတ်ပြောင်းသွားပြီ အစ်ကိုပေါ်လာ။ ဟိုတုန်းက မြန်မာ လူထုဟာ သွေးစုပ်လို့ကောင်းအောင် ကုန်းပေးသဗျ။ ကနေ့လူထုကတော့ တွန့်လိမ်ခုန်ပေါက်နေမှာမို့ သွေးစုပ်သဲ့ကောင်တွေ နှုတ်ခမ်းပေါက်၊ သွားကျိုး"

"အဲသာ ခဏရပ်ကြပါဦးမောင်လေးရယ်"

မဖဲလှ ဝင်ပြောသဖြင့် တိုင်းလုံးကျော် အပြောရပ်၏။ "ပြောလေ၊ အစ်မသင်းထုံရော ခင်ဗျားပါ ပြောပါ"ဟုပြောသည်။

**ပုဂံစာအုပ်တိုက်**

"အစ်မသင်းထုံ ပြောပါ"

မသင်းထုံသည် ဒေးဗစ်သာထွန်းအား မော့ကြည့်၏။

"အစ်ကို ဘယ်လို စီမံချင်သတုန်း"

"ဟိုမှာ အဖေနဲ့အမေမှ မရှိတော့တာ၊ ညီမလေး ဘာလုပ်ဖို့ပြန်မှာတုန်း။ ပြန်ချင်ရင်လည်း သည်မှာပဲခဏနေဦး။ သည်မှာက ဆွေကြားမျိုးကြားမှာ စားဝတ်နေရေး မပူရဘူး။ အစ်ကို ဒီကပြန်ရင် အစ်ကိုတို့ တိုက်နေရာကို ဘူလ်ဒိုဇာနဲ့ ကော်ပစ်မယ်။ ရွှေကလေး ငွေကလေး တွေ့လို့တွေ့ငြား တူးဖော်ရှာဖွေရေး လုပ်မယ်"

"ငွေဒင်္ဂါးတွေ လေးငါးဆယ်တင်းနဲ့ ရွှေပိဿာချိန် ငါးဆယ်လောက် ရှိသာတော့ အမှန်ပဲ အစ်ကို။ သာပေမယ့် လူတွေ ခိုးတူးမှာပေါ့၊ ခိုးပြီးရှာမှာပေါ့"

ဒေးဗစ်သာထွန်း ရယ်မောသည်။

"ညီမလေး ဘာမှမပူနဲ့။ ခိုးတူးသူတွေလည်း စားထိုက်မှရမှာ။ ငါတို့ မောင်နှမ စားထိုက်ရင် သူတို့ဘယ်လောက်ရှာရှာ တွေ့မှာမဟုတ်ဘူး။ အဲသည်တော့"

ဒေးဗစ်သာထွန်းသည် စီးကရက်တိုကို မြေပေါ်သို့ပစ်ပြီး နောက်ပိတ်ဖိနပ်ဦးဖြင့် ဖိချေသည်။ စက်ခေါင်းပေါ်တွင် ငါးမြှောင့်ကြယ်ဖြူကြီးရေးထားသည့် သူ့ကားရှိရာသို့သွားသည်။ အိတ်ရှုံ့ကြီးတွေကို တစ်လုံးပြီးတစ်လုံး မြေပေါ်သို့ဆွဲချသည်။

ကိုကျော်ညံ့သည် စစ်တပ်များ စခန်းချသွားသည့် နေရာရှိ မြေဖို့ပစ်ခဲ့သော အမှိုက်ကျင်းများကို အဖော်တစ်စုနှင့် လိုက်လံတူးဖော်နေရာက "မင့် မယားမျိုး၊ စစ်ဗိုလ်တစ်ယောက် ရောက်နေသတဲ့၊ ဂျစ်ကားကြီးနဲ့တဲ့" သတင်းရသဖြင့် အပြေးပြန်လာသည်။ ဒေးဗစ်သာထွန်းနှင့် တိုင်းလုံးကျော် အပြင် အခြားသူများကပါ ကူညီသယ်ပေးနေသော အစိမ်းပုပ် အိတ်ရှုံ့များကို ဝင်ထမ်းသည်။

## ပုဂံစာအုပ်တိုက်

ဖွားခင်နှင့် ကြည်လှသည် အမယ်ကြီးအိုတစ်ယောက်ကို တွဲလျက် ရောက်လာကြ၏။

"ကဲ ညီမလေး၊ စည်သွတ်ဘူးတွေကို လှောင်မထားနဲ့။ တစ်လစာ နှစ်လစာချန်ပြီး ရောင်းပစ်"

ဒေးဗစ်သာထွန်းသည် တင်ပါးပေါ်ရှိ ဘောင်းဘီအိတ်ထဲမှ ပိုက်ဆံအိတ်ကို ဆွဲထုတ်ရင်းက "ပိတ်စတွေလည်း တချို့ရောင်း၊ တချို့သုံး ဟုတ်လား" ဆိုကာ ပိုက်ဆံအိတ်ထဲမှ ငွေစက္ကူတစ်ထပ် ထုတ်သည်။ ထက်ဝက်ခွဲပြီး မသင်းထုံသို့ ကမ်း၏။

"မောင်နှမနှစ်ယောက် တစ်ယောက်တစ်ဝက်ပေါ့ဟာ"

ထိုသို့ပေးပြီးမှ အမယ်ကြီးအိုကို မြင်သဖြင့် လက်အုပ်ချီကာ ငွေစက္ကူ တစ်ရွက်လှမ်းပေးပြီး "အဘွား၊ ကျွန်တော်က ဒေါ်အိုးရဲ့သား ပေါ်လာပါ ခင်ဗျာ" ဟု ပြော၏။

"သာဓုကွယ် သာဓု သာဓု။ ဘုန်းကြီးပါစေ၊ အသက်ရှည် ကျန်းမာ ချမ်းသာပါစေ"

ထိုအခါတွင်မှ အမယ်ကြီးအိုကို တိုင်းလုံးကျော် သတိထားမိသည်။ "အမေ" ဟု ကုန်းအော်ကာ ကျုံးဖက်သည်။ ပါးရေတွန့်ကြီးကို အားရပါးရ နမ်းသည်။

"ထွားလာလိုက်သဲ့ ငါ့သား စစ်သားကြီးဟဲ့"

အမယ်ကြီးအိုကား တိုင်းလုံးကျော်၏ ဒွေးကြီးလည်းတော်၊ မွေးစား မအေလည်းဖြစ်သော ဒေါ်ဆယ်ပေတည်း။

"ညီလေးရေ၊ အစ်ကို အပြန်မှာ လမ်းမှားမှာစိုးလို့ကွာ၊ တာလမ်း အထိ လိုက်ပို့ပေးပါဦး"

"ကလေးတွေ ခေါ်သွားဗျာ"

ထိုအသံကိုကြားရုံဖြင့် ဖိုးသူတော်၊ ကြံတိုင်းအောင်နှင့် သင်းသင်း၊

တင်မောင်ဆွေတို့မှာ ကားပေါ်သို့ရောက်နေကြပြီ။ တိုင်းလုံးကျော်ကား သူ့အမေကို အဖက်မလျှော့။

"စကားစမြီလည်း ပြောရတာပေါ့ကွာ။ လာပါ။ ကဲ အားလုံးသွားပါ ဦးမယ်"

တိုင်းလုံးကျော်သည် လူမရှင်းသောကြောင့် မြုံထားရပြား အရေး တကြီး မေးစရာ ပြောစရာများရှိနေသည်။ ထိုအတွက် ဒေးဗစ်သာထွန်းအား လိုက်မပို့လို။ သို့သော် 'စကားစမြီ'ဟုပါသဖြင့် စွေ့ခနဲ ခုန်ထပြီး လိုက်လာ ခဲ့လေ၏။

ဒေးဗစ်သာထွန်းသည် ကားစက်မနှိုးမီကပင် ကလေးတွေကို ချောကလက် တစ်ပြားစီ ပေးထားလိုက်သည်။ သို့ရာတွင် ရွာပြင်သို့ရောက်မှ စကားစသည်။

"ဗမာ့တပ်မတော်ရဲ့ အစွမ်းကြောင့် ဂျပန်တွေအခုလောက် မြန်မြန် ဆန်ဆန် စစ်ရှုံးရတယ်လို့ ရိုးသားတဲ့ အရာရှိကြီးတွေက ထုတ်ဖော်ဝန်ခံ တယ်ကွ"

"သူတို့ဝန်မခံလည်း ကျုပ်တို့က အရေးမစိုက်ပါဘူးဗျာ။ မြန်မာ ဆိုသာ မွေ့ပွေး၊ မွေ့ပွေးဆိုသာ ထိရင်ပေါက်ကြောင်း ပြလိုက်သာပဲ"

"သည်တော့ တို့ဗမာသခင်တွေကို လက်စားချေလိမ့်မယ်။ တပ်မတော်သားဟောင်းတွေကိုလည်း အပြစ်ရှာပြီး ဖမ်းလိမ့်မယ်"

"ဖမ်းကြည့်ပါလား၊ ပြန်ချမှာပေါ့"

"ပြန်ချစရာ ဘယ်မှာလဲ လက်နက်"

တိုင်းလုံးကျော် ငြိမ်နေသဖြင့် ဒေးဗစ်သာထွန်းက စစ်သုံး ကျောပိုး အိတ်တစ်လုံးကို ထိုင်ခုံနှစ်ခုကြားမှ ဆွဲထုတ်ပေးသည်။ အသံနှိမ့်ပြီး "ကလေးတွေ မမြင်စေနဲ့" သတိပေးသည်။

အိတ်ကိုဖွင့်မကြည့်စေကာမူ လက်ဖြင့်စမ်းကြည့်ရုံဖြင့် တိုင်းလုံးကျော်

သိသည်။ စတင်းဂန်းသေနတ်နှင့် ပစ္စတိုသေနတ်တစ်လက်၊ ကျည်ကတ်များဟု သိသည်။ ထိုအိတ် တိုင်းလုံးကျော်၏လက်ထဲသို့ ရောက်လျှင် ရောက်ချင်း ကားရပ်၏။

တာလမ်းသို့ မရောက်သေးပြား လမ်းမှားစရာမရှိ။ အလာတုန်းက ကားဘီးရာများက လမ်းပြလိမ့်မည်။

"ကဲ နေခဲ့ပေတော့"

တိုင်းလုံးကျော်သည် ကားပေါ်မှဆင်းပြီး လက်ကမ်းပေးသည်။ ညီအစ်ကိုနှစ်ယောက် ကြည်နူးစွာ လက်ဆွဲနှုတ်ဆက်သည်။ ထို့နောက် ခြေလှမ်းကျဲကြီးများဖြင့် အသော့နှင်ခဲ့သည်။ ကလေးများကား သူ့ရှေ့မှ အော်ဟစ်မြူးထူးလျက် ပြေးနှင့်ကြပြီ။

အိမ်တွင် ဆွေမျိုးတွေ လူစုမကွဲသေးပေ။ စစ်ဘောင်းဘီအစိမ်းနှင့် ရှပ်အင်္ကျီအဝါနှင့် မားမားကြီးဝင်လာသည့် တိုင်းလုံးကျော်အား တပြုံးပြုံး ကြိုလင့်ကြ၏။

"ဦးတောက်ထိန်တို့ သားအဖတစ်တွေတောင် အပေါ်ထပ်မှာနေသွားသေး"

အိမ်ပေါ်သို့မော့ကြည့်ရင်း ဝင်ထိုင်သဖြင့် ကြည်လှက ဆီးပြော၏။

"အမေ"

"ဘာတုန်း သားကလေး"

ဒေါ်ဆယ်သည် ရင်ခွင်ထဲသို့ ခေါင်းထိုးလာသော တိုင်းလုံးကျော်၏ ခေါင်းကို သပ်ပေးသည်။

"ညကျမှ အိမ်လာခဲ့မယ်နော်၊ အခု"

"ပေါ်လာနဲ့ ဘယ်မှာ ဘယ်လိုတွေ့လာကြသာတုန်း။ ပြောပါဦး သားရယ်"

သေနတ်တစ်ချက်မပစ်ရဘဲ ဗိုလ်မှူးဖြစ်နေသော ကြေးစားစစ်သားနှင့် မျိုးချစ်စစ်သားတို့၏ တွေ့ဆုံခန်းကို ဆွေမျိုးတွေ ကြားလိုကြသည်။

မေးစရာတွေ၊ သိချင်စရာတွေ များပြားနေခဲ့သည့်အတွက် ယခုမှ မေးဖြစ်ကြသည်။ မျက်လုံးတွေက ကြားလိုကြောင်း ဖော်ပြနေသည်။

တိုင်းလုံးကျော်သည် ကွပ်ပျစ်မှလျှောဆင်းငြား မထနိုင်သေး။

"ကြုံရာစစ်ကားကို တားပြီး ကျွန်တော့်မှာပါသဲ့ စာရွက်ကို ပြစီး လာသာ မကွေးရောက်မှ အထစ်အငေါ့ဖြစ်ရသယ် အမေခင်ဗျာ့"

"ဘယ်လိုဖြစ်သာတုန်း သားရယ်"

"နီဂရိုးတဲစ်ကောင်လေ၊ မတင်နိုင်ရင်မတင်နိုင်ဘူးမပြောဘဲ ကျွန်တော့် စာရွက်ကိုလွှင့်ပစ်တော့ ကျွန်တော် ခွင့်မလွှတ်နိုင်ဘူးအမေ။ ပါးရိုက်သာပေါ့"

"ဒေါသကြီးပါကလားဟဲ့"

ကြည်လှက ဒွေးကြီး၏ကျောဘက်မှ လှမ်းပြော၏။

"အဲသည်တော့ ကျွန်တော့်ကို ရိုက်မလို့တဲ့ ကြေးစားစစ်သားတွေ ဝိုင်းလာလိုက်ကြသာ။ သာပေမယ့် မေဂျာတစ်ယောက်ရဲ့ စစ်ကားရောက်လာလို့ ထွက်ပြေးကြသလေ။ အဲသည် မေဂျာက ဒေးဗစ်သာထွန်းပေါ့"

"သားတို့ မှတ်မိသာ တော်သာပေါ့ဟယ်"

"ဘယ်သူမှ မမှတ်မိပါဘူး အမေခင်ဗျာ့။ ဘာဖြစ်သာတုန်း၊ ဘယ်အထိ ပြန်မှာတုန်း၊ နာမည်ဘယ်လိုခေါ်သတုန်း အပြန်အလှန် မေးကြရာက "ဒေးဗစ်သာထွန်း" လို့ ကြားကြားချင်း ခင်ဗျား ဒေါ်အိုးသားလား မေးဖြစ်သာအမေရေ့"

"ဒင့်နာမည်က သိလွယ်ပါသယ် သားရယ်။ ဘယ်နာမည်ပဲဖြစ်ဖြစ် ဆန်းသဟဲ့"

ဒေါ်ဆယ်က တပြုံးပြုံးမှတ်ချက်ချသည်။

"အဲသာနဲ့ သူ့တပ်မှာ ငါးရက်လောက်နေပြီး ပါလာသဲ့ဂျုံးတွေ ချွတ်။ အိပ်လိုက်စားလိုက်၊ မြသလွန်ဘုရား သွားဖူးလိုက်နဲ့ နေရသေးသဗျား။ ခြောက်ရက်နေ့ကျမှ ကားပါဖြတ်ပြီး မြစ်ကိုကူး။ သူပါလိုက်လာသာ"

## ပုဂံစာအုပ်တိုက်

ပြောပြောဆိုဆို ထရပ်သဖြင့် "မောင်လေး နေဦးလေ" ဟု မဖဲလှ ပြော၏။

"ဟာ နောက်မှပြောဟာ"

"နောက်မှပြောလို့မဖြစ်ဘူး၊ အခုပြောမှဖြစ်မှာ။ အခု ကြည်ကြည့်ဆီ သွားမလို့ မဟုတ်လား"

"ဟုတ်သယ်။ ဘာပြောစရာ ရှိလို့တုန်း"

မဖဲလှ မဖြေပါ။ ဒေါ်ဆယ်ကိုသာ အားကိုးတကြီး ကြည့်သည်။

"သားရေ၊ နားနဲ့မနာ ဖဝါးနဲ့နာဆိုသာလိုပဲ ကြည်ကြည့်ရဲ့ အရှက်ကို မင့်အစ်ကိုကြီး ရဲလောင်းကဝင်ပြီး လှည်းကျိုးထမ်းလိုက်ရသယ်။ မထမ်းလို့လည်း မဖြစ်ဘူးလေ။ အရပ်က ဆရာလေးနဲ့ သမုတ်နေမှကိုး"

ချစ်သူထံ သွားရတော့မည်ဟု အပျော်တွေ အရွှင်တွေ စုပုံနေခဲ့သော မျက်နှာသည် ရုတ်ချည်း တင်းမာသည်။ ချက်ချင်းညှိုးကျသည်။

"အခု အစ်ကိုရဲလောင်း ဘယ်မှာတုန်းအမေ"

"သူလည်း ငါ့သားလိုပဲ စစ်သားပဲကွယ်။ သူ့တပ်ကို သူ ပြန်သွားသာပေါ့။ အဲသာကြောင့် ကြည်ကြည်ဟာ ငါ့သားရဲ့မိန်းမဆိုသာ အမေတို့သိပေမယ့် အများသိသာက ရဲလောင်းရဲ့မယား ဖြစ်နေပြီ"

တိုင်းလုံးကျော်သည် ကြမ်းကွပ်တွေကို ငုံ့ကြည့်နေ၏။ သူ့တွင် ဆိုစရာစကား ခေါင်းပါးသည်။ ကြည်ကြည့်အား သစ္စာမဲ့သည် ဆိုနိုင်ခွင့် မရှိသလို ရန်ကြီးအောင်အားလည်း မိန်းမငတ်သည် မစွပ်စွဲနိုင်ချေ။

မည်သူမျှ ဖြေသိမ့်စကားမဆိုနိုင်ကြ။ တိတ်ဆိတ်စွာသာ စိတ်မကောင်းသော မျက်လုံးများဖြင့် ဝိုင်းကြည့်နေကြသည်။ အတန်ကြာမှ တိုင်းလုံးကျော်သည် ဒေါ်ဆယ်အား ရီဝေစွာမော့ကြည့်သည်။

"သူ သူ ဘာကလေးမွေးတုန်း အမေ"

"နင့်လိုပဲပေါ့ဟယ်၊ မျောက်ဟိုသင်းသမန်းရှုနှစ်ကောင် မွေးသဟဲ့။ ကြဲကြဲဖန်ဖန်တော် ကာလပျက်ကြီးမှာ"

ဒေါ်ဆယ်၏လက်ကို တိုင်းလုံးကျော် လှမ်းဆုပ်သည်။

"အမြွာပူး၊ ဟုတ်လား အမေ"

ဒေါ်ဆယ် ခေါင်းညိတ်ပြသည်။

"ကြည်ကြည်ကလည်း နို့အောင်၊ ဆိတ်နို့လည်း အလကားရလို့ တော်သေးသာပေါ့နော် ဒွေးကြီး"

ကြည်လှ၏ ဖြည့်စွက်စကား။

"ဝမ်းဆွဲက သာလောက်မပင်ပန်းဘူး။ ငါနဲ့ မရိုးမှာ ချွေးပြိုက်ပြိုက်ကျနေလိုက်သာ၊ ရေချိုးထားသလား မှတ်ရ"

"ယောကျ်ားလေးတွေ အမြွာပူးဟုတ်လား အမေ"

သည်မေးခွန်းကိုလည်း ဒေါ်ဆယ်သည် ခေါင်းညိတ်ရုံသာ ညိတ်ပြ၏။ မနေနိုင် မထိုင်နိုင်ဝင်ပြောသူမှာ မစိန်ချစ်ဖြစ်သည်။

"နာမည်က ရန်ရှင်း၊ ရန်လင်းတဲ့။ လည်လိုက်သာလည်း အရွယ်နဲ့ မလိုက်ဘူးဟဲ့။ ဆွေမှန်းမျိုးမှန်း သိလိုက်သာ လွန်ရော။

ထိုစကားလုံးများ၏ ကြားကာလတွင် တိုင်းလုံးကျော်၏ မျက်လုံးတွေ တောက်ပနေ၏။ ပါးစပ်ဟနေ၏။ ဤသည်ကို "ပါးစပ်ထဲ ယင်ဝင်မယ်တော့" ဟု ဖွားခင်က သရော်၏။

"အမေ ကျွန်တော် သွားကြည့်ပါရစေ"

ဖအေ့မေတ္တာကို ဒေါ်ဆယ် နားလည် စာနာ၏။

"သွားချင်သပါ့ဆိုရင် အမေ မတားဘူး။ ဒါပေသည့် ကြည်ကြည်ဟာ မင့်မယား မဟုတ်ဘူးဆိုတာ သတိထား"

"သတိထားပါမယ်အမေ" ကတိပေးရင်း ကွပ်ပျစ်ပေါ်မှ တိုင်းလုံးကျော် ဆင်းသည်။

"မကြာပေစေနဲ့။ ကြာရင် ကလေးတွေလိုက်လာပြီမှတ်။ ဟဲ့ နင့်အိတ်ကြီး ထားခဲ့လဟယ်"

## ပုဂံစာအုပ်တိုက်

နင့်အိတ်ကြီးဟုဆိုမှ တိုင်းလုံးကျော် ပြန်လှည့်လာ၏။ ပခုံးပေါ်မှ မချသော သစ်လွင်သော အိတ်ကြီးကို ထားခဲ့ရန် မဟုတ်ပေ။ တိုင်ဘေးတွင် ချထားသည့် ဘာရောင်မှန်းမသိသည့် ကျောပိုးအိတ်ကြီးကို ဖွင့်သည်။ ထဘီတစ်ထည်၊ အင်္ကျီနှစ်ထည်စနှင့် ငွေစက္ကူတစ်ထပ်။

"အမေ့ဖို့တော့ တွက်တာမှ မပါဘူး မဟုတ်လား" ဟု ကြည်လှ စကားနာထိုးသည်ကို မဖြေ။ ငွေစက္ကူတစ်ထပ်နှင့် အိတ်ကို ဒေါ်ဆယ်၏ လက်ထဲသို့ ထိုးထည့်ထားပြီး ထွက်လာခဲ့လေ၏။

ထွက်သာလာရငြား တိုင်းလုံးကျော်၏အဖြစ်မှာ သူတစ်ပါး၏ ဝိုင်းတွင်း၌ ပွင့်လန်းစည်ပင်နေသည့် ပန်းပင်တစ်ပင်အား ပတ်ချာလှည့်ပြီး ကြည့်ရန် ထွက်လာသည့် မစားရသျှော်ခံသမားနှင့် မည်သို့မျှ မခြားနားချေ။

ကလေးတွေကိုကြည့်ပါရစေဟု ကိုခင်မောင်တင့်ထံ အသနားခံရ မည်လော၊ ဒေါ်မြညွန့်ထံ မေတ္တာရပ်ရမည်လော။ အသိမ်မွေ့ဆုံးစကားလုံးမှာ မည်သည်တို့နည်း ရွေးချယ်လာခဲ့သည်။ မိမိပြန်ရောက်ကြောင်း သူတို့ ကြားမည်မှုချ။ မည်သည့်နည်းနှင့်မျှ အလွယ်တကူ တွေ့နိုင်မည်မထင်။

သို့ရာတွင် တိုင်းလုံးကျော် ထင်သကဲ့သို့ မဟုတ်။

ကျောင်းဝိုင်းအဝင်ဝရှိ ထန်းပင်ကလေးအောက်တွင် မအေးမြနှင့် ကလေးတစ်ယောက် ရောက်နေသည်။ နောက်နားရှိ ရွက်လှပင်များကြား၌ ခုံတစ်ခုပေါ်တွင် ကလေးတစ်ယောက်နှင့် ကြည်ကြည်။

"မောင်မင်းကြီးသား ပေါ်လာသေးသယ်နော်။ မျှော်လိုက်ရသာ၊ ရော့"

ကြည်လင်ရွှင်ပျနေသော မျက်နှာပေးနှင့် မအပ်စပ်သောလေသံကို ဆောင့်အောင့်ပြောပြီး ကလေးကိုထိုးပေးသည်။ "အဟဲ" ဟု တိုင်းလုံးကျော် တုံ့ပြန်အသံပြုလိုက်ရသည်။

တိုင်းလုံးကျော်၏ ရင်ထဲတွင် စမ်းလျှဉ်စီးသည်သို့ အေးချမ်းရသည်။ မအေးမြ၏ စကားထဲ၌ သူ့ကိုမျှော်နေသည်ဟု အတိအလင်း ပါသည်

မဟုတ်လော။ သူ အတွေးဖြင့်မောခဲ့ရသော အခက်အခဲသည် အလိုအလျောက် ပြေငြိမ်းပြီးဖြစ်သည်။ ထို့အပြင် တစ်တစ်ရစ်ရစ် တစ်တုံးတစ်ခဲကောင်ကြီးကို ချီလိုက်ရပြန်သည့်အတွက် ဖြစ်သည်။

"အစ်ကို ဘယ်တုန်းက ရောက်သလဲဟင်"

ပျားနှယ်ချိုသော အသံကလေးပါတကား။

ကြည်ကြည်သည် ကလေးတစ်ယောက်ကို ပေါင်ပေါ်တင်ထားလျက်က ကြည်လင်ဝင်းအိသော မျက်နှာကလေးဖြင့် နှုတ်ဆက်၏။ ဂျပန်ဆံတောက်ကလေးကို မဝင့်တဝင့် အုပ်လုံးသိမ်းထားငြား နားသန်သီးကလေးကား ကျန်သေး၏။

"ကြည်ကြည်ကော နေကောင်းသယ်နော်။ ကျုပ် ခပ်စောစောကပဲ ရောက်သယ်"

အနားသို့တိုးလာပြီး ကျန်ကလေးတစ်ယောက်ကိုပါ ချီသည်။

"သတိထားအစ်ကို၊ လွတ်ကျမယ်နော်။ မျောက်ရှုံးအောင် ဆော့တယ်။ စိတ်မထင်ရင် ပါးရိုက်တယ်၊ ကုတ်တယ်"

"ဟုတ်လားဟင်၊ မေမေ့ကို သလိုမလုပ်ရဘူး သားတို့ရ"

ဖူးဖူးထွတ်ထွတ် ဥဥထွေးထွေး ပါးကလေးတွေကို လှည့်ကာလှည့်ကာနမ်းရင်း ကြည်နူးစွာ မေး၏။ ကလေးတွေက မျက်တောင်မခတ်ဘဲ သူတို့အဖေအား စိုက်ကြည့်နေကြ၏။

"ကြည်ကြည်နဲ့အတူနေရအောင် အပြီးပြန်လာတာမဟုတ်လားအစ်ကို"

"ဟုတ်သယ် ကြည်ကြည်"

ခင်းပေးသော စကားလမ်းကို ပန်းခင်းလမ်းအထင်ဖြင့် လျှောက်လှမ်းပြီးမှ တိုင်းလုံးကျော်၏ရင်ကို အသိတရားက ဒိုင်းခနဲ ထိုးနှက်၏။

'သူဟာ မင့်မယား မဟုတ်တော့ဘူးလေ။ ဒုသနသော သတိထား'

ပက်လက်လန်မတတ် ခံစားရသော အသိတရားဖြစ်သည်။

**ပုဂံစာအုပ်တိုက်**

မြင့်မြတ်ယဉ်ကျေး၍ ဟိရိဩတ္တပ္ပတရား လက်ကိုင်ထားသော မြန်မာတို့သည် သူတစ်ပါး၏ သားမယားကို ရှောင်ကြဉ်ကြ၏။ ယခု ကြည်ကြည်သည် ရပ်ရွာက အသိအမှတ်ပြုထားသော သူတစ်ပါးမယား ဖြစ်နေပြီမဟုတ်တုံလော။

ဟုတ်သည်။ ဟုတ်သည့်အတွက် တိုင်းလုံးကျော်၏ ခြေထောက်များမှာ ရှေ့သို့ မတိုးနိုင်တော့ပြီ။ တိုင်းလုံးကျော်မှာ ရင်ဆို့ဆို့နင့်နင့်ဖြင့် စကားကို ရပ်ထားရတော့သည်။

"အစ်ကိုဟာ ကြည်ကြည့်ဆီကို အမြန်ဆုံးပြန်လာပါစေ။ ကျန်းမာပါစေ ချမ်းသာပါစေ၊ ခလုတ်မထိ ဆူးမငြိပါစေနဲ့လို့ ဘုရားမှာ နေ့တိုင်း ဆုတောင်း မေတ္တာပို့လိုက်ရသာ အမောပဲ သိလား။ အခုမှပဲ အမောပြေတော့တယ်"

"ကျုပ်လည်း ကြည်ကြည် ကျန်းမာပါစေ အမြဲဆုတောင်းပါတယ်။ ဒါပေမယ့် ကျုပ်ဘဝဟာ အလာကောင်းပေမယ့် အခါနှောင်းခဲ့ပြီမဟုတ်လား ကြည်ကြည်။ ကိုယ့်မယားကို ကိုယ်မချစ်ရဲသဲ့ဘဝ ရောက်နေပါပေါ့လား"

ချမ်းငြိမ်ရွှန်းလဲ့လျက် အချစ်၌ မျှော်လင့်ခြင်းတို့ဖြင့် တောက်ပနေသော ကြည်ကြည့်မျက်နှာကလေးမှာ ထိတ်လန့်အံ့ဩအသွင်သို့ ယိုယွင်း၏။

"ဘယ်လိုဘယ်လို၊ ကိုယ့်မယားကိုကိုယ် မချစ်ရဲသဲ့ဘဝ ဟုတ်လား"

"ဟုတ်သယ်။ အစ်ကိုကြီးရဲလောင်းနဲ့ လက်ထပ်လိုက်ရသယ်ဆိုသာကို ရွာရောက်မှသိသယ် ကြည်ကြည်။ကြိုတင်ပြီးသာသိရရင် ကျုပ် ပြန်မလာပါဘူးကြည်ကြည်။ အခုလည်း အမေကတော့ အတားသား။ ကလေးတွေကို မြင်ချင်လွန်းလို့ လာမိသာပါ။ ကျုပ်.... ကျုပ်.... ကျုပ်ဒုက္ခကို ကျုပ် ရှာမိပါပေါ့လား"

ကွဲအက်သံကြီးဖြင့်ပြောကာ တိုင်းလုံးကျော် မျက်လွှာချ၏။

"ကြည်ကြည့်ကို ခွင့်လွှတ်ပါအစ်ကို။ အစ်ကိုကြီး ရန်ကြီးအောင်ဟာ

ကြည်ကြည့်အရက်နဲ့ အစ်ကိုခင်မောင်တင့်ရဲ့ ဂုဏ်သိက္ခာကို ဆယ်တင်ပေးတာပါ။ သူ.... သူဟာ နာမည်ခံ လင်.... လင်ပါအစ်ကို။ ကြည်ကြည်နဲ့ တစ်ခန်း.... တစ်ခန်းတည်းတောင် မအိပ်တာ အားလုံးသိပါတယ် အစ်ကို"

ငွေမျက်ရည်ဥတို့ တစ်လုံးစီ တစ်ဥစီ ပေါက်ကျလာရာက တာကျိုးသည့်နှယ် ပြိုက်ပြိုက်ကျလာသည်တွင် ကြည်ကြည်သည် လက်ခုပ်တွင်းသို့ မျက်နှာအပ်ထားလိုက်သည်။ တလှိုက်လှိုက် ငိုရှိုက်သံကြားမှ ရှင်းပြသံကို တိုင်းလုံးကျော်ကြားနေရသည်မှာ သူ့အသည်းကို သံဆူးကြာပွတ်ဖြင့် ရိုက်နှက်နေသည်ထင်၏။

"ကြည်ကြည့်ကို ကျုပ်.... ကျုပ်.... အပြစ်မတင်ပါဘူး။ လုပ်မှဖြစ်မှာမို့ လုပ်ရသယ်ဆိုသာ နားလည်ပါတယ်။ ဒါပေမယ့်တစ်ယောက်ကိုတစ်ယောက် ချစ်နေပါလျက်နဲ့ ဝေးကြရမယ့်အဖြစ်ကဖြင့် ကျုပ် ရင်ထဲမှာ၊ကျုပ်.... ကျုပ်...."

ကြေကွဲမှုကို တိုင်းလုံးကျော် အံကြိတ်ခံသည်။ မေးရိုးကြီးတွေ ပေါက်မည်သို့ဖြစ်လာသဖြင့် ကလေးနှစ်ယောက်ကို နောက်ဆုံးနမ်းခြင်းအဖြစ် နမ်းသည်။ မအေ့လက်ထဲသို့ ညင်သာစွာထည့်သည်။

တိုင်းလုံးကျော်မှာ ကလေးနှစ်ယောက်လုံးကို ပြန်ချီပြီး အိမ်ဘက်သို့ လိုက်ပါလာရသည်။ ချစ်မယားမှ မွေးသော ကိုယ့်သားတွေကို ချီပိုးလျက် ချစ်မယားနှင့် ဘေးချင်းယှဉ်ကာ လျှောက်လာပါလျက် ကိုယ့်မယားသည် ကိုယ့်မယား မဟုတ်ပါတကား။ သည်အသိကြောင့် တိုင်းလုံးကျော့်ရင်မှာ တနုံ့နုံ့ခံစားနေရသည်။

"အစ်ကို ထိုင်ဦးနော်"

အိမ်မျက်နှာစာ အဖီကလေး၏ ခေါင်းရင်းပိုင်းရှိ ကွပ်ပျစ်ပေါ်တွင် တိုင်းလုံးကျော်တို့ သားအဖသုံးယောက်ကို ကြည်ကြည် ထားပစ်ခဲ့သည်။

"မြန်မြန်ပြန်ခဲ့နော်။ ကြာရင် ကျုပ် ရူးလိမ့်မယ်"

"လာမယ် အစ်ကို လာမယ်"

**ပုဂံစာအုပ်တိုက်**

သို့သော် လာသူမှာ ကြည်ကြည်မဟုတ်။ ဒေါ်မြညွန့် ဖြစ်သည်။

"မင်းရောက်ပြီကြားလို့ သားတွေနဲ့ ထွက်မျှော်နေတာ။ ထမင်း မကျွေးရသေးဘူး။ သားတို့ မန်မန်စားမယ် မန်မန်"

တိုင်းလုံးကျော်အား ရှင်းပြရာက ဒေါ်မြညွန့်သည် ကလေးများကို လက်ခုပ်တီးခေါ်၏။ ကလေးများက မန်မန်ကိုနားလည်နေပြီ။ အလုအယက် လက်လှမ်းကြသဖြင့် ဘယ်ညာ မနိုင်မနင်း ချီသွားလေ၏။

ပြန်ထွက်လာသော ကြည်ကြည့်ပါးပေါ်၌ မျက်ရည်မရှိတော့ပါ။ အပြုံးရိပ်ကလေးပင် ရှက်သမ်းနေသည်။ ခွေးခြေတစ်လုံး ဆွဲယူလာကာ တိုင်းလုံးကျော်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်ပြီး စက္ကူခေါက်တစ်ခု လှမ်း ပေးသည်။

"အစ်ကိုကြီး ရန်ကြီးအောင်ရဲ့ စာပဲအစ်ကို"

ဘာသဘောပါလိမ့်၊ ဘာစာပါလိမ့်။ သိလိုစိတ် နှစ်ဆင့်နှစ်ထပ်၏ တွန်းကန်မှုဖြင့် စက္ကူခေါက်ကို တိုင်းလုံးကျော် လျင်မြန်စွာ ဖြန့်သည်။ မင် အလိုက်မကောင်းသော ဖောင်တိန်ဖြင့် ရေးထားသော ဗလာစာရွက်။

ကြည်ကြည်

သည်စာကို မင်း ဖတ်ရချိန်မှာ မင်းနဲ့ ငါနဲ့ ဘာမှမဆိုင်တော့ဘူးလို့ မှတ်ပါ။ ငါ ပြန်ချင်မှပြန်လာမယ်။ မပြန်ချင်လည်းမပြန်ဘူး။ မင်းလည်း ယောကျ်ားယူချင်ရင် ယူပေတော့။ သည်စာကို မင်းနဲ့ငါနဲ့ ကွာရှင်း ပြတ်စဲစာလို့ သဘောထားပါ။

ပြည်သူ့သစ္စာကိုခံယူလျက်
ရန်ကြီးအောင် (ရဲလောင်း)

ဝါလျော်နေသော ဗလာစာရွက်ကလေးမှာ တဆတ်ဆတ်တုန်နေ၏။

စာရွက် တုန်နေသည်မှာ လက်တုန်ယင်နေသည့်အတွက် ဖြစ်၏။ လက်နှစ်ဖက်လုံး တုန်ယင်နေခြင်းမှာ ရင်ခုန်နေသောကြောင့်ဖြစ်ပေ၏။

**ပုဂံစာအုပ်တိုက်**

ကြည်ကြည်သည် တိုင်းလုံးကျော်၏ မျက်နှာထား အပြောင်းအလွဲများကို မျက်တောင်မခတ်ဘဲ ကြည့်နေ၏။ ညိုးရာမှလန်း၊ လန်းရာမှရွှင်၊ ရွှင်ရာမှကြည်သို့ တရိပ်ရိပ်ပြောင်း၏။

"စောစောကပြောရင် စောစောက ဝမ်းမသာရပါလားကွာ"

"သက်သေသက္ကာယ အခိုင်အမာမပြရင် တော်တို့က ယုံချင်မှယုံမှာ။ သစ္စာက အကြီးသား"

"မျိုးချစ်တပ်မတော်သားဆိုသာ အရာရာမှာ သစ္စာကြီးသယ် မိန်းမရေ့"

"ဟင်း လူကိုက"

လှမျက်စောင်း စိန်ပွင့်တစ်ပွင့်သည် တိုင်းလုံးကျော်၏ ရင်တွင်းသို့ အအေးအရွှင် အကြည်အလန်းများ သယ်ဆောင်လျက် ခုန်ပျံဝင်ရောက်လာ၏။

"ကိုကိုလို့ခေါ်စမ်းကွာ၊ ကြားချင်လို့"

"ရှက်စရာကြီးတော်"

"အေး၊ ကြီးကြီးခေါ်မြည္ဒန့်ထွက်လာရင် မခေါ်လိုက်ရဘဲ နေမနော"

ကြည်ကြည်၏ ရှက်ပြုံးနီတျာ မျက်နှာကလေးသည် တဖြည်းဖြည်းရှေ့သို့ တိုးကပ်လာ၏။ "ကိုကို" ခေါ်သံသည် တိုးတိုးကလေး ပျံ့လွင့်၏။ ထို့နောက် ကြည်ကြည်သည် ခေါင်းကလေးငုံ့ကာ တခစ်ခစ်ရယ်မောလျက် ထပြေးတော့၏။

★

**ပုဂံစာအုပ်တိုက်**

၂

သွေးသောက်ကြီး ဦးမိုးကောင်း၊ ဒေါ်မင်းဘော်တို့၏အမွေမှာ အိမ်တစ်လုံးနှင့် လယ် သုံးဆယ့်ငါးကေ၊ ယာ ကေလေးဆယ်သာဖြစ်၏။ အတွင်းပစ္စည်းများကို အတူနေ မဖဲလှနှင့် မဖွားခင်တို့ ယူကြ၊ ဝှက်ကြ၊ ကဲ့ကြသည်ဟု သတင်းဖြစ်နေ၏။

လယ်၃၅ ကေကို သားသမီးငါးယောက် ခွဲဝေလိုက်သောအခါ လယ် ၇ ကေစီ၊ ယာ ၈ ကေစီရကြ၏။ ဦးလှိုင်း၏အစုကို ရန်ကြီးအောင်ရသည်။ ရန်ကြီးအောင် မရှိသေးသဖြင့် တိုင်းလုံးကျော်ပင် ထိန်းသိမ်းရမည်။

ဦးသိုင်း၏အစုကို ဦးသိုင်း၏မြေး မဖဲလှကဆက်ခံသည်။ ဒေါ်ရိုး၏အစုကို မြေးဖြစ်သူ စံသာဦးက ဆက်ခံမည်။ ပြောက်ကျားရဲဘော်များနှင့် လိုက်သွားရာက စံသာဦး ပြန်မလာသေးငြား ဖွားခင်မှာ အခက်အခဲမရှိချေ။ လယ်ယာကို ဖွားခင် လုပ်တတ်သည်။

အခက်အခဲရှိသူမှာ သင်းထုံနှင့် တိုင်းလုံးကျော်ဖြစ်သည်။

**ပုဂံစာအုပ်တိုက်**

သင်းထုံမှာ မြို့သူဖြစ်သဖြင့် နွားကိုပင် မကိုင်ဝံ့။ တိုင်းလုံးကျော်မှာလည်း ကျောင်းစာနှင့် ကြီးပြင်းရသူ။

မည်သို့ဖြစ်စေ အလုံညှိကျပြီ။ နှဲ့၍ မရ။

သင်းထုံတွင် သားနှင့်သမီးရှိနေသည်။ တိုင်းလုံးကျော်တွင်ကား ပြောဖွယ်မရှိ။ သားသာမက မယားပါရှိနေပြီ။ လယ်လုပ်ရတော့မည်။ ယာလုပ်ရတော့မည်။ လင်ဖြစ်သူက ဖအေ့လက်ငုတ်လယ်ယာကို ဆက်ခံမည်လုပ်သောအခါ ကြည်ကြည်မှာ အခက်တွေ့တော့သည်။ ဖအေရှိရာ ပြည်သို့လိုက်မည်လော။ သျှောင်နောက်သို့ ဆံထုံးပါကာ သွေးသောက်စုတွင် အခြေစိုက်မည်လော။

ကိုခင်မောင်တင့်မှာလည်း ကြည်ကြည့်နည်းတူပင် ထွေးမရ အံမရ။

သူ့မယားအေးမြမှာ လင့်သဘောတစ်ခုသမား။ လင်သွားလျှင်လိုက်ရန် အသင့်။ လင်နေလျှင်လည်း နေမည်လော။

သို့သော် သူတတ်စွမ်းသမျှ ပြုပြင်ပေးခဲ့သော သွေးသောက်စုရွာကို ကိုခင်မောင်တင့် တွယ်တာသည်။ ကျောင်းကို ချစ်သည်။ ကျောင်းကို ချစ်သူက ချစ်ငြား ပြောင်းလွဲနေသော ကမ္ဘာကြီးကို မျက်ကွယ်ပြုကာ ဆင်းမလားမြို့တွင် သူရှုးအိပ်မက်ဖြင့် ရေးဆွဲခဲ့သော စီမံကိန်းကြီးကိုင်လျက် ပြန်လည်ရောက်ရှိလာသော "CAS(B)"ကက်စ်ဘီအုပ်ချုပ်ရေးအဖွဲ့မှာ စေတနာခေါင်းပါးလှ၏။ ရှိရင်းစွဲအထက်တန်းကျောင်းများကို အလယ်တန်းကျောင်း၊ အလယ်တန်းကို မူလတန်း လုပ်ပစ်နေရာ မဖွင့်သေးသော ကျောင်းအတွက် မျှော်လင့်စရာမရှိ။

ရွာသူရွာသား အချို့မှာလည်း အမြင်ပြောင်းနေကြသည်။ ကလေးကို အတန်းကျောင်းပို့မည့်အစား ဘုန်းကြီးကျောင်းမှ ပရိတ်ကြီးဆယ့်တစ်သုတ်ကုန်လျှင် ကျောင်းထုတ်၊ နွားကျောင်းခိုင်းမည်။ လယ်ထဲတွင် တောက်တိုမယ်ရ ခိုင်းရာက ထွန်နောက်လိုက်အဖြစ် သုံးမည်။ ယာ အလုပ်ခိုင်းမည်။

**ပုဂံစာအုပ်တိုက်**

သည်အယူကို မြဲမြဲဆုပ်ထားသူအချို့ လက်ဝါးကို ဖြန့်လိုက်ပြီ။ ခေတ်မီဗဟုသုတ မရှိသောကြောင့် ခေတ်အမြင် ခေတ်အတွေးကို သဘော မပေါက်။ သို့ကြောင့် ဖက်ဆစ်တို့အကြောင်းကိုမသိ။ မသိသဖြင့် အလိမ် ခံရသည်။ သို့အတွက် မြို့ကျောင်းတွင် သားသာမက သမီးပင်လျှင် ထားတော့အံ့။ ဆင်ပေါင်ဝဲ၊ မင်းတုန်း၊ မင်းလှစသည်ဖြင့် နီးစပ်ရာမြို့များသို့ သွားရောက်စုံစမ်းနေကြပြီ။

ထိုအခါ ကိုခင်မောင်တင့်အား မည်မျှပင် ကြည်ညိုလေးစားစေကာမူ အစိုးရ အသိအမှတ်မပြုသောကျောင်းသို့ ကလေးများကို ပို့လွှတ်ပါဦးမည် လော။ ခင်ခင်မြင့်က ထိုအချက်ကိုထောက်ပြသည်။ ဒေါ်မြညွန့်ကလည်း သားနှင့်ချွေးမကို မြို့သို့ခေါ်နေသည်။

ကိုခင်မောင်တင့် ကြံရာမရဖြစ်နေစဉ် ဘွားခနဲပေါက်လာသူမှာ မောင်ကောင်းစံ။

သူသည် သပြေသာဆိပ်ကမ်းသို့ မော်တော်တစ်စင်းဖြင့် ရောက် လာခြင်းဖြစ်သည်။ သူ့တွင် ကျောပိုးအိတ်တစ်လုံးနှင့် လက်ဆွဲသေတ္တာ တစ်လုံးအပြင် အိတ်ရှဲ့နှစ်လုံးနှင့် စာအုပ်စာတမ်းတွေလည်း ပါလာသေး သည်။ သည်အရာတွေကို သူတစ်ယောက်တည်း မသယ်နိုင်။ ဆိပ်ကမ်းမှ ထွက်ခွာဆဲ နွားလှည်းတစ်စီးကို လက်ခုပ်တီးပြီးတား၏။

"လှည်းသမား နေပါဦးဗျို့။ သွေးသောက်စု မရောက်လည်း ရောက် သလောက်ပေါ့ဗျာ။လမ်းခွဲရောက်ရင် ကျုပ်ရော ကျုပ်ပစ္စည်းတွေပါကန်ချခဲ့ပါ"

လှည်းသမား ရပ်၍ကား ပေး၏။ "ငှားပြီးသွားပြီ။ ရွာထဲဝင်ပြီး လှည်းတစ်စီးလွှတ်လိုက်မယ်" ပြောစဉ် မောင်ကောင်းစံသည် အမော တကောပြေးလာ၏။ လှည်းပေါ်တွင် ဖဲထီးဖွင့်ဆောင်းထားသော မိန်းမ တစ်ယောက်နှင့် ဆေးရေးရှမ်းခမောက်ကလေး ဆောင်းထားသော မိန်းမ တစ်ယောက်တို့ ပြိုင်တူလှည့်ကြည့်ကြ၏။

"အမယ်လေးဗျာ၊ တခြားလူတွေ မှတ်သယ်။ လက်စသတ်တော့ တစိမ်းတွေနဲ့ လာတွေ့နေတာပါကလား"

မောင်ကောင်းစံအား လှည့်ကြည့်သူများမှာ ဒေါ်မြညွန့်နှင့် ခင်ခင်မြင့် ဖြစ်နေသောကြောင့်ပေတည်း။

ပိုးလေထီးစ ရုပ်အင်္ကျီနှင့် စစ်ဘောင်းဘီအရှည်တို့ဖြင့် မည်းခြောက် ပိန်းမှောင်းနေသဖြင့် ရုတ်တရက် မမှတ်မိငြား အသံကိုကား ခင်ခင်မြင့် မှတ်မိသည်။ မျက်လုံးကလေး တောက်ပလာသည်။ နှုတ်ခမ်းဖူးကလေးတွေ စွင့်လာသည်။ မောင်ဟု နှုတ်ခွန်းဆက်ရမည်လော၊ ကိုကိုဟု ခေါ်ရမည်လော စကားလုံးရွေးနေဆဲ၌ အမေရှိနေပါကလား သတိရသည်။

"ကျွန်တော် မောင်ကောင်းစံပါဒေါ်ဒေါ်။ ပစ္စည်းတွေပဲ တင်ပေးလိုက် ပါရစေ။ လက်ပစ်ဗုံးပဲ ပါပါတယ်။ စိုးရိမ်စရာ မရှိပါဘူးခင်ဗျာ။ ထကွဲလည်း ကိစ္စမရှိပါဘူး"

"မင့်နှယ်ကွယ်၊ နေကောင်းလား ဘာလား မေးဖော်မရဘူး။ တွေ့လိုက်တာနဲ့ ဗရွတ်ရွတ်တနဲ့ ပေါက်ကရပြောတာကအလျင်"

သူ့သမီးကို ကြိုက်နေသူမှန်း သိပြီးဖြစ်ငြား ဒေါ်မြညွန့်မှာ လိုက်လိုက် လျောလျော မပြောဘဲမနေနိုင်။

ဒေါ်မြညွန့်မှာ သူ့တူမကြည်ကြည် မပေါ့မပါးဖြစ်ကျန်ခဲ့သောအခါ တိုင်းလုံးကျော်အား စိတ်ဆိုးသည်။ ထိုအခါ ဝါးလုံးရှည်နှင့် ယမ်းသည့် သဘောဖြင့် ဘရွေကျိုင်း တစ်မျိုးလုံးကို စိတ်နာခဲ့သည်။

သို့သော် ရန်ကြီးအောင် ရောက်လာပြီးကြည်ကြည်ကို လက်ထပ်လိုက် သောအခါ ရင်သပ်အံ့သြရ၏။ ရန်ကြီးအောင်အား ကြည်ညိုရသည်နှင့်အမျှ ဘရွေကျိုင်းမျိုးကို လေးစားလာရပြန်သည်။ သည်အပြောင်းအလွဲအခံ ရှိထား သောကြောင့်လည်း မောင်ကောင်းစံမှာ ပြောရဆိုရ အဆင်ပြေခြင်းဖြစ်၏။

"နို့ ပစ္စည်းတွေ ဘယ်မှာလဲ၊ သွားယူချေကွယ်"

"မြင့်က မိန်းကလေးပဲဗျာ။ ပြေးလွှားပြီး တင်ပေးလိုက်ပါ"

ခင်ခင်မြင့်မှာ "သည်လူကြီးတော့လား" ဟုသာ ဆိုပြီး ပါးစပ်ကို အုပ်လျက် ရယ်မောနေရလေ၏။

လှည်းသမားမှာလည်း မောင်ကောင်းစံကို တဖြည်းဖြည်း မှတ်မိလာသည်။ မောင်ကောင်းစံ ချထားခဲ့သည့် ပစ္စည်းတွေကို ကူညီသယ်ပေးသည်။ သို့သော် မိန်းမသားတွေနှင့်တွဲပြီး မောင်ကောင်းစံ လှည်းမစီးပါ။

"မောင်ကောင်းစံရေ၊ ဂျပန်ငွေစက္ကူတွေ ဘယ်လိုမှ မျှော်လင့်ချက်မရှိတော့ဖူးလား"

လှည်းဘေးမှ မောင်ကောင်းစံ ခြေကျင်လျှောက်လျက်လိုက်ပါလာစဉ် ဒေါ်မြညွန့်က လှမ်းမေးသည်။ "ဂျပန်ငွေစက္ကူတွေ မသုံးရတော့ဘူးဆိုလို့ ရူးသွားတဲ့လူရှိလို့ မေးတာပါကွယ်" ဟု ဆင့်ပြောသည်။

"ဟုတ်ပ်လက်စ်ပဲအန်တီ။ ဘယ်ဘဏ်က ဘယ်သူကမှ အာမ မခံဘဲ ထင်သလို ထုတ်ထားတာကိုသာ အင်္ဂလိပ်ငွေနဲ့ လဲပေးရရင် ဒေါ်ဒေါ်ရေ့ အင်္ဂလိပ်အစိုးရ ရူးမှာပဲ"

ထိုသို့ အဖြေပေးပြီးမှ "ဘယ်သူတွေ ရူးသတုန်းခင်ဗျာ့" မေး၏။

"လေးငါးဦးထဲမှာ မင်းတို့အိမ်နီးချင်း ဖိုးလူအေးလည်း ပါတယ်ပေါ့ကွယ်။ အဆိုးဆုံးက မောင်တောက်တဲ့ကွယ့်"

"ပါနီထဲကရေ ပါနီထဲသွားသယ် ဆိုသလိုပေါ့ဗျာ"

လှည်းသမားက ဝင်ပြောခြင်း ဖြစ်သည်။

"ဘယ်လိုကြောင့်တုန်း လှည်းဆရာကြီးရဲ့၊ အမိန့်ရှိပါဦး"

"စကားပြန် ငပိုက်က သူတို့အမျိုးဗျာ့။ ဂျပန်က နွားအဝယ်ခိုင်းသာ ရိုးရိုးမဝယ်ဘဲ ဂျပန်သိမ်းသလိုလို မလိမ့်တပတ်လုပ်သယ်။ ဂျပန်က နွားတစ်ကောင် တစ်သောင်းပေးပေမယ့် နွားရှင်ကို တစ်ထောင်နှစ်ထောင် ပေးသာတောင် သူတို့ပြောလို့ ရသလိုလို"

"တရားကျစရာပါကလားကွယ်"

"တရားကျသာ စောသယ်အစ်မကြီး။ ရှိသေးသယ်ခင်ဗျာ့။ နွားခိုး သတ်ပြီး ဂျပန်စစ်တပ်ကို သွင်းသယ်ခင်ဗျာ့။ တခြားနွားခိုးတွေမှာ ခိုးသတ်သဲ့ အသားကို နယ်ကျော်ပြီး အပြေးအလွှားရောင်းရသဲ့ဒုက္ခရှိသယ်။တောက်တဲ့တို့ ကျတော့ အသာကလေး ဂျပန်ကိုပေးလိုက်ရုံပဲ။ ဘယ်သူကမှ လာပြီး နွား သားရေကြည့်ပါရစေ၊ ခေါင်းဘယ်မှာတုန်း မမေးရဲဘူး။ အဲသည်နည်းနဲ့ ပိုက်ဆံတွေ စုမိလာသာ"

"သံဝေဂ ရစရာကြီးပါပဲကလား"

"ရှိသေးသယ်ခင်ဗျာ့၊ ချွေးတပ်ပွဲစား"

ဒေါ်မြညွန့်မှာ လှည်းသမား၏စကားတွင် နစ်မြုပ်နေသည်။ သူ့သမီး လှည်းပေါ်မှ ဆင်းသွားကာ သူ့ဘေးမှကပ်လျက် မောင်ကောင်းစံနှင့် စကား တပြောပြော ပါလာသည်ကို သတိမထားမိ။

"ဘယ်လိုများ ချွေးတပ်ပွဲစား လုပ်ပါလိမ့်ရှင်"

"လူတစ်ယောက် ချွေးတပ်လိုက်ဖို့ မဲကျသယ်"

"ဟော့လူ၊ ချွေးတပ်မခေါ်ရဘူး၊ လက်ရုံးတပ်လို့ခေါ်။ မခေါ်ရင် ကြီးလေးသော အပြစ်နော"

မောင်ကောင်းစံအား သွားဖြဲပြပြီး လှည်းသမား ဆက်ပြော၏။

"ချွေးတပ်လိုက်သွားပြီဆိုကတည်းက သံဖြူဇရပ်ပဲဖြစ်ဖြစ်၊ အမ်း လမ်းပဲဖြစ်ဖြစ် မပြန်လမ်းချည်း မဟုတ်လား။ မလိုက်ချင်တော့ လူစားအငှား လိုက်မယ့်လူကို ရှာသယ်။ နာမည်ဆိုးရှိသူ၊ ချွေးတပ်ပြေး အစရှိသာတွေကို တောက်တဲ့က လှန့်သယ်။ "ဟော့ကောင်၊ မာစတာက မင့်ကို မျက်စိနောက် နေသယ်။ ချွေးတပ်လိုက်ရင်း ရှောင်နေလိုက်။ ငါတစ်ထောင်ပေးမယ်" ဆိုပြီး အကွက်ဆင်လိုက်သယ်။ တစ်ဖက်မှာ ချွေးတပ်မဲကျလို့ ဈေးချွေးပြန်နေသဲ့ လူဆီက တစ်သောင်းတောင်းပြီး သည်မှာ တစ်ထောင်ပဲ ပေးသလေ"

**ပုဂံစာအုပ်တိုက်**

"သည်လိုကိုး" ဟု ဒေါ်မြညွန့် ညည်းညည်းတွားတွားဆိုသည်။

"လယ်ကလေး နှစ်ယောက်တစ်ပိုင်း စိုက်လောက်အောင် ဟုတ်တိပတ်တိ လုပ်သာမဟုတ်ဘူးဗျာ့။ အဲသာကြောင့်လည်း ပိုက်ဆံတစ်ကျပ်ပြည့်အောင် ကိုင်ဖူးသာ မဟုတ်ဘူးလေ။ သည်လိုလူမျိုးက ဂျပန်ငွေစက္ကူတွေ သောင်းနဲ့သိန်းနဲ့ ချီပြီး ရလာသဲ့အခါ မမြင်ဖူး မှုးမြစ်ထင်တော့သာပေါ့။ အသုံးမကျသဲ့ စက္ကူတွေ ကြည့်ကြည့်ပြီး မာနတွေတက်နေလိုက်သာ"

နွားလှည်းသည် လျှိုကိုတွေ့လျှင် ထိန်းပြီးဆင်းရ၏။ တက်ရာတွင်လည်း နေးကွေးစွာ။ လူမှုကား လျှိုဖြတ်တံတားမှ ကျော်သွားပြီ။ အရိပ်ကောင်းရာမှ ဖြတ်သန်းသည်။ လှည်းမှာမူ လမ်းရှိရာမှသာ မောင်းနိုင်၏။

ဤနည်းဖြင့် မောင်ကောင်းစံနှင့် ခင်ခင်မြင့်မှာ ဒေါ်မြညွန့်၏ရှေ့သို့ကျော်တက်သွားပြီ။ မြင်ကွင်းထဲမှမူ ပျောက်မသွားချေ။

"ခေတ်ကြီးလည်း ပြောင်းခဲ့ပြီ မြင့်"

"ခေတ်ကြီးပြောင်းတော့ ဘာဖြစ်သလဲ ကိုကောင်းစံ"

"မောင့်ကို လက်ထပ်ပါ"

ခင်ခင်မြင့်မှာ ပါးစပ်ကို လက်ကိုင်ပဝါဖြင့်ပိတ်လျက် ရယ်မောရ၏။ ထိုအချိန်တွင် နှုတ်ခမ်းအလှနှင့် ပါးအလှ၊ နှာခေါင်းအလှတို့ ပျောက်နေကြားမျက်လုံးအလှ၊ မျက်ခုံးအလှဖြင့်ချည်း လှမြလှနေသည်။

"လှသူများတော့၊ ခေါင်းမြီးခြုံထားလည်း လှမှာပဲ ထင်ပါရဲ့"

"မြင့်က ချစ်တယ် မပြောသေးဘဲနဲ့၊ ဘယ့်နှာကြောင့် တစ်ထစ်ကျော်ပြီး လက်ထပ်ခွင့်တောင်းရတာလဲ မောင်။ အို ဆောရီး၊ ဆရာကြီးရဲ့"

"မောင်လို့ခေါ်သာ စိတ်မဆိုးပါဘူး မြင့်။တောင်းပန်ဖို့မလိုပါဘူးလေ"

"လိပ်ကြီး။ ရင်ဘတ်အောက်ချည်း ယက်နေတာပဲ"

"ချစ်သာကိုးမြင့်ရဲ့။ ချစ်သာနဲ့ ထမင်းဆာသာကို အောင့်ထားလို့ မရဘူးတဲ့ မြင့်ရယ်"

"ရှင့်လက်ထက်ကျမှ ထမင်းဆာတာ ဖြစ်လာတာပါ။ မြင့် ကြားဖူးတာက နှာချေတာပါ"

လှည်းပျောက်သွားသဖြင့် ရပ်စောင့်ရင်း မျက်စောင်းကလေးဖြင့် ပြောလိုက်သည်။

"အဲသာက အရေးမကြီးပါဘူး မြင့်ရယ်။ မောင် အခုပြန်လာသာဟာ မြင့်တို့ မပြန်ခင် အုပ်မိအောင် အမိုလာခဲ့သာ"

"နိုင်ငံတော်အရေးထက် မြင့်က အရေးမကြီးသင့်ပါဘူးရှင်"

"ဂန္ဓိစာချုပ်အရ နောက်ဖွဲ့သဲ့တပ်ထဲ ပြန်ဝင်ချင်သဲ့ ရဲဘော်တွေ ဆေးစစ်ကြရာမှာ မောင် ဆေးကျသယ် မြင့်"

"ဟင်၊ သည်အရွယ် သည်ကာယဗလကြီးနဲ့ ဆေးမအောင်ဘူး။ ဖြစ်ရလေ၊ ဘာရောဂါပါလိမ့်ရှင်"

"အချစ်နာ။ မြင့်ကိုချစ်သဲ့ အချစ်နာ"

ခင်ခင်မြင့်မှာ မျက်နှာကလေး အနီသားဖြင့် ရှက်ရယ် ရယ်နေရ၏။ မြင်ကွင်းထဲသို့ လှည်းရောက်လာမှ ခင်ခင်မြင့် စတင်လှုပ်ရှားသဖြင့် မောင်ကောင်းစံ လိုက်ပါလာသည်။

"၂ နှစ်ကျော် ခွဲခွာနေရသဲ့အချိန်မှာ မြင့်ကို လွမ်းသဲ့စိတ်ကို တာဝန်ထဲမှာ အာရုံစိုက်သဲ့စိတ်နဲ့ အစားထိုးရသယ် မြင့်။ သွေးသောက်စုရှာပေါ်မှာ လေယာဉ်ပျံ မဝဲပါစေနဲ့။ ဝဲရင်လည်း စက်သေနတ်မပစ်ပါစေနဲ့ ဆုတောင်းလိုက်ရသာ မြင့်ရယ်"

ခင်ခင်မြင့် ကြည်နူးအပြုံးဖြင့် တုံ့ပြန်ပြောရင်းထဲတွင် စဉ်းစားစရာတွေ ပေါ်လာသည်။ မိမိသည် မောင်ကောင်းစံအား ချစ်ခြင်းလော။ ခင်ခြင်းလော။ ရန်ကြီးအောင်အပေါ်တွင် မည်သို့ သဘောထားသနည်း။

သို့အတွက် တိတ်တခိုး သက်ပြင်းချ၏။ မသိအောင် ခိုးပါလျက်က မောင်ကောင်းစံသိသွားသည်။

**ပုဂံစာအုပ်တိုက်**

"ဘာမှ ပင့်သက်ချမနေနဲ့။ မောင့်ကိုသာ လက်ထပ်၊ ဘယ်တော့မှ မဆင်းရဲဘူး။ ဒါဟာ ယူနီဗာဆယ်ထရုသ်"

"မြင့် ပြောမယ်နော်"

"ဘာတုန်း၊ ဓာတာတွေ ဘာတွေ စစ်နေဦးမှာလား။ အပိုတွေပါ မြင့်ရာ"

မောင်ကောင်းစံ လက်ခါခါ ခေါင်းခါခါ ရှုံ့မဲ့ပြောသဖြင့် ခင်ခင်မြင့် ရယ်မောပြီးမှ မျက်နှာပိုးသတ်သည်။

"မြင့် စဉ်းစားပါရစေဦးနော်"

"အမယ်လေးဗျာ၊ မောင့်မှာဖြင့် ဒေါ်ဒေါ်ကို အခုကို သွားပြောတော့ မလို့။ ဒေါ်ဒေါ်ခင်ဗျား၊ ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် မမြင်ရမနေ နိုင်အောင် ချစ်နေကြပါပြီ။ လက်ထပ်ခွင့် ပြုတော်မူပါ။ ကျွန်တော့်ကိုလည်း သားသမက်အဖြစ် အသိအမှတ် ပြုတော်မူပါ ပြောတော့မလို့။ ဟူး ရင်မော လိုက်ရသာ"

"ရှင်တွေ့ရာတွေ ပြောမနေနဲ့။ မြင့်ဘက်က စဉ်းစားရဦးမယ်"

"မြင့်ရယ်၊ မောင့်ကို မသနားဖူးလားဟင်။ နေ့ရွှေ့ညရွှေ့နဲ့ ကြာရင် ဟိုင်းသွားတော့မယ်"

"အလွန်ရက်စက် ယုတ်မာသဲ့ ဖက်ဆစ်တွေကို တိုက်ခိုက်နှိမ်နင်း ခဲ့သဲ့ စစ်သားကြီးဆိုသာလည်း ကိုယ့်ကိုယ်ကို သတိထားပါဦးရှင်။ သနား ပါဦးတဲ့။ ဘာပြုလို့ သနားရမှာလဲ။ မြင့်မှာ မတင်မကျ ဖြစ်နေလို့ လက်ထပ် ရေးကို စဉ်းစားပါရစေ ပြောသာပဲ"

"ဒါဖြင့် ဒါဖြင့်"

မောင်ကောင်းစံ မြူးရွှင်သွားသည်။ တအိအိ တဟဲ့ဟဲ့ လာနေသော နွားလှည်းနှင့် မိမိတို့၏မြင်ကွင်းကြားသို့ ဥနဲပင်တစ်ပင်ပင် ဝင်လာသည်။

"လက်ထပ်ဖို့ပဲ စဉ်းစားသာ။ ချစ်ဖို့ မချစ်ဖို့ စဉ်းစားသာ မဟုတ်ဘူး

ဟုတ်လား။ သလိုဆို ချစ်ပြီးသားပေါ့နော်။ ဝမ်းသာလိုက်သာ မြင့်ရာ"

အပြောသာမဟုတ်။ လက်ပါ ပါသွားသည်။ ခင်ခင်မြင့်ကို ပွေ့သည်။

"အို သည်လို"

"ရှင် ရမ်းကားလှချည့်လား၊ မြင့် စိတ်ဆိုးတယ်။ မခေါ်တော့ဘူး"

လက်နှစ်ဖက်ဖြင့် ဆောင့်တွန်းပစ်သည်။ မောင်ကောင်းစံမှာ ရုတ်တရက်မို့ မြက်တောထဲသို့ ပက်လက်လန်ကျသွားလေ၏။

"လှည်းလာနေပြီ မြင့်။ ဒေါ်ဒေါ် သိသွားမယ်။ စိတ်မဆိုးပါနဲ့ကွယ်"

"စိတ်ဆိုးတယ်။ မေမေသိအောင် တိုင်ပြောမယ်"

မောင်ကောင်းစံမှာ ထပြီး မချော့ရဲပေ။ လှည်းရောက်လာပြီ။ ကြားတွင် အကာအကွယ်လည်း မရှိ။ ရုက်သွေးကြွယ်နေသည့် လှမျက်နှာကလေးကိုသာ ထိုင်လျက်က ငေးကြည့်နေမိသည်။

"ဟဲ့ မောနေကြပြီလား။ သောင်းပြီလား။ လာ လာ လှည်းပေါ် တက်ကြ"

လှည်းရပ်ပေးသဖြင့် ခင်ခင်မြင့် တက်သွားသည်။ မောင်ကောင်းစံကား ပက်လက်လန် လက်ထောက်လျက်မှ မထ။

"ဟဲ့ လာ လာ။ တက်၊ ရောက်တော့မယ်"

ထပ်မံခေါ်သည့်အတွက် မောင်ကောင်းစံတက်သည်။ လှည်းနောက်မြီးမှ ခြေချလိုက်ပါလာသည်။ လှည်းဆက်ထွက်လျှင် လှည်းသမားက မပြတ်သေးသော စကားကိုဆက်သည်။

"ယာတွေတောဖြစ် လယ်တွေ တောဖြစ်သဲ့အရပ်တွေ အများကြီးပဲ အစ်မကြီးရဲ့။ အခုမှထပြီး တောတွေထွင်ပြီး ယာပြန်လုပ်မယ် လယ်ပြန်လုပ်မယ် အားခဲကြပေမယ့် လက်ထဲမှာ ယာစရိတ် လယ်စရိတ် မရှိကြဘူးလေ။ ခရအဆန်ကျွတ် ဖြစ်နေကြသာကလား"

မောင်ကောင်းစံ၏အာရုံသည် ပန်းခင်း၍ ပန်းရောင်စုံမိုးထားသော

အချစ်အိပ်မက်မှ လန့်နိုးသည်။ တန်ကြေးမဲ့သော ဂျပန်ငွေစက္ကူပြင်လျှင် လေးငါးရာဖိုးမရှိသော တောသူတောင်သားများ။ မရှိမဲ့ ရှိမဲ့ အမှိုက်စက္ကူသည်ပင် လုံးဝသုံးမရသောအခါ ငတ်ကြရပြီ။

မိမိတို့ မျိုးချစ်တပ်မတော်သားများ ချစ်သူကိုစွန့်၊ သားမယားကိုပစ်၊ မိဘကိုထားပစ်ခဲ့ပြီး အသက်စွန့်တိုက်ခိုက်ကြခြင်းမှာ မည်သည့်အတွက်နည်း။ ရန်သူဟောင်း အင်္ဂလိပ် ပြန်လာပြီး ယခုကဲ့သို့ လူထုအား နှိပ်စက်စော်ကားရန်အတွက် တိုက်ခိုက်ခြင်းလော၊ နာကျင်စွာ တွေးသည်။ မဟုတ်ပေ။ အနီးဆုံးရန်သူ လက်ငင်းရန်သူကို လက်ငင်းတိုက်ခြင်းသာဖြစ်သည်။ ထိုလက်ငင်းရန်သူ ပြေးပျောက်ကုန်စင်သွားလျှင် အနီးဆုံးရန်သူအဖြစ် မည်သူကျန်ခဲ့မည်နည်း။ မိတ်ဆွေကျင့် မိတ်ဆွေကြံ ကျင့်ကြံလျှင် မိတ်ဆွေ။ ရန်သူကျင့်ရန်သူကြံ ကျင့်ကြံလျှင် ရန်သူ။

"ပိုက်ဆံသာရှိလို့ကတော့ အစ်မကြီးရာ၊ အဲသည်ယာတွေ လယ်တွေကို ဈေးချိုချိုနဲ့ ဝယ်ထားလိုက်ဖို့ကောင်းသဗျာ"

"အေးကွယ်၊ တို့ကလည်း မြို့ပေါ်မှာသာ ရောင်းတတ်ဝယ်တတ်တာ၊ အဲဒါတွေ နားမလည်ဘူး။ ပြီးတော့ မင်းတို့လယ်တွေ ယာတွေက ရေမိုးမမှန်ဘူးလို့ အစ်မကြီး ကြားဖူးသကွယ်"

"အဲသာမှာတော့ ကံတရားပဲ အစ်မကြီးရေ့။ မြေအမျိုးအစား ဘယ်လောက်ပဲ နံပါတ်တစ် ပထမတန်းစာရင်းဝင်ဝင် ချောင်းရေမလာရင် ဘာမှလုပ်လို့မရဘူး။ ယာလည်း သလိုပဲ။ မိုးမရွာလို့ကတော့ မျိုးပါဆုံးသဗျ"

ဒေါ်မြညွန့်အတွက် စိတ်ပါဝင်စားစရာ အကြောင်းအရာများဖြစ်သော်လည်း ခင်ခင်မြင့် စိတ်မဝင်စား။ လှည်းက ကုန်းတစ်ခုကို တုံ့နှေးစွာတက်နေစဉ် ခင်ခင်မြင့်မှာ နောက်သို့လျှောကျ၏။ မောင့်ကောင်းစံနှင့် ကျောချင်း ကပ်မိသည်။ ကျောချင်း စကားပြောသည်။ ကျောကို ကျောနှင့် ဆောင့်ခြင်းဖြစ်သည်။

**ပုဂံစာအုပ်တိုက်**

ခင်ခင်မြင့်သည် အမေ မမြင်အောင် လက်ဝှက်ပြီး နောက်ပြန်ဆိတ်သည်။ ထိုလက်ကို မောင်ကောင်းစံက ဖမ်းကိုင်ထားသောအခါ နှုတ်ခမ်းစူပြီး ရှေ့သို့ တိုးသည်။ ခင်ခင်မြင့် ရှေ့သို့တိုးစဉ် ကုန်းဆင်းသို့ရောက်သည်။ထိန်းပေး ထားပါလျက် အပြေးဆင်းသဖြင့် မောင်ကောင်းစံမှာ ခင်ခင်မြင့်ဘက်သို့ လျှောကျ၏။

"ဟ ကိုယ့်လူရ ထိန်းဆင်းပါဟ"

ဟန်ဆောင်ပန်ဆောင်ပြောပြီး ခင်ခင်မြင့်၏ကျောကို ဝင်ဆောင့်သည်။ ခင်ခင်မြင့်က ကျောဖြင့် ပြန်တွန်းသည်။ မောင်ကောင်းစံက ခြေကလန် လက်ကလန်ဖြစ်ဟန်၊ ပက်လက်လှန်ထားသော ပုစွန်လုံးပုံစံလုပ်ကာ ထပ်မံ ဖိသောအခါ ခင်ခင်မြင့် ဆိတ်လွှတ်သည်။

ခင်ခင်မြင့် နှုတ်ဖျားမှ ချစ်ပါသည် မပြောသေးငြား သည်အပြုအမူကို မောင်ကောင်းစံ သာယာသည်။ ချစ်မှုချစ်ရာများသာ ဖြစ်သည်ဟု သူ အဓိပ္ပာယ်ကောက်၏။

(သတ္တမတွဲ ပြီးပါပြီ။)

ဆင်ဖြူကျွန်းအောင်သိန်း

၏

# နေမင်းတစ်ထောင်

(အဌမတွဲ)

နိဂုံးကမ္ပတ်တွင်

ပါရဂူ၊ ထီလာစစ်သူ၊ လယ်တွင်းသားစောချစ်
ချစ်ဦးညို၊ မောင်ဝဏ္ဏ တို့၏
'နေမင်းတစ်ထောင်' အပေါ် ခံစားသုံးသပ်ချက်များ

'နေမင်းတစ်ထောင်' ပထမတွဲမှ အဌမတွဲအထိ
မျက်နှာဖုံးသရုပ်ဖော်ပန်းချီ ရေးဆွဲပေးခဲ့ကြသော
ညိုလှ၊ ဝသုန်၊ ကျော်သောင်း၊ မောင်မောင်သိုက်၊ တင်မောင်မျင့် တို့၏
မျက်နှာဖုံးသရုပ်ဖော်ပန်းချီ ရေးဆွဲခြင်းဆိုင်ရာ ခံစားမှုများကို
တပေါင်းတည်း ဖတ်ရှုကြရမည်ဖြစ်ပါကြောင်း။

ပုဂံစာအုပ်တိုက်